www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွှယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်း တိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-**အာဒရံ**-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

၁၉၉၅-ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စီစဉ်တည်းဖြတ်သည့်

# ဂန္ဓာရ

မဂ္ဂဇင်း




အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

အမှတ်(၂၅၉)၊ ၂၀၁၇ ဖေဖော်ဝါရီလ



၆။ မိုလ်တာတောင် ကိုဦး

စာကဝိတို့ လဲလျောင်းရာ

လှိုင်းပုတ်ကုန်းတော်ထက်က

သမိုင်းဝင် ဆုတောင်းပြည့်

ကျိုက်ခေါက်ဆံတော်ရှင်စေတီတော်

၁၆။ သစ္စာခင်းခေါင်

ပြင်ဦးလွင်မြို့က ထူးခြားသည့်

နဂါးသက်နှ်း ဝတ်ရုံထားသော ကိုးတောင်ပြည့်

ကြေးသွန်းရုပ်ပွားတော်မြတ်နှင့်

လွန်စွာ ငြိမ်းချမ်းတိတ်ဆိတ်သော

ပါရမီမြတ်ကုန်းတော်

၂၆။ နီငြိမ်း(အညာတက္ကသိုလ်)

ရွှေစက်တော် အရောက်သွား

ဘုရားဖူးလို့ ပြန်ခဲ့တယ်

၃၀။ ဘဏ်အရာရှိဟောင်းတစ်ဦး

ရသေ့ရွက်ဘုရား

၃၄။ တွန်းအားရှင်

ဗုဒ္ဓမြတ်စွာ မေ့စကြာတရား

ဟောကြားတော်မူခဲ့ရာ မိဂဒါဝုန် တောရကုံ

၄၄။ နန္ဒာမိုးကြယ်

ဖျက်မျဉ်း

၄၈။ နန္ဒာစိုး(ဆင်ဖြူကျွန်း)

သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ဓရာ(၇)

၅၉။ မောင်ညဏ်စိန်

မြတ်ဗုဒ္ဓနှင့် သုဘလုလင်

၆၂။ မေ့စာစရိယ သန်းထွန်း

ထင်ရှားကျော်ကြား သာမဏေများ(၁၁)

၆၇။ မုံရွာ နေဇာ

ပြိတ္တာတွေ ဖြစ်သွားတဲ့ မိသားစု လေးယောက်

၇၂။ ကိုရွှေမြသန်း(သမိုင်း)

ရေရေရာရာ သိထားဖို့လိုတဲ့ နိမိတ်များ

၇၆။ မင်းသီကျော်

အတိတ်ဘဝ မှတ်မိကြသူများ

၈၀။ ဦးကိုကိုကြီး(စစ်ဆေးရေး)

စိတ်ကို တည်ငြိမ်အောင် ဖမ်းယူနိုင်ပြီး

လိုအင်ဆန္ဒ ပြည့်စေသည့် ကွန်ချာ




www.burmeseclassic.com

www.burmeseclassic.com



၈၅။ သိန်းထွန်းသစ်
ဝိဇ္ဇာဘိုးသံဝရ၏ အိုဝေး နာဝေးဆေး
၈၈။ မောင်လှယဉ်(မော်လမြိုင်)
ဘောဇဘုရင်နှင့် ပညာရှိ ကာလိဒါသ
၁၀၀။ ရန်နိုင်
ဘဝနိဂုံး အဆုံးလမ်း
၁၀၅။ ဖိုးဒေါင်းသား
ဘိုးထွန်းလှိုင်
၁၀၈။ ဆရာကံထူး(ဝေဒသုတေသီ)
နှစ်ဦးစနေ မီးလိုမွှေလေမလား
၁၁၄။ ဆရာကံထူး(ဝေဒသုတေသီ)
မွေ့အပြစ်ပါ မောင်ရယ်
၁၁၈။ ပုရောဟိတ် ဆရာဦးမြတ်စံ
သောမ၊ ပါပ၊ ယတြာများနှင့် ဘဝအောင်မြင်ရေး



၁၂၁။ အောင်ထက်(ရွာအနောက်မြို့တော်)
ကြီးပွားချမ်းသာအောင် ဥဒေါင်းမင်းစမဆောင်
၁၂၄။ စိုးယဉ်ထွန်း
ဂမ္ဘီရ န,စာလုံးပုံ
၁၂၈။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ



၁၃၅။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၄၀။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၄၂။ ဆရာရန်အောင်ဟိန်း(B.Sc)
ကျောက်ကပ်ပျက်ခြင်းနှင့် ကေ-ပီ နက္ခတ်အမြင်
၁၄၆။ ကြည်ဝင်း(ဟာသီဘာ)
ကြာသပတေးဂြိုဟ်ခုံ၏ အလယ်မှ
အစပျိုးသော နှလုံးလမ်းကြောင်း
၁၅၀။ သာထက်ဇော်(မကွေး)
မွေးသက္ကရာဇ်နောက်ကွယ်က လျှို့ဝှက်ချက်များ
၁၅၄။ ဂမ္ဘီရဆရာလှမျိုး(B.Sc)
အဘအောင်ပေးသော ဝိဇ္ဇာယတြာ
၁၅၇။ မင်းမဟော်ညွှန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၆၂။ ပုရောဟိတ် ဆရာဦးမြတ်စံ
(၆၄)ကြိမ်မြောက်
အဘအောင်မင်းခေါင် ထွက်ပွဲအောင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

၁၆၆။ စောယုနန္ဒာ(မေ့ရှင်ခွင်)
ဝိဇ္ဇာ မ,လိမ့်မည်
၁၇၀။ ဟိန်း(ဘူမိ)
ကလေးများတွင် ဖြစ်ပွားသော
နှင်းခူရောဂါနှင့် သဘာဝကုထုံး
၁၇၄။ ရဲမြတ်တင်
ကမ္ဘာ့ဋ္ဌာန်းအိုးကွဲမလေး
၁၈၃။ မင်းသန့်ကျော်(ဓိုးကုန်း)
ဖုဋ္ဌသလောကစမ္မေဟိ
၁၈၈။ အောင်ကျော်စွာ
အာဖရိကတိုက်က မော်ပဥ္စလက်အမှုစစ်နည်း
၁၉၈။ ကျော်မိုးလွင်(ဝါးခယ်မ)
ကိုရင်ကြီးနှင့် သူခိုးဖမ်းပညာ
၂၀၄။ ဂါဦးနွန်းကို
ပဟေဠိဆန်သော ဆံချည်တစ်မျှင်
၂၁၄။ အသခ်ယာ
မစ္ဆေရစိတ်
၂၁၈။ ချစ်မင်းသူ
ပြုသူအသစ် ဖြစ်သူအဟောင်း
၂၂၂။ လှိုင်စောဦး(မြို့ရွှေပြည်)
ခ/၁၃၆
၂၂၈။ ကောင်းသော်
စောရနက္ခတ်
၂၃၈။ ကျော်ဇော(စားကုန်)
တူဗလား
၂၄၈။ ဒါရိုက်တာမျိုးဇော်အောင်
ထူးဆန်းသော ပုရပိုက်နှင့် ရတနာလက်စွပ်
၂၅၆။ ရှင်ထွေးအောင်
ကျေးဇူးသိတတ်သော တစ်ပြားစား.မောင်သုတ
၂၆၀။ မရည်မွန်(ကျုံပျော်)
ဆန်းကြယ်သည့် ကံကြမ္မာ
၂၆၈။ ဂမ္ဘီရလူမော်
ထိုလူ
၂၇၂။ ဆန်းဝင်း(အောင်မြေ)
ထူးဆန်းသောအင်း
၂၇၈။ သက်နိုင်(ဂျီတွော)
နဖူးတွေ့ဒူးတွေ့
၂၈၄။ ချစ်ဆိုင်
မိမိပစ္စည်းကို ကာကွယ်နေသော ပရလောကသား
၂၉၂။ တင့်ထူး(ဓေယျဝတီ)
ရွှတ်ဖတ်သရဇ္ဈာယ်တိုင်း ကြားရသော ငိုညည်းသံ
၂၉၈။ တင်အေးကျော်(အောင်လံ)
နတ်ကျားလေလား ကွင်းပိုင်လား
၃၀၄။ မောင်ဒဿန(ဆင်ဖြူကျွန်း)
အိမ်ကြီးမာယာရှင်နှင့် ပရလောကညမှဆိုး



**ထုတ်ဝေသူ** – ဦးသန်းဦး(မြ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွှန့်နိုင်လှ၊ ဇော်ညွှန့်ဖေ၊ မိုးကျော်၊
ကျော်စိုးငြိမ်။ **အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**–၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ 📱 ၀၉၂၆၀၀၈၅၈၆၀



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တာထောင် ကိုဦး

# စာကာဝိတ်ိုလ်ပဲလျှောင်းရာ လှိုင်းပုတ်ကုန်းတော်ထက်က

သမိုင်းဝင်

# ဆုတောင်းပြည့် ကျိုက်ခေါက်ဆံတော်ရှင်စေတီတော်

**သီဟဒီပကျွန်းသို့ သာသနာတော် စတင်ရောက်ရှိခြင်း**

ဂေါတမမြတ်စွာသည် ဝါတော်ရှစ်ဝါအရ မဟာသက္ကရာဇ်(၁၁၁)နှစ်တွင် ရဟန္တာအရှင်မြတ် ဂဝံပတိမထေရ်၏ ပင့်လျှောက်မှုကြောင့် ရာမညတိုင်း၊ သုဝဏ္ဏဘူမိနေပြည်တော်နှင့် မနီးမဝေး၌ရှိသော မြသပိတ်တောင်ထွတ်၌ သီတင်းသုံးတော်မူနေစဉ် မင်းနှင့်တကွ ပြည်သူပြည်သားများ လာရောက်ဖူးမြော်ကြကုန်၏။ ရသေ့ကြီးများနှင့်တကွ မင်းနှင့် ပြည်သူအပေါင်းတို့အား ခုနစ်ရက်ပတ်လုံး တရားရေအေး အမြိုက်ဆေး တိုက်ကျွေးခဲ့ရာ တရားနာပရိတ်သတ်အပေါင်းသည် သရဏဂုံသီလ စသောသုစရိုက်တရား၌ တည်ကြလေ၏။

ဦးစွာရောက်ရှိလာကြသော အကြီးအမှူး ရသေ့ကြီးခြောက်ဦးတို့က ဗုဒ္ဓထံမှ ကိုးကွယ်ရန် ကိုယ်စားတောင်းခံကြရာ ရှင်တော်မြတ်စွာသည် ဦးခေါင်းတော်အား ယာလက်တော်ဖြင့်သပ်၍ လက်တွင်းပါရှိလာသော ဆံတော်ခြောက်ဆူကို ရသေ့ကြီးတို့အား ပေးအပ်လေ၏။

ထိုရသေ့ကြီး ခြောက်ဦးမှာ-

(၁) ဇင်းကျိုက်တောင်နေ တိဿရသေ့၊

(၂) ဇွဲကပင်တောင်နေ သီဟရသေ့၊

(၃) ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏတိဿရသေ့၊

(၄) ကေလာသတောင်နေ တိလရသေ့၊

(၅) ဘီးလင်းကုသိနာရုံတောင်နေ ဒိဗ္ဗစက္ခုအဘယရသေ့၊

(၆) မဲလံတောင်နေ မဲလံရသေ့..တို့ ဖြစ်ကြသည်။

ရသေ့တို့အား ဆံတော်များ ပေးအပ်သည်ကိုမြင်သော သုဝဏ္ဏဘူမိ သထုံဘုရင် စူဠသီရိမာသောကတိဿ ဓမ္မသီဟရာဇာမင်းသည် ဘုရားရှင်ထံ ဆံတော်တောင်းယူရာ ပေးသနားချိန် မရောက်သေး၍ ဘုရားရှင်မှ ဆံတော်မပေးသေးချေ။

ထိုအချိန်၌ သီဟဒီပကျွန်း ဥတ္တရဂံတောင်ကုန်းနေ ရသေ့ခေါက် ခေါ် ဣသိဝဂ်တိဿရသေ့ကြီး ဦးဆောင်သော ရသေ့တို့သည် သုဝဏ္ဏဘူမိ၌ ဗုဒ္ဓမြတ်စွာ ကြွလာတော်မူကြောင်း ကြားသိ၍ သွားရောက်ဖူးမြော်ကြလေ၏။ ရသေ့ကြီးခြောက်ဦးတို့ ဗုဒ္ဓဆံတော်များ ရသည်ကိုမြင်သော တိဿရသေ့ အပါအဝင် ပုဂ္ဂိုလ်ကိုးဦးတို့ကလည်း ဗုဒ္ဓထံ ဆံတော်များ တောင်းခံရာ ရှင်တော်ဘုရားက ဆံတော်များ ထပ်မံချီးမြှင့်တော်မူလေ၏။ ဘုရားရှင်မှ ပေးသနားတော်မူသော ဆံတော်တစ်ဆူသည် တိဿရသေ့ လက်ထဲ ရောက်သည့်အခါ ဆံတော်မှာ ပွား၍ နှစ်ဆူဖြစ်သွားလေ၏။

သီဟဒီပကျွန်းသို့ ပြန်ရောက်သွားပြီးနောက် တိဿရသေ့ကြီးသည် ရသေ့များ၏ အကြီးအမှူးဖြစ်သော ဂရဏ္ဍက ရှင်ရသေ့နှင့် ညီတော်ဖြစ်သော ပါဒဘုရင် တိဿနရသေ့တို့နှင့် တိုင်ပင်၍ ဥတ္တရဂံကုန်းတော်၌ ဂဝံကျောက်တို့ဖြင့် အကျယ်(၃)လံ အလျား



မြန်မာမှုလက်ရာ အမြည်အစုံတွေ့ရသည့် တန်ဆောင်းများ




www.burmeseclassic.com

www.burmeseclassic.com

(၂၄)လံရှိ ဌာပနာတိုက် ဆောက်လုပ်ကာ ဘုရားရှင်၏ ဆံတော်တစ်ဆူကို ဌာပနာထည့်သွင်း၍ တည်ထားကိုးကွယ်လေ၏။

[ကြွင်းသော ဆံတော်တစ်ဆူကို ပကတိကုန်းခေါ် ကျိုက္ကာဆံစေတီတော် တည်ရှိရာ ကုန်းတော်၌ အကျယ်(၃)လံ၊ အလျား(၂၄)လံရှိ ဌာပနာတိုက် ဆောက်လုပ်ကာ ဌာပနာထည့်သွင်း တည်ထားကိုးကွယ်ခဲ့သည်။]


သမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ခေါက်ဆံတော်ရှင်စေတီတော်

**ဥက္ကာရဂ်ကုန်း ဆိုသည်မှာ**

ဤအရပ်ဒေသသည် ပင်လယ်ဝနှင့် နီး၏။ ပင်လယ်ပြင်၌ လှိုင်းလေထန်သည့်အခါ ပင်လယ်ရေလှိုင်းတို့သည် ပင်လယ်ဝမှ ဝင်လာ၍ ဤကုန်းတော်အောက်ခြေသို့ လာရောက်လှိုင်းပုတ်ခတ်လေ၏။ နိုင်ငံခြားသင်္ဘောကြီးများစွာသည်လည်း ဖြတ်သန်းသွားလာသည့်အခါ သင်္ဘောစက်ရှိန်ဖြင့် ရိုက်ခတ်လာသည့် ရေလှိုင်းတို့သည် ဤကုန်းတော်အခြေသို့ လာရောက်ပုတ်ခတ်လေ၏။


ကာလကြာမြင့်လာသောအခါ သောင်ထွန်းလာခြင်း၊ လူနေထိုင်ရန် မြေဖို့ခြင်းတို့ကြောင့် ယခုအခါတွင် ဥက္ကာရဂ်ကုန်းတော်မှာ ပင်လယ်ကမ်းစပ်နှင့် အတော်အတန် ဝေးကွာသွားပြီဖြစ်သည်။ နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်ရာ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသည် ကျိုက်ခေါက်စေတီတော်ရှိရာ လှိုင်းပုတ်ကုန်း အနောက်ဘက်အရပ်တွင် ရှိပါသည်။

ဥက္ကာရဂ်ကုန်းကို ပါဒခေတ် ကောင်းစားစဉ်က နေထိုင်ကြသူများသည် လှိုင်းပုတ်ကုန်းဟု ခေါ်ဝေါ်ကြကုန်၏။

**ကျိုက်ခေါက်စေတီတော် မူလဒါယကာကြီး**

ပါဒမင်းဆက် ရာဇာစောနောင်မင်း နတ်ရွာစံပြီးနောက် အသက်(၁၃)နှစ်သာ ရှိသေးသည့် သားတော် သမိန်စက္ကဝတ်ဘွဲ့ခံ သုခမှခနန်းစောရှင်သည် ပါဒထီးနန်းကို ဆက်ခံလေ၏။

ထိုအချိန်က သမိန်စကားကျွန်းတွင် နယ်မြေလုရန် ရောက်ရှိလာကြသော တိုင်းတစ်ပါးသားလူမျိုးခြားများကို နန်းစောရှင်မင်းကိုယ်တိုင် ဦးဆောင်၍ လေးနှင့် ပစ်ခတ်နှိမ်နင်း သုတ်သင်နိုင်ခဲ့၏။ ကုန်အပြည့် တင်ဆောင်ထားသည့် တိုင်းတစ်ပါးသားတို့၏ သင်္ဘော(၁၇)စင်းကိုလည်း သိမ်းယူနိုင်ခဲ့သည်။ သမိန်စကားကျွန်းစစ်ပွဲကို အောင်မြင်သော အထိမ်းအမှတ်အဖြစ် နန်းစော


စောင်းတန်းအလှနှင့် သာယာလှပသော ရှုမျှော်ခင်းအား မြင်ရပုံ



www.burmeseclassic.com


www.burmeseclassic.com

ရှင်မင်းသည် သမိန်စဏ္ဍဝတ်ဟူသော ဘွဲ့ကို အဘိသိက် ခံယူတော်မူလေ၏။

တိုက်ပွဲပြီးဆုံး၍ ပြန်လာသော နန်းစောရှင်မင်းသည် အမည်သုံးမျိုးဖြင့် ထင်ရှားသည့်တောင်ကုန်းသို့ ရောက်လာခဲ့သည်။ ထိုတောင်ကုန်းကို ဟင်္သာကုန်း၊ ပျော့ကုန်း၊ ဒေါင်းဝပ်ကုန်းဟူ၍ ခေါ်ဆိုကြ၏။

မင်းကြီး ထိုတောင်ကုန်းသို့ ရောက်နေခိုက် တောကစားထွက်စဉ် ဥဒေါင်းတစ်ကောင်သည် ပျံသန်းသွားသည်ကို တွေ့မြင်၍ လိုက်လံဖမ်းဆီးရာ တောင်ကုန်းတစ်နေရာရှိ ချုံသို့ဝင်၍ ပျောက်ကွယ်သွားလေ၏။ ထိုချုံမှာ ဝါးယားပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။ နောက်ပါရဲမက်များဖြင့် ထိုဝါးယားပင်များကို ခုတ်ထွင်ရှင်းလင်းရာ ဝါးယားပင်များအောက်၌ ဝပ်နေသော ဥဒေါင်းကို ဖမ်းဆီးမိလေ၏။

မင်းကြီးသည် ရွှေဥဒေါင်းဖမ်းမိသောကုန်းတွင် စေတီတည်ထားလိုသော ဆန္ဒရှိသဖြင့် မနီးမဝေးတွင် ဂူဖြင့် နေထိုင်သော မွန်ရသေ့ကြီး ဘိုးမွန်ခေါက်ထံ သွားရောက်



စေတီတော်ရင်ပြင်ရှိ ဆံဓာတ်ရှင်ဂူဘုရား
အဆောက်အအုံကို တွေ့ရစဉ်



ရှင်မွေ့နွန်း၏မိခင် သုဝဏ္ဏဒေဝီ
ရွှေတောင်းမီးဖွားနှမ်းပြုခဲ့သည့် ဝိဇ္ဇာရုပ်တု နှစ်ရုပ်ပါရှိသော
ရွှေတောင်းမြည်မြတ်စွာဘုရား

ဖူးမြော်ရင်း ဘုရားတည်လိုကြောင်း လျှောက်ထားရာ ရသေ့ကြီးက ဥဒေါင်းဝပ်သောနေရာ အောက်တည့်တည့်၌ သင်မင်းကြီး၏ ဘိတော်ဖြစ်သော တိဿရသေ့ကြီး ဌာပနာထားသည့် ဆံတော်တိုက်ရှိကြောင်း တူးဖော်၍ ဌာပနာဟု ဆိုလေ၏။ ညွှန်ကြားသည့်အတိုင်း တူးဖော်ကြည့်ရာ ဆံတော်ဓာတ်မြတ်တစ်ဆူကို ရရှိတော်မူလေသည်။


နောက်ပါရဲမက်များနှင့်အတူ ဝါးယားတောကြီးကို ရှင်းလင်းခုတ်ထွင်ပြီးနောက် တွင်းအနက် အတောင့်လေးဆယ်၊ ထောင့်လေးထောင့်၌ အတောင်နှစ်ဆယ်စီတူးပြီး ကျောက်ညိုပြား လေးဖက်ပိတ်ကာ၍ အတွင်း၌ နန်းစောရှင်မင်းပုံ၊ ရသေ့ဘိုးမွန်ခေါက်ပုံတို့ကို ဆံတော်ဓာတ်မြတ်အား ရှိခိုးပူဇော်ဟန် ရွှေစင်ရုပ်ကျောက်ရုပ်များ ထုလုပ်ဌာပနာတော်မူ၏။ ဆံတော်ဓာတ်ကိုလည်း ရတနာပန်းတောင်တွင် ထည့်သွင်းကာ မြကြုတ်နှင့်ပိတ်၍ ဌာပနာထားတော်မူလေ၏။

ထိုအပေါ်မှ သံတောင်ရှစ်ဆယ်ရှိသော စေတီတော်ကို တည်ထားရာ သုံးနှစ်ကြာမှ ပြီးစီးလေ၏။ စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ထီးတော်ဟောင်းအားဖုံး၍ စေတီတော်တည်ထားစဉ်

တည်ထားရာတွင် မင်းကြီး၊ ရသေ့ကြီးတို့နှင့်အတူ သိကြားမင်းပါ ဝင်ရောက်ကူညီ ကုသိုလ်ယူခဲ့သည်ဟု အဆိုရှိ၏။

တိုက်စေတီအဖြစ် တည်တော်မူ၏။ စေတီတော်ဘွဲ့ကို မွန်ရသေ့ကြီး ဘိုးမွန်ခေါက် အမှူးပြု၍ တည်ထားလေသဖြင့် ရှင်ပင်ကျိုက်ခေါက်စေတီတော်ဟု သမုတ်တော်မူခဲ့သည်။

**ရှေးမင်းအဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာကြခြင်း**

ပါဒနိုင်ငံတော် မင်းအဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ဥက္ကာရင်္ဂကုန်းခေါ် လှိုင်းပုတ်ကုန်းထက်မှ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်သည် မြန်မာသက္ကရာဇ်(၃၇၉)ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်ခဲ့သော အနော်ရထာမင်းကြီးက တိုက်စေတီမှ သင်တိုင်းစေတီတော်အဖြစ် ထပ်မံတည်ထားကိုးကွယ်တော်မူခဲ့သည်။ ဂဝံအုတ်တို့ဖြင့် တည်ထားခဲ့သော စေတီတော်သည် မြန်မာသက္ကရာဇ်(၇၁၀)ပြည့်နှစ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျခဲ့ရသည်။

မြန်မာသက္ကရာဇ်(၇၁၆)ခုနှစ်တွင် ဟံသာဝတီ ဆင်ဖြူရှင် ဗညားဦးက ထပ်မံတည်ထား ကိုးကွယ်ခဲ့သည်။ ကျိုက်ခေါက်စေတီတော်မြတ်ကို ပြုပြင်မွမ်းမံ တည်ထားကိုးကွယ်ကြသော ရှေးမင်းအပေါင်းမှာ မွန်နှင့် မြန်မာတို့ဖြစ်ကြသည်။ မြန်မာသက္ကရာဇ်(၇၇၈)ခုနှစ်တွင် ရာဇဓိရာဇ်၊ မြန်မာသက္ကရာဇ်(၉၂၄)ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီး၊ မြန်မာသက္ကရာဇ်(၁၁၃၀)ပြည့်နှစ်တွင် မြေဒူးမင်း ခေါ် ဆင်ဖြူရှင် စသည်ဖြင့် စေတီတော်ကို ဉာဏ်တော်မြင့်၍ တည်ထားကိုးကွယ်ခဲ့ကြလေ၏။

**ပဲခူးငလျင်နှင့် ကျိုက်ခေါက်စေတီ**

ကျိုက်ခေါက်စေတီတော်သည် ငလျင်ဒဏ်များစွာခံခဲ့ရပြီး ရှေးမင်းတို့၏ သာသနာသက်ဝင်ယုံကြည်မှု၊ သဒ္ဓါအား မြင့်မားမှုတို့ကြောင့် ပြုပြင်တည်ထား ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရာ မြန်မာသက္ကရာဇ်(၁၂၉၂)ခုနှစ် လှုပ်ခတ်ခဲ့သော ပဲခူးငလျင်ဒဏ်ကို ခံခဲ့ရပြီး စေတီတော်ခေါင်းလောင်းပုံမှ အထက်ပိုင်း ပြိုကျခဲ့ရပြန်၏။

(၁၂၉၄)ခုနှစ်တွင် စေတီတော်ဂေါပကအဖွဲ့ဝင်များ



ပလ္လင်ဝတ်ခြေရင်း၌ ဟောင်းများပါရှိသည့်
ရှေးဟောင်းဆုရား



www.burmeseclassic.com

www.burmeseclassic.com



စနေတန်ဆောင်းအတွင်းရှိ ရှေးဟောင်းရုပ်ပွားဆင်းတုတော်များ

နှင့်အတူ ဘိုးကိုးဆင့်အလှူ့ဒါယကာ ဦးဘရှင်၊ ဇနီး ဒေါ်ခင်ညွှန့်မိသားစု၊ ငှက်မနားတော်အလှူရှင် ဘုရားအမဒေါ်လှမယ်၊ စိန်ဖူးဒါယကာ ဦးဘခင်၊ ဇနီး ဒေါ်စောရင် မိသားစုနှင့် အများကောင်းမှုဖြင့် စေတီတော်ကို ထပ်မံတည်ထား၍ စုပေါင်းတည်ခဲ့ကြရာ ဉာဏ်တော်အမြင့် (၁၃၃)တောင်ရှိသော ယနေ့မြင်တွေ့နေရသည့် ကျိုက်ခေါက်စေတီတော်ကို ဖူးမြော်တွေ့ရှိနိုင်ပါသည်။

<u>ရင်ပြင်တော်ပေါ်မှ သာသနိကအဆောက်အအုံများ</u>

စေတီတော်ရင်ပြင်ပတ်လည်တွင် တန်ဆောင်းများဖြင့် ပြည့်သိပ်နေ၏။

ကြေးသွန်းတန်ဆောင်း၊ ကျောက်တန်းတန်ဆောင်း၊ လျောင်းတော်မူတန်ဆောင်း၊ ဂျာမန်တန်ဆောင်း၊ ဦးဖိုးချိုတန်ဆောင်း၊ ဆင်သုံးကောင်တန်ဆောင်း၊ အောင်ဆုပန်တန်ဆောင်း၊ ဦးချစ်ထွန်းတန်ဆောင်း၊ ရှူခင်းတန်ဆောင်း၊ အဓိဋ္ဌာန်တန်ဆောင်း၊ စနေတန်ဆောင်း၊ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း၊ မြတန်ဆောင်း၊ ခြေတော်ရာတန်ဆောင်း စသည်ဖြင့် တန်ဆောင်းများစွာ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ထိုတန်ဆောင်းများစွာတွင် ရှေးဟောင်းရုပ်ပွားတော်များရှိသည့် တန်ဆောင်းများ ရှိသကဲ့သို့ လျောင်းတော်မူဘုရား၊ မြဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရားများအပြင် စေတီရင်ပြင်တော်ပေါ်မှ ပတ်ဝန်းကျင်ရှုခင်းအလှကို လှမ်းမျှော်ကြည့်ရှုနိုင်သည့် ရှုခင်းတန်ဆောင်းများကိုပင် ဆောက်လုပ်လှူဒါန်းထားသည်ကို မှဒီတာပွားရပါသည်။

မြောက်ဘက်မုခ်တွင် ကျိုက်ခေါက်ဘိုးဘိုးကြီးနတ်နန်းရှိ၏။ တနင်္ဂနွေထောင့်တွင် သမိုင်းဝင် ဆုတောင်းပြည့်ခေါင်းလောင်းနှင့် အနီး၌ အောင်ဝိဇ္ဇာစေတီ ရှိလေသည်။ ထိုစေတီနောက်နားဝယ် ကျိုက်ခေါက်စေတီ သက်တမ်းနှင့် ညီမျှစွာရှိပြီဆိုသော ခရေပင်အိုကြီးကို ဆယ့်နှစ်ရာသီပွင့်လျက်ရှိသည့် ခရေပန်းများနှင့် စိမ်းလန်းစိုပြည်စွာ တွေ့မြင်ခဲ့ရသည်။ ထီးတော်စေတီကိုလည်း ဖူးခဲ့ရ၏။



ရာဟုထောင့်ရှိ ထူးခြားသော ဆင်ဖြူတော်ရုပ်

အင်္ဂါထောင့်တွင် ဂေါပကရုံးခန်းရှိသည်။

စနေထောင့်တွင် သရက်ပင်ငုတ်တိုကြီးအား စေတီငယ် နှစ်ဆူကြား တွေ့မြင်ရ၏။ ဆံတော်ရှင် ဂူဘုရားကိုလည်း ရှေးဟောင်းအဆောက်အအုံအဖြစ် မြင်တွေ့နိုင်၏။

ရာဟုထောင့်တွင်ရှိသော ဆင်ဖြူတော်မှာ ထူးခြားသည်ဟုဆို၏။ ရှေးအခါက ညဘက်များ၌ ဘုရားကုန်းတော်ပေါ်ဝယ် ဆင်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရားနှင့် ရှမ်းဘုရား (၁၇)ဆူရှိသော တန်ဆောင်းအတွင်းရှိ ရှေးဟောင်းဘုရားအချို့အား ဖူးတွေ့ရစဉ်

တစ်ကောင်တွေ့၍ လိုက်ရှာကြရာ ယခုဆင်ဖြူတော်ရုပ်ရှိသည့် နေရာ ရောက်တိုင်း ပျောက်သွားတတ်သည်ဟု ဆို၏။ တစ်ကြိမ်၊ နှစ်ကြိမ်မက ကြုံတွေ့ခဲ့ရသည်ဟု ဆိုလေ၏။ ဆင်ဖြူတော် ပျောက်သွားတတ်သည့်နေရာ ရာဟုထောင့်တွင် ဝပ်နေသော ဆင်ဖြူတော်ရုပ်တစ်ကောင်ကို ရုပ်တုပြုလုပ်ထားခဲ့သည်ဟု ပြောပြ၏။

ထို့ပြင် ဘုရင့်နောင်မင်းတြားကြီး မိဋ္ဌာန်ဆုတောင်းမှုပြုခဲ့သည့် အင်္ဂါထောင့်တွင် ခြင်္သေ့ရုပ်ခံ၍ ကျောက်စီထီးကို မင်းကြီးက လှူဒါန်းခဲ့သည်ဟု ဆိုလေ၏။

မုခ်ဦးတန်ဆောင်းနှင့် အာရုံခံတန်ဆောင်းများသည် ရှေးခေတ်လက်ရာ၊ ယခုခေတ်လက်ရာ စုံလင်စွာဖြင့် မြန်မာမှုလွှမ်းခြုံသော ရှေးမှုလက်ရာမပျက် သစ်သားကနုတ်ပန်းခက် စုလစ်မွမ်းချွန် ပြာသာဒ်ဘုံကနုတ်ပန်းမျိုးစုံဖြင့် မြန်မာ့အနုပညာလက်ရာကို တွေ့မြင်ခံစားရလေသည်။

တောင်ဘက်အာရုံခံတန်ဆောင်းအတွင်း၌ မြန်မာဘုရား၊ ရှမ်းဘုရား (၁၇)ဆူသည် ရှေးဟောင်းဘုရားများဖြစ်သည်။ ထိုရှေးဟောင်းဘုရားများအနက် လက်ယာဘက်၌ မြင်တွေ့နေရသော ဝိဇ္ဇာရုပ်နှစ်ရုပ် စောင့်ရှောက်ဟန်ဖြင့် တည်ထားသော မြန်မာဘုရားမှာ ပါဒမင်းဆက်နောက်ဆုံးဖြစ်သော ဇေယျသေနမင်း၏မိဖုရား၊ ရှင်မွေ့နွန်း၏ မိခင်ဖြစ်သော သုဝဏ္ဏဒေဝီ ခေါ် ကြခတ်ဝါးရုံ မင်းသမီးသည် မချစ်နှစ်သက်သူနှင့် ပေါင်းဖော်ခဲ့ရသောကြောင့် သားသမီးရခဲ့ပါက ကိုယ်ဝန်အရင့်အမာနှင့် အသက်ဆောင်ရှုပါလို၏ဟု ဆုတောင်းခဲ့သည်။ ဆုတောင်းမိဋ္ဌာန် ပြည့်ဝခဲ့သော ဆုတောင်းပြည့်ဘုရား ဖြစ်နေသည်။ ယခုတိုင် သိရှိထားသူများက ဤဘုရားရှေ့တော်မှောက်၌



ထီးတော်ရှင် ကျိုက်ခေါက်စေတီတော် အရှေ့ဘက်မုခ်ဦး ကားဝင်ပေါက်

ဆုတောင်းမိဋ္ဌာန်ပြုနေကြဆဲ၊ ဆုတောင်းပြည့်ဝ ထူးခြားသော ဘုရားတစ်ဆူ ဖြစ်ပါသည်။

## သန်လျင်ကျိုက်ခေါက်ဘိုးဘိုးကြီး

စေတီတော်ရင်ပြင် မြောက်ဘက်စောင်းတန်းထိပ်တွင် မုခ်ဆောင်အတွင်း ထားရှိသော သန်လျင်ကျိုက်ခေါက်ဘိုးဘိုးကြီးကို တွေ့ရပေမည်။ အရှေ့ဘက် မျက်နှာမူ၍ ယာလက်ညှိုးထိုးထားသော ဘိုးဘိုးကြီးရှေ့တွင် ကန်တော့ပွဲပေါင်းများစွာ၊ တောင်ရှည်ပုဆိုး၊ ပဝါအမျိုးမျိုးဖြင့် ဘိုးဘိုးကြီးသည် မိဋ္ဌာန်ဆုတောင်းပြည့်ဝသော ဘိုးဘိုးကြီးအဖြစ် ယုံကြည်ကိုးကွယ်ကြ၏။

ပုဂံတွင် စွယ်တော်လေးဆူကို နေမွန်းမလွဲမီ တူညီသောအလှူ တစ်ခုတည်းသောဆုတောင်းဖြင့် ဖူးမြော်နိုင်



www.burmeseclassic.com


www.burmeseclassic.com

ပါက ဆုတောင်းပြည့်ဝသည်ဟု အများက ယုံကြည်လက်ခံလျက် ယနေ့တိုင် ဖူးမြော်ကြဆဲဖြစ်သည်။

ရန်ကုန်တွင်လည်း ထိုကဲ့သို့မခြား ဘိုးဘိုးကြီး လေးပါးကို တစ်နေ့တည်း မွန်းမလွဲမီ ကန်တော့ပွဲပေး၍ ဆုတောင်းမိဌာန်ပါက ဆုတောင်းပြည့်ဝကြောင်းကိုမူ သိရှိသူ အနည်းငယ်သာ ရှိပါသည်။

ကိုယ်တွေ့ဆုတောင်းပြည့်ဝခဲ့သော ပုဂ္ဂိုလ်အချို့ ပြောပြချက်အရ ဦးစွာ ဗိုလ်တထောင်ဘိုးဘိုးကြီး၊ ဆူးလေဘိုးဘိုးကြီး၊ မော်ဘီဘိုးဘိုးကြီး၊ နောက်ဆုံးတွင် သန်လျင်ကျိုက်ခေါက်ဘိုးဘိုးကြီးတို့ကို အစဉ်အတိုင်းသွား၍ အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ၊ ဆေး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ထီး၊ ယပ်၊ အလင်းတိုင်၊ အမွှေးတိုင် စုံစွာတူညီသော အလှူပစ္စည်းများဖြင့် တစ်ခုတည်းသောဆုကို ဘိုးဘိုးကြီးလေးပါးရှေ့မှောက်၌ ငါးပါးသီလခံ၍ ဆုတောင်းမှုပြုပါက မိဌာန်ရက်(၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက် စသည်ဖြင့် နဝင်းရက်အတွင်း ထူးခြားသည်ဟု ဆိုလေ၏။

ယုံကြည်စွာဖြင့် ဆုတောင်းမှုပြုပါလေ။


ဆုတောင်းပြည့် သန်လျင် ကျိုက်ခေါက်ဘိုးဘိုးကြီး


## နတ်သျှင်နောင်အရိုးဂူ

ကျိုက်ခေါက်စေတီတော် မြောက်ဘက်မုခ်ဦးတန်ဆောင်း လှေကားအဆင်းခြေရင်းဝ၌ ရတုဘုရင် နတ်သျှင်နောင်၏ အရိုးဂူကို တွေ့မြင်ရပေမည်။

ရှေးယခင်က အရိုးဂူ၏အပေါ်၌ စေတီတည်ထားခဲ့သော်လည်း ကာလကြာညောင်းလာသောအခါ လေဒဏ်မိုးဒဏ် ရာသီဥတုဒဏ်နှင့် ငလျင်ဒဏ်တို့ကြောင့် ရုပ်ခန္ဓာသည် ပျက်ယွင်းရသကဲ့သို့ ရုပ်ဝတ္ထုသည်လည်း မမြဲသော သဘောတရားအရ ပျက်စီးမှုဖြစ်ခဲ့ရသည်။ ထိန်းသိမ်းစောင့်ရှောက်သူတို့၏ အကျိုးရလဒ်ကြောင့်သာ ယခုကဲ့သို့ အရိုးဂူကို တွေ့မြင်ရလေ၏။

နတ်သျှင်နောင်သည် မြန်မာ့ရာဇဝင်တွင် အသက်အငယ်ဆုံးနှင့် သတ္တိဗျတ္တိပြောင်မြောက်သော တပ်မှူးကြီးဖြစ်ခဲ့သည်။ ထိုစဉ်က အသက်(၉)နှစ်သာ ရှိသေး၏။ ဖခမည်းတော် မင်းရဲသီဟသူနှင့် မယ်တော် မင်းခင်စောတို့မှ မြန်မာသက္ကရာဇ်(၉၃၉)ခုနှစ်၌ မွေးဖွားခဲ့၏။

ဘမျိုးဘိုးတူ ဆိုသကဲ့သို့ နတ်သျှင်နောင်၏အဘိုးဖြစ်သူမှာ မယ်တော်၏ ဖခမည်းတော်ဖြစ်သော ဘုရင့်


ဘုရင့်နောင်မင်းကြီး အောင်မြေနင်းခဲ့သော
ဆင်ရုပ်ခံ ကျောက်ပြိုင်


www.burmeseclassic.com

နောင်ခင်းတြားကြီးဖြစ်သည်။ ဘုရင့်နောင်၏ အချစ်မပြယ်သည့် မြေးအနှစ်ဖြစ်သော နတ်သျှင်နောင်သည် ကလေးဘဝမှစ၍ မားခုတ်၊ လှံထိုး၊ ဆင်စီး၊ မြင်းစီး၊ စစ်ချီစစ်တက် အဘက်ဘက်၌ လေ့ကျင့်ရည်ဝနေ၍ စစ်ဗျူဟာ သေနင်္ဂပညာကို လေ့လာဆည်းပူးခဲ့ရသည်။

ဟံသာဝတီသားတို့ ယိုးဒယားကို တတိယအကြိမ်စစ်တက်တိုက်ခိုက်ရာတွင် တောင်ငူဘုရင်မင်း၏သားတော် နတ်သျှင်နောင်အား တောင်ငူတပ်ကို ကွပ်ကဲစေပြီး သက္ကရာဇ်(၉၄၈)ခုနှစ်တွင် တပ်မှူးအရာဖြင့် ယိုးဒယားသို့ ချီတက်တိုက်ခိုက်စေ၏။ အသက်(၉)နှစ်မျှ ရှိသေးသော နတ်သျှင်နောင်သည် ထိုတိုက်ပွဲတွင် ရှပ်ရှပ်ချွံချွံ အားမာန်ပြောမျှ၊ ဗွဲ့သတ္တိဖြင့် လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်အပြည့်အဝထားကာ တိုက်ခိုက်ခဲ့သောကြောင့် ယိုးဒယားဘုရင် ဖြနရာဇ်၏တပ်များ နောက်ပြန်လှည့်ပြေးခဲ့ရ၏။

တိုက်ပွဲတွင် ထူးချွန်လှသော တပ်မှူးနတ်သျှင်နောင်သည် ရတုစာဆိုရာတွင်လည်း ပြိုင်စံမမီ ရတုဘုရင်ဖြစ်ခဲ့သည်။ ငယ်ချစ်ဦး ရာဇဓာတုကလျာကြောင့် လွမ်းမောစိတ်ဖြင့် သီကုံးခဲ့သော ရတုတို့မှာ ယနေ့စာပေပညာရှင်များပင် ဦးညွတ်ရသော လိုက်မမီသည့် စာပေပညာရှင် ရတုဘုရင်တစ်ပါးဟု ဆိုရပေမည်။

စာဆိုပညာရှင် စစ်ဘုရင်တစ်ဖြစ်လဲ တပ်မှူး နတ်သျှင်နောင်သည် တောင်ငူထီးနန်းကို စံမြန်းအုပ်ချုပ်ခဲ့ရာမှ ဘဝအကြောင်းမလှ၍ အဝနေပြည်တော်မင်း၏ ထီးအောက်ကျရောက်ခဲ့ရ၏။ ငယ်ရွယ်သူတို့ထုံးစံ လက်တုံ့ပြန်ရန်အကြံ အပေါင်းများကာ နယ်ချဲ့ပေါ်တူဂီအောက်ခံ ငဇင်ကာနှင့် ပူးပေါင်းခဲ့ရာ အနောက်ဘက်လွန်ခေတ်၏ အင်းဝတပ်များ သန်လျင်သို့ သက္ကရာဇ်(၉၇၄)ခုနှစ်၊ ပြာသိုလဆန်း ချီတက်တိုက်ခိုက်ရာ သန်လျင် ငဇင်ကာ စစ်ရှုံး၍ ကားစင်တင်ပြီး တံကျင်လျှိုသပ်ထိုးကာ ကွပ်မျက်ခံခဲ့ရသည်။ အပေါင်းပါ နတ်သျှင်နောင်လည်း လွတ်လမ်းမမြင် ကွပ်မျက်ခံခဲ့ရကာ ညီတော်မင်းသား မင်းရဲကျော်ထင်ကြောင့် ကျိုက်ခေါက်စေတီ ကုန်းတော်မြတ်ရှိရာ လှိုင်းပုတ်ကုန်း ခြေရင်းဝယ် အရိုးပြာဂူအိုးဖြင့် ထားရှိနိုင်ခဲ့ခြင်း ဖြစ်သည်။


စနေတန်ဆောင်းအတွင်းရှိ နတ်သျှင်နောင်အရိုးပြာအိုး

## နတ်သျှင်နောင်အရိုးပြာအိုး


စနေတန်ဆောင်းအတွင်း ရှေးဟောင်းဘုရားများ


မြောက်ဘက်စောင်းတန်း၌ရှိသော နတ်သျှင်နောင်အရိုးဂူ



www.burmeseclassic.com


www.burmeseclassic.com



မြောက်ဘက်စောင်းတန်းခြေရင်းရှိ ဝန်ကြီးပဒေသရာဇာ ဂူဗိမာန်

ပူဇော်ခံထားရှိသောနေရာတွင် နတ်သျှင်နောင်အရိုးပြာအိုးအား တာဝန်ရှိသူမှ လိုက်လံပြသ၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့၏။

နှစ်အတော်ကြာက သန်လျင်တွင် ငလျင်လှုပ်ခတ်မှုကြောင့် နတ်သျှင်နောင်အရိုးဂူအဆောက်အအုံအချို့ ပြိုကျခဲ့ရ၏။ တာဝန်ရှိ ဝန်ထမ်းများက ဖယ်ရှားရှင်းလင်း



ဆိုင်းဝေကြောင်းရှင်းပြနေစဉ် ဥပါသကာကြီး ဦးနန်းလွင်

သောအခါ ထိုအရိုးပြာအိုးအား တွေ့မြင်သဖြင့် စေတီတော်ကုန်းထက်သို့ ယူဆောင်လာပြီးနောက် ယခုအခါ စနေတန်ဆောင်းအတွင်း ပြသထားရှိလေ၏။

**<u>ဝန်ကြီးပဒေသရာဇာဂူဗိမာန်</u>**

စေတီတော်မြောက်ဘက်မုခ် အဆင်း ဘုရားဝတ္တကမြေအဝ၌ စာဆိုပညာရှိ ဝန်ကြီးပဒေသရာဇာ ဂူဗိမာန်ကို မြင်တွေ့ရပေမည်။ မည်းညစ်နေသည့် တစ်ခုတည်းသော အုတ်ဂူပတ်လည်တွင် စိုက်ပျိုးထားသော သစ်ပင်ရိပ်များကြောင့် အေးချမ်းသာယာလျက် စာဆိုကြီး၏ ဘဝသည်လည်း အေးချမ်းစွာ မေးမိတ်နေရပြီဟု ယုံကြည်မိသည်။

လေးဖက်လေးတန် အုတ်တံတိုင်းပတ်လည် ကာရံလျက် ထိုအုတ်တံတိုင်းများ အထက်တွင် သံဆူးကြိုးများစွာ တပ်ဆင်ထားပြီး စာဆိုကြီးအား တစ်ကိုယ်တည်း ပိတ်လှောင်ထားခြင်း ခံနေရသည်ဟု စာရေးသူမှ ခံစားရသည်။

ဤနေရာ ဤအရပ်သည် အေးချမ်းတိတ်ဆိတ်မှုကြောင့် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနိုင်သလို စာရေးသားရန်အတွက် အကောင်းဆုံးနေရာလည်းဖြစ်သည်။ ခွင့်ပြုပါမူ ထိုကဲ့သို့ လုပ်ဆောင်ချင်ပါ၏။

ညောင်ရမ်းမင်းသုံးဆက် အမှုတော်ထမ်းခဲ့သော ဝန်ကြီးပဒေသရာဇာကို ဖခင်ရွှေကြပ်စားနှင့် မိခင်အချီတော်တို့မှ မြန်မာသက္ကရာဇ်(၁၀၃၄)ခုနှစ်တွင် မွေးဖွားခဲ့၏။

ရတု၊ လင်္ကာ၊ ကြိုး၊ ဘွဲ့၊ ပျို့၊ ကဗျာတို့ကို ပြောင်မြောက်အောင် ရေးသားဆက်သွင်းနိုင်သကဲ့သို့ ကျေးလက်လူမှုဘဝကိုလည်း စုံလင်စွာမြင်တွေ့ခဲ့သော ကဝိအကျော် စာဆိုကြီးသည် အလွတ်မပေးခဲ့ချေ။

လယ်သမား၊ ထန်းသမား၊ လှေသမား၊ ဆင်ဖမ်းသမား စသဖြင့် လူမှုဘဝအသီးသီး၏ ဘဝသရုပ်ကို ပီပြင်အောင် သရုပ်ဖော်နိုင်ခဲ့သော စာဆိုပညာရှိ ဖြစ်ပေသည်။

အင်းဝပျက်လေသောအခါ စာဆိုပညာရှိသည် ဟံ

www.burmeseclassic.com

www.burmeseclassic.com

သာဝတီဘုရင်၏ ခေါ်ဆောင်မှုကြောင့် ဘုရင်နှင့်အတူ လိုက်ပါတော်မူလျက် သန်လျင်သို့ရောက်ခဲ့ရ၏။ အသက်အရွယ်ကြီးရင့် ဇရာလွန်ညောင်းမှုဖြင့် မြန်မာသက္ကရာဇ် (၁၁၁၆)ခုနှစ်၊ ခရစ်နှစ်(၁၇၅၄)ခုနှစ်တွင် သန်လျင်၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ရလေ၏။

နွေဦးကာလ မြူထသောအခါ ထန်းတက်သမားဘွဲ့ တျာချင်းမှာ ယနေ့ခေတ် စာပေလောကသားများအတွက် ဂန္ထဝင်မော်ကွန်းတင် စာပေပင် ဖြစ်ပါတော့သည်။

စာကဝိတို့ လဲလျောင်းရာ နယ်မြေဖြစ်သော လှိုင်းပုတ်ကုန်း ခြေတော်ရင်းဝယ် ရတုဘုရင် နတ်သျှင်နောင်နှင့် အတူ စာဆိုပညာရှိ ဝန်ကြီးပဒေသရာဇာသည်လည်း မေးစက်ပျော်ရင်း စာပေလောကသား များစွာတို့အတွက် အမှတ်ရစရာ နေရာအဖြစ် ရှိနေပါ၏။

◆◆◆

ကျိုက်ခေါက်စေတီသို့ရောက်ခိုက် တွေ့ဆုံခဲ့ရပါသော ဘိုးဘိုးကြီးနတ်နန်းမှ ဥပါသကာကြီး ဦးနန်းလွင်က မိမိသိရှိထားသမျှ မှတ်မိသမျှ အလုံးစုံကို ပြည့်ပြည့်စုံစုံ ပြောပြပေးရုံမက ကိုယ်တိုင်ကိုယ်ကျ လိုက်လံပြသ ရှင်းပြပေးခဲ့သဖြင့် စာရေးသူမှ စာဖတ်သူသို့ သုတပညာပေး စာပေ ရေးသားနိုင်ခဲ့ပေသည်။

သိရှိသမျှမကျန် အလုံးစုံ ရှင်းလင်းပြောပြပေးခဲ့သော ဘိုးဘိုးကြီးနတ်နန်းမှ ဥပါသကာကြီး ဦးနန်းလွင်အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

**ဗိုလ်တထောင် ကိုဦး**

**မှီငြမ်း**


(၁) ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ ပြုစုသော ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သမိုင်း။

(၂) ပြည်တော်သာဦးထွန်းရီ ပြုစုသော ပါဒနိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားတော်များသမိုင်း။

(၃) ပုသိမ်မောင်သောင်းယဉ် ပြုစုသော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် သမိုင်းဝင် မြင်ကွင်းများနှင့် ထူးခြားအံ့ဖွယ် ဖြစ်ရပ်အသွယ်သွယ်။


နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

**နန်းထိပ်တင်**




နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၃၀၀၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဇင်း)]

**နှလုံးအားတိုးဆေး**

ဗဟိုရုံး နန်းထိပ်တင်ဆေးတိုက် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၀၀၉၉၇၊ ☎(၀၁)၂၁၁၈၈၃
ရန်ကုန် ပြည့်ဖြိုးမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50, 51) ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအောင်မြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဖင်ရုံ)၊ အမှတ် - ၉၆(မြေညီထပ်)၊ ဈေးချို မန္တလေးမြို့။ ☎(၀၂)၃၁၀၈၈

www.burmeseclassic.com



နဂါး(၅)ကောင်သက်နှင်း ဝတ်ရုံထားသည့် နာဂစီရာပဋ္ဋပဋိမာ
ကိုးတောင်ပြည့် ကြေးသွန်းရုပ်ပွားတော်မြတ်

ပြင်ဦးလွင်မြို့၏ အနောက်မြောက်ဘက် (၂)မိုင်ခန့်အကွာ ငါးရုံချောင်းကျေးရွာ ယခု ရပ်ကွက်ကြီး(၁၉)တွင် ပြန့်ပြူးကျယ်ဝန်းသော တောအုပ်များ၊ သစ်ပင်ကြီးများ ဝန်းရံထားသည့် သာသနာတော် ပွင့်လင်းရာ ပါရမီမြတ်ကုန်းတော် တည်ရှိ၏။ ယခုအခါ ငါးရုံချောင်းကျေးရွာကို ပြင်ဦးလွင်မြို့၏ ရပ်ကွက်ကြီး(၁၉) အဖြစ် သတ်မှတ်ထား၏။ ငါးရုံချောင်းကျေးရွာသည် ယခင်က ဂေါ်ရခါးလူမျိုး အငြိမ်းစား စစ်မှုထမ်းများအတွက် နိုင်ငံတော်မှ တည်ထားပေးခဲ့သော ကျေးရွာတစ်ရွာဖြစ်ပြီး ဂေါ်ရခါးရွာဟုလည်း ထင်ရှားခဲ့၏။ ငါးရုံချောင်းကျေးရွာကို ဂေါ်ရခါးဘာသာဖြင့် ဘော်ရဘော့တီးယား (ညောင်ပင်သာရွာ)ဟု ခေါ်တွင်၏။

သစ္စာမင်းခေါင်

# ပြင်ဦးလွင်မြို့က
## ထူးခြားသည့်နဂါးသက်နှင်းဝတ်ရုံထားသော
# ကိုးတောင်ပြည့် ကြေးသွန်းရုပ်ပွားတော်မြတ်နှင့်
## လွန်စွာငြိမ်းချမ်းတိတ်ဆိတ်သော ပါရမီမြတ်ကုန်းတော်





ပါရမီမြတ်ကုန်းတော်၏ ကမ္ဘာ့ညီးဆိုင်းဘုတ်အား တွေ့မြင်ရစဉ်

ယခုအခါ အဆိုပါ ကျေးရွာ၏ (၂၅)ဧကခန့် ကျယ်ဝန်းသော ကုန်းမြင့်ပေါ်တွင် ပါရမီမြတ်ကုန်းတော်ဟူသော သာသနာ့ရိပ်သာဂုဏ်တစ်ခုသည် အထင်အရှား တည်

www.burmeseclassic.com

ရှိနေပြီ ဖြစ်ပါ၏။ ပါရမီမြတ်ကုန်းတော်သည် တောအုပ်ကြီးများ၊ သစ်ပင်ကြီးငယ်များဖြင့် ဝန်းရံလျက်ရှိသဖြင့် လွန်စွာငြိမ်းချမ်းပါ၏။ မည်သည့်အသံဗလံမျှ မကြားရဘဲ လွန်စွာလည်း တိတ်ဆိတ်အေးချမ်းပါ၏။ ထိုပါရမီမြတ်ကုန်းတော် ပရိဝုဏ်တွင် လှပတင့်တယ်သော သိမ်၊ ကျောင်း၊ ဓမ္မာရုံနှင့် ကမ္မဋ္ဌာန်းယောဂီဆောင်များစသည့် သာသနိကအဆောက်အအုံများစွာကို တွေ့မြင်နိုင်ပြီး



နဂါး(၅)ကောင်သက်န်းဝတ်ရုံထားသော ကိုးတောင်ပြည့်
ကြေးသွန်းရုပ်ပွားတော်မြတ်၏ မှုရင်းရုပ်ပွားတော်
(နီပေါဒုရှင်၏ ဓမ္မလက်ဆောင်)အား ဖူးတွေ့ရစဉ်

လွန်စွာထူးခြားသော နဂါး(၅)ကောင် သင်္ကန်းဝတ်ရုံထားသည့် ကိုးတောင်ပြည့် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးကိုပါ သပ္ပာယ်စွာ ဖူးမြင်နိုင်ပါ၏။

အထက်ပါ လွန်စွာငြိမ်းချမ်းတိတ်ဆိတ်သည့် သာသနာတော်ပွင့်လင်းရာ ပါရမီမြတ်ကုန်းတော်ကို တည်ထောင်ခဲ့သူကား ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သူ ဂေါ်ရခါးလူမျိုး ဆရာတော် အရှင်ဝိဇ္ဇာနန္ဒပင် ဖြစ်ပါ၏။ ဆရာတော် အရှင်ဝိဇ္ဇာနန္ဒ၏ သာသနာရေး ခရီးလမ်းကြောင်း လျှောက်လှမ်းလာခဲ့မှုကလည်း လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှ၏။ ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည် ယခုအခါ သက်တော်(၅၂)နှစ်၊ ဝါတော်(၃၁)ဝါ ရှိပြီဖြစ်၏။ ဆရာတော်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် ဇာတိဖြစ်၏။ တောင်ကြီးမြို့တွင် နေထိုင် ကြီးပြင်းခဲ့၏။ ကျောင်းသားဘဝနှင့် တောင်ကြီးမြို့တွင် နေထိုင်ရင်း ဗုဒ္ဓဘာသာကို လေ့လာခဲ့၏။ မြတ်ဗုဒ္ဓ၏ တရားဒေသနာများကို အထူးပြုပြီး ဆင်ခြင်သုံးသပ်ခဲ့၏။ ထိုသို့အားဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးမဲ့သော ဂုဏ်တော်၊ ကျေးဇူးတော်များကို သိမြင်သဘောပေါက်ခဲ့ပြီး ချမ်းသာခြင်းနှင့် ချုပ်ငြိမ်းရာ၊ သံသရာဘေး ကင်းပြတ်ရာ နိဗ္ဗာန်သို့ သွားရာ လမ်းကြောင်းကို တွေ့မြင်နားလည်လာခဲ့၏။ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်း (၂)ခုရှိပြီး တစ်ခုမှာ သမာဓိရအောင်လုပ်ကာ ပညာကိုကူးသော သမထယာနိကလမ်းကြောင်းနှင့် သမထမှ ဝိပဿနာကိုကူးသော ဝိပဿနာယာနိကလမ်းကြောင်းတို့ ဖြစ်ကြောင်းကို သိမြင်သဘောပေါက်လာခဲ့၏။

ထို့ကြောင့် အသက်(၂၁)နှစ်အရွယ်တွင် မိမိမူလကိုးကွယ်ရာ ဘာသာကို စွန့်လွှတ်ကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ပြီး တောင်ကြီးမြို့၊ ဆုတောင်းပြည့်အောင်တော်မူကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့၏။ ယင်းနောက်ပိုင်း ဟိန္ဒီစာပေ၊ သက္ကဋစာပေ၊ ပါဠိစာပေနှင့် အင်္ဂလိပ်စာ၊



ပါရမီမြတ်ကုန်းတော်က သန့်ရှင်းသပ်ရပ်သော
ကမ္မဋ္ဌာန်းယောဂီတစ်ပါးဆောင်များ

www.burmeseclassic.com


နှစ်(၅၀)ကျော်သက်တမ်းရှိ ကြေးသွန်းရုပ်ပွားတော်မြတ်အား
... မြန်ဦးလွင်မြို့သို့ ပင့်ဆောင်လာရာ လမ်းစရိတ်... တရားပွဲဖြင့် ပူဇော်စဉ်

အင်္ဂလိပ်စကားတို့ကို အထူးပြုလေ့လာခဲ့၏။ မြန်မာနိုင်ငံ၏ တောင်ပေါ် မြေပြန့်အနှံ့ လှည့်လည်ကြွချီပြီး ဂေါ်ရခါးလူမျိုးများကို ဗုဒ္ဓ၏ တရားဓမ္မသနာများအား ဟောကြားညွှန်ပြကာ ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ ကူးပြောင်းရောက်ရှိစေခဲ့ပြီး သာသနာပြုနိုင်ခဲ့၏။

ထို့နောက် (၁၉၈၉)ခုနှစ်တွင် ပြင်ဦးလွင်မြို့ ရွာသစ်ကလေးသို့ ရောက်ရှိခဲ့ပြီး တိရတနာကျောင်းကို ထူထောင်ကာ သီတင်းသုံးခဲ့၏။ ရွာသစ်ကလေးမှ ဂေါ်ရခါးအများအပြားတို့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းရောက်ရှိအောင် တရားဟောကာ စွမ်းဆောင် သာသနာပြုခဲ့၏။

ယင်းနောက် (၁၉၉၀)ပြည့်နှစ်တွင် ထိုကျောင်းကို ရဟန်းတစ်ပါးသို့ လွှဲအပ်ကာ မိမိကိုယ်တိုင်ကမူ ယခု ပါရမီမြတ်ကုန်းတော်အဖြစ် ထင်ရှားနေသည့် တောအုပ်အတွင်းသို့ ဝင်ရောက်သီတင်းသုံးခဲ့၏။ ထိုတောအုပ်မှာ ယခင်က ကလေးအလောင်းများကို မြှုပ်နှံသည့် ကလေးသင်္ချိုင်းကုန်း ဖုန်းဆိုးမြေဖြစ်ပြီး ထိုမြေ(၂၅)ဧကကို မြေပိုင်ရှင်(၆)ဦးက ဆရာတော် အရှင်ဝိဇ္ဇာနန္ဒအား သာသနာအကျိုးအတွက် လိုအပ်သလို အသုံးပြုရန် လှူဒါန်းခဲ့ခြင်း ဖြစ်၏။

ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည် ဖော်ပြပါ ငါးရံ့ချောင်းကျေးရွာရှိ တောအုပ်အတွင်းမှ ကုန်းမြေသို့ ရောက်ရှိ သီတင်းသုံးစက သက်တမ်းနှစ်ပေါင်း(၃၀၀)ကျော်ခန့်ရှိ ညောင်ပင်ကြီးအောက်တွင် တဲထိုးကာ နေထိုင်သီတင်းသုံးခဲ့ရ၏။ ထိုသို့ ဆင်းရဲပင်ပန်းစွာ နေထိုင်သီတင်းသုံးစဉ်အတွင်း ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည် ဖော်ပြပါ ငါးရံ့ချောင်းကျေးရွာမှ ဂေါ်ရခါးလူမျိုးအများအပြားကို ဗုဒ္ဓဘာသာဝင်များဖြစ်လာအောင် တရားပြ စွမ်းဆောင်နိုင်ခဲ့၏။

**ပါရမီမြတ်ကုန်းတော် ပေါ်ပေါက်လာခြင်း**

ဆရာတော် အရှင်ဝိဇ္ဇာနန္ဒ၏ သီလ၊ သမာဓိ ဖြူစင်သန့်ရှင်းမှု၊ မြတ်ဗုဒ္ဓ၏ တရားတော်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ကြံ အားထုတ်မှုတို့ကြောင့် တိုတောင်းသော နှစ်ကာလအတွင်း၌ပင် အဆိုပါ တောအုပ်အတွင်းက ဖုန်းဆိုးမြေကုန်းမြင့်ပေါ်တွင် တင့်တယ်သော သာသနိကအဆောက်အအုံများ ဝေဆာစွာ ဖြစ်ပေါ်လာခဲ့၏။ ကမ္မဋ္ဌာန်းယောဂီ တစ်ပါးဆောင် (၁၂)ဆောင်ကိုလည်း ရေ၊ မီး၊ အိမ်သာကွန်း အပြည့်အစုံဖြင့် ခေတ်မီစွာ တည်ဆောက်ထား၏။ ဆရာတော် နေထိုင်သီတင်းသုံးသည့် ဗုဒ္ဓသာသနဟိတကာရီ ပါရမီကျောင်းတိုက်ကလည်း ခေတ်မီတင့်တယ်လှ၏။ ပါရမီမြတ်ကုန်းတော်ဟူ၍ ထင်ရှားလာ၏။

**ပါရမီမြတ်ကုန်းတော်မှ သင်္ကြန်တရားစခန်း**

လွန်စွာငြိမ်းချမ်း တိတ်ဆိတ်လှန်းသော ဖော်ပြပါ ပါရမီမြတ်


နှစ်(၅၀)ကျော်သက်တမ်းရှိ ကိုးတောင်မြင့် ကြေးသွန်းရုပ်ပွားတော်အား
ဝင်းဝင်းသဘင်အခမ်းအနားဖြင့် ပါရမီမြတ်ကျောင်းတော်ပေါ်သို့ ပင့်ဆောင်လာစဉ်



www.burmeseclassic.com

www.burmeseclassic.com



နဂါး(၅)ကောင်သက်နှံ ပတ်ရံထားသော (၉)ထောင်မြည့် ကြေးသွန်းရုပ်ပွားတော်မြတ် ထာဝစဉ် ကိုးကွယ်ပူဇော်ရန်အတွက် တည်ထားမည့် ပုထိုးတော်ကြီးပုံစံအား ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း၌ တွေ့မြင်ရစဉ်

ကုန်းတော်တွင် နှစ်စဉ် သင်္ကြန် တွင်း (၁၀)ရက်တရားစခန်းကို လည်း ဆရာတော် အရှင်ဝိဇ္ဇာ ကိုယ်တိုင် ဦးစီးပြီး ဖွင့်လှစ်၏။ ဆရာတော်ကိုယ်တိုင် တရားပြ၏။ တရားစစ်၏။ အေးငြိမ်းရှင်းလင်း သော ဆရာတော်၏ တရားသံ သည် နာယူရသူ ယောဂီတို့၏ ရင်ထဲ၊ နှလုံးသားထဲထိတိုင် ထိုး ဖောက်ဝင်ရောက်သွားနိုင်စွမ်း ရှိ သည်ဆို၏။ အဆိုပါ သင်္ကြန် တရားစခန်းတွင် အမျိုးသမီးယော ဂီတို့ကို ခေတ်မီ လုံးချင်းကမ္မဋ္ဌာန်းဆောင်များ၌ ထားရှိပြီး အမျိုး သားယောဂီတို့ကို ကုန်းတော်ပေါ်ရှိ သစ်ပင်ကြီးများ အောက်၌ ထိုင်းနိုင်ငံမှ ပေးပို့လှူဒါန်းထားသော ခေတ်မီ ရွက်ဖျင်တဲများဖြင့် ထားရှိ၏။ ယောဂီအားလုံးတို့သည် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများအောက်တွင် စုပေါင်း တရားထိုင်ကြရ၏။ ယောဂီတို့၏ ဆွမ်းကိစ္စကို လည်း တစ်ပြားတစ်ချပ်မျှ ပေးစရာမလိုဘဲ ပါရမီမြတ် ကုန်းတော်၏ အကြီးအမှူးဖြစ်သူ ဆရာတော် အရှင်ဝိဇ္ဇာ နန္ဒက အားလုံး တာဝန်ယူ၏။

ရာသီဥတုပူပြင်းသော သင်္ကြန်ကာလတွင် အေးမြ သော ပြင်ဦးလွင်၌ ငြိမ်းချမ်းစွာ တရားစခန်း ဝင်ရောက် လိုသူတို့သည် ဆရာတော် အရှင်ဝိဇ္ဇာနန္ဒ (ဖုန်း ၀၉ ၂၀ ၄၆၂၃၅)နှင့် ဆရာတော်၏ လက် ထောက်ဖြစ်သူ ဂေါ်ရခါးလူမျိုး ရဟန်းတော် ဦးပဥ္စင်းဗုဒ္ဓိ (ဖုန်း ၀၉ ၇၉၃ ၈၇၁ ၉၄၇)သို့ ဆက် သွယ်နိုင်ကြပါ၏။

**ရက်အကန့်အသတ် အစီအစဉ်ဖြင့် တရားအားထုတ်လိုသူတို့လည်း လာရောက်နိုင်**

ဖော်ပြပါ ပါရမီမြတ်ကုန်း တော်သည် လွန်စွာငြိမ်းချမ်းပါ၏။ ငြိမ်သက်တိတ်ဆိတ်ပါ၏။ ဤ ကုန်းတော်၏ တိတ်ဆိတ်ငြိမ်သက် မှု၊ အေးချမ်းမှု၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စေမှုတို့ကို စာဖြင့် ရေးသားဖော်ပြ၍ ပြည့်စုံနိုင်မည် မဟုတ်ပါ။ ကိုယ်တိုင် ကိုယ်ကျ ရောက်ဖူးမှသာ ဤပါရမီမြတ်ကုန်းတော်၏ ထူးခြားသော ဝိသေသများကို လက်တွေ့ခံစား ရရှိနိုင်ကြ လိမ့်မည် ဖြစ်ပါ၏။

**ကြေးသွန်းရုပ်ပွားတော်မြတ် တည်ထားရန် စီစဉ်ဆောင်ရွက်ခြင်း**

ဗုဒ္ဓသာသနာတော် ထွန်းကားရာ ပါရမီမြတ်ကုန်း တော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သော ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည် ဗုဒ္ဓဘာသာဝင် အများပြည်သူတို့ ကြည်ညိုပူဇော်နိုင်ကြစေရန် ရည်ရွယ်လျက် အဆိုပါ ပါရမီမြတ်ကုန်းတော် ပရိဝုဏ်၌ တင့်တယ်သပ္ပာယ်သော



ပါရမီမြတ်ကုန်းတော်ရှိ သက်တမ်းနှစ်ပေါင်း(၃၀၀)ကျော်ရှိ ညောင်ပင်ကြီး (ထိုညောင်ပင်ကြီးအောက်၌ ဆရာတော်အရှင်ဝိဇ္ဇာနန္ဒ တဲထိုးပြီး သီတင်းသုံးခဲ့သည်)



www.burmeseclassic.com

www.burmeseclassic.com

ထိုင်တော်မူတစ်ဆူ တည်ထားရန် ခရစ်နှစ်(၂၀၀၀)ပြည့်နှစ်တွင် စတင်စီစဉ်ဆောင်ရွက်ခဲ့၏။

**နီပေါနိုင်ငံ၏ ဓမ္မပဏ္ဏာလက်ဆောင် ရုပ်ပွားတော်အား ပုံစံယူခြင်း**


ထိုသို့ ကြေးသွန်းရုပ်ပွားတော်တစ်ဆူ တည်ထားရန် စီစဉ်ဆောင်ရွက်ရာတွင် နီပေါနိုင်ငံ ဘုရင်မင်းမြတ်က မြန်မာနိုင်ငံသို့ ဓမ္မလက်ဆောင်ပဏ္ဏာအဖြစ် ပေးအပ်လှူဒါန်းခဲ့ပြီး ယခုအခါ ရန်ကုန်မြို့၊ မဟာဝိဇယစေတီတော် လိုဏ်အတွင်း၌ အရှေ့ဘက်သို့ မျက်နှာမူ၍ ကိန်းဝပ်စံပယ်လျက်ရှိသော ဉာဏ်တော်အမြင့် (၉)လက်မရှိ ထိုင်တော်မူ ရုပ်ပွားတော်၏ပုံစံကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် ပုံစံကူးယူခဲ့၏။

**ကြေးသွန်းရုပ်ပွားတော်ကို မန္တလေးမြို့၌ စတင်သွန်းလုပ်ခြင်း**

ယင်းနောက် ခရစ်နှစ်(၂၀၀၀)ပြည့်နှစ် နှစ်ဦးပိုင်းတွင် အဆိုပါ ကြေးသွန်းရုပ်ပွားတော်ကို မြန်မာ့ကြေးသွန်းပညာရှင် တမ္ပဝတီ ဦးစိုးမြင့် ဦးစီးပြီး မန္တလေးမြို့၌ စတင်သွန်းလုပ်ခဲ့၏။ ထိုသို့ ရုပ်ပွားတော်သွန်းလုပ်ရာတွင် ဦးခေါင်းပိုင်း၊ ခန္ဓာကိုယ်ပိုင်း၊ အောက်ခြေပိုင်း စသည်ဖြင့် အပိုင်းလိုက် သွန်းလုပ်ခဲ့ရသည်ဟု ဆို၏။


**ကြေးသွန်းရုပ်ပွားတော် သွန်းလုပ်ရာတွင် ပရလောကသားများက ထူးကဲစွာ ပါဝင်ကူညီကြခြင်း**

အဆိုပါ နဂါး(၅)ကောင် သင်္ကန်းရုံကြေးသွန်းရုပ်ပွားတော်အား သွန်းလုပ်ရာတွင် ပါရမီမြတ်ကုန်းတော်၌ စောင့်



နဂါး(၅)ကောင်သင်္ကန်း ဝတ်ရုံထားသည့် ကြေးသွန်းရုပ်ပွားတော်မြတ်၏ နောက်ကျောအား တွေ့မြင်ရစဉ်

ရှောက်လျက်ရှိကြသော ပရလောကသားများနှင့်တကွ ဆိုင်ရာပိုင်ရာ နတ်ဒေဝတာများကပါ ဆရာတော် အရှင်ဝိဇ္ဇာနန္ဒနှင့် မနောဓာတ်ဖြင့် ဆက်သွယ်လျက် ကြေးသွန်းရုပ်ပွားတော် သွန်းလုပ်သည်မှစ၍ ပါရမီမြတ်ကုန်းတော်ပေါ်သို့ ပင့်ဆောင်သည်အထိ သူ့ကဏ္ဍအလိုက်၊ အပိုင်းအလိုက် ထူးကဲစွာ ပါဝင်ကူညီခဲ့ကြသည်ဟု ဆရာတော်က စိတ်ဝင်စားဖွယ် ရှင်းလင်းမိန့်ကြား၏။



နဂါး(၅)ကောင်သင်္ကန်းရုံ (နာဂစီဝရာမပေဒိုမာ) (၉)တောင်မြင့် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ရှုမျှော်ဖွယ် မီးပူဇော်ပွဲမြင်ကွင်း


**ကြေးသွန်းရုပ်ပွားတော်၏ မျက်နှာတော်ပိုင်း (အကြမ်းထည်)အား ပြင်သစ်ကုန်သည်တို့က ဝယ်ယူရန် ကမ်းလှမ်းကြခြင်း**

အဆိုပါ နဂါး(၅)ကောင် သင်္ကန်းရုံ ကိုးတောင်ပြည့် ကြေးသွန်းရုပ်ပွားတော်အား မန္တလေးမြို့၊ အမှတ်(၁၀၁)၊ တမ္ပဝတီ



www.burmeseclassic.com

www.burmeseclassic.com



နဂါး(၅)ကောင်သက်န်းရံ ကြေးသွန်း ရုပ်ပွားတော်မြတ်အား မန္တလေးမြို့၌ သွန်းလုပ်နေစဉ် ပြင်သစ်ကုန်သည်တို့က ကြိုက်စျေးပေး၍ ဝယ်ယူရန် ကမ်းလှမ်းခဲ့သော ဘုရား၏မျက်နှာတော်ပိုင်း (အကြမ်းစည်)အား တွေ့မြင်ရစဉ်

ဒန်းတည်းတန်းရပ်ရှိ တမ္ပဝတီ ဦးစိုးမြင့် ကြေးသွန်းလုပ်ငန်း၌ သွန်းလုပ်နေစဉ်အတွင်း ဘုရား၏ မျက်နှာတော် (ခေါင်းပိုင်း) ကြေးသွန်းရုပ် အကြမ်းအား မန္တလေးမြို့သို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွား ပြင်သစ်နိုင်ငံသား ကုန်သည်တို့က တွေ့ရှိသွားပြီး ဤမျက်နှာတော် ခေါင်းပိုင်းအား ကြိုက်သလောက် စျေးဆောင်းပါ။ တောင်းသမျှကိုပေး၍ ကျွန်ုပ်တို့ ဝယ်ယူလိုပါသည်ဟု ကမ်းလှမ်းခဲ့ကြသော်လည်း အမျိုး၊ ဘာသာ၊ သာသနာ အကျိုးကို ဦးထိပ်ထား ဆောင်ရွက်နေသော ပါရမီမြတ်ကုန်းတော်၏ အကြီးအမှူး ဆရာတော် အရှင်ဝိစ္ဆာနန္ဒက ငြင်းပယ်ခဲ့လေ၏။

**ကြေးပိသာချိန်(၂)တန်ကျော် ကုန်ကျခြင်း**

အဆိုပါ ကြေးသွန်းရုပ်ပွားတော်အား သွန်းလုပ်ရာတွင် စုစုပေါင်း ကြေးပိသာချိန် (၂)တန်ကျော် ကုန်ကျခဲ့ပြီး ကြေးပိသာချိန်(၁)တန်ကျော်ကို (၂၀၀၅)ခုနှစ်တွင် နိုင်ငံတော်မှ လှူဒါန်းခဲ့၏။

**ရုပ်ပွားတော်သွန်းလုပ်သည့် အချိန်ကာလ (၈)နှစ်ကျော် ကြာမြင့်ခြင်း**

ထိုကြေးသွန်းရုပ်ပွားတော်အား သွန်းလုပ်ရာတွင် အချိန်ကာလအားဖြင့် (၈)နှစ်ကျော် ကြာမြင့်ခဲ့၏။ ငွေရေးကြေးရေးအပါအဝင် အထွေထွေသော အခက်အခဲများကြောင့် ထိုမျှအထိ အချိန်ကာလ ကြာမြင့်သွားခဲ့ရခြင်းဖြစ်သည်ဟု ဆို၏။

**နဂါး(၅)ကောင် ချမ်းသာဆောင်**

ထူးခြားသည်မှာ ထိုကြေးသွန်းရုပ်ပွားတော်မြတ်တွင် နဂါး(၅)ကောင်က ရုပ်ပွားတော်မြတ်ကို သင်္ကန်းသဖွယ် ဝတ်ရုံပေးထားခြင်းပင် ဖြစ်၏။ သင်္ကန်းအစား နဂါး(၅)ကောင်ကို ဝတ်ရုံပေးထားခြင်းဖြစ်၍ နဂါးသင်္ကန်းဟု ခေါ်ကြ၏။ ယင်းနဂါးသင်္ကန်းကို ပြောင်မြောက်လှသော မြန်မာ့လက်မှု အတတ်ပညာဖြင့် ပုံဖော်ထားခြင်းဖြစ်၏။ ထိုကဲ့သို့ နဂါး(၅)ကောင်ဖြင့် သင်္ကန်းသဖွယ် ဝတ်ရုံပေးထားခြင်းသည် နဂါး(၅)ကောင် ချမ်းသာဆောင်ဟူသော အတိတ်နိမိတ်အရ ထိုရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညို ပူဇော်သူတို့အနေနှင့် ထူးခြားသော ချမ်းသာသုခကို ဒိဋ္ဌကေန် ရရှိစေမည်ဟု ဆို၏။

**ကြေးသွန်းရုပ်ပွားတော်မြတ်အား ဘွဲ့တော်ဆက်ကပ်ခြင်း**

(၈)နှစ်ကျော်ကြာမျှ သွန်းလုပ်ခဲ့ရသော ထိုရုပ်ပွား



နဂါး(၅)ကောင်သင်္ကန်းရုံ (နာဂစီပဋမုနိမှာ) ကြေးသွန်းရုပ်ပွားတော်မြတ်အား မြင်ဦးလွင်မှ ပါရမီမြတ်ကုန်းတော်ပေါ်သို့ ပင့်ဆောင်စဉ် လိုက်ပါကြည်ညိုကြသော ဗုဒ္ဓဘာသာဝင် ဂေါရခါးအမျိုးသား၊ အမျိုးသမီးများ

www.burmeseclassic.com



ပါရမီမြတ်ကုန်းတော်၏ အကြီးအမှူး ဆရာတော်
အရှင်ဝိဇ္ဇာနန္ဒ အား ဆရာတော် သီတင်းသုံးရာ
ကျောင်းဆောင်၌ ဖူးတွေ့ရစဉ်



ပါရမီမြတ်ကုန်းတော်၏ အကြီးအမှူးဖြစ်တော်မူသော
ဂေါရခါးလူမျိုး ဆရာတော် အရှင်ဝိဇ္ဇာနန္ဒ
(သက်တော် ၅၂ နှစ်၊ ဝါတော် ၃၁ ဝါ)

တော်မြတ်ကို နာဂစိဝရာပဋ္ဋပဋိမာ (နဂါးသင်္ကန်းတော်ကို ဝတ်ရုံထားသောဘုရား)ဟူ၍ ဘွဲ့တော်ဆက်ကပ်ခဲ့ကြ၏။ ရုပ်ပွားတော်မြတ်၏ ဉာဏ်တော်အမြင့်မှာ (၉)တောင် (၁၃)ပေခွဲ ဖြစ်၏။

**နာဂစိဝရာပဋ္ဋပဋိမာ ကျောက်စိမ်းရုပ်ပွားတော်မြတ်အား မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ ပင့်ဆောင်ခြင်း**

သွန်းလုပ်ပြီးစီးသွားသော ထိုကြေးသွန်းရုပ်ပွားတော်မြတ်အား မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ ပင့်ဆောင်ခဲ့ရာ ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်မည့် အဆိုပါ ပါရမီမြတ်ကုန်းတော်ပေါ်သို့ ရောက်သည်အထိ စုစုပေါင်း ရက်သတ္တတစ်ပတ် အချိန်ကြာမြင့်ခဲ့၏။ ထိုကြေးသွန်းရုပ်ပွားတော်မြတ်အား ပင့်ဆောင်ရာ ခရီးလမ်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူတို့က ကြီးကျယ်ခမ်းနားစွာ ပူဇော်ကြည်ညိုခဲ့ကြ၏။

ပြင်ဦးလွင်မြို့တွင် မဟာအံ့ထူးကံသာဘုရားကြီး၌ ဦးစွာ ရင်ငွေ့လှုံခဲ့ပြီး ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်မည့် ပါရမီမြတ်ကုန်းတော်ပေါ် ရောက်သည်အထိ ပင့်ဆောင်ခဲ့ရာတွင်ကား မြန်မာရာဇဝင်၊ နီပေါ ရာဇဝင်၊ ဒေဝါဝင်း၊ နဂါးဝင်း စသည့် ဝင်း(၄)ဝင်းခင်းကျင်းလျက် ထူးခြားခမ်းနားစွာ ပင့်ဆောင်ခဲ့ကြ၏။ အဆိုပါ နဂါး(၅)ကောင် သင်္ကန်းရုံထားသည့် ကိုးတောင်ပြည့် ကြေးသွန်းရုပ်ပွားတော်မြတ်သည် (၂၀၀၉)ခုနှစ်၊ မေလ (၅)ရက်နေ့တွင် ဖော်ပြပါ ပြင်ဦးလွင်မြို့၊ ငါးရံ့ချောင်းကျေးရွာ ပါရမီမြတ်ကုန်းတော်ပေါ်ရှိ ဂန္ဓကုဋိကျောင်းဆောင်တွင်းသို့ ရောက်ရှိသီတင်းသုံးခဲ့လေ၏။

**ပါရမီမြတ်ကုန်းတော်၌ နေထိုင်သီတင်းသုံးလျက်ရှိသော ပြင်သစ်ရဟန်းတော်**

အထက်ဖော်ပြပါ ပါရမီမြတ်ကုန်းတော်၏ ငြိမ်သက်အေးချမ်းမှု၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် တရားဘာဝနာ ပွားများအားထုတ်လိုသူတို့အတွက် လွန်စွာလျော်ကန်သင့်မြတ်သော သာသနာ့ပရိဝုဏ်တစ်ခု ဖြစ်မှုတို့ကို တစ်ဆင့်စကားဖြင့် သတင်းကြားသိခဲ့ရသော ပြင်သစ်လူမျိုး ရဟန်းတော် ဦးဝိသုဒ္ဓ [သက်တော်(၅၆)နှစ်၊ ဝါတော်(၃)ဝါ]သည် (၂၀၁၆)ခုနှစ်၊ ဇူလိုင်လ ပထမပတ်က သန်လျင်မြို့၊ သဘာဝတရားရိပ်သာမှတစ်ဆင့် အထက်ပါ ပါရမီမြတ်ကုန်းတော်သို့ ရောက်ရှိလာပြီး ဆရာတော်အရှင်ဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com

နန္ဒ၏ မေတ္တာရိပ်ကိုခိုလှုံကာ တစ်ပါးကျောင်းဆောင်တွင် နေထိုင်သီတင်းသုံး၍ တရားဘာဝနာများကို ပွားများအားထုတ်လျက်ရှိ၏။

အဆိုပါ ပြင်သစ်ရဟန်းတော်က လူ့လောက,ကပ္ပလောင်တယ်။ ဒီလောက,က လွတ်မြောက်ဖို့အတွက် ဗုဒ္ဓရဲ့တရားတော်အတိုင်း လိုက်နာကြိုးပမ်းရမယ်ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောကြား၏။

အဆိုပါ ပြင်သစ်ရဟန်းတော်၏ ပြင်သစ်အမည်မှာ MEISTER THIERRY PIERRE ဖြစ်၏။


နာဂစိဝရာပဋ္ဌပဋ္ဌိမာ ကြေးသွန်းရုပ်ပွားတော်မြတ်အား ဆရာတော် အရှင်ဝိစ္ဆာနန္ဒက မျက်နှာတော်သစ်ပြီးနောက် ယပ်တော်ဖြင့် ပူဇော်စဉ်

**<u>နဂါး(၅)ကောင် သက်န်းရုံကြေးသွန်းရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်မည့် ပုထိုးတော်ကြီး</u>**

ယခုအခါ အဆိုပါ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ထာဝစဉ် ကိန်းဝပ်စံပယ်တော်မူနိုင်ရန်အတွက် ပုထိုးတော်ကြီးတစ်ဆူကို ဖော်ပြပါ ပါရမီမြတ်ကုန်းတော်ပရိဝုဏ်၌ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကုသိုလ်ပါဝင်လိုသူတို့သည် ပါရမီမြတ်ကုန်းတော်၏ အကြီးအမှူး ဆရာတော် အရှင်ဝိစ္ဆာနန္ဒထံသို့ ဆက်သွယ်နိုင်ကြပါ၏။

**<u>နာဂစီဝရာပဋ္ဌပဋ္ဌိမာ ကြေးသွန်းရုပ်ပွားတော်မြတ်အား ဗုဒ္ဓပူဇနီယရှားမီးပူဇော်ပွဲ</u>**


ဖော်ပြပါ နဂါး(၅)ကောင် သက်န်းရုံထားသော နာဂစီဝရာပဋ္ဌပဋ္ဌိမာ ကြေးသွန်းရုပ်ပွားတော်မြတ်အား ဗုဒ္ဓပူဇနီယ ရှားမီးပူဇော်ပွဲကို ချမ်းအေးလှသည့် နတ်တော်လပြည့် ညတိုင်း နှစ်စဉ်ကျင်းပ၏။ ထိုဗုဒ္ဓပူဇနီယ ရှားမီးပူဇော်ပွဲကို ခရစ်နှစ်(၂၀၁၂)ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအခါ (၄)ကြိမ်တိုင်ခဲ့ပြီ ဖြစ်၏။ ရှားမီးပူဇော်သည် ဆိုခြင်းမှာ ချမ်းအေးလှသည့် ဆောင်းရာသီတွင် မြတ်စွာဘုရားအား အနွေးဓာတ်ဖြင့် ပူဇော်ခြင်းပင် ဖြစ်သည်ဟုဆို၏။

ဘုရားရှင်လက်ထက်တော်အခါကလည်း ဘုရားရှင်သည် ဆောင်းတွင်းကာလတွင် မီးလှုံသည့် ဓလေ့ရှိခဲ့ပြီး ယင်းအစဉ်အလာကို အတုယူ၍ ဖော်ပြပါ ကြေးသွန်းရုပ်ပွားတော်မြတ်ကိုလည်း ရှားမီးပူဇော်၍ အနွေးဓာတ်ပေးခြင်းပင် ဖြစ်၏။

ထိုသို့ ရှားမီးပူဇော်ရန်အတွက် ရှားမီးတိုင်ကို ဦးစွာပြုလုပ်ရ၏။ ရှားမီးတိုင်ပြုလုပ်ရန်အတွက် (၂၇)ပေအရှည် (၃)ပေပတ်လည် အကျယ်ရှိ ဝါးပိုးတိုင်ကို အလယ်မှာထားပြီး ရှားထင်းအချောင်းများ၊ ထင်းရှူးဆီအချောင်းများကို ဝါးပိုးတိုင်၏ ပတ်လည်တွင် နှီးများဖြင့် စည်းရ၏။ တိုင်၏ထိပ်တွင် မီးရှူးမီးပန်းများကို ထီးတော်ပုံသဏ္ဌာန် ပြုလုပ်ရ၏။ ထိုသို့ ရှားမီးတိုင် ပြုလုပ်ရာတွင် တိုင်လုပ်


ပါရမီမြတ်ကုန်းတော်၏ ဆရာတော်အရှင်ဝိစ္ဆာနန္ဒ သီတင်းသုံးရာ ဗုဒ္ဓသာသနမာမကာရီ ပါရမီကျောင်းတော်

www.burmeseclassic.com




ကြေးသွန်းရုပ်ပွားတော်မြတ် ထာဝစဉ် ကိန်းဝပ်စံပယ်ရန် ပုထိုးတော်ကြီး
တည်ထားမည့် ပါရမီမြတ်ကုန်းတော်၏ မြေနေရာ၌ အကြီးအမှူး ဆရာတော်
အရှင်ဝိဇ္ဇာနန္ဒ၏ အားထားရသော လက်ထောက်ရဟန်းဖြစ်သူ
ဂေါ်ရခါးလူမျိုး ရဟန်းတော် ဦးပဉ္စင်း ဗုဒ္ဓိအား ဖူးတွေ့ရစဉ်

သည့် ပညာရှင်တစ်ဦးနှင့် မီးရှူးမီးပန်း ပညာရှင်တစ်ဦး တို့က ဦးစီးပြုလုပ်၏။ ထိုရှားမီးတိုင်(၁)တိုင်၏ ကုန်ကျစရိတ်မှာ စုစုပေါင်း သုံးသိန်းခြောက်သောင်းကျပ်ဖြစ်၏။ ဖော်ပြပါ နဂါး(၅)ကောင် သင်္ကန်းရုံထားသည့် ကြေးသွန်းရုပ်ပွားတော်မြတ်အား ဗုဒ္ဓပူဇနိယ ရှားမီးပူဇော်ပွဲကျင်းပရာတွင် တစ်ညလျှင် ရှားမီးတိုင်(၅)တိုင်နှုန်းဖြင့် (၃)ည ပူဇော်သည်ဟု ဆို၏။ ရှားမီးတိုင်အလှူရှင် ထပ်မံပေါ်ပေါက်လာပါက ရက်တိုး၍ ပူဇော်၏။

ထိုကဲ့သို့ ဘုရားရှင်အား ရည်ရွယ်၍ ရှားမီးပူဇော်ခြင်းဖြင့် လောကီ,လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ရရှိစေပြီး အောင်မြင်ကျော်ကြားခြင်း၊ ရာထူးဌာနန္တရ တိုးတက်မြင့်မားခြင်း၊ စီးပွားရေးအောင်မြင်ခြင်း၊ အတိုက်အခိုက် အနှောင့်အယှက်များ ကင်းဝေးခြင်း၊ သံသရာမှ လွတ်မြောက်ရန် အထောက်အပံ့ကောင်းများ ရရှိစေခြင်း စသည့် အကျိုးထူးများကို ရရှိစေသည်ဟု ဆို၏။ ထို့ကြောင့်ပင် အဆိုပါ ရုပ်ပွားတော်မြတ်အား (၄)နှစ်မြောက် ရှားမီးပူဇော်ပွဲ ကျင်းပပြီးစီးခဲ့ရာတွင် မူလပထမတစ်ကြိမ် ပူဇော်ခဲ့သူတို့သည် အကျိုးထူးများကို ရရှိခံစားခဲ့ကြရသည်ဖြစ်၍ နောက်နှစ်များတွင်လည်း ဆက်တိုက်ပင် ရှားမီးတိုင် ကုန်ကျစရိတ်ကို တာဝန်ယူလှူဒါန်း၍ ပူဇော်ခဲ့ကြသည်ဟု ဆရာတော် အရှင်ဝိဇ္ဇာနန္ဒက မိန့်တော်မူ၏။

◆◆◆

အထက်ဖော်ပြပါအတိုင်း ဖုန်းဆိုးမြေတောအုပ် အတွင်းက ကုန်းမြင့်ကြီးကို ဗုဒ္ဓသာသနာတော် ထွန်းကားရာ ပါရမီမြတ်ကုန်းတော်ကြီးအဖြစ် ပြောင်းလဲသွားအောင် ဆောင်ရွက်တော်မူနိုင်ခဲ့သော ဂေါ်ရခါးလူမျိုး ရဟန်းတော် တစ်ပါးဖြစ်သည့် ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည်ကား အမိနိုင်ငံတော်အတွင်း ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် အသက်ထက်ဆုံး ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားကြောင်းလည်း သိရှိရပါ၏။



နာဂစိဝရာပဋ္ဌပဋိမာ ကြေးသွန်းဘုရားကြီးသို့ ခရီးလမ်းညွှန်မြေပုံ


www.burmeseclassic.com


ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၏ ဝေယျာဝစ္စကို အနီးကပ် ဆောင်ရွက်လျက်ရှိသော ဂေါ်ရခါးလူမျိုး ဗုဒ္ဓဘာသာဝင် ကပ္ပိယကြီး ဦးတိတ်ဗဟာဒူး

လက်ရှိတွင် ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည် ပြင်ဦးလွင်မြို့ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအသင်း (ဓမ္မကျောင်းတော်)၏ ဦးဆောင်နာယကအဖြစ်လည်း တာဝန်ယူထားသည်သာမက မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေး ဂေါ်ရခါးသံဃာတော်များအဖွဲ့တွင်လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ သာသနာရေးတာဝန်များကို ဆောင်ရွက်လျက်ရှိ၏။

ဆရာတော် အရှင်ဝိဇ္ဇာနန္ဒသည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်သာမက နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့လည်း ပြည်ပသာသနာပြုခရီး ကြွရောက်၍ တရားစခန်း ဖွင့်လှစ်ခြင်း၊ သံသရာကင်းပြတ်စေရန် ဝိပဿနာတရားများ ဟောကြားခြင်း စသည့် သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိ၏။

ဆရာတော် အရှင်ဝိဇ္ဇာနန္ဒက 'ဘုန်းဘုန်းတို့ ဂေါ်ရခါးလူမျိုးတွေဟာ နီပေါနိုင်ငံက အစပြုခဲ့ကြတယ်ဆိုပေမယ့် မြန်မာ့မြေ မြန်မာ့ရေကို ရောက်လာပြီး အခြေချနေထိုင်လာခဲ့ကြတာဟာ နှစ်ပေါင်းရာချီ ကြာမြင့်ခဲ့ပြီ။ မြန်မာနိုင်ငံဟာ ဘုန်းဘုန်းတို့ရဲ့ အမိနိုင်ငံပဲ။ မြန်မာ့တပ်မတော်မှာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ လက်ရှိတာဝန်ထမ်းဆောင်ဆဲဖြစ်တဲ့ ဂေါ်ရခါးလူမျိုး အရာရှိ စစ်သည်တွေ အများအပြားရှိသလို သာသနာတော်အတွင်းမှာလည်း သာသနာ့တာဝန် ထမ်းဆောင်နေကြတဲ့ ဘုန်းဘုန်းတို့ ဂေါ်ရခါးရဟန်းတော်တွေ အများကြီး ရှိကြပါတယ်။ ဘုန်းဘုန်းအနေနဲ့ကတော့ အမိနိုင်ငံတော်မှာ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အသက်ထက်ဆုံး ဆောင်ရွက်သွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်'ဟု မိန့်တော်မူ၏။


ပါရမီမြတ်ကုန်းတော် တစ်ပါးကျောင်းဆောင်မှ သီတင်းသုံးလျက်ရှိသည့် တစ်ပါးတည်းသော နိုင်ငံခြားသားရဟန်းတော် မြင်ဆင်ဂျမ်း ဦးဝိသုဒ္ဓ

◆◆◆

ချစ်စွာသော စာရှုသူတို့သည် ပန်းမြို့တော် ပြင်ဦးလွင်သို့ ခရီးကြုံကြိုက် ရောက်ရှိခဲ့ကြပါက ဗုဒ္ဓသာသနာတော် ထွန်းကားရာ လွမ်းစွာငြိမ်းချမ်း တိတ်ဆိတ်လှသည့် ပါရမီမြတ်ကုန်းတော်သို့ ရောက်ရှိကြည်ညိုလေ့လာပြီး နာဂစီဝရာပဋ္ဌပဋ္ဌိမာ ဘွဲ့တော်ရှိ ထူးခြားသည့် နဂါး(၅)ကောင် သက်နန်းရံ(၉)တောင်ပြည့် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ဖူးတွေ့နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ပါ၏။

(၇)နေ့သားသမီးများအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ။

မေတ္တာရည်လျက်
သစ္စာမင်းခေါင်

www.burmeseclassic.com


နီုငြိမ်း(အညာတက္ကသိုလ်)

# ရွှေစက်တော် အရောက်သွား ဘုရားဖူးလို့ ပြန်ခဲ့တယ်

ဘုန်းသန့်သကျ၊ မုနိန္ဒလျှင်၊ ရွှင်ပျကြည်ဖြူ၊ ပေါ တော်မူ၏။ လေးဆူကျွန်းမြတ်၊ ဘုန်းထွက်သီရိ၊ တမ္ဗ ဒိထက်၊ ကျော်သာထင်ရှား၊ ကျေးဇူးများလျက်၊ နဂါး မုဆိုး၊ ရိုကြိုးတောင်းပန်၊ ပူဇော်ရန်ဟု၊ နမ္မဒါနား၊ ရာ့တပါးလျှင်၊ တောင်ဖျားကျောက်ထိပ်၊ နင်းနှိပ်ရာတော်၊ နှစ်ဘော်ရွှေစက်၊ ရောင်ပြိုးပြက်သည်။

(ရွှေစက်တော်သွားတေးလားမှ)

ကျောင်းသားဘဝက ကျက်ခဲ့ရသော ရှင်မဟာရဋ္ဌ သာရ၏ ရွှေစက်တော်သွားတေး လားမှ ရတုတစ်ပုဒ်ဖြစ်သည်။ နှစ် စဉ် တပို့တွဲလဆန်း (၅)ရက်နေ့မှ တန်ခူးလဆန်း (၅)ရက်နေ့ထိ ရွှေ စက်တော်ဘုရားပွဲကြီးကို စည် ကားစွာ ကျင်းပလေ့ရှိ၏။ မကွေး၊ မင်းဘူးသို့ မရောက်တာ ကြာပြီ။ ယခုနှစ် ရွှေစက်တော်ပွဲချိန်တွင် သွားဖြစ်အောင် သွားမည်ဟု အဓိ ဋ္ဌာန်ပြုကာ တပေါင်းလဆန်းလျှင် ပင် ရွှေစက်တော်သို့ အဖွဲ့သားများ နှင့် ဘုရားဖူး ထွက်ခဲ့သည်။



စက်တော်ရာ(၂)ဆူ

မန်းစက်တော်သည် မင်းဘူးမြို့ အနောက်ဘက် (၂၆)မိုင်အကွာ အနောက်ရိုးမအရှေ့ဘက် တောင် စွယ်ပေါ်၌ တည်ရှိပါသည်။ ရွှေ စက်တော်ဟုလည်းကောင်း၊ မန်း စက်တော်ဟုလည်းကောင်း အမျိုး မျိုးခေါ်ဝေါ်လေသည်။ ဦးစွာ မင်း ဘူးနှင့် စကုသို့ရောက်အောင် သွား ရ၏။ စကုမြို့ အနောက်ဘက် (၁၆)မိုင်တွင် ဘုရားခြေရာရှိရာ စကုရောက်လျှင် ရွှေစက်တော် ရောက်ပြီဟု ဆိုရမည်။



မန်းစေရာင်စေကျွတာ ပွဲဈေးတန်း

ယခင်ခေတ်က ဘုရားဖူးသွား



www.burmeseclassic.com

www.burmeseclassic.com

ရန်မှာ တောင်ကြို တောင်ကြား အဆင်းအတက် ခက်ခဲပြီး လှည်းတစ်လှည့် လှေတစ်လှည့် သွားရ၏။ ယခုခေတ်တွင် ဘုရားဖူးကားနှင့် လိုက်သွားနိုင်လေသည်။ စက်တော်ရာတွင် အထက်စက်တော်ရာနှင့် အောက်စက်တော်ရာဟု (၂)မျိုးရှိသည်။ ဘုရားရှင်သည် ပါဒစက်တော်(၂)ဆူကို နေရာတစ်ခုစီ၌ ချထားပေးခဲ့သည်။


အထက်စက်တော်ရာ

စက်တော်ရာသမိုင်းအကျဉ်း တင်ပြပါမည်။

ဘုရားရှင် ငါးဝါအရတွင် သုနာပရန္တတိုင်း လယ်ကိုင်းကျောင်းတော်ရာမှ မဟာပုဏ်နှင့် စူဠပုဏ်ညီနောင်တို့ ရောက်ရှိကာ စန္ဒကူးကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဘုရားရှင်လည်း ကျောင်းတော်ကြီး မပြီးမချင်း ကြွရောက်ကြည့်ရှုခဲ့ပါသည်။

ကျောင်းတော်သို့ အကြိမ်ကြိမ် ရောက်ရှိပုံကို ရှင်မဟာသီလဝံသက တန်ဘားဦးတည် မော်ကွန်း၌-

သုနာပရန်၊ ကျွန်းမွန်အောင်နိုပ်၊ တမ္ဗဒီပ်ဟု၊ တံဆိပ်နှစ်ထပ်၊ စက်တော်ကွပ်၍၊ မြန်ရိပ်တမူ၊ စည်လိမ့်ဟူသား၊ လှိုင်ကြူမေတ္တာ၊ ရှာန်ချမ်းသာဖြင့်၊ စမွာယ်ထပ်လောင်း၊ နံ့သာကျောင်းဝယ်၊ ကိန်းအောင်းဘုန်းကြီး၊ ဆုံးမပြီးလျှင်၊ မပြီးမချင်း၊ လုပ်စဉ်တွင်း၍၊ သနင်းခေါက်ခေါက်၊ ကြိမ်ကြိမ်ရောက်၏..ဟု စပ်ဆိုတော်မူခဲ့လေသည်။

ကျောင်းကြီးပြီးလျှင် ဘုရားရှင်သည် အလှူခံလျက် (၇)ရက်ပတ်လုံး ရှာန်ချမ်းသာဖြင့် စံတော်မူသည်။ တစ်ရက်တွင် ဆွမ်းခံကြွတော်မူရင်း ဘုရားရှင် မန်းချောင်းသို့ ရောက်လာရာ နမ္မဒါနဂါးမင်းက ပူဇော်ရန်အလို့ငှာ တစ်စုံတစ်ရာ ပေးသနားပါရန် လျှောက်ထားခဲ့သည်။ ထိုအခါ နမ္မဒါမြစ်ဘေးတွင် အောက်စက်တော်ရာကို ချထားပေးခဲ့လေသည်။

မြတ်စွာဗုဒ္ဓသည် ထိုမှတစ်ဆင့် သစ္စာဗန္ဓတောင်ထိပ်သို့ ကြွတော်မူပြန်သည်။ တောင်ထိပ်ပေါ်တွင် သစ္စာဗန္ဓရသေ့အား တရားဟောရာ အရဟတ္တဖိုလ်တည်လေသည်။ သစ္စာဗန္ဓရသေ့ကြီးက ကိုးကွယ်ရာတောင်းရာ ကျောက်ဖျာထက်တွင် ခြေတော်ရာချပေးခဲ့၏။ ထိုခြေတော်ရာကို အထက်စက်တော်ရာဟု ခေါ်လေသည်။

ထိုစက်တော်ရာ(၂)ဆူကို အစဉ်အဆက် ကိုးကွယ်လာရာ နောင်အခါ ချုံနွယ်ပိတ်ပေါင်းများ ဖြစ်ခဲ့၏။ နောင်တွင် ဒွတ္တပေါင်မင်းကြီးသည် စက်တော်ရာ(၂)ဆူသို့ ကြွတော်မူလျက် တောရှင်းမွမ်းမံမှု ပြုခဲ့ပါသည်။ နောင်အခါ


အောက်စက်တော်ရာ



www.burmeseclassic.com

www.burmeseclassic.com

ပုဂံပြည့်ရှင် ကျန်စစ်မင်းကြီးသည် ကြည်ညိုလွန်းလှ၍ ကိုယ်အလေး ချိန်နှင့်ညီမျှသော ရွှေစင်ရွှေသား များကို လှူခဲ့သည်။ ထို့ပြင် ပုတိမ်းငဖဲမှ လူတစ်ရာကျော်ကိုပါ ဘုရား အစောင့်အဖြစ် လှူခဲ့လေသည်။

ပုဂံခေတ်နောက်ပိုင်း စက်တော်ရာ(၂)ဆူလုံး တောဖုံးနေခဲ့သည်။ အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက်တွင် တောင်ဖီလာ စသောဆရာတော်ကြီးတို့၏


ကျောက်စာတန်ဆောင်းနှင့် ဈေးတန်း

ညွှန်ကြားချက်အရ စက်တော်ရာဒေသကို တောရှင်းကာ ကုသိုလ်ကောင်းမှုများ ပြုခဲ့သည်။

(၁၀၅၈)ခုနှစ်တွင် သုဓမ္မစာရီက စက်တော်ရာကို လွယ်ကူစွာဖူးနိုင်ရန် ရွှေ့ပြောင်းရာ စက်တော်ရာ၏ ခြေသန်းနေရာ ပွဲထွက်သွား၏။ (ပုံကိုရှုပါ) အထက်စက်တော်ရာအောက်မှတောင်ကို မုဆိုးတောင်ဟုခေါ်သည်။ မုဆိုးကြီး ယုန်ကြည့်သောတောင်ကို ယုန်ကြည့်တောင်ဟုခေါ်သည်။ မြတ်စွာဘုရား ဆွမ်းစားပြီး အာလုတ်ဆေးသောချောင်းကို လုတ်ဆေးချောင်းဟု ခေါ်ခဲ့သည်။

မန်းချောင်းသည် စက်တော်ရာမြေကို (၃)ကြိမ်ကွေ့ပတ်စီးဆင်းပြီး နောက်မှတောင်ဘက်သို့ တစ်ဖြောင့်တည်း စီးနေသည်ကို တွေ့ရ၏။ ကြည်ညိုသူတို့က မန်းချောင်းသည် အသက်ရှိလူတို့လို စက်တော်ရာကို (၃)ကြိမ် ဦးတိုက်သည်ဟု ဆိုပါသည်။

မန်းစက်တော်ရာ၌ ကျောက်စာ(၂)ဆူနှင့် ကျောက်စာတန်ဆောင်းလည်း ရှိသည်။ ကျောက်စာမှာ ဆင့်ထိုးစပ်ထိုးနောက်ခေတ်ကျောက်စာ ဖြစ်၏။ မူလကျောက်စာ မဟုတ်ပါ။

စက်တော်ရာ(၂)ဆူသို့ ကျန်စစ်သားမင်း အလောင်းစည်သူ(၄၈၅ ခုနှစ်)၊ ဒုတိယမင်းခေါင်(၈၄၇ ခုနှစ်)တို့က ကျွန်သီးတော်များ လှူခဲ့ကြောင်း၊ ရွှေစက်တော်တန်ဆောင်းကျောက်စာကို သက္ကရာဇ်(၆၀၀)ပြည့်နှစ်၌ ပြုပြင်ခဲ့ကြောင်း ဘုရားသမိုင်းမှ ဖတ်ခဲ့ရသည်။


စက်တော်ရာကို ကွေ့ပတ်စီးဝန်းနေသော မန်းချောင်း


ဘုရားသမိုင်းအရ စက်တော်ရာကို ဖူးမြော်ပြီး ဆုတောင်းလျှင် ဘုရားရှင်ကို ဖူးရသကဲ့သို့ တ, တိုင်းပြီး၊ တောင်းတိုင်းရကြောင်း တင်ပြရပါသည်။

**နီငြိမ်း(အညာတက္ကသိုလ်)**

<u>ကျမ်းကိုး</u>

* မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၃)။
* ရွှေစက်တော်သွားတောလား။
* ဘုရားသမိုင်းမှတ်တမ်းများ။

www.burmeseclassic.com




ဗုဒ္ဓရှင်တော်မြတ် သထုံပြည်ကြီးသို့ ကြွရောက်၍ တရားဓမ္မဟောကြားပြသ ဆိုဆုံးမသည်ကို အရှင်ဂဝမ္ပတိ ရဟန္တာ ကြွရောက်စဉ်ကပင် သိရှိထားနှင့်ပြီးဖြစ်သည့် တိဿရသေ့ကြီးသည် မိမိတို့၏ အဆွေခင်ပွန်းများ ဖြစ်ကြကုန်သော ကုသိနာရုံရသေ့၊ မဲလံရသေ့၊ ကျိုက်ထီးရိုးရသေ့၊ ကေလာသရသေ့တို့အား ဗုဒ္ဓ၏ တရားတူး တရားမြတ်ကို အတူနာကြားရန် ရှေးဦးမဆွ အသိပေး ဖိတ်ကြားခဲ့ပြီး ဖြစ်လေသည်။

သို့ဖြစ်၍ အဆိုပါ ရသေ့လေးဦးတို့သည် တိဿနှင့် သီဟ ရသေ့နှစ်ပါးတို့နှင့် မင်းနန်းပြင်၌ ရှေးဦးပထမလာရောက်ဖူးမြော်ခွင့်ရကြသူများပင် ဖြစ်ကြလေသည်။ အဆိုပါ ရသေ့မြတ်တို့သည် တစ်ဦးနှင့်တစ်ဦး အလှမ်းဝေးကွာစွာ နေထိုင်ကြသော်လည်း လောကီဈာန်အဘိညာဉ်ကို ရကြသူများဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး အကြောင်းကြီးငယ်ရှိလျှင် တိုင်ပင်ပြောဆိုမြဲ ဖြစ်ကြသည်။

ဗုဒ္ဓမြတ်စွာရှင်တော်ဘုရားသည် သုဝဏ္ဏဘူမိ သထုံပြည်ကြီးသို့ ကောင်းကင်ခရီး ဈာန်ယာဉ်စီး၍ ရဟန္တာ (၅၀၀)ကို ခြံရံလျက် ကြွရောက်တော်မူသည်မှာ ကြယ်တာရာ နက္ခတ်တို့ ဝန်းပတ်ခြံရံကာ ယုဂန္ဓိုရ်တောင်ထိပ်မှ တဖိတ်ဖိတ်ကွန့်မြူးလျက် ထွက်ပြူလာသော လပြည့်ဝန်း

www.burmeseclassic.com

ကြီးကဲ့သို့ လွန်စွာမှ တင့်တယ်သော အသရေတော်ဖြင့် ကြည်ညိုဖွယ် ကောင်းလှပေသည်။

သထုံပြည့်ရှင် တိဿမေ့သီဟရာဇာမင်းနှင့်တကွ မှူးမတ် ပြည်သူလူအပေါင်းတို့ ရဟန္တာ(၅၀၀)ခြံရံလျက် ဘုရားမြတ်စွာ ဘဂဝါသည် ကောင်းကင်ခရီးဖြင့် ကြွမြန်းလာသည်ကို ဖူးမြင်ရသောခဏ၌ ဖရဏာပီတိ ဥမ်းဆီထိပမာ ဝမ်းမြောက်ရွှင်လန်းလျက် ဝမ်းပန်းတသာ ဆီးကြိုဦးခိုက်ကြကုန်၏။ များစွာသော တိုင်းသူပြည်သား လူအများတို့သည် ဘုရားရှင်၏ ဂုဏ်တော်မှ နီ၊ ဖြူ၊ ညိုမောင်း ပြိုးပြိုးပြက်ပြက် တစ်ခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် အာကာသခရီးမှ တည်းညီးတပြောင်ပြောင် တောက်လောင်ဘနန်းမျှ ထွန်းတောက်ပလျှင် ကြွမြန်းလာသည်ကို မျက်ဝါးထင်ထင် ဖူးမြင်ကြရသောအခါ မကြုံစဖူး ထူးခြားအံ့သြဖွယ်တွေ့မြင်ကြရကား ဝမ်းသာရွှင်လန်း ပီတိစိတ်တွေ လွှမ်းလျက်ရှိကြကုန်သည်။

မြတ်စွာဘုရားရှင်သည် တိဿမေ့သီဟရာဇာမင်းကြီး ဆောက်လုပ်သော ယာယီစံကျောင်းတော်သို့ တက်ရောက်တော်မူပြီးလျှင် ခင်းထားအပ်သော မြင့်မြတ်သောနေရာ၌ သီတင်းသုံးစံပယ်တော်မူလေသည်။ တိဿရသေ့၊ သီဟရသေ့ ညီနောင်နှစ်ပါးနှင့်တကွ မဲလံရသေ့ကြီးအပါအဝင် အပေါင်းအဖော် ရသေ့တို့သည်လည်းကောင်း၊ မင်း၊ မိဖုရားနှင့် မှူးမတ် ပြည်သူလူထုအပေါင်းတို့သည်လည်းကောင်း ဘုရားရှင်အား သဒ္ဓါကြည်ညိုစွာ ရှိခိုးကော်ရော်ပူဇော်ကြကုန်၏။ ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်အရသာတို့ဖြင့်လည်း ဆက်ကပ်လှူဒါန်းကြလေသည်။

ဗုဒ္ဓမြတ်စွာသည် မင်းပရိသတ်၊ လူပရိသတ် များစွာတို့ကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၍ သရဏဂုံ၌ တည်ကြပြီး ဥပါသကာ၊ ဥပါသိကာမ အဖြစ်သို့ ရောက်ကြကုန်၏။ ဤသို့အားဖြင့် ခုနစ်ရက်တိုင်တိုင် သုဝဏ္ဏဘူမိတိုင်း သထုံပြည်၌ ပရိသတ်တို့သည် အကျွတ်တရားရ၍ ကောင်းမြတ်သောအကျင့်၌ တည်ကြလေကုန်သည်။

မြတ်စွာဘုရားရှင် မဇ္ဈိမသို့ ပြန်လည်ကြွမြန်းမည်ပြုသောအခါတွင် ရသေ့ခြောက်ပါးတို့သည် ဘုရားရှင်အား နောင်သာသနာတော် တည်တံ့သမျှ ကာလပတ်လုံး ထာဝရ ကိုးကွယ်နိုင်စိမ့်သောငှာ ကိုယ်တော်စား အလေး အမြတ်ပြုစရာ တစ်စုံတစ်ရာ ပေးသနား ချီးမြှင့်တော်မူပါရန် တောင်းပန်လျှောက်ထားကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရသေ့ခြောက်ပါးတို့အား ထာဝရအလေးအမြတ်ပြု ကိုးကွယ်နိုင်ရန်အတွက် ဘုရားရှင်သည် ညာလက်ရုံးတော်ကို ဆန့်တန်း၍ ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ဆံတော်မြတ်ခြောက်ဆူတို့သည် ဘုရားရှင်၏လက်တော်၌ ကပ်ငြိလျက်ပါလာလေသည်။ ပါလာသောဆံတော်ခြောက်ဆူတို့ကို ရသေ့မြတ်ခြောက်ပါးအား တစ်ဆူစီ ချီးမြှင့်တော်မူလေသည်။

ရသေ့ခြောက်ပါးမှာ-

(၁) ဒိုးကမဲမော့ခတွဲဂလိုင် ခေါ် ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏရသေ့၊
(၂) ဇန္တဂီရိ ခေါ် ဖွဲကပင်တောင်နေ သီဟရသေ့၊
(၃) ဂဠဂီရိ ခေါ် ဇင်းကျိုက်တောင်နေ တိဿရသေ့၊
(၄) ဒိုးခလွန် ခေါ် ကေလာသတောင်နေ တိလရသေ့၊
(၅) ဒိုးကုသိနာရုံ ခေါ် သီရိပဗ္ဗတ ကုသိနာရုံတောင်နေ ဒိဗ္ဗစက္ခုဘယရသေ့၊
(၆) နာဂပဗ္ဗတ ခေါ် မဲလံရသေ့။

ဤရာမညတိုင်း၌ သာသနာတော်မြတ် အရှည်တည်တံ့ပွင့်လင်းစည်မင်မည်ကို ဘုရားရှင်က ဉာဏစက္ခုနှင့် ရှုမြင်ပြီးဖြစ်သည်။

ဤသို့ ရှေးဦးပထမ ချီးမြှင့်တော်မူသော ထိုဆံတော်ခြောက်ဆူကို ဆကေသမဟာဓာတုဝင် ဆံတော်များဟု ခေါ်ဆိုပါသည်။

ထိုရသေ့မြတ် ခြောက်ပါးသည် မိမိတို့ ရရှိသော ဆံတော်ဓာတ်မြတ်ကို မိမိတို့နေရာသို့ ပင့်ဆောင်လျက် အမြတ်တနိုး ကိုးကွယ်ပူဇော်ထားကြသည်။ သို့သော် မိမိတို့၏ အိုခြင်း၊ နာခြင်း၊ သေခြင်းကို သိမြင်ကြသည့်အလျောက် ဘုရားရှင်ထံ ဆံတော်ဓာတ်ကို သတ္တဝါအများတို့ ကိုးကွယ်နိုင်ကြစေရန် မိမိတို့ နေရပ်အသီးသီးတို့၌ စေတီပြုပြင် တည်ထားကိုးကွယ်ကြကုန်သည်။

ဒိုးခမော့ခတွဲဂလိုင်တောင် ခေါ် ကျိုက်ထီးရိုးတောင်တွင် သီတင်းသုံးနေသည့် ဗုဒ္ဓဉာဏ ရသေ့ကြီးသည် ဘုရားရှင် ချီးမြှင့်သော ဆံတော်ကို မိမိ၏ဆံကျစ်၌ အမြဲထား၍ အလေးအမြတ်ပြု ကိုးကွယ်ခဲ့လေသည်။

မိတ်ဆွေရသေ့များ ဖြစ်ကြသော ဒိုးခလွန်တောင်နေ

www.burmeseclassic.com

ရသေ့ကြီးနှင့် ဒိုးကုသိနာရုံနေ ရသေ့တို့သည် အိုမင်းမစွမ်းရှိလာကြ၍ သေလွန်တော့မည်ဟု တွေးမိကြသည်။ သို့ဖြစ်၍ ဗုဒ္ဓဉာဏ ရသေ့ကြီးအား ခေါ်၍ မိမိတို့ရရှိထားကြသော ဆံတော်နှစ်ဆူကို အသီးသီး ပေးအပ်ကြကုန်သည်။ ဗုဒ္ဓဉာဏ ရသေ့ကြီးလည်း မိမိဆံတော်ဖြင့်ပေါင်း၍ မိမိဆံကျစ်၌ထားကာ တည်ထားကိုးကွယ်ခဲ့လေသည်။

မဟာသက္ကရာဇ်(၁၁၀)ခုနှစ်သို့ ရောက်သောအခါ ဗုဒ္ဓဉာဏ ရသေ့ကြီးမှာလည်း ဇရာဖိစီးနှိပ်စက်ခြင်းဒဏ်ကို ခံရပြန်သဖြင့် သေလွန်လိမ့်မည်ကို စိုးရိမ်မိပြန်သည်။ ဤသို့ ဗုဒ္ဓဉာဏရသေ့ကြီး ပူပန်သောကစိတ်ရောက်နေသည်ကို သိမြင်သော သိကြားမင်းသည် ရသေ့ကြီးထံလာလတ်၍ ဘုရားရှင်ဆံတော်မြတ်ကို အပေါင်းသတ္တဝါဝေနေယျတို့ ပူဇော်သက္ကာယပြုနိုင်ကြစိမ့်သောငှာ စေတီပြု ဌာပနာသွင်း ကိုးကွယ်ခြင်းပြုရန် တိုက်တွန်းပြောကြားလေသည်။ ဗုဒ္ဓဉာဏ ရသေ့ကြီးက မိမိဆံတော်ကို မိမိဦးခေါင်းနှင့်တူသော ကျောက်လုံးတွင် ဌာပနာသွင်း ပူဇော်လိုကြောင်း ပြန်ကြားလေ၏။

ထိုအခါ သိကြားမင်းသည် မဟာသမုဒ္ဒရာက ကျောက်လုံးများကို ယူဆောင်၍ ပြသသည့်အခါ မိမိဦးခေါင်းနှင့် အသွင်သဏ္ဍာန်တူသည့် တစ်ခုသောကျောက်တုံးကို ရွေးချယ်၍ စေတီပြု ဌာပနာရန် သဘောတူလေသည်။ မဟာသက္ကရာဇ်(၁၁၈)ခုနှစ် ဟေမန္တဆောင်းလအခါသမယတွင် သိကြားမင်းသည် ဌာပနာတိုက်ခန်းကို သန်လျက်ဖြင့် အနက်သုံးတောင် တစ်မိုက် ထွင်းဖောက်၍ ဘုရားရှင်ဆံတော်ကို ဌာပနာတော်မူလေသည်။

ဒိုးခမော့ခတွံဂလိုင်ဟူ၍ ခေါ်တွင်ခဲ့ရာ ဒိုးကားတောင်၊ ခမော့ကားကျောက်၊ ခတွံကားအလုံး၊ ဂလိုင်ကားပေါ်သည်။ မြန်မာဘာသာအားဖြင့် ကျောက်လုံးပေါ်သောတောင်ဟူ၍ အဓိပ္ပာယ်ဆောင်သည်။ ဗုဒ္ဓဉာဏ ရသေ့ကြီးဦးခေါင်းနှင့်တူသော ကျောက်တုံးတွင်ဆံတော်ကို ဌာပနာခဲ့ခြင်းဖြစ်၍ ရသေ့ရွက်ဘုရားဟု ခေါ်တွင်ခဲ့ကြပြန်သည်။

စေတီတော်သည် ကျိုက်ထိုမြို့မှမြောက်ဘက် (၁၆) မိုင်ကွာတွင် တည်ရှိပါသည်။ ယခုအခါ ကင်ပွန်းစခန်းမှ ဘုရားခြေတော်ရင်းအထိ ကားဖြင့် အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ပါသည်။ ယင်းစေတီတော်ကို မွန်ဘာသာဖြင့် ကျိုက်ဣသီယိုဟု ဘွဲ့အမည် ခေါ်ဝေါ်နေကြရာမှ မြန်မာဘာသာဖြင့် ကျိုက်ထီးရိုးဟု ခေါ်ဆိုခဲ့ကြကြောင်း သိရှိရပါသည်။

ယင်းကျောက်တုံးကြီးမှာ ရှေးအခါက အောက်ခံကျောက်တိုင် ကျောက်တုံးကြီးနှင့် ကြက်မတစ်ဝပ်စာခန့် လွတ်လျက်ရှိကြောင်း သမိုင်းစာတမ်းများ၌ ပြဆိုထားပါသည်။ ဤစေတီတော်မြတ်ကြီးကို ကောဇာသက္ကရာဇ် (၉၁၇)ခုနှစ်တွင် ပဲခူး၊ ဟံသာဝတီနန်းစံဘုရင့်နောင်မင်းတရားကြီးကိုယ်တော်တိုင် ရွှေထီးတော်တင်လှူခဲ့ကြောင်း၊ ကောဇာသက္ကရာဇ်(၁၀၃၁)ခုနှစ်တွင် အင်းဝရွှေနန်းစံပြည်မင်း၊ (၁၀၄၀)ပြည့်နှစ်တွင် အင်းဝဘုရင် မင်းရဲကျော်ထင်၊ (၁၀၆၂)ခုနှစ်တွင် အင်းဝဘုရင် စနေမင်းတို့ အသီးသီး ရွှေထီးတော်များ လှူခဲ့ကြောင်း သမိုင်းမှတ်တမ်းများ တွေ့ရှိရပါသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကတည်းက ရသေ့၊ သိကြား၊ သုဘိန္နဂရပြည့်ရှင် တိဿဓမ္မသီဟရာဇာမင်းကြီး တည်ထားခဲ့သော ကျိုက်ထီးရိုးစေတီတော်သည် နှစ်ပေါင်းများစွာ တောနက်ကြီးအတွင်း၌ တိမ်မြုပ်နေရာမှ ပထမစတင်တွေ့ရှိသူမှာ စစ်တောင်းမြို့ဝန် မင်းလှသခ်သူဖြစ်သည်။

စစ်တောင်းမြို့ဝန် မင်းလှသခ်သူသည် မြန်မာသက္ကရာဇ်(၁၁၈၅)ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမတိုင်မီ တစ်နှစ်အလိုတွင် ဆင်ကြော့ရန် တောလည်စဉ် အရှေ့ရိုးမ အပါအဝင် ပေါင်းလောင်းတောင်ထွတ်အစွန်း၌ ချောက်ထဲသို့ ကျလုတည်းကာ လူ့ဦးခေါင်းသဏ္ဍာန် ကျောက်တုံးကြီးပေါ်မှ သုံးတောင်မျှမြင့်သော စေတီတော်ကို ဖူးတွေ့ရလျှင် အံ့သြကြည်ညိုလှသဖြင့် ချိန္နယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းကာ စစ်တောင်းမြို့သို့ပြန်ပြီး မြို့သူမြို့သားများကိုခေါ်သြ၍ ဤစေတီတော်မြတ်ကြီးတည်ရှိရာ အရှေ့ရိုးမ ပေါင်းလောင်းတောင်သည် သုံးထောင့်ခြောက်ရာတစ်ဆယ့်ရှစ်ပေမြင့်၍ အသူရာနက်စောက်သော ကျောက်စွန်းထိပ်တွင် လုံးပတ်(၅၂)ပေ၊ အမြင့်(၁၈)ပေရှိ ဦးခေါင်းသဏ္ဍာန် ကျောက်လုံးကြီးအပေါ်တွင် မူလဉာဏ်တော် သုံးတောင်တစ်မိုက်ရှိ စေတီဖြစ်သော်လည်း (၁၁၈၅)ခုနှစ် ပြာသိုလတွင် စစ်တောင်းမြို့ဝန် မင်းလှသခ်သူမောင်နှံတို့က (၁၂)တောင်အထိမြှင့်၍ တည်တော်မူခဲ့သည်။

ဤကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းအံ့ဩဖွယ်ရာဖြစ်၍ အာရှတိုက်တွင်မက ကမ္ဘာအနှံ့သို့ပါ ထင်ရှားကျော်ကြားလျက် ရှိပါသည်။

ဘူမိဗေဒပညာရှင်များမှ ဘုရားစေတီ ဉာဏ်တော်သည် (၁၅)ပေရှိပြီး ကျောက်တုံးကြီးသည် အရောင်ဖျော့သည့် ရွှံ့စေ့ခန့် တွင်းထွက်ကျောက်များ ပါဝင်သည်။ ဂရက်နစ်ကျောက်(နှမ်းပတ်ကျောက်) အမျိုးအစားဖြင့် ဖွဲ့စည်းထားသည့် အလေးချိန် စေတီအပါအဝင် တန်(၆၀၀)ခန့် ရှိသည်ဟု ခန့်မှန်းထားကြပါသည်။ (ကျိုက်ထီးရိုး ဓါပက မှတ်တမ်းအရ)

သမိုင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်သင့်ပါသည်။ ကျိုက်ထီးရိုးစေတီတော်ကြီးကြောင့် နှမ်းသမျှ ပန်းသမျှ ကြေပျောက်ပြီး ပီတိတွေ ဖြစ်ရပါလိမ့်မည်။

ဆင်အသိန်း၊ မြင်းအသိန်း၊ ရထားအသိန်း၊ ကညာသတို့သမီး အသိန်း ခြံရံ၍တည်သော မင်းစည်းစိမ်သည် ဘုရားဖူးသွားသောသူ၏ ခြေတစ်လှမ်း၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်ကို (၁၆)ပုံပုံ၍ (၁)ပုံမျှကိုပင် မမီ။ (၁)ပုံလောက် အဖိုးမထိုက်။

ဘုရားဖူးသွားသည့်အတွက် ရရှိနိုင်သော အကျိုးတရားများကို အောက်ပါစာပိုဒ်ကလေးဖြင့် ဓမ္မလက်ဆောင် သလိုက်ရပါသည်။

ဘုရားသို့မှန်း ခြေတစ်လှမ်း၊
သိန်းသန်းမကထိုက်။
ဖူးသူလှူသူ၊ ပေးဝေသူ၊
နတ်လူဘုံသို့ဆိုက်။

ဘဏ်အရာရှိဟောင်းတစ်ဦး

**မှီငြမ်းစာ**

(၁) ဆုကေသမဟာစာတုဝင်၊
မဲလ်ဆံတော်ရှင်စေတီတော်မြတ်သမိုင်း
(မောင်စေတနာ)။

(၂) မြန်မာပြည်တန်ခိုးကြီးဘုရားများ၊ စက်တော်ရာများ၊ ကြည်ညိုဖွယ်ရာ ဆရာတော်များ၊
ဒေသန္တရဗဟုသုတများနှင့် ကျိုက်ထီးရိုးသမိုင်း
[မောင်စိုးထိုက်(သုံးဆယ်)]။




www.burmeseclassic.com



မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောနေသော
ရုပ်ပွားတော်များကို ဘုရားဖူးအဖွဲ့က ရှုကြည့်သကဲ့သို့ ဆင်ကာစဉ်တော်မူသည်

တွန်းအားရှင်

# ဗုဒ္ဓမြတ်စွာ ဓမ္မစကြာတရား ဟောကြားတော်မူခဲ့ရာ
# မိဂဒါဝုန် တောရဂုံ

ဗုဒ္ဓမြတ်စွာ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောကြားတော်မူခဲ့ရာ မိဂဒါဝုန်တောရဂုံသည် အိန္ဒိယနိုင်ငံ၊ ဥတ္တရာပရာဒေ့(ရှ်)ပြည်နယ်၊ ဗာရာဏသီမြို့မှ ခြောက်မိုင်ခန့် ကွာဝေးသော နေရာတွင် တည်ရှိသည်။

ရှေးသရောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုလတ်သော်ဟူသော စကားကို မြန်မာကလေးတိုင်း ကြားဖူးနေသဖြင့် မင်းမသိ ဗြဟ္မဒတ်၊ ပြည်မသိ ဗာရာဏသီဟု ဆိုစမှတ်ပြုကြသည်။ ထို့ကြောင့် ဗာရာဏသီဟူသော အမည်နာမမှာ လူတိုင်းနှင့် မစိမ်းကြပါ။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အစီအစဉ်ဖြင့် (၂၀၁၅)ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်မှ မြန်မာစံတော်ချိန် နံနက်(၁၀)နာရီ (၁၀)မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ရာ အိန္ဒိယနိုင်ငံ၊ ဂယာလေဆိပ်သို့ မွန်းလွဲ(၁၂)နာရီ (၁၀)မိနစ်အချိန်တွင် ရောက်ရှိသည်။ အိန္ဒိယစံတော်ချိန်မှာ (၁၁)နာရီ (၁၀)မိနစ်သာ ရှိသေးသည်။ မြန်မာစံတော်ချိန်ထက် တစ်နာရီနောက်ကျသည်။

ဂယာလေဆိပ်တွင် အသင့်စောင့်ကြိုနေသော ဘုရားဖူးကားကြီးဖြင့် တည်းခိုမည့်နေရာသို့

www.burmeseclassic.com

မိမိတို့ တည်းခိုမည့် ဘုန်းကြီးကျောင်းမှာ ဂယာလေဆိပ်နှင့် သိပ်မဝေးသဖြင့် ခဏလေးဖြင့်ပင် မြန်မာဘုန်းကြီးကျောင်းသို့ ရောက်ရှိသွားသည်။


မိမိတို့ ဘုရားဖူးအဖွဲ့မှာ မြန်မာဘုန်းကြီးကျောင်းတွင် နှစ်ညအိပ် တည်းခိုကာ ဗုဒ္ဓဂယာရှိ မြတ်စွာဘုရား သဗ္ဗညုတာရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့ရာ မဟာဗောဓိမဏ္ဍိုင်နှင့် သတ္တသတ္တာဟ ခုနစ်ဌာနနှင့် ဗုဒ္ဓဂယာအနီးတစ်ဝိုက်ရှိ မြတ်ဗုဒ္ဓအမွေအနှစ်များကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

မတ်လ (၁၀)ရက်နေ့၊ နံနက်(၅)နာရီခွဲတွင် နံနက်စာစားသောက်ကြပြီး (၆)နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဘုရားဖူးကားကြီးပေါ်သို့တက်ကာ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူခဲ့ရာ ဗာရာဏသီမြို့သို့ စတင်ခရီးဆက်ကြသည်။

တပေါင်းလ အိန္ဒိယနိုင်ငံ၏ နံနက်ခင်းရာသီဥတုကား အေးမြမြ။ နေ၍ထိုင်၍ အလွန်ပင် ကောင်းလှသည်။ ဗုဒ္ဓဂယာနှင့် ဗာရာဏသီမြို့မှာ (၁၅၇)မိုင်ကွာဝေးသည်။ ကားစထွက်သည်နှင့် ဘုရားဖူးများမှာ နမောတဿ သုံးကြိမ် ရွတ်ဖတ်ပူဇော်ပြီး ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များ၊ (၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာတော်များကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ကာ မေတ္တာပို့ အမျှအတန်းပေးဝေကြသည်။ လမ်းခရီးတစ်လျှောက် ရှုခင်းမြင်ကွင်း သစ်ပင်တို့က မြန်မာနိုင်ငံနှင့် သိပ်မခြားနား။ ဟိုင်းဝေးလမ်းမကြီးကလည်း ကောင်းသည်။ အသွားလမ်း၊ အပြန်လမ်းလုပ်ထားသည်။ အလယ်ကောင် လမ်းလယ်ကျွန်းမှာ ပန်းအလှပင်၊ ရွက်လှပင်များ စိုက်ထားသည်။ အပွင့်တွေက သိပ်မရှိ။ သူတို့နိုင်ငံ၌ ကားကို ဘယ်မောင်းစနစ် ဖြစ်သည်။ မိမိတို့ကားမှာ ဘယ်ဘက်မောင်းကြောတွင် ရှိသည်။

လမ်းဘေးမှာ တွေ့ရသော အဆောက်အအုံမှန်သမျှ အုတ်တိုက်များ ဖြစ်သည်။ မြေစိုက်တဲ၊ သက်ငယ်မိုး၊ ဓနိမိုးများ မတွေ့ရသော ရွာဝင် လမ်းထိပ်များတွင် မုခ်ဦးလုပ်ထားသည်ကို တွေ့ရသည်။ ကားလမ်းမှ ခပ်လှမ်းလှမ်းရှိ ရွာများဆီသို့ လှမ်းကြည့်လိုက်လျှင် အုတ်တိုက်များကိုသာ မြင်တွေ့ရသည်။ အိန္ဒိယနိုင်ငံမှာ ဆောက်လုပ်ရေးအတွက် အုတ်များ အလွယ်တကူ ဝယ်ရအောင် အုတ်များများ ထုတ်လုပ်ပေးဟန်တူပါသည်။ လမ်းဘေးတစ်လျှောက်မှာ အုတ်နှင့် ပြုလုပ်ထားသည့် မီးခိုးခေါင်းတိုင်ကြီးများကို နေရာတိုင်းမှာလိုလို မြင်တွေ့နေရသည်။ အရင်းကြီးပြီး အဖျားရှူးသွားသော ခေါင်းတိုင်မြင့်ကြီးများဖြစ်သည်။ အုတ်စက်များ ဖြစ်သည်။

သူတို့အိမ်များမှာ အုတ်နှင့်လုပ်ထားသော်လည်း သပ်ရပ်မှု အလွန်နည်းပါးသည်။ အိမ်များမှာ မပြီးသေးသည်နှင့်တူသလို အိုဟောင်းပြီး ပျက်နေသည်နှင့်လည်း တူပါသည်။ အိမ်တိုင်းပင် အမိုးပေါ်မှာ သံချောင်းများ ထိုးထိုးထောင်ထောင် တွေ့ရသည်။ အိမ်၏ ဘေးနှစ်ဖက်မှာလည်း အုတ်စီထားသည့်အတိုင်း ဖြစ်သည်။ အင်္ဂတေအချောကိုင်ထားခြင်း မရှိ။ တံခါးပေါက်များလည်း လုံးဝမရှိ။ လေဝင်ပေါက် လေထွက်ပေါက်ပင် မဖောက်သည်က များသည်။ တံခါးဖောက်လျှင် ကျည်းပေါင်ခွေရမည်။ တံခါးရွက် ထည့်ရမည်။ လုံခြုံရေးအတွက် အနည်းဆုံး သံတိုင်ထည့်ရမည်။ ထိုကိစ္စအားလုံးကို ချေတာပစ်လိုက်သည်။ ရှေ့မျက်နှာစာဘက်မှာသာ ဝင်ပေါက်တံခါး တစ်ခုနှင့် ပြတင်းပေါက်တစ်ခုလောက် ထားသည်။ အထဲမှာ လေဝင် လေထွက်လည်း မကောင်း၊ လှောင်ပိတ်မှောင်မည်းနေမည်။ သို့သော် သူတို့မှာ မြန်မာနိုင်ငံနှင့် မတူ



မြတ်စွာဘုရား အနတ္တလက္ခဏသုတ် ဟောကြားတော်မူခဲ့ရာ ဓမ္မေခစေတီရှေ့တွင် စာရေးသူနှင့် ဘုရားဖူးအဖွဲ့က အနတ္တလက္ခဏသုတ် ရွတ်ဖတ်ပူဇော်နေကြစဉ်

www.burmeseclassic.com

သည်က မြို့ရော တောပါ (၂၄)နာရီ လျှပ်စစ်မီးရသည်ဟု သိရသည်။ အတွင်းမှာ မီးထွန်းပေလိမ့်မည်။

မပြီးပြတ်သော အပေါ်ထပ်မှာ အဝတ်များ လှန်းထားသည်။ အချို့အိမ်များတွင် အပေါ်ထပ်မှ လှန်းထားသော ဆာရီအဝတ်သည် အောက်ထပ်အထိ ဝဲပျံနေသည်။ ကားလမ်းဘေးနီးသော အိမ်များကို လှမ်းကြည့်သောအခါ အိမ်ခန်းထဲမှာပင် နွားများ နေသည်ကိုလည်း တွေ့ရသည်။ နွားကို သူတို့က အလေးအမြတ်ထားသည်။ လူလည်းနေ နွားလည်း နေသည်။ မော်တော်ကားလမ်းလယ်ကျွန်းမှ ပန်းပင်များကိုလည်း နွားများတက်စားနေသည်။ မည်သူမျှ မောင်းမည့်သူ မရှိ။ နွားကို အလေးအနက်ထားသလို နွားချေးကိုလည်း တန်ဖိုးထားကြသည်။ အမှိုက်များကို ကောက်ယူပြီး နွားချေးနှင့် ရောနယ်၍ နွားချေးများ ပြုလုပ်ပြီး အခြောက်ခံလျှင် လောင်စာစွမ်းအင် ဖြစ်သည်ကို သိကြသည်။ တိုက်အိမ်များ၏ နံရံများတွင် နွားချေးအမြောက်အမြား ကပ်ထားသည်။ အိမ်ရှင်မများ လက်စွမ်းပြထားကြသည်။ လက်ဝါးရာ ထင်နေသော နွားချေးပြားများနှင့် အိမ်နံရံတွင် အလှဆင်ထားကြသည်။ အမှန်တော့ အရုပ်ဆိုးဆင်ထားခြင်း ဖြစ်သည်။ သစ်ပင်များမှာလည်း ကပ်ထားသည်။ အုတ်တံတိုင်းများတွင်လည်း နွားချေးလက်ရာနှင့်။ ရွာများမှာမက မြို့ကြီးများမှာလည်း နွားချေးလက်ရာနှင့်။

လမ်းဘေး နေရာတိုင်းမှာ ခေတ်ဆီဆိုင်ကြီးများကိုလည်း တွေ့ရသည်။ အဝေးပြေးလမ်းမကြီးတစ်လျှောက်မှာ ကားအသွားအလာလည်း အလွန်များသည်။ သို့သော် ကုန်တင်ကားကြီး များသည်။ ခရီးသွားရာတွင် မီးရထားကို အစီးများကြသည်။ ကုန်တင်ကားကြီးများမှာလည်း မိန်းမဟူ၍ တစ်ယောက်တလေပင် ပါသည်ကို မတွေ့ရ။ လမ်းတစ်လျှောက် မြင်တွေ့ရသည်မှာ နေရာတိုင်းမှာ သံချောင်းထိုးထိုးထောင်ထောင်နှင့် မပြီးပြတ်သေးသော အိမ်များ၊ နွားချေးခြောက် လက်ရာများ၊ အုတ်စက်မီးဖိုခေါင်းတိုင်များနှင့် ခေတ်ဆီဆိုင်များ ဖြစ်သည်။

မိမိတို့ကားမှာ နံနက်(၆)နာရီက စပြီး ဗုဒ္ဓဂယာမှ စတင်ထွက်ခွာလာခဲ့ရာ ယခုအခါ နံနက်(၁၁)နာရီထိုးရန် နီးနေပြီ။ ရှေ့တူရူမှာ မြစ်ကြီးတစ်ခုကို တွေ့မြင်ရသည်။ ဒါနဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့မှ ဦးဇာနည်က ရှေ့မှာ မြင်တွေ့နေရတာ ဂင်္ဂါမြစ်ကြီး ဖြစ်ပါတယ်ခင်ဗျားဟု ပြောလိုက်သဖြင့် ဘုရားဖူးများအားလုံးမှာ ဂင်္ဂါမြစ်ပြင်ကို စိတ်ဝင်တစား ကြည့်ရှုနေကြသည်။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားများ ဝမ်းသမုဒ္ဒရာ အူဂင်္ဂါ၊ ယမုံနာ၊ မဟီ၊ အစိရဝတီ၊ သရဘူဟူသော မြစ်ကြီးငါးသွယ် စသော စကားများကို ငယ်စဉ်ကတည်းက ကြားဖူးနေခဲ့သည်။ မြင်ချင်သော အထင်ကြီးခဲ့သော မြစ်ကြီး၊ အထင်ကြီးသည့်အတိုင်းလည်း ကြီးကျယ်သော မြစ်ကြီးတစ်စင်း ဖြစ်သည်။

ဂင်္ဂါမြစ်ကို ဖြတ်ကျော်ပြီးသည်နှင့် ဗာရာဏသီမြို့သို့ ရောက်သည်။ ဗာရာဏသီမြို့မှာ အလွန်စည်ကားသည်။ ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ လူတွေ ကြိတ်ကြိတ်တိုး စည်ကားလှသည်။ အဆောက်အအုံများမှာတော့ လမ်းတစ်လျှောက် မြင်တွေ့ခဲ့ရသည့်အတိုင်း ဘာမျှမထူး၊ မပြီးမပြတ်။ ညစ်ညစ်ပေပေ ဘေးနှစ်ဖက်မှာ အပေါက် မရှိ။ အုတ်ကြမ်းနံရံ ဖြစ်သည်။ ပြီးစီးအောင် ဆောက်ထားပြီး ဆေးသုတ်ထားသည့် အဆောက်အအုံဟု စိတ်ဝင်တစားကြည့်မိရာ အိမ်မဟုတ်၊




မြတ်စွာဘုရား အနတ္တလက္ခဏသုတ် ဟောကြားတော်မူခဲ့ရာ ဓမ္မေစေတီရှေ့တွင် စာရေးသူနှင့် ဘုရားဖူးအဖွဲ့ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာမဟာဗောဓိကျောင်းရှိ မဟာဗောဓိစေတီတော်ရှေ့တွင် စာရေးသူနှင့် ဘုရားဖူးအဖွဲ့ အမှတ်တရ

အစိုးရအဆောက်အအုံဖြစ်သော စာသင်ကျောင်းတို့၊ ဌာနဆိုင်ရာရုံးတို့သာ ဖြစ်နေသည်။ လမ်းဘေးတွင် အမှိုက်ပုံများ၊ ပေါင်းပင်၊ ချုံနွယ်ပင်များနှင့် ညစ်ပတ်နေသည်။ အပေါ့သွားသူများကလည်း လမ်းဘေးမှာ မတ်တတ်ရပ်လျက် မကြာခဏ မြင်တွေ့နေရသည်။ အလေးထိုင်သူများကိုပင် မြင်ရ တွေ့ရသည်။ သူတို့နိုင်ငံမှာ အိမ်သာ အလွန်ရှားသည်။ သူတို့နှင့် ယှဉ်လိုက်လျှင် ကိုယ့်မြန်မာနိုင်ငံ၏ သန့်ရှင်းသပ်ရပ်မှုက သူတို့ထက် အလွန်သာပေသည်ဟု တွေးမိသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့မှာ ဗာရာဏသီမြို့ရှိ ဆေးဝကံပါ မြန်မာကျောင်းတွင် သွားရောက်တည်းခိုကြသည်။ နေ့လယ်စာကို ထိုကျောင်းတွင် စားသောက်ကြပြီး ခဏတာ အနားယူကြသည်။ မွန်းလွဲ(၂)နာရီတွင် မိဂဒါဝုန်တောရဂုံသို့ ခရီးဆက်ကြသည်။ မိဂဒါဝုန်သည် နိုင်ငံတကာမှ ဗုဒ္ဓဘာသာဘုရားဖူးများ အထွတ်အမြတ် လာရောက်ကြသော နေရာဖြစ်သည်။ လမ်းများ၊ ပန်းခြံများ၊ သစ်ပင်၊ အလှပင်များနှင့် သာယာလှပအောင် ဖန်တီးပြုပြင်ထားသည်မှာ စိတ်ချမ်းသာစရာ ရှေးဟောင်းယဉ်ကျေးမှုဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု သိရသည်။ မိဂဒါဝုန်ဟူသည်မှာ သားသမင်တို့ကို ဘေးမဲ့ပေးရာတောဟု ဆိုသည်။ ဘုရားလောင်း နိဂြောဓရွှေသမင်ကို အကြောင်းပြု၍ ဗာရာဏသီမင်းက သမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဒေသဟု ဆိုကြသည်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဇမ္ဗူဒီပါကျွန်းကြီးအချက်အချာ မဟာဗောဓိ၊ သီရိမြူဗော၊ ပလ္လင်ဗွေ၌ လေးထွေသော သစ္စာတရားတို့ကို ကောင်းစွာသိမြင်၍ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဘုရားအဖြစ်သို့ ရောက်ရှိပြီးသော် မိမိကိုယ်တော်တိုင် ထိုးထွင်းသိမြင်အပ်ပြီးသောတရားကို ဆင်ခြင်သောအခါ အလွန်နက်နဲကြောင်းကို သိရှိသည်။ ဤနက်နဲသော တရားတော်ကို ကိလေသာမြူညစ်ကြေးထူကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား ဟောကြားပါက ပင်ပန်းရုံသာ ရှိချေမည်ဟု ကြံစည်တော်မူသည်။ ထိုသို့ကြံစည်တော်မူသည်ကို သဟမ္ပတိဗြဟ္မာကြီးက သိတော်မူလေသည်။ ထိုအခါ သဟမ္ပတိဗြဟ္မာကြီးသည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သိမြင်၍ လေးနက်သော ဓမ္မစက်ဒေသနာတို့ကို ဟောကြားတော်မမူပါက အများသတ္တဝါတို့ အရှုံးကြီး ရှုံးကြလိမ့်မည်ဟု ဟစ်ကြွေးညည်းညူကာ မြတ်စွာဘုရားအား သတ္တဝါအပေါင်းတို့ကို အပါယ်တံခါးပိတ်စေခြင်းငှာ လောကတစ်ခွင် ကျွတ်ထိုက်သူတို့ ကျွတ်တမ်းဝင်စိမ့်သောငှာ တရားဟောတော်မူရန် တောင်းပန်လျှောက်ထား၏။

သဟမ္ပတိဗြဟ္မာကြီး လျှောက်ထားသောအခါတွင်မှ မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာမင်းအား ငါဘုရား တရားဟောတော့မည်ဟု ပဋိညာဉ်ပေးတော်မူသည်။ ထိုသို့ ပဋိညာဉ်ပေးပြီးနောက် မြတ်စွာဘုရားသည် မည်သူ့အား ရှေးဦးစွာ တရားဟောရလေမည်နည်းဟု စဉ်းစားတော်မူသည်။ ထိုအခါ အာဠာရ ရသေ့ကို ဆင်ခြင်တော်မူမိ၏။ သို့သော် အာဠာရ ရသေ့ ကွယ်လွန်သည်မှာ (၇)ရက်ရှိခဲ့ပြီး နောက်တစ်ဦးဖြစ်သော ဥဒကရသေ့ကို ဆင်ခြင်မိရာတွင်လည်း ဥဒကရသေ့သည် ယမန်နေ့ ညဉ့်သန်းခေါင်ယံမှာ ကွယ်လွန်သွားပြီကို သိမြင်တော်မူလေသည်။ ထို့နောက် တရားဟောရအံ့သောသူကို ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူခဲ့ရာ ဓမ္မရာဇိကာဇေတီနေရာ

သော် တင်ပေဖူးသော ကျေးဇူးရှိသည့် ပဉ္စဝဂ္ဂီ(၅)ဦးကို မြင်တော်မူ၏။ ထိုအချိန်တွင် ပဉ္စဝဂ္ဂီ(၅)ဦးတို့သည် မိဂဒါဝုန်တောကြီး အတွင်း၌ တရားထူး တရားမြတ်ကို ရှာဖွေနေဆဲဖြစ်သည်။ မြတ်စွာဘုရားသည် မိမိ၏ စိတ်အကြံရှိသည်နှင့်အညီ ဗုဒ္ဓဂယာမှ ဗာရာဏသီအနီးရှိ မိဂဒါဝုန်တောကြီးသို့ ကြွလှမ်းတော်မူလေသည်။

ပဉ္စဝဂ္ဂီ(၅)ဦးတို့သည်လည်း ရဟန်းဂေါတမသည် ဘုရားအဖြစ်သို့ မရောက်ရှိနိုင်တော့သဖြင့် ဒုက္ကရစရိယာအကျင့်မှထွက်၍ ဆွမ်း၊ သင်္ကန်း ပေါများအောင် မြို့ရွာနိဂုံးအရပ်သို့ လှည့်လည်နေပြီဟု သတင်းစကား ကြားရ၏။ ထို့ကြောင့် အရှင်ဂေါတမ မိဂဒါဝုန်သို့ ရောက်ရှိလာပါက ဝတ်ကြီး,ဝတ်ငယ် မပြုကြတော့ရန် ကတိကဝတ်ပြုရင်းနေကြ၏။ သို့သော် ပဉ္စဝဂ္ဂီ(၅)ဦးတို့သည် မြတ်စွာဘုရားကြွလာတော်မူသောအခါ ကတိကို အတည်မထားနိုင်တော့ဘဲ မြတ်စွာဘုရားအား ဝတ်ကြီး,ဝတ်ငယ်ပြု၍ ကြိုဆိုကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ(၅)ဦးတို့အား မိမိမှာ ဘုရားအဖြစ်သို့ရောက်ရှိ၍ အလုံးစုံသောတရားအပေါင်းတို့ကို သိခဲ့ပြီးဖြစ်သောကြောင့် တရားဟောရန် ရောက်လာကြောင်းနှင့် ရိုသေစွာ တရားနာကြရန် မိန့်ကြားတော်မူသည်။

ပဉ္စဝဂ္ဂီတို့က 'ငါ့ရှင်ဂေါတမ..သင်သည် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကျင့်၍မျှ ဘုရားဖြစ်တော်မမူ။ ယခုမူကား ဆွမ်း၊ သင်္ကန်း၊ ကျောင်း စသည်တို့အတွက် လှည့်လည်လျက် မဂ်ဖိုလ်ချမ်းသာကို အဘယ်မှာ ရနိုင်အံ့နည်း' ဟု မယုံကြည်ကြောင်း သုံးကြိမ်တိုင် ပယ်ရှားကြသည်။

မြတ်စွာဘုရားက ဥရုဝေလတောတွင် ဒုက္ကရစရိယာကျင့်စဉ်က မရသေးသော တရားကိုရပြီး မသိသေးသည်ကို သိပြီဟု ဝါကြွားပြောဆိုခဲ့ခြင်းရှိ,မရှိ မေးတော်မူမှ မရှိခဲ့သည်ကို သတိရ၍ ပဉ္စဝဂ္ဂီငါးဦးတို့မှာ တရားတော်ကို ရိုသေစွာ နာကြားကြလေသည်။

ထိုနေ့သည်ကား မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ ညနေ နေဝင် လထွက် ဓမ္မစက်ဆိုသည့် စကားနှင့်အညီ အနောက်အရပ်၌ နေလုံးကြီးတစ်ခြမ်း နစ်မြုပ်ဝင်နေ၍ အရှေ့အရပ်၌ လပြည့်ဝန်းတစ်ခြမ်း ထွက်ပြူစအချိန်ဖြစ်ရာ မိဂဒါဝုန်တောရဂုံကို ရွှေရည် ငွေရည် သွန်းဖြိုးနေသောအချိန်၊ ဂင်္ဂါမြစ်ရေပြင်မှာလည်း နေရောင်၊ လရောင်တို့ ဖောက်ပဝင်းလက်နေသောအချိန်၊ သာယာလှပသော ညနေဆည်းဆာအချိန် ဖြစ်သည်။

ထိုအချိန်တွင် မြတ်ဗုဒ္ဓသည် လောကသုံးပါးမှ လွတ်မြောက်ရာ ပထမဆုံး၊ အဦးဆုံး၊ အစောဆုံး တရားဦး ဓမ္မစကြာကို ဟောတော်မူလေသည်။ ထိုတရားပွဲသို့ စကြဝဠာတိုက်တစ်သောင်းမှ ဗြဟ္မာပေါင်း(၁၈)ကုဋေ၊ နတ်အပေါင်းအသင်္ချေတို့ လာရောက်တရားနာကြ၍ ထိုတရားပွဲတွင် လူပရိသတ်ဟူ၍ ပဉ္စဝဂ္ဂီငါးဦးသာလျှင် ပါဝင်သည်။

မြတ်စွာဘုရားက တရားဦးဟောရာတွင်-

'ချစ်သားတို့..မှားယွင်းသော အစွန်းတရား နှစ်ပါးသည် ရှိ၏။ ထိုတရားနှစ်ပါးကို မမှီဝဲအပ်၊ ထိုအစွန်းတရား နှစ်ပါးကို ရှောင်အပ်၏။

ထိုအစွန်းတရား နှစ်ပါးသည်ကား-

(၁) ကာမဂုဏ်ချမ်းသာကို အလွန်အကျူး ခံစားသော ကာမသုခလ္လိကာအကျင့်၊

(၂) မိမိခန္ဓာကိုယ်ကို အလွန်အမင်း နှိပ်စက်ပြီး ကိလေသာ ကင်းဝေးအောင်ကျင့်သော အတ္တကိလမထအကျင့်။

ကာမဂုဏ်ချမ်းသာကို အလွန်အကျူး ခံစားသော

www.burmeseclassic.com

ကာမသုခလ္လိကာအကျင့် ဟူသည်ကား တဏှာကို တင်းတိမ်စွာ မခံစားသည့်အတွက် တဏှာစိတ်သည် အမြဲမပြတ် ငတ်၍သာနေ၏။ ထို့ကြောင့် တဏှာစိတ်ကို အတားအဆီးမရှိ ဝလင်စွာ၊ နှစ်ထောင်းအားရစွာ၊ တင်းတိမ်အောင် ခံစားပါက တဏှာအပေါ် အားရတင်းတိမ်ခြင်းသည်ဖြစ်၍ တစ်ဖန်သာယာတပ်မက်ခြင်း မရှိတော့။ ထို့ကြောင့် ကာမဂုဏ်ကို အတိုင်းအဆမရှိ ဝလင်အောင် လိုက်စားရမည်ဟူသော လမ်းကြောင်းသည် အစွန်းတရား တစ်ပါး ဖြစ်သည်။

မိမိကိုယ်ကို အလွန်အမင်းနှိပ်စက်ပြီး ကိလေသာကင်းအောင်ကျင့်သော အတ္တကိလမထအကျင့် ဟူသည်ကား တဏှာကုန်ခန်းမှ ဖြစ်ချေမည်။ တဏှာကုန်ခန်းအောင် မိမိကိုယ်မိမိ ပင်ပန်းဆင်းရဲအောင်ပြု၍ ရေငုပ်၊ ရေချိုး၊ ရေကူး၊ မီးလှုံ၊ ဆူး၊ ဓားလုံတို့အပေါ် အိပ်ကာ အာဟာရဖြတ်၍ ပြာပူတွင် လူးခြင်းဖြင့် ဖြစ်ပေါ်လာသော ဒုက္ခကြောင့် တဏှာကို မစဉ်းစား မတွေးတောနိုင်အောင် မိမိခန္ဓာကိုယ်ကို ညှဉ်းဆဲခြင်းဖြင့် တဏှာပေါ်ခွင့်မရဘဲ ကိလေသာတဏှာသည် ကုန်ခန်းခြင်းဘဝသို့ ရောက်သည်ဟူသော အစွန်းတရားတစ်ပါး ဖြစ်သည်။

ထိုအစွန်းတရား နှစ်ပါးတို့သည် အယုတ်တရားများဖြစ်သည်။ ထိုတရားများသည် ကာမဂုဏ်ကိုလည်း မဖြတ်နိုင်၊ သံသရာမှလည်း မလွတ်နိုင်။ ထိုတရားများသည် သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားမဟုတ်၊ သံသရာတွင် နစ်မြုပ်ရာ နစ်မြုပ်ကြောင်းတရား ဖြစ်၏။ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း မှန်ကန်သော လမ်းကြောင်းသည် ရှိ၏။ ထိုမှန်ကန်သော လမ်းကြောင်းကား မဂ္ဂင်ရှစ်ပါး ဖြစ်၏။

မဂ္ဂင်(၈)ပါးဟူသည်-

(၁) သမ္မာဒိဋ္ဌိ = ကောင်းစွာမြင်ခြင်း၊

(၂) သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်ခြင်း၊

(၃) သမ္မာဝါစာ = ကောင်းစွာပြောဆိုခြင်း၊

(၄) သမ္မာကမ္မန္တ = ကောင်းစွာပြုလုပ်ခြင်း၊

(၅) သမ္မာအာဇီဝ = ကောင်းစွာအသက်မွေးခြင်း၊

(၆) သမ္မာဝါယာမ = ကောင်းစွာအားထုတ်ခြင်း၊

(၇) သမ္မာသတိ = ကောင်းစွာအောက်မေ့ခြင်း၊

(၈) သမ္မာသမာဓိ = ကောင်းစွာတည်ကြည်ခြင်း။

ဤရှစ်ပါးသော မဂ္ဂင်တရားတို့သည် အစွန်းတရားနှစ်ပါးကို လွတ်ကင်းစေ၍ ဉာဏ်မျက်စိကို ပွင့်လင်းစေ၏။ ကိလေသာမီးကို အေးစေ၏။ သံသရာဝဋ်ဆင်းရဲမှ ချုပ်ငြိမ်းစေ၏။ ဤအစွန်းလွတ်သော လမ်းစဉ်ကို မဇ္ဈိမပဋိပဒါဟု ခေါ်ဆို၏။ မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ ကောင်းစွာမြင်ခြင်းနှင့် ကောင်းစွာကြံစည်ခြင်းကို ပညာသည် ထိန်းကျောင်းသောကြောင့် ပညာမဂ္ဂင်နှစ်ပါးဟု ခေါ်၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်သုံးပါးကို သီလမဂ္ဂင် သုံးပါးဟု ခေါ်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်သုံးပါးကို သမာဓိမဂ္ဂင် သုံးပါးဟုခေါ်၏။ သီလ၊ သမာဓိ၊ ပညာတွင် သတိသည် အချုပ်ဖြစ်၏။

ဆက်လက်ပြီး ဘုရားရှင်က ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါး မြတ်တရားကို ဟောတော်မူသည်။ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူနှင့်



မြတ်စွာဘုရားအား ပဉ္စဝဂ္ဂီငါးဦးတို့ ကြိုဆိုခဲ့သည့် ရောက်ကန္တိစေတီတော်ရှေ့တွင် စာရေးသူနှင့် ဘုရားဖူးအဖွဲ့တချို့

ပေါင်းဖော်ရခြင်းတို့သည် ဒုက္ခသစ္စာမည်၏'ဟု ဟော တော်မူပါသည်။

သမုဒယသစ္စာဟူသည်ကား တွယ်တာမှုတဏှာပင် တည်း။ မိမိခန္ဓာကိုယ်ကြီးကို တွယ်တာနေခြင်း၊ မိမိ၏ အိုးအိမ်စည်းစိမ်နှင့် သားမယားတို့အပေါ်တွင် တွယ်တာနေ ခြင်းသည် သမုဒယသစ္စာ မည်၏။ ဒုက္ခသစ္စာနှင့် သမု ဒယသစ္စာ နှစ်ပါးတွင် သမုဒယတဏှာသည် ဒုက္ခဖြစ် ဖို့ အကြောင်းတည်း။ ဒုက္ခဟူသမျှသည် တဏှာအရင်းခံ၍ ဖြစ်ရသော အကျိုးတရားပင်တည်း။ အကြောင်းဖြစ်သော သမုဒယတဏှာ ချုပ်ငြိမ်းလျှင် အကျိုးဖြစ်သော ဒုက္ခ အားလုံးလည်း ချုပ်ငြိမ်းရမည်ပင်။

ကမ္မဋ္ဌာန်းတရားကို အားထုတ်သော သူတို့သည် နိရောဓမည်သော နိဗ္ဗာန်ကို ဉာဏ်မျက်စိဖြင့် အထင် အရှား မြင်နိုင်သည်။ ပထမအကြိမ် မြင်ထိုက်လျှင် သော တာပန်ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ သန္တာန်မှ သက္ကာယဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးစလုံး ကင်းကွာသွားကြ၏။ ဆက်လက် ၍ အားထုတ်လျှင် ဒုတိယအကြိမ် နိဗ္ဗာန်တရားကို မြင် သည်နှင့် ကာမတဏှာ အလွန်ပင်နည်းသွားပြီး တတိယ အကြိမ် မြင်လျှင်မူ အနာဂါမ်အဖြစ်သို့ရောက်ပြီး ကာမ တဏှာအားလုံး ကုန်ဆုံးသွားပြီ။ သို့သော် ဘဝကို နှစ် သက်နေသေးသဖြင့် ဘဝတဏှာ တစ်မျိုးကား ကျန်ရစ် နေသေး၏။ စတုတ္ထအကြိမ်မြင်လျှင်မူ ရဟန္တာဖြစ်ပြီး ဘဝ တဏှာကို မနှစ်သက်တော့ဘဲ တဏှာအားလုံး ကုန်ဆုံး လေတော့သည်။ တဏှာအားလုံး ကုန်ဆုံးရာကို နိရောဓ သစ္စာဟု ခေါ်သည်။

'ချစ်သားတို့..မဂ္ဂသစ္စာကား မြတ်စွာဘုရား ဟော ကြားခဲ့ပြီးသည့် မဂ္ဂင်ရှစ်ပါးတည်း။ မဂ္ဂင်ရှစ်ပါးကို ကိုယ် တိုင် ကောင်းစွာကျင့်ကြံ အားထုတ်မှသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေလိမ့်မည်။

မြတ်စွာဘုရားသည် ဓမ္မစကြာဒေသနာတော်ကို ထို နေ့ ညဉ့်ပထမယံ အဆုံးနှင့် မဇ္ဈိမယံ အစမှာ ပြီးဆုံး သည်။ ဒေသနာတော်အဆုံးမှာ အရှင်ကောဏ္ဍည သော တာပတ္တိဖိုလ်မှာ တည်သည်။ စကြဝဠာတိုက်တစ်သောင်း မှ နတ်ဗြဟ္မာ(၁၈)ကုဋေလည်း အကျွတ်တရား ရကြလေ သည်။ ဘုရားရှင်သည် မိဂဒါဝုန်တောထဲတွင် ဝါကပ် တော်မူပြီး ဓမ္မစကြာဒေသနာတော်ကို အကျယ်တစ်ဖန် ဟောတော်မူပြန်သည်။ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှာ အရှင်ဝပ္ပ၊ (၂)ရက်နေ့မှာ အရှင်ဘဒ္ဒိယ၊ (၃)ရက်နေ့မှာ အရှင်မဟာနာမ်၊ (၄)ရက်နေ့မှာ အရှင်အဿဇိ အသီးသီး သောတာပတ္တိဖိုလ်သို့ ရောက်သွားကြပြီး ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ကြသည်။ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် အနတ္တလက္ခဏာသုတ် တရားတော်ကို ဟောတော်မူသောအခါ ပဉ္စဝဂ္ဂီ(၅)ပါးတို့မှာ ရဟန္တာအဖြစ် သို့ ရောက်တော်မူကြသည်။

မိဂဒါဝုန်သည် မြတ်စွာဘုရား ပထမဝါ ကပ်တော် မူရာနေရာ ဖြစ်သကဲ့သို့ ပဉ္စဝဂ္ဂီ(၅)ဦး ရဟန္တာဖြစ်တော်မူခဲ့ သောနေရာ၊ ယသသူဌေးသားနှင့် သူငယ်ချင်း(၅၄)ဦးတို့ ရဟန္တာဖြစ်ခဲ့သော နေရာလည်း ဖြစ်သည်။ ရတနာသုံးပါး စတင်ပေါ်ထွန်းရာ နေရာလည်း ဖြစ်သည်။ ထို့ကြောင့် သာသနာ အစ မိဂဒါယဟု ဆိုကြသည်။ မြတ်စွာဘုရားသည် ပထမဝါတွင် ရဟန္တာအပါး(၆၀)ကို စုဆောင်း ရရှိ၍ ဝါကျွတ်သည်နှင့် အရပ် လေးမျက်နှာသို့ သာသနာပြု စေ လွှတ်တော်မူခဲ့သည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့ သည် မြတ်စွာဘုရား ဓမ္မစကြာ တရား ဟောကြားတော်မူခဲ့ရာ ဓမ္မ ရာဇိကစေတီ တည်ရှိရာ နေရာ



ဗုဒ္ဓဂယာရှိ မြတ်စွာဘုရား ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ရာ ဉရုဝေလတောသို့ ဘုရားဖူးအချို့ အထမ်းသမားများနှင့် တက်ကြစဉ်

www.burmeseclassic.com



[illegible] မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူခဲ့ရာ ဓမ္မရာဇိကစေတီတော်မြတ်အကြောင်း ရှင်းလင်းပြောကြားစဉ်

သို့ ရောက်ရှိကြသည်။ အမှတ်သင်္ကေတမျှသာ ရှိတော့သည်။ စေတီတော်အထည်ဒြပ်ကား မတွေ့ရှိရပေ။ တည်ရှိခဲ့သော စေတီတော်ကြီးကို ဒေသခံလူမျိုးများ ဖြိုဖျက်ကာ စေတီတော်ကြီးမှ အုတ်များ၊ ကျောက်များကို ယူငင်ပြီး အခြားနေရာများတွင် သူတို့လိုအပ်ရာရာများအတွက် သုံးစွဲခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများ တွေ့ရသည်။ ထိုနေရာတွင် ယခုအခါ အုတ်ဖြင့် သုံးပေခန့်မြင့်ပြီး အုတ်စီထားသော အတော်ပင် ကျယ်ပြန့်သည့် အဝိုင်းပုံသဏ္ဌာန် ပြုလုပ်ထားသည်ကို တွေ့ရှိရသည်။

စာရေးသူတို့မှာ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူခဲ့ရာ ဤနေရာမှာ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြသည်။ ထို့နောက် မိမိတို့နှင့်အတူ လိုက်ပါလာသော ဆေးဝင်္ကပါ မြန်မာကျောင်းမှ ဆရာတော် ဦးမဏ္ဍလထံမှ ငါးပါးသီလခံယူကာ ဘုရားရှင်ကို အာရုံပြုလျက် ဓမ္မစကြာသုတ်တော်ကို ညီညာစွာ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် မိဂဒါဝုန်အာရာမ်အတွင်းရှိ အနတ္တလက္ခဏာသုတ် ဟောကြားတော်မူခဲ့ရာ ဓမ္မေခစေတီတော်၊ မြတ်စွာဘုရားရှင် ပထမဝါကပ်တော်မူရာ နန္ဒိယကျောင်းတော်ရာ၊ အသောကမင်းကြီး၏ ကျောက်စာတိုင်၊ မူလဂန္ဓကုဋီတိုက်၊ မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးတို့နှင့် တွေ့ဆုံရာ ချောက်ကန္ဒီစေတီတော်၊ မိဂဒါဝုန်ပြတိုက်နှင့် မြန်မာနိုင်ငံမှ လှူဒါန်းထားသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားရာ နေရာတို့ကို သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

အနတ္တလက္ခဏာသုတ် ဟောကြားတော်မူခဲ့ရာ ဓမ္မေခစေတီတော်မြတ်ကြီးမှာ ဘာသာခြား၊ လူမျိုးခြားတို့ ဖျက်ဆီးကြသည့်တိုင် များစွာပျက်စီးခြင်းမရှိဘဲ နည်းနည်းပါးပါးသာ ပျက်စီးခဲ့ပြီး မူလအတိုင်း အကောင်းပကတိအနေအထားနီးနီး တည်ရှိနေသော စေတီတော်ကြီး ဖြစ်သည်။ ယင်းစေတီတော်ကြီးသည် အသောကမင်းကြီး၏ ကောင်းမှုတော်ဖြစ်ပြီး ဉာဏ်တော်အမြင့်(၁၀၄)ပေရှိသည်။

စာရေးသူတို့သည် ဓမ္မေခစေတီအနီးတွင်ထိုင်ကာ အနတ္တလက္ခဏာသုတ်တော်ကို ရွတ်ဖတ်ပူဇော်၍ မေတ္တာပို့ အမျှအတန်းပေးဝေကြသည်။ ထို့နောက် ဘုရားဖူးများ စုပေါင်း၍ ဓမ္မေခစေတီတော်ကို နောက်ခံထားကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြတ်စွာဘုရား ပထမဝါကပ်တော်မူရာ နန္ဒိယကျောင်းတော်ကို ဖူးတွေ့လေ့လာရသောအခါ ပိဋကတ်ကျမ်း စာပေများတွင် ဖတ်ရှုခဲ့ရဖူးသော နန္ဒိယသူဌေးအကြောင်း တစ်စိတ်တစ်ဒေသကို မှန်းဆမြင်ယောင်လာမိပါသည်။

နန္ဒိယသူဌေးသည် သူ၏ ကုသိုလ်ကောင်းမှု ကံတရားကြောင့် မသေခင်ကပင် နတ်ဘုံဗိမာန်ပေါက်နေကြောင်း ဗုဒ္ဓစာပေ ကျမ်းဂန်များတွင် ဖတ်ရှုရသည်ကို သတိရမိသည်။ ယခု စာရေးသူတို့ဖူးတွေ့နေရသော နန္ဒိယကျောင်းတော်ရာကား မြတ်စွာဘုရားအား ထိုနန္ဒိယသူဌေး ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်နေရာ ဖြစ်သည်။

ချောက်ကန္ဒီစေတီမှာ ဗုဒ္ဓဘုရားရှင် ဘုရားဖြစ်ပြီးစတွင် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရန် ဘုရားရှင်ကြွလာသည်ကိုမြင်လျှင် ခရီးဦးမကြိုကြစတမ်းဟု ဆိုကာ မာန်တင်း၍ နေခဲ့ကြရာ ဗုဒ္ဓဘုရားရှင်၏ ပါရမီတော်၊ မေတ္တာတော် အနန္တကြောင့် ပဉ္စဝဂ္ဂီတို့သည် ကတိအတိုင်း မာန်တင်းမခံနိုင်ကြဘဲ ဘုရားရှင်အား အသီးသီး ခရီးဦးကြိုဆိုခဲ့ကြသော နေရာဖြစ်သည်။ ယင်းစေတီတော်မှာ

www.burmeseclassic.com

မိဂဒါဝုန် မရောက်မီ ကြက်လျှာစွန်းသဏ္ဌာန် လမ်းဆုံ လမ်းခွနှင့် ဆက်သွယ်ရာ အသောကလမ်းမကြီး နံဘေးတွင် တည်ရှိသည်။

မြန်မာပြည်မှ လှူဒါန်းထားသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားရာ နေရာတွင် မိမိတို့ ဘုရားဖူးအဖွဲ့က ရန်ကုန်မြို့မှ စုပေါင်းဝယ်ယူလာသော ရွှေကြာသင်္ကန်းများကို ဆက်ကပ်ပူဇော်ကာ ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူနေဟန် ရုပ်ပွားတော်ကြီးမှာ ခံ့ညားသပ္ပာယ်၍ ကြည်ညိုဖွယ်အတိဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဓမ္မစကြာတရား ဟောကြားတော်မူနေစဉ် ပဉ္စဝဂ္ဂီငါးဦးတို့က တရားတော်ကို ရိုသေစွာနာ ကြားတော်မူနေကြပုံမှာ အသက်ဝင်လှသည်။ မြန်မာနိုင်ငံမှ အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် တည်ထားကိုးကွယ်ထားခြင်းဖြစ်၍ ဗုဒ္ဓကိုယ်တော်မြတ်ကြီးနှင့် ပဉ္စဝဂ္ဂီတို့ ပုံသဏ္ဌာန်မှာ မြန်မာ့ယဉ်ကျေးမှု ပန်းပုလက်ရာ အစစ်ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြသည်။

မိဂဒါဝုန်တွင် မြတ်ဗုဒ္ဓအမွေအနှစ်များကို ဖူးမြော်ကြည်ညို၍ ပြီးစီးချိန်မှာ ညနေ(၅)နာရီခန့်ရှိနေပြီ။ စာရေးသူတို့မှာ မိဂဒါဝုန်အာရာမ်အတွင်းမှ ထွက်ကာ မိမိတို့ ဘုရားဖူးကားရှိရာ နေရာသို့ ပြန်လာကြသည်။ မြတ်စွာဘုရား အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူခဲ့သော နေရာဖြစ်သော ဓမ္မေခစေတီတော်ကြီးမှာ နေဝင်ဆည်းဆာ၏ ဖျော့တော့သော အလင်းရောင်အောက်တွင် တင့်တယ်သပ္ပာယ်စွာ စံပယ်တော်မူလျက် ရှိနေခဲ့ပါတော့သည်။ မိမိတို့ ဘုရားဖူးများမှာ တည်းခိုရာ ဆေးဝင်္ကပါ မြန်မာကျောင်းတိုက်သို့ ပြန်လာကြသည်။

ည(၈)နာရီခန့်တွင် ထိုကျောင်းတိုက်မှ ဆရာတော်အား ဘုရားဖူးများက လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် ကန်တော့ခဲ့ကြသည်။ (၂၀၁၅)ခုနှစ်၊ မတ်လ (၁၁)ရက်နေ့ နံနက်(၆)နာရီတွင် ဗာရာဏသီမြို့မှ သင်္ကဿနဂိုရ်သို့ ခရီးဆက်ခဲ့ကြသည်။

တွန်းအားရှင်


မန္တလေး-နေပြည်တော် ဆရာလုံ၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးခိ (ရှမ်းပြည်)

B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ပိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂၇၇၉၇




www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဝင်ရာဇဝင်ကြေးမုံ

# နန္ဒာမိုးကြယ်

ဖျက်မျဉ်း

ဘုရားရှင်အဖို့ ကောသမ္ဗီပြည်၌ သီတင်းသုံးနေစဉ် ကာလအတွင်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် ကျွတ်ထိုက်သူမှန်သမျှအား ချွေချွတ်တော်မူခဲ့သည်။

ထိုအချိန်ကာလဝယ် ရာဇဂြိုဟ်ပြည်၌ မင်းမူနေသူကား ဒေဝဒတ်ပင် ဖြစ်ချေ၏။

ဒေဝဒတ်၌ ရည်မှန်းချက်ကြီးတစ်ခု ရှိ၏။ အခြားမဟုတ်။ ဘုရားဖြစ်လိုသော ရည်မှန်းချက်ကြီး ဖြစ်၏။ ထို့ကြောင့်လည်း အချိန်ရှိသရွေ့၊ နေ့ရှိသရွေ့ ငါဘုရားရှင်ဖြစ်ကိုဖြစ်ရမယ်ဟု စိတ်ဆန္ဒပြင်းပြလျက် ဘုရားရူး ရူးနေလေတော့သည်။

'ငါ့မှာ တပည့်လက်သား အခြံအရံတွေ အများကြီးရှိပြီဆိုရင် ဘာလို့ ဘုရားမဖြစ်နိုင်ရမှာတဲ့လဲ'

သည်လိုမျိုး ခံယူချက်စိတ်ထားဖြင့် တပည့်လက်သား အခြံအရံ များရလေအောင် စည်းရုံးလေတော့၏။ လာဘ်လာဘလုပ်ခွာမချနိုင်သော အလိုကြီးသည့် ရဟန်းတို့အား လာဘ်လာဘဖွံ့ဖြိုးရလေအောင် လုပ်ဆောင်ပေးခြင်းဖြင့် သူ့လက်အောက်သို့ ရောက်ရလေအောင် အောင်မြင်စွာ သိမ်းသွင်းနိုင်ခဲ့သည်။

'အင်း..ဒါနဲ့လည်း မပြီးသေးဘူး။ ဘုန်းတန်ခိုးအာဏာ ထက်မြက်လှတဲ့ မင်းကို ကိုယ့်ဘက်ပါအောင် ဆွဲဆောင်သိမ်းသွင်းနိုင်ဖို့လည်း အရေးကြီးတယ်'

သည့်အတွက် ဒေဝဒတ်အဖို့ ခဲခဲယဉ်းယဉ်းရှိလှသည် မဟုတ်။ မလိမ်မိုးမလိမ္မာ အသက်အရွယ်ငယ်ပြီး စိတ်ဓာတ်ကျွတ်ဆတ်ဆတ်နိုင်လှသော အဇာတသတ်မင်းသားအား မိမိတွင်ရှိသော လောကီဈာန်တန်ခိုးဖြင့် ခြိမ်းခြောက်ဆွဲဆောင်နိုင်ခဲ့သည်။ မိမိအပေါ် အထင်ကြီးလာအောင်၊ ကိုးကွယ်ဆည်းကပ်လာရလေအောင် ဖြားယောင်းနိုင်ခဲ့သည်။ သည်တော့လည်း အဇာတသတ်မင်းသားသည် ဒေဝဒတ်၏ ခါးပိုက်ဆောင် ဒကာရင်း ဖြစ်မှန်းမသိ ဖြစ်ခဲ့ရလေတကား။

♦♦♦

ရာဇဂြိုဟ်မှာတော့ ဒကာရင်း အဇာတသတ်ကို အကြောင်းပြုလျက် ဒေဝဒတ်၏ အနေအထားက မော်



www.burmeseclassic.com

www.burmeseclassic.com

ကြွားလောက်စရာ ဖြစ်နေခဲ့ပေပြီ။

ဒကာရင်းက မကြာမတင် ပြည့်ရှင်မင်းဖြစ်လာမည့်သူ။ ဘေးမှာ ကြည့်တော့လည်း နောက်ပါတပည့်လက်သား အခြံအရံတွေက မနည်းမနော။

'အင်း..ငါလည်းပဲ. မကြာမတင်မှာ ဘုရားစင်စစ်ဧကန်ဖြစ်တော့မှာပဲ'

စိတ်ဘဝင်တွေက ငယ်ထိပ်သို့တက်ကာ အောက်သို့ဆင်းကို မဆင်းတော့ပြီ။ အဇာတသတ်မင်းသားကလည်း မိမိအား ဆရာအရှင် ရည်မှတ်လျက် နေ့စဉ် ရထားပေါင်း ငါးရာဖြင့် ဆွမ်းအုပ်ပေါင်း ငါးရာတင်ကာ လှူဒါန်းလျက်ရှိ၏။ သည်တော့လည်း ဒေဝဒတ်ကဲ့သို့ လာဘ်လာဘသက္ကာရ အားကြီးသူအဖို့ အဘယ်မှာလျှင် စိတ်ကြီးမဝင်ဘဝင် မမြင့်ဘဲ နေနိုင်မှာတဲ့နည်း။

ခုဆိုလျှင် ရာဇဂြိုဟ်ပြည်၌ ရှင်တော်ဗုဒ္ဓဂေါတမအား ကိုးကွယ်သောဂိုဏ်းနှင့် ဒေဝဒတ်ကို ကိုးကွယ်သောဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်းသည် အပြိုင်အဆိုင်သဘောမျိုးသဖွယ် ဖြစ်လာရတော့သည်။ ထိုဂိုဏ်းနှစ်ဂိုဏ်းတွင် ရှင်တော်ဗုဒ္ဓဂေါတမကို ကိုးကွယ်သောဂိုဏ်းအား ဦးစီးသူမှာ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးနှင့် ဒေဝဒတ်ကို ကိုးကွယ်သောဂိုဏ်းအား ဦးစီးသူမှာ အဇာတသတ်မင်းသားပင် ဖြစ်ချေသည်။

ဒေဝဒတ်အဖို့ ရာဇဂြိုဟ်ပြည်၌ ဘုရားရှင် ရှိမနေခြင်းသည် အခွင့်သာအခါကောင်းကို ရရှိနေခြင်းဖြစ်၏။ သူ့အဖို့ ထိုအခွင့်အရေးကို အလဟဿ မဖြစ်စေခဲ့။ အဇာတသတ်မင်းသားအား အမျိုးမျိုးလှုံ့ဆော်၍ ဂေါတမဘုရားရှင်အပေါ် အမြင်တိမ်းစောင်းရလေအောင် သွေးထိုးလှုံ့ဆော်ခဲ့လေ၏။ ရာဇဂြိုဟ်ကို ဂေါတမ ဘယ်အချိန် ပြန်ရောက်လာမလဲ။ ရောက်လာတာနဲ့ ဘုရားဆိုတဲ့ ရာထူးကို ဂေါတမထံကနေ လွှဲပြောင်းပြီးယူရမယ်ဟူ၍ တွေးတောကြံစည်နေပါသတည်း။

♦ ♦ ♦

ရာဇဂြိုဟ်ပြည်သို့ ဘုရားရှင် ဒေသစာရီကြွချီတော်မူပေပြီ။ ဝေဠုဝန်ကျောင်းတော်၌ သီတင်းစတင်သုံးစဉ်မှာပင် ဒေဝဒတ်နှင့်စပ်လျဉ်းသည့် သတင်းစကားများကအသည့်သားရဟန်းသံဃာတော်များမှတစ်ဆင့် ကြားသိတော်မူရလေပြီကော။

'အရှင်ဘုရား..အရှင်ဒေဝဒတ်နဲ့ အဇာတသတ်မင်းသားတို့ရဲ့ ရင်းနှီးကျွမ်းဝင်မှု အတိုင်းအတာဟာ အံ့ဖွယ်လိလိပါဘုရား။ အဇာတသတ်ရဲ့ ပို့ဆွမ်းငါးရာနဲ့ ဒေဝဒတ်ကိုအကြောင်းပြုလို့ သူ့တပည့်ရဟန်းသံဃာတွေကို ဆွဲဆောင်စည်းရုံးထားပါတယ်ဘုရား'

ကြားလာရသည့် သတင်းစကားတွေမှာတော့ အကောင်းဟူ၍မရှိ။ ဤတွင် ဘုရားရှင်က နှစ်သိမ့်စကားဟောကြားတော်မူလိုက်သည်။

'ချစ်သားတို့..သည်အတိုင်းအတာလောက် ဒေဝဒတ်အတွက် လာဘ်သက္ကာရ ပေါများတယ်ဆိုတာဟာ ဒေဝဒတ်အဖို့ အကျိုးစီးပွား များစေဖို့ရာ မဟုတ်ပေဘူး။

ချစ်သားတို့..ဥပမာပြုရရင် ခက်ထန်ကြမ်းကြုတ်တဲ့ ခွေးရဲ့နှာဝ လျှာစမှာ ခါးသက်လှတဲ့ သည်းခြေအိတ်ကို ခွဲချလိုက်မယ်ဆိုရင် ခွေးဟာ ကြမ်းကြုတ်စွာ တုံ့ပြန်လာမှာပဲ။ အဲသည်လိုမျိုး ဉာဏ်အမြင်နည်းပါးသူထံမှောက်ကို ရောက်သွားတဲ့ လာဘ်လာဘအခြံအရံတွေဆိုတာဟာ အကျင့်သီလပျက်ဖို့ရာ၊ တရားဆုတ်ယုတ်ဖို့ရာ အကုသိုလ်တိုးပွားဖို့ရာပဲ ဖြစ်ပါလိမ့်မယ်။

ထပ်ပြီးသာဓကဆောင်ရမယ်ဆိုရင် ဝါးပင်၊ ကျူပင်၊ ပေပင်တို့ ဆိုတာဟာ သူတို့ရဲ့ သီးလာတဲ့ အသီးတွေကပဲ အဲသည့် ဝါးပင်၊ ကျူပင်၊ ပေပင်တွေကို ပြန်သတ်သလိုမျိုး ဖြစ်ပါတယ်။ အဓနည်းမြင်းမအဖို့ သားဖွားလိုက်တာဟာ သူ့အတွက် သေကိန်းဆိုက်တာပါပဲ။

ချစ်သားတို့..ပညာနည်းတဲ့ ဒေဝဒတ်အဖို့ လာဘ်သပ်ပကာ ပူဇော်သက္ကာရတွေ ပြန့်ပွားပေါများလာရခြင်းဟာ သူ့အတွက် ညှဉ်းဆဲခြင်းအဖြစ် အပါယ်လေးပါးကို လားရောက်စေမယ့် အဖြစ်တွေပါပဲ'

ထိုသို့မိန့်ကြားနေစဉ်မှာပင် ဝေဠုဝန်ကျောင်းတော်သို့ ဒေဝဒတ် ရောက်ခဲ့လေ၏။

အမူအရာက အောင်သေအောင်သား စားရတော့မည့်သားရဲကောင်သဖွယ် ဆောင့်ကြွားကြွားနိုင်လှပေ၏။

သူ၏လာခြင်းကား သူ့ဘက်မှနေ၍ သူ့ရှုထောင့်နှင့်ကြည့်ပါလျှင် ကောင်းသောလာခြင်း ဖြစ်ချေ၏။

အကြောင်းမူကား ငါသည်..သည်ကနေ့မှာပဲ ဘုရားစင်စစ် ဧကန်ဖြစ်တော့မယ်ဟူသော ဆန္ဒဖြင့် လာခြင်းပင်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ဒေဝဒတ်၏ နောက်တော်ပါးမှာလည်း သုဒ္ဓါဝါဒ၊ သုမှိုင်း၊ သုလာဘ်သပ်ပကာတို့၏ ပျော်ဝင်နစ်မောနေကြသည့် အခြံအရံ အရေအတွက်မှာ မနည်းမနော။

သည်သို့ မြောက်မြားလှစွာသော အခြံအရံ၊ နောက်ပါအင်အားတို့ကို ပြည့်သွန်လျက် သူအလိုရှိသော ခံ့မင်တောင့်တသော ဘုရားရှင် ရာထူးကို ဖွင့်အတင်းပင်တောင်းခံပါလေတော့သည်။

'အရှင်ဘုရား..အရှင်ဘုရားဟာ သက်တော်အားဖြင့် ကြီးရင့်လာတာနဲ့အမျှ အရွယ်မှာလည်း အိုမင်းနေပါပြီ။ ဘာမျှ ပင်ပန်းတဲ့ လှုပ်ရှားမှုတွေ မပြုလုပ်ဘဲ အေးအေးသက်သာ စည်းစိမ်ချမ်းသာအပြည့် ခံစား စံစားတော်မူပါ'

'ဒေဝဒတ်..သင် ဘာဖြစ်လို့ သည်စကားကိုဆိုရတာတဲ့တုံး'

'အရှင်ဘုရား..တပည့်တော် သည်စကားကို ဆိုရခြင်းဟာ အရှင်ဘုရားကို ကြောင့်ကြမဲ့စွာနဲ့ ဘုရားရှင်အဖြစ်က အနားယူဖို့ လျှောက်တင်ရခြင်းပါ။ သည်လိုအနားယူသွားမယ်ဆိုရင်ဖြင့် ဘာမျှမစိုးရိမ်ပါနဲ့။ ဘိက္ခု၊ ဘိက္ခုနီ၊ ဉပါသကာ၊ ဉပါသိကာမဖြစ်တဲ့ ရဟန်းသာဝက၊ လူသာဝကတွေကို တပည့်တော် အုပ်ချုပ်သွားပါ့မယ်။ သည်လိုမျိုး အုပ်ချုပ်သွားနိုင်ဖို့ ဘုရားရှင်အဖြစ် တပည့်တော်ကို လွှဲအပ်တော်မူပါ'

ဒေဝဒတ်အဖို့ရာမတော့ ရာထူးအာဏာအတွက် သင့်အပ်၊ မသင့်အပ် စဉ်းစားနိုင်ခြင်း မရှိတော့။

'ဒေဝဒတ်.. သင်လိုလားတဲ့ တောင်းဆိုချက်ဟာ အခွင့်အခါ မသင့်သေးပါဘူး။ ရဟန်းကိစ္စကိုပဲ ပြီးစီးရလေအောင် အားထုတ်စမ်းပါ။

သံဃာတွေကို အုပ်ချုပ်ဖို့၊ ဦးစီးဦးဆောင်ပြုဖို့၊ ရှေ့ဆောင်ဖို့ရာ အလိုမရှိပါနဲ့။ ငါခွင့်ပြုမှာ မဟုတ်ဘူး'

ဘုရားရှင်က သည်သို့ ပြတ်သားစွာ ပယ်ချလင့်ကစား ဒေဝဒတ်မှာမူ အားမလျှော့။ တစ်ကြိမ်မရ နှစ်ကြိမ်၊ နှစ်ကြိမ်မရတော့ သုံးကြိမ်။ သုံးကြိမ်မြောက်လျှောက်ထားတောင်းဆိုသည့်တိုင် ဘုရားရှင်သည် ခွင့်ပြုတော်မမူခဲ့။

'အိုး..ချစ်သားဒေဝဒတ်၊ သေချာစွာ နာယူရစ်ပါ။ သည်ကျောင်းတော်ပေါ်မှာရှိကြတဲ့ သံဃာပရိသတ်တွေထဲမှာ အယုတ်၊ အလတ်၊ အမြတ်ဆိုပြီး သုံးမျိုးသုံးစားပါဝင်ပေလေတယ်။

အဲသည်ပရိသတ် သုံးပါးစလုံးဟာ ငါဘုရားရှင်ကို ရည်မှန်းလို့ ရဟန်းပြုလာကြတဲ့သူတွေချည်းပါပဲ။ ဒါကြောင့် ငါဘုရားရှင် ရှိနေပါလျက်နဲ့ ငါ့အပေါ် မှီခိုအားထားလာသူတွေကို သူတစ်ပါးထံလွှဲဖို့ရာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ သင့်လျော်မှုလည်း မရှိပါဘူး။ ယုတ်စွအဆုံး သာဝကတွေထဲမှာ အထွတ်အထိပ်ရောက်နေကြတဲ့ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကိုတောင်မှ သာဝကသံဃာတွေကို ငါဟာ လွှဲမပေးခဲ့ပါဘူး။

ဒေဝဒတ်..အဲသည်လို အနေအထားမှာ သူတကာထွေးအန်ပြီးတဲ့ တံတွေးကို ကောက်မျိုတဲ့သင့်ကို သင့်လက်ထဲကို ဘာကြောင့် ငါ့တပည့်သာဝကတွေ လွှဲအပ်ရမှာတဲ့လဲ။

ဒေဝဒတ်..သင်ဟာ ရဟန်းအလုပ် ရဟန်းမလုပ်ဘဲ မသင့်မလျော်တဲ့ အကြံကို ကြံခဲ့တယ်။ လျှောက်တင်ခဲ့တယ်။ သင့်ကို ငါ မမြင်လို့တော့ဘူး။ သင်လျှောက်တင်တာ မကြားလိုတော့ဘူး။ သည်တော့ ကျောင်းတော်ကနေပြန်ထွက်သွားပါတော့'

ဘုရားရှင်၏ နှင်ထုတ်မှုက ဒေဝဒတ်အတွက် အရှက်များစွာရသွားစေခဲ့ပြီ။ ရင်ထဲမှာလည်း စကားလုံးတွေက အစီအရီ။

'တောက်..ရှင်ဂေါတမ၊ သင်ဟာ ငါ့ကို ပရိသတ်အလယ်မှာ အရှက်ရစေခဲ့တယ်။ ယောက်ဖတော်ရင်းဖြစ်တဲ့ ငါ့အပေါ် ထောက်ညှာမှုမရှိဘဲ ဆွေမတော် မျိုးမစပ်ဆင်းရဲသားမျိုးနွယ်က ပေါက်ဖွားလာတဲ့ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကျတော့ အရေးပေးလားပေးရဲ့'

'တော်ပြီ..ဂေါတမ၊ သည်နေ့ကစပြီး သင်နဲ့ငါ လမ်းခွဲလိုက်ပြီ။ မကြာခင်ကာလတွေမှာ ဒေဝဒတ် ဘာလဲဆိုတာကို ကောင်းကောင်းကြီး သိစေရမယ်'

ဝေဠုဝန်ကျောင်းတော်ကို ကျောခိုင်းထွက်လာသည့် ဒေဝဒတ်အဖို့ ပူလောင်ဒေါသများ ညီးညီးတောက်နေသမျှ ကျောင်းတော်အတွင်း တရားရေအေး တိုက်ကျွေးနေသည့် ဘုရားရှင်အဖို့ရာမူ သန္တိသုခများ ခြုံလွှမ်းလျက် အေးချမ်းနေတော့သည်တကား။

**နန္ဒာမိုးကြယ်**

<u>ကျမ်းကိုး</u> * ဓမ္မပဒ၊ အဋ္ဌကထာ။



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူသောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating;dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

## သုမိတ္တာနိဒါန်းအစ
## အန္တိမယသော်ဓရာ

(၂၂)

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့။

အလောင်းတော် သီတင်းသုံးနေသော မဟာဗောဓိ ညောင်ပင်ကြီး၏ အနီးဝန်းကျင်သည် နံနက်ခင်း၏ ညင်းသွဲ့နေသော လေပြည်နှင့်အတူ အေးမြငြိမ်းချမ်း တိတ်ဆိတ်လျက်ရှိ၏။ အလောင်းတော်မူ ပထမဈာန်ကို ဝင်စားလျက် ငြိမ်သက်စွာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။

ထိုအချိန်၌ပင် အမှုလုပ် အခြွေအရံ ကျေးကျွန်မိန်းမသူများ ခြံရံလျက် ထိုညောင်ပင်အောက်သို့ သေနာနီဂုံးမှ သူဌေးကတော် သုဇာတာ ရောက်ရှိလာခဲ့သည်။ အကြောင်းကိစ္စက ညောင်ပင်စောင့် နတ်မင်းထံ လာရောက်၍ သားဆုပန်လိုသော ကြောင့် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ပထမစျာန် ဝင်စားလျက် ထိုင်နေတော်မူသော အလောင်းတော်ကို တွေ့သောအခါ ညောင်ပင်စောင့်နတ်မင်းဟုပင် ထင်မြင်ယူဆ၏။ ထို့ကြောင့် သားဆုကိုပန်၍ လှူဒါန်းဆက်ကပ်ရန် ယူဆောင်လာခဲ့သော ဃနာနို့ဆွမ်းကို ရွှေခွက်နှင့် ဆက်ကပ်ထားရစ်ခဲ့ကာ သေနာနိဂုံးသို့ ပြန်ကြလေသည်။ ဃနသည် ပျစ်သည်ဆိုသော အဓိပ္ပာယ်ထွက်၏။ လက်နှင့်ကိုင်၍ ရလောက်သော ခပ်ပျစ်ပျစ် နို့ဆွမ်း ဖြစ်သည်။



ထိုနို့ဆွမ်း၏ အာဟာရအာနိသင်မှာ အထူးလေးမြတ်၏။ အကြောင်းမူ နွားမတစ်ထောင်ကို နွယ်ချိုတော၌ လွှတ်ကျောင်းကာ နွယ်ချိုတို့ကို စားစေ၏။ ထိုနွယ်ချိုစားနွားမ(၁၀၀၀)မှထွက်သော နို့ရည်ကို နွားမ(၅၀၀)အားတိုက်ကျွေး၏။ တစ်ဖန် ထိုနွားမ(၅၀၀)တို့မှထွက်သော နို့ရည်ကို နောက်ထပ်နွားမ(၂၅၀)ကို ထပ်မံတိုက်ကျွေးပြန်၏။ ဤသို့အားဖြင့် ထက်ဝက်,ထက်ဝက်မျှသော အရေအတွက်သို့ လျှော့ချကာ အဆင့်ဆင့် တိုက်ကျွေးသွားပြီး နောက်ဆုံးအဆင့် အာနိသင်အပြည့်ဝဆုံး နို့ရည်ကို ရသောအခါတွင်မှ အဆီအနှစ် အပြည့်ဝဆုံး၊ အကောင်းဆုံးဆန်ဖြင့် ခပ်ပျစ်ပျစ်သာ ကျန်သည်အထိ ပြုတ်၍ ကျိုချက်လုပ်ထားသော နို့ဆွမ်းဖြစ်လေသည်။

အလောင်းတော်သည် ပထမစျာန်မှ ထမြောက်သောအခါ သူဌေးကတော် သုဇာတာ၏ အလှူဖြစ်သော ထိုဃနာနို့ဆွမ်းကို (၄၉)လုတ်တိတိ ဘုဉ်းပေးတော်မူ၏။ ထိုနေ့အဖို့ ဆွမ်းခံထွက်စရာ မလိုအပ်တော့။ ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ရေသုံးသပ်ရန်အလို့ငှာ နေရဉ္ဇရာမြစ်သို့ ကြွတော်မူ၏။ ဤတွင် ဃနာနို့ဆွမ်းကို ထည့်ခဲ့သော ရွှေခွက်လည်း အတူယူဆောင်လာခဲ့၏။

'ငါသည် ဘုရားစင်စစ် ကေန်ဖြစ်မည်ဆိုလျှင် ဤရွှေခွက်သည် ရေစုန်၌ မမျှောဘဲ ရေညာသို့ ဆန်တက်ပါစေသတည်း'

အလောင်းတော်သည် နေရဉ္ဇရာမြစ်သို့ ရောက်လျှင်ပင် အဓိဋ္ဌာန်တော်မူ၏။ သဗ္ဗညုတဉာဏ်တော်အတွက် ဒုတိယအကြိမ်မြောက် အဓိဋ္ဌာန်ပေတည်း။ ယခင် တောထွက်တော်မူလာခဲ့သည့် ညဉ့်ယံတွင်လည်း အနော်မာသောင်ကမ်း၌ မိမိဆံတော်ကို ရိတ်ပယ်ကာ ဘုရားစင်စစ်ကေန်ဖြစ်မည် ဆိုပါက ဤဆံတော်သည် ကောင်းကင်ယံ

www.burmeseclassic.com

၌ တည်စေသတည်းဟု အဓိဋ္ဌာန်၍ ကောင်းကင်သို့ ပစ်တင်ခဲ့ဖူးသည် မဟုတ်လော။ ယခု ဒုတိယအကြိမ်တွင်လည်း အဓိဋ္ဌာန်ပြု၍ ရွှေခွက်ကို နေရဉ္ဇရာမြစ်ရေထဲသို့ ချမျှောလိုက်ရာ ရွှေခွက်သည် ရေစုန်၌မမျောဘဲ ရေညာသို့သာ ဆန်တက်သွားလေသည်။ ထိုအဓိဋ္ဌာန်အောင်မြင်မှုသည်လည်း အလောင်းတော်အတွက် ကြီးမားစွာသော အားတက်ဖွယ် တွန်းအားကြီးတစ်ရပ်ပင် ဖြစ်တော့၏။ အလောင်းတော်သည် နေရဉ္ဇရာမြစ်၌ ရေသုံးသပ်ပြီးနောက် ထိုမြစ်အနီးမှ တောအုပ်ဝယ် နေသန့်တော်မူ၏။ ညနေချမ်းအချိန်သို့ ရောက်သည်တွင်မှ ဗောဓိညောင်ပင်ရှိရာသို့ ပြန်ကြွလာခဲ့ရာ သောတ္ထိယ မြက်ရိတ်သမားက မြက်ရှစ်ဆုပ်ကို ဆီးကြိုလှူဒါန်း၏။

အလှူရရှိသော ထိုမြက်ရှစ်ဆုပ်ကို ဗောဓိညောင်ပင်ရင်း၌ ကြဲဖြန့်ခင်းကျင်းလိုက်သောအခါ ညောင်ပင်ရင်း၌ အလောင်းတော် ထိုင်တော်မူရန်အတွက် အပရာဇိတပလ္လင်တော် ပေါ်ထွန်းလာခဲ့သည်။ အလောင်းတော်သည် ထိုပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးသည့် တစ်ခဏမှာပင် အနှောင့်အယှက်ပြုမည့်သူ ပေါ်ပေါက်လာခဲ့၏။ အခြားသူ မဟုတ်၊ အလောင်းတော် စတင်၍ တောထွက်တော်မူသည့်ညမှာပင် တားဆီးနှောင့်ယှက်ခဲ့သော ဒေဝပုတ္တမာရ်နတ်ပင် ဖြစ်သည်။

မာရ်နတ်သည် အလောင်းတော် တောထွက်တော်မူသည်မှစ၍ (၆)နှစ်တာကာလပတ်လုံး အပြစ်ရှာရန် အရိပ်သဖွယ် လိုက်လံစောင့်ကြည့်နေခဲ့သူ ဖြစ်သည်။ အပြစ်ကား ရှာမတွေ့။ ယနေ့မူ အပရာဇိတပလ္လင်တော် ပေါ်ထွန်းလာသည်ကို မြင်သဖြင့် ထိုပလ္လင်တော်ကို လုယူရန် အကြောင်းပြု၍ အနှောင့်အယှက်ပြုလာခြင်း ဖြစ်သည်။ သို့ရာတွင် အလောင်းတော်က မာရ်နတ်ကို မေတ္တာဖြင့်သာ နှိမ်နင်းအောင်မြင်တော်မူလိုက်ပြန်လေသည်။

အလောင်းတော်သည် မာရ်နတ်ကို အောင်နိုင်တော်မူပြီးနောက်တွင် ငါသည် ဤယနေ့မှစ၍ အသက်ကို စွန့်လျှင် စွန့်ရစေ ဗုဒ္ဓအဖြစ်သို့ မရောက်သမျှ ဤနေရာမှ မထတော့ပြီဟူသော ရဲရဲတောက်အဓိဋ္ဌာန်ကို တင်လိုက်၏။ ပြီးနောက် တစ်နေ့တာလုံး စဉ်းစားခဲ့သော တရားကို ဆက်လက်စဉ်းစား အားထုတ်တော်မူလေတော့သည်။

ထိုအချိန်၌ ကိလေသာအပေါင်းတို့မှ ကင်းဝေးလျက် အလွန်သန့်ရှင်းစင်ကြယ်သော စိတ်အစဉ်သာ ဖြစ်ပေါ်နေ၏။ ရရှိလာသော ဈာန်သမာပတ်နှင့်အတူ အလွန်ထက်သန်သောဖွဲ့ဖြင့် အကြိတ်အနယ်ကြိုးစားအားထုတ်လေရာ ညဉ့်ဦးယံ၌ပင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရရှိလေသည်။ ထိုဉာဏ်မှာ ရှေးရှေးကမ္ဘာများစွာတို့၌ ဖြစ်ခဲ့ပျက်ခဲ့၊ နေထိုင်တွေ့ကြုံခဲ့ရသော အကြောင်းအရာများကို ကောင်းစွာသိမြင်နိုင်သော ဉာဏ်တော်ဖြစ်သည်။ ထိုဉာဏ်တော်အစွမ်းဖြင့် အဖြစ်ဟောင်းတို့ကို ပြန်ပြောင်းကြည့်ရှုသောအခါ ဘဝတစ်ခုအသစ်ဖြစ်ရာ၌ ခန္ဓာဟူသော ရုပ်တရားနှင့် စိတ်ဝိညာဉ်ကြီးမှူးနေသော နာမ်တရားစုတို့ကိုသာ တွေ့၏။ စုတေခြင်း၊ သေကျေခြင်းဟူသည်မှာ ထိုရုပ်နှင့် နာမ်တရားတို့ ချုပ်ပျက်မှုသာဖြစ်သည်။ သတ္တဝါဖြစ်အောင် တစ်စုံတစ်ယောက်မျှ ဖန်ဆင်းနိုင်သူ မရှိဟု ပိုင်ပိုင်နိုင်နိုင် သိမြင်လာ၏။ ပြီးလျှင် ခန္ဓာကိုယ်အတွင်း၌ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ဟု တွေးကြံပြောဆိုနေကြသော အကောင်အထည်အတ္တလည်း မရှိဟု ထိမိစွာ သိမြင်လာ၏။ ထို့ကြောင့် သတ္တဝါတို့သည် တစ်ဘဝအပြီးသတ်လျှင် နောက်ထပ်မဆက်တော့ဘဲ ပြီးဆုံးပြတ်စဲသည်ဟု ယုံမှားသော ဉစ္ဆေဒဒိဋ္ဌိ အယူမှားနှင့် သတ္တဝါတို့သည် အဆက်မရှိဘဲ အသစ်ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ယုံမှားသော နဝသတ္တပါတုဘာဝဒိဋ္ဌိ အယူမှားတို့လည်း လုံးဝကင်းရှင်းသွားလေပြီ။

တစ်ဖန် သတ္တဝါအများ၏အရေးကို ဆက်လက်စဉ်းစား အားထုတ်ပြန်ရာ သန်းခေါင်ယံအချိန်သို့ ရောက်သည်တွင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ချမ်းသာသုခရရှိနေကြသော သတ္တဝါတို့ကိုလည်းကောင်း၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘဝနှင့် လူ့ဘဝအောက်တန်း၌ ဆင်းရဲဒုက္ခခံနေကြရသော သတ္တဝါတို့ကိုလည်းကောင်း၊ မျက်ဝါးထင်ထင်မြင်ရသကဲ့သို့ မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရရှိလာလေသည်။ ဤတွင် ထိုဉာဏ်တော်အစွမ်းဖြင့် ဒုက္ခိတသတ္တဝါများသည် အဘယ်ကြောင့် ဤသို့ ဆင်းရဲနေကြရပါသနည်း။ လူ့အထက်တန်းစားနှင့် နတ်ဗြဟ္မာများကား အဘယ်ကြောင့် ဤသို့ချမ်းသာကို ရရှိနေကြရပါသနည်းဟု ခွဲခြမ်းစိတ်ဖြာစေ့ငုသော် သတ္တဝါတို့၏ ကိုယ်စီကိုယ်ငသူတို့ကိုယ်တိုင် ပြုခဲ့ကြသော အကုသိုလ်ကံနှင့် ကုသိုလ်ကံများကို တွေ့မြင်သိရှိလာတော့၏။ ထိုသို့သိရှိနိုင်သော

www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်တော်မှာ ယထာကမ္မူပဂ ဉာဏ်တော်ပင်တည်း။

အလောင်းတော်သည် သန်းခေါင်ယံသို့တိုင်သော်လည်း အပြင်းအထန် ထက်သန်သောဇွဲဖြင့် ဆက်လက်အားထုတ်တော်မူလျက်ရှိသည်။ ထိုသို့ ဒိဗ္ဗစက္ခုဉာဏ်နှင့် ယထာကမ္မူပဂဉာဏ်တို့ ရလာသောအခါ သတ္တဝါတို့ကို မည်သူကမျှ ဖန်ဆင်းထားသည်မဟုတ်။ ကိုယ့်ကံကြောင့် ကိုယ်ဖြစ်ကြရခြင်းဟု ရှင်းရှင်းကြီး တွေ့ရှိလာ၏။ ကံနှင့် ကံ၏အကျိုးအတိုင်း ခံကြရ စံကြရပုံများကို မျက်ဝါးထင်ထင် တွေ့မြင်လာသောအခါ သတ္တဝါတို့၏သန္တာန်၌ မိမိပြုထားသောကံသာ သွားလေရာလိုက်ပါသော ကိုယ်ပိုင်ဥစ္စာ ဖြစ်ပေသည်ဟု သိမြင်သော ကမ္မဿကတာဉာဏ်ကို ဆိုက်ရောက်ရရှိလေသည်။ ဤတွင် အယူမှန်သမ္မာဒိဋ္ဌိသည် အကုပ်အငြိမရှိ ပကတိထင်လင်း ပေါ်ပေါက်လာတော့၏။ သို့ဆိုလျှင် ထိုကောင်းကံ ဆိုးကံများကို သက်ဝင်လှုပ်ရှားလာအောင် သွေးထိုးဖန်ဆင်းနေသူသည် မည်သူနည်းဟု ထပ်ဆင့်ရှာဖွေစရာ ပေါ်လာ၏။

ထို့ကြောင့်လည်း သည်းသည်းထန်ထန် ဆက်လက်အားထုတ်ပြန်သော် သတ္တဝါတို့သည် တဏှာမကင်းသေးသမျှ တစ်ဘဝအဆုံးတွင် ထိုထိုဘဝတို့၌ စိတ်ညွတ်နေကြလေသောကြောင့် ထိုတဏှာ၏ ကိုင်းညွတ်မှုဖြင့်ပင် ပြုသမျှကံတို့သည် ဘဝအသစ်၌ ရုပ်နာမ်တို့ကို ဖြစ်စေပြန်သည်ဟု သိမြင်လာ၏။ ဘဝအသစ်တစ်ခု ဖြစ်ဖို့အရေး၌ တဏှာနှင့်ကံသည် အရေးကြီးဆုံးသော အဓိကလက်သည်တရားခံများပါကတားဟု သိမြင်လာပြီးသည်နှင့် နောက်ဆက်တွဲ၍ ထိုတဏှာမရှိလျှင် ဘဝအသစ်လည်း ဖြစ်မလာနိုင်တော့ပြီဟူသော ဓမ္မအလင်းကို ထင်းခနဲ တွေ့ရှိလေတော့သည်။

အလောင်းတော်၏ ပန်းတိုင်ဖြစ်သော သစ္စာဉာဏ်သည် တစ်စ,တစ်စ သဲ့သဲ့မှိန်မှိန်မှသည် တိုး၍,တိုး၍ ထင်းလက်တောက်ပလာခဲ့ချေပြီ။ ထိုအခါ အလောင်းတော်သည် မိမိသန္တာန်၌ရှိသော ရုပ်နှင့်နာမ် တရားတို့အထံသို့ ပြန်ဦးလှည့်လည် ကျက်စားပြန်သောအခါ ယင်းတို့သည် အများယူဆ ထင်မြင်ထားကြသကဲ့သို့ အကြာကြီးတည်တံ့နေသည် မဟုတ်ကြ။ ဖြစ်လာပြီးသည်နှင့်ပျက်၊ ဖြစ်လာပြီးသည်နှင့်ပျက်။ ဤနှစ်မျိုးတည်း အလွန်လျင်မြန်စွာ တရစပ်လှည့်လည်ကာ စဉ်တိုက်ဆက်တိုက် ကဆုန်စိုင်းလျက်ရှိသည်ကို အထပ်ထပ်ရှုမိသော် အားလုံးသော ရုပ်နာမ်တို့သည် အမြဲမရှိ။ အနိစ္စချည်းပါတကားဟူသော ဝိပဿနာဉာဏ် ပေါ်ပေါက်လာလေသည်။

ရုပ်,နာမ်တို့သည် အမြဲမရှိ။ အနိစ္စချည်း ဖြစ်၏ဟူသော ကောက်ချက်ကို တွေ့ရှိပြီးသည်နှင့် ဆက်တိုက်ပင် ဤရုပ်,နာမ်,ခန္ဓာကိုယ် ရှိနေသမျှ ဖြစ်ရပျက်ရခြင်းဟူသော သင်္ခါရဒုက္ခ၊ အိုရ,နာရသော သေရခြင်းဒုက္ခတို့မှစ၍ အမျိုးမျိုးသော ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခတွေကို ခံရမည်မှာ သေချာနေသောကြောင့် အားလုံးသော ရုပ်နာမ်တို့သည် ဒုက္ခဖြစ်ဖို့ အကြောင်းတရား အခြေခံအုတ်မြစ်စင်စစ်ကြီးပါတကားဟု တွေ့ရှိလာရပြန်လေတော့၏။ အလောင်းတော်သည် ထိုအနိစ္စနှင့် ဒုက္ခ နှစ်မျိုး၏ ဆက်သွယ်ပုံကို အထပ်ထပ်ရှုမှတ်လျက် ဆက်လက်အားထုတ်ပြန်လေ၏။

ဤတွင် ရုပ်နာမ်ခန္ဓာအတွင်း၌ မိမိအလိုကျ စီမံနိုင်သော အတ္တခေါ် အသက်ကောင်၊ လိပ်ပြာကောင် မရှိ။ ထိုရုပ်နှင့်နာမ် နှစ်မျိုးကို ဖယ်ရှားလိုက်လျှင် အတ္တစွဲဖြင့် ထင်မြင်သတ်မှတ် ခေါ်ဝေါ်နေကြသော ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုသည်တို့ပင် ခေါ်စရာမကျန်။ အားလုံး ရုပ်နာမ်တို့သည် အတ္တလည်းမဟုတ်၊ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ အနတ္တများချည်းသာပါတကားဟူ၍ ထင်ရှားပေါ်လွင် သိမြင်လာလေတော့၏။

အလောင်းတော်သည် တစ်မျိုးပြီးတစ်မျိုး စဉ်တိုက်ဆက်တိုက် ဖြစ်ပျက်နေသော ရုပ်နှင့် နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးကို ခြေရာကောက် ဖော်ထုတ်သိမြင်ပြီးသည်နှင့် စူးစိုက်၍ ရှုမှတ်လေလေ ခန္ဓာကိုယ်ကို နှစ်သက်တွယ်တာနေသော တဏှာသည်လည်း ပါး၍,ပါး၍၊ ကျဲ၍,ကျဲ၍၊ လျော့နည်း၍,လျော့နည်း၍ လာလေလေဖြစ်သည်ကို တွေ့ရှိရလေသည်။ ထိုအခါ ပကတိဉာဏ်အစဉ်သည်လည်း ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တ စက်ဝန်းအတိုင်း ကရွတ်ခွေ လည်ပတ်လျက်ရှိနေသော ရုပ်နာမ်ခန္ဓာတို့၏ ငြီးငွေ့စရာ၊ ကြောက်မက်စရာ အဖြစ်တွေကိုသာ အဆက်မပြတ်တမ်း မြင်တွေ့လာလျက် ရှိလေတော့သည်။

ဤသို့ မြင်လာသောအခါ ရုပ်နာမ်ခန္ဓာမှ လွတ်

www.burmeseclassic.com



မြောက်ခြင်းကို လိုလားမှုဆန္ဒသည် တိုး၍,တိုး၍ ကြီးထွားလာတော့၏။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာကို စိတ်ဖြင့် အာရုံမပြုဘဲ ယင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်သုခဓာတ်ကို စမ်းသပ်ရှာဖွေ၏။ ရုတ်ခြည်းကား မရ။ ပမာဆိုရလျှင် မီးစယ်တစ်ခုသည် တဖြည်းဖြည်းဖြင့် အရှိန်ယူကာ မီးတောက်မီးလျှံအဖြစ် တိုးပွားလင်းလက်တောက်ပလာသကဲ့သို့ အချိန်များစွာ ကြာလာတော့မှ အမှန်ကိုမြင်သောဉာဏ်စဉ်တစ်မျိုးသည် မှေးမှိန်ရာမှ တစ်စ,တစ်စ လင်းပြက်လာ၏။ ဤသည်ပင် သောတာပတ္တိမဂ်ဉာဏ် အညွန့်အညှောက် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်တော့၏။

ထိုဉာဏ်စဉ်ပေါ်ပေါက်လာသည်နှင့် စိတ်၌ကပ်ငြိနေသော ကိလေသာအခိုးအငွေ့တို့သည် လေပြည်သင့်သော မီးခိုးငွေ့များသဖွယ် တစ်စ,တစ်စ ပျက်ပြယ်ရှင်းလင်း ကြည်လင်လာတော့၏။ ရုတ်တရက် တစ်မုဟုတ်ချင်း အတွင်း၌ ပြယ်လွင့်ကြည်လင်လာခြင်းမျိုးကား မဟုတ်သေး။ သို့ရာတွင် ပြင်းစွာရှုမှတ်နေရင်းမှပင် နိဗ္ဗာန်သည် သုခဖြစ်သော နိဗ္ဗာန်အမြိုက်ဓာတ်တစ်မျိုးကို ထပ်၍,ထပ်၍ ထင်ရှားသိမြင်သောဉာဏ်များ ပေါ်လာ၏။ ထိုသို့ ပေါ်လာလေလေ စိတ်အစဉ်သည် အေး၍,အေး၍လာလေလေ ကိလေသာ အပူငွေ့ အပူခိုးတို့သည်လည်း တိုး၍,တိုး၍ ကုန်ခန်းပျက်ပြယ်လာလေလေ ဖြစ်တော့၏။ သို့နှင့် နောက်ဆုံးတစ်ချိန်ဝယ် အရဟတ္တမဂ်ဉာဏ်သို့ ချဉ်းကပ်ဆိုက်ရောက်သွားသောအခါ ကိလေသာအနောက်အကျူ အပူငွေ့တို့လည်း လုံးဝကင်းစင်သွားကာ အာသဝက္ခယဉာဏ်တော်ကို ရရှိလေတော့သည်။ ထိုအချိန်တွင် မိုးသောက်ယံသို့ ဆိုက်ရောက်ခဲ့ပြီ ဖြစ်တော့၏။

အလောင်းတော်သည် ညဉ့်ဦးယံတွင် ပုဗ္ဗေနိဝါသနုဿတိဉာဏ်တော်၊ သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခုဉာဏ်တော်၊ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ်တော်ဟူသော ဝိဇ္ဇာဉာဏ်သုံးပါးကို အစဉ်အတိုင်း ရတော်မူပြီးနောက် တစ်ဆင့်တက်လှမ်း၍ သဗ္ဗညုတာဉာဏ်တော်ကို ရရှိတော်မူလေပြီ။ သဗ္ဗညုတာဟူသည်ကား သဗ္ဗ-အလုံးစုံကို၊ ညု-သိသောပုဂ္ဂိုလ်၏၊ တာ-ဖြစ်ကြောင်းဉာဏ်ဟု ဆိုရ၏။ ထိုဉာဏ်တော်၏အစွမ်းကား (၁) သိရန်မှန်သမျှ အားလုံးကို အကုန်အစင်သိတော်မူခြင်း၊ (၂) သိအပ်ပြီးသော တရားတိုင်း၏ ဟောနည်းအမျိုးမျိုးကို သိတော်မူခြင်း၊ (၃) သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထိုက်သော သတ္တဝါတို့၏ သဒ္ဓါ၊ ပညာ၊ သီလ စသော ရှေးကပါလာသည့် ဣန္ဒြေအနုအရင့်ကိုလည်းကောင်း၊ ရာဂ၊ ဒေါသ၊ မောဟ၊ သဒ္ဓါ၊ ပညာ စသော ယခုဘဝ၌ ဖြစ်နေသော စရိုက်အမျိုးမျိုးကိုသော်လည်းကောင်း သိတော်မူခြင်းဟူသော သုံးပါးပင်ဖြစ်သည်။

အနောက်ဘက်ကောင်းကင်ယံ၌ ပြည့်ဝန်းစွာ တွဲခိုနေဆဲဖြစ်သော ကဆုန်လပြည့်နေ့၏ လမင်းကြီးနှင့်အပြိုင်ပင် ကမ္ဘာလောကအတွက် သစ္စာဉာဏ်လမင်းကြီးလည်း ရှန်းပထွန်းလင်းခဲ့ပေပြီ။ ကဆုန်လပြည့်နေ့ကုန်၍ ညဉ့်သန်းခေါင်ကျော်ပြီးနောက် လပြည့်ကျော်တစ်ရက် နံနက်သို့ မကူးခင် အရုဏ်တက်ခါနီးအချိန်မှာပင် ရဟန်း ဂေါတမသည် ရဟန်းဘဝမှ လွန်မြောက်ကာ သုံးလောကထွတ်ထား ဂေါတမရှင်တော်ဘုရားအဖြစ်သို့ ဆိုက်ရောက်ပွင့်ထွန်းတော်မူလေပြီ။ ရရှိလာသော သဗ္ဗညုတာဉာဏ်တော် အစွမ်းကြောင့် သမ္မာသမ္ဗုဒ္ဓ-ဗုဒ္ဓဟူသော အမည်တော်ကို ခံယူတော်မူလေပြီ။ အလောင်းတော်သည် ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူသည်နှင့် အနေကဇာဟု ဆို

www.burmeseclassic.com

အပ်သော ဥဒါန်းကို ကျူးတော်မူလေပြီ။

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော တဏှာတည်းဟူသော လက်သမားကိုရှာဖွေရင်း သံသရာ၌ ဘဝများစွာ ကျင်လည်ခဲ့ရပြီ။ တဏှာတည်းဟူသော လက်သမားကို မတွေ့သဖြင့် အဖန်ဖန်ပဋိသန္ဓေနေရခြင်းဟူသော ဒုက္ခကို ရင်ဆိုင်ခံစားခဲ့ရသည်။

ယခု တဏှာတည်းဟူသော လက်သမားကို ငါ တွေ့ပြီ။ သင်သည် ငါ့အတွက် နောက်ထပ်ခန္ဓာအိမ်ကို ဆောက်ရတော့မည်မဟုတ်။ ကိလေသာတည်းဟူသော အိမ်လုံးဆိုင်ရာ ဆောက်လုပ်ရေးပစ္စည်းတို့ကို ဖျက်ဆီးအပ်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်အမိုးတို့ကိုလည်း ချေဖျက်အပ်ပြီ။

'ငါ၏စိတ်သည် ပဋိသန္ဓေမနေရာ၊ မအိုရာ၊ မနာရာ၊ မသေရာနှင့် တဏှာ၏ ကုန်ခန်းသွေ့ခြောက်ရာ နိဗ္ဗာန်ကို ရပြီ'

ဘုရားရှင်သည် အဘယ်ကြောင့် ဤသို့သော ရဲရဲတောက် ဥဒါန်းကို ကျူးတော်မူရသနည်း။ သဗ္ဗညုတဉာဏ်တော်ကို ရရှိပိုင်ဆိုင်ပြီဖြစ်သောကြောင့် ကျူးရင့်တော်မူခြင်း ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်းသည် သစ္စာလေးပါး တရားတော်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရုံမျှမက ထိုလေးပါး၏ အကြောင်းအကျိုးဆက်စပ်ပုံကိုပါ အကြွင်းမဲ့ သိမြင်ခြင်းဟု ဆိုနိုင်၏။ သမုဒယသစ္စာ တဏှာလောဘကြောင့် ဆင်းရဲနေရသော ဒုက္ခသစ္စာခန္ဓာအနေမှ လွတ်မြောက်အောင် ကြိုးစားသည့် ဝိပဿနာအခြေခံပါသော မဂ္ဂသစ္စာသည်အကြောင်း ဒုက္ခအားလုံးမှ ကုန်ဆုံးလွတ်မြောက်ရာ နိရောဓသစ္စာသည် အကျိုးဟု ဆက်စပ်သိမြင်တော်မူခဲ့ပြီ မဟုတ်လော။

ထိုသစ္စပန်းလေးပွင့်၏ ရနံ့သည် ကမ္ဘာလောက၌ သင်းပျံ့ကြိုင်လှိုင်လာပေတော့မည် ဖြစ်လေသည်။

◆◆◆

(၂၃)

သုရမ္မနန်းတော်၏ ကျက်သရေတိုက်ခန်းဆောင်အတွင်းရှိ ကြိုးပြားရက် အိပ်ရာညောင်စောင်းပေါ် လဲလျောင်းနေရာမှ အသာအယာထထိုင်၍ ဆင်းလိုက်ရ၏။ လှေမ်းမကမ်းရှိ ခြသေ့ခံ သုံးချောင်းထောက် စားပွဲယပ်ဆီသို့ လျှောက်လာကာ မှက်၊ ယင် အစရှိသတ္တဝါတို့ လုံခြုံရန် ဖုံးအုပ်ထားသော သစ်စေးသရိုးကိုင် ရွှေပိန်းချ ဆန်ခါအုပ်ဆောင်းကို ဆွဲမ၍ ကြည့်လိုက်၏။ ရွှေပန်းကန်သုံးချပ်ဖြင့် ပြင်ဆင်ထားသော သဘော်၊ သစ်တော်နှင့် လိမ္မော်သစ်သီး သုံးမျိုးက စားသုံးရန်အဆင်သင့်စိတ်ပြီး၊ လှီးဖြတ်ပြီး၊ မွှာထားပြီး ဖြစ်သည်ကို တွေ့ရ၏။ စားဖို့ဆောင်အမှုတော်ထမ်း ညီမငယ်တို့ကား သူတို့တာဝန်ကို ကျေပွန်ကြဖေသည်ဟု ဘဝင်ကျသွားရ၏။ သူတို့ ဘယ်အချိန်က လာထားသွားမှန်းပင် မသိလိုက်။ ဧကန္တ စောစောပိုင်း နေ့လယ်ခင်း တစ်ရေးမှေးခနဲ မှေးစက်သွားမိခိုက် လာရောက်ပို့ဆောင် ပြင်ဆင်ထားခဲ့တာဖြစ်မည်ဟု သိလိုက်သည်။ ပြတင်းမှတစ်ဆင့် ပြင်ပသို့ လှမ်းကြည့်လိုက်တော့ မှုန်းတိမ်းနေရောင်ကို မြင်ရ၏။

စက်ရာခန်း၏ရှေ့ဘက် စကြံလမ်း၏ ခပ်ဝေးဝေးဆီမှ လွင့်လာသော ခိုးခိုးခစ်ခစ် ရယ်မောသံကလေးကြောင့် ဖျတ်ခနဲ မျက်လုံးတွေ ပွင့်သွားကာ နိုးထလာခဲ့ခြင်းဖြစ်သည်။ ခဏချင်းမှာပင် ခိုးခိုးခစ်ခစ် ရယ်မောသံကလေးနှင့် ကြင်နာစွာ ချော့မြူသံတို့ ရောထွေးလျက် စက်ရာခန်း၏ တံခါးဝမှ အရိပ်နှစ်ခု ဝင်ရောက်လာကြ၏။ အထိန်းတော်ကြီး မယ်ဘဒ္ဒါနှင့် သားတော်ငယ်ကလေး ရာဟုလာ။ အထိန်းတော်ကြီးက ရာဟုလာ၏ လက်ကိုဆွဲလျက် ရာဟုလာက ရွှင်မြူးစွာ ရယ်မောလျက်။

'ဟော..အရှင်မ၊ စက်ရာက နိုးနေနှင့်ပြီကော'

အရီးတော် မယ်ဘဒ္ဒါက လှမ်းပြောလိုက်သည်။

'ဟုတ်တယ် အရီးတော်၊ သားတော်ကလေး ရယ်သံက ဟိုးအဝေးကြီးကတည်းက လွင့်လာတာနဲ့ နိုးလာတာပဲ။ သားတော်မျက်နှာကို မြင်ရတာတော့ အတော်အူမြူးနေပုံပဲ။ ဘာတွေများ သဘောကျနေပါလိမ့်မလဲ'

ယသော်ဓရာက သားတော်ကလေး၏ မျက်နှာကို လှမ်းကြည့်ရင်း မေးလိုက်သည်။

'အမယ်မင်း..မပြောချင်တော့ပါဘူး အရှင်မရယ်။ အထိန်းတော် ရဲရွှေတော် သူငယ်မတွေနဲ့ ရှာရှာဖွေဖွေ ကစားနေလိုက်တာ ကလိထိုးတမ်းတဲ့။ သူငယ်မတွေက တစ်လှည့်ဝိုင်းထိုးလိုက် သူကလွတ်အောင် ပတ်ပြေးရင်းကြုံရာ ရဲရွှေတော်ကို ကလိထိုးလိုက်နဲ့ ရယ်လိုက်ကြတာ တသောသော။ ကလေးမတွေလည်းမော သူလည်းမောတော့မှ မနည်းချော့ခေါ်လာခဲ့ရတယ်'

www.burmeseclassic.com

အထိန်းတော်ကြီး မယ်ဘဒ္ဒါက ရယ်မြူးသံတစ်ဝက်ဖြင့် ရှင်းပြ၏။ ပြီးနောက် အသင့်ပြင်ဆင်ပြီးဖြစ်သော သစ်သီးပန်းကန်များကို စားပွဲငယ်ပေါ်မှ ဆွဲယူကာ သားတော်ကလေး ရာဟုလာရှေ့သို့ ချပေးလိုက်၏။ နေ့လယ်နေ့ခင်းတိုင်းတွင် စားဖိုဆောင်မှ မောင်းမများက ရာဟုလာကလေး ကစားပျော်ပါးပြီး ဝမ်းဟာနေချိန်တွင် အဆာပြေစားသောက်ဖွယ် သစ်သီးများ၊ မုန့်များကို အမြဲပြင်ဆင်ပေးကြရလေ့ရှိသည်။ အထိန်းတော်ကြီး မယ်ဘဒ္ဒါက နေ့ခင်းတိုင်းပင် စောင့်ကြပ်ကြည့်ရှုကာ အဆာပြေ သရေစာ တစ်မျိုးမျိုးကို ကျွေးမွေးမြဲဖြစ်သည်။

'ဘွားတော်ဘဒ္ဒါ..သားတော်က ဒီသစ်သီးတွေကို နည်းနည်းစီစားပြီးရင် ပြန်သွားပြီး ကစားဦးမှာနော်။ သူတို့ကလည်း သားတော် ပြန်အလာကို ကစားဖို့စောင့်နေကြဦးမှာ။ လူစုမခွဲကြနဲ့ဦးလို့ သားတော် မှာခဲ့တယ်'

ရာဟုလာလေးက သစ်သီးပန်းကန်များထဲမှ သစ်သီးစိတ်တွေကို တစ်လှည့်စီ စားနေရင်းမှ ပြောလိုက်သည်။

'သားတော်ကလေး သဘောတော်အတိုင်းပဲတဲ့ တော်ရေ။ အခုတော့ စားစရာရှိတာကို ဝမ်းအဟာပြေ စားစမ်းပါဦး။ ပြီးမှ ထပ်သွားပြီး ကစားတာပေါ့'

အထိန်းတော်ကြီးနှင့် ယသော်ဓရာတို့က ရာဟုလာကို ပြုံး၍ကြည့်နေကြသည်။ မည်သို့ဖြစ်စေ သားတော်ကလေး ဤသို့ပြုံးရွှင်ပျော်မြူးနေတာကို မြင်ရတာကိုပဲ ယသော်ဓရာ ဝမ်းမြောက်မိသည်။ ရာဟုလာကလည်း ယသော်ဓရာ စံမြန်းရာ နန်းဆောင်တစ်ဆောင်လုံး၏ အသည်းကျော်ကလေးဖြစ်နေသည်။ ရှိရှိသမျှသော မောင်းမမိဿံ အခြွေအရံများ၊ အထိန်းအယတော်များ အားလုံးကပင် ရာဟုလာကို ဖူးဖူးမှုတ် အလိုလိုက် ချစ်ခင်ကြသည်။ ထိုချစ်ခြင်းသည် သာမန်မျှသာမဟုတ်။ ကရုဏာ



တရားပါ ရောနှောနယ်ထားသော ချစ်ခြင်းမျိုး ဖြစ်ကြသည်။

မှန်ပါသည်။ စင်စစ်၌ ရာဟုလာကလေးသည် စတင်မွေးဖွားလာပြီဟု ဆိုကတည်းက ဖခမည်းတော်နှင့် ကင်းကွာခဲ့ရသူကလေး မဟုတ်လား။ အရှင်မင်းသား သိဒ္ဓတ္ထသည် တောထွက်တော်မူသွားပြီးနောက် အနိစ္စရောက်ပြီဟူသော သတင်းမျိုးကို မကြားကြရသေးသဖြင့်သာ ဖတဆိုးသားဟု မပြောနိုင်သေးခြင်း ဖြစ်၏။ သို့ရာတွင် တကယ်မျက်ဝါးထင်ထင် မြင်တွေ့နေကြရသည့် ရာဟုလာ၏ ဘဝဖြစ်ရပ်က ဖတဆိုးသားဖြစ်စဉ်နှင့် အတူတူပင်ဖြစ်သည်။ ထို့ကြောင့် တစ်နန်းဆောင်လုံး ရှိရှိသမျှ မောင်းမမိဿံတို့က ရာဟုလာကို သနားကြသည်။ ကရုဏာသက်ကြသည်။ မိမိတို့၏ ရင်သွေးငယ်နှင့်မခြား၊ မောင်ငယ်အရင်း၊ တူငယ်အရင်းအချာနှင့်မခြား ချစ်ခင်လိုက်လျောကြသည်ချည်း ဖြစ်တော့၏။

ရာဟုလာ၏ ရုပ်ဆင်းရူပကာယ သွင်ပြင်ကလည်း အရွယ်ကလေးရလာလေ ချစ်စဖွယ်ကောင်းလာလေ ဖြစ်သည်။ ရုပ်ရည်အဆင်း၌ အများတကာတို့ထက် တင့်တယ်ခဲ့ကြသော ဖခင်နှင့် မိခင်တို့မှ ပေါက်ဖွားလာသူဖြစ်သဖြင့် အမိ၊အဖတို့ နှစ်ဦးလုံး၏ တင့်တယ်ခြင်းအမွေကို ဆက်ခံပေါင်းစု ရရှိလာသူမို့ မြင်သူတိုင်းက ချစ်ခင်ယုယလိုကြသည်။ ရုပ်ဆင်းအင်္ဂါအားဖြင့်သာ တင့်တယ်ပြေပြစ်နေသည်မဟုတ်၊ မျိုးရိုးဂုဏ်ဒြပ်အားဖြင့် တွက်စစ်လျှင်လည်း သုဒ္ဓေါဒနမင်းကြီး၏ မြေးတော်စင်စစ်၊ သိဒ္ဓတ္ထမင်းသားနှင့် ယသော်ဓရာဒေဝီတို့၏ သားတော်စင်စစ်၊ တစ်ချိန်သော အနာဂတ်ကာလ၌ ကပိလဝတ်ထီးနန်းကို သိမ်းမြန်းစံစားနိုင်မည့် ထီးညွန့်နန်းလျာကလေး တစ်ဦး ဖြစ်နေသည် မဟုတ်လော။ သည်တော့ ရာဟုလာ၏ ဘဝသည် မွေးဖခင်ရင်းချာ၏ အနီးကပ်ပြုစုစောင့်ရှောက်မှုကို မခံယူရခြင်း တစ်ချက်မှလွဲလျှင် အဘက်ဘက်မှာ လိုလေသေးမရှိပြီး ပြည့်စုံသောဘဝဟု ဆိုရမည် ဖြစ်တော့၏။

'မယ်မယ်ဘုရား..သားတော် ဗိုက်ပြည့်သွားပြီ။ သား ကစားဦးမယ်နော်'

ရာဟုလာက သစ်သီးပန်းကန်တွေရှေ့မှ ထရပ်လိုက်ကာ ခွင့်တောင်းလာသည်။ ပန်းကန်တွေထဲမှာတော့ ပန်း

www.burmeseclassic.com

www.burmeseclassic.com

အန်တိုင်းမှာပင် တစ်ဝက်စီမျှ ကျန်နေသေးသည်။

'ဒီလောက်ကလေးတော့ ကုန်အောင်စားလိုက်ပါ သားတော်လေးရယ်။ စားပြီးမှ သွားတာပေါ့'

'တကယ်ဝပြီ မယ်ဘုရားရဲ့။ ကစားဖော်တွေက သားတော်ကို စောင့်နေကြမှာ"

ရာဟုလာကလေးမှာ ကစားပွဲကို အာလယပြတ်ပုံ ရေသဖြင့် ယသော်ဓရာ ခေါင်းညိတ်၍ ခွင့်ပြုလိုက်ရ၏။ ခွင့်ပြုချက်ရသည်နှင့်ပင် ပေါးခနဲအော်ကာ တိုက်ခန်း ဆောင်ထဲမှ လှစ်ခနဲ ပြန်ပြေးထွက်သွားတော့သည်။

'ဒီကနေ့ ကစားပွဲကို သူ တော်တော်ပျော်ပုံရတယ် အရှင်မရဲ့။ ပြုံးရွှင်ပျော်မြူးနေတာပဲ'

အထိန်းတော်ကြီးက ရာဟုလာ၏ အနေအထားကို အကဲဖြတ်သလိုပြော၏။ တစ်ဆက်တည်းပင် သစ်သီးပန်း အန်များကို ပြန်လည်နေရာချထား၏။

'အရှင်မလည်း အကဲခတ်မိပါတယ် အရီးတော်။ အင်း..သားတော်လေး အဲသလို ရွှင်ရွှင်လန်းလန်း ရှိနေတာကိုပဲ မြင်ချင်ပါတယ် အရီးတော်ရယ်။ ဘာလိုလိုနဲ့ သားတော်ကလေးတောင် (၆)နှစ်သားအရွယ်ကို ရောက်ခဲ့ပြီနော်။ နံနက်ပိုင်းမှာလည်း ဝေဒကျမ်းစာတွေကို စပြီး သင်ယူနေရပြီ။ ဒါတွေကို မောင်တော်ကတော့ သိလိမ့်မယ် မဟုတ်ဘူးနော်'

ယသော်ဓရာ၏ လေသံက အဆုံးသတ်တွင် ဆွေးမြည့်သွားသည်။ အထိန်းတော်ကြီး မယ်ဘဒ္ဒါလည်း ရင်ထဲ နင့်ခနဲဖြစ်သွားကာ ရုတ်တရက် ပြန်လည်ပြောစရာ စကားလုံးရှာမရဘဲ ဖြစ်သွားသည်။ အနီးကပ် အပါးတော်မြဲ အထိန်းတော်ကြီးအဖြစ် တာဝန်ယူနေသော်လည်း မယ်ဘဒ္ဒါသည် ယသော်ဓရာကို သမီးရင်းတမျှ ချစ်ခင်ကြင်နာသူ ဖြစ်၏။ သားတော်ကလေးကို မီးဖွားပြီးစ သွေးနုနု သားနုနု အချိန်ပိုင်း ရက်ပိုင်းထဲတွင်ပင် အချစ်ဆုံးသူ၏ စွန့်ပစ်ထားရစ်ခဲ့ခြင်း ခံခဲ့ရသူမို့ စာနာခြင်းနှင့်တကွ သနား အရှုအာသက်၍မဆုံး ဖြစ်ခဲ့ရတာလည်း သေချာလှသည်။

အထိန်းတော်ကြီးသည် သက်ပြင်းရှည်တစ်ရှိုက်ကို ချရှိုက်ကာ ယသော်ဓရာကို လှမ်းကြည့်လိုက်သည်။ ယသော်ဓရာ၏ ညှိုးရီနေသော မျက်ဝန်းမှိုင်းမှိုင်းများကို မြင်လိုက်ရတော့ အထိန်းတော်ကြီး ရင်ထဲတွင်လည်း အုံ့မှိုင်းသွားသလိုပင်။ (၆)နှစ်တာကာလသာ တိုင်ခဲ့သည်၊ အရှင်မ ယသော်ဓရာသည် သူ့သခင် မင်းသိဒ္ဓတ်ကို တစ်နေ့တစ်ရက်မျှ မမေ့ခဲ့။ မင်းမိဖုရားတို့၏ ဣန္ဒြေဖြင့် အတည်ငြိမ်ဆုံး ထိန်းချုပ်နေထိုင်ခဲ့သည့်တိုင် တစ်ခါ, တစ်ခါ၌ သားတော်ကလေး၏ မျက်နှာကို ငေးငေးရီရီ ကြည့်ရင်း မျက်ရည်တွေ ဝိုင်းတက်လာတာမျိုး၊ စက်ရာဆောင်သို့ အရှင်မင်းသား ရောက်ရှိလာလေတိုင်း အမြဲထိုင် လေ့ရှိသည့် ကတ္တီပါဖုံး အခင်းထိုင်ခုံကို ငိုင်ငိုင်တွေတွေ စိုက်ကြည့်နေရင်းမှ ပါးပြင်နှစ်ဖက်သို့ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် စီးကျလာတာမျိုးတွေကို အထိန်းတော်ကြီးက အလိုက်တသိ မမြင်ဟန်ပြုခဲ့ရတာ အကြိမ်မရေတွက်နိုင်ခဲ့။ နှုတ်ဖျားက မဖွင့်ဟသော်လည်း ထိုပြယုဂ်တွေက အရှင်မယသော်ဓရာ၏ရင်ထဲမှ တမ်းတခြင်း၊ လွမ်းဆွတ်ခြင်း၊ ကြေကွဲသတိရခြင်းများအတွက် အသံမဲ့ ဝန်ခံချက်များပင် ဖြစ်သည်မဟုတ်လော။

'အရှင်မရယ်.. (၆)နှစ်တောင် ကြာခဲ့ပြီးမှတော့ အရှင်မရင်ထဲက ဒဏ်ရာကလည်း အနာဖေးတက်နေလောက်ပါပြီ။ စိတ်ထိခိုက်စရာတွေကို တွေးမနေပါနဲ့တော့။ သားတော် ရာဟုလာကလေးနဲ့ ပတ်သက်တဲ့ကိစ္စတွေကို အရှင်မင်းသားဟာ အခု မသိသေးဘူးပဲထား၊ တစ်ချိန်ချိန်မှာတော့ သိရှိခွင့်ကြုံလာလိမ့်ဦးမယ်လို့ အားတင်းတော်မူပါ။ သူတို့ သားအဖဟာ တစ်သက်တာ ဝေးကွာခြင်းနဲ့ ပြန်မဆုံနိုင်ကြတော့ဘူးလို့ ဘယ်သူပြောနိုင်မှာတဲ့လဲကွယ်'

အထိန်းတော်ကြီး၏ နှစ်သိမ့်စကားသံကို ကြားရသောအခါ ယသော်ဓရာက ပြုံးလိုက်သည်။ အခြေအနေက မိမိအတွက် စိတ်မကောင်းမဖြစ်ရအောင် ကိုယ်ကပင် ပြန်နှစ်သိမ့်ပေးရမလို ဖြစ်နေပြန်ပါပေါ့လားဟု တွေးလိုက်မိသောကြောင့် ဖြစ်သည်။ လူမမာသတင်း မေးလာသူ၏ စိုးရိမ်သောက ပျောက်ကင်းဖို့ လူမမာကပဲ ပြန်အားပေးရတော့မလိုမျိုး။

'အရီးတော်ရယ်..မောင်တော်တို့ သားအဖဟာ ဒီတစ်သက်မှာ ပြန်မဆုံနိုင်တော့ဘူးလို့ အရှင်မ ယုံကြည်မထားပါဘူး။ မောင်ဘုရားဟာ ဒီခရီးကို အလွတ်မဲ့ ထွက်ခွာတော်မူသွားခဲ့တာမှ မဟုတ်တာ။ သစ္စာရှိဖို့သွားတဲ့ ခရီးလေ။ အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကြီးနဲ့ ထွက်တော်မူသွားတဲ့ ခရီးဆိုတာ အရှင်မ နားလည်

www.burmeseclassic.com

ခဲ့ပါတယ်။ စွန့်ပစ်ခဲ့ရက်လေခြင်းလို့ ဆံခြည်တစ်မျှင် မြူတစ်မှုန်စာမျှတောင် မောင်တော့်အပေါ် အပြစ်မမြင်ခဲ့မိပါဘူး။ ပြီးတော့ အရှင်တော်ကို မေးရဦးမယ်။ အရှင်မနဲ့ မောင်တော်တို့ဟာ ခွဲခွာခဲ့ရပြီး ဝေးကွာသွားခဲ့ကြရပြီလို့ အရှင်တော် ထင်မြင်နေသလားဟင်'

အထိန်းတော်ကြီးအဖို့တော့ အင်မတန် ထူးခြားဆန်းကြယ်နေသော မေးခွန်းသာ ဖြစ်တော့သည်။ အထိန်းတော်ကြီးသည် အရှင်မ ယသော်ဓရာ၏ ရွှေမျက်နှာကို အဓိပ္ပာယ် ဖော်ရခက်ခဲလှသည့် ပုစ္ဆာတစ်ခုနှယ် သဘောထားမျိုးဖြင့် လှမ်းကြည့်လိုက်မိပြန်၏။ ပြီးတော့ သူနားလည်ထားမိသည့်အတိုင်းပင် ရိုးရိုးကြီး ပြန်အဖြေပေးလိုက်၏။

'အားလုံးရဲ့ မျက်ဝါးထင်ထင် ကိုယ်တိုင် အမြင်အသိတွေပဲ အရှင်မရယ်။ ဒီမေးခွန်းက မေးစရာလား။ အရှင်မနဲ့ အရှင်မင်းသားတို့ ခွဲခွာခဲ့ကြ၊ ဝေးကွာခဲ့ကြရတာဟာ သားတော်လေးရာဟုလာရဲ့ တစ်သက်ပါပဲ။ (၆)နှစ်ကျော်ခွဲခွာခဲ့ကြရတာကို ဟောဒီကပိလဝတ်တစ်ပြည်လုံးသိကြတာပဲ မဟုတ်ဘူးလားကွယ်'

သည်တော့ ယသော်ဓရာ၏ နှင်းဆီဖူးနှုတ်ခမ်းလွှာတွင် အပြုံးတစ်စ တွဲခိုလာ၏။ ထို့နောက် ညင်သာစွာခေါင်းခါယမ်းပြလေသည်ကို အထိန်းတော်ကြီး မယ်ဘဒ္ဒါ အံ့အားတသင့် တွေ့မြင်လိုက်ရလေသည်။

'အရှင်တော်အပါအဝင် တစ်နန်းဆောင်လုံးကလူတွေ၊ နောက်ဆုံး ဟောဒီကပိလဝတ်ပြည် တစ်ပြည်လုံးကလူတွေ အားလုံးက အရှင်မတို့ရဲ့ အပြင်ဗဟိဒ္ဓသဏ္ဌာန်တွေကို ကြည့်မြင်သုံးသပ်ပြီး ဆုံးဖြတ်ခဲ့ကြတာကိုး။ မှန်ပါတယ်။ ပြင်ပက အမြင်အရတော့ မောင်တော်နဲ့ အရှင်မတို့ဟာ သားတော်လေးရဲ့ တစ်သက်တာနဲ့အမျှ ဝေးကွာခွဲခွာနေခဲ့ကြရတာပါပဲ။ ဒါပေမဲ့ အရှင်မတို့နှစ်ဦးရဲ့ အတွင်းသရုပ်စိတ်ခံစားမှုတွေကတော့ ဘယ်တုန်းကမှ မကွဲကွာခဲ့ကြဘူး။ မခွဲခွာခဲ့ကြဘူး။ အမြဲတမ်း တစ်သားတည်း တစ်ထပ်တည်း ရှိနေခဲ့ကြတယ် အရှင်တော်။ သိဒ္ဓတ္ထနဲ့ ယသော်ဓရာဟာ ဘယ်အခါကမှ မဝေးကွာခဲ့ကြပါဘူး။ အဲဒါကို အရှင်တော် ယုံနိုင်ပါ့မလား'

'ဟင်..ဘယ်အခါကမှ မဝေးကွာခဲ့ကြဘူး၊ ဟုတ်လား အရှင်မ'

အထိန်းတော်ကြီးသည် အံ့အားတသင့်ပင် ရုတ်ခြည်းပြန်မေးခွန်းထုတ်မိသွားရ၏။ ယသော်ဓရာသည် သိမ်မွေ့သော အပြုံးနှင့်အတူ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် အရှင်တော်။ အဲဒါကို အရှင်မ ရှင်းပြပါ့မယ်။ လောကရဲ့ အထွတ်အထိပ်သော အောင်မြင်မှုကို ရောက်ရှိပြည့်စုံနိုင်ဖို့ကိစ္စမှာ အရေးအကြီးဆုံး စိတ်ပိုင်းဆိုင်ရာ အင်အားနှစ်ရပ်ရှိဖို့ ပေါင်းစပ်နိုင်ဖို့လိုတယ်။ အဲဒီအင်အားနှစ်ရပ်က တခြားမဟုတ်ဘူး။ ကရုဏာနဲ့ ပညာပဲ။ ကရုဏာဆိုတာ အမျိုးသမီးတို့ရဲ့ အတွင်းသရုပ်ဖြစ်တယ်။ ကရုဏာကိုသာ အစိုင်အခဲပြုလုပ်နိုင်ခဲ့ရင် အပြင်သဏ္ဌာန်အားဖြင့် အမျိုးသမီးပဲ ဖြစ်လာလိမ့်မယ်။ ဒီလိုပဲ၊ ပညာကိုသာ အစိုင်အခဲပြုလုပ်နိုင်ခဲ့ရင် အပြင်သဏ္ဌာန်အနေနဲ့ အမျိုးသားပဲ ဖြစ်လာလိမ့်မယ်။ သင်္ကေတအနေနဲ့ ထပ်တူဥပမာပြုရရင် လမင်းကြီးဟာ အမျိုးသမီးတို့ရဲ့ သင်္ကေတဆိုရင် နေမင်းကြီးဟာ အမျိုးသားတို့ရဲ့ အထိမ်းအမှတ်ပဲ။ နေမင်းနဲ့ လမင်းနှစ်ပါးစုံမှ လောကသတ္တဝါတို့ကို ကျေးဇူးပြုနိုင်သလို အမျိုးသားနဲ့ အမျိုးသမီး နှစ်ပါးစုံမှ လောကရဲ့ သတ္တဝါစုတွေ ဖြစ်ထွန်းကြီးပွားလာကြရတယ်။ အဲဒီကရုဏာနဲ့ ပညာ နှစ်ရပ်တို့ရဲ့ ပေါင်းစည်းမှု စွမ်းအားကတော့ တစ်သားတည်း တစ်ထပ်တည်းသာ ဖြစ်တယ် အရှင်တော်။ ဒါကိုပဲ အဒွိတ္တလို့ ဆိုတာပဲ'

'အလို..အဒွိတ္တတဲ့လား အရှင်မ'

အထိန်းတော်ကြီးသည် အရှင်မ၏ စကားကို သံယောင်လိုက်၍ မေးလိုက်မိပြန်၏။ ဤနေ့အဖို့တွင် အထိန်းတော်ကြီးမှာ အရှင်မ ယသော်ဓရာထံမှ လေးနက်သော စကားတွေကိုသာ ပါးစပ်အဟောင်းသားဖြင့် ကြားနာနေရ၏။ အရှင်မ ယသော်ဓရာ၏ မျက်နှာမှာ အထူးတည်ကြည်လေးနက်သော အသွင်ကို ဆောင်နေ၏။

'ဟုတ်တယ် အရှင်တော်။ အရှင်တော်အပါအဝင် လောကဝန်းကျင်က လူအများရဲ့ အမြင်မှာတော့ သိဒ္ဓတ္ထမင်းသားကသတ်သတ်၊ ယသော်ဓရာဒေဝီကသတ်သတ် တစ်ဦးတစ်ယောက်စီ သီးခြားခွဲပြီး မြင်နေကြမှာပဲ။ ရုပ်ပိုင်းအနေနဲ့က သတ်သတ်စီ ဝေးကွာခွဲခွာနေကြရတာကိုပဲ မြင်နေကြရမှာပဲ။ ဒါပေမဲ့ ဒြပ်မဲ့ပိုင်း အတွင်းသရုပ်သကန် ခံစားမှုအားဖြင့်ကတော့ ယသော်ဓရာမှာရှိနေတဲ့ ကရုဏာအင်အားနဲ့ သိဒ္ဓတ္ထမင်းသားမှာရှိနေတဲ့ ပည



www.burmeseclassic.com

www.burmeseclassic.com



အင်အား နှစ်ရပ်ဟာ တစ်ခုတည်းသော စွမ်းအားအဖြစ်နဲ့ ပေါင်းစပ်နေကြတယ်။ ဒါကိုပဲ တစ်သားတည်း တစ်ထပ်တည်းရှိတဲ့ အဒွိတ္တလို့ပြောတာ။ အဒွိတ္တဆိုတဲ့သဘောက သုခနဲ့ ဒုက္ခတို့မှာလည်း တစ်ထပ်တည်းပဲ။ ပေါင်းသင်းခြင်းနဲ့ ကွေကွင်းခြင်းမှာလည်း တစ်ထပ်တည်းပဲ။ အဲဒီ အဒွိတ္တသဘောကို ခန္ဓာကိုယ်နဲ့ ခွဲသော်လည်း ခွဲလို့မရနိုင်ဘူး။ အချိန်ကာလအားဖြင့် ခွဲသော်လည်း ခွဲလို့မရဘူး။ ဒေသအားဖြင့် ခွဲသော်လည်း ခွဲလို့မရဘူး။ နောက်ဆုံး ဘဝအားဖြင့် ခွဲသော်လည်း ခွဲလို့မရနိုင်ဘူး။ အရှင်မနဲ့ မောင်တော် သိဒ္ဓတ္ထတို့ဟာ အဲဒီ အဒွိတ္တသဘောမှာ ထပ်တူ ပျော်ဝင်နေခဲ့ကြသူတွေသာဖြစ်တယ်။ ဒါကြောင့် ဆုပ်ကိုင်ပြသနိုင်စရာ ရုပ်ဒြပ်အားဖြင့် အရှင်မ အနီးမှာ မရှိပေမယ့် မောင်တော်ဟာ အရှင်မနဲ့ အနီးဆုံးမှာ အမြဲရှိနေခဲ့တာပဲ အရှီးတော်။ ဒီအသိတရားနဲ့ (၆)နှစ်တာကာလကို အရှင်မ ဖြတ်သန်းခဲ့တာလေ။ မောင်တော်နဲ့ အရှင်မတို့ဟာ ခန္ဓာကိုယ်အားဖြင့် နှစ်ပါးဒွိတ္တဖြစ်ပေမယ့် စိတ်အားဖြင့်တော့ အဒွိတ္တတစ်သားတည်းပါပဲ အရှီးတော်'

အထိန်းတော်ကြီး မယ်ဘဒ္ဒါ၏ ပါးပြင်နှစ်ဖက်ဆီသို့ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်စီးကျလာကြလေသည်။ လှိုက်လှဲနက်ရှိုင်းလှသော ဝမ်းမြောက်မှုမှ ပေါက်ဖွားလာသော မျက်ရည်များ၊ ဝမ်းသာလွန်းလို့ကျတဲ့ မျက်ရည်ပါ အရှင်မဟု ပြောစရာမလိုပေမယ့် အထိန်းတော်ကြီး မချုပ်တည်းနိုင်၊ နှုတ်ဖျားမှ ပွင့်အံကျလာသည်။

'အရှင်မရယ်‥ဒီစကားတွေ ကြားသိရတာ အရှီးတော် ဝမ်းသာလိုက်တာ။ ဒါ‥ဒါဆို အပြင်ရုပ်ဒြပ်အားဖြင့် အထီးကျန်နေခဲ့ရပေမယ့် အရှင်မရဲ့ရင်ထဲ အသည်းနှလုံးထဲမှာတော့ အထီးကျန်မနေခဲ့ဘူးပေါ့နော်'

'အရှီးတော်ရယ်‥အရှင်မဟာ မောင်တော်သိဒ္ဓတ္ထအရှင်ရဲ့ ပါရမီဖြည့်ဖက် မဟုတ်ဘူးလား။ ပါရမီဖြည့်ဖက်ဆိုတာ နောက်တွန့်ရိုးထုံးစံ မရှိရဘူးလေ။ ဒါဟာ အရှင်မရဲ့ မောင်တော်အပေါ် ထားရှိတဲ့ ချစ်ခြင်းမေတ္တာ ရေချိန်ပဲပေါ့။ အရှီးတော် သတိထားမိချင်မှ ထားမိတယ်။ အရှင်မဟာ မောင်တော်သိဒ္ဓတ္ထနဲ့ အမြဲတမ်း တစ်သားတည်း တစ်ထပ်တည်း ရှိနေကြောင်း အရှင်မရဲ့ အပြုအမူတွေ၊ ဆုံးဖြတ်ချက်တွေက ပြသခဲ့ပြီး ဖြစ်နေမှာပါ'

'ဘယ်လိုအပြုအမူတွေ၊ ဆုံးဖြတ်ချက်တွေကို ညွှန်းဆိုတာလဲ အရှင်မရယ်'

အထိန်းတော်ကြီးက မေးခွန်းထုတ်လိုက်၏။ စင်စစ်၌ ယသော်ဓရာအရှင်မနှင့် အနီးကပ်ဆုံး နေထိုင်လာခဲ့သူမို့ ယသော်ဓရာ၏ ပြောင်းလဲခဲ့သော အပြုအမူများကို သိရှိပြီးဖြစ်သည့်တိုင် ကာယကံရှင်၏ ဖွင့်ဟအတည်ပြုချက်ကို ကြားသိလို၍ မေးမြန်းလိုက်မိခြင်းလည်း ဖြစ်လေသည်။

ယသော်ဓရာ၏ မျက်ဝန်းတို့သည် နက်ရှိုင်းသော ခံစားမှု တစ်ရပ်၏ တွန်းအားဖြင့် ညို့ရီဝေမှိုင်းသွားကြ၏။ ထိုမျက်ဝန်းများသည် အရှင်မတစ်ကိုယ်တည်း အင်အားမွေးမြူ ဖြတ်သန်းခဲ့ရသော (၆)နှစ်တာကာလရှည်ကြီးသို့ ပြန်လည်ကျက်စား ဆင်ခြင်မှုအရိပ်များ လွှမ်းကဲလျက်ရှိသည်ကို ဖော်ပြလျက်ရှိသည်။

'အရှီးတော်လည်း သိတဲ့အတိုင်းပဲလေ။ မောင်တော်ဟာ ဟောဒီ ကပိလဝတ်ပြည်နဲ့ အင်မတန်အလှမ်းကွာဝေးတဲ့ ဘယ်ဆီဘယ်ဝယ် မသိတတ်နိုင်တဲ့ တောမြိုင်ဒေသတွေမှာ ကျင်လည်နေခဲ့တာ လပေါင်းများစွာကြာတဲ့ အခါ်စ်ချိန်တစ်ခါလောက်မှ သူ့သတင်းကို အရှင်မတို့ သဲ့သဲ့ကြား



www.burmeseclassic.com

www.burmeseclassic.com

ကြရတာ။ ဒါတောင် ကံကောင်းလွန်း တိုက်ဆိုင်လွန်းမှ ကြားကြရတာ မဟုတ်လား'

'မှန်ပါတယ် အရှင်မ'

ယသော်ဓရာက ပင့်သက်ရှည်တစ်ရှိုက်ကို ချလိုက်၏။ ပြီးမှ စကားကို ဆက်၏။

'ဒါပေမဲ့ အရှင်မဟာ မေ့လောက်မှတစ်ခါ ဆိုသလို ရံဖန်ရံခါမှ ကြားသိလာရတဲ့ မောင်တော့်ရဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ အမှုမဲ့အမှတ်မဲ့ မထားခဲ့၊ မနေခဲ့ဖူးဘူးလေ။ အရှင်တော် ပြန်စဉ်းစားကြည့်ပါ။ အရှင်မရဲ့ ပြောင်းလဲပစ်ခဲ့တဲ့ အပြုအမူတွေနဲ့ ဆုံးဖြတ်ချက်တွေကို ပြန်သတိရလာပါလိမ့်မယ်။ မောင်တော်ဟာ ဖန်ရည်စွန်းတဲ့ အဝတ်ကိုပဲ ဝတ်ရုံတော်မူပြီဆိုတဲ့ သတင်းကို ကြားသိရတဲ့ အချိန်ကစလို့ အရှင်မလည်း အခြားသော အဖိုးထိုက်တန်တဲ့ အဝတ်တန်ဆာတွေကို စွန့်ပယ်ပြီး ဖန်ရည်စွန်းတဲ့ အဝတ်ကိုပဲ ပြောင်းလဲဝတ်ဆင်ခဲ့တယ် မဟုတ်လား။ တစ်ဖန် မောင်တော်ဟာ အာဟာရအဖြစ် ဆွမ်းတစ်ထပ်သာ မှီဝဲတော့ကြောင်း ကြားသိလာရတာနဲ့ အရှင်မလည်း ထမင်းတစ်ထပ်သာ သုံးဆောင်ခဲ့တော့တယ် မဟုတ်လား။ အဲဒီနောက် မောင်တော်ဟာ ညှံ့သက်မြင့်မြတ်တဲ့ အိပ်ရာနေရာတို့ကို စွန့်ပစ်ပြီဆိုတာကို ကြားသိလာရပြန်တာနဲ့ အရှင်မလည်း နူးညံ့အိစက်တဲ့ ကတ္တီပါဖုံး အခင်းအိပ်ရာကို စွန့်ပယ်ပြီး ကြိုးပြားရက်အိပ်ရာညောင်စောင်းမှာသာ ဆင်းသက်အိပ်စက်ခဲ့တယ် မဟုတ်လား။ သည်မျှသာ မဟုတ်ပါဘူး၊ မောင်တော်ဟာ ပန်းနံ့သာတို့ကို ရှောင်ကြဉ်ကြောင်း သတင်းရောက်လာပြန်တော့ အရှင်မလည်း နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်းတို့ကို ရှောင်ကြဉ်ခဲ့တာပဲ မဟုတ်လား။ အဲဒီပြောင်းလဲမှုတွေ၊ အပြုအမူတွေဟာ အကြောင်းမဲ့ အလွတ်မဲ့ ဖြစ်ပေါ်လာခဲ့တာတွေလို့ အရှင်တော် ထင်မြင်သလားဟင်'

အထိန်းတော်ကြီး၏ရင်၌ ဆွတ်ကျင်လွမ်းမောသွားရတော့၏။ တစ်ဆက်တည်းပင် အရှင်မ ယသော်ဓရာ ပြောဆိုသွားခဲ့သော ပြောင်းလဲမှုအဖုံဖုံကိုလည်း ပြန်လည်မြင်ယောင်လာရတော့၏။

'အခု အရှင်မ မိန့်တော်မူခဲ့တာတွေဟာ စောစောက အရှင်မမိန့်ဆိုခဲ့တဲ့ တစ်သားတည်း၊ တစ်ထပ်တည်းသော အဒ္ဓိဋ္ဌာသဘောကြောင့် ဖြစ်ပေါ်လာခဲ့တာတွေဆိုတာကို အရှင်တော် ကောင်းကောင်းကြီး သဘောပေါက် နားလည်သွားခဲ့ပါပြီ အရှင်မရယ်။ ဒီလိုဆိုတော့ အရှင်မနဲ့ အရှင်မင်းသားတို့ဟာ ခန္ဓာကိုယ်ခြိပ်အားဖြင့် ဝေးခဲ့ကြပေမယ့် ဝေးသည် မဆိုနိုင်တော့ဘူးပေါ့'

'ဒါပဲပေါ့ အရှင်တော်ရယ်။ အရှင်မဟာ မောင်ဘုရားတောထွက်တော်မူသွားတဲ့ နေ့ကစပြီး ယနေ့အချိန်အထိ မပျက်မကွက်ပြုခဲ့တဲ့ အဓိဋ္ဌာန်နှစ်မျိုးပဲ ရှိခဲ့ပါတယ်။ အဲဒါက မောင်တော်ဘုရားရဲ့ ရည်ရွယ်ချက်တွေ ပြည့်ဝပါစေလို့ ဆုတောင်းပေးနေတာရယ်၊ သားတော်ကလေး ရာဟုလာကို အမိရဲ့ချစ်ခြင်းရော အဖရဲ့ချစ်ခြင်းရော နှစ်ရပ်စလုံးနဲ့ ပြုစုစောင့်ရှောက်မယ် ဆိုတာရယ်ပါပဲ'

'အရှင်မရယ်··အရှင်မရဲ့ ချစ်ခြင်းမေတ္တာတွေကို ထွက်တော်မူသွားခဲ့တဲ့ အရှင်သိဒ္ဓတ္ထမင်းသား သိစေချင်လိုက်စမ်းပါဘိတော့တယ်ကွယ်'

အထိန်းတော်ကြီးသည် ဆို့ဆို့နှင့်နင့် တောင့်တောင့်တတကြီးပင် ခံစားရသည့်အတိုင်း ဆန္ဒပြုလိုက်မိချေတော့၏။ အရှင်မ ယသော်ဓရာ၏ နက်ရှိုင်းလှသော မေတ္တာထုထည်ကို ကြားသိရသောအခါ အထိန်းတော်ကြီးမှာ မချိတင်ကဲ ယူကျုံးမရခံစားမှုနှင့်အတူ ပုလဲသီ တစ်ကွဲစီဖြစ်နေရသော အရှင်မတို့ ဖြစ်စဉ်ကြီးအတွက် ဘယ်သူ့ကို အပြစ် ရှာရမှန်းမသိ၊ မည်သူ့ကို တရားခံယိုးစွပ်ရမှန်း မသိနိုင်သည့် သောင်မတင်ရေမကျ ဒေါမနဿဝေဒနာတို့သာ ဆူလှိုက်လာရတော့လေသည်။

ထိုအခိုက်မှာပင် အရှင်မ ယသော်ဓရာက မိန့်မြွက်လိုက်၏။ အပြင်းပြဆုံးသော တုန်ခိုင်းမဲ့ယုံကြည်ချက်ဖြင့် ဖွင့်ဆိုလိုက်သော စကားဟု လေသံအကြားနှင့်ပင် အထိန်းတော်ကြီး နှလုံးသားမှာ တုန်ခိုက်သွားရ၏။ အရှင်မ၏ စကားက တံကယ့်ကို ရဲရဲရင့်ရင့်။

'စိတ်မပူပါနဲ့ အရှင်တော်။ ယောဒီ ကမ္ဘာမြေမှာ ယသော်ဓရာရဲ့ ချစ်ခြင်းမေတ္တာကို အနက်ရှိုင်းဆုံး သိသူဟာ မောင်တော်သိဒ္ဓတ္ထမင်းသားပဲ ဖြစ်ပါတယ်။ သူ့ထက် ဘယ်သူမှ ပိုမသိနိုင်ဘူး ဆိုတာကို အရှင်တော် စိတ်ချလက်ချ ယုံကြည်ထားလိုက်ပါတော့။ အဲဒါ ယသော်ဓရာရဲ့ သစ္စာစကားပါပဲ အရှင်တော်'

(ဆက်လက်ဖော်ပြပါမည်)

**နန္ဒာစိုး(ဆင်ဖြူကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com

ဤ၊လူ့လောကကြီးတွင် အချို့မှာ အသက်တို၍ အချို့မှာ အသက်ရှည်ကြသည်။ အချို့မှာ အနာရောဂါများ၍ အချို့မှာ အနာရောဂါ ကင်းရှင်းကြသည်။ အချို့မှာ အရုပ်ဆိုး၍ အချို့မှာ အဆင်းလှကြသည်။ အချို့မှာ တန်ခိုးအာဏာ နည်းပါး၍ အချို့မှာ တန်ခိုးအာဏာ ကြီးကြသည်။ အချို့မှာ ဥစ္စာမဲ့ပြီး ဆင်းရဲကြ၍ အချို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝကြသည်။ အချို့မှာ အမျိုးယုတ်၍ အချို့မှာ အမျိုးမြတ်ကြသည်။ အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါး၍ အချို့မှာမူ ဉာဏ်ပညာ ကြီးမားကြသည်။

အဖေတူ၊ အမေတူ တစ်မိသားစုတည်းပင် ဖြစ်ကြသော်လည်း အထက်ဖော်ပြပါ ကွဲပြားခြားနားသော အခြေအနေများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ဒေသမရွေး၊ ကျား,မ မရွေး တွေ့ကြုံလေ့ရှိတတ်သည်။

ဤကွဲပြားခြားနားသော အခြေအနေများမှာ ယခုခေတ်မှသာ ကြုံတွေ့ရသော ပြဿနာမဟုတ်။ ဘုရားရှင် လက်ထက်တော်ကပင် ကြုံတွေ့ခဲ့ကြရသည်။ ဘုရားရှင် လက်ထက်တော်တုန်းက သုဘာလုလင်သည် လူချင်းတူပါလျက် တစ်ဦးနှင့်တစ်ဦး အကျိုးပေး မတူကြပုံ၊ ကွဲပြားခြားနားပုံကို မြင်ရသဖြင့် ဘုရားရှင်ကို လျှောက်ထားခဲ့သည်။

သုဘာလုလင်၏ အမေးနှင့် ဘုရားရှင်၏ ဖြေကြားပုံတို့ကို ဆက်လက်၍ ဖော်ပြအပ်ပေသည်။



# မောင်ညာဏ်စိန်

## မြတ်ဗုဒ္ဓနှင့် သုဘာလုလင်



www.burmeseclassic.com

www.burmeseclassic.com

**လူချင်းတူပါလျက် အဘယ်ကြောင့် အချို့မှာ အသက်တို၍ အချို့က အသက်ရှည်ပါသနည်း။**

ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျားတို့သည် သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာကင်းလျက် ရက်စက်ဆိုးဝါး သူ့များအသက်ကို သတ်ဖြတ်လေ့ရှိကြသည်။ ထိုသူမျိုး သေလျှင် ငရဲသို့ ရောက်ရတတ်၏။ ငရဲသို့မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ကြာရှည်နေခွင့်မရ အသက်တိုကြလေသည်။ ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျားတို့ကား သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာအား ကြီးမားလျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြ၏။ ထိုသူမျိုးစုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်လည်း အသက်ရှည်စွာ တည်နေရပေသည်။

**အဘယ်ကြောင့် အချို့မှာ အနာရောဂါ များ၍ အချို့မှာ အနာရောဂါ ကင်းရှင်းပါသနည်း။**

ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျားတို့သည် တစ်ပါးသော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊ တုတ်၊ ဓား စသောလက်နက်ဖြင့်သော်လည်းကောင်း ညှဉ်းဆဲလေ့ရှိကြသည်။ ထိုသူမျိုး သေလျှင် ငရဲသို့ ကျတတ်၏။ ငရဲသို့မကျဘဲ လူ့ပြည်သို့ ရောက်လျှင် ရောဂါထူပြော အနာပေါလေသည်။ ထိုကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှု မရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည် မရောက်ဘဲ လူ့ပြည်ရောက်လျှင်ကား အနာရောဂါ ကင်းရှင်းရပေသည်။

**အဘယ်ကြောင့် အချို့မှာ အရုပ်ဆိုး၍ အချို့မှာ အဆင်းလှပါသနည်း။**

ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျားတို့သည် အလွန်ဒေါသကြီးကြ၏။ အနည်းငယ် စကားပြောစရာရှိလျှင် သူတစ်ပါးကို ထိပါးပုတ်ခတ်၍ ပြောလေ့ရှိကြ၏။ ထိုသူမျိုး သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်လျှင် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်လေသည်။ ထိုကဲ့သို့ ဒေါသမထွက်ဘဲ စိတ်စက်ကြည်လင် အစဉ်အေးမြသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ နတ်ပြည်သို့မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ကြည်လင်လှပသော အဆင်းကို ရပေသည်။

**အဘယ်ကြောင့် အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာနည်းပါး၍ အချို့မှာ တန်ခိုးအာဏာ ကြီးမားသနည်း။**

ဤလောက၌ အချို့သော ယောက်ျား၊ မိန်းမတို့သည် ဣဿာအား ကြီးကြ၏။ ဤသူမျိုး သေလျှင် ငရဲသို့ကျတတ်၏။ ငရဲသို့မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ခြွေရံစိုးမိုး တန်ခိုးနည်းပါးလေသည်။ ထိုကဲ့သို့ ဣဿာ မရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ပြန်လျှင် နာမည်ကျော်ကြား ခြွေရံများ၍ တန်ခိုးအာဏာ ဩဇာကြီးမားလေသည်။ (ဣဿာဟူသည်မှာ သူတစ်ပါး၏ ကံ၊ ဉာဏ်၊ ဝီရိယအားလျော်စွာ စည်းစိမ်ဥစ္စာပေါများခြင်း၊ ဂုဏ်သိန်ကြီးခြင်း၊ ထင်ရှားကျော်စောခြင်း၊ တတ်သိလိမ္မာခြင်း စသည်တို့ကို မနာလိုမှု၊ စောင်းမြောင်းမှု၊ ငြူစူမှု စသည်တို့ကို ဆိုလိုခြင်း ဖြစ်ပေသည်။)

**အဘယ်ကြောင့် အချို့မှာ ဥစ္စာမွဲဆင်းရဲ၍ အချို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပါသနည်း။**

ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျားတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိကြ။ မစ္ဆေရတရားအလွန်အားကြီးကြ၏။ ထိုလူမျိုးသေလျှင် ငရဲ၌ဖြစ်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်လျှင် ဥစ္စာမွဲ၍ ဆင်းရဲရလေသည်။ ထိုသို့ မစ္ဆေရမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ နတ်ပြည်သို့မရောက်ဘဲ လူ့ပြည်သို့ ရောက်ပြန်လျှင်လည်း ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပေသည်။ (မိမိ၌ရှိသော ပစ္စည်း၊ မိမိနှင့်ဆိုင်သော ပစ္စည်းများကို သူတစ်ပါးကို မပေးကမ်းလိုမှု၊ မလှူဒါန်းလိုမှုများသည်လည်းကောင်း မိမိ၏စည်းစိမ် ဂုဏ်သိမ်မျိုးကို သူတစ်ပါးရမှာ စိုးခြင်းသည်လည်းကောင်း မစ္ဆေရဟု ခေါ်ပေသည်။)

**အဘယ်ကြောင့် အချို့မှာ အမျိုးယုတ်၍ အချို့မှာ အမျိုးမြတ်ပါသနည်း။**

ဤလောက၌ အချို့သော မိန်းမ၊ ယောက်ျားတို့သည် အလွန်မာနကြီးကြသည်။ သူတစ်ပါးကို အထင်သေး၍ မိမိကိုယ်ကို အထင်ကြီးတတ်ကြသည်။ ရိုသေလေးစားထိုက်သူကိုမျှ ရိုသေလေးစားရမှန်း မသိတတ်။ ထိုလူမျိုး သေလျှင် ငရဲသို့ ကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အောက်ကျနောက်ကျနှင့် ယုတ်ညံ့သောအမျိုး၌ ဖြစ်ရတတ်သည်။ ထိုသို့ မာန်မာနမကြီးဘဲ

www.burmeseclassic.com

ရှိသေလေးစားထိုက်သူကို ရှိသေလေးစားလေ့ရှိသူသည် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရရှိုးရှိသည်။

**အဘယ်ကြောင့် အချို့မှာ အသိအလိမ္မာဉာဏ် နည်းပါး၍ အချို့မှာ ဉာဏ်ပညာ ကြီးမားသနည်း။**

ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် ပညာရှိထံ ချဉ်းကပ်၍ ကုသိုလ်၊ အကုသိုလ်ကိုလည်းကောင်း၊ အပြစ်ရှိ,မရှိ မှီဝဲထိုက်၊ မမှီဝဲထိုက်သော အရာ နောင်သံသရာဝယ် ရှည်ကြာလေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့် တရားအချက်တို့ကိုလည်းကောင်း၊ မေးမြန်းလေ့မရှိကြ။ ထိုလူမျိုးသည် ထင်မိထင်ရာပြု၍ ဒုစရိုက်များဖြင့် သေလျှင် ငရဲသို့ သွားရတတ်၏။ ငရဲသို့ မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် အသိအလိမ္မာ ဉာဏ်ပညာ ကင်းမဲ့၍ လူဖျင်း၊ လူအ၊ လူမိုက် ဖြစ်ရလေသည်။ ထိုကဲ့သို့သော တရားအချက်ကို နှစ်သက်ကြည်ဖြူ နာယူမေးမြန်းလေ့ရှိသူတို့ကား စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်ရတတ်ပေသည်။

အထက်ဖော်ပြပါတို့မှာ သုဘလုလုင်၏ မေးမြန်းချက်များအပေါ် ဘုရားရှင်က ဖြေကြားခဲ့သော အကြောင်းအရာများပင် ဖြစ်လေသည်။

အနှစ်သာရအားဖြင့် ခံယူရန် လိုအပ်သည်မှာ ဘယ်သူမပြု မိမိမှုဟူသော စကားနှင့်အညီ ရှေးက မိမိပြုခဲ့သော ကံအားလျော်စွာ ကောင်းကျိုး မကောင်းကျိုးတို့ကို ရရှိခံစားကြရခြင်းပင်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပေသည်။

**မောင်ဉာဏ်စိန်**


<u>ကျမ်းကိုးစာရင်း</u>

၁။ ရတနာ့ဂုဏ်ရည် (အရှင်ဇနကာဘိဝံသ၊ မဟာဂန္ဓာရုံဆရာတော်၊ အမရပူရမြို့)။

၂။ ဗုဒ္ဓဘာသာကောင်းတစ်ယောက် (သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)။



"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



**စန်းသော်တာ**

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျုံပေါင်း။ အကြောတက်ခေါင်းအုံ၊ ဖက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။


ဖြန့်ချိရေး- ကိုဝင်းမြင့်+မအေးဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

ပင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ဌေးသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝမ်းချောင်းမြို့နယ်၊ ဖုန်း-၅၇၀၉၀၆။




www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာစရိယ သန်းထွန်း

# ထင်ရှားကျော်ကြား သာမဏေများ(၁၁)

**သားပျောက်ရှာပုံတော်**

သောပါက ပျောက်သွားသည်ကို သောပါကမိခင် မသိ။ သောပါက ရင်ဆိုင်ခဲ့ရသော ကြောက်မက်ဖွယ်ကို သောပါက မိခင် မသိ။ ပထွေး၏ ရက်စက်တတ်သည်ကို သိသော်လည်း ဤမျှလောက် ရက်စက်လိမ့်မည်မထင်။

အိမ်၌ သောပါက မရှိတော့သည်ကိုသာ သောပါက မိခင် သိလိုက်ရသည်။ မိခင်သည် အိမ်၌ နေရာအနှံ့ လိုက်ရှာသည်။ ခြံထဲ နေရာစုံ လိုက်ရှာသည်။ အိမ်၌ရှိသော လူတို့အား မေးကြည့်သည်။ မည်သူမှ သောပါက ရှိသည့် နေရာကို မသိကြ။ ပထွေးသည် အိမ်နေလူများ မသိအောင် အစဖျောက်လိုက်ခြင်း ဖြစ်သည်။

မိခင်သည် အိမ်တစ်နေရာ၌ သောပါက ရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရှာလျက်ပင် သောကလှိုင်းများက ထန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရှုတ်စက်တတ်သော ပထွေးကို ကြောက်၍။ အိမ်၊ ခြံ တစ်နေရာ၌ ပုန်းအောင်းနေလိမ့်မည် မျှော်လင့်ချက်ဖြင့် သည်း ရှာသည်။ မရှိသော လူတစ်ယောက်အား ဘယ် လောက်ရှာရှာ ဘယ်မှာ တွေ့နိုင်ပါမည်နည်း။ မိခင်၏ မျက်လုံးအိမ်၌ မျက်ရည်စက်တို့ စီးကျလာသည်။

အိမ်ထဲ သောပါက မရှိတော့သည်ကို မိခင် လက်ခံ လိုက်လေပြီ ဖြစ်သည်။ လက်ခံနိုင်လောက်အောင် မိခင် ရှာပြီးပြီဖြစ်သည်။ ကြောက်အားလန့်အားနှင့် သောပါက အဘယ်သို့ ထွက်ပြေးသွားသည်နည်း။ မိခင် တွေးမရ။ အဘယ်နေရာ၌ သောပါက ပုန်းအောင်းနေသနည်း။ မိခင် မှန်းမရ။ မိခင်၏ နှလုံးသည် ကွဲအက်မတတ် ခံစားလာရ သည်။ ခံစားလာရတိုင်း လင်ဖြစ်သူအား မုန်းတီးသည်။

မိခင် ဘယ်လောက်မေးမေး ပထွေး လုံးလုံးမပြော။ အကယ်၍ ပထွေးသည် သောပါကရှိရာသို့ ညွှန်းပြလိုက် လျှင် မိခင်သည် ဘယ်လောက်မည်းမှောင်နေနေ ရာဇ ဂြိုဟ်သချိုင်းသို့ ရောက်လာမည် ဖြစ်သည်။

'အရှင်ဘုရား..တပည့်တော်မရဲ့သားကို ရှာမတွေ့ တော့ပါဘုရား။ စင်စစ်သော်ကား မြတ်စွာဘုရားဟာ တပည့်တော်မသား သောပါက အကြောင်းကို သိပါ သလောဘုရား'

မိခင်သည် အိမ်၌ သားကို ရှာမတွေ့သည့်အခါ ရာဇဂြိုဟ်မြို့ထဲ ရှာသည်။ ရာဇဂြိုဟ်မြို့၌လည်း ရှာမတွေ့။ ရှာမတွေ့၍ ခြေကုန်လက်ပန်းကျသည့်အခါ မြတ်စွာဘုရား ကိုမြင်သည်။ မြတ်စွာဘုရားသည် အတိတ်ကိုလည်း သိ သည်။ အနာဂတ်ကိုလည်း သိသည်။ ပစ္စုပ္ပန်ကိုလည်း သိသည်။ ကာလသုံးပါးသည် မြတ်စွာဘုရားဉာဏ်တော် အား ဖုံးဖိထား၍မရ။ တိုက်တာအဆောက်အအုံ၊ တော၊ တောင်ရေမြေတို့သည် မြတ်စွာဘုရား၏ ဉာဏ်တော်အား ဖုံးဖိထား၍မရ၊ ကာဆီးထား၍မရ၊ ခွဲခြားထား၍ မရပေ။

မြတ်စွာဘုရား ဉာဏ်မျက်လုံးတော်ဖြင့် ကြည့်လိုက် သည့်အခါ အရာအားလုံးသည် ကြည်လင်ပြတ်သားစွာ ထင်ရှားလျက်ရှိသည်သာ ဖြစ်သည်။ မြတ်စွာဘုရား မသိ သော အရာသည် မရှိ။ ဤဂုဏ်တော်များကို မိခင်ကြား ဖူးနေသည်။ မိခင်သည် သောပါက ရှိသည့်နေရာကိုလည်း မြတ်စွာဘုရား သိနိုင်သည်ဟု ဆုံးဖြတ်သည်။ ဤဆုံး ဖြတ်ချက်ဖြင့် မိခင်၏စိတ်သည် သောကန္တတွင်းမှ အနည်း

ငယ် သက်သာသွားသည်။ မိခင်၏စိတ်ထဲ၌ သောပါက နေရာကိုသိဖို့ရာ တစ်ခုတည်းသော ကိုးကွယ်ရာမှာ မြတ် စွာဘုရားဖြစ်ကြောင်း ခံယူသည်။ ဤခံယူချက်ဖြင့်ပင် မိခင်သည် မြတ်စွာဘုရား သီတင်းသုံးရာ ကျောင်းတော် သာသို့သွားဖို့ အားတက်ခဲ့ခြင်း ဖြစ်သည်။

ကျောင်းသို့ ရောက်လာခဲ့သည်။ ကြည်ညိုဖွယ် ကောင်းသော မြတ်စွာဘုရားကို ဖူးတွေ့ရသည်။ မြတ်စွာ ဘုရားကို ဖူးတွေ့ရ၍ စိတ်က တစ်မျိုးတစ်မည် အေးချမ်း သွားသည်။

<u>**သောပါကသာမဏေ ရဟန္တာဖြစ်ခြင်း**</u>

'အို ဒါယိကာမ..သေမင်းနှိပ်စက်အပ်ထဲ့သူကို ကာ ကွယ်စောင့်ရှောက်ဖို့အတွက် သားတွေလည်း မရှိကြဘူး။ အဖေလည်း မရှိဘူး။ အဆွေအမျိုးတွေလည်း မရှိကြဘူး။ အဆွေအမျိုးတွေမှာ ကာကွယ်စောင့်ရှောက်အပ်သည်၏ အဖြစ်ဟာ မရှိ'

မြတ်စွာဘုရားသည် မိခင်၏ အမေးကို အဖြေဘဲ တရားကိုသာ ဟောတော်မူသည်။ သဘာဝလောကကြီး၏ ဖြောင့်ဖြူးသောနည်းလမ်း၌ လူဆိုသည်မှာ သေမျိုးချည်း ဖြစ်သည်။ ထာဝရရှင်သန်နေသောလူဟူ၍ မရှိချေ။ လူ တင်မက သက်ရှိသတ္တဝါမှန်သမျှ သေကြရမည်သာ ဖြစ် သည်။ လူတို့၏ သေနည်းသည် လေးမျိုးရှိသည်။ ဘဝကို ဖန်တီးလိုက်သော ကံ၏အစွမ်း ကုန်ခန်း၍လည်း သေကြ ရသည်။ လူတို့၏ သတ်မှတ်သက်တမ်း ကုန်ခန်း၍လည်း သေကြရသည်။ ဘဝကို ဖန်တီးလိုက်သော ကံ၏ အစွမ်း၊ လူတို့သက်တမ်း နှစ်မျိုးလုံး ကုန်ခန်း၍လည်း သေကြ ရသည်။ ကံနှင့် အသက်ရှိနေသော်ငြားလည်း အတိတ်များ စွာက ပြုလုပ်ခဲ့ ကံတစ်မျိုးမျိုး အားကြီးစွာ ဝင်ရောက် သတ်ဖြတ်၍လည်း သေရတတ်သည်။ ဤသေနည်း လေး မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် လူတို့ သေကြရသည်။ ထိုသည် မွေးဖွားလာကတည်းကပင် ရိုက်နှိပ်ပေးလိုက်သော တံဆိပ် ဖြစ်သည်။

လူ့ခန္ဓာသည် နုနုငယ်ငယ်မှ ပျိုမျစ်သည်သို့ သွား သည်။ ပျိုမျစ်သည်မှ ရင့်ရော်သည်သို့ သွားသည်။ ရင့်ရော် သည်မှ ဟောင်းနွမ်းသည်သို့ သွားသည်။ ဟောင်းနွမ်း သည်မှ ကြွေကျသည်သို့ သွားသည်။ ထိုသည် လူ့ခန္ဓာ၏ ခရီးစဉ်ဖြစ်သည်။ ခရီးစဉ်တိုင်း လူ့ခန္ဓာသွားသည်။ လုံးဝ

www.burmeseclassic.com

ရပ်နားခြင်းမရှိ၊ လုံးဝနောက်ဆုတ်ခြင်းမရှိ။ လူ့ခန္ဓာသည် ရှေ့သို့သာ ခုတ်မောင်းသော ရထားတစ်စင်း ဖြစ်သည်။ ခုတ်မောင်းနေသော လူ့ခန္ဓာရထားပေါ်သို့ ဗျာတိကောင်သည် မကြာ,မကြာ တွယ်စီးတတ်လေသည်။ လူတို့သည် ပျိုမျစ်သည်ကို ကြိုက်ကြသည်။ ပျိုမျစ်သောကာလ၌ ပြုံးပျော်နေတတ်ကြသည်။ နေချင်ကြသည်။ လူ့ခန္ဓာသည် လူ့အလို လိုက်လျောမှုမရှိ။ သူ့အလိုအတိုင်းသာ ခုတ်မောင်းသွားသည်။ လူ့ခန္ဓာရထား ခုတ်မောင်းနေသော နိုင်ငံသည် သေမင်းနိုင်ငံသာ ဖြစ်သည်။

လူတို့သည် မအိုချင်ဘဲနှင့်လည်း အိုကြရသည်။ မနာချင်ဘဲနှင့်လည်း နာကြရသည်။ မသေချင်ဘဲနှင့်လည်း သေကြရသည်။ အိုခန္ဓာကမွေး၍ အိုကြရသည်။ နာခန္ဓာကမွေး၍ နာကြရသည်။ သေခန္ဓာကမွေး၍ သေကြရသည်။ ငါ့ခန္ဓာဟု ဆိုခြင်းသည် အဘယ်မှာနည်း။ ငါပိုင်သည်ဟုဆိုခြင်းသည် အဘယ်မှာနည်း။ မပိုင်သောခန္ဓာကို ပိုင်သည်ဟု မျက်လုံးမှိတ် လက်ခံထားကြသည်။ ထိုသို့ မျက်လုံးမှိတ် လက်ခံနေချိန်၌ သေမင်းသည် နာခြင်း၊ အိုခြင်းများဖြင့် သတ္တဝါတို့ကို လုပစွာနှိပ်စက်နေလေသည်။ သေမင်းသည် ထိုကဲ့သို့ နှိပ်စက်နေသည်ကို သားသမီးတို့သည် မကာကွယ်ပေးနိုင်။ မစောင့်ရှောက်ပေးနိုင်။ အဖေသည်လည်း ကာကွယ်စောင့်ရှောက်မှု မပေးနိုင်။ ဆွေမျိုးတို့သည်လည်း ကာကွယ်စောင့်ရှောက်မှု မပေးနိုင်။ ကိုယ့်ကိုယ်ကိုယ်သာ ကာကွယ်ရမည် ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်သာ စောင့်ရှောက်ရမည် ဖြစ်သည်။ ထိုကာကွယ်ခြင်း၊ စောင့်ရှောက်ခြင်းဟူသည် သစ္စာတရားအား မြင်နိုင်အောင် ကြိုးစားခြင်းပင် ဖြစ်သည်။

မြတ်စွာဘုရားသည် အဘယ်ကြောင့် အဖြေကိုမပေးဘဲ တရားဟောရပါသနည်း။ အဖြေပေးခြင်းထက် တရားဟောရခြင်း၏ အကျိုးကြီးမားသည်ကို မြင်သောကြောင့် ဖြစ်သည်။ အမှန်မှာ မြတ်စွာဘုရားသည် အဖြေပေးစရာပင် မလိုပေ။ မိခင်သည်လည်း မြတ်စွာဘုရားအား မေးစရာ မလိုပေ။ မိခင် ဝေဠုဝန်ကျောင်းသို့ ရောက်လာကတည်းက သောပါကသည် သာမဏေဖြစ်သွားပြီဖြစ်သည်။

သောပါက သာမဏေသည် မြတ်စွာဘုရားအနီးတွင် ထိုင်လျက်ရှိသည်။ မြတ်စွာဘုရားသည် တရားဟောတော်မူလို၍ သောပါက သာမဏေကို မမြင်ရအောင် တန်ခိုးနှင့် ဖျောက်ထားလိုက်သည်။ တရားတော်ကို ဟောသည်။ မြတ်စွာဘုရားကို ဖူးတွေ့ရကတည်းက စိတ်တစ်မျိုး အေးချမ်းနေသော မိခင်သည် မြတ်စွာဘုရား တရားတော်ကို နာယူနေစဉ်ပင် စိတ်၌ ပူပန်မှုတို့ ပျောက်ကွယ်သွားသည်။ ကြည်လင်သော စိတ်အစဉ် ဖြစ်ပေါ်လာသည်။ တရားတော်၏ အဆုံး၌ မိခင်သည် သောတာပန်ဖြစ်သွားလေသည်။ မြတ်စွာဘုရားအနီး၌ ထိုင်နေသော သောပါက သာမဏေသည် ရဟန္တာဖြစ်သွားသည်။ သံသရာတည်းဟူသော ပင်လယ်ထဲမှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ရောက်သွားသည်။

တရားတော်၏ အကျိုးတရားကို ခံစားရသွားသည့်အခါ မြတ်စွာဘုရားသည် သောပါက သာမဏေအား ပြသလေသည်။ တည်ကြည်သော ဣန္ဒြေများဖြင့် ကြည်ညိုစရာကောင်းသော သောပါက သာမဏေကို တွေ့မြင်ရသည့်အခါ မိခင်သည် အလွန်အမင်း ပီတိဖြစ်သည်။ စိတ်ချလက်ချ သာသနာထဲ၌ ထားခဲ့၍ မိခင်အိမ်သို့ ပြန်သွားလေသည်။

**အတိတ်ပန်းချီ ပန်းလိုသီ**

သောပါကသာမဏေ၏ ပြောင်းလဲခြင်းသည် လျင်မြန်လွန်းသည်။ ဘဝ၌ မျှော်လင့်မထားသော အရာတို့သည် တစ်ခဏအတွင်းဆိုသလို ဖြစ်ပေါ်လာခဲ့ကြသည်။ ထိုသို့ လျင်မြန်စွာ ဖြစ်ပေါ်လာအောင်လည်း သောပါက သာမဏေသည် လွန်ခဲ့သော ကိုးဆယ့်လေးကမ္ဘာထက်၌ ထူးကဲသော ပါရမီကို ပြုလုပ်ခဲ့သည်။

ထိုကာလက သောပါက သာမဏေသည် ဗြာဟ္မဏမျိုးနွယ်စု၌ လူတစ်ယောက် ဖြစ်ခဲ့သည်။ ပုဏ္ဏားတို့ သင်ကြသော အတတ်ပညာကိုလည်း တတ်မြောက်ခဲ့သည်။ အတတ်ပညာတို့ကို တတ်မြောက်သော သောပါက သာမဏေလောင်းသည် လောကအား သူများနှင့်အတူ မရှုမြင်ခဲ့ပေ။ လူအများစုသည် အစားကောင်း အသောက်ကောင်းများ စားသောက်ရသည့်ဘဝကို သုခဟုရှုမြင်ကြသည်။ သောပါက သာမဏေလောင်းသည် စားကောင်း သောက်ကောင်းများ စားသောက်ရသည့် ဘဝကို ဒုက္ခဟု ရှုမြင်ခဲ့သည်။ လူများစွာတို့သည် စားချင်သလိုစား ပျော်ပါးချင်သလို ပျော်ပါးနိုင်သည့် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ


www.burmeseclassic.com

www.burmeseclassic.com

သည့် ဘဝကို သုခဟု ရှုမြင်ကြသည်။ သောပါက သာမဏေလှောင်းသည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည့် ဘဝကို ဒုက္ခဟု ရှုမြင်ခဲ့သည်။ အချုပ်အားဖြင့် လူများစွာတို့သည် ကာမဂုဏ်တို့၏ကောင်းကွက်ကို ရှုမြင်ကြသည်။ သောပါက သာမဏေလောင်းသည် ကာမဂုဏ်တို့၏ အာဒီနဝကို ရှုမြင်ခဲ့သည်။

ကာမဂုဏ်တို့၏ အပြစ်ကို ရှုမြင်သည်ဖြစ်၍ ကာမဂုဏ်ကြားထဲ နေထိုင်ရမည့် ဘဝအခြေအနေကို အလိုမရှိခဲ့ပေ။ ဃရာဝါသလောကကို စွန့်လွှတ်လိုပြီး သောပါက သာမဏေလောင်းသည် ရသေ့ရဟန်းဘ်ဝကို ခံယူသည်။ လူနှင့်ဝေးရာသို့ ဂန္တာရီခရီး ဆက်ခဲ့သည်။ နက်ရှိုင်းသောတောတစ်နေရာတွင်ရှိသည့် တောင်၌ နေသည်။ တောင်တွင် သဘာဝဖြစ်လိုဏ်ဂူ တစ်ဂူရှိသည်။ ထိုလိုဏ်ဂူသည် သောပါက သာမဏေလောင်း၏ နေရာဖြစ်သည်။ သင်ယူဘတ်မြောက်ထားသော အတတ်ပညာမှရရှိသည့် အကျင့်တရားဖြင့် စိတ်ကို ဆုံးမသည်။ ကျင့်ကြံကြိုးစား အားထုတ်သည်။ သောပါက သာမဏေလောင်း၏ ကျင့်စဉ်တရားသည် အနိစ္စသညီမဟုတ်၊ နိစ္စသညီကျင့်စဉ် ဖြစ်သည်။ အနိစ္စသညီကျင့်စဉ်ကို သောပါက သာမဏေလောင်း မသိ။ ညွှန်ပြနိုင်သော ဆရာနှင့်လည်း မတွေ့ပေ။ သောပါက သာမဏေလောင်းသည် လောကနှင့် အဆက်အသွယ်ပြတ်၍ နေလာခဲ့သည်မှာ သိဒ္ဓတ္ထမြတ်စွာဘုရား ပွင့်တော်မူနေသည်ကိုပင် မသိပေ။

တစ်နေ့ သိဒ္ဓတ္ထမြတ်စွာဘုရားသည် သောပါက သာမဏေလောင်း ရှိရာသို့ ရောက်တော်မူလာခဲ့သည်။ ထိုအချိန်၌ သောပါက သာမဏေလောင်းသည် အသက်အရွယ် ကြီးရင့်အိုမင်းနေပြီဖြစ်သည်။ သိဒ္ဓတ္ထမြတ်စွာဘုရားကို တွေ့မြင်ရ၍ သောပါက သာမဏေလောင်း၏ စိတ်၌ ပီတိသောမနဿများ ပြိုးပြိုးပြက်ပြက် ဖြစ်နေခဲ့သည်။ ပီတိသောမနဿဖြစ်ခြင်းသည် ပသန္နစိတ်ရှိ၍ ဖြစ်သည်။ ပသန္နစိတ်မရှိလျှင် ပီတိသောမနဿ ဖြစ်လာစရာ အကြောင်းမရှိပေ။ ပီတိသောမနဿ ဖြစ်နေသည်ကို ထင်ရှားပြသောအားဖြင့် သောပါက သာမဏေလောင်းသည် သိဒ္ဓတ္ထမြတ်စွာဘုရားရှင် သီတင်းသုံးနေတော်မူရန် နေရာကို ပန်းများဖြင့် ပြုလုပ်သည်။ ပန်းအတိပြုလုပ်ထားသော နေရာကို သိဒ္ဓတ္ထမြတ်စွာဘုရားအား လှူဒါန်းသည်။



သိဒ္ဓိတ္ထမြတ်စွာဘုရားသည် လှူဒါန်းသော ပန်းခင်းနေရာ၌ ထိုင်တော်မူသည်။

'တေဘူမက သင်္ခါရတရားတွေက မမြဲကုန်စွတကား။ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိကုန်တယ်။ ဖြစ်ကုန်ပြီးရင် ချုပ်ကုန်တယ်။ ထိုသင်္ခါရတရားတို့ရဲ့ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဟာ ချမ်းသာပါတယ်'

သိဒ္ဓတ္ထမြတ်စွာဘုရားသည် သောပါက သာမဏေလောင်းအား အနိစ္စသညီကို ဟောကြားတော်မူသည်။ တေဘူမကဟူသည် ကာမ၊ ရူပ၊ အရူပဟူသော အကျဉ်းချုပ် ဘုံသုံးပါးအား ဆိုခြင်းဖြစ်သည်။ ထိုဘုံသုံးပါးအား အကျယ်ချဲ့လျှင် သုံးဆယ့်တစ်ဘုံဖြစ်သည်။ ထိုဘုံတို့၌ ရှိသမျှသော အရာဝတ္ထု၊ ကံ စသည်တို့သည် သင်္ခါရတရားများဖြစ်သည်။ ထိုသင်္ခါရတရားတို့သည် မြဲသည်ဟူ၍ မရှိ။ ဖြစ်လာခြင်းသည် ပျက်ဖို့အတွက်ဖြစ်သည်။ ပျက်သွားခြင်းသည် အသစ်တစ်ဖန် ဖြစ်လာဖို့အတွက်ဖြစ်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် သံသရာသည် အစရှာမရအောင်ထိ လည်ပတ်နေသည်။ ထိုတေဘူမက၌ စစ်မှန်သော ချမ်းသာသည် မရှိ။ တေဘူမက သင်္ခါရတရားတို့ မရှိတော့ခြင်းသည် စစ်မှန်သောချမ်းသာ ဖြစ်သည်။ ထိုချမ်းသာသည် နိဗ္ဗာန်ဖြစ်သည်။ သိဒ္ဓတ္ထမြတ်စွာဘုရားသည် အနိစ္စသညီအား ဟောကြားတော်မူပြီးနောက် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူလေသည်။

www.burmeseclassic.com

တစ်ယောက်တည်း ကျန်နေခဲ့သော သောပါက သာမဏေလောင်းသည် သိဒ္ဓတ္ထမြတ်စွာဘုရား ဟောကြားခဲ့သော အနိစ္စသညီကို အဖန်ဖန်စဉ်းစားသည်။ သောပါက သာမဏေ နှစ်ပေါင်းများစွာ ခံယူကျင့်သုံးခဲ့သော နိစ္စသညီနှင့် ဆန့်ကျင်နေ၍ဖြစ်သည်။ နောက်ဆုံး၌ သောပါက သာမဏေလောင်းသည် နိစ္စသညီအကျင့်ကို စွန့်လွှတ်လိုက်သည်။ အနိစ္စသညီအကျင့်ကို ကျင့်သုံးသည်။ သို့သော် အချိန်သည် နောက်အကျကြီး ကျနေခဲ့သည်။ သောပါက သာမဏေလောင်းသည် အနိစ္စသညီအကျင့်ကို တစ်ညသာ ကျင့်ကြံခွင့်ရခဲ့သည်။

<u>ပါရမီထိုက်သောအကျင့်</u>

သေခါနီး တစ်ရက်အလို၌ ပြုလုပ်ခဲ့သမျှသည် ပါရမီထိုက်သော အကျင့်များ ဖြစ်ခဲ့သည်။ သောပါက သာမဏေလောင်းသည် သေခါနီး တစ်ရက်အလို၌ သိဒ္ဓတ္ထမြတ်စွာဘုရားအား ဖူးတွေ့ခဲ့ရသည်။ ပသန္နစိတ်၏ တိုက်တွန်းမှုကြောင့် သိဒ္ဓတ္ထမြတ်စွာဘုရားအား ပန်းခင်းနေရာ လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းခြင်းသည် ပါရမီဖြစ်ခဲ့လေသည်။ ထိုပါရမီကုသိုလ်၏ စွမ်းအားကြောင့် ကိုးဆယ့်လေးကမ္ဘာ ကာလပတ်လုံး အပါယ်ဒုဂ္ဂတိသို့ မရောက်ခဲ့တော့ပေ။ လူ့ပြည်၊ နတ်ပြည်တို့၌ ဘဝပေါင်းအလီလီ ကျင်လည်ခဲ့ရသည်။ သောပါက သာမဏေလောင်းသည် သေခါနီး တစ်ရက်အလို၌ အနိစ္စသညီကို ပွားများခွင့်ရခဲ့သည်။ ထိုဘာဝနာကုသိုလ်သည်လည်း ပါရမီဖြစ်ခဲ့လေသည်။ ထိုပါရမီကုသိုလ်၏ အစွမ်းသည် သောပါကဘဝ၌ အားအင်အပြည့်ပေးခဲ့သည်။

ထိုပါရမီကုသိုလ်၏ အစွမ်းကြောင့် ပထွေးသည် မသတ်ရဲခဲ့ပေ။ မြေခွေးတို့သည်လည်း မကိုက်ဖြတ်ရဲခဲ့ပေ။ မြင့်မြတ်သော သာသနာထဲ၌ မြင့်မြတ်သော ရဟန္တာသာမဏေတစ်ပါး ဖြစ်ခဲ့လေသည်။

**ဓမ္မာစရိယ သန်းထွန်း**

<u>ကျမ်းကိုး</u>

* ထေရဂါထာအဋ္ဌကထာ၊
သတ္တကနိပါတ၊
သောပါကတ္ထေရဂါထာဝဏ္ဏနာ။

ကြယ်ပါမြို့မင်း
အမှတ်တံဆိပ်
ဆီးချို၊ သွေးချိုသောက်ဆေး
ဆီးရှိုသွေးရှိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ခွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။
အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ပင်ရင်း
ကြယ်မြို့မင်း ဆေးတိုက်
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၁၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅
မြန်ရှိရေး
တိုဝင်းမြင့်+မအေးဘီ (ဆေးမျိုးစုံဆိုင်)၊ (၁၅)လမ်း၊ ထမ်းဝေတော်ဖြိုးနယ်၊ ရန်ကုန်မြို့၊
(ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေစင်အလင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြွေမှုဝ်ဆေးရန်း)၊ (ပဲခူးမြို့ - တသိာကျန်းမာသန်ဆေးဆိုင်၊ တသိာကျန်းမာရေးဆောင်)
မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၃၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)



www.burmeseclassic.com

(က)

လူတွေဟာ အများအားဖြင့် အကျိန်အဆို ဝါသနာပါကြတယ်။ ပါးစပ်အလေ့အကျင့်လိုလည်း ဖြစ်နေဟန် ထင်ပါရဲ့။ မိမိပြောတာကို တစ်ဖက်သား ယုံအောင် ပုံဆောင်တဲ့အနေနဲ့ ကျိန်ဆိုပြီး ပြောလေ့ရှိကြတယ်။

'ဘုရားစူးရစေရဲ့။ မိုးကြိုးပစ်ခံရပါစေရဲ့။ မြွေပွေးကိုက်ခံရပါစေရဲ့' စသဖြင့်ပေါ့။

မိမိကသာ ကျိန်ဆိုရုံမျှမက သူတစ်ပါးကိုလည်း-

'ညည်း ဘုရားစူး၊ နင့်မိုးကြိုးပစ်။ မင်း မြွေပွေးကိုက်လို့လည်း ကျိန်ဆိုခိုင်းတတ်ကြသေးရဲ့'

အမှန်တကယ် ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကြောက်စရာတော့ အကောင်းသား။ ကြက်သီးထစရာကြီးပါ။

မိမိအလုပ်က ဟုတ်နေလို့၊ မိမိအပြောက မှန်နေလို့ ကျိန်ဆိုတာဆိုရင် တော်သေးရဲ့။ ကိုယ့်အလုပ်ကလည်း မဟုတ်၊ ကိုယ့်အပြောကလည်း မမှန်ကန်ပါဘဲနဲ့ တစ်ဖက်သား ယုံကြည်သွားအောင် မဟုတ်မမှန် လုပ်ကြံကျိန်ဆိုတာမျိုးဖြစ်ရင် ကိုယ်ကျိုးနည်းပါလေရော။



ပြိတ္တာတွေဖြစ်သွားတဲ့
# မိသားစုလေးယောက်



www.burmeseclassic.com

www.burmeseclassic.com

(ခ)

မဟုတ်မမှန် လုပ်ကြံပြီး ကျိန်စာ(ကျိန်စကား)တွေ ဆိုခဲ့ကြတဲ့အတွက် ပြိတ္တာကြီးတွေဖြစ်ပြီး ဆင်းရဲဒုက္ခကြီးမားစွာ ရောက်သွားကြတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါ့မယ်။ မြတ်ဗုဒ္ဓဘုရားရှင် ပွင့်တော်မူစဉ် ကာလကပါ။

သာဝတ္ထိမြို့အနီးက ရွာတစ်ရွာမှာ နေထိုင်ကြတဲ့ မိသားစုလေးဦး အကြောင်းပါ။ အသွင်မတူ အိမ်သူ့မဖြစ် ဆိုတဲ့ စကားလို သူတို့မိသားစုလေးယောက်တို့ဟာလည်း စရိုက်ခပ်ကြမ်းကြမ်း၊ အပြောခပ်လွယ်လွယ် ပရမ်းပတာ ဆန်လွန်းလှချေရဲ့။

ဖခင်ဖြစ်သူ လင်ယောကျ်ားက စပါးပွဲစား။

စပါးကို ထွက်ရှိတဲ့အတိုင်း၊ ဝယ်ယူရရှိထားတဲ့အတိုင်း မရောင်းချဘူး။ အထွက်တိုးအောင်၊ အချိန်များအောင်ရောငါမယ့် စပါးတွေထဲမှာ ဖွဲတွေ ရောထည့်တယ်။ စပါးအဖျင်း၊ စပါးအမှော်တွေ ရောထည့်တယ်။ အချိန်ပိုစီးအောင် စပါးတွေကို မြေနီညက်နဲ့ စပါးကောင်းများကို ရောနှောကာ ရောင်းချတယ်လေ။ ဘယ်မှာ သမ္မာအာဇီဝ ဖြစ်တော့မှာလဲ။ သမ္မာအာဇီဝဆိုတာ မှန်ကန်စွာ အသက်မွေးမှုလေ။

မယားဖြစ်သူက စရိုက်တစ်မျိုး။

ကိုယ့်ပစ္စည်းပဲ ကိုယ်ပေးချင်မှ ပေးပေါ့။ ရှိတယ်၊ မရှိဘူး ပြောလည်း ဖြစ်တာပဲ။ သူကတော့ မဟုတ်ပေါင်။ ရင်းနှီးခင်မင်ကျွမ်းဝင်သူတို့က သူ့ကို တစ်စုံတစ်ရာတောင်းလာတဲ့အခါ ရှိလျက်နဲ့ မပေးချင်လို့ မရှိဘူးလို့ လိမ်ညာပြောလေ့ရှိသတဲ့။ ဘူးတစ်လုံးဆောင် အိုးအောင် မဆင်းရဲ ဆိုတဲ့ စကားကို စွဲမြဲထားတယ် ထင်ပါရဲ့။

မရရအောင် တွယ်ကပ်ပြီး တောင်းနေသူဆိုရင်တော့ သူက ယုံကြည်အောင် ကျိန်ဆိုပြောလေ့ရှိတယ်။ သူ့ကျိန်ပုံကလည်း ကြောက်စရာကြီး၊ ရွံစရာကြီး။ ရှိလျက်နဲ့ မရှိဘူးလို့ လိမ်ညာပြောခဲ့ရသော် နောင်ဖြစ်လေရာ ဘဝတိုင်းမှာ မစင်ကို စားနေသူ ဖြစ်ပါစေသားတဲ့ဗျာ။

သားဖြစ်သူက တစ်မျိုး။

သူကား ယောကျ်ားဘသားဆိုပြီး အပျော်ကြူးတယ်။ အသောက်အစား မက်တယ်။ အပေါင်းအသင်း များပြားတယ်။ သောက်စားမူးရူးပြီး အပေါင်းအသင်းများနဲ့ အိမ်ပြန်လာတဲ့အခါ အမေဖြစ်သူက သူ့ရဲ့အပေါင်းအသင်းတွေကို ဂရုမစိုက်ရကောင်းလားဆိုပြီး အမေကို လှည်းထမ်းပိုးကြိုးနဲ့ ရိုက်တယ်။ မာတာမိခင် ကျေးဇူးရှင်ကို ကိုယ်ထိလက်ရောက် စော်ကားတယ်။

ချွေးမဖြစ်သူကိုလည်း ကြည့်ဦး။

သူက တစ်ပုံစံ။

မိသားစုအတွက် နေ့ဖို့ညစာထားတဲ့ အမဲသားငါးဟင်းကောင်းဟင်းလျာများကို ယောက္ခမ၊ လင်ယောကျ်ား၊ လူကြီးသူမများ မစားမီ ဦးဦးဖျားဖျား ခိုးစားလေ့ရှိသတဲ့။ အိမ်သားတွေက စားမိသလားလို့ မေးရင် တူးတူးခါးခါး ငြင်းတော့တာပဲ။ သူ့ကို စွပ်စွဲပြောဆိုရပါ့မည်လားဆိုပြီး ကျိန်ဆိုတော့တာပဲ။

တကယ်လို့ ခိုးဝှက်စားသောက်ပါက ဖြစ်လေရာ ဘဝတိုင်းမှာ မိမိရဲ့ ကျောကုန်းသားကို လှီး၍လှီး၍ စားနေရတဲ့သူ ဖြစ်ပါစေသား။

သူ့ရဲ့ကျိန်ဆိုပုံဟာ အံ့သြစရာကောင်းသလို ကြောက်စရာ၊ ကြက်သီးဖြန်းဖြန်းထစရာလည်း ကောင်းလှပေရဲ့။

ဩော် . . မိသားစုလေးဦး။

အိမ်ထောင်ဦးစီး လင်ယောကျ်ားက အလေးစဉ်းလဲ ချိန်(ချိန်ခွင်၊ကတ္တား) တောင်းစဉ်းလဲ ဖွဲရော၊ မှော်ရောပြီး မမှန်မကန် ရောင်းဝယ်ဖောက်ကားတဲ့ စပါးပွဲစား။

မယားလုပ်သူက မှုသားကို ရေလိုသုံး၊ မပေးချင်ရင် မရှိဘူးလို့ လိမ်ညာပြောရုံမျှမက ကျိန်စာလည်း မဟုတ်မမှန် လုပ်ကြံပြောဆိုသူ။

သားဖြစ်သူက မိခင်ကို ကိုယ်ထိလက်ရောက် ရိုက်ပုတ်စော်ကားသူ။

ချွေးမကလည်း စားဦးစားဖျားကို အမှန် ခိုးစားပါလျက် ဝန်မခံလိမ်ညာပြောကြား ကျိန်စာစကားကိုပင် မဟုတ်မမှန် လုပ်ကြံကျိန်ဆိုသူ။

စရိုက်ဆိုး ကိုယ်စီဖြင့် စရိုက်မျိုး ကမ်းကုန်အောင် ပရမ်းပတာ နေခဲ့ကြတဲ့ မိသားစုပေတည်း။

(ဂ)

နောင်ဘဝသို့ ကူးပြောင်းသွားကြသောအခါ ညို့ညို့မှိုင်းမှိုင်း အုံ့အုံ့ဆိုင်းဆိုင်း တောအုပ်ကြီးတစ်ခု ရှိတယ်။ ပါဠိလို ဝိဥ္ဈာဋဝိ တောအုပ်ကြီးလို့ ခေါ်ပေတယ်။ လူ့ဘဝတုန်းက စရိုက်ဆိုးနဲ့ အမိုက်အိုးများ ဖြစ်ခဲ့ကြတဲ့ မိသားစု လေးယောက်တို့ဟာ အဲဒီတောအုပ်ကြီးထဲ[illegible]

www.burmeseclassic.com

(တစ္ဆေ)တွေ ဖြစ်ကုန်ကြတယ်။

သူတို့ ခံစားနေရတဲ့ ဆင်းရဲဒုက္ခကိုလည်း ကြည့်ပါဦး။

ကောက်ကျစ်စဉ်းလဲ ဖွဲ့မော်တွေရောနှော ရောင်းချတဲ့ စပါးပွဲစား လင်ယောကျ်ားဟာ မီးတောက်မီးလျှံ တပြောင်ပြောင် တောက်လောင်နေတဲ့ စပါးမော်၊ စပါးဖျင်းများကို လက်နှစ်ဖက်နဲ့ ဆုပ်ယူ ဆုပ်ယူပြီး သူ့ရဲ့ဦးခေါင်းပေါ်သို့ ကြဲကာ,ကြဲကာ ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရလေတယ်။

မိခင်ကို ကိုယ်ထိလက်ရောက် ကျူးလွန်ရိုက်နှက်ခဲ့သော သားမိုက်ဟာ သူကိုယ်တိုင် သံတင်းပုတ်ကြီးနဲ့ ရိုက်ကာ,ရိုက်ကာ ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရလေတယ်။



ချေးမမှာလည်း သူပြုခဲ့တဲ့ အကုသိုလ်ကံအလျောက် မာကျောချွန်ထက်စွာ ပေါက်နေတဲ့ သူ့ရဲ့ လက်သည်းရှည်ကြီးများနဲ့ သူ့ရဲ့ကျောကုန်းက အသားတွေကို ကုတ်ကာ ခြစ်ကာ ဖဲ့ကာ စားနေရတဲ့ ပြိတ္တာမကြီး ဖြစ်နေလေတယ်။

စပါးပွဲစားရဲ့ မယားဖြစ်သူမှာလည်း သင်းပျံ့မွှေးကြိုင် အနံ့တလှိုင်လှိုင်နဲ့ စားကောင်းသောက်ဖွယ်တွေ သူ့ရှေ့မှောက်သို့ ရောက်တဲ့အခါ ပိုးလောက်တဖွားဖွားနဲ့ မစင်တွေ ဖြစ်ကုန်တယ်။ အဲဒီမစင်တွေကိုပင် မရှုံ့မရှာ စားသောက်နေတဲ့ ပြိတ္တာမကြီး ဖြစ်နေပြန်တယ်။

(ဃ)

**<u>အရှင်မောဂ္ဂလာန်နှင့် တွေ့ပြီ</u>**

အရှင်မောဂ္ဂလာန် ရဟန္တာအရှင်မြတ်ကြီးဟာ တန်ခိုးအရာမှာ ဧတဒဂ်ရထူးချွန်တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဈာန်အဘိညာဉ်တန်ခိုးနဲ့ နတ်ပြည်သို့လည်း ကြွတော်မူတယ်။ ငရဲ၊ ပြိတ္တာ အပါယ်ဘုံများသို့လည်း ကြွတော်မူတယ်။ နတ်ပြည်ရောက်တဲ့အခါ နတ်သား၊ နတ်သမီးတွေနဲ့ တွေ့ဆုံပြီး ဘယ်ကုသိုလ်ကောင်းမှုတွေ ပြုခဲ့တဲ့အတွက် နတ်ပြည်ရောက်ပုံတို့ကို မေးမြန်းကာ လူ့ပြည်သို့ ပြန်ရောက်တဲ့အခါ လူသားတွေကို ပြန်လည်ဟောကြားလေ့ရှိတယ်။ ငရဲဘုံ၊ ပြိတ္တာဘုံ ရောက်တဲ့အခါမှာလည်း ပြိတ္တာတွေနဲ့တွေ့ဆုံပြီး ဘယ်မကောင်းမှုဒုစရိုက်၊ အကုသိုလ်တွေကို ပြုလုပ်ခဲ့ကြလို့ ဒီဘုံရောက်ကာ ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရပုံ အလုံးစုံတို့ မေးမြန်းတော်မူလေ့ရှိတယ်။ လူ့ပြည်ပြန်ရောက်တဲ့အခါမှာလည်း ဒုစရိုက်မျိုးစုံအဖုံဖုံ ကျူးလွန်နေကြတဲ့ လူသားတွေကို သတိပေးစကား ဟောကြားဆုံးမတော်မူလေ့ရှိတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးပါ။

အခုလည်း ကျောင်းကင်ယံခရီးက ဈာန်ယာဉ်စီးကာ ကြွလာရင်း ဝိဥ္စျာဋ္ဌဝီ တောအုပ်ကြီးထဲမှာ မီးလျှံတွေ တပြောင်ပြောင် တောက်လောက်နေတာကို တွေ့မြင်ပြီး တောအုပ်ကြီးထဲသို့ ဆင်းသက်ကာ မိသားစုလေးယောက် ပြိတ္တာဘဝရောက်ကာ ဆင်းရဲဒုက္ခကြီးပုံတို့ကို မေးမြန်းတော်မူပါတယ်။

ဇနီးပြိတ္တာမက အားလုံးရဲ့ ဖြစ်ကြောင်းကုန် ဇာတ်လမ်းစဉ်ကို အရှင်မြတ်ကြီးအား လျှောက်တင်လိုက်ပါတယ်။

အရှင်မြတ်ကြီးသည် ပြိတ္တာမ၏ လျှောက်တင်ချက်အလုံးစုံကို ကြားသိရပြီးနောက် ထိုအကြောင်းအရာများကို မြတ်စွာဘုရားအား လျှောက်ထားလိုက်ပါတယ်။

မြတ်ဗုဒ္ဓဟာ ပြိတ္တာမတွေ ဖြစ်သွားကြတဲ့ မိသားစုလေးယောက်တို့ရဲ့ ကြောင်းရာထုပ္ပတ် တကယ့်ဖြစ်ရပ်ကို ရောက်ရှိလာကြတဲ့ ပရိသတ်များကို ဟောကြားတော်မူတယ်။ အနှီမိသားစုကဲ့သို့ မဖြစ်ကြစေရန်ကိုလည်း သတိပြုကြဖို့ ဟောကြားဆုံးမတော်မူခဲ့ပါသတည်း။

**မုံရွာ နေဇော**

*(ပေတဝတ္ထု အဋ္ဌကထာ၊ စူဠဝဂ်၊ ဘုသပေတ ဝတ္ထုကို ခြယ်မှုန်းပါတယ်။)*

www.burmeseclassic.com



## ရေရေရာရာ သိထားဖို့လိုတဲ့ နိမိတ်များ

### ကိုရွှေမြသန်း (သမိုင်း)

နိမိတ်များနှင့် စပ်လျဉ်းသည်များကို မိမိတို့၏ကောင်းကျိုး,ဆိုးကျိုးများအတွက် ရေရေရာရာ သေသေချာချာ သိရှိထားရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အာတပ္ပနယတြာပေါင်းချုပ်ကျမ်းရင်းကြီးမှ နိမိတ်နှင့် ပတ်သက်သည်များကို ရွေးချယ်ကောက်နုတ် ရေးသားတင်ပြလိုက်ပါ၏။

**စနည်းနာခြင်းနိမိတ်ယူပုံ**

စနည်းနာခြင်းဟူရာ၌ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါဟူသော ရှေးသူဟောင်းတို့ အမှုကိစ္စဆောင်ရွက်ရာ၌ အောင်မြင်မည်၊ မအောင်မြင်မည် စသည်တို့သိရှိရန် အဓိဋ္ဌာန်နိမိတ်ကောက်ယူရာ အစီအရင်တစ်မျိုးပင် ဖြစ်ပေသည်။

**စနည်းနိမိတ်ယူရန်များ**

နတ်ဝင်သည်များ၊ အရူးများ၊ အသက်တစ်ဆယ့်နှစ်နှစ်အောက် ကလေးများ၊ သဘင်သည် လူပြက်လူရွှင်များ၊ မျက်စိ၊ နား၊ ခြေလက်အင်္ဂါ ချို့ယွင်းသူများ၊ အသောက်အစား အမူးသမားများ ဒေါသကြောင့်လည်းကောင်း၊ ထိတ်လန့်၍လည်းကောင်း၊ ယောင်ယမ်း၍လည်းကောင်း အမှားများ ပြောတတ်သူများ၊ အားကိုးမဲ့ အထီးကျန်သူယောကျ်ား၊ မိန်းမများ ဤဆိုခဲ့သောသူများ၏ နှုတ်ပါးစပ်မှ ရုတ်တရက် အမှတ်မထင် ထွက်ပေါ်လာသော စကားများသည် စနည်းနိမိတ်ကောက်ယူရန် စကားများ ဖြစ်ပေသည်။

**စနည်းနိမိတ်နှင့် ဖြစ်တတ်သော အခြင်းအရာများ**

စနည်းနိမိတ်နာယူစဉ် ရယ်သံကြားမူ အန္တရာယ်အနှောင့်အယှက်မရှိ။ သို့သော် ထောင်တန်သောစကားရယ်လျှင် ပေါ့ပျက်၏ ဟူသကဲ့သို့ ကိစ္စမအောင်မမြင်ရှိတတ်၏။

ငိုသံကြားမူ နှောင့်နှေးကြန့်ကြာစွာ ပင်ပန်းခဲယဉ်းစွာဖြင့် ပြီးတတ်၏။

သီချင်းသံကြားမူ ထိုသီချင်း၏ အဓိပ္ပာယ်အားလျော်စွာ (ဥပမာ-အလွမ်းအဆွေး ဆင်းရဲဒုက္ခကို ဖော်ပြသော) သီချင်းမျိုးဖြစ်မူ ပျက်စီးအံ့၊ မအောင်မြင်အံ့။

သီချင်းသည် ဘုန်းဘွဲ့၊ ဂုဏ်ဘွဲ့၊ အောင်မြင်ဘွဲ့၊ စည်တော်သံ စသော သီချင်းမျိုးဖြစ်မူ အောင်မြင်အံ့။ အရာရာ ပြီးမြောက်အံ့။

ရန်ဖြစ်သံ၊ ဆုံးမသံ၊ ကြိမ်းမောင်းသံ၊ အတင်းအဖျင်းပြောသံကြားမူ မကောင်း။ တရားသံ၊ ဆုံးမသံ၊ ညည်းညူသံကြားမူ အန္တရာယ်မဖြစ်သော်လည်း မအောင်မြင်ဖြစ်တတ်၏။ အောင်စေကာမူ နှောင့်နှေးတတ်၏။

စည်သံ၊ မောင်းသံ ဒိန်းဒိုင်းသံမျိုးကြားမူ အောင်မြင်အံ့။

မိန်းမရှင်ပဲ၊ ပြည့်တန်ဆာပဲ စသည့်ပြောသံကြားမူ အောင်မြင်ထမြောက်ပြီးမှ ပျက်စီးတတ်၏။

သူတော်ကောင်းပါ၊ ဘုန်းကြီးလိုလူပါ စသည့်ပြောသံ ကြားမူ ပျက်စီးတတ်၊ မအောင်မမြင် ဖြစ်တတ်၏။

www.burmeseclassic.com

သေပေတော့ဟူ၍ ကြားလျှင် နောက်မဆုတ်ဘဲ ဆောင်ရွက်လေ။

သွားရော့လဟယ်ဟူ၍ ကြားလျှင် သတိကြီးစွာနှင့် ဆောင်ရွက်လေ။

ဟေ့..ဟေ့ဟူသော အသံမျိုးကို ကြားမူ သတိနှင့် ဆောင်ရွက်လေ စသည်ဖြင့် ဆိုခဲ့သော သဘာဝသည်၊ နတ်ဝင်သည်၊ အရူး၊ ကလေး၊ ယောင်တတ်သူတို့၏နှုတ်မှ ထွက်သမျှ စကားတို့၏ အတိမ်အနက်၊ အလေးအပေါ့ကို လည်းကောင်း၊ ကြားရသည့် အချိန်အခါ၊ ကာလဒေသကို လည်းကောင်း၊ ခေတ်အခြေအနေကိုလည်းကောင်း၊ မိမိ ဆောင်ရွက်မည့်ကိစ္စ၏ သဘောကိုလည်းကောင်း အထက် ပါ ပြဆိုချက်များကိုမှီလျက် အကျယ်သိရှိလေ။

**အမြင်နိမိတ်နှင့် အကျိုးအပြစ်ဖွင့်ဆိုချက်များ**

အမှုကိစ္စတစ်စုံတစ်ခု ပြုမည်ရှိရာတွင်လည်းကောင်း၊ သာရေးနာရေး၊ ပြောင်းရွှေ့ရေး စသည်တွင်လည်းကောင်း အမြင်နိမိတ်ကို ယူရာ၌-

* ဆင်၊ မြင်း၊ နွားများကို တွေ့လျှင် ကောင်းသော နိမိတ် ဖြစ်၏။
* ကျွဲ၊ ခွေး၊ ဖွတ်၊ မိကျောင်းတို့ကို မြင်လျှင် မကောင်း ပျက်အံ့။
* သစ်ပင်လဲပြိုခြင်း၊ တစ်စုံတစ်ခု လဲပြိုခြင်းများကို မြင်လျှင် မကောင်း။
* နီသောပန်းမှအပ အခြားသောပန်းများကို မြင်လျှင် ကောင်း၏။
* လူသေမသာကို တွေ့မူ သာရေးဖြစ်က လွန်စွာ ကောင်းလှ၏။
* သေးထွက်သံယို မြင်သော် လွန်စွာကောင်း၏။
* ရဟန်း၊ သီလရှင်၊ အဘိုးအို၊ အဘွားအိုများ တွေ့မူ မကောင်း။ နာရေးတွင် သေပျောက်တတ်၏။
* ဝန်ထုပ်ဝန်ပိုး ထမ်းလာသည်ကို တွေ့သော် နာရေး တွင် မကောင်း။ သာရေးဖြစ်မူ ကောင်းလှ၏။ မငြိမ်မသက် လှုပ်လှုပ်ရွရွဖြစ်နေသူကို မြင်မူ ဆောင် ရွက်သည့်အရာ ဆုံးခန်းမရောက် ဖြစ်တတ်၏။
* ဣန္ဒြေကြီးစွာနှင့်နေသူကို မြင်မူ အလွယ်နှင့် ပြီးစီး အောင်မြင်တတ်၏။ နာရေးဖြစ်မူ ခဲယဉ်းစွာ ကုသ ရတတ်၏။
* ယောက်ျား၊ မိန်းမတို့ မပေါ်သင့်သည့်အရာ ပေါ်နေ သည်ကို မြင်လျှင် သာရေး၌ အောင်မြင်တတ်၊ လာဘ်ကြီး ရတတ်၏။ နာရေးတွင်မူ သေပျောက် တတ်၏။
* သစ်သီးဝလံများ တွေ့မူ ကောင်း၏။ စီးပွားရတတ်၏။
* အိုးခွက်ကွဲသည်ကို မြင်မူ နာရေးတွင် ကောင်း၏။ သာရေးတွင် မကောင်း။
* တစ်စုံတစ်ဦး ပြေးလွှားနေသည် မြင်သော် သာရေး တွင် မကောင်း၊ နာရေးတွင် ကောင်း၏။
* တုတ်၊ ဓား၊ လှံ စသည့် လက်နက်တစ်စုံတစ်ခု ကိုင်သည်၊ ထမ်းသည်ကို မြင်လျှင် ထိုအရာများကို ကိုင်ထမ်းလျက် လျင်စွာ သွားနေသည်ကို မြင်က မကောင်း။ နှေးစွာ သွားနေမူ အပြစ်မရှိ။
* ပေါက်တူး၊ တူရွင်း၊ တံမြက်စည်း စသည်တို့ကို ကိုင်ဆောင်သွားသည်ကို မြင်လျှင် မအောင်မြင် တတ်၊ ပျက်စီးတတ်၏။
* ကန်းသူ၊ ဆွံ့သူ၊ နားမကြားသူတို့ကို မြင်လျှင် မကောင်း။
* ရေချမ်းအိုး၊ ညောင်ရေအိုး၊ မရိတ်အိုးများကို မြင် လျှင် ကောင်းလှပေ၏။
* ထမင်းဟင်း ကြော်လှော်ချက်ပြုတ်နေသည်ကို မြင် လျှင် ကောင်း၏။
* တစ်ယောက်က တစ်ယောက်လက်တွင်းမှ ပစ္စည်းကို လုယူသည်ကို မြင်လျှင်လည်းကောင်း၊ စားသောက် ဖွယ်ကို လုယူစားသောက်သည်ကို မြင်လျှင်လည်း ကောင်း မကောင်း။
* ဖက်ရမ်းနမ်းရှုံ့နေသည်ကို မြင်လျှင် သာရေးတွင် ကောင်း၏။ နာရေးတွင်မကောင်း။
* ကလေးငယ်ကို ထမင်းခွံ့နေသည်ကိုလည်းကောင်း၊ ငှက်မကြီးက ငှက်ကလေးများကို အစာခွံ့နေသည် ကိုသော်လည်းကောင်း မြင်တွေ့မူ အောင်မြင်၏။ လာဘ်ရ၏။
* ခွေးမကြီးက ခွေးငယ်များကို အစာအန်ကျွေးသည် ကို မြင်မူ ခဲယဉ်းစွာ အောင်မြင်ပြီးမြောက်တတ်၏။ နာရေးတွင် မကောင်း။

www.burmeseclassic.com

ဤပြခဲ့ပြီးသည်တို့ကိုမှီးကာ ဉာဏ်ပညာဖြင့် ချင့်ချိန်လျက် အခါအားလျော်စွာ၊ အရာအားလျော်စွာ အမြင်နိမိတ်များကို ကောက်ယူသိရှိအပ်ပေ၏။

**ဖြစ်မြဲစဉ်လာထက် ကျော်လွန်၍ဖြစ်သော နိမိတ်ထူးများနှင့် အကျိုးအပြစ်**

* ကြက်မတွန်မှု ကြက်ရှင် အန္တရာယ်ရှိ၏။ မသတ်နှင့်၊ ဝေးရာသို့ ပို့လေ။
* နွားငယ်တွန်လျှင် ထိုနွားအရှင် အကြီးအကဲ ဖြစ်တတ်၏။
* မြွေနှင့်ဖား၊ ကြောင်နှင့်ကြွက်၊ ကျားနှင့်ဝက်၊ ကျီးနှင့် ဇီးကွက်(ဒီးဒုတ်) စသော မသင့်သော သတ္တဝါများ သင့်မြတ်သည်ကို မြင်လျှင် နီးဝေးမဟူ အချင်းချင်း သင့်မြတ်ကြ၏။
* တောတိရစ္ဆာန်တစ်စုံတစ်ခု ရွာအတွင်းဝင်မူ ထိုရွာ၏ အကြီးအကဲ အပြောင်းအလဲ ပေါ်ပေါက်ရတတ်၏။
* မိမိကိုးကွယ်သော ဘုရားရုပ်တု ချွေးထွက်လျှင်၊ မျက်တောင်ခတ်သည်၊ နှာတော်လှုပ်သည်၊ နှုတ်ခမ်းတော် လှုပ်သည်ကို ထင်မြင်ရလျှင် ကိုးကွယ်သူ အန္တရာယ်ဖြစ်အံ့။
* ရွာလုံး၊ မြို့လုံး၊ နယ်လုံး ကိုးကွယ်သော ဘုရားရုပ်တုတော်များ ထိုအလားတူဖြစ်လျှင် ထိုရွာ၊ ထိုမြို့၊ ထိုနယ် အန္တရာယ်ကြီး ဖြစ်အံ့။
* ဘုရားပုထိုး ရောင်တော်ကွန့်မြူးလျှင် ထိုဘုရားပုထိုးဆိုင်ရာ မြို့ရွာနယ်အကြီးအကဲများ ပျက်စီးအံ့။
* အိမ်ခြံဝင်းအတွင်းရှိ အမိကရသစ်ပင်ကြီး အလိုလို ခြောက်သွေ့သွားသော် လေမလာဘဲလဲပြိုသော် ထိုအိမ်ခြံဝင်းရှင် ဥပဒ်အမျိုးမျိုး ဖြစ်အံ့။
* ရွာလုံးနှင့်ဆိုင်သော အမိကရသစ်ပင်ကြီး အလားတူ အလိုလို ခြောက်သွေ့သော် လေမလာဘဲ လဲပြိုသော် ထိုရွာ အန္တရာယ်အမျိုးမျိုး မကြာခဏသင့်အံ့။
* တိရစ္ဆာန်သော်လည်းကောင်း၊ လူသော်လည်းကောင်း မမွေတာထက် ကျော်လွန်၍ ခေါင်းနှစ်ခု၊ ကိုယ်နှစ်ခု၊ ခြေမပေါက်ရမည့် နေရာဝယ် ခြေ၊ လက်မပေါက်ရမည့် နေရာဝယ် လက်ပေါက်ခြင်း စသဖြင့် ဖြစ်ပွားပေါ်ပေါက်ခဲ့သော် ထိုဆိုင်ရာသူများ ပြုန်းတီးအံ့။
* လူက ဘီလူးမွေးခြင်း၊ ဝက်က ခွေးမွေးခြင်း၊ ဆင်မွေးခြင်း စသော ဖြစ်မြဲမဟုတ်သော မွေးဖွားခြင်းများဖြစ်သော် ရန်အန္တရာယ် ကပ်သုံးပါး ဆိုက်တတ်၏။
* ဆင်မသည် မုန်ယိုသော်၊ ဆင်ထီးကဲ့သို့ အစွယ်ကြီးကြီးရှည်ရှည် ပေါက်သော် ထိုမြို့ပြပြည်ရွာ ရန်အန္တရာယ် များ၏။
* ကြက်ဖသည် ဥခဲ့သော် မသူတော်များ အကြီးအကဲ ဖြစ်တတ်၏။
* ခွေးနို့ကို ကြောင်စို့ခြင်း၊ ဝက်နို့ကို ခွေးစို့ခြင်းပြုမူ ရောဂန္တရကပ် ဆိုက်ရောက်တတ်၏။
* အကြင်မိန်းမသည် တစ်ကြိမ်တွင် နှစ်ယောက်ထက် ပိုသော ကလေးများကို ဖွားမြင်သော် ထိုမိန်းမနေရာ မြို့ရွာတွင် ရန်အန္တရာယ် ရှိတတ်၏။
* အုန်း၊ ငှက်ပျော၊ နာနတ် စသောအသီးများ သီးရိုးသီးစဉ်ထက်လွန်၍ ဆန်းကြယ်စွာသီးသော် ထိုရွာနယ် ချောက်ချားတတ်၏။
* ကြခတ်ဝါးသီးသော် ဆိုင်ရာ ရွာ၊ မြို့နယ် ကပ်သုံးပါး ဆိုက်ရောက်တတ်၏။
* လူရိုးကို နွားစားသော်၊ စပါးကို ခွေးစားသော် ဘေးအန္တရာယ်များ၍ ငတ်မွတ်ရှားပါးတတ်၏။
* တိရစ္ဆာန်များ ဇာတ်တူသားစားသော် အစားအစာ၊ ကုန်ပစ္စည်း ရှားပါးတတ်၏။
* မြွေ၊ ကျီး၊ ကြွက်၊ ပုစဉ်း၊ ကြောင် ပေါများသော် ထို့အတူ အစားအစာ ရှားပါးတတ်၏။
* ပိုးဟပ်၊ ကြမ်းပိုး ပေါများသော်၊ သန်းကြီးခေါ်ကိုယ်သန်းများ ပေါများသော် ပြည်ရွာနယ်ပယ်အလုံး ပျက်စီးတတ်၏။

ဤပြခဲ့သည်ထက်ပို၍ တွေ့ကြုံရသော အတိတ်နိမိတ်များကို အထူးအဆန်းသဖွယ် ဖြစ်တိုင်း ကောင်းသည်ဟု မယူဆရာ။ ပညာနှင့် ဆင်ခြင်၍ ခေတ်ကာလအားလျော်စွာ အကျိုးအပြစ်ကို သိအပ်ပေ၏။

**မိုးခေါင်ကြောင်း နိမိတ်များ**

* ဖားသတ္တဝါ ကုန်းတွင် ကျက်စားလျှင်၊ ဖားအော်သံနည်းပါးလျှင် မိုးခေါင်တတ်၏။
* လယ်ပုစွန်လုံးများ မြစ်ချောင်းကမ်းပါးတွင် တွင်းဖောက်နေလျှင် မိုးခေါင်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com

* မိုးတွင်းအခါဖြစ်လျက် ပုရွက်ဆိတ်များ ရေအိုး အောက်တွင် နေလျှင် မိုးခေါင်တတ်၏။
* ငှက်သိုက်နိမ့်နိမ့်လုပ်လျှင် မိုးခေါင်၍ လေပြင်းတတ်၏။
* ကုန်းသတ္တဝါ ရေတွင် ကျက်စားလျှင်လည်းကောင်း၊ ရေသတ္တဝါ ကုန်းတွင် ကျက်စားလျှင်လည်းကောင်း မိုးခေါင်တတ်၏။

**သတ္တဝါအဝင်နိမိတ်နှင့် ကျိုးပြစ်**

* အိမ်တွင်းသို့ ခင်ပုတ်ငှက်၊ တောကြက်ဝင်သော် နာဖျားရောဂါ ဖြစ်တတ်၏။
* လင်းတဝင်သော် သေပျောက်တတ်၏။ စီးပွားပျက်တတ်၏။
* ဖွတ်ဝင်သော် ဘေးမျိုးသင့်တတ်၊ ရေခန်းသကဲ့သို့ စီးပွားဥစ္စာ ကုန်ခန်းတတ်၏။
* ယုန်ဝင်သော် အန္တရာယ်များ၏။
* သမင်၊ ဒရယ်၊ ချေ၊ ဆိုင်၊ ဆတ် စသောတောကောင်များဝင်သော် မီးလောင်ပျက်စီးတတ်၏။
* နွား၊ ကျွဲ တက်လာ ဝင်ရောက်မူ စီးပွားတိုးတက်၏။
* လိပ် ဝင်တက်မူ၊ စပါးကြီး၊ စပါးအုံးမြွေ ဝင်တက်မူ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတတ်၏။
* ခွေးသည် မိမိနေရာထက်ပို၍ စွတ်စွတ်ဝင်လာမူ၊ အိမ်ခေါင်သို့တက်မူ ပျက်စီးခြင်းငါးပါး တိုင်၏။
* မိကျောင်းတက်မူ သေပျောက်ပျက်စီးအံ့။

**ပိုးသာနိမိတ်အဟော**

* အရှေ့တည့်တည့်မှသာမူ ချစ်ခင်သူ ရောက်လာတတ်၏။
* အရှေ့တောင်ကသာမူ အကြီးအကဲရောက်လာတတ်၏။
* တောင်အရပ်ကသာမူ သားငါးဟင်းရံမျိုး လာ၍ ပို့လိမ့်မည်။
* အနောက်တောင်ကသာမူ တပည့်သားမြေး ရောက်လာတတ်သည်။
* အနောက်မြောက်ကသာမူ လက်အောက်ငယ်သားများ လာရောက်တတ်သည်။
* အနောက်ကသာမူ စုတ်နှင့်အတူ မိတ်ဆွေရောက်လာတတ်သည်။
* မြောက်ကသာမူ စုတ်ကောင်း ရောက်လာတတ်သည်။
* အရှေ့မြောက်ကသာမူ ပူဇော်မည့်သူ၊ မ,စမည့်သူ ရောက်၍လာတတ်သည်။

**ကိုယ်အင်္ဂါပေါ်တွင် အိမ်မြှောင်ကျခြင်း နိမိတ်အဟော**

* အိမ်မြှောင်သည် ဦးထိပ်ထက်၌ကျမူ စီးပွားချမ်းသာ၊ အကြံအစည် နှောင့်နှေးတတ်၏။
* ညာလက်ရုံးထက်တွင်ကျမူ အစားကောင်း စားရတတ်၏။ လက်ဝဲလက်ရုံးထက်ကျမူ လာဘ်ပိတ်ဆို့တတ်၏။
* ကျောခြ၌ကျမူ ခိုက်ရန်ဖြစ်တတ်၊ နာဖျားတတ်၏။ ရင်၌ကျမူ အဝေးအနီးမှ လာဘ်လာဘ ရောက်လာတတ်၏။
* ခါး၌ကျမူ အဝတ်ဟောင်း ထွက်၍ အဝတ်သစ်ရတတ်၏။ ဝမ်း၌ကျမူ ရမည့်စီးပွား နှောင့်နှေးတတ်၏။
* အင်္ဂါဇာတ်၌ကျမူ အိမ်ထောင်ဖက်ရှိသူ၌ အိမ်ထောင်ဖက်နှင့် ကင်းကွာရတတ်၍ မရှိသူ၌ အိမ်ထောင်ဖက်တွေ့ရတတ်၏။
* ညာဘက်ပေါင်၌ကျမူ စီးပွားရတတ်၏။ ဝဲဘက်ပေါင်၌ကျမူ ဆွေမျိုးမိတ်သင်္ဂဟတို့နှင့် မျက်သိုရတတ်၏။
* ညာခြေသလုံး၊ ညာဒူး၌ကျမူ သားမယား၊ သားမယားကဲ့သို့သောသူကို ရရှိတတ်၏။ ဝဲခြေသလုံး၊ ဝဲဒူးတို့၌ကျမူ သားချင်း ပျက်စီးတတ်၏။
* လယ်ယာခြေချင်းဝတ်၊ ခြေစုံ၊ ခြေဖဝါးတို့၌ကျမူ စီးပွားရတတ်၏။ မိမိအား မိုခိုမည့်သူ ရောက်လာတတ်၏။ လက်ဝဲခြေချင်းဝတ်၊ ခြေဖဝါးတို့၌ကျမူ စိုးရိမ်သောက များတတ်၏။ ဒုက္ခတွေ့သူ ရောက်လာတတ်၏။

ဤသည်တို့ကား ရေရေရာရာ သေသေချာချာ သိထားဖို့ လိုအပ်သည့် နိမိတ်များနှင့် စပ်လျဉ်းသည်တို့သာ ဖြစ်ပါကြောင်း စာစကားကမ်းဆင့် ဆက်သီရင်းဖြင့်…။

ကိုရွှေမြသန်း(သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

# အတိတ်ဘဝ မှတ်မိကြသူများ
## မင်းသိင်္ခ

အတိတ်က မိမိဘဝကို သိသောသူသည် ဇာတိဿရ မည်၏။ ထိုသူ၏ မှတ်မိသောဉာဏ်သည် ဇာတိဿရဉာဏ် မည်၏။




www.burmeseclassic.com

www.burmeseclassic.com

ဇာတိ သရတိတိ ဇာတိဿရော (ပုဂ္ဂလော)
တဿဉာဏမ္ပိ ဥပစာရေန ဇာတိဿရောပြု။

အဘိညာဉ်ဖြင့် သိသောဉာဏ်ကား ဈာန်သမာပတ်အစွမ်းကြောင့် ဖြစ်၏။ ဇာတိဿရဉာဏ်ကား သတိ၏အစွမ်းကြောင့် ဖြစ်၏။ ဇာတိဿရဉာဏ်ရသူ လူဝင်စားတို့သည် ရှေးဘဝကို တရေးရေးထင်မြင်လာပြီး အတိတ်ဘဝကို သိကြကုန်၏။ အဘိညာဉ်ရသောသူတို့သည် မိမိဘဝ၊ သူတစ်ပါးဘဝကို များစွာ ဝေးစွာသိမြင်နိုင်၏။ ဇာတိဿရဉာဏ်ဖြင့် မိမိဘဝကိုသာ မိမိနှင့်စပ်သောသူကိုသာ နီးကပ်သောဘဝမှာသာ သိမြင်နိုင်၏။ အဘိညာဉ်ဖြင့် ရှင်းလင်းစွာ အကျယ်တဝင့်သိ၏။ ဇာတိဿရဉာဏ်ဖြင့် ခပ်ဝါးဝါး တစ်စွန်းတစ်ကွက်မျှသာ သိလေသည်။

သို့ဖြစ်ပါ၍ လူဝင်စားများ၊ အတိတ်ဘဝ မှတ်မိသူများ အကြောင်းအား ရေးသားတင်ပြလိုက်ပါ၏။

<u>ဝေဿဏရပုဏ္ဏားမှ မျောက်ဘဝ</u>

မြတ်စွာဘုရားလက်ထက်တော်၌ ဝေဿဏရပုဏ္ဏားသည် ရှင်မဟာကစ္စည်းကို မျောက်နှင့်တူကြောင်း ပြောဆိုမြဲများ၏။ မြတ်စွာဘုရား ကြားသိသောအခါ ထိုပုဏ္ဏားသည် ကစ္စည်းမထေရ်ကို ကန်တော့ဝန်ချတောင်းပန်က အပြစ်ပပျောက်လိမ့်မည်။ မကန်တော့က မျောက်ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။

ဝေဿဏရသည် ရှင်ကြီးဂေါတမ စကား မှန်လှေ့ချိန်၏။ ငါ မျောက်ဖြစ်က စားရအောင်ဟု ဥယျာဉ်စိုက်ပျိုးလေ၏။ ဝေဿဏရပုဏ္ဏား သေသော် ထိုဥယျာဉ်ထဲ၌ မျောက်ဖြစ်လေ၏။ ဟဲ့··ဝေဿဏရဟု ခေါ်လိုက်လျှင် ပြေးလာသည်ဟူ၏။ သူသည် ရှေးဘဝကို မှတ်မိလေ၏။

<u>လူ့ဘဝမှ ကျွဲဘဝ</u>

မုံရွာမြို့နယ် ရွာကြီးတစ်ရွာ၌ ဥစ္စာပစ္စည်း ကြွယ်ဝသော လူတစ်ဦးသည် သေသောအခါ ကျွဲဖြစ်လေ၏။ ထိုကျွဲသည် ထိုသူ၏ အမည်ကို ခေါ်ပါက လာလေ၏။

<u>ညီမှ ဆန်တစ်ခွက်၊ လူဝင်စား</u>

ညီသည် ဆန်တစ်ခွက်ကြွေးကြောင့် မိမိသူငယ်ချင်းအိမ်၌ နွားလေး ဖြစ်ရလေ၏။ သူငယ်ချင်းသည် နွားကို သတ်စား၏။ ထိုနွားသည် အခြားရွာ၌ လူငယ်ဖြစ်လာ၏။ ထိုအကြောင်းကို ပြောပြသောအခါ ညီ၏သူငယ်ချင်းသည် ၎င်းအတွက် ငိုယိုခဲ့လေ၏။

<u>ခွေးဘဝမှ လူ့ဘဝ</u>

သထုံနယ်မှ တောကျောင်း တစ်ကျောင်းတွင် ခွေးများစွာ ရှိ၏။ ထိုကျောင်း ဘုန်းကြီးသည် ခွေးတို့ကို အမြဲကျွေး၏။ ခွေးလေမတစ်ကောင် ရောက်လာရာ ကျောင်းခွေးများက ဝိုင်းကိုက်သဖြင့် ကျောင်းဘေးဝါးရုံပင် တစ်ချုံတွင် နေရှာ၏။ ဘုန်းကြီးသည် ထိုခွေးမလေးအား သီးသန့်ကျွေး၏။ ထိုခွေးမလေး သေသောအခါ ရွာတစ်ရွာမှာ လူဝင်စားမိန်းကလေး ဖြစ်လာ၏။ ယခင် ဘုန်းကြီးသည် ခရီးသွားရင်း ထိုရွာသို့ ဖြတ်သွားသောအခါ ထိုမိန်းကလေးသည် ဘုန်းဘုန်းဟု အော်ဟစ်ကာ နောက်မှလိုက်ပြီး အိမ်သို့ပင့်၏။ ယခင်အကြောင်းများ ပြောပြသောအခါ ဘုန်းတော်ကြီးသည် အလွန်သံဝေဂရတော်မူလေ၏။

<u>လူဝင်စား ကိုရင်လေး</u>

ကျွန်ုပ်ကျောင်းမှာ လူဝင်စား ကိုရင်လေးတစ်ပါး ရှိ၏။ သူသည် ဂျပန်ခေတ်က ပိုးထိသေ၏။ သေသောအခါ တစ္ဆေဖြစ်၍ မသာချစဉ် အလောင်းခုတင်ပေါ် ထိုင်လိုက်ကြောင်း၊ မျက်လုံးကြီးများ၊ နှာခေါင်းကြီးများ၊ လက်ကြီးများကို သူမှတ်မိ၏။ ထမင်းများ ကုပ်ယူသောအခါ လက်ထဲမှာ ပါမလာဟု မှတ်မိ၏။ ခွေးကို ကြောက်၏။ ခွေးဟောင်လျှင် အိမ်ပေါ်သို့ ဖျတ်ခနဲ ရောက်သွားကြောင်းဆို၏။ သူသည် ရှေးဘဝက သူ့သမီးဝမ်းမှာ ဝင်စားသည်ဟု ကျွန်ုပ်အား ပြောပြလေ၏။ သူ့ကို လူမထွက်ဖို့ပြောသော်လည်း ယခု သူ လူထွက်သွားလေပြီ။

<u>ပုဂံခေတ်၌ သုံးဘဝမင်းဆက်ဖြစ်သော လူဝင်စားများ</u>

က။ စလေငခွေးမင်းမှ တရုတ်ပြေး(ကုလားကျ)မင်း ဖြစ်၏။ ၎င်းမှ နရသီဟပတေ့မင်း ဖြစ်၏။

ခ။ သမုဒ္ဒရာဇ်မှ အနော်ရထာမင်း ဖြစ်၏။ ၎င်းမှ ကျစွာမင်းဖြစ်၏။

ဂ။ ပြူစောထီးမှ သေင္ဃလည်ကြောင်မင်း ဖြစ်၏။ ၎င်းမှ ကျန်စစ်မင်း ဖြစ်၏။

ထိုမင်းသုံးဦးတို့ ဖြစ်ကြောင်းကို နောက်နောက်ဘဝ၌ မိမိတို့ ဇာတိဿရဉာဏ်ဖြင့် သိကြသည်။

စလေ၊ ကုလားကျ၊ နရသီဟပတေ့၊ စေ့တုံသုံးဖြစ်၊ သမုဒ္ဒရာဇ်၊ နော်ရထာ၊ ကျစွာနည်းတူ၊ ပျူသေင်္ဃ၊ ကျန်စစ်မင်းတစ်ပါးလျှင် တရားဓမ္မရာဇ်၊ သုံးကြိမ်ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

မှတ်ဆစ်မှတ်ရန် အထူးတည်း။

(ကင်းဝန်မင်းကြီးကဗျာစု- ၂၂)

**မရိုးနှင့်မတ် လင်ကိုသတ် လေးဘတ်တိုင်အောင်ပင်**

ကဝိလက္ခဏာ/ပုဒ်ရေ(၁၁၂၈)၌ မရိုးနှင့် မတ်ဖြစ်သူ လင်ငယ်တို့သည် လင်ကြီးဖြစ်သူ (လင်ငယ်၏ အစ်ကိုကြီးအရင်း)ကို လေးဘဝတိုင်တိုင် သတ်ကြသည်။

က။ ရေဆိပ်၌ မရိုး(မယားကြီး)က လင်ကြီးကို မျှားခေါ်လာ၏။ မတ်(လင်ငယ်)က ရဲဒင်းဖြင့်ခုတ်သတ်၏။

ခ။ လင်ကြီးလည်း မယားကြီးကို စွဲလမ်း၍ မြွေဖြစ်၏။ ထိုမြွေသည် လင်ငယ်နှင့် ပျော်မွေ့နေသော မယားကြီးအပေါ် မိမိကိုယ်ကို ပစ်ချလေ၏။ မယားကြီးသည် ရိပ်မိ၍ လင်ငယ်(မတ်)အား မြွေကို ရိုက်သတ်စေ၏။

ဂ။ မြွေမှတစ်ဖန် ခွေးဖြစ်ပြန်၍ ထိုခွေးသည် မယားကြီးနောက် တကောက်ကောက်လိုက်သဖြင့် လင်ဟောင်းကြီးဖြစ်မှာပဲဟု ယုံကြည်ယူဆပြီး ခွေးကို သတ်စေ၏။

ဃ။ ခွေးဘဝမှ နွားဘဝ ရောက်ပြန်၏။ ထိုနည်းပင် ထိုနွားကို သတ်စေ၏။ လင်ကြီးလည်း အချစ်မပြယ်နိုင်သဖြင့် နွားဘဝမှ မယားကြီးဝမ်းထဲ လူဝင်စားလာ၍ဖြစ်၏။

ထိုအခါ ကလေးသည် ရှေးဘဝအကြောင်းတို့ကို အောက်မေ့ဆင်ခြင် သိမြင်သဖြင့် ငါ့အမေကား ငါ့အရင်ဘဝက မယားကြီးပါလား။ ငါ့ကိုသတ်တဲ့ ရန်သူပါလားဟု ကြောက်လန့်၍ ထိုမယားကြီး၏ အထိမခံဖြစ်လေ၏။ အသက်အနည်းငယ်ကြီး၍ ပြောနိုင်သောအခါ အဘွားဖြစ်သူက ထိုမြေးအား ထိုအကြောင်းကို မေးမြန်းသောအခါ မြေးဖြစ်သူက ယခု ကျွန်ုပ်အမေသည် ရှေးက ကျွန်ုပ်၏မယား ဖြစ်ခဲ့သည်။ ကျွန်ုပ်၏ညီနှင့် ဖောက်ပြားပြီး ကျွန်ုပ်ကို သတ်ခဲ့သည်။ နောက်တွင် သူတို့လင်မယား ပေါင်းဖော်နေထိုင်ပြီး မြွေ၊ ခွေး၊ နွား သုံးဘဝဆက် သတ်ခဲ့တယ်ဟုဆိုကာ အဘွားအိုနှင့်မြေး ငိုယိုထွက်ပြေးကြပြီး ရဟန်းပြု ရဟန္တာဖြစ်ကြောင်း ကျမ်းဂန်မှာ ဖော်ပြထားပါ၏။ (အံ/၃/၄ တိတ္ထိယသုတ်အဖွင့်)

**သုမနာထေရီ ရဟန္တာမကြီး၏ တစ်ဆယ့်သုံးဘဝ**

သိဟိုဋ်ကျွန်း၊ သုမနာထေရီ ရဟန္တာမကြီး၏ တစ်ဆယ့်သုံးဘဝ ဇာတိဿရဉာဏ်ကား အထူးသံဝေဂရစရာကောင်းပါသည်။

သုမနာထေရီကား အနုရာဓမြို့နယ်၊ ဘောက္ကန္တရွာ၊ သုမနသူဌေး၏ သမီးဖြစ်၏။ ၎င်းသည် လကုဏ္ဍက အတိမ္ဗရ မည်သော အမတ်နှင့် အိမ်ထောင်ကျ၏။ ၎င်းအိမ် ဆွမ်းခံကြွလာသော အနုရုဒ္ဓမထေရ်က ဟယ်.. ဝက်မကလေး၊ ဒီရောက်နေပါကလားဟဲ့ဟု အံ့သြစွာ ဆို၏။ ထိုစကားကို ကြား၍ သုမနာသည် အတိတ်(၁၃)ဘဝကို သတိရလာပြီး သံဝေဂရကာ ရဟန်းပြု၊ ရဟန္တာထေရီမ ဖြစ်လာ၏။

၎င်းသိသော (၁၃)ဘဝကား-

(၁) လူ၊ (၂) ကြွက်မ၊ (၃) ရာဇဂြိုဟ်ဥဇ္ဇေနီမင်းသမီး၊ (၄) ပထမဈာန်ဗြဟ္မာ၊ (၅) သူဌေးသမီး၊ (၆) ဝက်မကလေး၊ (၇) သုဝဏ္ဏဘူမိမင်းသမီး၊ (၈) ဗာရာဏသီအမျိုးသမီး၊ (၉) သုပ္ပာရကသဘော်ဆိပ် မြင်းကုန်သည်သမီး၊ (၁၀) ကာဝီရသ သဘော်ဆိပ် လှေသူကြီးသမီး၊ (၁၁) အနုရာဓမြို့မင်းသမီး၊ (၁၂) ၎င်းမြို့တောင်ဘက် ဘောက္ကန္တရွာ သုမနသူကြွယ်၏ သမီးဖြစ်၏။

အဋ္ဌကထာ၌ ဤ(၁၂)ဘဝကိုသာ တွေ့ရ၏။

သမဝိသမေတောရသ အတ္တဘာဝေပတ္တာဟု အဋ္ဌကထာ၌ (၁၃)ဘဝရအောင် ရှာပါလေဟု ရှိ၏။

သုမနာထေရီသည် (၁၃)ဘဝကို ဇာတိဿရဉာဏ်ဖြင့် သိရှိပြောဆိုနိုင်သည်။

လူမ၊ ကြွက်မ ဖြစ်ခဲ့ရပြီး တစ်ဝဥဇ္ဇေနီ၊ ဗြဟ္မာ့ပြည်တည့်၊ စီတာသူဌေး၊ ဝက်မကလေးနှင့်၊ မင်းသွေးအလှ၊ သုဝဏ္ဏရှင့်၊ ဗာရာဏသုပ္ပာ၊ ကာဝီရာနှင့်၊ နုရာဓမြို့ကြီး၊ မင်းသမီးတည့်၊ အပြီးဘဝ ပစ္ဆိမ၌၊ သုမနကညာ၊ ဖြစ်ရရှာသည်၊ သုမနာထေရီ အကြောင်းတည်း။ (ပဋ္ဌိဘာန်)

**အရှင်အာနန္ဒာ၏ ဇာတိဿရဉာဏ်**

ပန်းထိမ်ခေါ်ရေး၊ သူဌေးသားနောက်၊ ရောရူရောက်၏၊ ဆိတ်မျောက်နွားစစ်၊ နပုံးဖြစ်လတ်၊ နတ်မိဖုရား ငါးကြိမ်ဖြစ်ကာ၊ ရှစ်နတ်သား၊ ဆယ့်လေးပါးသည်၊ ညီဘွားအာနန် ဖြစ်ရချက်ဟူသော သံဝေဂဝတ္ထုဒီပနီကျမ်းလာ လင်္ကာနှင့်အညီ-

(၁) အရှင်အာနန္ဒာသည် ဘဝသံသရာတစ်ကွေ့၌ ရွှေပန်းထိမ်သည်၏ သားဖြစ်၍ ကာမေသုမိစ္ဆာစာရကို ကျင့်၏။

(၂) ထို့နောက် ထိုအကုသိုလ်ကံ အကျိုးမပေးသေးဘဲ

www.burmeseclassic.com

နွားငွေ့ဖြစ်၍ ကုသိုလ်များစွာပြု၏။
(၃) ထို့နောက် ယခင်အကုသိုလ်ကြောင့် ရောရှုဝငရဲ ကျ၏။
(၄) ထို့နောက် ဆိတ်ဖြစ်၍ ဖွေးစေ့ထုတ်ခံရ၊ သယ်ပိုး ထမ်းဆောင် အနိုင်းခံရသည်။
(၅) ထို့နောက် မျောက်ဘဝရောက်၍ အဖေမျောက်ကြီး ၏ ဖွေးစေ့ကိုက်ဖြတ် အသတ်ခံရသည်။
(၆) ထို့နောက် နွားဖြစ်၍ ဖွေးစေ့ထုတ်ခံရ၊ အနိုင်းခံ ရသည်။
(၇) ထို့နောက် နပုံးလူယုတ် ဖြစ်ရ၏။
(၈) သိကြားမိဖုရား လေးကြိမ်ဖြစ်ရ၏။
(၉) သိကြားမိဖုရား လေးကြိမ်ဖြစ်ရ၏။
(၁၀)သိကြားမိဖုရား လေးကြိမ်ဖြစ်ရ၏။
(၁၁)သိကြားမိဖုရား လေးကြိမ်ဖြစ်ရ၏။
(၁၂)ထို့နောက် တာဝတိံသာ၀၀န နတ်သား၏ မိဖုရား ဖြစ်ရ၏။
(၁၃)မိထိလာပြည် အင်္ဂတိမင်း၏သမီး ရုစာမင်းသမီး ဖြစ်ရ၏။ ထိုအတိတ်ဘဝ ဖြစ်ရပ်များကို ဇာတိဿရ ဉာဏ်ဖြင့် သိ၏။
(၁၄)ထို့နောက် နတ်သားဖြစ်ပြီး ကာမေသုမိစ္ဆာစာရကံ အကျိုးပြီး ငြိမ်းတော့မည်ဖြစ်ကြောင်း၊ ရုစာမင်းသမီးသည် အယူမှားသော ခမည်းတော် အင်္ဂတိမင်းကြီးအား ပြော ကြားသည်။

**တေမိမင်း၏ ဇာတိဿရဉာဏ်**

တေမိမင်းသားသည် အတိတ်ဘဝက မင်းပြုလုပ်၍ အကုသိုလ်များစွာ ပြုလုပ်ခဲ့သောကြောင့် ငရဲ၌ ကြီးစွာ သော ဒုက္ခခံရသည်ကို ဇာတိဿရဉာဏ်ဖြင့် သိရှိကြောက် ရွံ့လှသဖြင့် ဘုရင် မပြုရအောင် ဆွံ့အယောင်ဆောင်လေ သည်။

ဤသည်တို့ကား ဇာတိဿရဆိုင်ရာ အတိတ်ဘဝ မှတ်မိသူများအကြောင်းဟုသာ ဆိုရင်းဖြင့်..။

**မင်းသိန်းကျော်**

**မှီငြမ်း**

* ဘဒ္ဒန္တကုဏ္ဍလ၏ မဟာသုတဒီပနီကျမ်း။


**ဆရာဦးသိန်းဝင်း**
B.A (Geog:), ဒ.ဘ.နဝ (တ.ဆ-၁၄၇၂)
**ပြည်တော်စံ**
တိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော
အားနည်း၊ လေငန်း/လေဖြတ်၊
ကိုယ်ခံအားကျခြင်း၊
အကြောနှင့်ပတ်သက်သော ရောဂါများ
ကုသပေးပါသည်။
✦ လေဖြတ်ရောဂါ ဝေဒနာရှင်များ
အထူးကုသပေးပါသည် ✦

**လေဖြတ်ခြင်းကို**
**ကြိုတင်ကာကွယ်ပါ**
လေဖြတ်မည့် လက္ခဏာများ
* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ဝစ္စည်းများ တိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁:၀၀)နာရီမှ ညနေ(၄:၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄

www.burmeseclassic.com

# စိတ်ကိုတည်ငြိမ်အောင် ဖမ်းယူနိုင်ပြီး ရိုအင်အနှုမြည်ဘေသည့်ရွှန်ချာ

## ဦးတိုတိုကြီး (ဝင်ဆေးရေး)



စိပ်ပုတီးစိပ်ခြင်းသည် အနှားမရှိ၊ ဟိုဒီပြေးလွှား ဆော့ကစား၏နေသည့် စိတ်တို့အား တည်ငြိမ်မှုရရှိစေရန် ကြိုးစားအားထုတ်ခြင်း ဖြစ်ပါသည်။

စိတ်သည် ယေဘုယျအားဖြင့် မကောင်းသောအာရုံတို့၌ ကျက်စားတတ်ခြင်း၊ နစ်မြုပ်နေတတ်ခြင်း၊ စိတ်သည် ပတ်ဝန်းကျင် အာရုံတို့၏ ဖမ်းစားရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်ခြင်း၊ စိတ်သည် တစ်နေရာတည်းတွင် တင်းတိမ်းအားရမနေဘဲ အမြဲတမ်း ပြောင်းလဲခံစားလိုခြင်း စသည်တို့ကြောင့် စိတ်ကို တည်ငြိမ်အောင် ဖမ်းယူဖို့ရာတွင် အပြောကျယ်သလောက် အလုပ်ခက်လှပါသည်။

စိတ်သည် အထက်ဖော်ပြပါတို့ကြောင့် ငါ့ရဲ့စိတ်တွေ ပြေးလွှားနေတာပဲ ဆိုသောအသိနှင့် မပြေးလွှားအောင် ငါ ရအောင် ဖမ်းမယ်ဆိုပြီး စိတ်ကို တစ်နေရာတည်း ထည့်ထားသော်လည်း ထည့်ထားနေသည့်ကြားက ပင် စိတ်သည် ဘယ်လိုပြန်ထွက်သွားမှန်းမသိ ပြန်ထွက်သွားပြန်သဖြင့် ပုတီးစိပ်နေရင်းက စိတ်အလိုမကျ ဖြစ်ရပြန်ပါသည်။

ပုတီးစိပ်ရာတွင် စိတ်တည်ငြိမ်မှု မရှိဘဲ ပျံ့လွင့်နေပါက သမာဓိမရနိုင်သလို စိတ်စွမ်းအားတို့လည်း ဖြစ်ပေါ်လာမည် မဟုတ်သဖြင့် ပုတီးစိပ်ခြင်းသည် စိတ်ကို စိပ်သော စိပ်ပုတီး မဟုတ်တော့ဘဲ ပုတီးကိုသာ တစ်စိတ်စီ စိပ်နေသော စိပ်ပုတီးသမားသာ ဖြစ်နေမည် ဖြစ်သည်။

စိတ်နှင့်ပတ်သက်၍ ဘုရားရှင် ဟောခဲ့သည်မှာ စိတ်လောက် အပြောင်းအလဲမြန်သည့်အခြားသော တရားကို ငါဘုရား မမြင်။ စိတ်သည် လျှင်မြန်စွာ ပြောင်းလဲ၏။ ဘယ်မျှလောက် လျှင်မြန်စွာ ပြောင်းလဲသည်ဟု ဥပမာပေးရန်ပင်



www.burmeseclassic.com

www.burmeseclassic.com

တွေယ်ချေဟု ဟောထားခဲ့ပါသည်။

စိတ်သည် အင်မတန်လျှင်မြန်လွန်းလှသဖြင့် အဖမ်းရခက်လှသောကြောင့် ပုတီးဖြင့် စိတ်ကို ဖမ်းယူခြင်းမှာ ပုတီးစိပ်ခြင်း၏ အဓိကလုပ်ငန်း ဖြစ်ပါသည်။

စိတ်ကို လွင့်မျောသွားခြင်းမရှိ၊ တစ်နေရာတည်းတွင် တည်ငြိမ်နေအောင် တည့်တံ့နေအောင် ပုတီးဖြင့် ထိန်းချုပ်ဆွဲဆောင်ထားနိုင်ပါမှ သမာဓိစွမ်းအား ဖြစ်ထွန်းတိုးတက်လာမှာဖြစ်ပြီး စိတ်စွမ်းအင်၊ စိတ်စွမ်းအားတို့သည်လည်း ခိုင်မာလာကြမှာ ဖြစ်ပါသည်။

သို့ကလိုဖြစ်ဖို့ရာ လက်တွေ့ကျသော နည်းကောင်းရရှိဖို့ရန် လိုအပ်မည်မှာ အမှန်ဖြစ်ပေသည်။ စာရေးသူစိပ်ပုတီးစိပ်လာခဲ့သည်မှာ နှစ်(၃၀)ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ပုတီးကိုင်စ မွေ့မိတ်ဆွေနှင့် ပုတီးစိပ်ရင်း လည်နေသောမွေ့မိတ်ဆွေများ ဘုန်းကြီးကျောင်းတွင် ဥပုသ်စောင့်ရင်းကြုံကြသည့်အခါ စာရေးသူထံ စိပ်ပုတီးစိပ်ရာတွင် စိတ်တည်ငြိမ်မှု ရရှိစေနိုင်သော နည်းကောင်းလေးများရှိလျှင် မွေ့ဒါနပြုကြရန် ပြောလာသဖြင့် စာရေးသူကိုယ်တိုင် လက်တွေ့စိပ်နေသော ပုတီးစိပ်နည်းကို ပေးခဲ့ပါသည်။ ပေးခဲ့ပြီးသည့်နောက်ပိုင်း မွေ့မိတ်ဆွေတို့နှင့် ပြန်လည်ဆုံတွေ့ကြသည့်အခါ ပုတီးစိပ်သည့်အနေအထား ဘယ်လိုနေသလဲဟု မေးမြန်းကြည့်ရာ စာရေးသူအား ဝမ်းပန်းတသာဖြင့် အဆင်ပြေလှပါကြောင်း ပြန်ပြောသဖြင့် စာရေးသူ ပေးရကျိုးနပ်ရပါသည်။

စာရေးသူ ပုတီးစတင်စိပ်စက စိပ်နေရင်းက စိတ်တို့သည် ဖမ်းမမိလောက်အောင် ပျံ့လွင့်လွန်းလှသဖြင့် ပုတီးစိပ်နေရင်း စိတ်ပျက်ခဲ့ရပါသည်။

ထိုစဉ်က စာရေးသူအား အစစအရာရာ သွန်သင်ဆုံးမ ဩဝါဒပေးလေ့ရှိပြီး သူကိုယ်တိုင် ပုတီးစိပ်အားကောင်းသူ စာရေးသူ၏ ဆရာကြီး ဦးစိုးအောင်မှ-

'ပြေးလွှားနေတဲ့စိတ်ကို ဖမ်းယူတည်ငြိမ်ဖို့ရန်အတွက် ဒီနည်းကတော့ အကောင်းဆုံးပဲ ငါ့တပည့်။ ဒီနည်းဟာ စိတ်အား ကောင်းရင် ကောင်းလာသလို လောကီမှာ ဖြစ်ချင်တဲ့ဆုကို တောင်းရင်လည်း ပြည့်စေတယ်ကွ' ဟု ပြောပါသည်။

ဆက်လက်ပြီးတော့ 'ဖြစ်ချင်တဲ့ဆု တောင်းဆိုတဲ့နေရာမှာ မဖြစ်နိုင်တဲ့ ဆုမျိုးတော့ မတောင်းနဲ့ပေါ့ကွာ။ ဖြစ်နိုင်တဲ့ဟာမျိုးကို ဆိုလိုတာ' ဟု ပြောဆို၍ ပေးခဲ့သဖြင့် ရခဲ့သောနည်း ဖြစ်ပါသည်။

ဆရာကြီးဦးစိုးအောင် ဆိုသည်မှာ အမှတ်(၄)စက်ရုံ မြန်မာ့အကြီးစားစက်မှုလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူ ဖြစ်ပါသည်။

ယခု ဆရာကြီးဦးစိုးအောင် ကွယ်လွန်သွားရှာပါပြီ။ ဆရာကြီးဦးစိုးအောင် ဂျပန်နိုင်ငံသို့ ပညာတော်သင် သွားစဉ်က မသွားခင် စာရေးသူအား ပြောခဲ့ဖူးပါသည်။

'ငါ့တပည့်..ဂျပန်နိုင်ငံကို ငါသွားဖို့ အဓိဋ္ဌာန်ပြုပုတီးစိပ်နေတယ်။ မင်း စောင့်ကြည့်နေ။ ငါ သွားကိုသွားရလိမ့်မယ်' ဟု မည်သူမှ အိပ်မက်ပင် မမက်ရဲသော အရာတစ်ခုအား ကျိန်းသေပေါက်ကြီး ပြောခဲ့သဖြင့် ထိုစကားအား စာရေးသူ မယုံကြည်ဖြစ်ခဲ့ရပါသည်။

ထို့နောက် စာရေးသူလည်း ပြောသည့်အတိုင်း မဟုတ်သည်၊ဟုတ်သည်ကို စောင့်ဆိုင်းကြည့်မိရာ လပိုင်းအကြာတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့သို့ ဆရာကြီးဦးစိုးအောင် ပညာတော်သင် ထွက်ခွာသွားရသည့်အတွက် မှန်ပါကလားဟူ၍ မှတ်ချက်ချ ယုံကြည်မိခဲ့ရပါတော့သည်။

ဒါသည် တစ်စိတ်တစ်ဒေသသော ပမာတစ်ခု ဖြစ်ပါသည်။ ဆရာကြီးစိုးအောင်၏ အောင်မြင်မှု ကိုယ်တွေ့များ ရေးသားတင်ပြရမည် ဆိုပါက များစွာရှိလှပါသော်လည်း စာရှည်မှာစိုးရပါသဖြင့် ဤမျှနှင့်ပင် ရပ်နားလိုပါသည်။

ဤနေရာတွင် ဤဆောင်းပါးကို ရေးသားနေသော စာရေးဆရာ ဦးကိုကိုကြီးရောဟု စာရှုသူများ မေးရန်ဖြစ်ပေါ်လာစရာ ရှိပါသည်။

ထိုသည့်အခါ စာရေးသူ ရိုးသားစွာဖြင့် ဖြေရပါလျှင် ဆရာကြီးဦးစိုးအောင်သည် မအားလပ်သည့်ကြားက တစ်နေ့လျှင် အနည်းဆုံး(၃)ကြိမ် အထိုင်ပုတီးစိပ်၍ တစ်ခါထိုင်လျှင် အချိန်ကြာမြင့်စွာ ထိုင်နိုင်သူတစ်ဦး ဖြစ်ပါက ပုတီးစိပ်အား အလွန်ကောင်းသူ ဖြစ်ပါသည်။

စာရေးသူကတော့ တစ်နေ့တစ်ကြိမ်ခန့်သာ ရက်မပျက် ထိုင်နိုင်သူဖြစ်သဖြင့် သူ့လောက် မဟုတ်သော်လည်း ပုတီးစိပ်ရခြင်းတို့၏ အကျိုးတို့ကြောင့် လောကီတွင် မချမ်းသာသော်လည်း လုံးဝ(လုံးဝ) မဆင်းရဲပါဟု ရဲရဲကြီး ဖြေလိုပါသည်။

စာရေးသူအနေဖြင့် ပုတီးစိပ်ရခြင်းတို့၏ အကျိုးကျေး



www.burmeseclassic.com

www.burmeseclassic.com

ဓူးတို့ကြောင့် ထိုက်တန်သော အောင်မြင်မှုတို့ များစွာ ရရှိခဲ့ဖူးပါသည်။ သို့သော်လည်း ထိုအရာတို့အား စာဖွဲ့ရေးသားနေပါက ရှည်လွန်းလှပါသဖြင့် ဤမျှနှင့်ပင် ကျေနပ်စေလိုပါသည်။

ပုတီးစိပ်ခြင်းသည် အပြောထက် လက်တွေ့ကျရန် အင်မတန် အရေးကြီးလွန်းလှပါသည်။ သို့မှသာ မဟုတ်ဘူး၊ ဟုတ်တယ် ဆိုသော အဖြေကို တိကျစွာရရှိမည် ဖြစ်ပါသည်။

ရက်ပိုင်း၊ လပိုင်းလေး အားထုတ်ပြီး မဟုတ်ပါဘူးကွာဆိုသည့် စကားမျိုးကိုတော့ စာရေးသူ လက်မခံနိုင်ပါ။ ရက်ရှည်၊ လရှည်ထက် နှစ်ရှည်ရှည်လေး ကြိုးစားအားထုတ်လာပါလျှင် တိကျပြတ်သားသော အဖြေများသင့်ကို ပေးလာပါလိမ့်မည်ဟု စာရေးသူ အာမခံရေးသားတင်ပြလိုပါသည်။

ဤနေရာတွင် ထပ်ဆင့်နားလည်အောင် ရေးသားရပါလျှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက အသိသည် အသိသာ အကျင့်မဟုတ်၊ သိတိုင်း မကျင့်လျှင် သိနေရုံဖြင့် အကျင့်မရဟု ဆိုထားဘိသကဲ့သို့ စာရေးသူ တင်ပြသည့် ဤနည်းသည်လည်း သိနေရုံဖြင့် အကျင့်မရနိုင်သောကြောင့် ကျင့်မှရ၊ ရမှ သိနိုင်သဖြင့် ကျင့်ကြံအားထုတ်ကြည့်ပါက လွင့်ပျံ့နေသော စိတ်တို့တည်ငြိမ်မှုရလာကာ သမာဓိအားများ ကောင်းမွန်လာပြီး လောကီ,လောကုတ္တရာ အကျိုးထူးများ ဖြစ်ပေါ်လာရမည် ဖြစ်ပါသည်။

သို့အတွက် ကိုယ်တိုင်လက်တွေ့ကျကျ ကျင့်ကြံအားထုတ်၍ သိရှိလာရသော အသိတို့ဖြင့် ဓမ္မဒါန ပြုလုပ်ရခြင်း ဖြစ်ပါသည်။

ဤနည်းသည်ကား သူနည်းသူဟန်တို့ဖြင့် ရှိနေကြသည့် ဂုဏ်တော်ကွန်ချာထဲမှ ဂုဏ်တော်ကွန်ချာတစ်ခု ဖြစ်ပါသည်။

ဤဂုဏ်တော်ကွန်ချာသည် ပြေးလွှားပျံ့လွင့်နေသော စိတ်တို့အား ထွက်မသွားရအောင် ထိန်းချုပ်နိုင်သော စွမ်းအားအပြည့်ရှိသည့် နည်းကောင်းတစ်ခု ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် စာရေးသူ တင်ပြမည့် ဂုဏ်တော်ကွန်ချာမှာ ပုတီးစစိပ်ပြီဟော့ ဆိုကတည်းက ကွန်ချာဆိုသည့်အတိုင်း အောက်ဆင်းလိုက် အပေါ်တက်လိုက်နှင့် ခပ်စိပ်စိပ်လေး စိပ်ရသောနည်း ဖြစ်သဖြင့် စိတ်ကို အပြင်ထွက်ခွင့်မပေးသော နည်းကောင်းနည်းမှန် ဖြစ်ပေသည်။

စိတ်သည် ခေတ္တခဏ အပြင်ထွက်သွားခဲ့ပါလျှင်လည်း ပုတီးစိပ်များကာ အစကနေ ပြန်စိပ်ရမှာဖြစ်၍ စိတ်နှင့် ပုတီး ကပ်နေရမှာဖြစ်သဖြင့် ဂရုစိုက်ရသည့် စိတ်အားကောင်းကောင်း ထားလာရခြင်းကြောင့် သမာဓိပို၍ခိုင်မာလာစေပါသည်။

စိတ်ကို ဖမ်းချုပ်ရာတွင် ကလေး(၂)ဦးနှယ် အလားသဏ္ဌာန် တူလှပါသည်။ မိဘမှ ကြပ်မတ်မှုမရှိ၊ နေချင်သလိုနေ လွှတ်ပေးထားသော ကလေးသည် တစ်နေ့တွင် ဆိုးသွမ်းလူငယ်တစ်ဦး ဖြစ်လာနိုင်သလို မိဘမှ စနစ်တကျ ကြပ်ကြပ်မတ်မတ် ရင်အုပ်မကွာထားသောကလေးသည် တစ်နေ့တွင် လူချွန်လူကောင်းတစ်ဦး ဖြစ်လာနိုင်ပါသည်။

ထို့အတူ စိတ်သည်လည်း နေချင်သလိုနေဟူ၍ လွှတ်ထား၍မရ၊ ကြပ်ကြပ်မတ်မတ် လုပ်နိုင်ပါမှ သမာဓိအားကောင်းကောင်းကို အောင်မြင်စွာရမှာ ဖြစ်ပေသည်။

သို့ပါသောကြောင့် မိဘသဖွယ် အလားသဏ္ဌာန်တူသည့် ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းအား စာရှုသူ စိပ်ပုတီးသမားများအတွက် ဂမ္ဘီရမဂ္ဂဇင်းကြီးမှနေ၍ လက်ဆင့်ကမ်း ဓမ္မဒါနအဖြစ် ပြုလိုက်ရပါသည်။

စိပ်ပုတီးစိပ်နည်းမှာ ဖော်ပြထားသောဇယားမှ ဂဏန်းစဉ်အလိုက် (၁)မှစ၍ (၁၀၈)ပြည့်သည်အထိ နံပါတ်စဉ်မများ စိပ်သွားရမှာ ဖြစ်ပါသည်။

စိပ်စတွင် အခက်အခဲတို့ဖြင့် ကြုံနိုင်သော်လည်း စိတ်မပျက်ဘဲ ကြိုးကြိုးစားစား အားထည့်စိပ်လာ၍ မှတ်လာပါလျှင် တစ်လုံးချင်းပုတီးစိပ်ရသည်မှာပင် ဘယ်အရသာနှင့်မှမတူ ထူးခြားလွန်းလှပါကြောင်း ရေးသားတင်ပြလိုက်ပါရပေသည်။

**ပုတီးစိပ်တော့မည်ဆိုပါက အောက်ဖော်ပြပါအတိုင်း စီစဉ်ဆောင်ရွက်ရပါမည်။**

၁။ ဘုရား၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ကြီးများ ကိုးကွယ်ပါက သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ကပ်လှူ၍ ပင့်ဖိတ်လှူဒါန်းပါ။ ဆွမ်း၊ သစ်သီးများလည်း လှူနိုင်ပါက ပိုကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၂။ ငါးပါးသီလခံယူ၍ လုံခြုံအောင်ထိန်းပါ။

၃။ နတ်၊ လူ၊ သတ္တဝါ အားလုံးအား မေတ္တာပို့ပါ။

၄။ ပဌာန်းအတိုနှင့် မိမိရသည့် ဂါထာများ ရွတ်ဖတ်သရဇ္ဈာယ်ပါ။

၅။ ဂုဏ်တော်ကွန်ချာ (၉)ပတ်စိပ်မည် ဖြစ်ကြောင်း ဘုရားအား လျှောက်ထားပါ။

၆။ မိမိ၏ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးအား ဘုရားကို လှူဒါန်းလိုက်ပါ။

၇။ ဂုဏ်တော်ကွန်ချာပုတီး (၉)ပတ်အဓိဋ္ဌာန်ပြီးအောင် စိပ်ပါ။ ပုတီးစိပ်နေစဉ် ပုတီးစိပ်ဖျက်ခြင်း၊ အထိုင်ဖျက်ခြင်းများ မလုပ်ရပါ။

၈။ အဓိဋ္ဌာန်ပုတီး (၉)ပတ်ပြီးစီးသွားပါက မိမိရသည့် အမျှပေးဝေနည်းဖြင့် အမျှပေးဝေလိုက်ပါ။

ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြီးဦးစိုးအောင် (T-021) အား ဤစာစုတို့ဖြင့် ဂါရဝပြုအပ်ပါသည်။

| ပုတီးလုံးရေ | ဂုဏ်တော် |
|---|---|
| ၁ | အရဟံ * |
| ၂ | အရဟံ |
| ၃ | အရဟံ * |
| ၄ | သမ္မာသမ္ဗုဒ္ဓေါ |
| ၅ | သမ္မာသမ္ဗုဒ္ဓေါ |
| ၆ | အရဟံ |
| ၇ | အရဟံ * |
| ၈ | သမ္မာသမ္ဗုဒ္ဓေါ |
| ၉ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၁၀ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၁၁ | သမ္မာသမ္ဗုဒ္ဓေါ |
| ၁၂ | အရဟံ |
| ၁၃ | အရဟံ * |
| ၁၄ | သမ္မာသမ္ဗုဒ္ဓေါ |
| ၁၅ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၁၆ | သုဂတော |
| ၁၇ | သုဂတော |
| ၁၈ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၁၉ | သမ္မာသမ္ဗုဒ္ဓေါ |
| ၂၀ | အရဟံ |
| ၂၁ | အရဟံ * |
| ၂၂ | သမ္မာသမ္ဗုဒ္ဓေါ |
| ၂၃ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၂၄ | သုဂတော |
| ၂၅ | လောကဝိဒူ |
| ၂၆ | လောကဝိဒူ |
| ၂၇ | သုဂတော |
| ၂၈ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၂၉ | သမ္မာသမ္ဗုဒ္ဓေါ |
| ၃၀ | အရဟံ |
| ၃၁ | အရဟံ * |
| ၃၂ | သမ္မာသမ္ဗုဒ္ဓေါ |
| ၃၃ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၃၄ | သုဂတော |
| ၃၅ | လောကဝိဒူ |
| ၃၆ | အနုတ္တရောပုရိသဒမ္မသာရထိ |
| ၃၇ | အနုတ္တရောပုရိသဒမ္မသာရထိ |
| ၃၈ | လောကဝိဒူ |
| ၃၉ | သုဂတော |
| ၄၀ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၄၁ | သမ္မာသမ္ဗုဒ္ဓေါ |
| ၄၂ | အရဟံ |
| ၄၃ | အရဟံ * |
| ၄၄ | သမ္မာသမ္ဗုဒ္ဓေါ |
| ၄၅ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၄၆ | သုဂတော |
| ၄၇ | လောကဝိဒူ |
| ၄၈ | အနုတ္တရောပုရိသဒမ္မသာရထိ |
| ၄၉ | သတ္ထာဒေဝမနုဿာနံ |
| ၅၀ | သတ္ထာဒေဝမနုဿာနံ |
| ၅၁ | အနုတ္တရောပုရိသဒမ္မသာရထိ |
| ၅၂ | လောကဝိဒူ |
| ၅၃ | သုဂတော |
| ၅၄ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၅၅ | သမ္မာသမ္ဗုဒ္ဓေါ |
| ၅၆ | အရဟံ |



www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၅၇ | အရဟံ * | ၉၃ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၅၈ | သမ္မာသမ္ဗုဒ္ဓေါ | ၉၄ | သုဂတော |
| ၅၉ | ဝိဇ္ဇာစရဏသမ္ပန္နော | ၉၅ | လောကဝိဒူ |
| ၆၀ | သုဂတော | ၉၆ | အနုတ္တရောပုရိသ ဒမ္မသာရထိ |
| ၆၁ | လောကဝိဒူ | ၉၇ | သတ္ထာဒေဝမနုဿာနံ |
| ၆၂ | အနုတ္တရောပုရိသဒမ္မသာရထိ | ၉၈ | ဗုဒ္ဓေါ |
| ၆၃ | သတ္ထာဒေဝမနုဿာနံ | ၉၉ | ဘဂဝါ |
| ၆၄ | ဗုဒ္ဓေါ | ၁၀၀ | ဘဂဝါ |
| ၆၅ | ဗုဒ္ဓေါ | ၁၀၁ | ဗုဒ္ဓေါ |
| ၆၆ | သတ္ထာဒေဝမနုဿာနံ | ၁၀၂ | သတ္ထာဒေဝမနုဿာနံ |
| ၆၇ | အနုတ္တရောပုရိသ ဒမ္မသာရထိ | ၁၀၃ | အနုတ္တရောပုရိသ ဒမ္မသာရထိ |
| ၆၈ | လောကဝိဒူ | ၁၀၄ | လောကဝိဒူ |
| ၆၉ | သုဂတော | ၁၀၅ | သုဂတော |
| ၇၀ | ဝိဇ္ဇာစရဏသမ္ပန္နော | ၁၀၆ | ဝိဇ္ဇာစရဏသမ္ပန္နော |
| ၇၁ | သမ္မာသမ္ဗုဒ္ဓေါ | ၁၀၇ | သမ္မာသမ္ဗုဒ္ဓေါ |
| ၇၂ | အရဟံ | ၁၀၈ | အရဟံ |
| ၇၃ | အရဟံ * | | |
| ၇၄ | သမ္မာသမ္ဗုဒ္ဓေါ | | |
| ၇၅ | ဝိဇ္ဇာစရဏသမ္ပန္နော | | |
| ၇၆ | သုဂတော | | |
| ၇၇ | လောကဝိဒူ | | |
| ၇၈ | အနုတ္တရောပုရိသ ဒမ္မသာရထိ | | |
| ၇၉ | သတ္ထာဒေဝမနုဿာနံ | | |
| ၈၀ | ဗုဒ္ဓေါ | | |
| ၈၁ | ဘဂဝါ | | |
| ၈၂ | ဘဂဝါ | | |
| ၈၃ | ဗုဒ္ဓေါ | | |
| ၈၄ | သတ္ထာဒေဝမနုဿာနံ | | |
| ၈၅ | အနုတ္တရောပုရိသ ဒမ္မသာရထိ | | |
| ၈၆ | လောကဝိဒူ | | |
| ၈၇ | သုဂတော | | |
| ၈၈ | ဝိဇ္ဇာစရဏသမ္ပန္နော | | |
| ၈၉ | သမ္မာသမ္ဗုဒ္ဓေါ | | |
| ၉၀ | အရဟံ | | |
| ၉၁ | အရဟံ * | | |
| ၉၂ | သမ္မာသမ္ဗုဒ္ဓေါ | | |

နားမလည်မှာစိုး၍ ထပ်ဆင့်ရှင်းလင်း ရေးသားရပါလျှင် ဥပမာ-(၄၅)လုံးသို့ ပုတီးလုံးရေ ရလာ၊ ရောက်လာပါလျှင် ထို(၄၅)လုံး၏ ဂုဏ်တော်သည် ဝိဇ္ဇာစရဏသမ္ပန္နောသာ ဖြစ်ရပါမည်။ အခြားဂုဏ်တော် ဖြစ်မနေရပါ။ ထိုနည်းတူစွာ ကျန်ဂုဏ်တော်များကိုလည်း အထက်ပါအတိုင်း စိပ်သွားရမှာ ဖြစ်ပါသည်။

(၁၀၈)လုံးပြည့်သည်နှင့် ပုတီး(၁)ပတ်ရမှာဖြစ်ပြီး (၉)ပတ်စိပ်နိုင်အောင် ကြိုးစားရပါမည်။

(*)ခရေပွင့် ပြထားခြင်းသည် ပုတီးစစိပ်လိုက်သည်နှင့် အရဟံဂုဏ်တော်မှ စရပြီး ဂုဏ်တော်တစ်ပါးချင်း အစဉ်လိုက်တိုင်း အောက်သို့ဆင်းသွားကာ ဂုဏ်တော်တစ်ပါးပြီးတိုင်း အပေါ်သို့ ဂုဏ်တော်ပြန်တက်သွားပုံကို သဘောပေါက်နားလည်စေရန် ပြထားခြင်း ဖြစ်ပါသည်။

နားလည်အောင် သေသေချာချာ ထပ်ကာထပ်ကာ ဖတ်ရှုပြီးမှ ပုတီးကိုစိပ်ပါ။ နားမလည်ပါက ပုတီး(၁)ပတ်ပင် ရဖို့မလွယ်ကူပါ။ သဘောပေါက်သွားပါက လွယ်ကူသွားပါလိမ့်မည်။ စိတ်မပျက်ပါနှင့်။

ဂမ္ဘီရမဂ္ဂဇင်းနှင့်တကွ စာဖတ်ပရိသတ်တို့အား အစဉ်လေးစားတန်ဖိုးထားလျက်။

ဦးကိုကိုကြီး(စစ်ကိုင်းရေး)



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဘိုးသံဝရ၏ အိုဝေး နာဝေးဆေး

သိန်းထွန်းသစ်

(၁)

အများပြည်သူ ကြည်ညိုလေးစား ကိုးကွယ်ခံရတဲ့ တောင်သုံးလုံး အဘဘိုးသံရဲ့ ဝိဇ္ဇာနာမည်ကို သိသူများ နည်းပါးကြပါသည်။ အဘဘိုးသံသည် ထွက်ရပ်ပေါက် ဝိဇ္ဇာတစ်ဦး ဖြစ်ပါသည်။ ရုပ်ပြောင်းနာမ်ခွာ အသေထွက်လို့ ပြောကြပေမယ့် ရုပ်သစ်နာမ်သစ်ဖြစ်သွားတဲ့ ဝိဇ္ဇာဖြစ်ပါသည်။ အဘဘိုးသံ ထွက်ရပ်လမ်းမသွားခင် တောင်သုံးလုံးတောရစခန်းမှာ အသုံးပြုသွားတဲ့ ဝိဇ္ဇာဆေးတွေ ရှိခဲ့ပါသည်။ ဝိဇ္ဇာခရဆေး(၁)၊ (၂)၊ ရက္ခမူဆေး အအေးနှင့်အပူ၊ ပိစပ်ဆေးများ ဖြစ်ကြပါသည်။

ဝိဇ္ဇာခရဆေး(၁)နှင့် (၂)မှာ ဆေးဖော်စပ်ရာတွင် ခက်ခဲပြီး လက်ဝင်လှသည်။ ဆေးသုံးစွဲသူများမှာလည်း သီလ၊ သမာဓိ ကောင်းမွန်သူများ ဖြစ်ကြရပါသည်။ ထိုဆေးကို အဓိဋ္ဌာန်ဖြင့် သုံးစွဲပါက အကြားအမြင်ရရှိပြီး ဝိဇ္ဇာများနှင့် ဆက်သွယ်နိုင်ပါသည်။ အဘဘိုးသံ၏ တပည့်ရင်းများသာ သုံးစွဲခွင့်၊ ဆေးဖော်စပ်နည်းကို ရရှိကြပါသည်။ ရက္ခမူဆေး အအေးမှာ ကျွဲနွားခေါင်းပင်ငွေါးပါးကို ပြာချပြီး အရည်ကျိုရပါသည်။ ထိုအရည်များကို ဆားချက်ပြီး အမှုန့်ဖြစ်အောင် သံငရုတ်ဆုံထဲထည့်ထောင်းရပါသည်။ ဆားခဲများကို အမှုန့်ဖြစ်အောင် ထောင်းရသည်မှာ လက်ဝင်လှပါသည်။ ရက္ခမူ အပူဆေးများမှာ အဆိပ်သင့်လျှင် သောက်သုံးပါက အဆိပ်ပြေပါသည်။ (၉၆)ပါးရောဂါ ပျောက်ကင်းသက်သာသည့် ဆေးများ ဖြစ်ပါသည်။

အဘဘိုးသံ၏ ဓာတ်လုံးများနှင့် နှမ်းဆီကို ချက်၍ရသော အနန္တဆီနှင့် ရက္ခမူဆားကို ဖျော်သောက်ပါက နှိုဆေးဖြစ်သွားပြီး ဆေးအဖြစ် အရသာရှိစွာ သောက်သုံးနိုင်ပါသည်။ ရက္ခမူဆားကို အရည်ပြုလုပ်ပြီး အေအိုင်ဒီအက်(စ်)ရောဂါကို စမ်းသပ်ကုသရန် အဘဘိုးသံ၏ တပည့်ဆရာဝန်တစ်ဦး သုတေသနပြုဖူးကြောင်း ကြားသိခဲ့ဖူးပါသည်။

အဘဘိုးသံ၏ ဝိဇ္ဇာဆေးများထဲမှ လွယ်ကူစွာ ဖော်စပ်နိုင်သောဆေးမှာ ပိစပ်ဆေးဖြစ်ပါသည်။ ထိုဆေးနည်းပြုလုပ်ပုံနှင့် သမိုင်းကြောင်းကို ရေးသားတင်ပြလိုက်ပါသည်။

(၂)

(၁၉၇၆)ခုနှစ်ကာလ ဖြစ်ပါသည်။ ကျွန်တော်၏ ဥပဇ္ဈာယ်ဆရာ ဦးစံသိန်း ခေါ်ဆောင်၍ တောင်သုံးလုံးတောရစခန်းသို့ ရောက်ရှိသွားပါသည်။ ထိုအချိန်က တောင်သုံးလုံးသို့ ကားလမ်း မပေါက်သေးပါ။ သာယာကုန်းရွာ ဘုရားလမ်းမှ ထုံးအိုင်များရှိရာ ထန်း(၅)ပင်ကမ်းစပ်သို့ လမ်းလျှောက်ရပါသည်။ ထန်း(၅)ပင်မှ ဦးမုတ်ဆိတ်(ကရင်ဖထီး) ကူးတို့လှေဖြင့် ကုန်းသာဒင်းရွာသို့ သွားရပါသည်။ ကုန်းသာဒင်းတောင်ကြောပေါ်ရှိ လှည်းလမ်းမှ တောင်သုံးလုံးတောရစခန်းသို့ လမ်းလျှောက်သွားရပါသည်။ မိုးတွင်းကာလအချိန်များတွင် စာသူငယ်ကျေးရွာရှိရာ စာသူငယ်ချောင်းကို ကူးတို့လှေဖြင့် ဖြတ်ကူးပြီး စာသူငယ်ကျေးရွာလမ်းအတိုင်း တောင်သုံးလုံးသို့ သွားရပါသည်။ ယခုအခါ စာသူငယ်လမ်းမှာ ကတ္တရာလမ်းဖြစ်နေပြီး တောင်သုံးလုံးသို့ ကားဖြင့် သွားလို့ရနေပြီ ဖြစ်ပါသည်။ ကားလမ်းမပေါက်မီက သာယာကုန်းရွာမှ တောင်သုံးလုံးအထိ (၇)မိုင်ကွာဝေးပြီး ခြေကျင်ဖြင့် သွားကြရပါသည်။

ထိုအချိန်ကာလတွင် တောင်သုံးလုံး၌ တန်ခောင်မုန်းလပြည့်နေ့ အကြိုပိစပ်ဆေး(တောင်သုံးလုံး၌ ဗီးစပ်ဟု ခေါ်သည်) ချက်ကြပါသည်။ ပိစပ်ဆေးချက်ရန် ထင်းများ ကြိုစုရပါသည်။ တောတိုး ထင်းခုတ်သော တောင်သူများထံမှ ထင်းများ ဝယ်ယူစုဆောင်းကြရပါသည်။ ပိစပ်ပင်များမှာ တောင်သုံးလုံးအနီးအနားတစ်ဝိုက် တောထအောင် ပေါက်နေကြပါသည်။ ပိစပ်ပင်များမှ ခြွေ၍ရသော ပိစပ်ရွက်များမှာ စပါးကျီပုတ်ကြီး တစ်လုံးစာလောက်ကို ဆေးချက်ရာ ပိစပ်ဆီဟောလစ် တစ်ပုလင်း

www.burmeseclassic.com


သာ ရပါသည်။

**ပိစပ်ဆီချက်နည်း**

တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့တွင် ပိစပ်ရွက်များကို မိုးမြဲသုံးလုံးနှင့် တစ်နေ့လုံး ပြုတ်ဖတ်လုပ်ရပါသည်။ ပြုတ်ဖတ်များကို ဆန်ကာထဲထည့်၍ အောက်က ဒန်အိုးကြီးများခံပြီး ရေစစ်ရပါသည်။ ရေစစ်ပြီး ပိစပ်ရွက်များကို ပူပူနွေးနွေး လက်ဖြင့် အရည်ညှစ်ရပါသည်။ လူအင်အား(၁၀)ယောက်ခန့်ဖြင့် လုပ်ကြရသည်။ အဘဘိုးသံ၏ တပည့်ရင်းများဖြစ်သော ဆရာဦးစံသိန်း၊ ဦးထွန်းရွှေ(ဉက္ကလာထွန်းရွှေ)၊ ဒေါ်ဝင်းရီ၊ ဦးသိန်းဟန်၊ ဦးသိန်းဖေ၊ ဦးကျော်ထွန်း၊ ကိုအောင်သန်း၊ ကိုထွန်းမှိ (တပ်ကြပ်ကြီး)တို့ ဦးဆောင်ပြီး ဝိုင်းချက်ကြရသည်။ ပြုတ်ဖတ်ပိစပ်ရည်များကို သုံးပုံတစ်ပုံကျအောင် ထပ်မံကျိုရသည်။ သုံးပုံတစ်ပုံကျန်သော အရည်များကို အဆီဖြစ်အောင် ထပ်ချက်ရပါသည်။ ၄ရေများကုန်စင်သွားပြီး အဆီများ ရရှိပါသည်။ တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့နှင့် လပြည့်နေ့ တစ်နေ့လုံး၊ တစ်ညလုံး ချက်လုပ်ပြီးပါက ပိစပ်ဆီ ဟောလစ်တစ်ပုလင်းစာသာ ရပါသည်။ လပြည့်ကျော် (၁)ရက်နေ့တွင် အဘဘိုးသံက ဝိဇ္ဇာသိဒ္ဓိ တင်ပေးပါသည်။ ပိစပ်ချက်ဆေးကို ဝိုင်းဝန်းလုပ်အားပေးသူများအား အချိုးကျ ဝေငှပေးပါသည်။

**ပိစပ်ဆေး အသုံးပြုပုံ**

ပိစပ်ချက်ဆီ(အဆီ)မှာ ကြာရှည်ခံပါသည်။ ပိစပ်ပြုတ်ဖတ်ရည်မှာ ကြာရှည်မခံပါ။ မှိုတက်တတ်ပါသည်။



အဘဘိုးသံ(စတောင်ခုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

ပိစပ်အဆီတစ်ဇွန်းနှင့် ပျားရည်နှစ်ဇွန်း ရောစပ်ရပါသည်။ တစ်ခါသောက်လျှင် ရွှေးစေ့တစ်စေ့စာသာ သောက်ရပါသည်။ ပိစပ်အဆီမှာ တေဇောဓာတ် အားကောင်းသည့် အပူဆေး ဖြစ်ပါသည်။ သွေးအားကောင်းပြီး အင်အားပြည့်ဝစေပါသည်။ သွေးတိုးရောဂါရှိသူများ မသောက်သင့်ပါ။ ဆီးချိုရောဂါသည်များ ပိစပ်ဆီကို ပျားရည်ရောဘဲ သောက်သင့်ပါသည်။ ပိစပ်သည် အခါးဆေးဖြစ်ပါသည်။ ပိစပ်ဆေးကို အစိဋ္ဌာန်တင်၍ နှစ်ရှည်လများ စားသုံးလျှင် သွေးလေကျစ်သွားပြီး ကာယသိဒ္ဓိပြီးသွားနိုင်ကြောင်း အဘဘိုးသံ မိန့်ကြားဖူးပါသည်။

**ပိစပ်ဆေးနိုင်သည့် ရောဂါများ**

ပိစပ်ဆေးကို စွဲစွဲမြဲမြဲ သောက်သုံးပါက တီဘီ (အဆုတ်ရောဂါ)၊ ပန်းနာရင်ကျပ်၊ သွေးအားနည်းရောဂါ၊ နာတာရှည်ချောင်းဆိုးရောဂါများ ပျောက်ကင်းပါသည်။ တစ်နေ့တည်း သောက်ရုံနှင့် မပျောက်ပါ။ စာရေးသူကိုယ်တွေ့ကြုံရပုံကို တင်ပြပါမည်။

သာကေတမြို့နယ်၊ ကွေ့မကျေးရွာ ဘုရားလေးကျောင်းတိုက်၌ ရုံးပိတ်ရက်များတွင် စာရေးသူ အဓိဋ္ဌာန်ဝင်လေ့ရှိပါသည်။ သား ဦးပဥ္စင်းဦးဝါယမိန္ဒ(ကွယ်လွန်) ဘုရားစေတီ၊ သိမ်၊ ကျောင်းများ တည်ဆောက်သာသနာပြုနေစဉ် အချိန်ကာလ (၂၀၀၀)ပြည့်နှစ် ဖြစ်ပါသည်။ ကွေ့မကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှ ဦးပဥ္စင်းတစ်ပါးသည် တောင်ဒဂုံ စက်မှုဇုန်သို့နေ့စဉ် ဆွမ်းခံကြွသွားရာတွင် ဘုရားလေးကျောင်းတိုက်ဝင်းထဲမှ ဖြတ်သွားလေ့ရှိပါသည်။ တစ်နေ့တွင် ဆွမ်းခံရာမှအပြန် ဘုရားလေးကျောင်းတိုက်ရှိ ပိသုဂါမသိမ်ရှေ့တွင် ထိုင်၍ နားနေသည်ကို တွေ့ရ၍ အကျိုးအကြောင်းမေးကြည့်ရာ ဦးပဥ္စင်းက 'ကျုပ်မှာ ပန်းနာရင်ကျပ်ရှိတယ်။ မောလို့ ထိုင်နားနေတာ' ဟု ပြောပါသည်။

စာရေးသူက 'ရောဂါဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ' ဟု မေးရာ ဦးပဥ္စင်းက 'နာတာရှည်ဗျ။ သုံးနှစ်လောက်ရှိပြီ' ဟု ပြောပါသည်။

စာရေးသူမှာ အသင့်ပါလာသော ပိစပ်ဆေးကို သုံးဆောင်သုံးစွဲနည်း ပြောပြပြီး လှူလိုက်ပါသည်။ ဆေးကုန်သည်အထိ လှူနေရာ သုံး,လေးလလောက် အကြာတွင် ရောဂါသက်သာလာကြောင်း၊ ဆွမ်းခံကြွလျှင် မမောတော့ကြောင်း ပြောပါသည်။ ဆေးချက်နည်း ပြောပြလိုက်၍ ဆေးအလှူခံရမှာ အားနာ၍ ထင်ပါသည်။

ဦးပဥ္စင်းက ပိစပ်ရွက်များ သုံးခွက်တစ်ခွက်တင် အရည်ကျိုပြီး မှိုမတက်အောင်ထား၍ တစ်နှစ်ခန့်သောက်ခဲ့ရာ ပန်းနာရင်ကျပ် အမြစ်ပြတ်ပျောက်ကင်းသွားကြောင်း သိရှိရပါသည်။ တစ်ခါသောက် တစ်ဇွန်း။

**အိုဝေး နာဝေးဆေး (သို့မဟုတ်) ပိစပ်ဆေး**

ပိစပ်ဆေးအကြောင်း စိတ်ဝင်စား၍ တောင်သုံးလုံးက ထမင်းစားဇရပ်ကြီးမှာ အဘဘိုးသံရဲ့ ဇနီးဖြစ်တဲ့ မယ်တော်ကြီး ဒေါ်သာယာ(ကွယ်လွန်)ကို မေးကြည့်ခဲ့ရာ ဒဏ္ဍာရီမဟုတ်တဲ့ ပိစပ်ဆေးရလာပုံ အကြောင်းကို သိခဲ့ရပါသည်။

အဘဘိုးသံ အဓိဋ္ဌာန်စခန်း၊ ဂန္ဓာရီလမ်း လှည့်လည်ကျင့်ကြံ အားထုတ်စဉ်အချိန်က ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ မုလိန်မုအာတောင်တွင် အဓိဋ္ဌာန်ဝင်စဉ် တစ်နေ့တွင် အရပ်အမောင်းမြင့်မားပြီး ကိုယ်ခန္ဓာထွားကျိုင်း၍ အမွေးအမှင် ထူပြောလှတဲ့ လူကြီးတစ်ယောက် အဘဘိုးသံဆီရောက်လာပါသည်။ လူသူမနီး တောကြီးမျက်မည်းထဲက တောင်ပေါ်မှာ တွေ့လိုက်ရတဲ့ ထိုပုဂ္ဂိုလ်ကို အဘဘိုးသံက တောင်ပိုင်ဘီလူးကြီးထင်လို့ မေးကြည့်လိုက်တဲ့အခါမှာ ထိုလူထွားကြီးက သူဟာ တောင်ပိုင်ဘီလူး မဟုတ်ကြောင်း၊ ရှေးမြန်မာလူကြီးတစ်ဦးဖြစ်ကြောင်း ပြန်ဖြေပါသည်။

အဘဘိုးသံက ဘာကြောင့် ဒါလောက် အသက်ရှည်နေရလဲလို့ မေးလိုက်တဲ့အခါ ထိုရှေးမြန်မာကြီးက အိုဝေး၊ နာဝေးဆေး စားလို့ဖြစ်ကြောင်းပြောပြီး ပိစပ်ဆေးနည်းကို အဘဘိုးသံအား ပေးလိုက်ပါသည်။

ပါရမီဖြည့်ကျင့်သောအားဖြင့် ဝိဇ္ဇာတို့သည် လူသတ္တဝါတို့အား အသက်ကယ်စခန်းဖြင့် အင်း၊ ဆေး၊ စမ၊ မန္တန်၊ အင်္ဂါရတ်ပညာများဖြင့် ကယ်တင်ကြပါသည်။

အဘဘိုးသံ (ခေါ်) ဝိဇ္ဇာဘိုးသံဝရ၏ အိုဝေး၊ နာဝေးအသက်ရှည်ဆေးဖြစ်သည့် ပိစပ်ဆေးကို တန်ဆောင်မုန်းလအခါရောက်လျှင် လပြည့်ညဉ့် ဆေးပေါင်းခ သိဒ္ဓိဝင်ချိန်ဖြစ်၍ အနန္တောအနန္တငါးပါးပွဲလှူပြီး အဘဘိုးသံအား ပင့်ဖိတ်ကာ ဆေးချက်စားနိုင်ကြပါသည်။

**သိန်းထွန်းသစ်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


**ဆရာကာလီဒါသနဲ့ သူယုတ်မြို့ဝန်တို့ ဉာဏ်ရည်ပြိုင်ပွဲ**

တစ်နေ့မနက် ဆရာကာလီဒါသသည် ဓာရာနာဂရတိုင်းရဲ့ မြို့တော်ကြီး တိုးတက်သာယာစေဖို့ ဓာရာနာဂရ မြို့တော်ကြီးကို လှည့်လည်စစ်ဆေးနေပါတယ်။ မြို့လမ်းမကြီးတွေ ဖြောင့်ဖြူးစေဖို့၊ ဈေးလမ်းမကြီးတွေ ကောင်းမွန်စေဖို့ လိုက်လံကြည့်ရှုစစ်ဆေးနေတယ်။

ဓာရာနာဂရ မြို့တော်ဝန်လည်း အခုခေတ် မြို့တော်ဝန်တွေလို ဖြစ်နေပါလိမ့်မယ်။ အခုခေတ် လမ်းခင်းသလိုပေါ့။ လမ်းခင်းတဲ့နေရာမှာ ဘိလပ်မြေလျှော့ပြီး ခင်းတာတို့၊ ပလက်ဖောင်းလုပ်တဲ့ နေရာမှာလည်း ပလက်ဖောင်းခင်းရင် သံဆန်ကာ၊ သံချောင်းတို့ ထည့်ပြီးမှ ခင်းရိုးထုံးစံရှိပေမယ့် ဝါးကြမ်းပြားတွေ ထည့်ပြီးခင်းတာ၊ ဘိလပ်မြေ မှောင်ခိုဆိုင် ပို့တာတို့ ဆရာကာလီဒါသတို့ ခေတ်မှာလည်း ရှိမှာပေါ့။

ဒါ့အပြင် ဓာရာနာဂရမြို့တော်ကြီးရဲ့ ဈေးထဲကို ဆရာကာလီဒါသရောက်သွားတော့ ဈေးသူဈေးသားတွေက ဆရာကာလီဒါသကို ဝိုင်းလျှောက်ထားကြတယ်။ မြို့တော် လူတွေက ဈေးကောက်ကို မတရားကောက်ခံတာ၊ ဈေးရုံလမ်းတွေ သန့်ရှင်းရေးမလုပ်ပေးတာ၊ အခွန်တွေ မတရား တိုးကောက်တာတွေ စုပေါင်းတိုင်ကြတာပေါ့။

ဆရာကာလီဒါသကလည်း ပြည်သူပြည်သားတွေနဲ့ ဈေးသူဈေးသားတွေကို နှစ်သိမ့်ပြီး မြို့တော်ဝန်နဲ့ သွားတွေ့ကာ မြို့ကို စည်ကားအောင် လုပ်ပေးဖို့၊ မြို့လမ်းမကြီးတွေ၊ ဈေးလမ်းမကြီးတွေ ကောင်းမွန်စွာ ပြုပြင်ပေးဖို့၊ မြို့သူမြို့သား၊ ဈေးသူဈေးသားတွေရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစစ တိုးတက်ဖွံ့ဖြိုးစေဖို့ လုပ်ဆောင်ပေးရန်



မော်လမြိုင်

ဘောဇဘုရင်နဲ့ ပညာရှိ ကာလီဒါသ



www.burmeseclassic.com

www.burmeseclassic.com

ညွှန်ကြားပြီး ဖိအားပေးတော့ ဆရာကာလီဒါသက ဘုရင်ရဲ့ အတိုင်ပင်ခံ၊ အယုံကြည်ရဆုံး ပညာရှိကြီးဖြစ်နေတော့ မဆန့်ကျင်ရဲဘဲ မြို့တော်နဲ့ ဈေးတွေကို ကောင်းမွန်အောင် လုပ်ပေးပါ့မယ်လို့ အောင့်သက်သက်နဲ့ ကတိပေးလိုက်ရတယ်။

မြို့တော်ဝန်ပါးစပ်ကသာ ဝန်ခံကတိ ပေးလိုက်ရပေမယ့် စိတ်ထဲမှာတော့ ဘယ်ကျေနပ်ပါ့မလဲ။ တစ်နေ့တော့ ငါ့အကြောင်း သိရမယ်လို့ တွေးထားပြီး နေသေးသပ ကာလီဒါသရယ်လို့ ချုံထဲမှာ ချိုးသွေးနေတော့တယ်။

နောက်ဆုံး မြို့တော်ဝန်က မခံနိုင်တဲ့အဆုံး ဓာရာနာဂရမြို့က ထွက်သွားပြီး နိုင်ငံတကာကို လှည့်လည်ကာ မှော်ပညာသည် ဆရာတွေထံက မှော်ပညာတွေကို တစ်ဖက်ကမ်းခတ်တတ်အောင် သင်ယူပြီး ဓာရာနာဂရမြို့ကို ပြန်လာကာ မြို့ငယ်လေးတွေမှာ လှည့်လည်ပြီး မှော်ပညာနဲ့ မျက်လှည့်ပြနေတော့တယ်။

သည်မြို့ဝန်ဟောင်း မှော်မျက်လှည့်ဆရာရဲ့ ပြကွက်တွေက အံ့သြဖွယ်ထူးခြားမှုတွေရှိပြီး သည်းထိတ်ရင်ဖို ပြကွက်တွေမို့ လူတိုင်းက အံ့သြတုန်လှုပ်ပြီး ရင်တလုပ်လုပ် အားပေးကြည့်ရှုကြပြီး ချီးမွမ်းပြောဆိုကြလို့ မြို့ဝန်ဟောင်း မှော်မျက်လှည့်ဆရာ နာမည်ကြီးလာတာမို့ ဓာရာနာဂရတိုင်း ဘောဇဘုရင်နားကိုပင် ပေါက်ကြားသွားလို့ နန်းတွင်းမှာ လာပြပေးဖို့ မှော်မျက်လှည့်ဆရာကို ဖိတ်ကြားလိုက်တယ်။ သည်တော့ မှော်မျက်လှည့်ဆရာက သူ့အကွက်ထဲ ဝင်ပြီလို့ တွေးပျော်ပြီး လက်ခံလိုက်တယ်။

မြို့ဝန်ဟောင်း မျက်လှည့်ဆရာက မှူးမတ်ပရိသတ်တွေအစုံအလင် ဖိတ်ထားပေးပါ။ အထူးသဖြင့် ဆရာကာလီဒါသကိုလည်း မဖြစ်မနေတက်ရောက်ကြည့်ရှုစေဖို့ အထူးဖိတ်ကြားပေးပါဆိုလို့ ဘောဇဘုရင်ကြီးကလည်း ဝန်ခံပြီး အစုံအလင် ဖိတ်ကြားထားလိုက်တယ်။ သည်တော့ ဆရာကာလီဒါသ စဉ်းစားရတော့တာပေါ့။

ကျွန်ုပ်ကို တက်ကြည့်ဖြစ်အောင် တက်ကြည့်ခိုင်းတာ ဘာကြောင့်လဲ။ မှော်ဆရာရဲ့ မျက်လှည့်ကို ရိုးရိုးကြည့်စေချင်လို့ ဟုတ်မယ်မထင်ဘူး။ ငါ့ကို မကျေမနပ်ဖြစ်နေတဲ့ မြို့ဝန်ကလည်း သည်မြို့ကနေ လ,အတော်ကြာ ပျောက်နေတယ်။ ငါ့ကို လုပ်ကြံနိုင်ဖို့ ဒင်းပဲ ဖြစ်နိုင်တယ်။ ငါ တက်ဖြစ်အောင် တက်ရမယ်။

သည်လိုတွေးတောပြီး ပန်းပဲဆရာ အတော်ဆုံးထံကို သွားပြီး သူ့အတွက် သံကိုယ်ကျပ်အင်္ကျီတစ်ထည် လုပ်ခိုင်းလိုက်တယ်။

မှော်မျက်လှည့်ပွဲ ပြသမယ်နေ့ရောက်တော့ ဆရာကာလီဒါသလည်း သံကိုယ်ကျပ်အင်္ကျီကို အတွင်းကဝတ်ပြီး အပြင်က လွှတ်တော်ဝင်ရင် ဝတ်နေကျ အဝတ်အစားတို့ ဝတ်ဆင်ကာ မှော်မျက်လှည့်ပွဲပြမယ့်ခန်းမကို ရောက်လာတော့တယ်။ ခန်းမထဲမှာတော့ မင်းပရိသတ် အတော်လေး စုံစုံလင်လင်ရောက်နေကြပါပြီ။ မကြာခင်မှာ ဘောဇဘုရင်၊ မိဖုရားကြီးနဲ့ မိဖုရားငယ်တို့ ရောက်ရှိလာကြလို့ မှော်မျက်လှည့်ပွဲကို စတင်ပြသပါတော့တယ်။

မြို့ဝန်မျက်လှည့်ဆရာက မျက်နှာမှာ ဆေးရောင်စုံခြယ်သထားတာမို့ မြို့ဝန်မှန်း ဘယ်သူကမှ မသိကြဘူးလေ။ မြို့ဝန်မျက်လှည့်ဆရာက မှော်အစွမ်းနဲ့ အမျိုးမျိုးသော ပြကွက်တွေ၊ သည်းထိတ်ရင်ဖိုပြကွက်တွေ၊ ရုပ်ပြောင်းရုပ်လွှဲပြကွက်တွေ အံ့မခန်းအောင် ပြသသွားလို့ ပရိသတ်အားလုံး အံ့သြချီးမွမ်းကြပြီး သြဘာပေးကြတာ ခန်းလုံးညံနေပါတယ်။ ဆရာကာလီဒါသကတော့ မျက်လှည့်ဆရာရဲ့ မျက်နှာကိုသာ အသေအချာ ကြည့်နေလေတယ်။

သည်အခါ မှော်မျက်လှည့်ဆရာက ဆရာကာလီဒါသကို တစ်ချက်စေ့ကြည့်လိုက်ပြီး ကျားအသွင် ပြောင်းလွှဲသွားကာ အခုန်အပျံတွေ၊ ရှေ့ကျွမ်းနောက်ကျွမ်းတွေထိုးပြီး အမျိုးမျိုးပြသပြီးနောက် ဆရာကာလီဒါသကို တစ်ချက်ကြည့်ပြီး ဆရာကာလီဒါသကို ခုန်အုပ်လိုက်တယ်။ ပရိသတ်တွေ အားလုံးက ဟာ..သွားပြီဆိုတဲ့ အာမေဍိတ်သံတွေ ညံသွားပေမယ့် ဆရာကာလီဒါသက သတိနဲ့နေသူဆိုတော့ ကျားအခုန်အကျမှာ ရှောင်ပြီးဖြစ်သွားတာမို့ ဘာမှ မဖြစ်သွားပါဘူး။

ကျားလည်း ဆရာကာလီဒါသကို ဒေါသထွက်လာပြီး နောက်တစ်ခါ အရှိန်ယူပြီး ထအုပ်လိုက်တော့ ဆရာကာလီဒါသ မရှောင်တော့ဘဲ ကျားရဲ့နှာခုံကို ဖြတ်ရိုက်လိုက်လို့ ကျား အတော်လေး နာသွားပြီး ဒေါသပိုထွက်လာတော့တယ်။ ဆရာကာလီဒါသရဲ့ အပေါ်ဝတ်ရုံလည်း စုတ်ပြဲသွားတော့တယ်။ ပရိသတ်တွေက ကျားက ဆရာကာလီဒါသကိုသာ ဦးတည်မဲတိုက်နေလို့ ကျားကိုသတ်ဖို့ ပြင်ကြတယ်။

ဘောဇဘုရင်ကြီးက ပွဲမပြခင်က မှော်မျက်လှည့်ဆရာပွဲပြစဉ် တစ်ဦးတစ်ယောက် သေသွားပါက အပြစ်မယူဖို့ ခွင့်တောင်းလို့ ဘောဇဘုရင်ကြီးက ခွင့်ပြုထားပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လို့ ပရိသတ်တွေကို ဘာမှမလုပ်ရန် တားလိုက်ပြီး ဆရာကာလီဒါသနဲ့ ဖြစ်တဲ့ကိစ္စမို့ ဆရာကာလီဒါသကိုသာ တာဝန်လွှဲအပ်လိုက်တယ်။

ဆရာကာလီဒါသကလည်း သဟ်မယ်တကဲကဲဖြစ်နေတဲ့ ပရိသတ်တွေကို ဖျောင်းဖျလိုက်ပြီး ဒီမြို့ဝန်မှော်ဆရာကို သတ်လို့ အလကားပဲ။ ပညာနဲ့ပဲ ငါ့ဘက်ကို ဆွဲယူမယ်လို့တွေးပြီး မနက်ဖြန် ပွဲဆက်ပြမှာမို့ ဆက်လက်လာရောက်ကြည့်ကြဖို့ မှာကြားပြီး မျက်လှည့်ပွဲကို သိမ်းခိုင်းလိုက်ကြတယ်။

မြို့ဝန်မှော်ဆရာ သူ့ကို ဆရာကာလီဒါသ သိနေပြီဆိုတာ ရိပ်မိလို့ ကြောက်ရွံ့နေပြီး မြို့ဝန်မှော်ဆရာကို ဆရာကာလီဒါသက မနက်ဖြန်ကျရင် မိန်းမအသွင်နဲ့ ဖျော်ဖြေရမယ်လို့ အမိန့်ပေးလိုက်တော့ မြို့ဝန်မှော်ဆရာလည်း အားမတန် မာန်လျှော့ပြီး ကောင်းပြီလို့ ဝန်ခံလိုက်ရတော့တယ်။

ဆရာကာလီဒါသလည်း ကပြမယ့် ခုံအောက်မှာ မီးဖိုကြီးတစ်ဖိုထားပြီး မီးဖိုပေါ်တွင် ဆီအိုးတင်ထားပြီး မီးမပြတ်အောင်ထားလိုက်တယ်။ အချိန်ရောက်တော့ မြို့ဝန်မှော်ဆရာလည်း မိန်းမလို ရုပ်ပြောင်းထားပြီး ဆရာကာလီဒါသ ညွှန်ပြတဲ့နေရာမှာ ကပြစေတယ်။ မြို့ဝန်ရဲ့ ရုပ်ပြောင်းရုပ်သွင်က ပြောင်မြောက်လွန်းလို့ ဘယ်သူကမှ မြို့ဝန်မှန်း မသိကြပါဘူး။

မြို့ဝန်မှော်ဆရာလည်း ဆရာကာလီဒါသ ညွှန်ပြတဲ့ ခုံပေါ်မှာ တက်ကခိုင်းလို့ တက်ကခဲ့ရတော့တယ်။ မီးရဲ့အပူငွေ့ ဆီရဲ့ အပူငွေ့တွေကြောင့် မြို့ဝန်မှော်ဆရာမှာ ချွေးများတာန်တဆ ထွက်လာတော့ ခြယ်သထားတဲ့ မိတ်ကပ်တွေ အရောင်ပြယ်ကုန်ပြီး တဖြည်းဖြည်းနဲ့ မြို့ဝန်ရုပ်ကြီးပေါ်လာတော့တယ်။

ပရိသတ်အားလုံးရဲ့နှုတ်က 'ဟယ်··ဟာ··ဒါ မြို့ဝန်ကြီးပဲ'လို့ အသံတွေ တညီတညွတ်တည်း ထွက်လာကြတော့တယ်။

ပရိသတ်တွေက ကောက်ကျစ်တဲ့မြို့ဝန်မှန်း သိသွားကြတော့ မြို့ဝန်ကို သတ်ပစ်ပါ။ သတ်ပစ်ပါလို့ တညီတညွတ်တည်း ဝိုင်းအော်ကြပြီး သတ်မယ်တကဲကဲ ဖြစ်နေကြတော့တယ်။

ဆရာကာလီဒါသက ရာဇနီတိကျမ်းမှာ တိုင်းသူပြည်သားတစ်ယောက်ကို အချည်းနှီး မသတ်ထိုက်ကြောင်း၊ အခု မိတ်ဆွေဖြစ်နေလို့ သာလို့ပင် မသတ်သင့်ကြောင်း၊ လူဆိုတာ တစ်ခါတော့ မှားတတ်ကြတာပဲ။ ပြုပြင်ရင် ရနိုင်သေးတယ်လို့ ပရိသတ်တွေကို ဖျောင်းဖျပြီး မြို့ဝန်ကို အပြစ်မှ လွှတ်ပေးလိုက်တော့တယ်။

ဘောဇဘုရင်ကြီးက ဆရာကာလီဒါသသည် မိမိရန်သူတစ်ဦး ဖြစ်နေသူကိုပင် အာဃာတနဲ့ မဖိနှိပ်ဘဲ မိမိလက်အောက်ကိုရောက်အောင် စွမ်းဆောင်နိုင်ပေတယ်လို့ ချီးကျူးပြောဆိုပြီး ဆုတော်ငွေတစ်သိန်း ပေးသနားတော်မူလိုက်တယ်။ မြို့ဝန်မင်းလည်း သတိသံဝေဂရသွားပြီး ရသေ့ရဟန်း လုပ်သွားတော့တယ်။

## လွမ်းချင်းမှသည် ဘုန်းတော်ဘွဲ့သို့

တစ်နေ့မနက် နှင်းတွေဝေနေတဲ့အချိန်မှာ ဘောဇဘုရင်နဲ့ ဆရာကာလီဒါသ နှစ်ဦး ဘောဇဘုရင်ကြီးနဲ့ အိပ်ဆောင်ထဲမှာ တိုင်းရေးပြည်ရေး၊ ပြည်သူတွေ စားဝတ်နေရေးပြေလည်ရေးတို့ကို ဆွေးနွေးတိုင်ပင်နေကြတုန်း လူ့ဘဝကြီးရဲ့ သင်္ခါရမမြဲတဲ့တရားအကြောင်းကို ရောက်သွားပြီး ဆက်ပြီး ဆွေးနွေးကြတုန်း ဘောဇဘုရင်ကြီးက ကောက်ကာငင်ကာ ပြောလိုက်တယ်။

'အချင်းကာလီဒါသ ပညာရှိအမတ်ကြီးရေ··အခု ငါကိုယ်တော် နတ်ရွာမစံသေးပေမယ့် နတ်ရွာစံပြီလို့ သဘောထားပြီး ငါ့အတွက် ပူဆွေးသောကရောက်စေတဲ့ လွမ်းချင်းတစ်ပုဒ်လောက် စပ်ဆိုပေးစမ်းပါလား မောင်မင်း'

'အရှင်မင်းကြီး··မသင့်လျော်ပါဘူးဘုရား။ မသေသေးဘဲနဲ့ သေပြီဆိုကာ လွမ်းချင်းဂါထာ ဖွဲ့ရမယ်ဆိုတော့ အတိုင်းတိုင်းအပြည်ပြည်က ကြားလို့မှ မကောင်းပါဘူးဘုရား။ သည်းခံတော်မူပါ'

ဆရာကာလီဒါသက အမျိုးမျိုးဖျောင်းဖျ ငြင်းဆန်နေပေမယ့် ဘောဇဘုရင်ကြီးက ကလေးဆိုးကြီးလို မရရင်ငိုမှာပဲပုံစံဖြစ်နေပြီး နောက်ဆုံး ဘောဇဘုရင်က အာဏာသုံးလိုက်တော့တယ်။

'အချင်းကာလီဒါသ··အသင် ဂါထာဖွဲ့မလား၊ မဖွဲ့ဘူးလား။ ကျွန်ုပ်လိုချင်တဲ့ လွမ်းချင်းမဖွဲ့ပေးမချင်း အသင်ကျွန်ုပ်ရှေ့က တစ်ဖဝါးမှမခွာဘဲ နေရမယ် မောင်မင်း'

ဘောဇဘုရင်ကြီးက အကျပ်ကိုင် အမိန့်ထုတ်လိုက်တော့ ဆရာကာလီဒါသ တစ်အောင့်လောက် စဉ်းစားနေပြီး ဘောဇဘုရင်အရှေ့က ထွက်ခွာသွားကာ အိမ်ကို တန်းပြန်သွားတော့တယ်။ အိမ်ကနေ တခြားနိုင်ငံကို ထွက်သွားတော့


www.burmeseclassic.com

www.burmeseclassic.com

တယ်။

ဆရာကာလီဒါသ ညီလာခံကိုလည်း မဝင်၍ ဘောဇ ဘုရင်ကြီး သူ့အိမ်ကို သွားကြည့်ခိုင်းတော့ အိမ်မှာလည်း မရှိတာ သိလိုက်ရ၍ ဘောဇဘုရင်ကြီးမှာ ဆရာကာလီ ဒါသကို သတိရလို့နေတော့တယ်။ ရက်တွေ ကြာညောင်း လာလို့ ဘောဇဘုရင်ကြီး နေမထိထိုင်မသာဖြစ်လာပြီး တိုင်း ပြည်ကို အမတ်ချုပ်ကြီးနဲ့ မှူးမတ်တွေကို လွှဲအပ်ကာ ဆရာ ကာလီဒါသ ရှာပုံတော်ဖွင့်တော့တယ်။

ဘောဇဘုရင်ကြီး တစ်ပြည်ပြီးတစ်ပြည် သွားလာပြီး ရှာလိုက်တာ ဆရာကာလီဒါသကို ဘောဇဘုရင်ကြီး တွေ့ ပါတော့တယ်။ ဘောဇဘုရင်ကြီးက ဆရာကာလီဒါသကို သိပေမယ့် ဘောဇဘုရင်ကြီးက ရသေ့အသွင် ယူထားလို့ ဘောဇဘုရင်ကြီးမှန်း ဆရာကာလီဒါသ မသိရှာပါဘူး။

ဆရာကာလီဒါသ နေထိုင်ရာကို ရသေ့မြတ် ဆိုက် ရောက်လာလို့ ဆရာကာလီဒါသက နေရာထိုင်ခင်းပေးပြီး တရားနဲ့သက်ဆိုင်တဲ့ အာလာပသလ္လာပ တရားနဲ့ဆိုင်တဲ့ စကားတို့ကို ဆွေးနွေးကြတယ်။

'အရှင်ရသေ့မြတ်·· အရှင်ရသေ့မြတ် ဘယ်အရပ် ဒေသတွင် သီတင်းသုံးပါသလဲ အရှင်'

'အို··ကဝိမြတ်၊ ဤကမ္ဘာမြေကြီးသည် အကျွန်ုပ်ရဲ့ သီတင်းသုံးရာ နေရာများပင် ဖြစ်ပေတယ်'

'အရှင်မြတ်··အခု ဘယ်အရပ် ဘယ်ဌာနက ကြွချီ လာပါသနည်း'

'အကျွန်ုပ် ဓာရာနာဂရတိုင်းပြည်က ကြွလာခဲ့တာဖြစ် တယ် ကဝိမြတ်။ အခုအခါ ဓာရာနာဂရတိုင်း မြို့သူမြို့သား တို့ အလွန်မှ ဝမ်းနည်းပူဆွေးနေကြတယ်'

ရသေ့မြတ်ရဲ့စကားကို ကြားလိုက်ရတဲ့ ဆရာကာလီ ဒါသမှာ လွန်စွာထိတ်လန့်ပြီး ဘာများအရေးပေါ်သလဲလို့ တွေးကာ မေးလိုက်တယ်။

'အရှင်သူမြတ်·· ဓာရာနာဂရတိုင်းမှ ပြည်သူတွေ အဘယ်ကြောင့် ပူဆွေးဗျာပါရ သောကရောက်နေရပါ သလဲ အရှင်'

'အို··ကဝိမြတ်၊ မကြားမိသေးပါလား။ ပြည်သူတွေ ချစ်ခင်လေးစားရတဲ့ ဓာရနာဂရတိုင်း ရေမြေ့အရှင် ဘောဇ ဘုရင်မြတ် ကံတော်ကုန်သွားပြီဖြစ်လို့ ပြည်သူပြည်သားတွေ ပူဆွေးသောက ဗျာပါရရောက်နေကြတယ် ကဝိမြတ်ရေ'

ရသေ့မြတ်ရဲ့ မိန့်ဆိုမှုကို ကြားလိုက်ရတဲ့ ဆရာကာလီ ဒါသမှာ ဘုရား··ဘုရား··ဘုရား··ကယ်ပါလို့ ညည်းတွား ရင်း သတိမေ့မြောသွားရတယ်။ အတော်လေးကြာမှ သတိ ပြန်လည်ပြီး ပူဆွေးသောက ယူကျုံးမရတဲ့အသံနဲ့ ညည်းညူ လိုက်ပါတယ်။

'အို··ဘောဇဘုရင်အရှင်မြတ်၊ အရှင်မြတ်သည် ပညာ ရှိများရဲ့ အသည်းနှလုံးကို ယူကျုံးမရ သောကပွေအောင် ဘာလို့လုပ်သွားရပါသနည်း။ အရှင်မင်းကြီး··ကျွန်ုပ်သည် အရှင်မြတ်နဲ့ခွဲခွာပြီး အသက်ရှည်နေရခြင်းသည် အဘယ် သို့ အကျိုးရှိပါတော့မည်နည်း'

ဆရာကာလီဒါသက ပူဆွေးသောက ငိုကြွေးပြီး ပြော နေတာကိုရပ်ကာ တွေဝေငြိမ်သက်နေပြီးမှ နှုတ်က သကဋ္ဌ ဂါထာတစ်ပုဒ် ထွက်လာပါတော့တယ်။

'အဇ္ဇမာရာနိရာဓာရာ
နိရာ လမ္ဗာ ဆရဿတီ
ပဏ္ဍိတာ ခဏ္ဍိတာ ဆရဗေ
ဘောဇရာဇေ ဒိဝံ ဂတေ။

ဘော-အို··လူအပေါင်းတို့၊ ဘောဇရာဇေ-မင်းတကာ တို့၏ထိပ်တင် ဘောဇဘုရင်မင်းမြတ်သည်၊ ဒိဝံဂတေ- နတ်တို့စံမြန်း ဝတိံနန်းသို့ ကြွလှမ်းတော်မူလေသောကြောင့်၊ အဇ္ဇ-ယခုအခါ၌၊ ဓာရာ-ဓာရာတိုင်းသား ပြည်သူပြည် သားတို့သည်၊ နိရာဓာရာ-သောကလိုက်ဆူ သည်းအူပြတ် မျှ ပူဆွေးကြ၍ ကင်းပသောမှီခိုရာ ရှိကုန်၏။

ဆရဿတီ-ပညာပေးတတ် ယင်းသကတ်ကြောင့်၊ ရလတ်ဝိသိဋ္ဌ-အမည်တံဆိပ်ရှိလေသော သူရဿတီဒေဝီ မည်သည့် နတ်သမီးသည်၊ နိရာလမ္ဗာ-သမုဒ္ဒရာပြင်ကျယ် ဩဃလယ်၌ မှီတွယ်ရန်ခက် သဘောပျက်သောသူကဲ့သို့ ဆောက်တည်ရာမရှိလေပြီတကား။ ဆရဗေ-ကြွင်းမဲ့ဥသုံ အလုံးစုံသော၊ ပဏ္ဍိတာ-ပညာရှိအပေါင်းတို့သည်၊ ခဏ္ဍိ- တောင်ကြီးပြိုကွဲ မြင်းမိုရ်လဲသကဲ့သို့ အမှီသဟဲမရှိ ဖြစ် ကုန်လေပြီတကား'

ဆရာကာလီဒါသက ဝမ်းနည်းပူဆွေးရင်း လွမ်းဖွယ် ကောင်းတဲ့ဂါထာကို ချက်ချင်းပဲ ရွတ်ဆိုလိုက်တယ်။ ဂါထာ ပါတဲ့ အဓိပ္ပာယ်အရ ဘောဇဘုရင်ကြီးကို ဆရာကာလီဒါသ အတော်ချစ်မြတ်နိုးတာ တွေ့ရတော့ ဘောဇဘုရင်ကြီး ဝမ်း သာလွန်းလို့ အားရပါးရ ပြုံးတော်မူလိုက်ပါတယ်။

ရသေ့မြတ် ပြုံးတော်မူတာကို ဆရာကာလီဒါသ သေ သေချာချာ ကြည့်လိုက်ပါတယ်။ သည်အပြုံးဟာ ဘော



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီးရဲ့ အပြုံးပါလားလို့ တွေးမိပြီး ဝမ်းသာအားရ လျှောက်ထားလိုက်ပြန်တယ်။

'အို အရှင်မြတ်··ကျွန်တော်မျိုးသည် အခုအခါ ရသေ့မြတ် မည်သူဖြစ်တာလဲဆိုတာ သိရပါပြီ။ အခုရွတ်ဆိုနေတဲ့ အလွမ်းဂါထာသည် မင်းမြတ်အတွက် အ,မင်္ဂလာဖြစ်နေပါတယ်။ ဒါကြောင့်မို့ သည်အမင်္ဂလာဂါထာကိုပဲ ဘုန်းတော်ဘွဲ့ဂါထာအဖြစ် ပြောင်းလဲရွတ်ဆိုပေးပါ့မယ်။ နားဆင်တော်မူပါ မင်းကြီး'

ဆရာကာလီဒါသလည်း ဝမ်းသာလွန်းလို့ ဂါထာကို အနည်းငယ်ပြင်ပြီး ဘုန်းတော်ဘွဲ့ဂါထာအဖြစ် ရွတ်ဆိုလိုက်ပါတယ်။

'အဇ္ဈ ဓာရာ ဆဒါဓာရာ
ဆဒါလမ္ဗာ ဆရဿတီ။
ပဏ္ဍိတာ မဏ္ဍိတာဆရဇေ
ဘာဂျရာဂျေ ဘုဝံဂတေ။ (သကၠဋဂါထာ)

ဘော-ပြည်သူပြည်သားအပေါင်းတို့၊ အဇ္ဈ-ယခုအခါ၌ ဘောဂျရာဂျေ-မင်းတကာတို့၏ထိပ်တင် ဘောဇဘုရင်သည်၊ ဓာရာ-ဓာရာတိုင်းသူပြည်သားတို့သည်၊ ဆဒါဓာရာ-ခိုးသူရန်ဘေး ပြည်လုံးဝေးလျက် အေးဆေးချမ်းသာ ရွှယ်သော အစားအစာရှိသည်ဖြစ်၍ ကောင်းသောမှီခိုရာ ရှိကုန်၏။

ဆရဿတီ-ပညာပေးတတ် ယင်းသကတ်ကြောင့်၊ ရလတ်ဝိသိဋ္ဌ-အမည်တံဆိပ်ရှိသော သူရဿတီဒေဝီမြတ်များသည်၊ ဆဒါလမ္ဗာ-ခက်လက်ဝေဖြာ ရိပ်ပမာသို့ စိတ်မှာရွှင်လန်း အေးချမ်းသာယာ မှီခိုရာရှိလေပြီတကား။ ဆရဇေ-ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ပဏ္ဍိတာ-ပညာရှိအပေါင်းတို့သည်၊ မဏ္ဍိတာ-စန်းလငွေသော်တာ ရည်အသွေး၏ အေးမြရောင်ဟပ် အကြည်ဓာတ်ကြောင့် လျှပ်လျှပ်တင့်တယ် အသွယ်သွယ်သော ကြယ်တို့ကဲ့သို့ တင့်တယ်မြင့်မြတ်ခြင်းသို့ ရောက်ကြကုန်၏တကား။

ဘောဇဘုရင်မင်းမြတ်က နှုတ်မှ တစ်မုဟုတ်ချင်း စပ်ဆိုလိုက်တဲ့ အလွမ်းဂါထာနဲ့ ဘုန်းတော်ဘွဲ့ဂါထာ နှစ်ပုဒ်ကို နှစ်သက်စွာ ရင်မှာပိုက်လို့ ဆရာကာလီဒါသ ပခုံးဖက်ပြီး ဓာရာနာဂရမင်းနေပြည်တော်ကို ရွှင်လန်းစွာနဲ့ နှစ်ဦးသား ပြန်ခဲ့ကြတော့တယ်။

**...သစ္စာတရား (သို့မဟုတ်) ခွေးနဲ့သမက်**

ဓာရာနာဂရတိုင်းကြီးအရှင် ဘောဇဘုရင်ကြီးသည် မင်းကျင့်တရားဆယ်ပါးနဲ့ ညီညွတ်သလို ပညာရှိသူတို့ကိုလည်း အလွန်လေးစားချစ်ခင်မြတ်နိုးတော်မူတယ်။ အထူးသဖြင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်သူပြည်သားတို့ သာယာဝပြောရေးတို့ကို အလေးထားဆောင်ရွက်ပြီး ပညာဗဟုသုတတို့နဲ့ ပြည့်စုံတဲ့ စွယ်စုံဆင်ကြီးအလား အဘက်ဘက်က အားကိုးရတဲ့ ဆရာကာလီဒါသကို အထူးချစ်ခင်တော်မူပြီး အမြဲမပြတ် တိုင်ပင်ဆွေးနွေး ပြောဆိုလေ့ရှိတယ်။

သည်နေ့လည်း ဘောဇဘုရင်ကြီးနဲ့ ဆရာကာလီဒါသတို့ စကားပြောဆိုနေကြတယ်။ ဘောဇဘုရင်ကြီးသည် ဆရာကာလီဒါသကို ကတ်သီးကတ်သတ် မေးခွန်းတွေ မေးပြီး ချစ်စနိုးကျီစယ်လေ့ရှိတယ်။

ဘောဇဘုရင်ကြီးက မိမိကြံစည်ထားတဲ့အတိုင်း အခုလို နှစ်ယောက်တည်း တွေ့တဲ့အခါမှာ မေးမြန်းမှုကို ပြုပြန်တော့တယ်။

'အို··ကာလီဒါသ ပညာရှိအမတ်ကြီး၊ သည်လောကကြီးမှာ ကျေးဇူးသိတတ်တဲ့ သတ္တဝါရယ်၊ ကျေးဇူးမသိတတ်တဲ့ သတ္တဝါရယ်လို့ နှစ်ဦးရှိတယ်မဟုတ်လား။ သည်သတ္တဝါနှစ်မျိုးကို ကျွန်ုပ်ထံ ခေါ်လာပြီး ထင်ရှားအောင် လုပ်ဆောင်ပေတော့ မောင်မင်း'

ဆရာကာလီဒါသက ဘောဇဘုရင်ကြီး လက်တွေ့ပြခိုင်းလာတော့ ဆရာကာလီဒါသလည်း အတန်ကြာ စဉ်းစားပြီး အဖြေမှန်ကိုရလာလို့ လျှောက်ထားလိုက်တယ်။

'အရှင်မင်းမြတ်··မင်းကြီးလိုချင်တဲ့အဖြေကို မကြာခင်မှာ သိရပါမယ်။ ခေတ္တစောင့်ဆိုင်းတော်မူပါ'

ဆရာကာလီဒါသလည်း လျှောက်ထားပြီး အိမ်ကို ပြန်သွားပါတယ်။ အိမ်ကိုရောက်တော့ ဦးစွာ လိမ္မာတဲ့ ခွေးတစ်ကောင်ကို အရင်ရှာပါတယ်။ ရှာဖွေလို့ရပြီးနောက် ဆရာကာလီဒါသနဲ့ ကျွမ်းဝင်တဲ့ မိတ်ဆွေတစ်ဦးရဲ့ သမက်ကို ခေါ်ပြီး နန်းတော်ကို ဝင်တယ်။

ဘောဇဘုရင်ကြီးလည်း ဆရာကာလီဒါသကို စောင့်မျှော်နေတာမို့ ဆရာကာလီဒါသလည်း လူတစ်ဦးနဲ့ ခွေးတစ်ကောင် လက်ဆွဲပြီး ဝင်လာတာ ဘောဇဘုရင်ကြီးတွေ့ရလို့ စောင့်နေလိုက်တယ်။

ဆရာကာလီဒါသ ရောက်ရောက်ချင်း မဆိုင်းမတွဘဲ လျှောက်ထားလိုက်ပါတယ်။

'အရှင်မင်းမြတ်··ကျွန်ုပ်ခေါ်လာတဲ့ ခွေးဆိုတဲ့သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com

ကို မဖြစ်စလောက် မုန့်ပဲလေး မဝရေစာလေး ကျွေးမွေး လိုက်ပါက ကျွေးမွေးလိုက်တဲ့သခင်ကို ရန်မလို အမုန်း မထား တစ်သက်လုံး ကျေးဇူးရှင်သခင်အဖြစ် မှတ်ထား တတ်ကြပါတယ်။ သခင်ကို တစ်သက်လုံး သိတတ်နေပြီး ရန်သူတွေ့လျှင် ကာကွယ်ပေးတတ်တယ်။ သူခိုးလူဆိုးတို့နဲ့ တွေ့ရင်လည်း သခင်ကို အသိပေး ဟောင်ဖော်ရတယ်။ နောက်ဆုံး အိမ်မှာ လူမမာ သေမလို ဖြစ်နေရင်တောင် ကြောင်တို့က သည်အိမ်က ဖယ်ခွာသွားတတ်တယ်။ ခွေး ကတော့ သခင်အိမ်က မခွာဘဲ လူမမာသခင်အတွက် အသေခံ ကျေးဇူးပြုတတ်တာ ခွေးတွေပါပဲ အရှင်မင်းမြတ်'

'ဟုတ်ပေတယ် အချင်းကာလီဒါသ၊ ကျွန်ုပ်လည်း သည်ခွေးကိုပဲ ရည်ရွယ်ပြီး မေးခွန်းထုတ်လိုက်တာပါ။ ခွေး တွေက သခင်တွေအပေါ်မှာ တစ်လုတ်စားဖူး သူ့ကျေးဇူး ဆိုတာ ခွေးတွေကို ပြောသလို ဖြစ်နေတာပေါ့။ နောက် ကျေးဇူးမသိတတ်တဲ့သူကို ပြောပြစမ်းပါဦး ပညာရှိကြီး ရယ်'

'မှန်လှပါ မင်းကြီး..ကျေးဇူးမသိတတ်သူ၊ သစ္စာ တရားမရှိသူကို ညွှန်းရလျှင် အခု ကျွန်တော်မျိုးခေါ်လာတဲ့ အိမ်ဘေးက ကျွန်ုပ်မိတ်ဆွေရဲ့ သမက်ကိုပဲ ညွှန်းရမှာပါပဲ မင်းကြီး။ ယောက္ခမက သမက်ကို ပစ္စည်းတွေ စုပုံပေးထား ပေမယ့် ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိပါဘူး။ ယောက္ခမမှာ ရှိသမျှ ပစ္စည်းအားလုံးကို လိုချင်တတ်သူပါ။ ယောက္ခမကြီး တောင်းရမ်းစားသောက်နေရတာတောင် တောင်းရမ်းလို့ရတဲ့ ငွေကိုပါ လိုချင်တပ်မက်မှုရှိတာ သမက်ပါပဲ အရှင်။ ဒါ ကြောင့် ကျေးဇူးမသိတတ်သူက သမက်တွေပါပဲ အရှင်မင်း ကြီး'

ဘောဇဘုရင်ကြီးက ဆရာကာလီဒါသရဲ့ စကားတို့ကို အလွန်သဘောကျပြီး သည်လိုအမိန့်တော်မှတ်လိုက်တယ်။

'ကျေးဇူးတရား သိတတ်တဲ့ ခွေးကို နို့တိုက်စေ။ ယောက္ခမရဲ့ကျေးဇူးကို မသိတတ်တဲ့ သမက်ကို သတ်စေ'

'သည်းခံတော်မူပါ အရှင်မင်းကြီး၊ လက်လွတ်စပယ် မလုပ်ဘဲ ကျွန်တော်မျိုး လျှောက်တင်တာကို ဆုံးအောင် နားဆင်တော်မူပါဦးဘုရား'

'ဟုတ်တယ်၊ ဆက်လျှောက်တင်ပေဦး ပညာရှိကြီး'

'ကျွန်တော်မျိုးသည် သည်သူငယ်ကို နမူနာပြခြင်းသာ ဖြစ်ပါတယ်။ သမက်တိုင်းကို သတ်မယ်ဆိုရင်လည်း သည် ကမ္ဘာလောကကြီးထဲမှာ လူရယ်လို့ဖြစ်လာရင် ရသေ့ရဟန်း က လွဲရင်ပေါ့ ယောက္ခမ ရှိကြတာပါပဲ။ အရှင်မင်းကြီး လည်း သမက်ဖြစ်သလို ကျွန်တော်မျိုးလည်း သမက်ဖြစ် ပါတယ်။ သည်လောကကြီးမှာ သမက်တွေ အများကြီး ရှိနေလို့ လိုက်သတ်ရရင် ကုန်နိုင်ဖွယ် မရှိတော့ပါဘူး။ မင်းကြီးမေးတဲ့ မေးခွန်းကိုသာ ဖြေရခြင်းဖြစ်လို့ မင်းကြီးရဲ့ အမိန့်က မင်းကြီးပါ မလွတ်ဖြစ်နေလို့ ပြန်ရုပ်သိမ်းပေးဖို့ မေတ္တာရပ်ခံပါတယ် မင်းကြီး'

'ဟုတ်ပေတယ် မောင်မင်း၊ ကျွန်ုပ်သိချင်တဲ့အဖြေကို ရခဲ့ပြီမို့ သမက်တွေကို သတ်ရန် မလိုတော့ပေ။ ဒါကြောင့် သတ်မိန့်ကို ပြန်လည်ရုပ်သိမ်းလိုက်တယ် မောင်မင်း'

**<u>အကျင့်ယုတ်သောမိဖုရားနဲ့ ကာလီဒါသ</u>**

ဘောဇဘုရင်ရဲ့ မိဖုရားတွေထဲက မိဖုရားတစ်ပါးသည် အလွန်လျှို့ဝှက်စွာ မကောင်းမှုကိုပြုမူပြီး ကောက်ကျစ် ဖောက်ပြန်လေ့ရှိတယ်။ ဒါကို ဘောဇဘုရင်ကြီးက မသိရှာ ဘဲ မဟေသီမိဖုရားကြီးပြီးလျှင် သည်ဖောက်ပြန်တဲ့ မိဖုရား ကိုမှ အချစ်ဆုံး၊ အမြတ်နိုးဆုံး ဖြစ်နေတာ မခက်လား။

သည်နေ့လည်း ဘောဇဘုရင်ကြီးက သည်မိဖုရား အဆောင်မှာ တစ်နေကုန်နေပြီး ချစ်တင်းနှောနေစဉ် နန်း ဆောင်ခေါင်မိုးပေါ်မှ ကျီးတစ်ကောင်က နားမချမ်းသာ အောင် အော်ချနေတယ်။

'အို..အရှင်မင်းမြတ်၊ သည်ကျီးအော်သံ နားမခံသာ အောင် ရှိလှပါတယ်။ သည်ကျီးယုတ်ရဲ့ အော်သံကြောင့် နှမတော် နှလုံးခုန်ရင်တုန်မိပြီး နွမ်းလှပန်းလှပါပြီ မောင် ဘုရား'

သည်သို့အကျင့်ယုတ်တဲ့ မိဖုရားရဲ့ ညုတုတု ခရာတာ တာ အပြောချိုချိုကြောင့်ပင် ဘောဇဘုရင်ကြီးမှာ သဘော တွေ့ မနှောခွေ့ပြီး အချစ်ပိုလာလို့ ကျီးကို မောင်းထုတ် ခိုင်းလိုက်တော့တယ်။

ဘောဇဘုရင်ကြီးလည်း သည်မိဖုရားအဆောင်မှာ အချိန်ကုန် စံနေပြီးမှ မိမိအဆောင်ကို ပြန်ခဲ့တော့တယ်။ ဘောဇဘုရင်ကြီး သူရဲ့အဆောင်ကို ပြန်ရောက်ပြီး မကြာခင် မှာပဲ ဆရာကာလီဒါသမင်းကြီးရဲ့ အဆောင်ထဲ ဝင်လာလို့ ဘောဇဘုရင်ကြီးက ခုန မိဖုရားအဆောင်မှာ ကျီးမခံသာ အောင် အော်တဲ့အကြောင်းကို သတိရသွားလို့ သကင္ဂါထာနဲ့ မေးခွန်းမေးလိုက်ပါတယ်။

ဒိဝါကာ ကရုတာဘိတ။

နေ့အခါမှာ ကျီးအော်သံကို ကြောက်သူသည် ဘော



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီး မေးလိုက်တဲ့ဂါထာကို ဆရာကာလီဒါသက ချက်ချင်းပဲ ပြန်ဖြေလိုက်တယ်။

ရကြောက်တရ ဘိနုရမဒါမ်။

ဤမိန်းမမျိုးသည် ညသို့ရောက်လျှင် ဖောက်ပြန်တတ်၏။

ဆရာကာလီဒါသရဲ့ လျှပ်တစ်ပြက်ဉာဏ်နဲ့ ဖြေဆိုလိုက်တဲ့စကားကို ကြားလိုက်ရတော့ ဘောဇဘုရင် ဘာမှ ထပ်မဆိုတော့ဘဲ မိဖုရားအပေါ် သံသယဝင်လာတော့တယ်။

ဘောဇဘုရင်ကြီးက တခြားစကားတွေကိုသာ အနည်းငယ်ပြောဆိုပြီး အိပ်ဆောင်ထဲ ဝင်သွားတော့တယ်။ အိပ်ဆောင်ထဲရောက်တော့ သလွန်ပေါ်မှာလဲနေရင်း ကာလီဒါသ မဟုတ်တာပြောမှာမဟုတ်ဘူး။ သည်မိဖုရားက အပေါ်ယံသာ ငါ့ကို ချစ်ဟန်ဆောင်နေတာဖြစ်ရမယ်။ ဟုတ်,မဟုတ် သိရအောင် သည်ညပဲ စုံစမ်းမှလို့တွေးပြီးမှ အိပ်စက်သွားတော့တယ်။

ညမိုးချုပ်တာနဲ့ မိဖုရားအဆောင်ကို စောစောသွားပြီး အိပ်နေလိုက်တယ်။ မိဖုရားက မင်းကြီး အိပ်ပျော်,မပျော် အနားသွားပြီး သေချာစွာကြည့်ရှုရာ မင်းကြီးဟောက်သံပင် ထွက်ပြီး အိပ်ပျော်တာပဲလို့တွေးပြီး ကိုယ်မှာ ဝတ်ဆင်ထားတဲ့ လက်ဝတ်ရတနာတွေကိုချွတ်၊ အဝတ်အစားတွေပါချွတ်ပြီး အဝတ်အစားအဟောင်းသာ ဝတ်ဆင်ကာ ဘောဇဘုရင်ကြီးကို တစ်ချက်ကြည့်ပြီး အဆောင်အပြင်ကို ထွက်သွားတော့တယ်။

ဘောဇဘုရင်က အမှန်တကယ် အိပ်မပျော်ဘဲနေတာမို့ မိဖုရားပြုလုပ်တာတွေ အကုန်တွေ့နေရတယ်။ မိဖုရားနောက်ကိုလိုက်ရန် မင်းဝတ်တန်ဆာတွေချွတ်ပြီး အဘိုးအိုတစ်ဦး ဟန်ဆောင်ပြီး မိဖုရားနောက်ကို လိုက်ပါတော့တယ်။

အဘိုးအိုဟန်ဆောင်ထားတဲ့ ဘောဇဘုရင်နဲ့ မိဖုရား သူဆင်းရဲမတို့ မြစ်ဆိပ်မှာ ဆုံတွေ့ကြပြီး မြစ်ကိုကူးဖို့ မိဖုရား ပြင်နေတာတွေ့လို့ အသံတုန်တုန်နဲ့ အကူညီတောင်းလိုက်တယ်။

'အို..သူငယ်မ၊ သူငယ်မ ဟိုဘက်ကမ်းကို ကူးမယ်ဆိုရင် အဘိုးလည်း လိုက်ချင်ပါတယ်ကွယ်။ ဟိုဘက်ကမ်းမှာ အဘိုးသားမိသားစု နေထိုင်ကောင်းကြရဲ့လား သွားကြည့်မလို့ပါ။ လိုက်ခွင့်ပြုနော်'

အဘိုးအိုရဲ့ တောင်းပန်မှုကို လက်ခံပြီး နှစ်ဦးသား မြစ်ကမ်းမှာရပ်ကာ မိဖုရားက လက်တစ်ဖက်က အဘိုးအိုလက်ကိုကိုင်၊ အခြားလက်တစ်ဖက်က သူ့မရင်ညွန့်ထဲမှာ ထည့်လာတဲ့ ကြုတ်ကိုဆုပ်ကိုင်ပြီး တစ်စုံတစ်ရာမန္တန်ကို ရွတ်ဆိုလိုက်ရာ အဘိုးအိုနဲ့ မိဖုရားတို့ဟာ ရေပေါ်မှာ မျောပါသွားကြပြီး ဟိုဘက်ကမ်းကို ချောချောမောမော ရောက်ရှိသွားကြတော့တယ်။

တစ်ဖက်ကမ်းကို ရောက်ကြတော့ အဘိုးအိုဟန်ဆောင်ထားတဲ့ ဘောဇဘုရင်ကြီးကတစ်လမ်း၊ မိဖုရားကတစ်လမ်း ခွဲပြီး သွားကြတယ်။ မိဖုရား အတော်လှမ်းလှမ်း ရောက်သွားမှ အဘိုးအို မိဖုရားနောက်ကို ပြန်လှည့်ပြီး လိုက်သွားပါတယ်။

မိဖုရားက တောအုပ်တစ်အုပ်ထဲကို ဝင်သွားပြီး သစ်ခက်တဲတစ်လုံးထဲကို ဝင်သွားတာ အဘိုးအိုတွေ့လိုက်ရလို့ အသာလိုက်ဝင်သွားပြီး ချောင်းကြည့်လိုက်တော့ ရသေ့ကျောင်းသခ်မ်းဖြစ်နေပြီး ရသေ့ငယ်တစ်ပါးက မိဖုရားကို စောင့်နေတာ တွေ့ရတော့တယ်။

မိဖုရားက ဝှက်ယူလာတဲ့ နန်းတွင်းစားစရာတို့ကို ရသေ့ငယ်အား ယုယုယယနဲ့ ခွံ့ကျွေးနေတာကို အဘိုးအို ဘောဇဘုရင်ကြီးတွေ့ရတော့ အတော်လေးဒေါသထွက်သွားပေမယ့် ဒေါသကို ပြန်ပြီးချုပ်တည်းလိုက်ရတယ်။

စားသောက်ပြီးကြတော့ ရသေ့ငယ်နဲ့ မိဖုရားတို့နှစ်ဦး အချစ်ကြမ်းနေကြတာ အဘိုးအိုဘောဇဘုရင်ကြီး မမြင်ချင်ဘဲ မြင်လိုက်လို့ ဒိုပြီးဒေါသထွက်လာတယ်။ ကြာရင် ခက်မှာဆိုတာ သိလေတော့ အဘိုးအိုဘောဇဘုရင်ကြီးလည်း မြစ်ဆိပ်ကပဲ သွားစောင့်နေလိုက်တယ်။ တစ်အောင့်လောက်ကြာမှ မိဖုရားရောက်လာလို့ တောင်းပန်စကား ဆက်ပြန်တယ်။

'အို..သူငယ်မ၊ ငါ့သားရဲ့ မိသားစုကို တွေ့ခဲ့ပါပြီ။ ငါ အိမ်ကိုပြန်တော့မှာမို့ သူငယ်မနဲ့အတူ ဟိုဘက်ကမ်းကို ပြန်လိုက်ပါရစေကွယ်'

မိဖုရားက သဘောတူလို့ နှစ်ဦးသား တစ်ဖက်ကမ်းကို ပြန်ကူးခဲ့လို့ ရေလယ်အရောက်မှာ အဘိုးအိုဘောဇဘုရင်ရဲ့ခြေထောက်ကို အဆိပ်ရှိတဲ့ ရေဘဝဲတစ်ကောင်က လာပြီး ရစ်ပတ်တော့တယ်။

'အို..သူငယ်မ၊ ငါ့ခြေထောက်ကို အဆိပ်ရှိတဲ့ရေဘဝဲတစ်ကောင်က လာရစ်ပတ်ထားလေပြီ။ ကယ်နိုင်ရင် ကယ်ပါဦးကွယ်'

မိဖုရားလည်း သူ့တွင် ဆောင်ထားတဲ့ ကြုတ်ငယ်နဲ့


www.burmeseclassic.com

www.burmeseclassic.com

ရေဘဝဲရစ်ပတ်ထားတဲ့ အဘိုးအိုခြေထောက်ကို ပွတ်ပေးလိုက်တော့ ကြုတ်ရဲ့အစွမ်းကြောင့် ရေဘဝဲ ထွက်ပြေးသွားတော့တယ်။ သည်ကြုတ်က မိဖုရားကို သူ့ချစ်သူရသေ့လေး စီရင်ပြီး ပေးထားတဲ့ ကြုတ်အစွမ်းက ရေထဲသွားနိုင်သလို အဆိပ်ရှိတဲ့ ရေဘဝဲသတ္တဝါရဲ့ အဆိပ်ကိုလည်း ကယ်နိုင်တာကို ဘောဇဘုရင်ကြီး သိလိုက်ရတယ်။

အဘိုးအိုဟန်ဆောင်ထားတဲ့ ဘောဇဘုရင်ကြီးလည်း နန်းတော်ကို အမြန်ပြန်ပြီး ရုပ်ဖျက်ထားတာတွေကိုဖျက်၊ အဝတ်ဟောင်းတွေကိုလည်း ဝှက်ပြီး သလွန်ပေါ်တွင် အိပ်ချင်ယောင်ဆောင်နေလိုက်တော့တယ်။

အတော်လေးကြာလို့ မိဖုရားရောက်လာပြီး အဝတ်အစားဟောင်းတွေ ပြန်လဲလှယ်ကာ အဝတ်စားအဟောင်းနဲ့ အတူ ကြုတ်လေးကိုပါ လုံခြုံတဲ့နေရာမှာ ဝှက်ထားလိုက်တာကို ဘောဇဘုရင်ကြီး မြင်လိုက်ရတယ်။

မနက်မိုးလင်းတော့ ဘောဇဘုရင်ကြီး စောစွာထပြီး သူ့နန်းဆောင်ကိုပြန်ကာ မည်သို့ဆောင်ရွက်ရင် ကောင်းမလဲလို့ ကြံစည်နေတုန်း ဆရာကာလိဒါသ ရောက်လာလို့ အကြံရသွားပြီး ဘောဇဘုရင်ကြီးက သကင္ဒဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်တယ်။

ဆတြဲဆံတိ ဂျလေကြားဟား။

ထိုနေရာမှာ ရေဘဝဲကောင်တို့ ပေါများ၏။

ဆရာကာလိဒါသကလည်း မဆိုင်းမတွဲ သကင္ဒဂါထာနဲ့ပင် ချက်ချင်းဖြေဆိုလိုက်တယ်။

မရမဂျာ ဆိုက်ဝဆုန္ဒရီ။

ထိုအကြောင်းအရာကို သိသောသူသည် မိန်းမဖြစ်၏။

ဆရာကာလိဒါသရဲ့ အံ့သြလောက်တဲ့ ဉာဏ်ပညာကို ဘောဇဘုရင်ကြီးမှာ ချီးကျူးမကုန်နိုင်အောင်ပင်ဖြစ်ရတယ်။ ဘယ်သူမှ မသိဘူးထင်ပြီး သူနဲ့ မိဖုရားနှစ်ဦးသာ ညက အဖြစ်တွေကို သိထားတဲ့အဖြစ်အပျက်ကို ဆရာကာလိဒါသ ပညာစွမ်းနဲ့ ဒက်ခနဲနေအောင် သိနေသလိုပါလား။ ပြေးကြည့်တာထက် တွေးကြည့်တာက ပိုမှန်တတ်တာ ပညာရှိတို့ရဲ့ အလုပ်ပါလားလို့တွေးပြီး ဘောဇဘုရင်ကြီး ရှက်တော်မူလွန်းလို့ ယုတ်ညံ့သိမ်ဖျင်းတဲ့ မိဖုရားယုတ်ကို အဆောင်အယောင် ရုပ်သိမ်းစေပြီး အကျင့်ယုတ်သူတို့ရဲ့ ပြစ်ဒဏ်အတိုင်း စီရင်လိုက်ပါတော့တယ်။

**ကာလိဒါသရဲ့ နတ်သဘင်အစည်းအဝေးမြင်ကွင်း**

ဘောဇဘုရင်ကြီးနဲ့ အဂ္ဂမဟေသီမိဖုရားကြီးတို့ နှစ်ပါးသည် ပြည်သူပြည်သားတို့ကို ချစ်ခင်မြတ်နိုးပြီး ပြည်သူပြည်သားတို့ရဲ့အရေးကို ဦးစားပေးလေ့ရှိလို့ ပြည်သူပြည်သားတို့ကလည်း ချစ်ခင်ကြည်ညိုကြတဲ့ မင်းကြီးနဲ့ မိဖုရားကြီးတို့ဟာ ရိုးသားဖြောင့်မတ်ပြီး နှစ်လိုဖွယ်ကို ဆောင်ကြသည်။

ဆရာကာလိဒါသကိုလည်း ဘောဇဘုရင်ကြီးရော မိဖုရားကြီးက အလွန်ချစ်မြတ်နိုးတော်မူပြီး ယုံလည်း ယုံကြည်ကြတယ်။ အစစအရာရာလည်း အလိုလိုက်တော်မူတယ်။ ဆရာကာလိဒါသကို ဘောဇဘုရင်ကြီးနဲ့ မိဖုရားကြီးတို့က ယုံကြည်လေးစား ချစ်ခင်ကြတာကို မှူးမတ်အချို့က မနာလိုမရှုဆိတ်ကြပါဘူး။ ဆရာကာလိဒါသကို အကောက်ကြံဖို့သာ စဉ်းစားနေကြသလို မင်းကြီး ယုံကြည်ချစ်မြတ်နိုးတဲ့ မိဖုရားကြီးကို ကပ်နိုင်မှ ရမယ်ဆိုတာကို သိကြတော့ သည်မှူးမတ်တို့ မိဖုရားကြီးထံ မပြတ်ဝင်ထွက်ကြပြီး ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်ကြတော့တယ်။

ရင်းနှီးကျွမ်းဝင်ပြီလို့ ထင်လောက်မှ ဆရာကာလိဒါသကို မလိုလား မနာလိုဖြစ်နေကြတဲ့ မှူးမတ်တွေက မိဖုရားကြီးကို မဖြစ်နိုင်တာတွေ လျှောက်တင်ပါတော့တယ်။

'မယ်တော်ကြီးဘုရား၊ ဆရာကာလိဒါသသည် သည်ဇမ္ဗူမှာ မည်သူမှ မယှဉ်နိုင်တဲ့ ပညာရှိကြီးတစ်ဦးဖြစ်သလို လူလည်းလိုလား၊ နတ်လည်းလိုလား၊ ပရလောကသားတို့ကလည်း လိုလားချစ်ခင်လေးစားကြတာ မယ်တော်ကြီး အသိမဟုတ်ပါလားဘုရား။ ဆရာကာလိဒါသ မလုပ်နိုင်တာ မရှိပါဘူးဘုရား။ ဒါကြောင့် မယ်မယ်က နတ်ပြည်မှာ သိကြားမင်း နတ်သဘင်အစည်းအဝေး လုပ်နေတာကို ကြည့်ချင်ပါတယ်လို့ မင်းကြီးကို ပူဆာတော်မူပါဘုရား။ သည်အခါ မင်းကြီးက ဆရာကာလိဒါသကို ဆောင်ရွက်နိုင်းပါလိမ့်မယ် မယ်မယ်ဘုရား။ ဒါဆို နတ်သဘင်အစည်းအဝေး လုပ်နေတာကို မယ်မယ် ကြည့်ရမှာပါဘုရား'

မနာလို အကောက်ကြံချင်တဲ့ မှူးမတ်တွေက မိဖုရားကြီးကို သည်လိုမဟုတ်တာလျှောက်တင်ကြတော့ မိဖုရားကြီးက မဖြစ်နိုင်တာသိလို့ ပြယ်ချလိုက်တယ်။ ဒါပေမဲ့ မှူးမတ်ယုတ်တွေက မလျှော့ဘဲ မကြာခဏလျှောက်တင်ပါများလာတော့ မိန်းမဆိုတဲ့အမျိုးက ပြောပါများရင် ယုံတတ်တဲ့သဘာဝမို့ အခုလည်း မှူးမတ်တွေ လျှောက်တာများလာတော့ ဟုတ်နိုးနိုးနဲ့ ယုံကြည်လာပြီး မင်းကြီးကို သွားလျှောက်တင်ပေးမယ်လို့ ကတိပေးလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မှူးမတ်ယုတ်တွေက သူတို့အကြံ အောင်ပြီဆိုပြီး ဝမ်းသာနေကြတယ်လေ။

မိဖုရားကြီးလည်း မင်းကြီးထံဝင်ပြီး သိကြားမင်းနဲ့ နတ်သားတွေ နတ်သဘင်အစည်းအဝေး လုပ်တာကို ကြည့်ချင်ပါတယ်။ ဒါကို ဆရာကာလီဒါသသာ စွမ်းဆောင်ပေးနိုင်လို့ မင်းကြီးက အမိန့်ချပေးပါလို့ မိဖုရားကြီးက နွဲ့မူမူနဲ့ လျှောက်တင်လေတယ်။ ဘောဇဘုရင်ကြီးက ပထမ လက်ခံဘဲ မဖြစ်နိုင်လို့ ခွင့်မတောင်းဖို့ ပြောဆိုပေမယ့် နောက်ဆုံး မိန်းမမာယာကျော့ကွင်းကို မလွန်ဆန်နိုင်တဲ့ ယောကျ်ားတို့ထုံးစံအတိုင်း ဆရာကာလီဒါသကိုခေါ်ပြီး မိဖုရားကြီးရဲ့ ချင်ခြင်းကို ကာလီဒါသကို မိန့်ကြားပြီး ဆောင်ရွက်ခိုင်းလိုက်တော့တယ်။ ဆရာကာလီဒါသရဲ့ ပညာစွမ်းကိုလည်း သိချင်လို့ပါပဲ။

မင်းကြီးရဲ့အမိန့်ကို ကြားလိုက်တော့ အင်း··ဒါ ငါ့ကို နှောင့်လိုတဲ့ မှူးမတ်တွေရဲ့စနက်ပဲ ဖြစ်ရမယ်လို့ တွေးမိပြီး ရဲရဲဝံ့ဝံ့ အာမခံလိုက်တော့တယ်။

'နတ်သဘင်အစည်းအဝေး ကြည့်ချင်ရင် ကြည့်ရပါစေမယ် မင်းကြီး။ သည်အလုပ်က နည်းနည်းခက်ခဲလို့ အချိန်တော့ ယူရပါလိမ့်မယ်။ ငွေကုန်ကြေးကျကလည်း များမှာမို့ မှူးမတ်တွေဆီက တစ်ဦးကို အသပြာတစ်ထောင်စီ ကောက်ပေးပါ။ မင်းကြီးကလည်း ကုန်ကျငွေအတွက် ကျခံပေးပါဘုရား'

ဘောဇဘုရင်ကြီးလည်း ကိုယ့်အတတ်နဲ့ကိုယ်ရူးနေတာမို့ မတတ်နိုင်တော့ဘဲ မှူးမတ်တွေဆီက တစ်ဦးလျှင် အသပြာတစ်ထောင်စီ ကောက်ပြီး ဘောဇဘုရင်ကြီးက အသပြာတစ်သိန်း ထုတ်ပေးကာ ဆရာကာလီဒါသကို အပ်လိုက်တော့တယ်။

'အချိန်ခုနစ်ရက်တော့ပေးပါဘုရား'

ဘောဇဘုရင်ကြီးလည်း လက်ခံလိုက်လို့ ဆရာကာလီဒါသ ငွေတွေ အကုန်စုယူပြီး အိမ်ပြန်သွားတော့တယ်။ ဘောဇဘုရင်ကြီးလည်း သည်နတ်သဘင်ညီလာခံ ကြည့်နိုင်မို့ဆိုတာ မဖြစ်နိုင်မှန်းသိပေမယ့် ကာလီဒါသ ဉာဏ်စွမ်းကို ကြည့်ချင်လို့ ခိုင်းလိုက်တာပါပဲ။

အိမ်ရောက်တော့ ဆရာကာလီဒါသက ဘုရင်ကြီးကိုးကွယ်တဲ့ ရသေ့မြတ်တို့ကို ပင့်ဖိတ်ပြီး ရှိသေစွာ လုပ်ကျွေးပြုစုရင်း ရသေ့မြတ်တို့ကို လျှောက်ထားပန်ကြားပါတယ်။

'အရှင်မြတ်တို့ဘုရား··ဘုရင်မင်းမြတ်က ကျွန်ုပ်ကို မဖြစ်နိုင်တဲ့ နတ်သဘင်အစည်းအဝေးကို ကြည့်ချင်ပါတယ်ဆိုပြီး ခိုင်းပါတယ်။ နဂါးမျက်စောင်း အကြောင်းသုံးပါး မရှေးဘူးဆိုသလို မင်းတို့မျက်ရင် ကျွန်ုပ် ခေါင်းနဲ့ကိုယ် အိုးစားကွဲနိုင်ပါ၍ ကျွန်ုပ်ကို ကူညီပေးကြပါရန် လျှောက်ထားပန်ကြားအပ်ပါတယ် အရှင်မြတ်တို့ဘုရား'

ရသေ့မြတ်အားလုံးကလည်း ဆရာကာလီဒါသကို အစွမ်းကုန် ကူညီပေးမယ်လို့ ကတိပေးကြတယ်။ ဆောင်ရွက်ခွင့်ရတာ ခုနစ်ရက်ပဲရှိတာမို့ ဆရာကာလီဒါသ အစွမ်းကုန် ကြိုးစားလုပ်ရတော့တယ်။

ရှေးဦးစွာ အလွန်ကျယ်ပြန့်တဲ့ မြေနေရာတစ်ခုကို မြို့နဲ့ မလှမ်းမကမ်း၌ ရရှိအောင် ရှာဖွေရတယ်။ သည်နောက် မြေပြင်ရဲ့ အလယ်ဗဟိုတွင် ဘုံအဆင့်ဆင့်တင်တဲ့ ပြာသာဒ်တစ်ဆောင်ကို ဆောက်လုပ်ပါတယ်။ သည်အဆောင်ကို အနက်ရောင်နဲ့ ဆေးပိန်းနေအောင်သုတ်ထားပြီး ပြာသာဒ်အောက်ပိုင်းမှာ ခုနစ်တောင်ခန့်ထိ မြေမှုနေပြီး အလုံကာရံထားတယ်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် နံရံလေးဖက်လေးမျက်နှာ အလယ်တည့်တည့်တွင် အပေါက်ငယ်တစ်ပေါက်စီ ဖောက်ထားပြီး ထိုအပေါက်လေးမှ မျက်စိတစ်လုံးသာ ကြည့်နိုင်ပါတယ်။ ခုနစ်ရက်ပြည့်သော် ဤပြာသာဒ်ကြီးရဲ့ အလယ်တည့်တည့်မှာ ဆီမီးတိုင်ကြီးတစ်တိုင် ထွန်းညှိထားလိုက်တယ်။ သည်ဆီမီးရောင်မှာ ပြာသာဒ်အတွင်းပိုင်းအနှံ့ကို ပျံ့နှံ့အောင် အလင်းရောင်ပေးနိုင်ခြင်းမရှိပါ။ နေ့ခင်း၌ပင် မှောင်နဲ့မည်းမည်းသာ တွေ့ရပေမည်။

အပေါက်ဝဘေးမှာ စာတစ်စောင်ရေးပြီး လူတိုင်းမြင်သာအောင် ကပ်ထားလိုက်ပါသေးတယ်။ သည်စာပါအကြောင်းက နတ်သဘင်အစည်းအဝေး ကြည့်သောသူသည် ဖခင်တစ်ယောက်တည်းရှိသူသာ မြင်တွေ့နိုင်တယ်။ ဖခင်နှစ်ယောက်ရှိသူတွေ မမြင်နိုင်ပါတဲ့ဗျာ။

ခုနစ်ရက်စေ့လို့ အလုံးစုံပြီးစီးကုန်တာမို့ ဆရာကာလီဒါသ နန်းတော်ထဲဝင်ပြီး ဘောဇဘုရင်ကို ဝင်တွေ့တော့တယ်။ ဆရာကာလီဒါသကို ဘောဇဘုရင်တွေ့တာနဲ့ နတ်သဘင်ကိစ္စကို မေးမြန်းတော့တယ်။

'အရှင်မင်းမြတ်··သိကြားမင်းရဲ့ နတ်သဘင်အစည်းအဝေးကြည့်ရန် အသင့်ဖြစ်နေပါပြီ။ မိဖုရားကြီးနဲ့ မှူးမတ်များကို အရှင်သာ ဦးဆောင်ပြီး ကြွချီတော်မူပြီး ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com

ရှုစားတော်မူပါဘုရား။ တစ်ခု လျှောက်တင်ထားပါမယ် ဘုရား။ နတ်သဘင်အစည်းအဝေးကို အဖေတစ်ယောက်တည်း ရှိသူသာ မြင်ရပါမည်။ အဖေနှစ်ယောက် ရှိသူတွေ မြင်နိုင်မည် မဟုတ်ပါဘုရား'

ဆရာကာလီဒါသရဲ့ ဆိုလိုရင်းကို ဘောဇဘုရင်ကြီး သိတော်မူပေမယ့် မည်သူ့ကိုမျှမပြောဘဲ ရာဇက္ကုန္ဒြေနဲ့သာ ထွက်ကြည့်တော်မူမယ်လို့ ပြောလိုက်ပါတယ်။

ဘောဇဘုရင်ကြီးလည်း မိဖုရား၊ မှူးမတ်အပေါင်း ခြံရံပြီး နတ်သဘင်အစည်းအဝေး ကြည့်ရှုရန် ထွက်တော်မူတော့တယ်။

ဘောဇဘုရင်ကြီးနဲ့တကွ မိဖုရားအပေါင်းနဲ့ မှူးမတ်တို့ တစ်ဦးပြီးတစ်ဦး သိကြားမင်းရဲ့ နတ်သဘင်အစည်းအဝေးကို အပေါက်ငယ်လေးက ကြည့်မလို့ အသွားအပေါက်ဘေးနားတွင် ကပ်ထားတဲ့စာကိုဖတ်ပြီး အပေါက်လေးက ချောင်းကြည့်လိုက်တော့ ပြာသာဒ်အတွင်းမှာ မှောင်နဲ့မည်းမည်းသာတွေ့ရပြီး ထွန်းညှိထားသော ဆီမီးတိုင်ရဲ့ အလင်းရောင်ပျပျလေးကလွဲပြီး ထူးထူးခြားခြား မမြင်ကြရပေ။

ဒါပေမဲ့ မိမိတို့ရဲ့မိခင်မှာ လင်နှစ်ယောက် မရှိစေလိုပေ။ အဖေတစ်ဦးတည်းသာ ရှိစေလိုကြတာမို့ ကြည့်ပြီးသူအားလုံးက တညီတညွတ်တည်း ဟန်ဆောင်ပြောဆိုကြရတော့တယ်။

''အို··သိကြားမင်းရဲ့ နတ်သဘင်အစည်းအဝေးကြီးက တယ်လည်းကြီးကျယ်ခမ်းနားလှပါပေတယ်။ ခန်းမတစ်ခုလုံး ရောင်စုံတလက်လက်နဲ့ ရှုလို့ပင် မငြီးနိုင်ပါ။ အံ့ဖွယ်သရဲ ရှိပေစွ'

ကြည့်ရှုကြတဲ့ ပရိသတ်တိုင်းက အဖေနှစ်ယောက် မရှိစေချင်ကြလို့ အားလုံးက ချီးမွမ်းပြောဆိုကြရတယ်။ ဆရာကာလီဒါသကို ထိခိုက်နစ်နာအောင် လုပ်ကြတဲ့ မှူးမတ်တွေလည်း အသပြာတစ်ထောင်လည်းရှုံး၊ ဆရာကာလီဒါသကိုလည်း အလဲမထိုးနိုင်ကြလို့ လက်မှိုင်ချလိုက်ကြတော့တယ်။ ဘောဇဘုရင်ကြီးကလည်း ဆရာကာလီဒါသရဲ့ ပရိယာယ်ကြွယ်ဝတဲ့ ပညာဉာဏ်စွမ်းကို သဘောကျလွန်းလို့ အသပြာတစ်သိန်း ထပ်မံလို့ ဆုချလိုက်တော့တယ်။

**မောင်လှယဉ်(မော်လမြိုင်)**


# တောင်တွင်းကြီးမဟာတံခွန်

**နိုင်ငံကျော် ဗိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်**

**အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အစွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**☎ ၃၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅**

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစုံးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)··စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ အဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic.com

www.burmeseclassic.com

# ဘဝနိဂုံး အဆုံးလမ်း

ရန်နိုင်

အလှည့်ကျလျှင် မနွဲ့ကြချင် ဆောင်းပါး၌ သေခြင်းတရားနှင့် ရင်ဆိုင်ရန်အကြောင်း ရေးပြီးနောက် ဤစာကို ပြုစုရန် ရည်ရွယ်သည်။ ဘဝနိဂုံး အဆုံးလမ်း အမည်ပေး မည့်စာစု ဆက်စပ်သည့် သဘောအနက်။

သေခြင်းနှင့်ပတ်သက်၍ တိုင်းတစ်ပါး ပညာရှင်များက တွေ့ရှိသည့် မှတ်တမ်းတွင် သုံးမျိုးပါဝင်သည်။ ပထမ သေခြင်းကို ကြောက်ရွံ့စွာ လူတိုင်း ရင်ဆိုင်ကြရခြင်း၊ ဒုတိယမှာ ဘုမသိ ဘမသိ ရင်ဆိုင်ရခြင်း၊ တတိယ သေခြင်းမှာ ရဲဝံ့စွာ ရင်ဆိုင်ရခြင်း စသည်ဖြင့် တင်ပြထားသည်။

မြန်မာစာပေတွင် သေခြင်းတရားလေးပါး တွေ့ရှိရသည်။ အာယုက္ခယသည် သက်တမ်းကုန်၍ သေခြင်း၊ ကမ္မက္ခယမှာ ကံကုန်၍သေခြင်း၊ ဉသယက္ခယမှာ အသက်တမ်းနှင့် ကံကုန်သဖြင့် သေလွန်ခြင်း၊ ဥပစ္ဆေဒကကံမှာ အသက်နှင့် ကံ နှစ်ပါးရှိသေးသော်လည်း ဥပစ္ဆေဒကကံကြောင့် သေလွန်ခြင်း စသည်ဖြင့်။

သေခြင်းနှင့်ပတ်သက်၍ မြန်မာစာပေမှ ပါဠိဘာသာဖြင့် ဈာပနဟူသော ဝေါဟာရအဓိပ္ပာယ်မှာ ပေါရာဏကထာ ဒ.ဘိဓာန်အရ မီးသင်္ဂြိုဟ်ခြင်း၊ လောင်ကျွမ်းခြင်းဟု ဆိုနိုင်သည်။ မြန်မာ-အင်္ဂလိပ် အဘိဓာန်၌လည်း ဈာပနသည် (Pali) Cremation, Funeral ဟု ဘာသာပြန်ဆိုထားသည်။

မြန်မာပညာရှင် ဆရာကြီးဦးသုခ၏ မှတ်စုတွင် ဈာပနအမျိုးအစား သုံးမျိုးဟု ဖော်ပြထားသည်။ အလောင်းကို မီးရှို့၍ သင်္ဂြိုဟ်ခြင်း အဂ္ဂိဈာပနဟူ၍လည်းကောင်း၊ အလောင်းကောင်ကို မြေမြှုပ်ခြင်း ဘူမိဈာပနဟူ၍လည်းကောင်း၊ အလောင်းကို ရေ၌မျှော၍ သင်္ဂြိုဟ်ခြင်း ဥဒကဈာပနဟူ၍လည်းကောင်း ခွဲခွဲခြားခြား။

ဗုဒ္ဓစာပေကျမ်းစာများအရ ဈာပနမှာ ခြောက်မျိုးဖြစ်သည်။

(၁) ဘူမိဈာပန - အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊

(၂) အဂ္ဂိဈာပန - အလောင်းကို မီးရှို့၍ သင်္ဂြိုဟ်ခြင်း၊

(၃) ဥဒကဈာပန - အလောင်းကို ရေမျှော၍ သင်္ဂြိုဟ်ခြင်း၊

(၄) သကုဏဈာပန - အလောင်းကို ငှက်ချီဆောင်၍ သင်္ဂြိုဟ်ခြင်း၊

(၅) ထူပဈာပန - စေတီ၊ ပုထိုး၊ ပြာသာဒ် ထည့်သွင်း၍ သင်္ဂြိုဟ်ခြင်းနှင့်

(၆) အာကာသဈာပန - ကောင်းကင်ယံတွင် တေဇောဓာတ် လောင်ကျွမ်း၍ သင်္ဂြိုဟ်ခြင်း ဖြစ်သည်။

လူသေလျှင် နည်းအမျိုးမျိုးဖြင့် သင်္ဂြိုဟ်ကြသည်။ အချို့ မြေမြှုပ်သည်။ အချို့က မီးရှို့သည်။ အချို့က ရေတွင် မျှောသည်။ အချို့က ရေတွင် မြှုပ်သည်။ အချို့ ဂူသွင်းသည်။ သူတော်စင်ရဟန္တာများ ပျံလွန်တော်မူလျှင် ငှက်များက ချီယူ၍ သင်္ဂြိုဟ်သည်ဟု မှတ်သားရသည်မှာ ထူးထူးခြားခြား သကုဏဈာပန ဖြစ်သည်။

ကောင်းကင်၌ တေဇောဓာတ်လောင်ကျွမ်းပြီး ဓာတ် တော်မိုး ရွာသွန်းသည့် အာကာသဈာပနလည်း ကြားဖူး သည်။ လူသာမန်တို့၏ လူ့ပြည်ရပ်ရွာတွင်ကား မြေမြှုပ် မီးရှို့၊ ရေမျှော၊ ဂူသွင်းမှု အများဆုံး။ အလောင်းကောင်ကို မြေမြှုပ်သင်္ဂြိုဟ်ခြင်းက မြေသားသို့ မြေဩဇာပြန်ထည့်၍ လူသားတို့ကို အကျိုးပြုသည်ဟု အချို့က ခံယူကြသည်။ ဘူမိဈာပနသည် လူသားအားလုံးနှင့် သက်ဆိုင်သည်။

မြေကြီးသည် မြန်မာအယူအရ အောက်တန်းကျ သည်။ နိမ့်ကျသည်။ ထို့ကြောင့် မြင့်မြတ်သော ရဟန်း သံဃာများ၊ မင်းမျိုးမင်းနွယ်များ၊ မြေသို့ မမြှုပ်ရဟု အယူအစွဲ ကြီးမားကြသည်။ သီပေါမင်း နန်းမတက်ခင် မင်းညီမင်းသားများစွာကို လုပ်ကြံသတ်ဖြတ်ခဲ့စဉ်က မင်း မျိုးများ၏ အလောင်းကို မြေမြှုပ်ခဲ့သည်ဟု ကြားနာရ

သီပေါမင်း နန်းတက်ပြီးနောက် မင်းညီမင်းသား

www.burmeseclassic.com

အလောင်းများကို ပြန်လည်တူးဖော်လျက် ရောဝတီမြစ်ထဲ ရေချသင်္ဂြိုဟ်ခဲ့ကြသည်ဟု မှတ်သားဖူးသည်။ မဟာဆီ ဟောသွေး သုတ်သင်ဖျောက်ဖျက်ပြီး ဘူမိဗျာပန မြှုပ်နှံ သဖြင့် မိုးခေါင်သည်ဟူသော ကောလာဟလ။ ထို့ကြောင့် လည်း ဥဒကဗျာပန ပြန်လုပ်ရသည်ဟုလည်း ထိုခေတ်က လူများက ယုံကြည်စွဲလမ်းမှုက ပြင်းပြင်းထန်ထန်။

မင်းဆွေမင်းမျိုး သေလွန်လျှင် မြေမမြှုပ်ဘဲ ဂူသွင်း သင်္ဂြိုဟ်လေ့ရှိသည်။ မန္တလေးတွင် မင်းညီမင်းသား၊ ထီး သွေးနန်းသွေး သီးသန့်သင်္ဂြိုဟ်သော သင်္ချိုင်းတော်ရှိသည် ဟု မှတ်သားရသည်။ အားလုံး အုတ်ဂူများချည်း။

အဂ္ဂိဗျာပနမှ ဗျာပနဝေါဟာရမှာ ပါဠိစကား။ မြန်မာ စကား လောင်မြိုက်စေခြင်း အဓိပ္ပာယ်၊ ထို့ကြောင့် အဂ္ဂိ ဗျာပနက အတွဲညီသည်ဟု ဆိုရမည်။ အလောင်းကောင် တို့ မီးရှို့သင်္ဂြိုဟ်ခြင်းသာ ရဟန်းသံဃာများလည်း ပျံ လွန်သည့်အခါတွင် မြေမမြှုပ်ဘဲ မီးသင်္ဂြိုဟ်ခြင်းဖြင့် အဂ္ဂိ ဗျာပနဖြင့် ပူဇော်ကြသည်။

တောင်ပိုင်းချင်းလူမျိုးတို့ အသုဘလိုက်ပို့သူ ဆွေမျိုး သင်္ဂဟများက တစ်အိမ်ထောင်လျှင် ထင်းတစ်စီးကျ ယူ ဆောင်သွားကြသည်။ သင်္ချိုင်းတွင် ထင်းများ စုပုံချထား ခဲ့ကြသည်။ ထိုထင်းများဖြင့် ရုပ်အလောင်းအား မီး သင်္ဂြိုဟ်ကြသည့် အစဉ်အလာ၊ တစ်နည်းအားဖြင့် အဂ္ဂိ ဗျာပန မီးသင်္ဂြိုဟ်တိုက်ကို အများပြည်သူက ထောက်ပံ့ သည့်သဘော။

အိန္ဒိယနိုင်ငံတွင် လူသေလျှင် မီးသင်္ဂြိုဟ်ကြသည်။ မီးရှို့ပြီးနောက် အရိုးပြာကို ရေတွင် မျှောကြသည်။ အဂ္ဂိ ဗျာပနနှင့် ဥဒကဗျာပန ရောထွေးသည့် သင်္ဂြိုဟ်နည်း။ မြန်မာ၌လည်း မီးရှို့ပြီးနောက် အရိုးပြာကို အိုးသွင်း ဂူသွင်းကြသည်။

ရှေ့ဟောင်းအရိုးပြာအိုးများ ပြန်လည်တူးဖော်သည့် အခါ၊ ယခုခေတ်မီသော နည်းစနစ်မှာ သင်္ချိုင်းတွင် အရိုး ပြာအိုးများ ဂူသွင်းမှတ်တမ်းထားသည့် နည်းလမ်း၊ တံ တိုင်းတွင် အရိုးပြာတစ်လုံး တစ်နေရာစာ ဖန်တီးလျက် မြှုပ်နှံစေသည်။ သေသူတစ်ဦးတစ်ယောက်အတွက် နေရာ ကျယ်ကျယ်ပြန့်ပြန့် မလိုသည့် ရည်မှန်းချက်။

သာစည်မြို့နယ် နာရေးကူညီမှုအသင်းကလည်း လူ သေအလောင်းကို မြေမမြှုပ်ဘဲ မီးရှို့ပြီးနောက် အရိုးပြာ ထားသို ဂူသွင်းရန် သတ်မှတ်ပေးသည်။ ကာယကံရှင် အလိုကျ အုတ်ဂူပြုလုပ်ရန် ခွင့်မပြု။ စီမံခွင့်ပြုထားသည့် တစ်ပေခွဲနေရာသာ ခွင့်ပြုထားသည်။ ညီညီညာညာ လုပ သည်။

ကချင်လူမျိုးတို့၏ အသုဘဓလေ့တွင် သည်လမ်းကို နောက်ဘယ်သောအခါမှ မလာရပါစေနဲ့ဟု ထပ်ကာတလဲ လဲ ရွတ်ဆို လိုက်ပါပို့ဆောင်သည်။ ရုပ်အလောင်းကို မြေမြှုပ်သည်။ ကယားလူမျိုးက လူသေလျှင် ခေါင်းတွင် ထည့်၍ မြေမြှုပ်သင်္ဂြိုဟ်လေ့ရှိသည်။ မြန်မာလူမျိုးက လည်း ယခင်က ဘူမိဗျာပနလိုဖြင့် သင်္ဂြိုဟ်ကြသည်။ မီးစက်မပေါ်ခင်က မြေမြှုပ်ကြသည်။ သတ်မှတ်နေရာကို တောင်းခံယူကြရသည်။ တစ်ဦး သေဆုံး၍ မြှုပ်နှံထား သော နေရာတွင် နောက်တစ်လောင်း ထပ်မံမြှုပ်နှံရန် စီစဉ်ရသည် ရှိ၏။

ထို့ကြောင့် အလောင်းများစွာ ထပ်ကာ,ထပ်ကာ မမြှုပ်ရလေအောင် ကိုယ်ပိုင်အုတ်ဂူနေရာကို ငွေကြေးဖြင့် သတ်မှတ်ဝယ်ယူရသည်။ ဂူနေရာတစ်နေရာတွင် မဆိုင်သူ တစ်ဦး အစားမြှုပ်နှံခွင့် မရသော်လည်း သေသူနှင့် သက် ဆိုင်သူ ခင်ပွန်း၊ ဇနီး အတူတကွ မြှုပ်နှံရန် မြေနေရာ



အာကာသဗျာပနဖြင့် ပူဇော်ခံရသော အရှင်အာနန္ဒာ

www.burmeseclassic.com

ထပ်မံယူလေ့ရှိကြသည်။ ပူးတွဲပါ အုတ်ဂူများတွင် နှစ်ဦး အမည် ကမ္ပည်းထိုးထားသည်ကို လေ့လာနိုင်သည်။

သာစည်မြို့ ငှက်မင်းကုန်းရွာတွင် အုတ်ဂူတစ်လုံး က ထူးထူးခြားခြား။ ထိုရွာသည် တောင်ကြီးသွား ကား လမ်းဘေးတွင် တည်ရှိသည်။ အုတ်ဂူပြာသာဒ်တစ်ခု သဖွယ် စုလစ်မွမ်းချွန်နှင့် သပ်သပ်ရပ်ရပ် ထည်ထည် ဝါဝါ။ နာမည်ကြီး သူကြီးဟောင်းတစ်ယောက်နှင့် ဆက်နွယ်နေသော ဆွေကြီးမျိုးကြီး အရှိန်အဝါ။ သူ့ခေတ်နှင့် သူ့အခါ ခေသူ မဟုတ်ပါ။

အဆိုပါ ပြာသာဒ်အုတ်ဂူတွင် အပေါက်လေးပေါက် စီစဉ်ထားသည်။ သူကြီးက မိန်းမ(၃)ဦး ပြိုင်တူယူထားသည်။ သေလွန်လျှင် သူကြီးနှင့် ကတော်(၃)ဦး အတူ ထည့်သွင်းသင်္ဂြိုဟ်ရန် အစီအမံ၊ ဓာတ်ပုံပါအတိုင်း ယခုအခါ လေးပေါက်စလုံး ပိတ်ပြီးသွားပြီ။ သူတို့လေးဦး ဆုံတွေ့ကြလေပြီ။ အုတ်ဂူအတွင်း ကျဉ်းကျဉ်းကျပ်ကျပ်၊ နီးနီးကပ်ကပ် နေကြရလေပြီ။


အလွန်သံယောဇဉ် ကြီးမားကြသည်။ ထို့ပြင် ချစ်လောဘစိတ်ကလည်း သေလွန်သည်အထိ အရှိန်အဟုန် ပြင်းထန်ဆဲ။ မနာလိုတွန့်လိုသည့်စိတ်ဖြင့် စုထားထားသော မိသားစုဂူပြာသာဒ်။

ရှေးအခါက လူသေလွန်လျှင် ရုပ်ကလာပ်ကို မြေမြှုပ်သင်္ဂြိုဟ်မှုက အများစု၊ တတ်နိုင်လျှင် အုတ်ဂူသွင်းသည်။ ယခုအခါတွင် လူဦးရေများပြားလာခြင်းကြောင့် နေရာအခက်အခဲ ရှိလာသည်။ ယခုအခါ မီးသင်္ဂြိုဟ်စက်များ ပေါ်လာသည်။ လျှပ်စစ်ဖြင့် မီးသင်္ဂြိုဟ်သည်။ နယ်များတွင် ဒီဇယ်သုံးစက်များဖြင့် သုံးကြသည်။ အချို့ကမူ ထင်းကို သုံးနေဆဲ။ အချို့က တာယာအဟောင်းများကို လောင်စာပြုကြသည်။ အဂ္ဂိရှာပန အသုံးများလာမှု မှတ်တမ်းတွင် တေးထပ်ကဗျာတစ်ပုဒ်ကို သတိရသေးသည်။

'ချစ်ရသူ ခင်ခင်ငှဲ၊ ဘဝင်မြင့်သက်လျှာ၊<br>
ဆင်မသင့် ခက်ပါသည်၊ သက်သာရာမရ။<br>
သည်ကိုတော့ တိမ်းချော်ခဲ့ပြီး၊<br>
စိမ်းနဲ့နော် ဘုန်းခင်လာပ၊<br>
ကလာပ်စုရုပ်ကွင်းကို၊ ပြုတ်ယွင်းယိုကာလ။<br>
ဖုတ်သင်္ဂြိုဟ်ရှာပန၊ ပြာကျမှပြန်ပါ။<br>
ဝဇီရာ စိန့်သန်လျက်ငယ်နှင့်၊<br>
တစ်ရှိန်ချင်း လှမ်းချင်လို့မှာ၊<br>
ဝတီဆင်း နန်းကိန္နရာလို့၊ လျှမ်းထိန်ဝါဝေင်းနှင့်၊<br>
ရွှေပယင်း ငွေလက်တော်၊ ဘုန်းကိုင်လှည့်နော်။<br>
အသုဘကမ္မဋ္ဌာန်းတော်ကို၊<br>
ကြာငှန်းပျော် အို··လှူလှည့်လေး'

စာဆိုမှာ တောင်သမန်လယ်စား မောင်ဖေငယ် ဖြစ်သည်။

♦ ♦ ♦




လူသေအလောင်းကို မြေမမြှုပ်၊ မီးလည်း မရှို့ဘဲ ရေမျှောသည်လည်း ရှိသည်။ သုဓမ္မစာရီ ဖြတ်ထုံးတွင် လင်မယား ကိုယ်ပိုင်ဆန္ဒအရ အလောင်း ရေမျှောကြသည်။ မသေလွန်ခင် မှာကြားချက်အရ လိုက်နာခြင်း၊ ခရစ်ယာန်ဘာသာ ထုံးစံအရ သေတမ်းစာကို လိုက်နာမှုမျိုး မြန်မာတွင်လည်း ရှိခဲ့ ဖူးကြောင်း သက်သေသာဓက။

အင်းလေးဒေသတွင် လူသေ အလောင်းများကို ကျွန်းမျှော တွင် ခွဲပြီး ရေထဲ မြှုပ်လေ့ရှိသည်။ မရွေ့လျားနိုင်အောင် ကုပ်ဖြ ထိန်းထားကြသည်။ အင်းလေး ဒေသတွင် ကုပ်ရိုက်သင်္ဂြိုဟ်နည်း



www.burmeseclassic.com

www.burmeseclassic.com

ထား၍ ရှိသည်။ အင်းလေးတွင် ကုန်းပိုင်းနှင့် နီးစပ်သောသူက ကုန်းသင်္ချိုင်း(လုပ်တိုင်း) ရေနှင့် နီးစပ်သူက ရေသင်္ချိုင်း(ဆင်းရှိုင်း)တွင် မြှုပ်နှံကြသည်။

ရေသင်္ချိုင်းတွင် ကျွန်းမျှောကို ရေအောက် မြေကြီးအထိ ခွဲချသည်။ အလောင်းကို ခေါင်းတွင် ထည့်ထားသည်။ ရေဝင်သာအောင် အပေါက်ဖောက်သည်။ ခေါင်းကို ကျွန်းမျှောခွဲထားသည့် နေရာတွင် တစောင်းကလေး မြှုပ်နှံသည်။ ခေါင်းကို မရွေ့အောင် ဝါးလုံးဖြင့် စိုက်ထူထုပ် ဖန်တီးသည်။ တစ်နည်းအားဖြင့် ရေသတ္တဝါများ၏ အစာအဖြစ် လူ့အလောင်းက လုပ်ကျွေးသည့်သဘော။ ဥဒကဈာပန ပီသသည်။

အချို့က လူသေအလောင်းအား မီးရှို့ပြီး ပြာကျမှ ရေတွင် မျှောကြသည်။ ထုံးစံမို့ အဂ္ဂိဈာပနနှင့် ဥဒကဈာပန ရောနှောသည့်နည်း ဖြစ်သည်။

ပင်လယ်ပြင်တွင် သင်္ဘောဖြင့် ခရီးရှည်သွားစဉ် ခရီးအတွင်း သေဆုံးသည့်အခါ မည်သူဖြစ်စေ၊ ဆင်းရဲ၊ ချမ်းသာမရွေး ဂုဏ်ရှိ၊ဂုဏ်မဲ့အားလုံး သေသူများအား ရေချသင်္ဂြိုဟ်လေ့ရှိသည်။ အလောင်းကို ကျွန်းပေါ် ပြန်သယ်ရိုးထုံးစံမရှိ။ မြန်မာစာပေနယ်တွင် ကျော်ကြားသူ ဆရာယုဒသန် ခေါ် ဂျပ်စင်၏ ရုပ်အလောင်းကို ပင်လယ်ပြင်၌ ချထားခဲ့ရသည့် သာဓက။

ပေါင်းတည်သား မြန်မာ့အမတ်ကြီး ဦးသိန်းမောင် ပင်လယ်တွင် သေဆုံးစဉ်က ရေထဲမှာပဲ စွန့်ထားခဲ့ရသည်။ အခြေအနေအရ မဖြစ်သာသဖြင့် ဥဒကဈာပနဖြင့် သင်္ဂြိုဟ်ခဲ့ရခြင်းဖြစ်သည်။ ပင်လယ်ပြင်ခရီးတွင် ရှိရင်းစွဲ ထုံးစံအတိုင်း။


♦ ♦ ♦

ဈာပန(၆)မျိုးတွင် မြေမြှုပ်(ဘူမိဈာပန)၊ မီးရှို့(အဂ္ဂိဈာပန)၊ ရေမျှော(ဥဒကဈာပန) သုံးမျိုးမှာ လူသတ္တဝါများနှင့် အကျုံးဝင်သည်။ ဗုဒ္ဓဘာသာ စာပေတွင် သူတော်စင်များနှင့်ပတ်သက်သည့် ဈာပနသုံးမျိုး ပါဝင်လာသည်။

ငှက်သတ္တဝါများက သူတော်စင် ရုပ်ကလာပ်အား သယ်ယူပို့ဆောင်ပေးသည့် အကြောင်းကို သကုဏဈာပနဟု သတ်မှတ်သည်။ များသောအားဖြင့် မြန်မာစာပေနယ်တွင် ထင်ရှားသည့် မြောက်ကျွန်းသားတွေနှင့် သက်ဆိုင်သည်။ မြောက်ကျွန်းသားတို့သည် သီလမြဲသည် မြောက်ကျွန်းသားတို့ သေဆုံးသည့်အခါ ကျန်ရစ်သူများက ငိုကြွေးခြင်းနှင့် ပူဆွေးခြင်း မပြုကြ။ သီလဖြင့် စိတ်ထားမြင့်မြတ်သည့်သဘော။

မြောက်ကျွန်းသား ရုပ်ကလာပ်ကို အလျှဉ်းသင့်သလို တန်ဆာဆင် ချထားသည်။ ငှက်များက တစ်ပြိုင်နက် ကုသိုလ်အဟုန်ကြောင့် ဖြစ်ပေါ်လာသော ငှက်ကြီးများက စုဝေးရောက်ရှိလာကြသည်။ အလောင်းကို ငှက်ကြီးများက ချီဆောင်ပြီး အခြားကျွန်းသို့ သယ်ဆောင်ကြသည်။ ထို့ကြောင့် မြောက်ကျွန်းတွင် သုသာန်သင်္ချိုင်းမရှိ၊ မစင်မကြယ် ရွံ့စဖွယ်ကောင်းသော အပုပ်ကောင်များ လုံးဝမရှိကြောင်း ဝိနယပိဋကဝေရဉ္ဇာ ကဏ္ဍသာရတ္ထဒီပနီဋီကာတွင် ဖော်ညွှန်းထားသည်။

မြောက်ကျွန်းမှ သိဝေယျပုဆိုးကလည်း ကြားဖူးနားဝ ထူးထူးခြားခြား။ သေလွန်သော ရုပ်အလောင်းကို ထုပ်ပိုးရစ်ပတ်သည့် သိဝေယျပုဆိုး၊ အဖိုးတန် အဝတ်စ အနီရောင်ဟု သိရသည်။ ကမ္ဗလာနီတစ်မျိုး ဖြစ်သည်။



www.burmeseclassic.com

ပုဆိုးအရောင်ကြောင့် ငှက်ကြီးများက အသားတစ်ဟု ထင်မှတ်မှားကြသည်။ အလောင်းကို ထိုးသုတ်ချီမ,၍ ဟိမဝန္တာတောင်ထွတ်သို့ ယူဆောင်လာသည်။ ပုဆိုးကို ဖယ်ရှား၍ လူသေအလောင်းကို စားသောက်သည်။ သိဝေယျပုဆိုးအကြောင်းကို ဝိနည်းမဟာဝါအဋ္ဌကထာ အကျယ်တဝင့် ဖွင့်ပြထားသည်။

စေတီပုထိုး တည်ထားကိုးကွယ်ခဲ့သူများ အာရုံပြု၍ အုတ်ပြာသာဒ်သွင်း၍ သင်္ဂြိုဟ်ခြင်းကို ထူပဈာပနဟု သတ်မှတ်သည်။

စေတီပုထိုး ကိုးကွယ်ထိုက်သူများ လေးမျိုးရှိသည်။

(၁) မြတ်စွာဘုရား၊

(၂) ပစ္စေကဗုဒ္ဓါ၊

(၃) မြတ်စွာဘုရား၏ အရိယာတပည့်တော်များ၊

(၄) စကြဝတေးမင်းတို့ ဖြစ်သည်။

တိုင်းပြည်လူမျိုး၏ အကျိုးအတွက် သယ်ပိုးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် အာဇာနည်ဗိမာန် တည်ထားခြင်းကို ထူပဈာပနအဖြစ် ထည့်သွင်းသတ်မှတ်ကြနိုင်သည်ဟု ခံယူထားသည်။

ကောင်းကင်မှာ အမိဋ္ဌာန်ကြောင့် အလိုအလျောက် တေဇောဓာတ် လောင်မြိုက်၍ ဓာတ်တော်ကျခြင်းမျိုးကို အာကာသဈာပနဟု ခေါ်ဆိုသည်။ သာမန်လူသားနှင့် မသက်ဆိုင်။ အရှင်အာနန္ဒာကဲ့သို့ ထူးခြားသည့် ဝိသေသ ရဟန္တာပုဂ္ဂိုလ်မျိုးနှင့် သက်ဆိုင်သည်။ ရှင်အာနန္ဒာသည် မသေလွန်မီ (၇)ရက်ကြိုတင်၍ သိထားသည်။

ပရိနိဗ္ဗာန်ပြုရန် ရက်ကို ကြေညာသည်။ ရောဟိဏီ မြစ်အနီး သီတင်းသုံးနေသည်။ မြစ်တစ်ဖက်တစ်ချက်ရှိ ဒကာ၊ ဒကာမများက သူတို့ဘက်ကမ်းတွင် ပရိနိဗ္ဗာန်ပြုစေလိုကြသည်။ အရေးဆိုကြသည့် ဂယက်က ကျယ်ပြန့်လာသည်။ အရှင်အာနန္ဒာက မည်သူ့ကိုမျှ ဘက်မလိုက်ခဲ့။ ထို့နောက် အဓိဋ္ဌာန်ပြုလျက် ပျံလွန်တော်မူရှာသည်။

အရှင်အာနန္ဒာ၏ ရုပ်ကလာပ်မှ နှစ်ဖြာခွဲ၍ မြစ်တစ်ဖက်တစ်ချက်စီသို့ အညီအမျှ ဆတူခွဲ၍ ဓာတ်တော်များ ကျလာသည်။ ရုပ်ကလာပ် တေဇောဓာတ် လောင်ကျွမ်းပုံကို ကြည့်လျက် အံ့သြလူးလိမ့် ဟစ်အော်ကြသည်။ အရှင်အာနန္ဒာကဲ့သို့ ကောင်းကင်ထက်တွင် ရုပ်ကလာပ် တော်တေဇောဓာတ်လောင်ကျွမ်း၍ ဓာတ်တော်များ ကျခြင်းကို



မိဿာစု(၄)ဦး ရှသွင်းပြာသာဒ်တစ်ခု

အာကာသဈာပနဟု ခေါ်ဆိုသည်။

◆◆◆

မိမိအလှည့်ကျလျှင် မနွဲ့ကြချင်သည့် အကြောင်း၊ နောက် သင်္ဂြိုဟ်ခြင်းဆိုင်ရာ ဈာပနအခင်းအနားအကြောင်း စဉ်းစားမိသည်။ သာမန်လူများ အကြောင်းကို စီကာပတ်ကုံး ရှာဖွေသည်။ ထို့ထက်ပိုမိုသည့် ဗုဒ္ဓဘာသာစာပေမှ အကြောင်းခြင်းရာများ ဖြည့်စွက် ကြံစည်မိသည်။ ဗဟုသုတအရာ ရည်ရွယ်ချက်ဖြင့် စုစည်းတင်ပြပါသည်။

ကိုယ်နှင့်သက်ဆိုင်သော ကိစ္စကိုသာ အလေးထား စဉ်းစားကြပါစို့။

**ရန်နိုင်**


**စာညွှန်း**

၁။ သုခမှတ်စု
(ဒဂုံဦးထွန်းမြင့် သုတ်သင်တည်းဖြတ်သည်။)

၂။ ပေါရာဏကထာ အဘိဓာန် (ဦးတင့်ဆွေ)။

၃။ မြန်မာ-အင်္ဂလိပ် အဘိဓာန်။

၄။ ဈာပနမှတ်တမ်း [ဆရာတော် မာဂဓီ(ဘာစည်)]။


www.burmeseclassic.com

www.burmeseclassic.com

# ဘိုးထွန်းလှိုင်

ဖိုးခေါင်းသား

မိုးတွင်းက ဧရာဝတီမြစ်ရေတက်တော့ ညောင်တုန်းလည်း ရေကြီးရေလျှံမှု ဖြစ်ပါတယ်။ ညောင်တုန်းက ရေဘေးဒုက္ခသည်တွေဆီလှူဖို့ ကားကြုံရှိတာနဲ့ပဲ နွေချင်းပြန်ခရီး ထွက်ဖြစ်ပါတယ်။ ညောင်တုန်းမရောက်ခင် ဆားမလောက်ရွာကို ရောက်ပါတယ်။ ရန်ကုန်-ပုသိမ် ကားလမ်း (၃၂)မိုင် (၅)ဖာလုံဆိုတဲ့ နေရာကနေ ဖိုးပိန်ကုန်းဆိုတဲ့ ရွာကို သွားလို့ရပါတယ်။ ဖိုးပိန်ကုန်းဆိုတာ ပြီးခဲ့တဲ့ (၂၀၁၅)ခုနှစ်ကမှ ထွက်ရပ်ပေါက်သွားတဲ့ ဘိုးထွန်းလှိုင်ရဲ့နေရာ ဖြစ်ပါတယ်။

ထွက်ရပ်ပေါက် ဝိဇ္ဇာကြီးတွေထဲမှာ စာရေးသူ လေ့လာသိရှိသမျှတော့ လှိုင်လေးလှိုင် ရှိပါတယ်။ ခေါင်လေးခေါင်၊ အောင်လေးအောင်၊ ဗားလေးဗား၊ မြိုင်လေးမြိုင်၊ ဆိုင်လေးဆိုင်၊ လှိုင်လေးလှိုင် ဆိုသလိုပေါ့။

ဦးချင်သီး (ခေါ်) ဆရာလှိုင်၊ ဦးချမ်းလှိုင် အဲဒီနှစ်ဦးက ယက္ကန်းစင်တောင် ဆရာတော်ကြီးရဲ့ တပည့်ရင်းတွေ၊ ပထမဆရာလှိုင်၊ ကွင်းကောက်ဆရာလှိုင်လို့လည်း ခေါ်ကြတယ်။ အခြားနာမည်တွေလည်း ရှိသေးတယ်။ ပြီးတော့ ညောင်တုန်းဘိုးထွန်းလှိုင်၊ တပည့်သာဝကတွေက အတုလ ဓာတ်ပိုင် ဘိုးထွန်းလှိုင်လို့ ခေါ်ကြပါတယ်။

ဘိုးထွန်းလှိုင်ဟာ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရွာသာအေးကျေးရွာမှာ အဖ ဦးမာဒင်၊ အမိ ဒေါ်ဖွားရင်တို့က မြန်မာသက္ကရာဇ်(၁၂၇၂)ခုနှစ်၊ နတ်တော်လ (ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ) စနေနေ့မှာ မွေးဖွားပြီး မွေးချင်းခြောက်ယောက်မှာ အကြီးဆုံးသား ဖြစ်ပါတယ်။

ဘိုးထွန်းလှိုင် ထွက်ရပ်သွားတဲ့နေ့က ခရစ်နှစ်(၂၀၁၅)ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် ဖြစ်တာမို့ အသက်(၁၀၅)နှစ်အထိ နေထိုင်ခဲ့ကြောင်း သိရပါတယ်။

ဘိုးထွန်းလှိုင်ဟာ နိုင်ငံအနှံ့အပြား ကျင့်ကြံအားထုတ်ခဲ့တယ်။ သာသနာပြုခဲ့ပါတယ်။ ကရင်ပြည်နယ်က ဇွဲကပင်တောင်၊ သာမညတောင်၊ မြိုင်ကြီးငူ၊ ဘုရားငါးဆူ၊ ရွှေကျင်၊ မဒေါက်၊ သုံးခွ၊ သမိန်ထော အပါအဝင် နေရာအနှံ့အပြား ကျင့်ကြံအားထုတ်ခဲ့ကြောင်း သိရပါတယ်။ အခုထွက်ရပ်ပေါက်သွားတဲ့နေရာ ညောင်တုန်းမြို့နယ်က ဘိုးထွန်းလှိုင် ဇာတိရွာကို မြန်မာသက္ကရာဇ် (၁၃၄၁)ခုနှစ်မှာ ပြန်ပြီးအခြေစိုက်ခဲ့တယ်။

ရွာသာအေးဟာ မူလက ရေမြုပ်ကွင်းပါ။ မိုးတွင်းဆို ရေမြုပ်၊ ချောင်းရေ မြစ်ရေ တိုးတိုင်း ရေမြုပ်။ အဲဒီရေမြုပ်ကွင်းကိုပဲ ဘိုးထွန်းလှိုင်က သုံးနှစ်အတွင်း သာသနာပြုကုန်း ဖန်တီးခဲ့ပါတယ်။ အများစုက အဲဒီကုန်းကို ဖိုးပိန်ကုန်းလို့ ခေါ်ကြတယ်။ ဖိုးပိန်ကုန်းမှာ မြတ်စွာဘုရားရုပ်ပွားတော်ကြီးများ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဆည်းလည်းကြီး၊ ခေါင်းလောင်းကြီး၊ ကန်တော်ကြီး၊ ခြင်္သေ့ကြီးများနဲ့ အတိတ်တဘောင် နိမိတ်ဆောင်ကာ အများပြည်သူ ဖူးမြော်ကြည်ညို ကန်တော့နိုင်ဖို့ တည်ထားခဲ့ပါတယ်။

ဆားမလောက်လမ်းကနေခွဲပြီး လယ်ကွင်းကို ဖောက်ထားတဲ့လမ်းအတိုင်း ကားမောင်းဝင်လို့ရတယ်။ ဘိုးထွန်းလှိုင်နေတဲ့ နေရာနားရောက်တော့ ကတ္တရာလမ်းဖြစ်သွားပြီး ရွာထိပ်မှာ ဆိုင်းဘုတ်ကြီးတစ်ခု တွေ့ရကာ အနီရောင်အောက်ခံမှာ အဖြူစာလုံးနဲ့ မြတ်စွာဘုရားလမ်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ရေးထားပါတယ်ဟု စာရေးသူကို မချိုမစာပေက ထုတ်ဝေသူ ကိုနိုင်က ပြောခဲ့တယ်။

ဘိုးထွန်းလှိုင်ရဲ့ မွေးချင်းတွေက အရင်ကွယ်လွန်ခဲ့ကြပြီး ညီတစ်ယောက်က သျှောင်တုန်းအရှေ့ကျောင်းကြီးတိုက်က ဆရာတော် ဖြစ်နေပါတယ်။ ငယ်စဉ်က ဆင်းရဲနွမ်းပါးခဲ့ပြီး ထမင်းနပ်မှန်အောင် မစားခဲ့ရ၊ စာမသင်ခဲ့ရပေမယ့် ဘုရားစာ၊ တရားစာတော့ တတ်ခဲ့တယ်လို့ သိရပါတယ်။

သက္ကရာဇ်(၁၃၄၀)ပြည့်နှစ်မှာ ဘိုးထွန်းလှိုင် ဘုရားစတည်ပါတယ်။ အောင်သိဒ္ဓိဘုရားလို့ ဘွဲ့မည်ရပါတယ်။ ရွာထဲက လူတွေစုပြီး ကိုယ့်ဘာသာကိုယ် အုတ်ဖုတ်၊ ဘုရားတည်တာလို့ ဆိုပါတယ်။ ဆက်လက်၍လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ စေတီဘုရားများ တည်ထားကာ သာသနာပြုခဲ့တယ်။ ဘိုးထွန်းလှိုင်ရဲ့ ဓာတ်နန်းဆောင်ကြီးထဲမှာ မန္တလေးမြို့က မဟာမြတ်မုနိဘုရားကြီးပုံတူ မုနိရုပ်ပွားတော်တစ်ဆူ ရှိပါတယ်။ အလေးချိန်ပိဿာ(၁၀၀၀)ကျော်ရှိပြီး ဦးခေါင်းတော်ကပင် (၃၁၅)ပိဿာရှိတယ်လို့ သိရပါတယ်။

မန္တလေးက ယူဆောင်လာပြီး ရွာသာအေးမှာ နေရာချထားလို့ ဦးခေါင်းတော် တပ်ဆင်ချိန်မှာ အနည်းငယ် စောင်းသွားတယ်။ လူအားနဲ့စုဆွဲပြီး ဦးခေါင်းတော် ပြန်တည့်တဲ့အခါ လေးလွန်းလို့ တည့်မရဘူး။ အဲဒီအခါ ဆရာကြီး ဘိုးထွန်းလှိုင်က သာသနာတော်ကြီးမှာ စောင့်နေတဲ့နတ်တွေ ရှိတယ်ဆိုတာ တကယ်ပဲလားဆိုပြီး တိုင်တည်လိုက်တော့ စောင်းနေတဲ့ ဦးခေါင်းတော်ကြီး အလိုလို တည့်သွားတယ်လို့ တပည့်သာဝကတွေက အံ့သြတကြီး ပြောကြပါတယ်။

ဘိုးထွန်းလှိုင်ဟာ ဘဝတစ်ခုမှာ အဘိဓမ္မာချုပ် အောင်မင်းခေါင်ရဲ့အစ်ကို ဖြစ်ခဲ့တယ်လို့ မကြာ,မကြာ ပြောတယ်။ ဘိုးထွန်းလှိုင် သာသနာပြုစက သာဝကတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတွေကို ကူညီဆောင် ရွက်ပေးခဲ့ပါတယ်။ မေတ္တာနဲ့ ဆေးကုပေးလို့ တပည့်များက အတုဃမာတ်ပိုင် ဆရာလှိုင်လို့ ခေါ်ကြတယ်။



ဦးထွန်းလှိုင်

ဘိုးထွန်းလှိုင်က ကျင့်စဉ်ကို ပုတီးနဲ့ အလုပ်များပြီး ဂုဏ်တော်ကိုးပါးထဲက အရဟံဂုဏ်တော်ကို အဓိကစိပ်တယ်။ ဗုဒ္ဓေါ အရဟံ ဝိဇ္ဇာသမာဓိ ဆိုပြီး ပုတီးတစ်လုံးချ (၁၀၈)လုံးပုတီးနဲ့စိပ်၊ သမာဓိရအောင်စိပ်၊ ဝိဇ္ဇာဖြစ်အောင် စိပ်ဆိုပြီး ပေးလေ့ ပြောလေ့ရှိပါတယ်။ ပုတီးမများကြနဲ့ဆိုပြီး ဘိုးထွန်းလှိုင်က သတိပေးတယ်။ ဒါကလည်း ဟိုပုတီးစိပ် ကောင်းနိုးနိုး၊ ဒီပုတီးစိပ် ကောင်းနိုးနိုးနဲ့ ခဏ,ခဏ ပြောင်းမစိပ်ကြနဲ့။ အာရုံမများကြနဲ့ ဆိုပြီး ဆုံးမတာပါ။ ဂုဏ်တော်ဂါထာ တစ်မျိုးတည်းကိုပဲ ပုတီးပတ်ပေါင်း(၈၄ဝဝဝ)ရအောင်စိပ် အကျိုးထူးပြီလို့ ပြောပါတယ်။

သာဝကတွေ မဟုတ်တာ၊ မမှန်တာ မလုပ်အောင် အမြဲဆုံးမလေ့ရှိတယ်။ ကိုယ်လုပ်တာ မှန်,မမှန် မမြင်ရတဲ့ နတ်တွေ သိတယ်ဆိုပြီး ပြောပါတယ်။ လူမသိ နတ်သိတယ်လို့ သတိပေးလေ့ရှိတယ်။

ထွက်ရပ်ပေါက်သွားတဲ့နေ့က ဘိုးထွန်းလှိုင်ရဲ့ နောက်ဆုံးရုပ်ခန္ဓာဟောင်းကို ဖူးမြော်ဖို့ရာ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး အပါအဝင် နေရာများစွာက တပည့်တပန်း ထောင်ချီလာကြပါတယ်။ ဘိုးထွန်းလှိုင်ရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ခန္ဓာကို ဖိုးပိန်ကုန်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ရှုသွင်းပြီး ထားပါတယ်။ ခုလာမယ့် နိဝင်ဘာလ (၂၅)ရက်မှာ ဘိုးထွန်းလှိုင်ထွက်ပွဲ လုပ်ကြမယ်။

ဆရာကြီးဘိုးထွန်းလှိုင် ရှိစဉ်က မာတ်နန်းဆီလာကြတဲ့ ခုနစ်နေ့သားသမီးအပေါင်းကို ဆိုဆုံးမခဲ့တဲ့ စကားက–

ရွက်လှေကိုဆင်၊ လိုက်ချင်သူကများ၊
ပဉ္စသီမြရင်ဖြင့်၊ အေးဖို့သာပြင်ထား၊
ကြိုးစားကြတဲ့များအလျှုရှင်၊
ပေါ်လွင်လာမယ့်ခေတ် ကြီးဖြစ်လာတော့မှာပဲ၊
အအိပ်မကြီးကြလေနဲ့၊
လူတိုင်းကိုယ်စီ စိပ်ပုတီးကို လက်မှာကိုင်လို့၊
မြတ်ဂုဏ်ရောင် နေ့စဉ်ပွားလျှင်ဖြင့်၊
အသက်လည်းရှည် ရွှေငွေလည်း မရှားဘဲ
ရှိကြတော့မှာ ဧကန်မလွဲ..ဆိုတဲ့စကား ဖြစ်ပါတယ်။

အဓိပ္ပာယ်က ခေတ်ပျက်ကြီးကနေ ခေတ်သစ်ဆီ ပြောင်းတော့မယ်။ ပြောင်းချင်တဲ့သူတွေဟာ ငါးပါးသီလမြဲဖို့ လိုတယ်။ သီလစောင့်သူ များလာရင် ခေတ်ကြီး ကောင်းလာတော့မှာဖြစ်တယ်။ ဒါကြောင့် အချိန်မဖြုန်းကြနဲ့။ လူတိုင်းကိုယ်စီ စိပ်ပုတီးကိုင်ပြီး ဘုရားဂုဏ်တော်ကို နေ့စဉ် စိပ်ကြပါ။ အသက်လည်း ရှည်မယ်၊ ရွှေမရှား ငွေမရှားဘဲ နေသွားရမှာ ဧကန်ဖြစ်ပါတယ်လို့ ဆိုပါတယ်။

**ဖိုးဒေါင်းသား**

---


# ဆရာကြီးဦးအေးထွန်း

**[အကြောပြင်ပညာရှင်]**

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၆)ခုနှစ်ဆိုတဲ့ ခရစ်နှစ်အပိုင်းအခြားတစ်ခု ကုန်လုနီးလာလေပြီ။ ဒီဇင်ဘာလ (၃၁)ရက် ရောက်သည်နှင့် နောက်ပြန်လှည့်ကြည့်မနေတော့ဘဲ (၂၀၁၆)ခုနှစ်က လောကလူသားတို့အား နှုတ်ဆက်ကာ ထွက်ခွာသွားပေတော့မည်။ တစ်ပြိုင်တည်းလိုလိုပင် (၂၀၁၇)ခုနှစ်ဆိုတဲ့ လောကဝေါဟာ နှစ်သစ်မင်္ဂလာကလည်း လောကလူသားတို့အား ပွေ့ဖက်ဆီးကြိုရန် အသင့်ဖြစ်နေလေပြီ။

ဟောင်းကြွေသစ်လောင်း အခါကောင်းကို လူတိုင်း မျှော်လင့်တမ်းတသလို စာရေးသူလည်း လူသားထဲက လူပေမို့ လိုလားတမ်းတမိပါသည်။ ဘာတွေ ဘယ်လိုများ ဖြစ်လာမလဲဆိုတဲ့ စူးစမ်းလိုမှုလည်း တစ်ပြိုင်တည်း မွေးဖွားလာခဲ့ပါသည်။ ဘယ်သူတွေ ဘာတွေဖြစ်လို့ ဘယ်သူတွေက ဘာတွေဖြစ်ကြလေမလဲ။


ဤအတွေးက စာရေးသူအား သန္နိဋ္ဌာစာအုပ် ဖွင့်ကြည့်ရန် တိုက်တွန်းပါသည်။ ဖွင့်ကြည့်လိုက်သောအခါ



(၂၆-၁-၂၀၁၇)တွင် ကောဇာစနေဂြိုဟ်သည် ဓနုရာသီသို့ ကူးပြောင်းရောက်ရှိနေသည်ကို တွေ့ရ၏။ (၆-၄-၂၀၁၇)အထိ (၇၁)ရက်အတွင်းမှာတော့ ပုံမှန်လေး အတည့်သွားနေပါသည်။

(၇-၄-၂၀၁၇)မှ (၂၁-၆-၂၀၁၇)အထိ (၇၅)ရက်အတွင်းမှာတော့ နောက်ပြန်သွားနေပါသည်။ ပုံမှန်ရေပြောင်းပြန်ပါ နှစ်ရပ်ပေါင်းလျှင် ရက်ပေါင်း(၁၄၆)ရက်တိုင်တိုင် ဓနုရာသီတွင် ကောဇာစနေဂြိုဟ် ရပ်တည်နေပါသည်။

အောက်ပါ ရာသီခွင်ပုံလေးကို ကြည့်လိုက်ပါ။




ပုံတွင် သုည(ဝ)သင်္ကေတဖြင့် ပြသထားသည်ကား စနေဂြိုဟ်ပင် ဖြစ်ပါသည်။ သုည တည်ရှိရာခွင် အကွက်ကိုမူ ဗေဒင်ပညာဝေါဟာရဖြင့် ဓနုရာသီဟု ခေါ်ပါသည်။ ယခုနှစ်တွင် ကောဇာစနေဂြိုဟ်သည် အဆိုပါအကွက်၌ ရောက်ရှိနေပါသည်။ ဂြိုဟ်သည် ပြောင်းပြန်သွားလျှင် ရှေ့သို့ မရောက်တော့ဘဲ နောက်သို့သာ ရောက်လာပါသည်။

ထို့ကြောင့် (၇-၄-၂၀၁၇)မှ (၂၁-၆-၂၀၁၇)အထိ ပြောင်းပြန်သွားနေသော ကောဇာစနေဂြိုဟ်သည် (၂၂-

# ဆရာကံထူး


(ဝေဒသုတေသီ)

# နှစ်ဦးစနေ မီးလိုမွှေလေမလား

www.burmeseclassic.com


-၂၀၁၇)တွင် ဓနုရာသီ၏ နောက်နားက ဗြိစ္ဆာရာသီသို့ ဆုတ်ရှိသွားပါသည်။

အောက်ပါပုံလေးကို ကြည့်လိုက်ပါ။




(၂၂-၆-၂၀၁၇)ကနေ (၂၄-၈-၂၀၁၇)အထိ အဲဒီ ဗြိစ္ဆာရာသီမှာ နောက်ပြန်သွားနေပါသည်။ ထိုသို့ ပြောင်းပြန်နောက်ဆုတ်သွားနေရာမှ (၂၅-၈-၂၀၁၇)လည်း ရောက်ရော အတည့်ပုံမှန်ပြန်သွားပါသည်။ ဘယ်အထိလဲဆိုရင် (၂၅-၁၀-၂၀၁၇)အထိ နှစ်လတိုင်တိုင် အတည့်သွားပါသည်။ အဲဒီလို အတည့်သွားတော့ အံ့သြ၊ လိဗ္ဗာ မြင့်လာပြီး (၂၆-၁၀-၂၀၁၇)လည်းရောက်ရော ဝုန်းခနဲ ဓနုရာသီသို့ ပြန်ရောက်သွားပြန်ပါသည်။

ပုံကို ကြည့်လိုက်ပါ။




(၂၆-၁၀-၂၀၁၇)ကနေ (၁၈-၄-၂၀၁၈)အထိ ကျော်အတွင်း ဓနုရာသီတွင် အတည့်သွားနေတဲ့ နေဂြိုဟ်ကြီးဟာ (၁၉-၄-၂၀၁၈)လည်း ရောက် နောက်ပြန်သွားနေပြန်ပါသည်။ ဘယ်ထိလဲဆိုရင် -၂၀၁၈)အထိပါ။ လေးလကျော်ဆိုပါတော့။ ဓနု ခွင်မှာ ပြောင်းပြန်ကြီး သွားနေပါသည်။

(၇-၉-၂၀၁၈)ရောက်တော့ အတည့်ပုံမှန်သွားပြန်ပါသည်။ (၃၀-၄-၂၀၁၉)အထိပါ။ ခုနစ်လကျော်ကျော်ပါပဲ။ နောက်တစ်ခါ (၁-၅-၂၀၁၉)ရောက်တော့ ပြောင်းပြန်သွားပြန်ပါသည်။ ဘယ်အထိလဲဆိုရင် (၁၈-၉-၂၀၁၉)အထိပါ။ လေးလကျော်ပါပဲ။ (၁၉-၉-၂၀၁၉)လည်းရောက်ရော အပြန်သွားတာ ရပ်ပြီး အတည့်ပြန်သွားပါသည်။ ဘယ်ထိလဲဆိုရင် (၂၄-၁-၂၀၂၀)အထိပါ။ လေးလကျော်ပါပဲ။

ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်၊ အတည့်သွားလိုက်၊ ပြောင်းပြန်သွားလိုက်နှင့် ဗြိစ္ဆာရာသီနှင့် ဓနုရာသီကို ခုန်ပျံသွားနေပါသည်။ ကာလအားဖြင့် (၂၆-၁-၂၀၁၇)ကနေ (၂၄-၁-၂၀၂၀)အထိပါ။ သုံးနှစ်ပြည့်ဖို့ တစ်ရက်၊ နှစ်ရက်ပဲ လိုပါတယ်။

ဗြိစ္ဆာရာသီမှာ ပြောင်းပြန်ရော အတည့်ပါ လေးလနှင့် နှစ်ရက် နေခဲ့ပါသည်။ အဲဒီကာလကို နုတ်ရင် ဓနုရာသီမှာ (၂)နှစ် (၆)လပါပဲ။ လသုံးဆယ် ထိန်ထိန်ထွန်း၊ ရှိန်ရှိန်ဝန်း သောရီ ဆိုတဲ့အတိုင်း တစ်ရာသီမှာ လပေါင်း သုံးဆယ်စီ နေပါသည်။

ထို့ကြောင့် ကောဇာစနေသည် ယခုနှစ်တွင် (၂၆-၁-၂၀၁၇)မှ (၂၄-၁-၂၀၂၀)အထိ ဓနုရာသီတွင် (၂)နှစ် (၆)လ၊ လပေါင်း(၃၀)တိတိ ရောက် နေမည်ဖြစ်ကြောင်း ဗေဒင်ဝါသနာရှင် စာဖတ်ပရိသတ်တို့အား အသိပေးချင်ပါသည်။ သိထားစေချင်လို့ပါ။ ဘာ့ကြောင့် သိထားစေချင်တာလဲလို့မေးရင် သတိဖြစ်နေစေချင်လို့ပါဟု ရိုးသားစွာ ဖြေလိုပါသည်။

သိထားလျှင် သတိဝင်၍ သတိရှိလျှင် အသိဝင်ရကား မမှားသင့်တဲ့အရာ မမှားတော့ပေ။ ရှောင်သင့်တဲ့အရာ ရှောင်နိုင်လေတော့၏။ ဆောင်သင့်တဲ့အရာလည်း ဆောင်နိုင်ပေသည်။ အသိ၊ သတိဖြင့် ရှောင်သင့်ရာရှောင် ဆောင်သင့်ရာဆောင်သူအား ဘေးဥပဒ်အန္တရာယ် လွယ်လွယ်နှင့် မကျရောက်နိုင်ပေ။ လွတ်ကင်းသွားကြသည်က များပါသည်။

အားလုံး သတိထားသင့်၏။ သို့သော် အထူးသတိထားသင့်သူများကို ရွေးချယ်ထုတ်ပြရလျှင် ဓနုလဂ်ဇာတာရှင်များ၊ ဓနုစန်းဇာတာရှင်များနှင့် ဓနုရာသီတွင် စနေဂြိုဟ် ရပ်တည်စဉ် မွေးဖွားလာသူများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောဇာစနေ လက်ပေါ် စီးနင်းခံရပါက ဇာတာရှင်သည် ကျန်းမာရေး တစ်ခုမဟုတ်တစ်ခု ညံ့လာမည်။

ထို့အပြင် ဘဝရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည် မဖော်နိုင်ပါ။ အိမ်ထောင်ရေးပြဿနာ ဖြစ်လာတတ်၏။ အိမ်ထောင်ရေးတွင် စိတ်ဆင်းရဲရတတ်ပါသည်။ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်း လုပ်ကိုင်လျှင် လုပ်ငန်းရပ်တန့်ခြင်း (သို့မဟုတ်) ပြဿနာတက်ခြင်းများ ကြုံတွေ့ရတတ်ပါသည်။

သည်သာမကသေးပေ။ လည်ချောင်းနာ၊ အသံဝင်၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းတွေနှင့် စကားခိုက်ရန်ဖြစ်ရ၊ ဖွဲ့၊လုံ့လ၊ဝီရိယများ လျော့ကျကာ မလုပ်ချင်မကိုင်ချင်လည်း ဖြစ်နေတတ်ပါသည်။ လုပ်ပြန်တော့လည်း အလုပ်အကိုင်က အဆင်မပြေချင်၊ လုပ်စားမိုးခေါင်ခိုးစားခွေးဟောင် ဆိုသလို ဘာမှကို အဆင်မပြေချင်ဖြစ်နေတတ်ပါသည်။

တစ်ခါတစ်ရံ မိမိလုပ်မြဲ အလုပ်ကို အထင်မကြီးတော့ဘဲ အခြားအလုပ်တစ်ခုကိုမှ အကောင်းထင်ကာ ပြောင်းချင်စိတ်လည်း ပေါက်နေတတ်၏။ တကယ်တော့ မကောင်းလှပါ။ စနေက ပြောင်းချင်လာအောင် အကြောင်းဖန်နေခြင်းသာ ဖြစ်ပါသည်။

သို့သော် ယခုနှစ်အဖို့ရာ (၁၂-၈-၂၀၁၆)ကပင် (၁၂-၉-၂၀၁၇)အထိ ဓနုလဂ်သမားတွေရဲ့ ကမ္ဗဘာဝတွင် ကြာသပတေးရောက်နှင့်နေသည်မို့ အဆိုပါ တစ်နှစ်တာ ကာလအတွင်း အလုပ်အကိုင် ပြောင်းလဲလုပ်ကိုင်ပါမူကား ကောင်း၏။ ကောင်းသော ပြောင်းလဲခြင်းပါ။

(၁၂-၉-၂၀၁၇)နောက်ပိုင်း ပြောင်းလဲလျှင် ကြာသပတေး အကူအညီမပါဘဲ စနေကြောင့်ချည်းသက်သက်သာဖြစ်၍ မကောင်းတဲ့ ပြောင်းလဲခြင်း ဖြစ်ပါသည်။ မပြောင်းလဲသင့်ပါ။

ဤကား ကျန်းမာရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ အလုပ်အကိုင်နှင့် ပတ်သက်ပြီး ဖြစ်လာတတ်တဲ့ စနေရဲ့ ဆိုးကျိုးများ ဖြစ်ပါသည်။ ထို့ထက်မက အရေးကြီးသည်ကား အသက်အန္တရာယ် မကင်းခြင်းပင် ဖြစ်ပါသည်။

မှန်၏။ ကောဇာစနေ ရာသီလက်ပေါ်တွင် စီးနင်းလာလျှင် စီးနင်းခံရတဲ့ ဇာတာရှင်သည် အက်ဆီဒင့်ဖြစ်တတ်ပါသည်။ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ရတတ်ပါသည်။

မမျှော်လင့်ဘဲ ဖြုန်းခနဲ နာလည်း နာနိုင်သည်၊ မမျှော်လင့်ဘဲ ဖြုန်းခနဲ သေလည်း သေနိုင်သည် ဆိုတဲ့ တရားသံဝေဂ လင်္ကာအတိုင်းပင် ဟောကိန်းထုတ်ရပေမည်။ ထို့ကြောင့် မပေါ့တန်သင့်ပေ။ တတ်သိကျွမ်းကျင် ပညာရှင်နှင့် ညှိနှိုင်းတိုင်ပင်သင့်ပါသည်။

ဓနုလဂ်ဇာတာရှင်များသာမဟုတ်၊ မေထုန်လဂ် ဇာ တာရှင်များလည်း လောကဓံရိုင်းလာနိုင်ပါသည်။ မေထုန် ရာသီက ထောက်လျှင် ဓနုရာသီခွင်သည် (၇)တန့်ဖြစ်၍ မေထုန်လဂ်ဇာတာရှင်တို့ရဲ့ အိမ်ထောင်ရေးဆိုင်ရာ ပထ ဘာဝ၌ ကောဇာစနေ ရောက်ရှိနေလေရာ ဒသာမကောင်း ကြုံဟ်နေစောင်းပါက အိမ်ထောင်ရေး ပြိုကွဲသွားရတတ် ပါသည်။ သို့မဟုတ် အိမ်ထောင်ဖက် ကျန်းမာရေးကို ထိခိုက်လာနိုင်ပါသည်။

ထို့အတူ စနေ (၃)တန့်မြင်ခံရတဲ့ ကုမ်လဂ် ဇာတာ ရှင်များ၊ (၁၀)တန့်မြင်ခံရတဲ့ ကန်လဂ်ဇာတာရှင်များလည် ဒုက္ခဝေလာနိုင်ပါသည်။ အနည်းနှင့် အများပါပဲ။ ထို ကြောင့် ဓနု၊ မေထုန်၊ ကုမ်၊ ကန်လဂ် ဇာတာရှင်တို အား (၂၆-၁-၂၀၁၇)မှစပြီး နှစ်ဦးစနေ မီးလိုမွှေလာ တတ်သည်ကို သတိပြုသင့်ပါသည်။

ထို့အပြင် အဆိုပါ ဓနု၊ မေထုန်၊ ကုမ်၊ က ရာသီတို့၌ စနေရပ်တည်စဉ် မွေးဖွားလာခဲ့ကြတဲ့ ခုနစ် သားသမီးများလည်း သတိထားသင့်ပါသည်။ အထူ သဖြင့် ဓနုရာသီတွင် စနေရပ်တည်စဉ် မွေးဖွားလာသူမျာ ပိုအရေးကြီးပါသည်။

မိမိတို့ မွေးဖွားစဉ်က ဓနုရာသီ၌ စနေရပ်တည်နေ လျှင် ထိုစနေကို မူလစနေဟု ခေါ်၏။ ယင်းမူလစနေ ယခုနှစ်တွင် (၂၆-၁-၂၀၁၇)ကစပြီး ကောဇာစနေ စီးနင်းထားပါသည်။

စနေကို စနေစီးလာလျှင်-

ဘုဇေါ် နာဂကို၊ ကာလကြိုက် ဟောမယ်၊ ဗျာ ဆိုက် သောကြွယ်၊ သဘောဝယ် ပိုက်စမ်း၊ မြွေမင်း စနေကြိုဟ်၊ မသေဆို ထူးတဲ့ကံဆန်း။

သောကဗျာပါဒတွေ များနေရမယ်။ အဆိပ်ပြင်း မြွေမင်း စနေမို့ မသေဘူးဆိုရင်ဘဲ ကံထူးတယ် ပြော မယ်။ သေလုမြောပါး သေလောက်တဲ့ အနာရောဂါမျ ဖြစ်ရတတ်တယ်လို့ ဆိုလိုပါသည်။

www.burmeseclassic.com

ဒုတိယမြောက် နောက်တစ်ပိုဒ်က-

တစ်ဆိတ်မျှ မိုတ်မပြေတယ်၊ စိတ်တွေတွေ ယောင်ယမ်း၊ ကြိတ်လေလေ လောင်ကျွမ်းလို့၊ မောင်မချမ်းဖူး၊ မွေပလေ ဖြေမအားနိုင်ဘု၊ မြွေနဂါး ထွန်းခိုက်နှင့်ကြီး--ဟူ၍ ဖြစ်ပါသည်။

အဓိပ္ပာယ်ကတော့ နည်းနည်းလေးမှ မေးမပျော်နိုင်လောက်အောင် စိတ်က ကယောင်ကတမ်း ယောင်ယမ်းအာ တွေးတောနေရတာတ်ပါသည်။ ကြိတ်ကြိတ်ပြီး တွေးလေလေ လှိုက်လှိုက်ပြီး ပူလောင်လေ။ ဖြေလည်း မပြေနိုင်ဘူး၊ နေလည်း မနေနိုင်ဘူးလို့ ဆိုလိုပါသည်။

နှစ်ပိုဒ်ပေါင်းကာ ဖွင့်ဆိုလျှင် ပထမပိုဒ်က ကိုယ်ဒုက္ခကိုပြပြီး ဒုတိယပိုဒ်က စိတ်ဒုက္ခကို ပြပါသည်။ ကိုယ်ရောစိတ်ပါ မနေသာတဲ့ ဝေဒနာများ ခံစားရတာတ်သည်ဟု ပြောလို၊ ဟောလိုရင်းပါပဲ။

တတိယမြောက် နောက်တစ်ပိုဒ်က-

မိန်းမမှု ကိန်းခုဆုံတယ်၊ ဒိမ်းပြုပုံ ခင်တစ်ပါးရယ်ကြောင့်၊ ထင်ရှားလိမ့် ပုံသေပါ၊ ရှက်ပွဲနှင့်သာ၊ ကြေးငွေရှု ကုန်တာမှာ၊ သုံးဆယ်ရာ ထောင်သောင်းပလေး··ဟူ၍ ဖြစ်ပါသည်။

နှလုံးကောက်ကျစ် မိန်းမညစ်တို့ မုဒိမ်းမှုဖြင့် စွပ်စွဲသဖြင့် မဖွယ်မရာ ရှက်စရာ ကြုံရတာတ်ပါသည်။ ငွေကြေးကုန်ကျရာမှာတော့ ပြောစရာကို မရှိ။ ဆယ်ရာထောင်သောင်း မကပါပဲတဲ့။ အရှက်တကွဲ အကျိုးနည်းဖြစ်ရတဲ့အပြင် သုံးစရာ ငွေတွေလည်း အများကြီး ကုန်ဆုံးရတာတ်တယ်လို့ ဆိုလိုပါသည်။

အဲလိုမျိုး စနေကို စနေစီးနင်းခြင်း ခံနေရသူများဟာ ဘယ်သူတွေဖြစ်မလဲလို့ ရှာဖွေကြည့်လိုက်တဲ့အခါ သန္နိဋ္ဌာစာအုပ်များက အောက်ပါအတိုင်း ပြသထားပါသည်။

၁။ (၇-၁-၅၈)မှ (၃-၆-၅၈)အတွင်း၊
၂။ (၇-၁၁-၅၈)မှ (၃၁-၁-၆၁)အတွင်း၊
၃။ (၁၆-၁၂-၈၇)မှ (၁၃-၁၂-၉၀)အတွင်း

မွေးဖွားလာသူများသည် နေရာသီတွင် စနေရပ်တည်စဉ် မွေးဖွားလာကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် ထိုသူတို့သည် ယခုနှစ်တွင် စနေကို စနေစီးနေသူများ ဖြစ်ပါသည်။ မိမိတို့ရဲ့ မွေးသက္ကရာဇ်၊ မွေးလ၊ မွေးရက်ကို သိထားရုံနှင့် အလွယ်တကူ သိနိုင်ပါသည်။ ဗေဒင်ဆရာဆီ ပြေးစရာ မလိုပါ။

မူလစနေကို ကောဇာစနေ (၃)တန့်မြင်နေတဲ့ အခြားတစ်အုပ်စုကတော့ ကုမ်ရာသီမှာ စနေရပ်တည်စဉ် မွေးဖွားလာခဲ့ကြသူများ ဖြစ်ပါသည်။

ဘယ်သူတွေလဲဆိုရင်-

၁။ (၅-၃-၉၃)မှ (၂၁-၁၀-၉၃)အတွင်း၊
၂။ (၄-၁၁-၉၃)မှ (၃၀-၅-၉၅)အတွင်း၊
၃။ (၁၃-၈-၉၅)မှ (၁၅-၂-၉၆)အတွင်း

မွေးဖွားလာခဲ့ကြသူများ ဖြစ်ပါသည်။ ထိုသူများသည် ယခုနှစ်တွင် မူလစနေအား ကောဇာစနေ (၃)တန့်လှမ်းမြင်ခြင်းကို ခံနေရသူများ ဖြစ်ပါသည်။

(၇)တန့် အားကောင်းကောင်းဖြင့် လှမ်းမြင်ခံရတဲ့ အခြားတစ်အုပ်စု ရှိသေး၏။ သူတို့ကား မေထုန်ရာသီတွင် စနေရပ်တည်စဉ် မွေးဖွားလာခဲ့ကြသူများ ဖြစ်ပါသည်။

အစဉ်အတိုင်း ထုတ်ပြရလျှင်-

၁။ (၁၀-၆-၇၃)မှ (၂၂-၇-၇၅)အတွင်း၊
၂။ (၂၂-၇-၀၂)မှ (၈-၁-၀၃)အတွင်း၊
၃။ (၇-၄-၀၃)မှ (၄-၈-၀၄)အတွင်း၊
၄။ (၁၄-၁-၀၅)မှ (၂၄-၅-၀၅)အတွင်း

မွေးဖွားလာခဲ့ကြသူများ ဖြစ်ပါသည်။ ထိုသူတို့သည် ယခုနှစ်တွင် မူလစနေအား ကောဇာစနေက (၇)တန့်လှမ်းမြင်ခြင်းကို ခံနေရသူများ ဖြစ်ပါသည်။ အပူသောက မကင်းနိုင်ပေ။

အခြားတစ်အုပ်စု ရှိသေး၏။ ဘယ်သူတွေလဲဆိုရင် ကန်ရာသီတွင် စနေရပ်တည်စဉ် မွေးဖွားလာခဲ့ကြသူများ ဖြစ်ပါသည်။

မွေးသက္ကရာဇ်၊ လ၊ ရက်များဖြင့် အတိအကျ ထုတ်ပြရလျှင်-

၁။ (၃-၁၁-၇၉)မှ (၁၆-၃-၈၀)အတွင်း၊
၂။ (၂၇-၇-၈၀)မှ (၅-၉-၈၂)အတွင်း၊
၃။ (၉-၉-၀၉)မှ (၁၄-၁၀-၁၁)အတွင်း၊
၄။ (၁၇-၄-၁၂)မှ (၂-၇-၁၂)အတွင်း

မွေးဖွားလာခဲ့ကြသူများ ဖြစ်ပါသည်။ ထိုသူတို့အားလုံး ယခုနှစ်တွင် မူလစနေအား ကောဇာစနေက (၁၀)တန့်လှမ်းမြင်ခြင်းကို ခံနေကြရပေသည်။ ထိုသူတို့လည်း အပူသောက မကင်းနိုင်ကြပေ။ (၃)တန့်၊ (၇)တန့်၊


www.burmeseclassic.com

www.burmeseclassic.com

(၁၀)တန် မည်သို့ပင်မြင်မြင်၊ မည်သို့ပင်စီးစီး စီးနင်း မြင်ယှဉ်လျှင် ဆိုးကျိုးဆိုးပြစ် ဖြစ်စေတတ်သည်ပင်။

အဘယ့်ကြောင့်ဆိုသော် စနေသည် ပါပဂြိုဟ်၏ သဘောကို စွန့်လေ့မရှိသောကြောင့် ဖြစ်ပါသည်။ ပါပ ဂြိုဟ်ဟူက ပူလောင်ပြင်းပြပြီး ဆိုးကျိုးဆိုးပြစ် ဖြစ်စေ တတ်တဲ့ သတ္တိထူးရှိ၏။ ထို့ကြောင့် ဂြိုဟ်တိုင် ဂြိုဟ်ရပ် သတ်မှတ်ရာတွင် ပါပဂြိုဟ်များကို ထောင့်အရပ်က ပြသ လေ့ပါသည်။

ထိုသဘောအတိုင်းပင် စနေဂြိုဟ်ကိုလည်း အနောက် တောင်ထောင့်ဆိုတဲ့ ထောင့်အရပ်က ပြသထားရပါသည်။ အပူသောက၊ ဆိုးကျိုးဆိုးပြစ်မကင်းဆိုတဲ့ သင်္ကေတပင် ဖြစ်ပါသည်။

အပူသောက၊ ဆိုးကျိုးဆိုးပြစ် မကင်းတဲ့ စနေပါပ ဂြိုဟ်၏ အမြင်အယှဉ် အစီးအနင်းခံရသူသည်လည်း ပူပင် သောက ဆိုးကျိုးဆိုးပြစ်များနှင့် မကင်းပေ။ တစ်ခုမဟုတ် တစ်ခု ပူရတတ်ပါသည်။

မီးကို မြင်ရသောသူသည် ပူ၏။ မီးနှင့်နီးသောသူ ကား မီးကို မြင်ရသူထက် ပို၍ပူပါသည်။ မီးဖြင့် ဖိထား ခြင်းခံရသူ၊ မီးကို နင်းထားရသူတို့ကား မြင်ရသူ၊ နီးသူ တို့ထက် ပို၍ ပို၍ ပူပါသည်။

ဤဥပမာအတူပင် စနေပါပဂြိုဟ် အမြင်အယှဉ်ရှိ သောသူသည် ပူလောင်ရ၏။ ဆိုးကျိုးဆိုးပြစ်များ ခံစား ရ၏။ စနေပါပနှင့် နီးသူတို့ကား ပို၍ပူပါသည်။

စနေပါပဂြိုဟ် စီးနင်းခြင်းကို ခံရသူတို့ကား ထို့ ထက်မက ပို၍ ပို၍ ပူပါသည်။

မီးကို မကြည့်လျှင် မမြင်ရ၍ အပူသက်သာ၏။ မပူပေ။ မီးနှင့်ဝေးလျှင် အပူနှင့်ဝေး၏။ မီးကို မနင်းဘဲ ရှောင်ကွင်းလျှင် အပူဟူသမျှ မြူမျှလည်း မထင်ပေ။ မအေးမြသည့်တိုင် မပူရ။ နဂိုသဘာဝဖြင့် နေသားတကျ နေလို့ရပေသည်။

ထို့အတူ စနေပါပဂြိုဟ်ရဲ့ ကိုယ်စားဖြစ်တဲ့ မကောင်း မှုတွေကို မကြံစည်လျှင် မမြင်ရသည်နှင့် တူ၏။ အပူ သက်သာပါသည်။ မကောင်းမှု ပြောသူ၊ ပြုသူများနှင့် ဝေးဝေးနေလျှင် မနီးသည်နှင့် တူ၏။ ပို၍ အပူသက်သာ ပါသည်။

မကောင်းမှု လုံးဝမပြု၊ မပြောဘဲ နေထိုင်လျှင် မီးကို မစီးမနင်းဘဲ နေသည်နှင့် တူ၏။ ပို၍ ပို၍ သက်သာ၏။ အပူသောက ဆိုးကျိုးဆိုးပြစ်ဟူသမျှ မြူမျှလည်း မထင် ပေ။

သက်ဆိုင်သူများအနေဖြင့် ယခုနှစ်တွင် မကောင်းမှု ကို မကြံစည်သင့်၊ မကြံစည်ပါနှင့်။ နှုတ်ဖြင့် ဝစီကံ မြောက် မပြောသင့်ပေ။ မပြောလေနှင့်။ ကိုယ်ဖြင့် ပြု အပ်သော မကောင်းမှုတို့ကိုလည်း ကာယကံမြောက် မပြု သင့်၊ မပြုပါလေနှင့်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို အတ္တသမ္မာပဏိဓိလို့ ခေါ်တဲ့ မိမိကိုယ်ကို ကောင်းစွာ ထားခြင်း မင်္ဂလာတရားဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာ နေထိုင်သင့်ပါသည်။ နေထိုင်ကြပါလေ။

စာရေးသူ ဤသို့ဆို၍ အချို့က ဘာလဲဟ၊ ဗေဒင် ဆရာကလည်း ယာယီယတြာ မပေးဘဲ တရားလာဟော နေပါလားလို့ တွေးတွေးပြီး ရယ်ချင်ကြပေမည်။ အချို့က အကြောင်းကြောင်း ဗေဒင်ဆရာပဲလို့ မှတ်ချက်ချနေတတ် ပါသည်။ တကယ်တော့ အကြောင်းကြောင်းမဟုတ်။ စစ် မှန်တဲ့ တန်ဖိုးကြီး ယတြာကို ပေးနေခြင်းသာ ဖြစ်ပါ သည်။

မှန်၏။ မိမိကိုယ်ကို ကောင်းစွာထားခြင်း အတ္တသမ္မာ ပဏိဓိ မင်္ဂလာတရား ကင်းမဲ့စွာဖြင့် နိုက်ကလပ်၊ ကာရာ အိုကေ၊ ကေတီဗွီ၊ မာဆက် စတဲ့ ဒုစရိုက်နယ်သို့ ကိုယ် ရောစိတ်ပါ ရောက်နှင့်နေသူအား ကောဇာစနေ ဆိုးကျိုး ဆိုးပြစ်မှ လွတ်ကင်းအောင် ယာယီယတြာက စွမ်းဆောင် ဖို့ရာ မလွယ်ကူပါ။

မိမိကိုယ်တိုင်က ပိုးဖလံမျိုး မီးကို တိုးသကဲ့သို့ အပူထဲ တိုးဝင်နေသူအား ယာယီယတြာအနေဖြင့် ထီး အနီ(၁၀)လက် လှူလိုက်ရုံဖြင့် အက်ဆီဒင့် ဖြစ်ရမည့် ဘေးအန္တရာယ်က ကာကွယ်ပေးနိုင်မည် မဟုတ်ပါပေ။ မကောင်းမှုရှောင် ကောင်းမှုဆောင်ကာ ကောင်းစွာနေပါမှ ထီးအနီ(၈၀)လက် လှူဒါန်းခြင်း ကုသိုလ်က အက်ဆီဒင့် မဖြစ်ရအောင် ပံ့ပိုးကူညီနိုင်ပေသည်။

ဤသဘောကို ဉာဏ်ဖြင့် မြင်နိုင်အောင် ဆင်ခြင် သုံးသပ်လျက် အတ္တသမ္မာပဏိဓိစက် မပျက်ရအောင် ကောင်းစွာစောင့်ထိန်းသင့်၏။ ထိုသို့ မိမိကိုယ်ကို ကောင်း စွာထားလျက် မကောင်းမှုကင်း ကောင်းမှုသွန်းပြီး ကော ဇာစနေဂြိုဟ် စီးနင်းမြင်ယှဉ်ခံရခြင်း ဆိုးကျိုးဆိုးပြစ်တို့မှ



www.burmeseclassic.com

www.burmeseclassic.com

လွတ်ကင်းအောင် လောကီပညာဖြင့် အရံအတားပြုကာ ဆောင်ရာ၏။ ဆောင်ကြပါလေ။

စနေသည် ထီးဖိနပ်ကို ကိုယ်စားပြုသလို ဒုတ်၊ ဓား လက်နက်ကိုလည်း ကိုယ်စားပြုပါသည်။ ထို့ကြောင့် ဒုတ်၊ ဓား လက်နက်ကိုင်ဆောင်ခြင်းကို မပြုပါနှင့်။ လိုက်နာနိုင်လျှင် စနေဆိုးကျိုး အမျိုးမျိုးနှင့် ဝေးသထက် ဝေးလေတော့၏။ ဒုတိယဆင့်အနေဖြင့် မိမိတွင်ရှိနှင့်နေသော ထီးဟောင်း၊ ဖိနပ်ဟောင်းများကို စွန့်ပစ်လိုက်ပါ။

တတိယအဆင့်အနေဖြင့် အတုမဲ့သခင် ဘုရားရှင်၏ ဂုဏ်တော်များကို ရည်ရော်မှန်းဆလျက် စနေဂြိုဟ်သက်အတိုင်း ထီးအနီ(၁၀)လက်ကို စနေထောင့်ဂြိုဟ်တိုင်ဘုရားတွင် ဆက်ကပ်လှူဒါန်းလိုက်ပါ။ သို့မဟုတ် တကယ်ဆောင်းမည့် ရှင်ရဟန်း၊ လူကြီးသူမ၊ သူတော်စင် တစ်ဦးဦးအား ထီးတစ်လက် လှူလိုက်ပါ။

ပြီးလျှင် ငါ့ဘဝမှာ အရိပ်လည်းရ အေးမြသွားပြီဟု ယုံကြည်စွာ ဦးချကန်တော့လိုက်ပါ။ ထိုကုသိုလ် စိတ်စေတနာသည် ယာယီယတြာသဖွယ် ဖြစ်လာပြီး စနေဂြိုဟ်၏ ဆိုးကျိုးဆိုးပြစ်တို့မှ ကာကွယ်ပေးပေလိမ့်မည်။ ဆိုခဲ့သည့်အတိုင်း ယုံကြည်စွာ လုပ်ဆောင်ပါက ကောဇာ စနေ၏ ဆိုးကျိုးဆိုးပြစ်တို့မှ လွတ်မြောက်သွားနိုင်၏။

ထိုသို့ လွတ်မြောက်သွားခြင်းသည်ပင်လျှင် 'ယတြာ အတိက္ကန်-လွန်မြောက်ခြင်း' ဆိုတဲ့ ဥပဒေသအရ ယတြာ စင်စစ်ကေန် ဖြစ်လေသည်။ သံသယဝင်ကာ တွေးတောနေစရာ မလိုပါ။ ဖြစ်သင့်လျက် မဖြစ်ဘဲ လွန်သွားခြင်းသည် လွတ်မြောက်ခြင်းပင် မဟုတ်ပေလော။

ထိုသို့ ကုသိုလ်အနှစ်ကို ဉာဏ်ဖြင့် ညှစ်ထုတ်ကာ ယတြာစစ်စစ် ပြုဖြစ်ပါမှုကား နှစ်ဦးစနေ မီးလို မွှေလိမ့်မည် မဟုတ်ပေ။

အားလုံးသော ဂမ္ဘီရပရိသတ်များ နှစ်ဦးစနေ မီးလို မွှေခြင်းမှ ကင်းဝေးနိုင်ကြပါစေဗျာ။

ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေ

ဆရာကံထူး(ဝေဒသုတေသီ)

ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၉၉

၀၉ ၇၇၂ ၁၅၀ ၅၇၃





ဂ အမေ့ဆေး ၅

အမှတ်တံဆိပ်

ဆီးချို သွေးချို

သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား

နေ့လယ် အစာမစားမီ (၃) ပြား

ည အစာမစားမီ (၃) ပြား

ပင်ရင်း အမှတ် (၃၁)၊ (၀၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော

ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com



ဆရာကံထူး(ဝေဒသုတေသီ)

# မေ့အပြစ်ပါ မောင်ရယ်

စာရေးသူ ဆောင်းပါးတစ်ပုဒ်ကို အပြီးသတ်ချင်လို့ အားစိုက်ပြီး ရေးသားနေပါသည်။ ထိုစဉ် 'ချစ်သူ့ဆီကို တောင်ပံဖြန့်ကြက်လို့ သွားချင်တယ်၊ ဘယ်ဆီဘယ်ဝယ် မှန်းလည်း အတန်းမသိ၊ ဒီသီချင်းသံကို ကြားရင် နင် မငိုပါနှင့်' လို့ ဖုန်းရိုန်တုံးသံ ထမြည်လာတော့ 'မငိုပါဘူးကွာ၊ ဘာလို့ငိုရမှာလဲ' လို့ ကိုယ့်တစ်ယောက်တည်း ဟာသလုပ် ပြောဆိုရင်းပင် ဖုန်းကို ကောက်ကိုင်လိုက်ပါသည်။

'ဟဲလို·· အမိန့်ရှိပါခင်ဗျာ'

'ဟဲလို·· ဆရာကံထူးပါလားရှင့်'

'ဟုတ်ကဲ့၊ ဆရာကံထူးပါ'

'ဟုတ် ဆရာ၊ ဂမ္ဘီရမဂ္ဂဇင်းမှာ ဆရာ ရေးထားတဲ့ မောင့်အပြစ်ပါ မေရယ် ဆိုတဲ့ ဆောင်းပါးကို ဖတ်ရပါတယ် ဆရာ'

'ဩော်··ဟုတ်ကဲ့၊ အတော်တောင် ကြာနေပြီ'

'ဟုတ် ဆရာ၊ အဲဒီဆောင်းပါး ဖတ်ပြီး သမီးနဲ့ နီးစပ်တဲ့ ဆွေမျိုးသားချင်း တစ်ဦးကို ပြေးသတိရတယ် ဆရာရယ်'

'ဩော်··ဟုတ်၊ ဒါနဲ့ ပြောပါဦး'

'သူတို့လင်မယားလည်း ညားနေကြတာက အတော်ကြာပါပြီ ဆရာ။ ရှစ်နှစ်လောက်တောင် ရှိရော့မယ် ထင်ပါတယ်။ အခုထိ ကလေးမရကြသေးဘူး ဆရာ။ အဲဒါ ဘယ်သူ့ကံကြမ္မာ အားနည်းချက်ကြောင့်လဲ ဆိုတာကို သမီးသိချင်လို့ ဆရာ့ဆီ ဖုန်းဆက်တာပါ။ တစ်ဆင့် ပြောပြချင်လို့ပါ ဆရာ'

'ဩော်··ဟုတ်ကဲ့၊ ရပါတယ် သမီးရယ်။ သူတို့ရဲ့ မွေးသက္ကရာဇ်ရယ်၊ ပြီးတော့ မွေးချိန်၊ မွေးဒေသရယ် ပြောလိုက်ပါ။ တတ်သလောက် မှတ်သလောက် ဆရာ ကြည့်ပေးပါ့မယ်'

'ဟုတ်ကဲ့ပါ ဆရာ၊ သမီး ဉာဏ်ပူဇော်ခကို အရင် ပို့ပေးလိုက်မယ်လေ ဆရာ။ အခုပဲ ဖုန်းကတ်သွားဝယ်လိုက်ပါ့မယ်'

'နေဦး သမီး၊ မွေးသက္ကရာဇ်တွေ ပြောထားခဲ့ပါလား။ ကြိုစဉ်းစားထားလို့ ရတာပေါ့'

'ဩော်··ဟုတ်ကဲ့ပါ ဆရာ၊ ယောကျ်ားကတော့ (၉-၆-၈၇) မနက်(၁၁း၃၀)နာရီ၊ ဝါးခယ်မမွေးပါ ဆရာ'

'မိန်းကလေးကကော'

'မိန်းကလေးက (၂၂-၁၂-၈၃) ည(၁၀း၁၅)နာရီလို့ ပြောပါတယ်။ မြောင်းမြမွေးပါ ဆရာ'

'ရပြီ သမီး၊ ဆရာ တွက်ထားလိုက်ပါ့မယ်။ သမီး ပြန်ခေါ်တာနဲ့ ဆရာ အသင့်ဟောနိုင်အောင်လေ'

'ဟုတ်ကဲ့ပါ ဆရာ၊ သမီး ဖုန်းချလိုက်တော့မယ်နော်'

'အေးပါ၊ အေးပါ။ ဆရာလည်း ဇာတာဖွဲ့လိုက်တော့မယ်လေ'

ထိုသို့ အချီအချ ပြောဆိုပြီးသည်နှင့် ပေးထားတဲ့ အချက်အလက်အတိုင်း ယောကျ်ားလေးဇာတာကို အလျင်ဦးစွာ ဖွဲ့လိုက်ပါသည်။

တစ်ဖက်ပါအတိုင်း ရာသီစက်ဇာတာပုံ ပေါ်လာပါသည်။ ယောကျ်ားဆိုတော့ မိန်းမမြို့နှင့် ညားရကိန်း ရှိသလား၊ မရှိဘူးလား ဆိုသည်ကို ဗေဒင်ဥပဒေသဖြင့် အလျင်ဦးစွာ စစ်ဆေးကြည့်မိပါသည်။


ဗေဒင်ဥပဒေသကတော့-

'ကျား,ခြသေ့်,ပူး,ဆင်၊ တူပျော်ရွှင်တသင်း၊ ကြင်



www.burmeseclassic.com

www.burmeseclassic.com




သောသူ သက်နှင်းနှင့်၊ ဖျင်းလိုက်တဲ့ ကံကြမ္မာ၊ မိန်းမမြို့ သားမရှိကို၊ ပေါင်းမိလိမ့် သူ့နဖူးစာ'ဟု ပြပါသည်။

ရာသီစက် ဇာတာခွင်မှာ တစ်ခွင်ခွင်၌ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ ဗုဒ္ဓဟူး ဂြိုဟ်လေးလုံးတို့ အတူတကွ ပူးယှဉ်ရပ်တည်နေလျှင် ထိုဇာတာရှင် ယောကျ်ားသည် သားသမီးမထွန်းကားနိုင်တဲ့ အမြုံမနှင့် ညားရမည့် နဖူးစာပါအောင် ကံကြမ္မာက ဖန်လာသည်ဟု ဆိုပါသည်။

ထိုဥပဒေသအရ ယောကျ်ားရဲ့ ဇာတာကို စစ်ဆေးကြည့်သောအခါ မြင်တဲ့အတိုင်းပါပဲ ရာသီခွင်တစ်ခွင်တည်း၌ ဂြိုဟ်လေးလုံး ပူးယှဉ်ရပ်တည်နေသည်ကို မတွေ့ရပေ။ ထို့ကြောင့် အမြုံမနှင့် ညားရကိန်းပါသူ မဟုတ်တာကတော့ သေချာပါသည်။

နောက်ထပ် အခြားဥပဒေသ တစ်ခုကတော့ အမြုံမ ဝင် မဟုတ်သော်လည်း ဘယ်လိုမိန်းမမျိုးနှင့်ပဲညားညား သားသမီးမတင်၊ သားသမီး နည်းတတ်တဲ့ ဇာတာမျိုးကို ပြဆိုတဲ့ ဥပဒေသ ဖြစ်ပါသည်။

ဗေဒင်တေးထပ်ကတော့-

'ပထနီ ဘရဂု၊ စန်းဋ္ဌက္ကနှု ကမ္မရှင်၊ ဗန္ဓုမှာ ပါပ မြင်မူ၊ သားမတင် မှတ်သား'ဟူ၍ ဖြစ်ပါသည်။

အဓိပ္ပာယ်က ရာသီစက်ဇာတာတွင် လဂ်ကထောက်လျှင် (၇)တန့်မြောက်ဖြစ်တဲ့ ပထနီဘာဝ၌ ကြာသပတေးဂြိုဟ်က ရပ်တည်နေပြီး (၁၀)တန့်ကမ္မဘာဝ၌ စန်းခေါ် တနင်္လာဂြိုဟ်လည်း ရပ်တည်နေကာ (၄)တန့် ဗန္ဓုဘာဝမှာလည်း ပါပဂြိုဟ်လေးလုံး တစ်လုံးလုံး ရပ်တည်နေပါက ထိုဇာတာရှင်မှာ သားသမီး ရပင်ရငြားသော်လည်း အအတ်မတင် ဖြစ်နေတတ်သည်ဟု ဆိုပါသည်။

အဆိုပါဥပဒေသအရ စစ်ဆေးကြည့်လျှင် ယောကျ်ားဇာတာ ပထနီဘာဝ၌ ကြာသပတေးဂြိုဟ် ရပ်တည်နေသည်ကို မတွေ့ရ။ ကမ္မဘာဝ၌ တနင်္လာဂြိုဟ် ရပ်တည်နေခြင်းလည်း မရှိပေ။

သို့သော် (၄)တန့် ဗန္ဓုဘာဝမှာတော့ စနေပါပဂြိုဟ် ရပ်တည်နေပါသည်။ အင်္ဂါသုံးချက်တွင် တစ်ချက်သာ ငြိပြီး နှစ်ချက်က လွတ်နေသောကြောင့် သားသမီးမတင်၊ သားသမီး မရနိုင်တဲ့ အင်္ဂါနှင့် မညီဟု ဆိုရပေမည်။

'ပုတ္တရ ပါပကြိမ်၊ ထိုအိမ်မှာ ပါပမြင်ငြား၊ ဤနည်းလည်း ရှေ့အသွင်၊ သားမဲ့ပင် ဟောငြား'

ဒါကတော့ တစ်ဆက်တည်း ပြဆိုတဲ့ နောက်ဥပဒေသ တစ်ခုပါ။ အဓိပ္ပာယ်က လဂ်မှထောက်လျှင် (၅)တန့် ပုတ္တရာဘာဝသည် ပါပဂြိုဟ်ပိုင်တဲ့ ပါပအိမ်ဖြစ်နေပြီး ယင်းပါပအိမ်၌ ပါပဂြိုဟ်လေးလုံး တစ်လုံးလုံး ရပ်တည်နေပါကလည်း ရှေ့နည်းနှင့် အတူတူပါပဲ။ သားသမီး မတင်၊ သားသမီး မရတတ်ဟု ဆိုပါသည်။

အဆိုပါ ဥပဒေသအရ ယောကျ်ားဇာတာကို စစ်ဆေးကြည့်ပါက (၅)တန့် ပုတ္တရာဘာဝသည် ပါပအိမ် မဟုတ်။ ကြာသပတေးပိုင် သောမအိမ် ဖြစ်နေသည်ကို တွေ့ရပါသည်။

အဆိုပါ သောမအိမ်၌ ပါပဂြိုဟ်လေးလုံး တစ်လုံးလုံး ရပ်တည်နေခြင်းလည်း မရှိချေ။ အားလုံးကို အနှစ်ချုပ်လျှင် ယောကျ်ားဘက်က ကံဇာတာ ကံကြမ္မာ ညံ့ဖျင်းခြင်း မဖြစ်တန်ရာ၊ မဖြစ်နိုင်ပေ။

ထို့ကြောင့် မိန်းကလေးရဲ့ မွေးသက္ကရာဇ်၊ မွေးချိန်ကို ယူပြီး ဇာတာဖွဲ့ကြည့်ရတော့၏။

(၂၂-၁၂-၈၃) ည(၁၀း၁၅)နာရီ၊ မြောင်းမြမွေးကို ဆိုင်ရာ လတ္တီတွဒ်၊ လောင်ဂျီတွဒ်များ ထည့်သွင်းကာ ဇာတာဖွဲ့ကြည့်လိုက်သောအခါ တစ်ဖက်ပါအတိုင်း ဇာတာပုံ ပေါ်လာပါသည်။


ရာသီစက်ဇာတာကို အထက်ဖော်ပြပါ ဥပဒေသများနှင့် စစ်ဆေးကြည့်သောအခါ ပထမဥပဒေသအရ ရာသီစက်ဇာတာတွင် တစ်ခွင်ခွင်၌ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ ဗုဒ္ဓဟူး ဂြိုဟ်လေးလုံး ပူးယှဉ်ရပ်တည်နေခြင်း မရှိပါ။ သားသမီး မရနိုင်တဲ့ အင်္ဂါရပ်မှ လွတ်ပါသည်။

ဤဥပဒေသသည် ယောကျ်ားများအတွက် ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com




လည်း မိန်းမအတွက်လည်း ယောကျ်ားအမြဲ ရှိတတ်သော ကြောင့် အပြည့်စုံဆုံးဖြစ်အောင် စစ်ဆေးလိုက်ခြင်း ဖြစ်ပါသည်။ ငြိစွန်းနေခြင်းကား မရှိပါ။

ဒုတိယဥပဒေသအရ လဂ်ကထောက်လျှင် (၇)တန့် မြောက် ပထနီဘာဝ၌ ကြာသပတေးဂြိုဟ် ရပ်တည်ခြင်း ရှိ၊ မရှိ စစ်ဆေးရာ ရပ်တည်ခြင်း မရှိပါ။ ဤအင်္ဂါရပ် သတ်မှတ်ချက်ကလည်း လွတ်ပါသည်။

တစ်ဖန် (၁၀)တန့် ကမ္မဘာဝ၌ တနင်္လာဂြိုဟ် ရပ်တည်နေခြင်း ရှိ၊မရှိ စစ်ဆေးပြန်ရာ ရပ်တည်ခြင်း မရှိပေ။ ဤအင်္ဂါ သတ်မှတ်ချက်ကလည်း လွတ်ပါသည်။ ငြိစွန်းနေခြင်း မရှိပါ။

တစ်ဖန်ထပ်၍ (၄)တန့် ဗန္ဓုဘာဝ၌ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု ပါပဂြိုဟ်လေးလုံး တစ်လုံးလုံး ရပ်တည်နေခြင်း ရှိ၊ မရှိ စစ်ဆေးလည်း ရပ်တည်ခြင်း မရှိချေ။ ကိတ်ဂြိုဟ် တစ်လုံးတည်းသာ ရပ်တည်နေပါသည်။ သတ်မှတ်အင်္ဂါရပ်မှ လွတ်ပါသည်။

တတိယဥပဒေသအရ (၅)တန့် ပုတ္တရဘာဝသည် ပါပဂြိုဟ်ပိုင်ဆိုင်တဲ့ ပါပအိမ်ဖြစ်နေသလားလို့ စစ်ဆေးကြည့်ပြန်ရာ ယောကျ်ားဇာတာနှင့် အတူတူ ကြာသပတေးဂြိုဟ်ပိုင် သောမအိမ်ပင် ဖြစ်နေသည်ကို တွေ့ရပေသည်။

သို့သော် ကြာသပတေးဂြိုဟ်ပိုင်တဲ့ အဆိုပါ သောမအိမ်၌ လဂ်သခင်လည်းဖြစ်၊ တနုဘာဝသခင်လည်းဖြစ်တဲ့ တနင်္ဂနွေ ပါပဂြိုဟ် ရပ်တည်နေပါသည်။ ထို့ကြောင့် 'ထိုအိမ်မှာ ပါပမြင်ငြား' ဆိုတဲ့ ဥပဒေသနှင့် ငြိနေသည်ကို တွေ့ရပါသည်။

ထို့အပြင် နေအိမ်နေရာဒေသနှင့် အကြင်နာသံယောဇဉ်ဆိုင်ရာ (၄)တန့်သခင်လည်းဖြစ်ပြီး ဂုဏ်သိက္ခာ စည်းစိမ်ချမ်းသာဆိုင်ရာ (၉)တန့်သခင်လည်းဖြစ်တဲ့ အင်္ဂါ ပါပဂြိုဟ်သည် စုဆောင်းခြင်းဆိုင်ရာ ကုဋုမ္ဗဘာဝ၌ ရပ်တည်ကာ သားသမီးဆိုင်ရာ (၅)တန့် ပုတ္တရဘာဝကို (၄)တန့်အထူးမြင်ဖြင့် လှမ်းမြင်ထားသည်ကို တွေ့ရ၏။

အိမ်သံယောဇဉ် အိမ်ဆည်းလည်း ဆိုသည်မှာ သားသမီးပင် မဟုတ်ပေလော။ သားသမီးရှိမှ အိမ်က တင့်တယ်ဆိုတော့ သားသမီးဆိုတာ အိမ်ရဲ့ ဂုဏ်ကျက်သရေဆောင်လည်း ဖြစ်ပါသည်။ ထိုအရာများနှင့် ပတ်သက်တဲ့ အင်္ဂါဂြိုဟ်က စုဆောင်းသိမ်းဆည်းခြင်းဆိုင်ရာ ကုဋုမ္ဗဘာဝ၌ ရပ်တည်နေသောကြောင့် အိမ့်သံယောဇဉ်၊ အိမ့်ဆည်းလည်း ဖြစ်လာမည့် အရာတွေကို မစုဆောင်းနိုင်တော့ချေ။

မစုဆောင်းနိုင်တဲ့အပြင် သားသမီးဆိုတဲ့ အိမ့်ဆည်းလည်းလေးတွေကို ကိုယ်စားပြုတဲ့ ပုတ္တရဘာဝကို အထူးလှမ်းမြင်ထားပြန်တော့ သားသမီး မရနိုင်အောင်၊ မရဘဲ ကြန့်ကြာနေအောင်လည်း အင်္ဂါဂြိုဟ်က စွမ်းဆောင်ထားပေသည်။

အိမ့်ဂုဏ်ကျက်သရေနှင့် ဆက်စပ်တဲ့ (၉)တန့်ဘာဝကိုလည်း (၈)တန့်အထူးမြင်ဖြင့် မြင်ထားပါသည်။ သားသမီးနှင့်ပတ်သက်ပြီး အိမ်ကျက်သရေ တိုးမလာနိုင်အောင် သူက ဖန်တီးနေပြန်သည်။ သို့သော် သူ့ပိုင် အိမ်နှစ်ခုလုံးကို ပြန်မြင်နေသည်မို့ တစ်ခါတစ်ရံမှာ သားသမီးရတနာ ထွန်းကားလာအောင်လည်း အင်္ဂါက ကူညီနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

သည်မျှသာမကသေးပေ။ တူရာသီတွင် ဥစ်မူနေသော စနေပါပဂြိုဟ်ကလည်း အိမ့်ကျက်သရေ၊ အိမ့်ဆည်းလည်းနှင့် အလားတူတဲ့ ရှု၍မငြီး သားသမီးဆိုင်ရာ ပုတ္တရဘာဝအား (၃)တန့်အထူးမြင်ဖြင့် လှမ်းမြင်ထားပြန်ပါသည်။

စနေပိုင်အိမ်ကို စစ်ဆေးကြည့်သောအခါ ဇာတာရှင်ရဲ့ အာရီဘာဝနှင့် ပထနီဘာဝတို့ကို စနေ ပါပဂြိုဟ်က ပိုင်ဆိုင်ထားပါသည်။ ရပ်တည်နေသည်က သဟဇဘာဝ။ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း၊ ဖွဲ့,လုံ့လ,ဝီရိယ ပါရမီသမ္ဘာရနှင့် ပတ်သက်တဲ့ ဘာဝပါ။

ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတို့က ဇာတာ



www.burmeseclassic.com

www.burmeseclassic.com

ရှင်ရဲ့ အိမ်ထောင်ရေး၊ အိမ်ထောင်ဖက်ဆိုင်ရာအား အတိုက်အခံ ဆန့်ကျင်ဘက် အသွင်ဆောင်တဲ့ ဟန့်တားနှောင့်ယှက်မှုများလည်း ရှိနိုင်ပါသည်။ ထို့ကြောင့် ရယူလိုစိတ် ပျက်ပြယ်သွားသည်လည်း ဖြစ်နိုင်ပါသည်။ သားသမီး မယူရန် အကြံပေးခြင်း၊ တားဆီးထားရန် အကြံပေးခြင်းမျိုး ရှိနိုင်သည်ဟု ဆိုလိုပါသည်။

ဗေဒင်ကျမ်းအဆို မဟုတ်သော်လည်း စာရေးသူကြံဆမိသည်ကို ပြောရလျှင် ပုဏ္ဏရာဘာဝ၌ ရပ်တည်နေသော တနင်္ဂနွေ ပါပဂြိုဟ်သည် တနင်္ဘာဝသခင် ဖြစ်နေသောကြောင့် ဇာတာရှင်ရဲ့ ဆန္ဒကိုက သိပ်ပြီးလိုလိုလားလား မရှိဟု ထင်ပါသည်။ ထို့ကြောင့်လည်း သားသမီးရတနာ မရနိုင်ခြင်းဖြစ်မည်ဟု ထပ်ဆင့်ယူဆမိပါသည်။

မည်သို့ပင်ဖြစ်စေ အိမ်ထောင်သက် ရှစ်နှစ်၊ ကိုးနှစ်တိုင်လာသော်လည်း သားသမီးမထွန်းကားခြင်း အကြောင်းချင်းကို ဗေဒင်ပညာဖြင့် စွမ်းနိုင်သလောက် အဖြေရှာကြည့်ရာ မိန်းကလေးဖြစ်တဲ့ ဇနီးသည်မှာ အားနည်းချက်များ ရှိနေသည်ကို တွေ့ရ၏။ ထို့ကြောင့် 'မေ့အပြစ်ပါမောင်ရယ်' လို့ နှစ်သိမ့်ကာ ချော့သိပ်သင့်ပေသည်။

ဤဆောင်းပါး ဤတွင် ပြီးသင့်၏။

သို့သော် အကြောင်းမတော်လို့ မျက်စောင်းတော်ရှုရှင်ဖြင့် ဗေဒင်ဆရာ ခေါင်းမကွဲချင်ပါသဖြင့် ကျိုးကြောင်းဆင်ခြင်တုံတရားဖြင့် နည်းလမ်းကောင်း ပြချင်ပါသေး၏။ ထို့ကြောင့် အနည်းငယ် ဆက်ပါဦးအံ့။ ကြော်ငြာဝင်သည် ဆိုကလည်း မှားအံ့မထင်ပါ။

အပုဏ္ဏက သူ့ဌွေးတို့လို အတိတ်ဘဝက ဝိပါကဝဋ်ကြွေးပါလာလို့ သားသမီး မရနိုင်တာမျိုး မဟုတ်ခဲ့ပါလျှင် လောကီပညာ အကူအညီဝင်ပါက အခါလည်းကောင်း၊ အခွင့်လည်း သာတဲ့ခါ ရနိုင်ပါသည်။ သားသမီးရတနာ ထွန်းကားလာအောင် လုပ်ပေးနိုင်တဲ့ နည်းလမ်းကောင်း ရှိပါသည်။

နည်းကောင်းလမ်းမှန် ဧကန်ထိပါက ဆေးကောင်းတစ်ခွက်၊ နည်းကောင်းတစ်ချက် ဆိုသည့်အတိုင်း အမှန်တကယ် ရနိုင်ပါသည်။ ယခု ရေးသားတင်ပြတဲ့ ဇနီးမောင်နှံတို့တွင် လင်ယောကျ်ားဘက်က အားနည်းချက်ကို မတွေ့ရ။ ဇနီးမယားဘက်က အားနည်းချက်ကိုသာ တွေ့ရ၏။

ဇနီးမယားဘက်မှာလည်း မရနိုင်တဲ့ အခြေအနေမျိုး ရှိနေသလို နည်းပညာကူလျှင် ရလာနိုင်သေးတဲ့ အခြေအနေလည်း ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ပုဏ္ဏရဘာဝ၌ ရပ်တည်သော ပါပဂြိုဟ်သည် အင်္ဂါ၊ စနေတို့ကဲ့သို့ အဆိပ်ပြင်း ပါပဂြိုဟ်မဟုတ်ဘဲ တနင်္ဘာဝသခင်၊ တစ်နည်းပြောပါက လဂ်သခင် တနင်္ဂနွေဂြိုဟ်မျှသာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

သုတေသနပြုမိသလောက်ကို ပြန်ပြောရလျှင် စနေဂြိုဟ် ပုဏ္ဏရာဘာဝ၌ ရပ်တည်သူပင် သားသမီးရတနာထွန်းကားသည်ကို တွေ့ဖူးပါသည်။ သို့သော် သားသမီးနည်းပါသည်။ တစ်ယောက်တည်း ရတတ်ကြသည်ကများ၏။ နှစ်ယောက်ထက် ပိုရသည်ကိုမူ စာရေးသူ မတွေ့မိသေးပါ။

အခါကောင်းဝင် အခွင့်ကောင်းသာတဲ့ခါ အစီအရင်ဆိုတဲ့ လောကီပညာ အကူဝင်လျှင် အိမ့်သံယောဇဉ်၊ အိမ့်ဆည်းလည်းလေးများ ရလာနိုင်ပါသည်ဟု စာရေးသူဆိုခဲ့ပါသည်။ ဘယ်တော့ဘယ်ခါ အခွင့်သာ အခါသင့်နိုင်ပါမည်နည်း။ ဒသာကောင်းများ စားလာတဲ့ခါ အခါကောင်းပါသည်။ ကောဇာဂြိုဟ်ကောင်းများ ပုဏ္ဏရာဘာဝအား စီးနင်းမြင်ယှဉ်တဲ့ခါ အခွင့်ကောင်း သာပါသည်။

ဤသို့ တင်ပြခဲ့သည့်အတိုင်းပင် ဖုန်းဆက်လာတဲ့ သမီးလေးအား ဟောပြောပေးလိုက်ပါသည်။ သူ့သူငယ်ချင်းကို ပြန်ပြောပြမှာကတော့ သေချာ၏။ စာရေးသူလည်း ဂမ္ဘီရပရိသတ်အား စီကာပတ်ကုံး ပြန်ပြောပြလိုက်ပါသည်။

မေ့အပြစ်ပါ မောင်ရယ်လို့ ဝန်မခံလိုပါက တတ်သိကျွမ်းကျင် ပညာရှင်နှင့် ညှိနှိုင်းကာ မိမိတို့ရဲ့ ဇာတာခွင်အရ အခါကောင်း အခွင့်ကောင်းကို ရှာယူနိုင်ကြပါစေလို့ တိုက်တွန်းရင်း…။

**စာဖတ်သူများအားလုံး ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေဗျာ။**

**ဆရာကံထူး(ဝေဒသုတေသီ)**
**ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၉၉**
**၀၉ ၇၇၂ ၁၅၀ ၅၇၃**

**မှတ်ချက်**-ကာယကံရှင် ဆန္ဒအရ နေရာဒေသကို လွှဲထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သောမ၊ ပါပ၊ ယတြာများနှင့် ဘဝအောင်မြင်ရေး

ပုရောဟိတ် ဆရာဦးမြတ်စံ

သင်္ကြန်ကာလ အခါကြီးရက်ကြီးရောက်လျှင် စာရေးသူတို့ ဇနီးမောင်နှံ ခြောက်ထပ်ကြီးဘုရားသို့ အိမ်က ကားဖြင့် ဥပုသ်သီလ စောင့်လေ့ရှိပါသည်။ ယခင်က ရွှေတိဂုံဘုရားသို့သွား၍ ဥပုသ်စောင့်လေ့ရှိသည်။ အတက်အဆင်း၊ အသွားအပြန် ရင်ပြင်တော်၏ အပူဒဏ် မခံနိုင်သဖြင့် အိမ်နှင့်နီးသော ခြောက်ထပ်ကြီးဘုရားတွင်သာ ဥပုသ်စောင့်ဖြစ်ပါသည်။

နှစ်ဆန်း(၁)ရက်နေ့ ရောက်သောအခါ ဆရာကြီး ဦးကျော်ရင်ကို ကားနှင့် ဝင်ခေါ်ကာ ကြည့်မြင်တိုင် စံပြငါးဈေးတွင် ဇီဝိတဒါနလွှတ်ရန် ငါးများ သွားဝယ်လေ့ရှိပါသည်။

ဆရာကြီးက ကန်တော်ကြီးစောင်း ငါးကန်များတွင် ရောင်းသော လွှတ်ငါးများကို မဝယ်ရန် ညွှန်ကြားပါသည်။

"ဗျူဟတ်အရ လွှတ်ငါးဆိုတော့ တို့ မဝယ်ရင်လည်း လွှတ်မှာပဲကွ။ အခု ကြည့်မြင်တိုင် ငါးဈေးက ဟင်းရံအတွက် ချက်စားမယ့် ငါးတွေက သူတို့အသက်ကို တို့ ကယ်မှ ရမှာ"ဟု ရှင်းပြပါသည်။

တစ်ဆက်တည်းမှာပင် "ဆရာကြီးဦးထွန်းမြတ်၊ ဦးသိမ်းထွန်း၊ ဦးလွမ်းမိုး လက်ထက်က ဆိုရင် နွားတောင် ဘေးမဲ့လွှတ်ကြတယ်။ ဆိတ်တွေပါ ပါတာပေါ့ကွာ"ဟု ပြောပါသည်။

"ဒီသတ္တဝါတွေက သားသတ်ကုန်း (ယခင် အမဲဈေး၊ ယခု ရွာသာကြီး)မှာ သွားဝယ်လွှတ်ကြတာ။ သတ်မယ့် နွားကိုမှ ရှာဝယ် လွှတ်ကြတာကွ"ဟု ပြောပါသည်။


နောက်ယတြာတစ်ခုမှာ ဆရာတော် အရှင်သံဝရကတော့ ပုံသကူယတြာ စွန့်ပါသည်။ ထိုခေတ်က အကြွေစေ့ (၅၀)ပြား၊ (၂၅)ပြားတို့ကို ဘုရားကုန်းတော်ပေါ် တက်ရင်း ဘယ်လက်ဖြင့် စွန့်ခဲ့ပါသည်။ စာရေးသူတို့အား မိမိတို့ ဝတ်နေကျ အဝတ်အစားကောင်းများကို လျှော်ဖွပ် မီးပူတိုက်စေပြီး အိတ်နှင့်ထည့်၍ လမ်းဆုံလမ်းခွ သစ်ပင်အောက် အုတ်ခုံပေါ်တွင် နံနက်စောစောထ၍ သွားထားစေပါသည်။ ထိုခေတ်က (၁)ကျပ်၊ (၂)ကျပ်သည် တန်ဖိုးရှိသဖြင့် မိမိတတ်နိုင်သလောက်ထည့်၍ တစ်ပါတည်း အင်္ကျီ၊ ပုဆိုးနှင့်အတူ စွန့်စေပါသည်။

ဆရာတော်နှင့် ဆရာကြီးဦးကျော်ရင်တို့၏ အဆိုအမိန့် ယတြာမှာ ကုသိုလ်ပါရမည်ဟူ၍ ဖြစ်ပါသည်။ မြစ်ထဲ၊ ချောင်းထဲသို့ မိမိဝတ်စားထားသော အင်္ကျီ၊ ပုဆိုးများကို စွန့်ခြင်းမှာ ယတြာအောင်၊မအောင်တော့ မသိပါ။ ကုသိုလ်မရတာတော့ အမှန်ပင် ဖြစ်ပါသည်။ ဘဲဥပြုတ် တစ်လုံးကို နောက်ဖေးသို့ လွှတ်ပစ်မည့်အစား မရှိဆင်းရဲသောသူအား စွန့်ကြဲပေးကမ်းလိုက်ပါက သူ့အတွက် အာဟာရဖြစ်စေသည်မှာ အမှန်ပင် မဟုတ်ပါလား။

ထို့ကြောင့် ရှေးဆရာတော်ကြီးများက ဣဋ္ဌာ နိဋ္ဌိတ ဖလံ ယာတိ ပဝတ္တာတီတိ ယတြာဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ကောင်းကျိုးများရ၍ မကောင်းကျိုးများ သက်သာရန် မိမိလိုအပ်သော အကျိုးကိုရရှိပြီး မလိုအပ်သော အနိဋ္ဌများ ပပျောက်ရန်ဟူသော အစီအရင်ကို ယတြာဟု ခေါ်ပါသည်။ ယတြာပြုရှောင်၊ အကြံကောင်းက၊ အင်းစောင်း၍ မြှောက်၊ မင်းလောင်းပျောက်၏ဟု မဃဒေဝလင်္ကာက ဆိုထားရာ အကြံကောင်း (Wise Knowledge) ရှိရပါမည်။ ယုတ္တိဗေဒဆန်ဆန် တွေးခေါ်အား (Justification Power) ကောင်းမှ ယတြာအောင်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးကိုမမှတ်၊ လာဘ်ကိုမရှုယ်၊ မျိုးနွယ်စာဂ၊ ကင်းစင်ပလျက်ဟု စာဆိုရှိရာ ယတြာပြုပေးသောပုဂ္ဂိုလ် ဗေဒင်ဆရာကလည်း-

(၁) မှန်ကန်စွာ တွက်ချက်ပေးခြင်း၊
(၂) မိမိပညာရပ်ပေါ်တွင် အပြည့်အဝ ယုံကြည်မှုရှိခြင်း၊
(၃) ယတြာပြုလိုသူအပေါ် မေတ္တာ၊စေတနာ အပြည့်အဝထားခြင်း၊
(၄) ငွေကြေးလာဘ်လာဘ အနည်း၊အများကို မငဲ့ကွက်ခြင်းတို့ ဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်တွင် ဖော်ပြသကဲ့သို့ ဂြဟ္ဓများ ရရှိစေသောယတြာနှင့် အနိဋ္ဌ ရောက်စေသောယတြာ၊ အနိဋ္ဌများ ပျောက်စေသောယတြာဟူ၍ (၂)မျိုးရှိပါသည်။

အောက်တွင်ဖော်ပြသော ယတြာမှာ ကရိကထ နည်းစေပြီး ယတြာပြု ဆောင်ရွက်သူ အတွက် ထိရောက်သောယတြာ ဖြစ်ပါသည်။ နှစ်ဆန်းတစ်ရက်မှစ၍ နောက်နှစ်ဆန်းအထိ အသုံးဝင်သောယတြာ ဖြစ်ပါသည်။ ဂြိုဟ်ရှစ်ခွင်ယတြာဟု အသိအမှတ်ပြုထားပါသည်။

ဂြိုဟ်ရှစ်ခွင်တွင် ဂြဟ္ဓ(သောမဂြိုဟ်)များ ဖြစ်ကြသော တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသ ပတေး၊ သောကြာတို့၏ ဂြိုဟ်သက်အပေါ် အခြေခံ၍ စီရင်ခြင်း ဖြစ်ပါသည်။ စီးပွား လာဘ်လာဘတက်ခြင်း၊ ဈေးရောင်းကောင်းခြင်း၊ ရာထူးတိုး၊ ပညာရေးတွင် စာမေးပွဲ အောင်ခြင်း၊ အိမ်ထောင်ရေး သာယာအဆင်ပြေစေသော အင်းအစီအရင် ဖြစ်ပါသည်။

ပါပ(၄)ချက် ထောင့်ကတွက် ဆိုသကဲ့သို့ ပါပဂြိုဟ်များ ဖြစ်ကြသော တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ရာဟု အစရှိသော ဂြိုဟ်(၄)လုံးမှာ ပါပဂြိုဟ်များ ဖြစ်ကြပါသည်။ ၎င်းဂြိုဟ်သက်များကို အခြေခံ၍ စီရင်ထားသောအင်း ဖြစ်ပါသည်။ ထိုအင်းသည် အနိဋ္ဌဖြစ်သော ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းခြင်း၊ ပယောဂ၊ ဓာတ်တိုက်၊ နတ် တိုက်၊ ဘေးတိုက်များဘေးမှ လွတ်ကင်းစေခြင်း၊ မိမိအား မနာလိုသောသူများက မကောင်းကြံ ခြင်းဘေးမှ ကင်းဝေးစေပါသည်။

**သောမအင်း စီရင်ခြင်း**


| | | | | |
|---|---|---|---|---|
| ၁၅ | ၁၉ | ၂၁ | ၇၂ | ၁၇ |
| ၇၂ | ၁၇ | ၁၅ | ၁၉ | ၂၁ |
| ၁၉ | ၂၁ | ၇၂ | ၁၇ | ၁၅ |
| ၁၇ | ၁၅ | ၁၉ | ၂၁ | ၇၂ |
| ၂၁ | ၇၂ | ၁၇ | ၁၅ | ၁၉ |

သောမအင်း စီရင်သောအခါ ကြေးပြား၊ ငွေပြား ပေါ်တွင် စီရင်ပါ။

တနင်္လာဂြိုဟ်သက်(၁၅)
ကြာသပတေးဂြိုဟ်သက်(၁၉)
ဗုဒ္ဓဟူးဂြိုဟ်သက်(၁၇)
သောကြာဂြိုဟ်သက်(၂၁)တို့ကို အစဉ်လိုက် မြင်းသွား ချပါ။

ဂြိုဟ်သက်များ (၇၂)ပေါင်းကိန်း ဖြစ်သည်။

ထို့နောက်မှ ဂြိုဟ်သက်များ ပေါင်းကိန်း(၇၂)ကို အင်း အလယ်ကွက်တွင် ထည့်ပါ။ နှမ်းဆီ (၅)ကျပ်သား ဈေးမဆစ်ဘဲ ဝယ်ပါ။ ဆီမီးခွက်တွင် ထည့်ပါ။ မိမိရောက်သက်နှင့်အမျှ အချည်မျှင်ကို မီးစာကျိုးခြေပြု၍ အင်းထည့်ထားသော ဆီမီးခွက်တွင် နှစ်ဆန်းတစ်ရက် နေ့မှစ၍ ထွန်းလေ။ နှမ်းဆီကုန်လျှင် နှမ်းဆီဝယ်ဖြည့်ပါ။ မီးစာကုန်အောင် ထွန်းရပါသည်။ ထိုအလိုရှိအပ်၊ တောင့်တအပ်သော စီးပွားလာဘ်လာဘများ အပွင့်အလန်း ပီယကိစ္စများ အတွက် ဉာဏ်ရှိသလို သုံးလေ။ ငွေပြားလက်ဖွဲ့လုပ်၍ မိမိကိုယ်နှင့်မကွာ ဆောင်လျှင်



www.burmeseclassic.com

လည်း ရပါသည်။

ပါပဂြိုဟ်အင်း စီရင်သောအခါ ကြေးပြား၊ ငွေပြား ပေါ်တွင် စီရင်ပါ။

တနင်္ဂနွေဂြိုဟ်သက်(၆)နှစ်
စနေဂြိုဟ်သက်(၁၀)နှစ်
ရာဟုဂြိုဟ်သက်(၁၂)နှစ်
အင်္ဂါဂြိုဟ်သက်(၈)နှစ်
ပါပဂြိုဟ်သက် စုစုပေါင်း(၃၆)နှစ်။

တနင်္ဂနွေ၊ စနေ၊ ရာဟု၊ အင်္ဂါ ဂြိုဟ်သက်များကို အင်းသိုက်တွင် အစဉ်လိုက် မြင်းသွားချပါ။ ထို့နောက်မှ ဂြိုဟ်သက်များ ပေါင်းလဒ်(၃၆)ကို အင်းသိုက်တွင် ဆက် ထည့်ပါ။ သူနာ ပယောဂရှိလျှင် သူနာ၏အဝတ်ကို မီးစာ ပြုပါ။ ဆီမီးခွက်တွင် မဆစ်ဆီ (နှမ်းဆီ ၅ကျပ်သား) ထည့်ပါ။ သူနာ၏ ခေါင်းရင်းတွင် ထွန်းပါ။ ပြုသူ ပြန်စေဟု ပြော၍ ထွန်းပါ။ ပယောဂပြုသူ မနေနိုင် လာ၍ တောင်းပန် မည်။ မီးစာကုန်အောင် မထွန်းရပါ။ မီးစာကုန်လျှင် ပြုသူ မရဏာရောက်မည်။ ဉာဏ်နှင့် ယှဉ်၍ သုံးလေ။ သစ္စာရှိလေ။ ငွေပြားတွင် လက်ဖွဲ့ထိုး၍ ဆောင်လျှင် ပယောဂ မကပ်နိုင်ပါ။ ထိုအင်းလက်ဖွဲ့ကို သိဒ္ဓိတင်လျှင် ဂုဏ်တော်(၉)ပါး၊ သရဏဂုံ(၃)ပါး၊ အနန္တောအနန္တ(၅)ပါးကို ရွတ်၍ သိဒ္ဓိတင်ပါ။ ဆောင်သူကလည်း နေ့စဉ် ရွတ်ပေးပါ။ ပို၍အစွမ်းထက်ပါသည်။

ပါပဂြိုဟ်အင်း စီရင်ခြင်း

| | | | | |
|---|---|---|---|---|
| ၆ | ၁၀ | ၁၂ | ၃၆ | ၈ |
| ၃၆ | ၈ | ၆ | ၁၀ | ၁၂ |
| ၁၀ | ၁၂ | ၃၆ | ၈ | ၆ |
| ၈ | ၆ | ၁၀ | ၁၂ | ၃၆ |
| ၁၂ | ၃၆ | ၈ | ၆ | ၁၀ |

ထို့နောက် မိမိနေထိုင်ရာ ရပ်ကွက်တွင် စတုဒိသာ ကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးရောင်း ခြင်း၊ သက်ကြီးရွယ်အို၊ ဆရာသမား၊ မိဘများအား ခေါင်းလျှော်ပေးခြင်း ပြုပါ။ (မိမိ အတွက် ဖြေရှင်းရခက်သော အမှုကိစ္စပြဿနာများ ပြေပျောက်စေပါသည်) တူသောအကျိုး ပေးခြင်း ဖြစ်ပါသည်။ ခြေသည်း၊ လက်သည်း လှီးပေးခြင်းသည်လည်း မိမိအပေါ် ကျရောက်နေသော မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများ ပပျောက်စေပါသည်။

ဥပမာ-
၅
လွန် ၄
၃
၂
၁
ဒန့်သ ၀
၆

ဆရာကြီးဦးထွန်းမြတ် လက်ထက်ကဆိုလျှင် မိမိ၏ သက်ရောက် တိုင်တွင်ရှိသော နိစ်၊ ပြုဂြိုဟ်တို့၏ သစ်ငုတ်တို၊ သစ်ပင်တိုကို ဖနောင့် နှင့်ပေါက်၍ နောက်လှည့် မကြည့်ဘဲ ထွက်ခွာရမည်ဟု အဆိုရှိပါသည်။ နိစ်/ပြု ယတြာပြုခြင်း ဖြစ်ပါသည်။

(၄-၀)သည် ဒန့်သလွန်ပင် ဖြစ်ပါသည်။ ထိုဒန့်သလွန်ပင်ကို ဖနောင့် နှင့် ပေါက်ပြီး နောက်ပြန်လှည့်မကြည့်ဘဲ သစ်ပင်အနားမှ တစ်ခါတည်း ထွက်ခွာလာရပါမည်။ နိစ်/ပြုယတြာ ဥပမာပေးခြင်း ဖြစ်ပါသည်။

မိမိတွင်ကျရောက်မည့် ဘေးအန္တရာယ်များမှ ကင်းဝေးစေသော ယတြာဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

မေတ္တာရည်၍
**ပုရောဟိတ် ဆရာဦးမြတ်စံ**
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆



www.burmeseclassic.com

www.burmeseclassic.com

## ကြိုးပွားချမ်းသာအောင်

# ဥဒေါင်းမင်းစမဆောင်

အောင်ထက်(ရောအနောက်မြို့တော်)

ဝါဆိုလကုန်ခါနီးနေပြီဖြစ်သော်လည်း ရာသီဥတုက အလွန်အမင်း ဆိုးဝါးနေသဖြင့် လူသားများ၊ သတ္တဝါများ အားလုံး ကြီးစွာသော ဒုက္ခကို ခံစားနေကြရလေသည်။ တစ်နွေလုံးနှင့် မိုးတွင်းကာလကို တစ်လခွဲလောက် ရောက်နေပြီဖြစ်သော်လည်း မိုးရိပ်မိုးခြေကိုပင် မမြင်ရပါချေ။ မိုးမရွာတော့ အရေပြားပေါ်မှာ အပူဖုကလေးများ၏ ထိုးဆွခြင်းကိုပင် အလူးအလဲ ခံစားနေရပါတော့သည်။

အခုလိုအချိန်မျိုးတွင် ငွေမလိုချင် ရွှေမလိုချင် ရေကိုလိုချင်၏။ အလွန်လိုချင်တာကတော့ မိုး(မိုးရွာခြင်း)ကိုသာ ဖြစ်နေပါသည်။

ကျွန်ုပ်သည် ရာသီဥတု၏ တိုက်ခိုက်မှုကို ကာကွယ်ရန် ရှာရလေတော့သည်။ အိမ်အဆောက်အအုံဆောက်ရန်အတွက် အိမ်ဟောင်းကိုဖျက်ပြီး ခြံထဲတွင် ရွက်ဖျင်တဲနှင့် နေစဉ်ကစပြီး အခြားသော အမိဋ္ဌာန်နှင့် နိစ္စမှုဝတ်ဖြစ်သော ပရိတ်တော်များကို ရွတ်ဆိုပူဇော်နေသော်လည်း ပဋ္ဌာန်းကို လွတ်ထားလိုက်ရပါသည်။

အချိန်မကြာမြင့်ဘူးဟု အထင်ရှိနေသော်လည်း (၃)လကျော်နေပြီဖြစ်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့ကို အဓိဋ္ဌာန်တင်ပြီး သီတင်းကျွတ်လကုန်သည့်တိုင် ရွတ်ဆိုပူဇော်ရန် ဆုံးဖြတ်လိုက်ပါသည်။

ကျွန်ုပ် ဆောင်ရွက်နေသော မဟာအဓိဋ္ဌာန်ကြီး၏ ဝါရင်ယိတစ်ခုအပြီး ပဋ္ဌာန်းအဓိဋ္ဌာန်၏ ဒုတိယနေ့ပြီးသော နံနက်အလင်းဘက် စက်(၆)နာရီတွင် ဝေနေယျများစွာ သတ္တဝါအားလုံးကို မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှဝေခြင်းတို့ကို ပြုလုပ်ပြီး ဘုရားခန်းမှ ထွက်လာခဲ့ပါသည်။

စိတ်ကူးတစ်ခု ပေါ်လာသည်မှာ သိဒ္ဓိရာဇာ ဆရာအောင်၏ လက်ရေးမူစာအုပ်မှ ထူးခြားဆန်းပြားသည့် စမပုံကို တွေ့မြင်လိုက်ပါသည်။ ထိုစမသည် ရုပ်စမဖြစ်သော်လည်း တစ်မူထူးခြားနေသောကြောင့် ဖြစ်ပါသည်။ စာချစ်သူများအတွက် ကျွန်ုပ်သိခဲ့သမျှကို မျှဝေပေးလိုပါသည်။

စမတို့မည်သည် သင်္ချာဂဏန်းတို့ဖြင့် စီမံသောစမတို့ကို နာမ်စမ၊ မာတ်စမဟု ခေါ်ကြပါသည်။

ဗျည်းအက္ခရာဖြင့်စီမံခြင်း၊ သရများနှင့် စီမံအပ်သော စမတို့ကို ရုပ်စမဟု ခေါ်ကြပါသည်။ ထိုရုပ်စမများကိုပင် အချို့ဆရာတို့က ရုပ်အင်းဟု ခေါ်ကြပါသေးသည်။

ရုပ်အင်းကိုဖြစ်စေ၊ ရုပ်စမများကိုဖြစ်စေ ပညာရှင်များနှင့် ဆရာတို့က ခွဲခြားထားသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ရုပ်စမများမှာ အကွဲကွဲသော လိုင်းခွဲများရှိနေပါသည်။

အမြွက်မျှ တင်ပြရမည်ဆိုပါလျှင်-

ရက္ခစိုးမော်ကြီးစမ၊ ဗြဟ္မာနှစ်ဆယ်စမ၊ ပထမံစမ စသည်တို့ ဖြစ်ကြပါသည်။

ကျွန်ုပ်၏ ဆရာသခင်များ၏ မိန့်ဟစကားအရဆိုပါလျှင် စမများသည် လွတ်လပ်ပေ့ါပါး၏ဟု ဆိုပါသည်။ အင်းပညာ၊ အင်းအတတ်သည်သာ လွန်စွာစည်းကမ်းကြီးသည်ဟု ဆိုပါသေးသည်။ မည်သည့်အင်း၊ စမတို့ကိုပင် စီမံသော်လည်း အဓိကအကြောင်းအချက်မှာ သီလ၊ သမာဓိ၊ ဝီရိယနှင့် သဒ္ဓါအားတို့ကသာ အဓိကအချုပ်ဟု ဆိုပြန်ပါသည်။

ကျွန်ုပ်သည် မိမိကိုယ်ကို ကသုံးပါးလုံး သန့်ရှင်းနေအောင် ထိန်းကျောင်းစဉ်အခါကာလတွင် မူလရည်မှန်းချက်ဖြစ်သော ဆင်းရဲဒုက္ခရောက်နေကြသူများ ချက်ချင်းချမ်းသာရရအောင် ကူညီစောင့်ရှောက် ချီးမြှောက်ပေးလိုခြင်းပင် ဖြစ်ပါသည်။

ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိ

www.burmeseclassic.com

ပြည့်စုံစေအောင် ကူညီပေးလိုရင်းပင် ဖြစ်လေသည်။

ဆန္ဒပြည့်ပါပြီ။ ကျွန်ုပ် ဘုရားခန်းမှ အထွက်တွင် ကျွန်ုပ်အိမ်ရှေ့ အိမ်ဝိုင်းရှေ့ဥယျာဉ်မှာ ပေ(၄၀)လောက် အကျယ်ရှိနေသဖြင့် ဧည့်သည်တစ်ယောက် ဝင်လာနေသည်ကို တွေ့မြင်လိုက်ရပါတော့သည်။

ကျွန်ုပ်ကို မြင်လိုက်သည်နှင့် ဆရာဟု ရွှင်မြူးနေသော အသံဖြင့်ခေါ်ပြီး နှုတ်ဆက်ပါတော့သည်။ ကျွန်ုပ်လည်း ထိုဧည့်သည်မှာ ကျွန်ုပ်၏တပည့် မောင်တိုးမြင့် တစ်ယောက် ဖြစ်နေသည်ကို သိလိုက်ရပါတော့သည်။

ကျွန်ုပ်၏ အလုပ်စားပွဲတွင် ထိုင်ပြီးသည်နှင့် မောင်တိုးမြင့်က အောက်ပါအတိုင်း ပြောပြလေသည်။

'ဆရာ··အခု ကျွန်တော်တို့မှာ ဝါသနာတူ သူငယ်ချင်း(၅)ယောက် အဖွဲ့အစုလုပ်ထားတယ် ဆရာ။ ဘုရားဖူး၊ ပုတီးစိပ်လုပ်ကြသလို တခြားမြို့ရွာ တန်ခိုးကြီးဘုရားတွေကိုလည်း သွားကြပါတယ်။ အားလုံးက ဘာသာရေးကို အားစိုက်လုပ်ကြသလို လူမှုရေးကိစ္စတွေကိုလည်း စိတ်တူကိုယ်တူ လုပ်ကြပါတယ်။

နောက်တစ်ခုက (၅)ယောက်အဖွဲ့ထဲမှာ (၃)ယောက်က ဝိဇ္ဇာဓိရ ဂမ္ဘီရပညာတို့ကို သိပ်ပြီးမယုံချင်ဘူး ဆရာ။ ကျွန်တော်ကလည်း ဖွတ်မတိုက်တွန်းချင်ဘူးပေါ့။

ဘာကိုပဲလုပ်လုပ် အောင်မြင်မှုရှိအောင်ပေါ့ ဆရာရယ်။ အခုဆိုလည်း ကိုယ့်မိဘတွေရဲ့ လက်ငုတ်လက်ရင်းဖြစ်တဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဝင်လုပ်နေကြတာမို့ ပြိုင်တာမဟုတ်ပေမယ့်လို့ ဝိဇ္ဇာဓရဂမ္ဘီရပညာနဲ့ အဓိဋ္ဌာန်ကျင့်စဉ်တို့ပေါင်းပြီး ဆောင်ရွက်မည်သာဆိုလျှင် ကျွန်တော့်သူငယ်ချင်းတွေနဲ့ ပိုပြီးစီးစီးပိုင်ပိုင် ရှိလာမှာမို့လို့ ကျွန်တော့်ကို တစ်ခုခုတော့ ချီးမြှင့်ပေးပါ'ဟု တောင်းဆိုပါတော့သည်။

ကျွန်ုပ်၏ မနောစိတ်တွင် ပေါ်လာနေသော အာသာဆန္ဒကို ဖြည့်ဆည်းပေးသူ တပည့်ရောက်လာပြီး တောင်းဆိုနေပါပြီ။ ကျွန်ုပ်အနေဖြင့် ကူညီဖြည့်ဆည်းပေးရမည် ဖြစ်ပါသည်။

ကျွန်ုပ်အထက်တွင် ဖော်ပြထားခဲ့သော စမကိုပင် ချီးမြှင့်ပေးရန် ဆုံးဖြတ်လိုက်ပါသည်။ သို့နှင့်ပင် တပည့်ဖြစ်သူ မောင်တင်မြင့်ကို အကြောင်းစုံ ရှင်းပြရလေတော့သည်။

'ဆရာပြောတာကို သေသေချာချာ နားထောင်ပါ။ မင်းတို့ အခုသုံးစွဲနေကြတဲ့ ပစ္စည်းတွေမှာ အမျိုးအစားကွဲကြတာရှိတယ်။ အမျိုးတူသော်လည်း ပုံစံမတူ နည်းပညာ မတူတာတွေ ရှိနေတာ မင်းသိပြီးသားပါ။

အဲသလိုမျိုးပဲ နမူနာပြရမယ်ကွ။ ဆရာတို့၏ ဝိဇ္ဇာဓရ ဂမ္ဘီရပညာမှာလည်း နာမည်တူပင်တူငြားသော်လည်း စီမံပုံကွဲခြင်းနှင့် အစွမ်းသိဒ္ဓိတို့ကလည်း ကွဲပြားမှုတွေရှိနေကြတာမို့ အခု မင်းကိုချီးမြှင့်ပေးမယ့်စမဟာ အမည်နာမသည် ဥဒေါင်းမင်းစမဟု အမည်ရသော်လည်း အသွင်အပြင် အစီအမံ မတူကြတာကို မင်းတွေ့ရမှာပါ။

စီမံထားတဲ့ ဗျည်းအက္ခရာကို ကြည့်ရင်တော့ (ဓ၊ ဏ၊ ဝ)နဲ့ (ဍ၊ ဠ) စသည်တို့သာ ပါဝင်နေတာကို မြင်ရမှာ ဖြစ်တယ်။

ဥဒေါင်းမင်းစမပုံမှာ ကဒေါင်းသဏ္ဌာန် မှတ်ယူမယ်ကွ။ လွန်စွာကျက်သရေနဲ့ ပြည့်စုံစေတယ်။ ဘုန်းသမ္ဘာနဲ့လည်း ပြည့်စုံစေတယ်ကွ။ ပြည့်ရှင်မင်းမြတ်တို့ရဲ့ ချီးမြှောက်ခြင်း၊ သူကောင်းပြုခြင်းတို့ကိုလည်း ခံကြရမှာဖြစ်တယ်။

အထူးအားကတော့ ရှောင်ရန်ကိုပဲ ပြောချင်ပါတယ်။ အရက်သေစာ သောက်စားခြင်းနဲ့ အုပ်ထိန်းခြင်းမကင်းသူ သမီးပျိုများကို စောင့်ရှောက်ရန်ဖြစ်တယ်။ ဒါဆိုရင် မင်းကြိုးစားသလောက် ဥပမာပေါ့ကွာ လှေလှော်သလိုပေါ့။ လှော်နိုင်သလောက် ခရီးပေါက်မှာ အမှန်ပါပဲကွာ။

ဆရာစီမံပြီးတာနဲ့ ဥဒေါင်းမင်းစမပုံကို ချုံ့ထားပြီး ပလတ်စတစ်လောင်းပါ။ ပြီးမှ ဆောင်ပါ။ ပုံအကြီးကိုတော့ အိမ်ရဲ့ဧည့်ခန်းမမှာ အလူမီနီယမ်ဘောင်နဲ့ ထည့်ပြီး ချိတ်ဆွဲထားရမယ်။

နေ့စဉ်နေ့တိုင်း နိစ္စဘတ် ဘုရားဖူးပြီးတိုင်းမှာ မောရသုတ်ကို (၁၀)ခေါက်တော့ ရွတ်ဖတ်ပူဇော်ရမယ်'ဟု ရှည်လျားစွာပင် ပြောပြလိုက်ရပါတော့သည်။

စာချစ်သူမိတ်ဆွေများအနေဖြင့် ဥဒေါင်းမင်းဆိုသည်နှင့် မောရသုတ်ကိုတွဲပြီး သိကြ မြင်ကြမည် ဖြစ်ပါသည်။ နောက်မောရသုတ်၏ တန်ခိုးတော်ကြောင့် ဘေးရန်အမျိုးမျိုး ကင်းရှင်းပြီး အသက်ရှည်မည်ကို သိကြမည် ဖြစ်ပါသည်။ အတော်များများအနေဖြင့် မောရသုတ်၏ တန်ခိုးတော်သည် အသက်ရှည် ကျန်းမာခြင်း၊ ဘုန်းတန်ခိုးအာန


www.burmeseclassic.com

ဘော်ကြီးခြင်း၊ မင်းစည်းစိမ်ကဲ့သို့ ခံစားရခြင်း၊ ပြည့်ရှင်မင်း၏ ချီးမြှောက်ခြင်းတို့ကို ခံစားရမည်မှာ မုချဖြစ်ပါသည်။

အခက်အခဲရှိသူများ လွယ်ကူနိုင်စေရန်အတွက် မောရသုတ် ပရိတ်တော်ကို အောက်တွင် ရေးသားဖော်ပြထားလိုက်ပါသည်။ ဥဒေါင်းမင်းစမပုံကိုလည်း အောက်တွင် သီးခြားဖော်ပြပေးထားပါသည်။

**မောရသုတ်**

* ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ
  ယေန် သံဝိဟိ တာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။
* စိရသံဝါယမန္တာပိ၊ နေဝသက္ခိံသု ဂဏှိတုံ
  ဗြဟ္မမန္တန္တိ အက္ခာတံ၊ ပရိတ္တံ တံဘဏာမဟေ။



ဥဒေါင်းမင်းစမပုံ

* ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
  ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော
  တံတံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပ ဘာသံ၊
  တယာဇ္ဇဂုတ္တာ ဝိဟရေမုဒိဝသံ။
* ယေဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
  တေမေနမော တေစမံ ပါလယန္တု။
  နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ
  နမောဝိမုတ္တာနံ၊ နမောဝိမုတ္တိယာ။
  ဣမံ သော ပရိတ္တံ ကတွာ၊ မောရောစရတိ ဧသနာ။
* အပေတယံ စက္ခုမာ ဧကရာဇာ၊
  ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော
  တံတံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
  တယာဇ္ဇဂုတ္တာ ဝိဟရေမု ရတ္တိံ။
* ယေဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ
  တေမေနမော တေစမံ ပါလယန္တု။
  နမတ္ထု ဗုဒ္ဓါနံ၊ နမတ္ထု ဗောဓိယာ
  နမောဝိမုတ္တာနံ နမောဝိမုတ္တိယာ
  ဣမံသော ပရိတ္တံကတွာ၊ မောရောဝါသ မကပ္ပယီ။

စာချစ်သူ မိတ်ဆွေများအနေဖြင့်လည်း ကျွန်ုပ်၏ တပည့်ဖြစ်သူ မောင်တင်မြင့်၏ စိတ်ထားအတိုင်း အပြိုင်အဆိုင် တိုးတက်အောင်မြင်လိုပါလျှင် မောရသုတ်ကို တစ်နေ့ (၁၀)ခေါက် ရွတ်ဆိုပူဇော်ရမည် ဖြစ်ပါသည်။

(ရွတ်ဆိုရာတွင် အလိုအားလုံး ကင်းရှင်းပြီး သဒ္ဓါစိတ်ထား အားကြီးစွာဖြင့် ပူဇော်ရန် ဖြစ်ပါသည်။ စာရေးသူ)

တစ်ဖက်ကလည်း ဥဒေါင်းမင်းစမကို အထက်က ညွှန်ပြထားခဲ့သည့်အတိုင်း ဆောင်ရွက်ကြပါရန် ‌မေတ္တာ ရှေ့ထား၍ တင်ပြလိုက်ပါသည်။

ကျွန်ုပ်သည် ယခုစာရေးနေချိန်မှာပင် ဇရာ၏ နှိပ်စက်မှုကို ခံစားနေရပါသည်။ ကျန်းမာနေသရွေ့ ကျင့်စဉ်နှင့် အဆောင်များအကြောင်းကို စာချစ်သူများ နှစ်သက်က ယူနိုင်ကြစေရန် ရေးသားတင်ပြပါဦးမည်။ ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိပြည့်စုံကြပါစေ။

**အောင်ထက်(ရောအနောက်မြို့တော်)**

**မှီငြမ်း**

(၁) အိတ်ဆောင် သီရိမင်္ဂလာပရိတ်တော်ဝတ်ရွတ်စဉ်။
(၂) သိဒ္ဓိရာဇာဆရာအောင်၏ အင်းစမကျမ်း လက်ရေးမူ။



www.burmeseclassic.com

www.burmeseclassic.com

စိုးယဉ်ထွန်း

# ဂမ္ဘီရ နှ့ တာလုံးပုံ

နီးတစ်ပြားနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး၏ အသက်၊ လူ့လောကထဲကို အသက်ရှင်သန်၍ ရောက်ရှိရမည်ဖြစ်သော ကလေးငယ်၏ အသက်ကိုပါ ကယ်တင်နိုင်မှုဖြစ်သည်။ နီးတစ်ပြားပဲ အရေးထားရန် မလို။ ယနေ့၏ ခေတ်မီတိုးတက်သော အချိန်အခါကာလတွင် ဆေးဝါးကောင်းများ၊ နည်းပညာများက အထောက်အကူပြုနေတယ်ဟု အယူလွဲ အစွဲကြီးပြီး မြန်မာနည်းကောင်းများကို ပစ်ပယ်ခဲ့ကြသည်။ မြန်မာ့နည်း မြန်မာ့ဟန်ကလည်း လွယ်ကူသည်။ ငွေကုန်ကြေးကျနည်းသည်။ သည်တော့ ကာယကံရှင်များက အထင်မကြီး အလေးမထားဘဲ လုပ်ရမှန်း မသိကြပါ။

နီးတစ်ပြား၏ ဂမ္ဘီရဆေးနည်း အကြောင်းလေးကို အလျဉ်းသင့် တိုက်ဆိုင်မှုတစ်ခုကြောင့် ရေးဖြစ်လိုက်ခြင်းဖြစ်ပါသည်။ ယခု နီးတစ်ပြား အကြောင်းကို ရေးသားဖူးလျှင်လည်း ရေးဖူးကြပေမည်။ နှစ်ထပ်ရှိတော့ ပို၍ မှတ်မိသည် ဆိုသလိုပဲပေါ့၊ အသုံးဝင် အသုံးတည့်မည်ဟုလည်း ယုံကြည်သဖြင့် ရေးခြင်းဖြစ်ပါသည်။ ကိုယ်ဝန်ဆောင် တစ်ဦး၏ အခက်အခဲဒုက္ခကို တွေ့ကြုံရသဖြင့် လွယ်ကူ၍ မပင်ပန်း မခဲယဉ်းသော လုပ်ရပ်ဖြင့် ကူညီလိုက်ရာတွင် အဆင်ပြေချောမွေ့၍ သားသည်မိခင်၏ အသက်ကိုရော ကလေးသူငယ်၏ အသက်ကိုပါ ကယ်တင်နိုင်ခြင်းအတွက် ယနေ့ထိအောင်ပင် ဝမ်းသာပီတိဖြစ်နေပါသေးသည်။

ပေါင်းတည်မြို့၏အရှေ့ ပဲခူးရိုးမနှင့်နီးစပ်သော ကြို့ပင်သာရွာ။ ထိုရွာတွင် ညီအစ်ကိုလို ခင်မင်ရင်းနှီးသော မောင်လွှင်လွှင်ကျော်နှင့် ဇနီးမရင်တို့ နေထိုင်သည်။ တစ်နေ့တွင် လွှင်လွှင်ကျော်နှင့် မရင်တို့ လင်ကိုယ်မယား နှစ်ယောက် ရန်ကုန်ကို အလုပ်ကိစ္စလာရင်းမှ ဝင်ရောက်ခေါ်သဖြင့် ပေါင်းတည်မြို့၊ ကြို့ပင်သာရွာကို ဧည့်သည်အဖြစ် အလည်ရောက်ခဲ့သည်။ ရွာနှင့်မြို့က အတော်ပင် အလှမ်းဝေးသည်။

ကြို့ပင်သာရွာကိုရောက်ပြီး (၂)ရက်အကြာတွင် ရွာ၏ အနောက်ပိုင်းက ဦးစိုးသိန်း၏ဇနီး မီးဖွားရန်ခက်၍ မြို့ကို လိုက်ပို့ပါရန် လွှင်လွှင်ကျော်ကို လာ၍အကူအညီတောင်းသည်။ လွှင်လွှင်ကျော်က ပေါင်းတည်မြို့ ဖွဲ့နဲ့ဆီစက်တွင် ငွေစာရင်းအရာရှိဖြစ်၍ မြို့ပေါ်တွင် နှံ့စပ်သည့်အတွက်ဖြစ်သည်။

'ဩော်··ဒီမှာက ကျေးရွာသားဖွားတို့၊ သားဖွားဆရာမတို့ မရှိဘူးလား'

'ရှိပါတယ်။ ရန်ကုန်ဧည့်သည် အရပ်ဝမ်းဆွဲလည်း ရှိပါတယ်။ ဘယ်လိုမှကို မွေးမရဘူး ဖြစ်နေတယ်'

'ကျန်းမာရေး မကောင်းလို့ မမွေးနိုင်တာလား၊ အသက်ကြီးလို့လား၊ ငယ်ရွယ်လို့လားဗျ'

အမေးစကားကြောင့် ရွာခံသားက ခေါင်းရှုပ်သွားသလို ကြားက အမေးအမြန်းထူနေသည်ကိုလည်း သိပ်မကြိုက်သည့် သဘောလည်းရှိသည့် လွှင်လွှင်ကျော်က ကြားမှ ဝင်ပြီး-

'အစ်ကို··ဒါက ကိုသိန်းဆွေပါ။ သူ့မိန်းမက အရင်တစ်ခါလည်း မွေးဖူးပါတယ်။ မွေးရတာခက်လို့ ဆေးရုံတင်ရတယ်။ ဆေးရုံမှာလည်း တော်တော်ကြီး ခံစားပြီးမှ မွေးတယ်။ အခုလည်း ဆေးရုံကို ပို့မှရမယ်။ အဲဒါကြောင့် ကျွန်တော့်ကို လာခေါ်တာပါ'

'အင်း··အဲဒါဆိုလည်း အစ်ကိုပါ လိုက်ခဲ့မယ်။ အိမ်က တောင်ထန်းလား သက်ငယ်မိုးလား၊ သွပ်မိုးလား'

'ဗျာ'

'ဗျာ··အဲ'

'အစ်ကို··မစိမ်းမြလေး မျက်နှာမမြင်နိုင်တော့လို့ အိမ်အမိုး ဆိုင်လို့လား ကိုသိန်းဆွေ။ အိမ်က သွပ်အမိုး တင်



www.burmeseclassic.com

www.burmeseclassic.com

...သော'

လွင်လွင်ကျော်က တအံ့တသြဖြင့် မေးပြော ပြော ...လိုက်သည်။ ကိုသိန်းဆွေကတော့ ဗျာပျာသာပြောပြီး ငြိမ် ...နေသည်။

'ကဲ..ကဲ..ကိုသိန်းဆွေ၊ ကျုပ်ပါ လိုက်ခဲ့မယ်။ သွား ...ခဲ့ နီးတစ်ပြားလောက် ယူခဲ့၊ တောင်းခဲ့ပါ။ ကျုပ် ...ညီပါ့မယ်'

'ဟို..ဟုတ်..ဟုတ်ကဲ့'

ရွာလယ်လမ်းအတိုင်း လျှောက်လာကြရာ ကိုသိန်း ...ဆွေ၏ အိမ်ကိုရောက်သည်တွင် အနီးအပါးမှ အမျိုးသမီး ...ကြီး သုံး,လေးယောက်ကပါ ထပ်ရောက်လာပြီး အိမ်ပေါ် ...တွင် ရှိနေသော ဝဝဖြူဖြူအမျိုးသမီးကြီးနှင့် ခပ်ငယ်ငယ် ...ကိုအဖြူ၊ ထဘီအနီဝတ် အမျိုးသမီးကို မစိမ်းမြ မမွေး ...သေးဘူးလားဟု မေးကြသည်။

ကျွန်တော်က ကိုသိန်းဆွေ လက်ထဲမှ နီးပြားချောင်း ...ကိုယူပြီး အိမ်တံစက်မြိတ်နားတွင် ထိုးလိုက်ပြီး ကျန်လူ ...များက ဆေးရုံပို့ရန် ပြောဆိုနေကြသည်။

ကျွန်တော်က ကိုသိန်းဆွေကို အိမ်ခေါင်တံစက်မြိတ် ...တွင် ထိုးလိုက်သော နီးပြားကိုယူခိုင်းပြီး ကျွန်တော်ကိုယ် ...တိုင်ပင် နယ်ပုံဖြစ်အောင် ချိုးလိုက်ပြီး ကိုသိန်းဆွေကို ...ပင် မစိမ်းမြ၏ခေါင်းမှ ဆံထုံးတွင် ထိုးခိုင်းလိုက်ပါသည်။ ...မစိမ်းမြ၏ ဆံပင်ဆံထုံးတွင် နီးဆံထိုး ထိုးပြီးသည်တွင် ...မစိမ်းမြမှာ ညည်းသံထွက်လာပြီး ကျိုးကျိုးကျွတ်ကျွတ် ...နှင့် မြည်လာသည်။

ကျွန်းမာရေးသားဖွားဆရာမနှင့် အရပ်ဝမ်းဆွဲကြီး ...က-

'ဟာ..မွေးတော့မယ်၊ မွေးတော့မယ်။ ဘေးလူတွေ ...ဖယ်ကြပါ၊ ဖယ်ကြပါ'

'ဟုတ်တယ် ဆရာမလေး၊ ဟုတ်တယ်'

ဆရာမလေးနှင့် အရပ်ဝမ်းဆွဲကြီး၏ အပြောကြောင့် ...ကိုသိန်းဆွေကပါ အပြင်ကို ပြန်ထွက်လာပြီး ကျွန်တော် ...နှင့် လွင်လွင်ကျော်ကိုပါခေါ်ပြီး ခြံထောင့်မှ မန်ကျည်းပင် ...အောက်တွင် ခင်းထားသော ခုံတန်းရှည်တွင် ထိုင်လိုက် ...ကြသည်။

အိမ်ပေါ်မှ ကလေးငိုသံက 'အင်ဲ..အင်ဲ'ဟု ထွက် ...ပေါ်လာသည်။ ကိုသိန်းဆွေ၏မျက်နှာမှာ ရွှင်မြူး၍ သွား

များ ပေါ်သည်အထိ ပြုံးသွားသည်။

ကျွန်တော့်ကိုလည်း ကျေးဇူးတင်စွာဖြင့် ကြည့်သည်။ ခဏအကြာတွင် အရပ်ဝမ်းဆွဲ အမျိုးသမီးကြီးက အနီး ပိတ်ဖြူဖြူနှင့် ပတ်ထုတ်ထားသော ကလေးလေးကို ပွေ့၍-

'ဟဲ့..သိန်းဆွေ၊ ဒီမှာ လာကြည့်။ ယောကျ်ားလေး။ မိစိမ်းလည်း နေကောင်းတယ်'

ကိုသိန်းဆွေက ထိုင်ရာမှ အပြုံးမျက်နှာနှင့် ထသွားလေသည်။ အရပ်ဝမ်းဆွဲ အမျိုးသမီးကြီးက ကိုသိန်းဆွေကို မေးလိုက်သံ ကြားလိုက်သည်။

'သိန်းဆွေ..မိစိမ်းကို ဘာဆေးဝင်တိုက်လိုက်တာလဲ။ လက်ထဲကကိုင်ပြီး ဝင်သွားတာ တွေ့လိုက်တယ်။ အခုတော့လည်း ရှောရှောရှူရှူနဲ့ပဲ'

'ကျုပ် မသိဘူး ဒေါ်ကြီးတုတ်၊ ဟိုရန်ကုန်ဆရာသည်



နီးပြားကို နယ်ပုံချိုးထားသည်

နယ်ပုံချိုး နီးဆံထိုး



www.burmeseclassic.com

www.burmeseclassic.com

ချိုးပေးတဲ့ နီးချောင်းကို မစိမ်းခေါင်းက ဆံထုံးမှာ ထိုးပေးခိုင်းတာပဲလေ'

'ဟဲ့··သိန်းဆွေ၊ မိစိမ်းက ဆေးရုံပို့မှရမှာလို့ ဆရာမလေးကပြောတာ နင့်ကိုတောင် အချိန်ဆွဲလို့ ပြောနေသေးတယ်'

'ဟုတ်ကဲ့၊ အခု အခုကျတော့ရော'

'အောင်မယ်လေး သိန်းဆွေရယ်၊ မွေးလို့အပြင်လည်း ရောက် ကောင်းလည်း ကောင်းနေပါပြီတော်'

ကိုသိန်းဆွေ၏မိန်းမ မစိမ်းမြတစ်ယောက် ရင်သွေးကို ကျန်းမာစွာ မွေးဖွားနိုင်လိုက်သည့်အတွက်က ဝမ်းသာပီတိနှင့် ဘာစကားမှမပြောဘဲ လွင်လွင်ကျော်နှင့်အတူ ကိုသိန်းဆွေ၏အိမ်မှ ပြန်လာခဲ့သည်။

ည၏ လရောင်လေးနှင့် ခြံဝိုင်းထဲမှ ခုံတန်းရှည်မှာ ထိုင်ကြပြီး ပဲခြမ်းသုပ်၊ ရေနွေးကြမ်းနှင့် ဝိုင်းဖွဲ့မိကြသည်။ ဒါက ကိုသိန်းဆွေ၏ အိမ်ခြံဝိုင်းထဲမှာဖြစ်သည်။ လူက စုံနေသည်။

လွင်လွင်ကျော်ကပင်-

'အစ်ကို··မနက်က ကိုသိန်းဆွေကို နီးပြားယူခိုင်းပြီး အိမ်ခေါင်မိုးမှာလည်း ထိုးရတယ်၊ နောက်ပြန်ယူပြီး အစ်ကို ချိုးပေးလိုက်တဲ့ နယ်ပုံကို မစိမ်းမြရဲ့ခေါင်းက ဆံပင်မှာ ထိုးခိုင်းတာကို သိချင်ကြလို့ လူစုံနေတာပဲ အစ်ကို'

လွင်လွင်ကျော်၏ အမေးစကားကို ဖြေရတော့ ဒါလည်း တစ်မျိုးကောင်းသည်။ အားလုံးသိတော့ မှတ်သားထားပြီး နောင်အရေးပေါ် သုံး၍ရသည်။

'အေး··အစ်ကိုက အဲဒီလိုမှ မေးပါ့မလားလို့ကွာ။ ပြောပါ့မယ်။ မယုံကြည်စရာတော့ကောင်းတာ အမှန်ပဲ။ ဒီလိုကွ'

အဲဒီနည်း ယနေ့မသိတဲ့ လူတွေများလို့ ပျောက်ကွယ်သလိုဖြစ်ပြီး အသုံးမပြုကြတော့ဘူး။ မိမိရဲ့အနီးဝန်းကျင်မှာဖြစ်ဖြစ်၊ ခရီးသွားရင်း ကြုံတတ်တဲ့ ကိုယ်ဝန်ဆောင်နေ့စေ့ လစေ့နေပြီး မမွေးဖွားနိုင်ဖြစ်လို့ ဝေဒနာခံစားနေရတဲ့ အမျိုးသမီးကိုများ တွေ့ခဲ့ရင် ကိုယ်ဝန်ဆောင်သူကိုပဲဖြစ်ဖြစ် သူ့လင်ယောကျ်ားကိုပဲဖြစ်ဖြစ် အိမ်ခေါင်မိုးက တစ်ထွာ၊ တစ်မိုက်လောက်ရှိတဲ့ နီးပြားခပ်ပျော့ပျော့တစ်ချောင်းယူခိုင်း (ဓနိ၊ သက်ငယ်၊ အင်ဖက်၊ တောင်ထန်း)

အလွတ်မရရင် ချည်ထားတဲ့နီးလည်း ရတယ်။ တွေ့ရာနီး မဟုတ်ဘူးနော်။ ခေါင်မိုးကနီးပဲ ဖြစ်ရမယ်။ အဲ··သွပ်မိုး အုတ်ကြွပ်မိုးတို့၊ တိုက်အိမ်တို့ဆို နီးကို တစ်နေရာက ကိုယ်ဝန်ဆောင်သူကိုယ်တိုင်ဖြစ်ဖြစ်၊ လင်သားဖြစ်သူက ဖြစ်ဖြစ် ယူလာပြီး အိမ်ခေါင်မိုးမှာ ခဏထိုးထားပြီး ပြန်ယူရမယ်။ အဲဒီမှာလည်း နီးပြားကို ကိုင်တဲ့လူရဲ့လက်က ဘယ်လက်ဆို ဘယ်လက်ဖြစ်ရမယ်။ ညာလက်ဆိုရင်လည်း ညာလက်ပဲ ဖြစ်ရမယ်။ လက်ပြောင်းမကိုင်ရဘူး

'အင်း··ရန်ကုန်ဒေသိုသည်ပြောတဲ့ ဂမ္ဘီရဆေးနည်းတာ မှန်တာပေါ့'

'အေးပေါ့ကွာ။ ငါတို့ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်ကျော်တွေတောင် အခုမှ ကြားဖူးတယ်'

'ဟုတ်ကဲ့ပါ၊ အဲဒီ ကုထုံးနည်းက ပျောက်ကွယ်သလောက်ပါပဲ။ အဲ··နီးပြားရပြီဆိုရင် နယ်ပုံချိုးယူပြီး ကိုယ်ဝန်ဆောင်သည်ရဲ့ လင်သားကိုယ်တိုင်ပဲ ခေါင်းက ဆံထုံးမှာ ထိုးပေးရမယ်။ အဲဒါဆိုရင် ဘယ်လောက်ခက် ခဲတဲ့ ကိုယ်ဝန်ဖြစ်ဖြစ် အလွယ်တကူ မွေးဖွားနိုင်တယ် အခု လက်တွေ့ပဲ။ ကိုသိန်းဆွေကိုယ်တိုင် မစိမ်းမြ နယ်ပုံ နီးပြားနဲ့ ခေါင်းမှာထိုးပေးလို့ အလွယ်တကူ မွေးဖွားနိုင်တာပေါ့'

အခန်းထဲမှ ထွက်လာသော ကျန်းမာရေးသားဖွား ဆရာမလေးနှင့် အရပ်ဝမ်းဆွဲ အမျိုးသမီးကြီးပါ စကား ဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး ရေနွေးကြမ်းသောက်ပြီး-

'မွေးမယ့်မွေးတော့လည်း ဘာမှတောင် မလုပ်လိုက် ရဘူး။ အမှန်က ကျုပ်တို့အတွေ့အကြုံအရ ဒါက ဆေး ပို့ရမယ့် အနေအထားပဲ'

'ဟုတ်တယ် ဒေါ်တုတ်ရဲ့။ အခုက ဒီရန်ကုန်ဒေ သည်က ဂမ္ဘီရနီးပြား ဆေးနည်းနဲ့ ကူလိုက်တော့ လွ ကူပြီး သက်သက်သာသာနဲ့ မိစိမ်း မွေးနိုင်တာ'

'ကောင်းလိုက်တဲ့နည်းတော့'

အရပ်ဝမ်းဆွဲဒေါ်တုတ်၏ စကားအဆုံးတွင် အား ၏ မျက်နှာများမှာ ပြုံးနေကြသည်။

ကိုသိန်းဆွေ၏ ဦးလေးတော်သူ အသက်( လောက် ရှိသူက-

'ကဲ··ကဲ··ရန်ကုန်ဒေသိုသည်ရေ၊ နီးပြားနယ်ဆံ အကြောင်းတော့ လုပ်ကိုင်ပုံလေး အခေါ်အဝေါ် နည်



www.burmeseclassic.com

www.burmeseclassic.com

...သာယလေးလည်း ပြောခဲ့ဦးလေ'

'ဟုတ်ကဲ့ပါ'

ကြို့ပင်သာရွာမှ လွင်လွင်ကျော်နှင့်အတူ ကိုသိန်း...အပါအဝင် လူအတော်တော်များများက နီးပြားနငယ်...ကို အတောင်ပင် စိတ်ဝင်စားသွားကြသည်။ ကျွန်တော်...လည်း ဒါဟာ ကုသိုလ်ဒါနဖြစ်သည့် ဇီဝိတဒါနဟု...အတ်မှတ်ထားသဖြင့် ပြည့်စုံအောင် ရှင်းပြလိုက်သည်။

'ဒီလိုပါ။ ဂမ္ဘီရ နငယ်နဲ့ ခက်ခဲတဲ့ ကိုယ်ဝန်သားကို...င်းချကုစားခြင်းလို့လည်း ခေါ်နိုင်ပါတယ်။ ဒါမှလည်း...ဖြစ်အားနည်းတဲ့ ကိုယ်ဝန်ဆောင်၊ ညှပ်ရိုးကျဉ်းတဲ့ ကိုယ်...ဝန်ဆောင်တွေဟာ ဆေးရုံသွားမှ ရမယ်ဆိုတော့ ခရီး...ဝေး၊ အချိန်အခါဆိုတာရှိသလို ဝေးလံတဲ့အရပ်များဆို...ရင် ဒုက္ခရောက်ဖို့ပဲ ရှိတဲ့အတွက် ဒီနည်းလေးက သိထား...သင့်တယ်လေ'

နီးသည် စနေနံဖြစ်သည်။

ဆံပင်တွင် ထိုး၍ရအောင် ပုံချိုးသည်ကလည်း န...နေနံပဲ ဖြစ်၏။ စနေသည် မီးဓာတ်၊ တေဇောဖြစ်၏။

ကိုယ်ဝန်ကို မွေးဖွားရန် တွန်းအားပေးခြင်းမှာ ဝါယောဓာတ်၏ မိတ်ဖက်ဖြစ်သော တေဇောနှင့် မီးထိုးတွန်းတိုက်ပေးခြင်း၊ ကိုယ်ဝန်ကို ဖိတွန်းချမှုကျသည့်သဘော။ ဖိအားလိုခြင်းအတွက် အပေါ်အမြင့်ပိုင်းမှ ရယူသောအားဖြင့် ဖိတွန်းပေးသည်ဟု ယူမှတ်၍ ယုံကြည်စွာ ပြုလုပ်ခြင်းဖြစ်သဖြင့် ခက်ခဲသောကိုယ်ဝန်မှာ လွယ်ကူစွာ ဖွားမြင်နိုင်ခြင်း ဖြစ်သည်။

ကျွန်တော်၏ ရှင်းပြမှုကို တချို့က သေချာစွာလိုက်မှတ်ကြသည်။ ကျွန်တော် ကြို့ပင်သာရွာတွင် ရှိနေစဉ် အိမ်တိုင်းစေ့ ထမင်းစားခေါ်သည်။ လွင်လွင်ကျော်တို့၏ အိမ်ကိုမှမဟုတ်၊ တစ်ရွာလုံး၏ အိမ်များကိုပါ လည်ပတ်ပါဟု ဖိတ်ခေါ်ကြသည်။

**စိုးယဉ်တွန်း**

<u>**မှတ်ချက်**</u>

ဂမ္ဘီရ နငယ်နီးပြား ဆေးနည်းကို ပေးခဲ့သော မော်တီဆရာရွှေမင်း(ဦးလေး)ကို ကျေးဇူးတင် ဦးခိုက်ပါသည်။


အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း

ဆရာ မိုးသစ်ခိုင်



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
...ဝဆိုတာ လွှင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
...ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
...ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

တဲရော့ ဗေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၅၃၀ ၈၁၂၁၉

www.burmeseclassic.com

# [၂၀၁၇]ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူကြွရွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀ - ၈:၁၀ | မိန် |
| ၈:၁၀ - ၁၀:၁၀ | မိဿ |
| ၁၀:၁၀ - ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀ - ၁၄:၁၀ | မေထုန် |
| ၁၄:၁၀ - ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀ - ၁၈:၁၀ | သိဟ် |
| ၁၈:၁၀ - ၂၀:၁၀ | ကန် |
| ၂၀:၁၀ - ၂၂:၁၀ | တူ |
| ၂၂:၁၀ - ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀ - ၂:၁၀ | ဓနု |
| ၂:၁၀ - ၄:၁၀ | မကာရ |
| ၄:၁၀ - ၆:၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅:၄၅ - ၀၇:၄၅ | မိဿ |
| ၀၇:၄၅ - ၀၉:၄၅ | ပြိဿ |
| ၀၉:၄၅ - ၁၁:၄၅ | မေထုန် |
| ၁၁:၄၅ - ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅ - ၁၅:၄၅ | သိဟ် |
| ၁၅:၄၅ - ၁၇:၄၅ | ကန် |
| ၁၇:၄၅ - ၁၉:၄၅ | တူ |
| ၁၉:၄၅ - ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅ - ၂၃:၄၅ | ဓနု |
| ၂၃:၄၅ - ၀၁:၄၅ | မကာရ |
| ၀၁:၄၅ - ၀၃:၄၅ | ကုမ် |
| ၀၃:၄၅ - ၀၅:၄၅ | မိန် |

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ
ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ်၊ ဖေဖော်ဝါရီလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ကျန်းမာရေး ညံ့မည်။ ရည်ရွယ်ချက်များ အောင်မြင်ခါနီး ပျက်သွားတတ်၏။ (၂၂)ရက်နေ့ထိ လုပ်ငန်းခွင်တွင် အတိုက်အခံ တွေ့ရမည်။ သို့သော် မိမိ အနိုင်ရမည်။ ပေါင်လုံး၊ ပေါင်တံများ ကိုက်ခဲနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

သစ်လုပ်ငန်းရှင်များ ရှင်းပြီးသားပြဿနာ ပြန်ရှုပ်လာတတ်၏။ အလုပြင် အလုဆင် လုပ်ငန်းဟူသမျှ ကံမကောင်းနိုင်ပါ။ ပဲတောင်သူများ မှန်းဈေး မရနိုင်ပါ။ နောက်ဆုံးပတ်တွင် မြတ်နိုးစရာ လက်ဆောင်ကောင်းရလိမ့်မည်။ ရွှေဆိုင်များ၊ ရေသန့်လုပ်ငန်းရှင်များ၊ ရှေ့နေ၊ ပွဲစားများ အတိုက်အခံကြောင့် ဆုံးရှုံးနစ်နာတတ်၏။ ကုန်စိမ်းရောင်းဝယ်သူများ မှန်းချက်နှင့် နမ်းထွက်မကိုက်နိုင်ပါ။ အဖေ၊ အဖေနှင့်တူသူ၊ အကြီးအကဲများရဲ့ အကြံဉာဏ်ကိုယူပြီး လုပ်ငန်းစတင်ပါက အောင်မြင်လိမ့်မည်။ အချစ်ရေး ကံမကောင်းနိုင်သေးပါ။ (၁၂၊ ၁၃)ရက်များတွင် နေအိမ်နေရာဒေသတွက် စိတ်ရှုပ်ထွေးနေလိမ့်မည်။ အလုပ်လက်မဲ့ ဖြစ်နေသူများ (၂၄၊ ၂၅)ကို နောက်ဆုံးထားပြီး အလုပ်ရသွားမည်။ ဥပဒေနှင့်မကင်းတဲ့ အမှောင်လောကသားများ ငွေရှင်နေတတ်၏။ သို့သော် အဖတ်ဆယ်မရအောင် ဂုဏ်သိက္ခာကျလိမ့်မည်။ (၁၂၊ ၁၃)နှင့် (၂၁၊ ၂၂)ရက်များကိုဆောင်၊ (၁၉၊ ၂၀)နှင့် (၂၇၊ ၂၈)ရက်များကို ရှောင်ပါ။

**ယတြာ**

မွေးနေ့တွင် စာသင်တိုက်တစ်တိုက်သို့သွားပြီး ဆားတစ်ပိဿာ လှူလိုက်ပါ။ စိတ်ညစ်စရာများ ကင်းစင်သွားလိမ့်မည်။

## ပြိဿလဂ် (Taurus)



ဘဝမြင့်မားနေသလို ဝင်ငွေလာဘ်လာဘလည်း ကောင်းနေမည်။ အတုအယောင် ဟန်ဆောင်ပြရတဲ့ သရုပ်ဆောင်များ၊ မိတ္တူ၊ ပုံတူ၊ ပန်းချီ၊ ပန်းပုလုပ်ငန်းရှင်များ အထူးကောင်းတဲ့ လပါ။ အရွယ်ရှိသူမိန်းမ,ယောကျ်ားများ သံယောဇဉ်များထားမိတတ်၏။ အိမ်ထောင်ရေး၊ အိမ်ထောင်ဖက်နှင့်ပတ်သက်တဲ့ သောကများ ယခင်ထက် သိသိသာသာ လျော့ပါးသွားမည်။ ပထမပတ်တွင် ငွေကြေးအနည်းငယ် ခက်ခဲသော်လည်း နောက်ပိုင်း အဆင်ပြေသွားမည်။ အချစ်ရေးကတော့ ပျော်ရွှင်စရာကောင်းနေမှာပါ။ သားရေးသမီးရေး စိတ်အေးရလိမ့်မည်။ သားသမီး ပညာရေး၊ မိမိကျန်းမာရေး အစစအရာရာ အဆင်ပြေနေမည်။ ဂုဏ်သိက္ခာ တိုးတက်မြင့်မားနေမည်။ ယခင်က အဆင်မပြေခဲ့တဲ့ လုပ်ငန်းများ အဆင်ပြေနေမည်။ ရွှေကုန်သည်များ၊ စာချဘုန်းကြီး၊ တရားဟော ဓမ္မကထိကများ ဂုဏ်သိက္ခာရှိရှိနှင့် ဝင်ငွေကောင်းနေမည်။ ရှေ့နေ၊ ပွဲစားများ ပထမပတ်ကို ရှောင်ပါ။ မည်သူမဆို ယခုလတွင် စုဆောင်းဖို့ထက် တိုးချဲ့လုပ်ကိုင်ဖို့သာ အာရုံပြုပါ။ အချစ်ရေး၊ သားရေးသမီးရေး၊ ပညာရေးနှင့် ငွေကြေးအတွက် (၁၄၊ ၁၅)ရက်များကိုဆောင်၊ အလုပ်အကိုင်အတွက် (၂၆၊ ၂၇)ရက်များကို ဆောင်ပါ။ (၃၊ ၄)နှင့် (၁၆၊ ၁၇)ရက်များကို ရှောင်ပါ။

**ယတြာ**

မိမိကြည်ညိုရာ ဘုရား၊ ပုထိုး၊ စေတီ၊ ဘုန်းကြီးကျောင်းမှာ မီးသီး၊ မီးချောင်း စတဲ့ အလင်းပစ္စည်းများ စေတနာရှိသလောက် လှူပါလေ။

## မေထုန်လဂ် (Gemini)



သင့်အိမ်ထောင်ရေး မတွေးဝံ့စရာ ဖြစ်လာတတ်ပါသည်။ သို့မဟုတ် အိမ်ထောင်ဖက် ကျန်းမာရေး ဆိုးဝါးလာမည်။ ကုမ္ပဏီဝန်ထမ်းများ ပြဿနာတစ်ခုမဟုတ်တစ်ခု တက်လာတတ်၏။ မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်၏။ အာဏာပိုင်တို့ ဟန့်တားခြင်းကြောင့် သင့်လုပ်ငန်း ရပ်တန့်လုလု ဖြစ်သွားမည်။ အမှုဟောင်း၊ ပြဿနာဟောင်းများ အသစ်သဖွယ် ပြန်ဖြစ်လာတတ်ပါသည်။ စကားမကျွံ နှုတ်မလွန်ပါစေနှင့်။ (၄)ရက်နေ့နောက်ပိုင်းတွင် အလုပ်အတွက် အကြွေးတင်သွားတတ်ပါသည်။ မပူပါနှင့်၊ သင့်လုပ်ငန်း အဆင်ပြေသွားလိမ့်မည်။ စာပေအနုပညာရှင်များ ဘဝမြင့်မားနေမည်။ ကျောင်းသူ/သားများ ရည်မှန်းချက် အောင်မြင်မည်။ အလုပ်တစ်ဖက်နှင့် ပညာသင်နေသူများ မနာလိုသူကြောင့် စိတ်ဆင်းရဲရတတ်၏။ သစ်သီးပွဲရုံများ၊ သစ်သီးဖျော်ရည် လုပ်ငန်းရှင်များ အထူးအကျိုးပေးတဲ့ ကာလပါ။ မီးဖိုချောင်သုံးပစ္စည်း ရောင်းဝယ်သူများ မြတ်စွန်းမည်။ (၁၆၊ ၁၇၊ ၁၈)ရက်များကိုဆောင်၊ (၅၊ ၆)နှင့် (၁၉၊ ၂၀)ရက်များကို ရှောင်ပါလေ။

**ယတြာ**

မွေးနေ့တွင် နာနတ်ဖျော်ရည် တတ်နိုင်သလောက်



www.burmeseclassic.com

www.burmeseclassic.com

ထူးခါန်းကျွေးမွေးပြီး ပစ္စယုဒ္ဒေသ ပါဠိတော်ကို သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

## တရုကာင်လဂ် (Cancer)



ဝေဒနာဟောင်း အသစ်ပြန်ဖြစ်လာတတ်၏။ အရှေ့မြောက်အရပ်နှင့် ယင်းအရပ်က ဗုဒ္ဓဟူးသားသမီးများကို သတိထားဆက်ဆံပါ။ ယခင်နှင့်မတူ တမူထူးပြီး မေ့တတ်လာမည်။ မှတ်ဉာဏ်များ အားနည်းနေမည်။ တတိယပတ်တွင် စိတ်ညစ်ရာကောင်းလောက်အောင် အတိုက်အခံ၊ အနှောင့်အယှက် တွေ့လိမ့်မည်။ အဟန့်အတား မထင်ပါနှင့်။ မဖြစ်မနေ ကျော်လွှားရမည့် မှတ်တိုင်ဟု သဘောထားပါ။ သို့မှသာ စိတ်သက်သာပြီး အောင်မြင်သွားမည်။ သင့်ဖွဲ့လုံ့လကြောင့် သင့်ဂုဏ်သတင်း ကျော်စောနေမည်။ ဂုဏ်သိက္ခာလည်းတက်၊ ဆုလာဘ်လည်း ရလိမ့်မည်။ အမြဲသတိထားနေရမှာကတော့ ရန်သူဆန့်တဲ့ အတိုက်အခံပါ။ ရစရာရှိတဲ့ အကြွေးကိစ္စကို လကုန်ခါနီး ကပ်မပြောပါနှင့်၊ ပြဿနာတက်တတ်ပါသည်။ တစ်ခါတစ်ရံ သူတစ်ပါး ပယောဂကြောင့် လုပ်သင့်တာ မလုပ်ချင် ဖြစ်နေတတ်၏။ ငါ့ဘဝရဲ့ အဓိကဦးဆောင်သူဟာ ငါပဲလို့ နှလုံးသွင်းလိုက်ပါ။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာမှစ၍ ထုတ်လုပ်ဖြန့်ဖြူးသူများ၊ ဝန်ထမ်းများ၊ ရောင်းဝယ်သူများ အကျိုးထူးမည်။ အချစ်ရေးအတွက် (၁၆၊ ၁၇၊ ၁၈)ရက်များကို ဆောင်၊ အလုပ်အကိုင်အတွက် (၂၊ ၃၊ ၄)ရက်များကို ဆောင်၊ (၂၁၊ ၂၂၊ ၂၃)ရက်များကို ရှောင်ပါ။

**ယတြာ**

မီးဖိုချောင်သုံး ဓားငယ်သုံးလက် ဝယ်ပြီး သီလရှင် သုံးပါးအား တစ်ပါးတစ်လက်စီ လှူပေးလိုက်ပါ။

## သိဟ်လဂ် (Leo)



သင့်ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ မူးဝေအော့အန်တဲ့ဝေဒနာ ခံစားလာရတတ်ပါသည်။ ပထမလဝက်တွင် မခံချင်လောက်အောင် ဆန့်ကျင်ဘက်တွေ့ရတတ်ပြီး ဒုတိယလဝက်မှာတော့ အရာရာ အဆင်တပြေဖြစ်သွားမည်။ ကုမ္ပဏီဝန်ထမ်းဆိုပါက ဆိုင်ရာ,ဆိုင်ရာ ဆုလဒ်များ ရရှိလိမ့်မည်။ ဌာနဆိုင်ရာ အကြီးအကဲများ သင်တန်းပညာ တစ်ခုခု တက်ရောက်ရပြီး ရာထူးတိုးသွားမည်။ ဥပဒေဝန်ထမ်းများ အမှားအယွင်းလုပ်မိ၍ အရေးယူခံရတတ်ပါသည်။ ပညာသင် လူငယ်မောင်မယ်များ မင်းပြစ်မင်းဒဏ် သင့်တတ်၏။ နိုင်ငံရေးနှင့် ဝေးဝေးနေပါ။ ဘဝနှောင်ရေး တွေးတောပူပန်မှု များလွန်း၍ တွဲထားတဲ့လက် ဖြုတ်ခံရကာ ချစ်သူနှစ်ဦး ဝေးသွားရတတ်ပါသည်။ အနာဂတ်ကို တွေးတွေးပြီး ပစ္စုပ္ပန်ကို သစ္စာမဖောက်မိပါစေနှင့်။ အများနှင့် ပူးပေါင်းလုပ်ဆောင်ရတဲ့ အလုပ်ဟူသမျှ သတိထားပါ။ ထီတိုးရင်း မျှော်ကိုးခြင်းထက် စုဆောင်းရင်း မျှော်လင့်ခြင်းက သင့်ရည်ရွယ်ချက်ကို အထမြောက်စေလိမ့်မည်။ မမျှော်လင့်ဘဲ ခြေသလုံးတွင် ဒဏ်ရာရတတ်၏။ အိမ်,ခြံ,မြေ ပွဲစားများ အဆင်ပြေမည်။ အိမ်ခန်းဝယ်လိုသူများ အဆင်တပြေ ဝယ်ဖြစ်သွားမည်။ (၁၊ ၂)နှင့် (၂၄၊ ၂၅)ရက်များကိုရှောင်၊ (၃၊ ၄)နှင့် (၂၂၊ ၂၃)ရက်များကို ဆောင်ပါ။

**ယတြာ**

ဒန်းညွန့်နှင့် အုန်းညွန့်ကို ဆတူရောစည်းပြီး စနေထောင့်နှင့် တနင်္ဂနွေထောင့် ဂြိုဟ်တိုင်ဘုရားတို့တွင် တစ်စည်းစီ လှူလိုက်ပါ။

## ကန်လဂ် (Virgo)



သင့်ပညာရေးခရီး အောင်မြင်လိမ့်မည်။ အချစ်ရေး အဆင်ပြေသော်လည်း အကြင်နာသံယောဇဉ် လျော့နေမည်။ ဆရာ/ဆရာမများ၊ စစ်သည်တော်များ ဘေးကျပ်နံကျပ် အခက်ခဲတွေ့ပြီးမှ အောင်မြင်သွားမည်။ နိုင်ငံခြားသွားရန် စီစဉ်နေပါက လွယ်လင့်တကူ အဆင်ပြေသွားမည်။ လူပျို,အပျို လူလွတ်များ တစ်အိုးတစ်အိမ် ထူထောင်လိုစိတ် ပြင်းပြနေတတ်၏။ တကယ်လည်း ထူထောင်ဖြစ်သွားမည်။ ဂုဏ်သိက္ခာ တိုးတက်မြင့်မားနေချိန်မို့ ဂုဏ်နှင့်ရင်းပြီး သင့်ဆန္ဒကို အကောင်အထည်ဖော်ပါ။ အောင်မြင်သွားလိမ့်မည်။ သားရေးသမီးရေးကို တွေးပူမနေပါနှင့်၊ အလိုလို အဆင်ပြေသွားလိမ့်မည်။ ငွေကြေးကိစ္စဆိုပါက အဖေ၊ အဖေနှင့်တူသူ၊ သို့မဟုတ် အကြီး

www.burmeseclassic.com

အကဲနှင့်သာ တိုင်ပင်လိုက်ပါ။ (၂၅)ရက်ကို နောက်ဆုံးထားလို့ အဆင်ပြေသွားလိမ့်မည်။ နေအိမ်နေရာဒေသ၊ မိခင်နှင့် ပတ်သက်ပြီး စကားများရတတ်၏။ လက်အောက်ငယ်သားအပေါ် အကြင်နာသံယောဇဉ် ပိုလွန်းက ဒုက္ခရောက်တတ်၏။ အိုးတန်ဆန်ခတ် မေတ္တာညွှတ်ပါ။ အစာအိမ်ရောဂါ ခံစားရတတ်၍ လက်သုပ်ချဉ်နှင့် အပူအစပ်စာများ လျှော့စားပါ။ (၅၊ ၆)နှင့် (၂၄၊ ၂၅)ရက်များကိုဆောင်၊ (၁၊ ၂)နှင့် (၁၂၊ ၁၃)ရက်များကို ရှောင်ပါ။

**ယတြာ**

သမ္ဗုဒ္ဓေဂါထာကို မွေးနေ့တိုင်း မွေးနေ့တိုင်း သက်စေ့ရွတ်ပြီး အမွေးတိုင်(၉)တိုင်စီ ပူဇော်ပါလေ။ လိုအင်ဆန္ဒ ပြည့်ဝရလိမ့်မည်။

## တူလဂ် (Libra)



သင့်၏ မှန်ကန်မှုကြောင့် သင့်အတိုက်အခံ၊ ဆန့်ကျင်ဘက် ရန်သူများ ရှုံးနိမ့်သွားလိမ့်မည်။ သို့သော် ရန်သူကို အထင်သေးစိတ် မမွေးပါနှင့်။ သင့်အနားမှာ အမြဲလိုလို ရှိနေလိမ့်မည်။ ပညာသင် လူငယ်များ အက်တစ်မဖြစ်ဘဲ တွန့်ဆုတ်နေတတ်၏။ ပိုပြီးမကြိုးစားချင်နေပါ၊ မပျင်းရိသွားပါနှင့်။ ယခုလတွင် ကံ၊ဉာဏ်တို့ထက် ဝီရိယက သင့်ဘဝကို မြှင့်တင်ပေးလိမ့်မည်။ ပြုံးမပြနိုင်တဲ့ အနေအထားမို့ အချစ်ရေး မတွေးတာ အကောင်းဆုံးပါ။ ငွေကြေး အဆင်မပြေတပြေ ရှိမည်။ သင့်ဂုဏ်သိက္ခာကို မသိမသာ ဖဲ့ဖြိုနေသူများနှင့် ပေါင်းမိနေတတ်၏။ ကိုယ်ပိုင်စည်းကမ်းကို ကောင်းသထက်ကောင်းအောင် ထားခြင်းဖြင့် ရှောင်ရှားပါလေ။ လူသိမခံနိုင်တဲ့ ဝင်ငွေများကြောင့် စိုးရိမ်ထိတ်လန့်နေရတတ်ပါသည်။ ဘဏ်လုပ်ငန်းရှင်များ၊ ဘဏ်ဝန်ထမ်းများ၊ အစုရှယ်ယာဝယ်သူများ ဆုံးကြား ဘူးသီး အနိုင်နိုင်သီးသကဲ့သို့ သည်းထိတ်ရင်ဖိုဖြစ်ပြီးမှ အနည်းငယ် အောင်မြင်မည်။ ဘာပဲလုပ်လုပ် (၇၊ ၈)နှင့် (၂၆၊ ၂၇)ရက်များကိုဆောင်၊ (၁၄၊ ၁၅)ရက်များကို ရှောင်ပါ။

**ယတြာ**

မွေးနေ့တွင် သီလရှင်ဆရာလေးများကို ဆန်ခုနစ်ဘူးလောင်းလှူလိုက်ပါ။ တောင်းတဲ့ဆုနှင့် ပြည့်ဝလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



ညည်းညူနေရတဲ့ ဒုက္ခပေါင်းများစွာက သင် လွတ်မြောက်ပြီဟု ဟောကိန်းထုတ်ရပေမည်။ ဘဝရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရန် နီးထပါလော့။ သင့်ကြိုးစားမှုအားလျော်စွာ သင့်ရဲ့ ပညာရေး၊ အချစ်ရေး၊ ငွေကြေးကိစ္စများ အဆင်တပြေ အောင်မြင်သွားလိမ့်မည်။ ယခင်ကထက် ကိုယ်ပိုင်စည်းကမ်းကောင်းလာပြီဟု သင့်စိတ်ထဲ ခံစားမိပါသလား။ သင့်ဝင်ငွေ၊ လာဘ်လာဘလည်း ယခင်ထက် ပိုမိုကောင်းမွန်နေပေလိမ့်မည်။ အိမ်ထောင်ပြုလိုသူများ လောလောဆယ်မပြုဖြစ်သေးပါ။ အဟန့်အတားများကို ကျော်လွှားရပေဦးမည်။ ကုမ္ပဏီထောင်လိုသူများ မထောင်ဖြစ်သေးပါ။ နေရာဒေသ၊ ရာထူးဌာနန္တရ တစ်ခုခုသို့ ပြောင်းရွှေ့ရလိမ့်မည်။ ကောင်းပါသည်၊ ပြောင်းလိုက်ပါ။ ယခုလတွင် မိမိဆန္ဒကိုချည်း ရှေ့တန်းမတင်ပါနှင့်။ အိမ်ဆိုင်ရောင်းသူများ သိသိသာသာ ရောင်းကောင်းပြီး အမြတ်အစွန်းများမည်။ အိမ်ရောင်းလိုသူများ ရောင်းထွက်သွားမည်။ မိခင်အား အထူးဂရုစိုက်လေလေ သင့်ရည်မှန်းချက် အောင်မြင်လေလေပါ။ (၁၄၊ ၁၅၊ ၁၆)-သုံးရက်အတွင်း မွန်မြတ်တဲ့ လက်ဆောင်တစ်ခု ရရှိလိမ့်မည်။ စာရေးဆရာများ ပြဿနာတက်တတ်၏။ လုပ်ငန်းအတွက် (၁၂၊ ၁၃)ရက်များကိုဆောင်၊ အချစ်ရေးအတွက် (၁၊ ၂)နှင့် (၂၇၊ ၂၈)ရက်များကိုဆောင်၊ (၃)နှင့်(၄)ရက်များကို ရှောင်ပါ။

**ယတြာ**

မွေးနေ့တွင် (စ၊ ဆ၊ ဇ၊ ဈ၊ ည)ပါတဲ့ ဘုရားကိုသွားပြီး ငါး၊ လိပ် စတဲ့ တိရစ္ဆာန်များကို အစာကျွေးပါ။

## ဓနုလဂ် (Sagittarius)



အိမ်မှာနေရင်း အလိုလိုနေထိုင်မကောင်းဖြစ်လာတတ်၏။ စိတ်ဝင်စားသည်ဖြစ်စေ၊ မဝင်စားသည်ဖြစ်စေ အလုပ်ကိစ္စသာ သွားလိုက်ပါ။ နေကောင်းသွားပါလိမ့်မည်။ စအိုနာ၊ လိပ်ခေါင်း၊ ဂရင်ဂျိနာများ ခံစား

www.burmeseclassic.com

www.burmeseclassic.com

တော်၍ အပူအစပ်စာ လျှော့စားပြီး အညောင်းမမိအောင် လေ့ကျင့်ခန်းလေး ပုံမှန်လုပ်ပေးပါ။ သင့်အား ကောင်းကျိုးပေးလိမ့်မည်။ လုပ်ငန်းရည်ရွယ်ချက် ကြီးကြီးမားမား ထားပါ။ သို့သော် ရလဒ်မျှော်လင့်ချက် ကြီးကြီးမားမား ထားပါနှင့်။ ထားမိလျှင် ထင်တိုင်းမဖြစ်၊ မျှော်တတိုင်း မရနိုင်သဖြင့် စိတ်ဓာတ်ကျရောက် ခံစားရတတ်ပါသည်။ ဘယ်သူက ဘာပြောပြော၊ ဘယ်သူက ဘယ်လိုပင် သိက္ခာချချ အလုပ်ကိုသာ ဆက်လက်လုပ်ကိုင်ပါ။ သင့်အလုပ်က သင့်အား အောင်မြင်မှုကို ပေးအပ်ပါလိမ့်မည်။ ယုံသာ ယုံလိုက်ပါ။ အကြင်နာသံယောဇဉ်ကြောင့် စိတ်ကူးစိတ်သန်းကောင်းများ ပေါ်ပေါက်လာပြီး မိသားစုကို စိတ်ချမ်းသာမှု ပေးစွမ်းနိုင်လိမ့်မည်။ သတိပေးချင်တာက မတော်တဆ အက်ဆီဒင့် ဖြစ်တတ်ပါသည်။ သို့မဟုတ် ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ရတတ်ပါသည်။ ကောင်းမှုကုသိုလ်၊ ကောင်းတဲ့ အကျင့်စရဏ၊ ရွတ်နေကျ ဂါထာ,မန္တန် တစ်ခုခုဖြင့် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ပါ။ (၃၊ ၄)နှင့် (၁၂၊ ၁၃)ရက်များကိုဆောင်၊ (၅၊ ၆)နှင့် (၁၉၊ ၂၀)ရက်များကို ရှောင်ပါ။

**ယတြာ**

မွေးနေ့ လေးပတ်လုံး ဘုရားသွားပြီး ရာဟုထောင့် ဂြိုဟ်တိုင်ဘုရားတွင် ဆီမီး(၁၂)တိုင်စီ ပူဇော်ပါ။ အမှောင်ခွင်း အလင်းဆောင်လိမ့်မည်။

## မကာရလဂ် (Capricon)



ရည်ရွယ်ချက်များ မသေချာ မရေရာ ဖြစ်နေတတ်ပါသည်။ ကျန်းမာရေးလည်း အကောင်းကြီးမဟုတ်။ ကောင်းလိုက် မကောင်းလိုက် ဖြစ်နေမည်။ ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်သလို အမှုအခင်းဖြစ်တတ်၊ အချုပ်အနှောင်လည်း ခံရတတ်၏။ သတိထားကာ ပညာဖြင့် ဆင်ခြင်နေထိုင်ပါ။ အခန့်မသင့်က စုငွေကုန်တဲ့အပြင် အကြွေးပါ တင်သွားတတ်ပါသည်။ သို့သော် တစ်ဖက်တွင် ကျန်းမာရေး ကောင်းခြင်း၊ ရည်မှန်းချက် အောင်မြင်ခြင်း၊ ဂုဏ်သိက္ခာ တိုးတက်မြင့်မားခြင်းလည်း ရှိလာနိုင်ရာ ယခုလတွင် မိမိသာလျှင် အဓိကဟု ဆိုရပေမည်။ မကောင်းမှု အပြုများပါက ဆိုးကျိုးသက်ရောက်နိုင်ပြီး ကောင်းမှု အပြုများပါက ကောင်းကျိုးသက်ရောက်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ်၊ ဘာပဲပြောပြော (၄)တန့်၊ (၁၁)တန့်သခင် အင်္ဂါဂြိုဟ် (၃)တန့်ရပ်တည်စဉ်မို့ ဝီရိယ အကျိုးကတော့ အထင်အရှား ခံစားရမှာပါ။ စက်တပ်ယာဉ်၊ စက်ပစ္စည်းများနှင့် လုပ်ကိုင်သူများ အသင့်အတင့် ကောင်းကျိုးပေးလိမ့်မည်။ ဝန်ထမ်းများ အလုပ်အကိုင် အဆင်မပြေနိုင်ပါ။ လက်ရှိအလုပ် ပြုတ်တတ်သလို အသစ်ရဖို့လည်း ခက်ခဲနေတတ်၏။ သောကြာနံသင့် ပစ္စည်း ရောင်းဝယ်သူများ အထူးမြတ်စွန်းမည်။ (၅၊ ၆)နှင့် (၁၄၊ ၁၅)ရက်များကိုဆောင်၊ (၇၊ ၈)နှင့် (၂၁၊ ၂၂)ရက်များကို ရှောင်ပါ။

**ယတြာ**

ထန်းလျက် တစ်ပိဿာဝယ်ပြီး သံဃာတန်းကို လောင်းလှူပေးလိုက်ပါ။

## ကုမ်လဂ် (Aquarius)



သူတစ်ပါးနှင့် ပေါင်းဖက်လုပ်ကိုင်ဖို့ရာ မစဉ်းစားပါနှင့်။ ကိုယ့်ဘာသာ ကိုယ်ပိုင်လုပ်ငန်း လုပ်ဖို့ပဲ ကြိုးစားပါ။ ပြောစရာမလိုအောင် ကိုယ်ပိုင်စည်းကမ်း ရှိနေမည်။ ထို့ကြောင့် ဝင်ငွေလာဘ်လာဘ ကောင်းနေမည်။ ဖျားနာရောဂါ အနည်းငယ် ဖြစ်တတ်၏။ မစိုးရိမ်ရပါ။ အလုပ်လုပ်ဖို့၊ ငွေစုဖို့ အရှမ်းစိတ်ရောက်နေမည်။ စုလည်း စုမိမည်။ အမှုအခင်း ပြဿနာဖြစ်က မိမိ အနိုင်ရမည်။ ဆိုင်ကယ်၊ ကား၊ စက်ဘီး ဝယ်ရန် ရည်ရွယ်ထားပါက ဝယ်ဖြစ်သွားမည်။ နေအိမ်မိသားစုနှင့် ပတ်သက်ပြီး စိတ်ချမ်းသာရမည်။ အိမ်ထောင်ရေး ဖောက်ပြန်မှု မဖြစ်အောင်သာ သတိထားပါ။ အရာရာ အဆင်ပြေလိမ့်မည်။ ဝက်သားစားခြင်း အထူးရှောင်ပါ။ (၉၊ ၁၀၊ ၁၁)ရက်များ ဝန်းကျင်တွင် ကောင်းသတင်းတစ်ခု ကြားရလိမ့်မည်။ ကျောင်းသား/သူများ ပညာရေးကို အထူးဂရုစိုက်နိုင်မှ တော်ကာကျမည်။ ဂရုမစိုက်လျှင် စာမေးပွဲမအောင်နိုင်ပါ။ အချစ်ရေး မစဉ်းစားပါနှင့်။ အဆင်မပြေနိုင်ပါ။ အလုပ်အကိုင် ပြောင်းချင်စိတ် ပေါက်နေတတ်၏။ မပြောင်းပါနှင့်။ (၇၊ ၈)နှင့် (၁၆၊ ၁၇၊ ၁၈)ရက်များကိုဆောင်၊ (၁၄၊ ၁၅)နှင့် (၂၄၊ ၂၅)ရက်များကို ရှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ယတြာ

ရွက်လှ(၄)ညွန့်၊ အုန်းညွန့်(၃)ညွန့် ရောပြီး အိမ်ရှိဘုရားမှာ ညောင်ရေအိုးထိုးပါ။ အောင်မြင်သွားလိမ့်မည်။

## မိန်လဂ် (Pisces)



ရလျှင် အချိုကြီး ရနိုင်ပြီး နစ်နာပါကလည်း အများကြီး နစ်နာနိုင်ပါသည်။ ထို့ကြောင့် အရာရာကို ဉာဏ်ဖြင့် ချင့်ချိန်ကာ လောဘမတက်ဘဲ ဝီရိယဖြင့်သာ လုပ်ဆောင်ပါ။ (၁၃)ရက်နောက်ပိုင်းတွင် မနာလိုသူကြောင့် အခွင့်အရေးများ ဆုံးရှုံးရတတ်၏။ ဂုဏ်သိက္ခာကို အရင်းအနှီးပြုကာ လုပ်ကိုင်သူများ အထွတ်အထိပ်ရောက်မည်။ တစ်ဦးတည်း လုပ်ခြင်းထက် ဖက်စပ်လုပ်ခြင်းက ပို၍အကျိုးပေးလိမ့်မည်။ အလုပ်နှင့်ပတ်သက်ပြီး စိုးရိမ်သောက ဖြစ်နေရတတ်၏။ နောင်ရေး တွေးလွန်းလျှင် ပို၍အဆင်မပြေ ဖြစ်လာမည်။ လက်ရှိပစ္စုပ္ပန်ကို အဓိက အာရုံစိုက်ပါ။ ခေါင်းထောင်နိုင်လာလိမ့်မည်။ ပညာရေးအနေအထားအယှက် ကင်းပါသည်။ ကြိုးစားသည့်အလျောက် အောင်ပွဲဆင်နိုင်မည်။ အချစ်ရေးကတော့ (၉၊ ၁၀၊ ၁၁)ရက်များမှာ အထူးကံကောင်းလိမ့်မည်။ အိမ်ထောင်ရေး စိတ်ချမ်းသာမည်။ လူပျိုလူလွတ်များ တင့်တင့်တယ်တယ် အိမ်ထောင်ကျတတ်ပါသည်။ ဘာပဲပြောပြော ရည်ရွယ်ချက်များ အောင်မြင်မည့်ကာလမို့ အကောင်အထည် ဖော်ဖြစ်အောင် ဖော်လိုက်ပါ။ တွန့်ဆုတ်မနေပါနှင့်။ (၉၊ ၁၀)နှင့် (၁၉၊ ၂၀)ရက်များကို ဆောင်၊ (၁၆၊ ၁၇)နှင့် (၂၆၊ ၂၇)ရက်များကို ရှောင်ပါ။

ယတြာ

အိမ်ရှိဘုရားကို အမွှေးနံ့သာရည်ဖြင့် သပ္ပာယ်ကာ အမွှေးတိုင်(၁၈)တိုင် ပူဇော်လိုက်ပါ။ သင့်ဆန္ဒ ပြည့်ဝရလိမ့်မည်။

**ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ**
**ဆရာကံထူး(ဝေဒသုတေသီ)**
၀၉ ၄၀ ၁၅၃ ၄၄ ၆၆
၀၉ ၇၇၂ ၁၅၀ ၅၇၈

Dictionary for All

THALUN Bookstore Yangon

သာလွန်

အင်္ဂလိပ်–မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၅၁၀
အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ၃၇၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈

www.burmeseclassic.com



ဂမ္ဘီရပရိသတ်ဆော်ဝ ရန်

ဆရာရန်အောင်ဟိန်း ဖြေသည်

# ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

**အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

- မေးသူ၏အမည် ..............................
- မွေးနေ့ (နှစ်၊ လ၊ ရက်) ..............................
- မွေးဖွားရာ မြို့/ရွာ ..............................
- အချိန်နာရီ (နေ့/ည) ..............................

**မေးခွန်းများ**

(၁) ..............................

(၂) ..............................

(၃) ..............................



www.burmeseclassic.com


www.burmeseclassic.com

ရှိရှယ်ရှိသတ်မေးရ

# ဆရာကြန်ဒေဘောင်ဝါဒိုး ဖြေသည်

**ဖွေးဖွေး**

**(၁၆-၂-၁၉၈၄၊ ၁၃း၀၄ နာရီ၊ ပဲခူးမြို့)**




၁။ *ဘ၀တွင် မည်သည့်အဆင့်အတန်းမျိုးနှင့် နေသွားရမည်နည်း။*

လဂ်သခင် ဇြကြာဂြိုဟ် (၉)တန့်တွင် (၂၊ ၅)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်ကာ (၃)တန့်ရပ် (၃)တန့်သခင် ၂လ်ာဂြိုဟ်နှင့် အမြင်ကြုံနေကြသည်။ (၁၀)တန့်သခင် စနေဂြိုဟ် (၆)တန့်တွင် ဥစ်မူ ရပ်တည်ပြီး (၇၊ ၁၂) သခင် အင်္ဂါဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်။ ဘ၀ကံအရ အလတ်စား ကြီးပွားပါမည်။


၂။ *အိမ်၊ ယာဉ်ကား ပိုင်ဆိုင်မှု။*

(၄)တန့်သခင် ၁နွေ (၁၀)တန့်တွင် ရပ်တည်၍ အိမ်ပိုင်နှင့် နေရတတ်သော်လည်း ယာဉ်ကာရက ဇြကြာ မဆက်သွယ်၍ ယာဉ်ပိုင်ကိန်း အားနည်းပါသည်။

၃။ *အိမ်ထောင်ရေးကံ။*

(၇)တန့်သခင်ဂြိုဟ် အင်္ဂါ (၆)တန့်တွင် ရပ်တည်၍ (၉၊ ၁၀)သခင် စနေနှင့် ပူး၍ အိမ်ထောင်ကံ အားနည်းပါသည်။ ယခု စားဝင်နေသော ဇြကြာထူလဒသာသည် (၂၉-၉-၂၀၂၀)ထိ စားဝင်ပေမည်။ (၁၊ ၆)သခင်အဖြစ် (၉)တန့်တွင် ရပ်တည်၍ အိမ်ထောင်ရေး မပေါ်နိုင်သေးပါ။ ဇာတာအရ အိမ်ထောင်ရေးမပေါ်ဖို့ များသည်။

**ကိုစောဝင်း**




**(၂၅-၈-၁၉၈၁၊ ၃း၄၅ နာရီ၊ တောင်ကြီးမြို့)**

၁။ *ဘ၀တွင် ဘယ်လိုအဆင့်အတန်းမျိုးဖြင့် နေသွားရမှာလဲ။ ကြီးပွားမည့် အလုပ်အကိုင်။*

လဂ်သခင် ၂လ်ာဂြိုဟ် (၁၂)တန့်ရပ်၍ (၁၀)တန့်သခင် အင်္ဂါ လဂ်တွင် ရာဟုနှင့် ပူးသည်။ (၂)တန့်သခင် ၁နွေဂြိုဟ် (၂)တန့်တွင် (၃၊ ၁၂)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်သည်။ ဘ၀ကံအရ အလတ်စားအဆင့်ထိ ကြီးပွားနိုင်သည်။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ စက်မှုထုတ်ကုန်ပစ္စည်း၊ ယာဉ်ကားလုပ်ငန်းဖြင့် အဆင်ပြေနိုင်သည်။

၂။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် ၄ဟူးဂြိုဟ် (၂)တန့်တွင် (၂)တန့်သခင် ၁နွေနှင့် ပူးယှဉ်ရပ်တည်၍ ထီဆုကြီးပေါက်ကံ ရှိသည်။ (၂၀၁၇)ခုနှစ်ဝင်ပြီးနောက် ထီပေါက်ဖို့ရှိသည်။



www.burmeseclassic.com


www.burmeseclassic.com

၃။ *အိမ်ထောင်ရေးကံ၊ ကာလ။*

(၇)တန့်သခင် စနေဂြိုဟ် (၃)တန့်တွင် (၄၊ ၁၁) သခင် ဗြကြာဂြိုဟ် (၆၊ ၉)သခင် ၅တေးဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ အိမ်ထောင်ကျ နောက်ကျတတ်သည်။ အိမ်ထောင်ကံ သင့်သည်။ (၂၀၂၀-၂၀၂၁)ခုနှစ်တွင် အိမ်ထောင်ကျဖို့ ရှိသည်။

**N.C.L**

**(၂-၁၀-၁၉၈၈၊ ၁၁:၄၇ နာရီ၊ မြင်းခြံမြို့)**




၁။ *မိဘကို ပြုစုလုပ်ကျွေးနိုင်မည်လား။*

(၄)တန့်သခင် ၅တေး (၆)တန့်တွင် ရပ်သည်။ (၉) တန့်သခင် ၁နွေ (၁၁)တန့်တွင် ရပ်သည်။ မိဘကို ပြုစုလုပ်ကျွေးခွင့် ကြုံပါမည်။

၂။ *ဘဝတွင် ချမ်းသာပြည့်စုံမည်လား။*

(၂)တန့်သခင် စနေဂြိုဟ် လက်တွင် ပူး၍ ရပ်တည်သည်။ (၃)တန့်ရပ် (၈)တန့်သခင် ၂လာ (ရာဟုပူး)ကို (၃)တန့် အထူးမြင် ကြုံထားသည်။ သက်လတ်ပိုင်းလွန်ပြီး (၄၀-နှစ်နောက်ပိုင်း)တွင် ပစ္စည်းဥစ္စာ ကြွယ်ဝပြည့်စုံလာမည်။

၃။ *အိမ်ထောင်ကံ ကောင်း/မကောင်း။*


(၇)တန့်သခင်ဂြိုဟ် ၄ဟူး (၉)တန့်တွင် ရပ်တည်ပြီး (၃)တန့်ရပ် (၅၊ ၁၂)သခင် အင်္ဂါနှင့် အမြင်ကြုံနေသည်။ အိမ်ထောင်ကံ ကောင်းသည်ဟု ဆိုနိုင်ပါသည်။ အကျက်ကျက်တော့ ဖြစ်နေတတ်သည်။

**မဝေဝေအောင်**

**(၂-၇-၁၉၈၆၊ ၅:၃၀ နာရီ၊ မန္တလေးမြို့)**

၁။ *ဘဝတွင် အဆင့်မြင့်မြင့် နေရမည်လား။*

လက်သခင်ဂြိုဟ် ၄ဟူး (၂)တန့်တွင် (၅၊ ၁၂)သခင်




ဗြကြာနှင့် ပူးယှဉ်ရပ်တည်သည်။ (၁၀)တန့်သခင် ၅တေး (၉)တန့်ရပ်၍ လက်အား (၅)တန့် အထူးမြင် ကြုံနေသည်။ ဘဝအဆင့်မြင့်စွာ နေရကိန်းရှိသည်။

၂။ *အေးချမ်းပြည့်စုံစွာ အခြေချသင့်သော နေရာ။*


လက်သခင်ဂြိုဟ် (၁၂)တန့်သခင်နှင့် ပူးခြင်း၊ (၄) တန့်သခင်ဂြိုဟ်လည်း ဖြစ်သောကြောင့် ဇာတိမှ မြောက်ဘက် ဝေးကွာသော အရပ်ဒေသ တစ်ခုတွင် အခြေချသင့်ပါသည်။

၃။ *အိမ်ထောင်ကံ ကောင်း/မကောင်း။*

(၇)တန့်သခင်ဂြိုဟ် ၅တေး (၉)တန့်တွင် ရပ်တည်၍ (၅)တန့်ဘာဝ လက်၊ (၃)တန့်တို့အား အမြင်ကြုံထားသည်။ အိမ်ထောင်ကံ ကောင်းပါသည်။

**မဆုမြတ်ချယ်**

**(၂၅-၉-၁၉၉၀၊ ၈:၀၆ နာရီ၊ မတ္တရာမြို့)**




၁။ *မည်သည့်အလုပ်မျိုးနှင့် အသက်မွေးသင့်ပါသလဲ။*

(၁၀)တန့်သခင် ၂လာဂြိုဟ် (၂)တန့်တွင် ရပ်တည်သည်ကို (၃၊ ၆)သခင် ၅တေး (၁၀)တန့်မှ (၅)တန့် အထူးမြင်နေပါသည်။ ပညာရေး (စာပေသင်ကြားမှု) ရေး၊အရည်နှင့် ပတ်သက်သောလုပ်ငန်း (အချိုရည် ရေ



www.burmeseclassic.com

www.burmeseclassic.com

သန့်..စသည်)၊ သားရေပစ္စည်း (ဖိနပ်၊ အိတ်)၊ ပရိဘောဂ ပစ္စည်း လုပ်ငန်းများထဲမှ သင့်မြတ်ပါသည်။

၂။ *မိဘနှစ်ပါးကို စိတ်အေးချမ်းသာစွာ ထားနိုင်မည်လား။*


(၄)တန့်သခင် စနေဂြိုဟ် (၃)တန့်တွင် ရပ်တည်ခြင်း၊ (၉)တန့်သခင် ၄ဟူးဂြိုဟ် (၁၁)တန့်တွင် ရပ်တည်ခြင်းကြောင့် မိဘများကို ထောက်ပံ့မှု ပေးနိုင်ပေမည်။

၃။ *အိမ်ထောင်ကံ၊ ကာလ။*

(၇)တန့်သခင်ဂြိုဟ် အင်္ဂါ (၈)တန့်တွင် ရပ်တည်၍ (၂)တန့်ရှိ (၁၀)တန့်သခင် ၂ကြာဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေသည်။ အင်္ဂါသည် (၃)တန့်ရပ် (၅)တန့်သခင် စနေအားလည်း (၈)တန့်အထူးမြင်ထားသည်။ အိမ်ထောင်ကံ့ အလတ်စားကောင်းပါသည်။ (၂၀၂၀-၂၀၂၁)ခုနှစ်တွင် အိမ်ထောင်ကျဖို့ ရှိသည်။

## မထားထားမြင့်

**(၁၅-၁၁-၁၉၈၀၊ ၁၀:၃၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *ဘဝတိုးတက်ကြီးပွားမည့် အသက်အရွယ်။*

လဂ်သခင် ၅တေးဂြိုဟ် (၁၀)တန့်တွင် (၂၊ ၃)သခင် စနေဂြိုဟ်၊ (၆၊ ၁၁)သခင် ၆ကြာဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ (၂)တန့်တွင် (၈)တန့်သခင် တနင်္လာဂြိုဟ် ရာဟု၊ ကိတ်တို့ ကြပ်ခြင်း ခံထားရသည်။ ဘဝတွင် ထိပ်တန်းမကြီးပွားနိုင်။ အလတ်စား ကြွယ်ဝမည်။ (၂၊ ၃)သခင် (၁၀)တန့်ရပ် စနေထူလဒသာ စားဝင်မည့် (၂၀၂၁)ခုနှစ်နောက်ပိုင်း ဘဝတိုးတက်ကြီးပွားမှု ကြုံမည်။

၂။ *မိဘကို လုပ်ကျွေးခွင့်ရှိ/မရှိ။*


(၄)တန့်သခင် ၅တေး (၁၀)တန့်ရပ်ပြီး (၉)တန့်သခင် ၁နွေ (၁၁)တန့်ရပ်၍ မိဘကို လုပ်ကျွေးခွင့် ကြုံပါမည်။

၃။ *ထီဆုကြီးကံ၊ ကာလ။*

(၂)တန့်ရှိ တနင်္လာကို ကိတ်ပူး ရာဟုမြင်ပြီး (၁၀)တန့်ရှိ ၅တေးဂြိုဟ်က (၅)တန့်အထူးမြင် ကြုံသည်။ ထီကံထက် အိမ်ထောင်ကျပြီး ကြီးပွားခြင်း၊ အလုပ်ဖြင့် ကြီးပွားခြင်းမျိုးသာ အားကောင်းသည်။

## မဖွေးနန္ဒာအောင်

**(၂၃-၇-၁၉၈၇၊ ၁၂:၄၀ နာရီ၊ နမ္မတူမြို့)**




၁။ *ထီပေါက်ကိန်း၊ ကာလ။*

(၃)တန့်သခင်ဂြိုဟ် ၅တေး (၇)တန့်တွင် ရပ်ပြီး (၁၁)တန့်ကို (၅)တန့်အမြင်၊ (၃)တန့်ကို (၉)တန့်အမြင် ကြုံထားသည်။ ထီစပ်တူပေါက်တတ်သည်။ (၂၀၁၉) ခုနှစ်တွင် ထီကံစမ်းကြည့်ပါလေ။

၂။ *အိမ်ထောင်ကံ ကောင်း/မကောင်း။*

(၇)တန့်သခင် အင်္ဂါဂြိုဟ် (၁၀)တန့်တွင် ရပ်ပြီး လဂ်အား (၄)တန့်အထူးမြင် (၅)တန့်အား (၈)တန့်အထူးမြင် ကြုံထားသည်။ အင်္ဂါသည် (၂)တန့်သခင်လည်း ဖြစ်ကာ (၁၁)တန့်သခင် ၁နွေနှင့် (၁၀)တန့်တွင် ပူးယှဉ်ရပ်တည်သည်။ ကဗောက်ကဆ ဖြစ်လေ့ရှိတတ်သည်မှ တစ်ပါး အိမ်ထောင်ကံ ကောင်းပါမည်။

၃။ *ဘဝအဆင့် မြင့်မားစွာ နေရမည်လား။*

လဂ်သခင် ၆ကြာ (၉)တန့်တွင် (၉)တန့်သခင် ၄ဟူး၊ (၁၀)တန့်သခင် ၂ကြာနှင့် ပူးယှဉ်ရပ်တည်၍ ဘဝ အဆင့် မြင့်မားစွာ နေရမည်။ တူလဂ်အတွက် ယောဂ ကာရကဂြိုဟ် စနေ (၂-တန့်ရပ်) ထူလဒသာသည် (၂၉-၁၁-၂၀၁၉)မှ (၂၉-၁၁-၂၀၃၈)အတွင်း စားဝင်ချိန် ဘဝကံ မြင့်မားမှု ကြုံမည်။




www.burmeseclassic.com

www.burmeseclassic.com

**ဒေါ်ဆွေဆွေဦး**

**(၁၀-၄-၁၉၇၃၊ ၁၇း၀၀ နာရီ၊ မန္တလေးမြို့)**




၁။ *ကျန်းမာရေး သတိပြုသင့်သောကာလ။*

(၁၀-၁၂-၂၀၁၉)ထိ ကိတ်ထုလဒသာ စားဝင်နေဦးမည်။ (၁၀)တန့်တွင် ရပ်တည်၍ (၆)တန့်ရပ် (၁၊ ၁၀)သခင် ၄ဟူးအား ကိုယ်စားပြုထား၍ ကျန်းမာရေး သတိထားရမည်။ (၂၀၁၃)ခုနှစ်စကတည်းက ကျန်းမာရေး အညံ့များ အခါအားလျော်စွာ ကြုံနေခဲ့သည်။ (၂၈-၁၁-၂၀၁၆)မှ (၄-၁၁-၂၀၁၇)အတွင်း ကျန်းမာရေး သင့်တင့်ကောင်းမွန်နေမည်။ (၁၃-၁၂-၂၀၁၈)ထိ မတ်တတ်နာသော တွေ့နေမည်။ (၁၃-၁၂-၂၀၁၈)မှ (၁၀-၁၂-၂၀၁၉) အထူးသတိထားရမည်။

၂။ *အိမ်ပိုင်ကိန်း။*

(၄)တန့်သခင်ဂြိုဟ် ၅တေး (၅)တန့်တွင် (၃၊ ၈) သခင် အင်္ဂါနှင့် ပူးယှဉ်ရပ်ကာ နိစ်မူနေသည်။ လဂ်မှ (၅)တန့် (တြိကောဏ)၊ စန်းမှ (၇)တန့် ကိန်းခံ၍ နိစ္စဘင်္ဂရာဇယုဂ် ရသည်။ အိမ်ပိုင်ဆိုင် အကျိုးခံစားခွင့်ကို အခက်အခဲ၊ သောကများ ကြုံပြီးမှ ရရှိခံစားရမည်။


၃။ *အိမ်ထောင်ရေး အနှောင့်အယှက် ရှိ/မရှိ။ အိမ်ထောင်ရေး ပြိုကွဲနိုင်မလား။*

(၇)တန့်သခင် ၅တေးဂြိုဟ် (၅)တန့်တွင် နိစ္စဘင်္ဂယုဂ်ရ၍ ရပ်တည်သောကြောင့် အိမ်ထောင်ရေးတွင် စိတ်သောကရောက်ဖွယ် အနှောင့်အယှက်များ ကြုံရတတ်သော်လည်း မပြိုကွဲနိုင်ပါ။

**မအေးကြူခွာခင်**

**(၉-၁၁-၁၉၈၆၊ ၈း၀၀ နာရီ၊ ပြည်မြို့)**

၁။ *မိဘ၊ ဘိုးဘွားများနှင့် အတူနေထိုင်ပြုစုခွင့် ရ/မရ။*




(၂)တန့်သခင် ၅တေး (၄)တန့်တွင် ရပ်၍ (၄)တန့်သခင် စနေ လဂ်ပူးခြင်းက မိဘများအား ထောက်ပံ့ခွင့် ကြုံမည်။ လဂ်သခင် အင်္ဂါ (၃)တန့်ရပ်ခြင်း၊ စနေ လဂ်နှင့်ပူးကာ (၃)တန့်အား မြင်ခြင်းက အတူနေရခွင့် မပေးပါချေ။

၂။ *အိမ်ထောင်ရေးကံ၊ ကာလ။*

(၇)တန့်သခင် ၆ကြာ (၁၂)တန့်ရပ်၍ (၁၀)တန့်သခင် နိစ် ၁နွေနှင့် ပူးသည်။ (၅)တန့်သခင် ၅တေးက ယင်းတို့ကို (၄)တန့်မှ (၉)တန့် အထူးမြင်ထားသည်။ အိမ်ထောင်ကံ ကောင်းသည်ဟုကား မဆိုနိုင်ပါ။ အိမ်ထောင်ရေး တည်မြဲတတ်သော်လည်း စိတ်ချမ်းသာမှု မရတတ်ပါ။ (၂၊ ၅)သခင် ၅တေးထုလ၊ (၇၊ ၁၂)သခင် ၆ကြာဘုတ္တိဒသာ ကာလဖြစ်သော (၂၀-၁၀-၂၀၁၈)မှ (၂၀-၆-၂၀၂၁)အတွင်း အိမ်ထောင်ကျဖို့ ရှိသည်။

၃။ *ဘဝတွင် အေးချမ်းစွာ နေရမည်လား။*

လဂ်တွင် (၃၊ ၄)သခင်ဂြိုဟ် စနေ (၈၊ ၁၁)သခင် ၄ဟူး ပူး၍ လဂ်သခင် အင်္ဂါ (၃)တန့် (မကာရ) ရန်အိမ်တွင် ရပ်တည်၍ ဘဝတွင် ငွေကြေး၊ ဥစ္စာ မကြောင့်မကြ နေရတတ်သော်လည်း စိတ်ချမ်းသာမှု မရတတ်ပါ။

**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၆၅ ၄၂၀ ၉၄

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

# (၂၀၁၇)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်ဇယား

(၂၀၁၇)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မနေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားများကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများ အတွင်း မဟာဝေဒဗွမန္တန်၊ စူဠဝေဒဗွမန္တန်တော်များ ရွတ်ပွားပူဇော်ခြင်းနှင့် အခြား လာဘ,ခနေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားပူဇော်ခြင်းများ ပြုလုပ်နိုင်ကြပါသည်။

အထူးအားဖြင့် (၂၅-၂-၂၀၁၇) နံနက်(၇:၅၄:၃၉)နာရီမှ (၂၆-၂-၂၀၁၇) နံနက်(၈:၀၀:၃၅)နာရီ အတွင်း၌ စန်း (ခေါ်) တနင်္လာဂြိုဟ်သည် မနေသိဒ္ဓိနက္ခတ် နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းနေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၆-၂-၂၀၁၇) (၅:၁၉:၄၆)နာရီမှ (၆:၀၅:၄၇)နာရီ အတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂၆-၂-၂၀၁၇) (၁၀:၅၉:၂၇)နာရီမှ (၁၁:၅၁:၀၅) နာရီအတွင်းတို့တွင် လာဘ,ခနေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်တို့ အထူး ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားရပေလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၇)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၆း၅၈း၀၃ | ၇း၄၄း၀၄ |
| ၂ | ၆း၅၄း၀၇ | ၇း၄၀း၀၈ |
| ၃ | ၆း၅၀း၁၁ | ၇း၃၆း၁၂ |
| ၄ | ၆း၄၆း၁၅ | ၇း၃၂း၁၇ |
| ၅ | ၆း၄၂း၂၀ | ၇း၂၈း၂၁ |
| ၆ | ၆း၃၈း၂၄ | ၇း၂၄း၂၅ |
| ၇ | ၆း၃၄း၂၈ | ၇း၂၀း၂၉ |
| ၈ | ၆း၃၀း၃၂ | ၇း၁၆း၃၃ |
| ၉ | ၆း၂၆း၃၆ | ၇း၁၂း၃၇ |
| ၁၀ | ၆း၂၂း၄၀ | ၇း၀၈း၄၁ |
| ၁၁ | ၆း၁၈း၄၄ | ၇း၀၄း၄၅ |
| ၁၂ | ၆း၁၄း၄၈ | ၇း၀၀း၄၉ |
| ၁၃ | ၆း၁၀း၅၂ | ၆း၅၆း၅၃ |
| ၁၄ | ၆း၀၆း၅၆ | ၆း၅၂း၅၈ |
| ၁၅ | ၆း၀၃း၀၁ | ၆း၄၉း၀၂ |
| ၁၆ | ၅း၅၉း၀၅ | ၆း၄၅း၀၆ |
| ၁၇ | ၅း၅၅း၀၉ | ၆း၄၁း၁၀ |
| ၁၈ | ၅း၅၁း၁၃ | ၆း၃၇း၁၄ |
| ၁၉ | ၅း၄၇း၁၇ | ၆း၃၃း၁၈ |
| ၂၀ | ၅း၄၃း၂၁ | ၆း၂၉း၂၂ |
| ၂၁ | ၅း၃၉း၂၅ | ၆း၂၅း၂၆ |
| ၂၂ | ၅း၃၅း၂၉ | ၆း၂၁း၃၀ |
| ၂၃ | ၅း၃၁း၃၃ | ၆း၁၇း၃၄ |
| ၂၄ | ၅း၂၇း၃၇ | ၆း၁၃း၃၈ |
| ၂၅ | ၅း၂၃း၄၂ | ၆း၀၉း၄၂ |
| ၂၆ | ၅း၁၉း၄၆ | ၆း၀၅း၄၆ |
| ၂၇ | ၅း၁၅း၅၀ | ၆း၀၁း၅၀ |
| ၂၈ | ၅း၁၁း၅၄ | ၆း၅၇း၅၄ |

(၂၀၁၇)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၂း၃၇း၄၄ | ၁၃း၂၉း၂၂ |
| ၂ | ၁၂း၃၃း၄၈ | ၁၃း၂၅း၂၇ |
| ၃ | ၁၂း၂၉း၅၂ | ၁၃း၂၁း၃၁ |
| ၄ | ၁၂း၂၅း၅၆ | ၁၃း၁၇း၃၅ |
| ၅ | ၁၂း၂၂း၀၁ | ၁၃း၁၃း၃၉ |
| ၆ | ၁၂း၁၈း၀၅ | ၁၃း၀၉း၄၃ |
| ၇ | ၁၂း၁၄း၀၉ | ၁၃း၀၅း၄၇ |
| ၈ | ၁၂း၁၀း၁၃ | ၁၃း၀၁း၅၁ |
| ၉ | ၁၂း၀၆း၁၇ | ၁၂း၅၇း၅၅ |
| ၁၀ | ၁၂း၀၂း၂၁ | ၁၂း၅၃း၅၉ |
| ၁၁ | ၁၁း၅၈း၂၅ | ၁၂း၅၀း၀၃ |
| ၁၂ | ၁၁း၅၄း၂၉ | ၁၂း၄၆း၀၈ |
| ၁၃ | ၁၁း၅၀း၃၃ | ၁၂း၄၂း၁၂ |
| ၁၄ | ၁၁း၄၆း၃၇ | ၁၂း၃၈း၁၆ |
| ၁၅ | ၁၁း၄၂း၄၂ | ၁၂း၃၄း၂၀ |
| ၁၆ | ၁၁း၃၈း၄၆ | ၁၂း၃၀း၂၄ |
| ၁၇ | ၁၁း၃၄း၅၀ | ၁၂း၂၆း၂၈ |
| ၁၈ | ၁၁း၃၀း၅၄ | ၁၂း၂၂း၃၂ |
| ၁၉ | ၁၁း၂၆း၅၈ | ၁၂း၁၈း၃၆ |
| ၂၀ | ၁၁း၂၃း၀၂ | ၁၂း၁၄း၄၀ |
| ၂၁ | ၁၁း၁၉း၀၆ | ၁၂း၁၀း၄၄ |
| ၂၂ | ၁၁း၁၅း၁၀ | ၁၂း၀၆း၄၉ |
| ၂၃ | ၁၁း၁၁း၁၄ | ၁၂း၀၂း၅၃ |
| ၂၄ | ၁၁း၀၇း၁၈ | ၁၁း၅၈း၅၇ |
| ၂၅ | ၁၁း၀၃း၂၃ | ၁၁း၅၅း၀၁ |
| ၂၆ | ၁၀း၅၉း၂၇ | ၁၁း၅၁း၀၅ |
| ၂၇ | ၁၀း၅၅း၃၁ | ၁၁း၄၇း၀၉ |
| ၂၈ | ၁၀း၅၁း၃၅ | ၁၁း၄၃း၁၃ |

www.burmeseclassic.com

www.burmeseclassic.com





ဇာတာတွင် ကျောက်ကပ်ရောဂါအတွက် (၆)တန့်ဘာဝ ဘုတ္တိနက္ခတ်သခင်ဂြိုဟ်ဖြင့် ဆန်းစစ်ရမည်။ ယင်း သည် (၇၊ ၈)တန့်ဘာဝများ တူ၊ ဗြိစ္ဆာ ရာသီများ၊ မေ ရာသီများ၊ သောကြာ၊ စနေဂြိုဟ်များနှင့် ဆက်စပ်မှု ရှိသော် ကျောက်ကပ်ရောဂါကို ခံစားရပါမည်။

ဇာတာတွင် (၆)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ဗုဒ္ဓဟူး ဖြစ်သည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ရာဟုပိုင်နက္ခတ်ကို စီးထားသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် (၂၊ ၉)တန့်သခင်အဖြစ် (၁)တန့်ဘာဝတွင် ရပ်တည်ကာ (၈)တန့်ဘာဝနှင့် (၈)တန့်ရပ် (၄၊ ၇)သခင် ၅တေးဂြိုဟ်နှင့် အမြင်ကြံနေသည်။ ဗုဒ္ဓဟူးသည် မိမိပိုင် တူရာသီတွင် ရပ်တည်နေခြင်း ဖြစ်သည်။ ဗုဒ္ဓဟူး၏ စီးနက္ခတ် ရာဟုသည် စနေပိုင် (၅)တန့်ဘာဝတွင် ရပ်တည်ပြီး စနေဂြိုဟ်သည် (၆)တန့်သခင်ဂြိုဟ်လည်းဖြစ်ကာ (၁၂)တန့်ဘာဝတွင် (၁၊ ၁၀)သခင် ၄ဟူးဂြိုဟ် (၁၂)တန့်သခင် ၁နွေဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။

သို့ဖြစ်၍ ကျောက်ကပ်ပျက်ပြားသောရောဂါ (renal failure) ကို ခံစားရသည်။

ဇာတာရှင်သည် (၂၀၀၈)ခုနှစ် အလယ်ပိုင်းတွင် ခါးကိုက်ခြင်း၊ ဝမ်းဗိုက်အောက်ပိုင်း ကိုက်ခဲခြင်း ခံစားခဲ့ရသည်။ (၂၀၀၉)ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် မျက်နှာများ ရောင်ဖောလာခဲ့သည်။






ယင်းကာလသည် စနေ ထူလ၊ ကိတ် ဘုတ္တိ၊ ကိတ် အန္တရဒသာကာလ ဖြစ်သည်။ ထူလဒသာသခင် စနေဂြိုဟ်သည် (၅၊ ၆)သခင်ဖြစ်၍ လဂ်ဘာဝ(၁-တန့်)တွင် ပူးကာ (၁၂)တန့်(ဆေးရုံ)ဘာဝတွင် ရပ်တည်နေသည်။ စနေပိုင် နက္ခတ်ကို စီးထားသောဂြိုဟ် မရှိပါချေ။ စနေဂြိုဟ်သည် (၃)တန့် (ဗြိစ္ဆာရာသီ)ရပ် အင်္ဂါပိုင် နက္ခတ်နှင့် ဘုတ္တိနက္ခတ်တို့ကို စီးထားသည်။ အင်္ဂါသည် (၃၊ ၈)တန့်သခင်လည်း ဖြစ်သည်။ ဘုတ္တိနှင့် အန္တရ ဒသာသခင် ကိတ်သည် (၁၁)တန့် (ကရကဋ်ရာသီ၊ ရေရာသီ) တွင် ရပ်တည်ပြီး (၁၂)တန့်တွင် ရပ်တည်သော (၁၊ ၄)သခင် ၄ဟူးပိုင်နက္ခတ် (၅)တန့်တွင် ရပ်၍ စနေအား



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စားပြုထားသော ရာဟုပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။ ကိတ်က ကိုယ်စားပြုထားသော ကရကဋ်ရာသီ သခင် ၂လ်ာဂြိုဟ်သည် (၄)တန့်ဘာဝတွင် ရပ်တည်၍ ရာဟုနှင့်ပူးကာ ကိတ်နှင့် ပြန်လည်အမြင်ကြုံနေသည်။

သို့ဖြစ်၍ ကျောက်ကပ်ပျက်ခြင်းကို ခံစားရသည်။

လဂ်သန္တိဘုတ္တိနက္ခတ် သခင်ဂြိုဟ်ဖြင့် ဇာတာရှင်၏ သက်တမ်းကို ဆန်းစစ်ရသည်။ လဂ်စီး ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် စနေဖြစ်သည်။ (၁၂)တန့်တွင် (၁၂) တန့်သခင် ၁နွေ၊ (၁၊ ၁၀)သခင် ၄ဟူးနှင့် ပူးယှဉ်ကာ လဂ်ဘာဝနှင့်ပူး၍ (၇)တန့်ဘာဝ (မာရက၊ ဘာဓက)အား အမြင်ကြုံနေ၏။ သက်လတ်တမ်းဖြစ်သည်။ (၃၄)နှစ်မှ (၆၈)နှစ်တွင်း နေရမည်။

လက်ရှိ စားဝင်နေဆဲ စနေထူလဒသာမှာ မာရက၊ ဘာဓက ဘာဝကို မြင်၍ (၁၂)တန့် (လဂ်အားကို ဖျက်ဆီး)တွင် ရပ်တည်၍ အသက်ဘေး စိုးရိမ်ရ၏။

စားဝင်ဆဲ ကိတ်ဘုတ္တိဒသာ (၃၊ ၈၊ ၁၁)သည် ရောဂါဘေးကို ပြသော်လည်း အသက်ဘေးကို မပြပါ။

(၂၉-၃-၂၀၀၉)မှ (၂၈-၅-၂၀၁၂)ထိ စနေထူလ၊ ဗြိဟာဘုတ္တိဒသာ စားဝင်သည်။ ထူလဒသာသခင် စနေကား အသက်ဘေးကို ပြကြောင်း ဖော်ပြခဲ့ပြီ။ ဘုတ္တိဒသာသခင် ဗြိဟာသည် (၂)တန့် (မာရက)၊ (၉)တန့် သခင်ဖြစ်ပြီး လဂ်ဘာဝတွင် ရပ်တည်နေသည်။ ဗြိဟာသည် စနေကို ကိုယ်စားပြုသော ရာဟုပိုင်နက္ခတ်၊ ဘုတ္တိနက္ခတ်ကို စီးထားသည်။ အသက်ဘေးကို အားကြီးစေသည်။

စနေထူလ၊ ဗြိဟာဘုတ္တိ၊ ဗြိဟာအန္တရ၊ စနေသုခုမ ဒသာကာလအတွင်း (၅-၈-၂၀၀၉)နေ့တွင် ဇာတာရှင် ကွယ်လွန်ခဲ့ရပါသည်။

ဤဇာတာတွင် စနေ၊ ဗြိဟာဂြိုဟ် နှစ်လုံးတို့ ရောဂါ ခံစားရသော သဘာဝနှင့် ဒသာကာလများအတွက်ပါ အားကြီးစွာ အလုပ်လုပ်သွားကြောင်း တွေ့ရပါမည်။


**ဆရာရန်အောင်ဟိန်း(B.Sc)**

<u>ကျမ်းကိုး</u>

* K.P Ezine. (November, 2009).



www.burmeseclassic.com


တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တာဝေဝလ (တိုး)-၁၃၀၂

အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မိုးရှာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဝေဝတ(တနယ်ဆေး)၁၃၀/၀၀၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မိုးရှာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မိုးရှာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာအား ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မိုးရှာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံသာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းအာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မိုးရှာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရကဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မိုးရှာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၁၅၆၊ ပေမာဝီလမ်းမကြီး၊ ပြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မိုးရှာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com

www.burmeseclassic.com

လူသားတို့၏ ညီဝစ်ရင်(၅)

# ကြာသပတေးဂြိုဟ်ခုံ၏အလယ်ဗဟိုမှ အစပျိုးသော နှလုံးလမ်းကြောင်း

ကြည်ဝင်း(ဗာသိကာ)

ကြာသပတေးဂြိုဟ်ခုံ၏ အလယ်ဗဟိုမှ အစပျိုးသော နှလုံးလမ်းကြောင်းသည် သစ္စာကို ရင်ဝယ်ပိုက်ကာ သက်ဆုံးတိုင် ထားရှိတတ်သော်လည်း အချစ်နှင့်ပတ်သက်လာလျှင် အသိတရားများကို ဖုံးကွယ်လွှမ်းမိုး၍ ဆင်ကန်းတောတိုး ပြုလုပ်တတ်၏။ သို့သော် ကာမဂုဏ်စိတ် အနည်းငယ် လျော့နည်းတတ်သည်ကို မှတ်သားထားရပေမည်။

ဤလမ်းကြောင်းမျိုးကို ပြင်သစ်အမျိုးသမီး ဆာရာဘင်ဟာ၏ လက်ဝါးပေါ်၌ တွေ့ခဲ့ရဖူး၏။

တစ်ညနေ၌ လူကြီးလူကောင်း တစ်ဦးသည် ကျွန်ုပ် စိတ်ဝင်စားလိမ့်မည်ဟုထင်သည့် အမျိုးသမီးတစ်ဦးအား သွားရောက်တွေ့ဆုံရန် သူနှင့် လိုက်နိုင်ပါမည်လောဟု မေးလာ၏။ ချက်ချင်းပင် ကျွန်ုပ်က သဘောတူလိုက်သဖြင့် စိန့်ဂျွန်းတော၏အနီးရှိ ကျယ်ဝန်းသော ဥယျာဉ်ကြီးအတွင်း ဆောက်လုပ်ထားသည့် ဂေဟာကြီးသို့ ခေါ်ဆောင်သွားတော့၏။

ထိုတိုက်အတွင်းသို့မဝင်မီ ကျွန်ုပ်အား တိုက်အတွင်းသို့ ရောက်သည်နှင့် မည်သည့်မေးခွန်းကိုမျှ မမေးမြန်းရန် ကတိတောင်းသဖြင့် ဘုမသိ ဘမသိ ကတိပေးလိုက်ရ၏။

သို့နှင့် ကျွန်ုပ်တို့သည် အဆောက်အအုံအတွင်းသို့ ဝင်ခဲ့ကြ၏။ စကြံဆုံးသည်နှင့် တံခါးမကြီး ပွင့်လာကာ မျက်နှာနှင့် ဦးခေါင်းကို အနက်ရောင်ဇာပဝါဖြင့် ဖုံးအုပ်ထားသည့် အမျိုးသမီးတစ်ဦး ထွက်လာပြီး ဓာတ်မီးရောင်အောက်၌ လက်ဝါးပြင်နှစ်ဖက်ကို ဖြန့်ပြတော့၏။

အမှန်အတိုင်း ဝန်ခံရလျှင် ရုတ်တရက် တွေ့ကြုံလိုက်ရသောဖြစ်ရပ်ကြောင့် တစ်ခဏတာမျှ ကျွန်ုပ်၏စိတ်ကို ကြောင့်ကြမှုများက လွှမ်းမိုးသွားသည်ဟု ထင်ရ၏။

ဤလက်သည် မည်ကဲ့သို့သော လက်အမျိုးအစား ဖြစ်သနည်း။ ကျွန်ုပ်သည် လမ်းကြောင်းများ၊ အမှတ်အသားများနှင့် အခြားအထွေထွေအမှတ်အသားများကို ဂရုစိုက် စစ်ဆေးကြည့်လိုက်ရာ ထိုလက်နှစ်ဖက်သည် ကျွန်ုပ်အား ထူးထူးခြားခြား အံ့အားသင့်စေပြန်၏။

ဤအချိန်၌ လက္ခဏာပညာ၏ အာနိသင်နှင့် ကျွန်ုပ်၏ စွမ်းပကားတို့ကို မှတ်ကျောက်တင်ရန် အခါအခွင့် ကြုံလာသည်နှင့်အမျှ ကျွန်ုပ်သည် လက္ခဏာရှင် တွေ့ကြုံခဲ့ပြီးသော ဖြစ်ရပ်များ ယခုခံစားနေရသော အချက်အလက်များနှင့် အနာဂတ်ကာလ ရင်ဆိုင်ရလိမ့်ဦးမည့် အဖြစ်သနစ်တို့ကို တစ်ခုချင်း ဟောပြောလိုက်ပြီး လက္ခဏာရှင်သည် အလွှမ်းနှင့် ဇာတ်သိမ်းရလိမ့်မည်ဖြစ်ကြောင်း ဟောပြောပြီး နိဂုံးချုပ်လိုက်တော့၏။

ဆင်စွယ်အရောင်အဆင်းကဲ့သို့ ဖြူဖွေးနေသော လက်အစုံသည် ပြန်လည်ရုပ်သိမ်းသွားပြီးနောက် ပဝါခြုံအတွင်းမှ ရှိုက်သံကို ကြားရတော့၏။ ထို့နောက် ခေါင်းတွင် လွှမ်းခြုံထားသောပဝါကို ရုတ်တရက် ဆွဲဖြုတ်လိုက်ပြီး ဆာရာသည် သူ၏ လှပသော မျက်လုံးအစုံဖြင့် ကျွန်ုပ်အား စိုက်ကြည့်နေတော့၏။ ထိုအမျိုးသမီးကြီး၏ ရင်တွင်းဝယ် မည်သို့ခံစားနေရသည်ကို ရေးသားဖော်ပြရသည်ထက် ကျွန်ုပ် ပီတိဖြစ်နေသည့် အကြောင်းအရာများကို ဖော်ပြသည်က ကျွန်ုပ်၏ ခံစားချက်များဖြစ်၍ ပိုမိုတိကျ မှန်ကန်ပေလိမ့်မည်။


ကျွန်ုပ်သည် လက္ခဏာဟောကြားသည့် နယ်ပယ်သို့ ဝင်ရောက်လာကတည်းက ဤမျှနာမည်ကျော်ကြားသော အမျိုးသမီးကြီး၏ အထင်ကြီးမှုကို လက်ခံလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိမိသည်ဖြစ်ရာ အထူးသဖြင့် ထိုအမျိုးသမီးကြီး၏ သာယာလှသောအသံဖြင့် ထပ်တလဲလဲ ပြောလိုက်သည့် ပြင်သစ်စကားလုံးများမှာ ကျွန်ုပ်အတွက် စေတနာပီတိ ဥမ်းဆီထိသကဲ့သို့ ရှိလှပေတော့၏။

'အစ်မကြီး တွေ့ခဲ့ဖူးတဲ့ ပညာရှင်တွေထဲမှာတော့ အံ့သြစရာကောင်းလောက်ပါပေတယ်။ တကယ်ပဲ ချီးကျူးလောက်အောင် အံ့သြစရာကောင်းပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မပြန်မီ အမျိုးသမီးကြီး၏ လက်ပုံစံကို ပလာစတာဖြင့် ကူးယူခဲ့ပြီး ကျွန်ုပ်ရေးသား ပြုစုသည့် (Language of the Hand) လက်ဝါးပြင်၏ ဘာသာစကားများ ကျမ်းစာအုပ်တွင် ထည့်သွင်းဖော်ပြခဲ့ပေသည်။


လက္ခဏာပညာရပ်တွင် လူတစ်ဦး၏ အခြေခံဗီဇနှင့် အကျင့်စာရိတ္တတို့ကို ရှေးဦးစွာ သိရှိထားရန် လိုအပ်သည်နှင့်အမျှ စာဖတ်သူများ၏အကျိုးငှာ ကျွန်ုပ် အနည်းငယ် ဖော်ပြပါအံ့။

ပထမအဆင့်အနေဖြင့် မြင်းတစ်ကောင်၏ မျိုးရိုးနှင့် အဆက်အနွယ်တို့ကို ခွာ၏ပုံသဏ္ဌာန်ကို ကြည့်ပြီး ဆုံးဖြတ်၍ ရယူသကဲ့သို့ လက္ခဏာပညာသည်လည်း လက်၏ ပုံသဏ္ဌာန်တို့ကို စစ်ဆေးခြင်းအားဖြင့် အခြေခံဗီဇနှင့် အကျင့်စာရိတ္တတို့ကို သိရှိနိုင်ပေသည်။

အကြမ်းအားဖြင့် ဖော်ပြရသော် အသားအရေမာ၍ ထုထည်ကြီးပြီး လေးထောင့်ပုံသဏ္ဌာန်နှင့် အနီးကပ်ဆုံး တူကာ တုတ်ခိုင်သည့် လက်ချောင်းများရှိသည့် ပုဂ္ဂိုလ်သည် အတွေးအခေါ်နှင့် လှုပ်ရှားမှုတို့တွင် တိကျပြတ်သားပြီး ရုပ်ဝါဒဆန်တတ်၏။ အသားအရေ ပြည့်ပြည့်ဖြိုးဖြိုးနှင့် စက်ဝိုင်းပုံသဏ္ဌာန် အနီးစပ်ဆုံးတူကာ သွယ်သွယ်လျလျ လက်ချောင်းများရှိသည့် ပုဂ္ဂိုလ်တို့သည် စိတ်ထိခိုက်လွယ်တတ်သည်။ တုန်လှုပ်ချောက်ချားတတ်သည်။ အတွေးအခေါ် နုနယ်၏။

မဒမ်ဘင်ဟာ၏ လက်မှာ ဒုတိယအမျိုးအစားတွင် ပါဝင်နေပေသည်။

မဒမ်ဘင်ဟာတ်၏ လက်ဝါးပြင်၌ အဓိကလမ်းကြောင်းတိုင်းလိုလိုပင် ထင်ရှားပြီး ဖြောင့်တန်းနေ၏။ ထို့ကြောင့် မည်သူမဆို ဤလက္ခဏာရှင်မျိုးအား သူမ၏ အကျင့်စာရိတ္တအရ ထုပ်ကိုင်သမျှတွင် ထင်ရှားရမည်ဟု ဆုံးဖြတ်ရပေသည်။




ကျွန်ုပ်အနေဖြင့် မဒမ်ဘင်ဟာ၏ ဘဝဇာတ်ကြောင်းကို အစမှအဆုံးတိုင်အောင် သိရှိနေသူဖြစ်ရာ လမ်းကြောင်းများ သဘောတရားများနှင့် သူမ၏ လှုပ်ရှားမှုများကို တိုက်ဆိုင်၍ နမူနာရွေးထုတ်ခွင့် ရခဲ့သည်မှာ ကျွန်ုပ်အတွက် အမြတ်ပင် ဖြစ်ပေ၏။

လက်ဝါးပြင်၏အလယ်တွင် အလျားလိုက် ဖြတ်သန်းနေသော လမ်းကြောင်းမှာ ဉာဏ်လမ်းကြောင်း (ဝါ) ဦးခေါင်းလမ်းကြောင်း ဖြစ်ပေသည်။

အမျိုးသမီးကြီး၏ လက်ဝါးပြင်၌ ထိုလမ်းကြောင်းသည် ဖြောင့်တန်းပြီး ထင်ရှားနေသဖြင့် ဦးနှောက်ဉာဏ် ထက်မြက်ခြင်းနှင့် ဆုံးဖြတ်ချက် စိတ်အင်အားကြီးမားမှုကို ညွှန်ပြနေပေသည်။

ဤကဲ့သို့ လက်မနှင့် လက်ညှိုးအကြားမှ အစပျိုးပြီး ဖြောင့်တန်းစွာ လက်ဝါးစောင်းသို့ ဖြတ်သန်းသွားသော ဉာဏ်လမ်းကြောင်းသည် လက်ပိုင်ရှင်၏ ဉာဏ်အမြော်အမြင် ထက်မြက်မှုကို လမ်းညွှန်နေပေသည်။

ကျွန်ုပ်တို့ ယခုတွက်ချက်ကြည့်နေကြသော မဒမ်ဘင်ဟာ၏ လက္ခဏာတွင် နှလုံးလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ၏ အလယ်ဗဟိုအောက်မှ အစပျိုးနေ

ကြာသပတေးဂြိုဟ်ခုံ၏ အလယ်ဗဟိုမှ အစပြုသော လမ်းကြောင်းသည် သစ္စာကို ရင်ဝယ်ပိုက်ကာ သက်ဆုံးတိုင် ထားရှိတတ်သော်လည်း အချစ်နှင့် ပတ်သက်လာလျှင် အသိတရားများကို ဖုံးကွယ်လွှမ်းမိုး၍ ဆင်ကန်းတောတိုး ပြုမူတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် အရေးတယူ မှတ်သားရပေလိမ့်မည်။ ထိုအမှတ်အသား၏ သဘောတရားမှာ စနေဂြိုဟ် အောက်မှ အစပျိုးသကဲ့သို့ ကာမဂုဏ် ရမ္မက်အင်အား လျော့ပါးခြင်းဖြစ်၏။ သို့သော် ယောကျ်ား မိန်းမတို့သည် မိတ်စစ်ဆွေစစ်အဖြစ် နှစ်နှစ်ကာကာ ခင်တွယ်တတ်ကြပေသည်။ နှလုံးလမ်းကြော တို့အား ဂြိုဟ်ခုံ၏အောက်၌ နိမ့်ကျစွာ အစပျိုးကြသည်ကို တွေ့ရှိရခဲ့ပေသည်။

ဥပမိရုပ်၏ လျှို့ဝှက်ချက်များကို သိရှိနားလည်ရန် ကျွန်ုပ်တို့သည် လူသတ္တဝါတို့၏ ဇာစ်မြစ် ကြိုတင် တွက်ချက်နိုင်သော ပညာရပ်များမှ လိုအပ်သည့် အချက်အလက်များကို မိမိရရ သိ ထားရပေလိမ့်မည်။

ယောကျ်ား၊ မိန်းမတို့သည် ဂြိုဟ်နက္ခတ်များ၏ လွှမ်းမိုးမှုအောက်တွင် မွေးဖွားကြ၏။ ဂြိုဟ်နက္ခတ်များ၏ စိုးမိုးရာကို ထိုသို့သော လက်ဝါးပြင်များပေါ်၌ မှတ်တမ်းတင်ထားကြပေသည်။

ဥပမာ-ဗုဒ္ဓဟူးဂြိုဟ်ခုံ စိုးမိုးသည့် ပုဂ္ဂိုလ်သည် ပူတတ်သည်၊ အေးတတ်သည်။ ပြေလ ရာသီဥတုကဲ့သို့ အပြောင်းအလဲရှိတတ်၏။ တစ်ခါတစ်ရံပျော်၏။ တစ်ခါတစ်ရံ မှိုင်ရ၏။

စနေဂြိုဟ်စိုးမိုးသည့်ပုဂ္ဂိုလ်သည် ကြံ့ခိုင်တတ်သည်။ စီမံတတ်သည်။ စိတ်ရှည်ပြီး ပေါ သင်းဆက်ဆံရေး၌ ပြေပြစ်သည်။ အချို့၌ ထူးထူးခြားခြား အာဃာတထား တတ်သည့်သဘော ထား။ ဝန်တိုမိစ္ဆာဖြင့် ဖုံးလွှမ်းနေသော သဘောထားများရှိ၏။ အချို့တွင်မူ သူတစ်ပါး၏ ကျေး ကို သိရှိနားလည်သည့် သဘောထားများ ရှိ၏။

ကျွန်ုပ်တို့၏ သက်တမ်းတစ်လျှောက်၌ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားမတူသည့် ပုဂ္ဂိ များကို တွေ့ရ၊ မြင်ရ၊ ကြုံရပေလိမ့်မည်။ တချို့သောသူများအား ကျွန်ုပ်တို့သည် ပေါင်းသင် ဆက်ဆံလို၏။ အချို့ကိုမူကား ရှောင်ကွင်းလို၏။ ဤသဘောတရားကဲ့သို့ပင် လူ့ပတ်ဝန်းကျင် ယောကျ်ား၊ မိန်းမ ဆက်ဆံကြရာဝယ် တူညီသောစိတ်ထားရှိသည့် စုံတွဲများလည်းရှိ၏။ ဆန့်ကျ ဘက်စိတ်ထား ရှိသည့် စုံတွဲများလည်းရှိ၏။ ယင်းကြောင့်လည်း အိမ်ထောင်ရေးလောက၌ ပျော် ရွှင်ကြ၊ ကွဲကြပြဲကြသည်မှာ အဆန်းမဟုတ်တော့ချေ။ လက်ဝါးပြင်ပေါ်၌ နှလုံးလမ်းကြော တိုလေလေ သံယောဇဉ်နှောင်ကြိုး (သို့မဟုတ်) မေတ္တာတရား လျော့နည်းလေလေ ဖြစ်၏။

အကယ်၍ နှလုံးလမ်းကြောင်းသည် လိုအပ်သည်ထက် ပိုမိုရှည်လျားနေပါမူ မနာလိုဝန် မိစ္ဆရိယစိတ်များ ရှိတတ်၏။ ဤနှလုံးလမ်းကြောင်းမျိုးနှင့် တနင်္လာဂြိုဟ်ခုံအထိ ဆင်ခြေလျှေ ထိုးဆင်းသွားသော ဦးခေါင်းလမ်းကြောင်း တွဲဖက်နေပါမူ ပိုမို၍ ဆိုးဝါးတတ်၏။ စိတ်ကူးယဉ် နှင့် မနာလိုဝန်တိုမှု ပူးတွဲနေခြင်းကြောင့် မဖြစ်တန်သည်များ ဖြစ်တတ်ပေသည်။

အကယ်၍ နှလုံးလမ်းကြောင်း၏ အစပိုင်းသည် ကြာသပတေးဂြိုဟ်ခုံပေါ်၌ အောက် ကောက်ကျနေပါမူ ထိုလက်ပိုင်ရှင်သည် အသက်အန္တရာယ်စိုးရိမ်ရသော ထူးဆန်းသည့် ပြဿ ရပ်များနှင့် ရင်ဆိုင်ရတတ်သည်။ အချစ်ရေး၌ စိတ်ဆင်းရဲရတတ်သည်။ အနီးကပ်ဆုံး ရင်းနှီးသေ မိတ်ဆွေများက ၄င်းအပေါ် ဖောက်ပြန်တတ်သည်။

ထိုပုဂ္ဂိုလ်မျိုးသည် ဆုံးဖြတ်မှုအင်အား နည်းပါးပြီး မည်သည့်အမျိုးအစားကို ချစ်ရန် သင့်ေ သည်ကို မသိတတ်ဘဲ အများအားဖြင့် မှားယွင်းပြီး မေတ္တာရှိတတ်၏။ ၄င်းတို့ မေတ္တာရှိသ လူတိုင်းကလည်း ပြန်လည်မေတ္တာ တုံ့ပြန်ခဲ့ပေသည်။

ထိုလူမျိုးတို့သည် သနားကြင်နာတတ်သည့် စိတ်ထားရှိ၏။ မြတ်မြတ်နိုးနိုး ခင်တွယ်တတ် ၄င်းတို့သည် မိမိတို့၏ ချစ်သူအတွက် ဂုဏ်သိက္ခာအနည်းငယ်မျှသာ ရရှိတတ်၏။ မိမိတို့ထ အဆင့်နိမ့်သူများကိုသာ လက်ထပ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com

သံကွင်းဆက်များနှင့်တူသော နှလုံးလမ်းကြောင်း (သို့မဟုတ်) လမ်းကြောင်းငယ်ကလေးများ ပြီး ရှုပ်ထွေးနေသော နှလုံးလမ်းကြောင်းများ ပါရှိနေပါမူ အချစ်နှင့်ပတ်သက်၍ ဖောက်ပြန်တတ်ခြင်း၊ သစ္စာမဲ့ခြင်း၊ အိမ်ထောင်ရေး မတည်မြဲခြင်းတို့ကို ဖော်ပြနေပေသည်။

စနေဂြိုဟ်ခုံမှ အစပျိုးသော နှလုံးလမ်းကြောင်းတွင် ကျွန်းသင်္ကေတန်များ (သို့မဟုတ်) သံကွင်းဆက်များ ပါရှိနေပြီး အထူးသဖြင့် လမ်းကြောင်းသည် ကျယ်၍ ဖောက်တိမ်နေပါမူ ဆန့်ကျင်ဘက် လိင်အတွက် စက်ဆုပ်ရွံရှာဖွယ် ကောင်းသောသူ ဖြစ်လိမ့်မည်။ ဤအမှတ်အသားသည် အချစ်နှင့်ပတ်သက်လာလျှင် ကိုယ့်ဘက်ကိုယ်ယက်သည့် သဘောထားကို ပြသနေပေသည်။

အကယ်၍ နှလုံးလမ်းကြောင်းသည် အရောင်အဆင်း ဖျော့၍ ကျယ်ပြီး ဖောက်တိမ်နေပါမူ အထက်ဖော်ပြပါ အခြင်းအရာတို့နှင့် ဗီလာဆန့်ကျင်ဖြစ်ပေလိမ့်မည်။ မေတ္တာနှင့် ပတ်သက်လာလျှင် စဉ်းစားတွေးခေါ်မှုများက ထိန်းချုပ်ထား၏။

ဤပုဂ္ဂိုလ်တို့သည် အိမ်ထောင်ရေးတွင် အမြဲတမ်း တွက်ချက်တတ်သည့်ဉာဉ် ရှိတတ်ကြ၏။ အကယ်၍ လက်ဝါးပြင်ထက်၌ လမ်းကြောင်းတစ်ကြောင်းတည်း တွေ့ရှိပါမူ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်း ပူးယှက်၍နေခြင်း ဖြစ်ပေသည်။

ဤအမှတ်အသားသည် မိမိကိုယ်ကိုမိမိ အထူးစူးစိုက်တတ်ခြင်းကို ဖော်ပြနေ၏။ အကယ်၍ ဤပုဂ္ဂိုလ်တို့သည် တစ်ဦးတစ်ယောက်အပေါ် မေတ္တာသက်ဝင်မိသည့်အခါ စိတ်ရောကိုယ်ပါ ချစ်ခင်တတ်၏။ ထို့အပြင် လုပ်ကိုင်သမျှတို့၌ ခေါင်းမာမာနှင့် ငုတ်မိသဲတိုင် လုပ်ကိုင်ဆောင်ရွက်တတ်၏။ ကြောက်စိတ်လည်းမရှိ။ စိတ်ထိခိုက်မိလျှင်လည်း လက်လွတ်စပယ် ပြုမူတတ်သဖြင့် ကြောက်စရာကောင်းသည့်သူများလည်း ဖြစ်ကြပေသည်။

၎င်းတို့သည် မိမိကိုယ်ကိုလည်း ရန်ရှာတတ်ပြန်၏။ အများအားဖြင့် မတော်တဆ ထိခိုက်ဒဏ်ရာများ ရရှိတတ်၏။ တစ်ခါတစ်ရံ အသက်စိုးရိမ်ရသည်အထိ တွေ့ကြုံရတတ်၏။ ဤအမျိုးအစားနှင့်ပတ်သက်၍ နောက်အခန်းများ၌ သီးသန့်ဖော်ပြပါမည်။

အကယ်၍ နှလုံးလမ်းကြောင်းသည် ခရင်းခွသင်္ကေတန်ဖြင့် တစ်ခွသည် ကြာသပတေးဂြိုဟ်ခုံ လည်းကောင်း၊ တစ်ခွသည် လက်ညှိုးနှင့် လက်ခလယ်ကြားမှလည်းကောင်း အစပျိုးနေပါမူ အကောင်းဆုံးအမှတ်အသား ဖြစ်ပေ၏။ အစစအရာရာတွင် သမာဓိတ္တရှိပြီး ချစ်တတ်ခင်တတ်ပေသည်။ သနားကြင်နာသည့်စိတ်လည်း ရှိ၏။ အိမ်ထောင်ရေးသုခနှင့်လည်း ပြည့်စုံတတ်၏။

အကယ်၍ နှလုံးလမ်းကြောင်းသည် သေး၍ အခက်အလက်များ ကင်းမဲ့နေပါမူ အေးဆေးခြင်းကို ပြသနေ၏။ မေတ္တာတရားကိုလည်း ခံယူလိုပေ၏။

အကယ်၍ နှလုံးလမ်းကြောင်းသည် ပြတ်တောက်နေပါမူ အချစ်နှင့်ပတ်သက်ပြီး ကျေနပ်ဖွယ် အနေနှင့် တစ်ချိန်တွင် ကြုံရလိမ့်မည်ဖြစ်၏။ သို့တည်းမဟုတ် အချစ်သည် ပိုင်ရှင်အား အမြဲတစေ ခိုးနေပေလိမ့်မည်။ ယခုခေတ် အခါသမယတွင် ဤအမှတ်အသားမျိုးကို တွေ့ရခဲ၏။ ကျွန်ုပ်အနေဖြင့် တစ်ခါတစ်ရံတွင်သာ တွေ့ရ၊ မြင်ရ၊ ကြုံခဲ့ရ၏။ ဤပုဂ္ဂိုလ်မျိုးသည် ချစ်သူကို ဆုံးရှုံးပြီး ပြန်လည်တွေ့ဆုံရမည့်လူမျိုး မဟုတ်ပေ။ သို့တည်းမဟုတ် ဘဝတစ်သက်တာတွင် နောက်ထပ်ချစ်သူ ရှိမည်မဟုတ်တော့ပေ။

ကြည်ဝင်း(ဟသ်ာတ)

ကျမ်းကိုး (၁) Cheiro's Life, Love and Marriage.

(၂) ဗိုလ်ညွန့်မောင်. သိပ္ပံလက္ခဏာစွယ်စုံကျမ်း။


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင် ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းကျေးရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။ သူမသည် ကျွန်တော့်ဗေဒင်ဟောခန်းကို ယခုကဲ့သို့ ရောက်လာလေတိုင်း မေးမြန်းစရာ တစ်ခုမဟုတ်တစ်ခု အမြဲလိုလို ပါလာလေ့ရှိ၏။

ထိုဒေါ်ထားထားသည် သာမန်ဗေဒင်မေးသူ မဟုတ်ဘဲ ကျွန်တော့်ဆီက ဗေဒင်ပညာများကို အားလပ်ချိန်တိုင်း လာရောက်သင်ယူနေသူလည်း ဖြစ်ပေသည်။ သူမသည် သဘောဖြူအူစင်းသော တောသူမကြီးဖြစ်၏။ အညာဒေသထွက်ကုန် ထန်းလျက်၊ သနပ်ခါး၊ ပေါက်ပေါက်ဆုပ်တို့ကို အောက်ပြေအောက်ရွာသို့ သွားရောက်ရောင်းချရင်း မိသားစုငါးယောက်တာဝန်ကို ထမ်းရွက်နေသူလည်းဖြစ်၏။ ထိုသို့ ပင်ပန်းဆင်းရဲစွာ ရှာဖွေစားသောက်နေရသည့်ကြားကနေ ရပ်ရေးရွာရေး သာရေးနာရေး ကိစ္စအဝဝတို့၌လည်း မလစ်လပ်စေရန် ကြိုးပမ်းရွက်ဆောင်နိုင်သူလည်း ဖြစ်ပေသည်။

ထိုသို့သော ဒေါ်ထားထားသည် ကျွန်တော့်ဆီရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုတ်စကားဖြင့် စတင်ပြောဆိုလေ့ရှိ၏။

'တို့ဆရာရေ..ပြော မပြောချင်ပါဘူးတော်။ ဗေဒင်ဟောရတာလည်း ဗေဒင်ပညာ မတောက်တစ်ခေါက်ကလေး တတ်တုန်းက ဗေဒင်ပညာ မှန်အောင် အရမ်းကာရော နေ့မနား ညမအား အပတ် တကုတ်သင်ခဲ့ရတယ်။ ဟော..အခုလို တီတီပပလေး သင်ကြားတတ်မြောက်လာတဲ့ အချိန်လည်းကျရော ဟော ကွက်ယတြာတွေ ထိရောက်မှု ရှိလာတယ်။ အဲဒီလိုဖြစ် လည်းလာရော တကတည်း အားလုံးကို အော်ဆဲချင်တဲ့ စိတ်တွေ တဖွားဖွား ပေါ်လာတယ် ဆရာ'

'နိုး..နိုး..ဆဲတော့ ဘယ်တော့မှ မဆဲပါနဲ့ဗျာ။ ကျွန် တော်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ဆဲတာ လုံးဝမနှစ်မြို့ဘူးဗျ။ နောက်ပြီး ခင်ဗျားတို့ ကျွန်တော်တို့ က ဗေဒင်ဆရာတွေလေ။ အဆဲနဲ့ပတ်သက်လို့ ပြောမယ် သာ ပြောရတယ် ကျွန်တော်တို့ ဆရာတူ တပည့်တူတွေ နေ့စဉ်လိုလို ဆဲနေတာ ဖေ့ဘုတ်ပေါ်မှာ အများကြီး တွေ့ နေရတယ်ဗျို့။ အဘဆရာကြီးသာ ဘုံဘဝတစ်ခုကနေ ကြားခဲ့ရင် ဘယ်လောက်ရင်နာလိုက်မလဲလို့။ ကြုံတုန်း



# မွေးသက္ကရာဇ် နောက်ကွယ်က လျှို့ဝှက်ချက်များ

**သာထက်ဇော်** (မကွေး)



www.burmeseclassic.com

www.burmeseclassic.com

ဆဲနည်းအကြောင်း ပြောပြဦးမယ်။ ဆဲရေးတာက (၁၀) မျိုးရှိတယ်ဗျ'

'ကြား မကြားဖူးပေါင် ဆရာရယ်၊ ဆဲနည်း(၁၀)မျိုးတဲ့။ ဟုတ်မှလည်း ပြောစမ်းပါ။ ဆဲတာများ (၁၀)နည်းတောင် ရှိသတဲ့လား'

'ဟုတ်တယ်၊ ခင်ဗျားလည်း မှတ်ချင်မှတ်ထားပေါ့။

(၁) ဇာတိ = ဇာတ်ကို ထိပါးပြီး ဆဲရေးခြင်း၊

(၂) နာမ = နာမည်ကို ဖော်ထုတ်ပြီး ဆဲရေးခြင်း၊

(၃) ဂေါတ္တ = မျိုးနွယ်ကို ထိပါးပြီး ဆဲရေးခြင်း၊

(၄) ကမ္မ = အလုပ်ကို ထိပါးပြီး ဆဲရေးခြင်း၊

(၅) သိပ္ပ = အတတ်ပညာကို ထိပါးပြီး ဆဲရေးခြင်း၊

(၆) အာဗာဓ = အနာရောဂါကိုစွဲပြီး ဆဲရေးခြင်း၊

(၇) လိင်္ဂ = အသွင်ပုံသဏ္ဌာန်ကို ဖော်ထုတ်ပြီး ဆဲရေးခြင်း၊

(၈) ကိလေသာ = ကိလေသာတစ်ပါးပါးကို အစွဲပြုပြီး ဆဲရေးခြင်း၊

(၉) အာပတ္တိ = အာပတ်ဖြင့် စွပ်စွဲပြီး ဆဲရေးခြင်း၊

(၁၀)အက္ကောသ = ယုတ်ညံ့မှုအားဖြင့် စွပ်စွဲပြီး ဆဲရေးခြင်းဆိုပြီး ရှိတယ်ဗျ။

ခင်ဗျားလေ့လာချင်သပဆိုရင် ဝိနည်းပိဋကတ်ပါစိတ်ပါဠိတော် ဘိက္ခုဝိဘင်းမှာ ရှာဖတ်ပေါ့ဗျာ။ ဒါနဲ့ခုစမ်းပါဦး။ ခင်ဗျား ခုနကပြောတဲ့ စကားထဲမှာ ဗေဒင်တောက်တစ်ခေါက် သင်ကြားကာလနဲ့ ကျွမ်းကျင်လိမ္မာတဲ့ ကာလအပိုင်းအခြား ကွာဟပုံ ဆဲရေးခြင်းကိစ္စတွေပါပါတယ်။ ကျုပ်နားလည်အောင် ရှင်းပြစမ်းပါဦး'

'တခြားမဟုတ်ပါဘူး၊ ဗေဒင်သင်ကြားဆဲကာလမှာ သူတွေက ကျုပ်ဟောတာ ပြောတာ မယုံသလိုလို ဘာလိုလိုနဲ့ နှာခေါင်းရှုံ့ချင်ကြသလို ဗေဒင်ပညာအတော်အတန်တီးမိခေါက်မိကာလ (အခုလက်ရှိအနေအထား)လည်း ရောက်ရော ကျုပ်ရဲ့ ဟောပြောကွက်နဲ့ ယတြာမတ်ရိက်ဓာတ်ဆင် အစွမ်းထက်မြက်မှုအပေါ် မကောင်းသတင်းလွှင့်ကြပြန်တယ်။ ရှင်းရှင်းပဲ ပြောမယ် ဆရာ၊ ဆရာနဲ့ကျုပ်တို့ နှစ်ယောက်ကို အောက်လမ်းဆရာတွေလို့ ကွယ်ရာမှာ သတင်းတွေ လွှင့်ထုတ်နေကုန်ကြပြီ။ အထူးသဖြင့် ကျုပ်အိမ်အနီးအပါးက အမျိုးသမီးရဲ့ မဟုတ်တမ်းတရမ်းစွပ်စွဲပြောဆိုနေသံတွေပဲ။ တော်တော်ကြီး ဒေါသထွက်မိတယ် ဆရာ'

'ဒီလောက်လည်း ဒေါသမကြီးပါနဲ့ဗျာ။ အဘဆရာကြီး သင်ပေးခဲ့ဖူးတဲ့ ခြေဖဝါးကို ကျောက်မီးသွေးသုတ်လိမ်းယတြာ လုပ်လိုက်ပေါ့။ တန်ပြန်အကျိုးထိရောက်သွားပါလိမ့်မယ်။ ကဲ··ဒီနေ့ ခင်ဗျားကို ကျွန်တော်သင်ပေးမယ့် ခေါင်းစဉ်က မွေးသက္ကရာဇ် နောက်ကွယ်ကလျှို့ဝှက်ချက်များတဲ့။

တွက်နည်းက လူတစ်ယောက်ရဲ့ အင်္ဂလိပ်မွေးဖွားသက္ကရာဇ် (ရက်+လ+ခုနှစ်)အားလုံး ပေါင်းလို့ရတဲ့ကိန်းဂဏန်းကိုကြည့်ပြီး ဟောတဲ့နည်းရယ်ပါ။ ဥပမာ-(၃)ရက်၊ (၁၀)လပိုင်း၊ (၁၉၇၁)ခုနှစ်မှာ မွေးဖွားသူတစ်ဦးကို တွက်မယ်ဆိုရင်-

၃ + ၁ + ၀ + ၁ + ၉ + ၇ + ၁ = ၂၂ = ၂ + ၂ = ၄

ဆိုပြီး တွက်ရမယ်။ တွက်လို့ပြီးရင် (၄)ရဲ့ဟောကိန်းကို ဖတ်ကြည့်လိုက်ရုံပဲ။ (၁)ကနေ (၉)အထိ ဂဏန်းအလိုက် နာမည်အမျိုးမျိုး မှည့်ထားတယ်။

(၁)ဂဏန်းသမားကို မူလရင်းမြစ်၊

(၂)ဂဏန်းသမားကို ငြိမ်းချမ်းရေးအကျိုးတော်ဆောင်၊

(၃)ဂဏန်းသမားကို ပျော်ရွှင်မြူးထူးစွာ နေတတ်သူ၊

(၄)ဂဏန်းသမားကို ရှေးရိုးစဉ်လာသမား၊

(၅)ဂဏန်းသမားကို ရွေ့လျားနေတတ်သူ၊

(၆)ဂဏန်းသမားကို ရိုမန့်တစ်ဖြစ်တဲ့သူ၊

(၇)ဂဏန်းသမားကို စူးစမ်းသူ၊

(၈)ဂဏန်းသမားကို ပြဿနာရှင်းတတ်သူ၊

(၉)ဂဏန်းသမားကို အနုပညာရှင်

### (၁) မူလရင်းမြစ်

သူတို့က အခြေခံကျနတဲ့သူတွေဖြစ်တယ်။ သူတို့ဆီက အတွေးအခေါ် အိုင်ဒီယာအသစ်တွေ အမြဲလိုလို ထွက်လာလေ့ရှိတယ်။ ခေါင်းလည်း မာကြတယ်။ သိပ်လည်း ရိုးသားတယ်။ လိုချင်တာရှိရင် ရအောင် ညှိနှိုင်းယူနိုင်စွမ်းရှိတယ်။ ကိစ္စတစ်ခုကို ဦးဆောင်ဖို့ ဝန်မလေးတတ်ကြဘူး။ ခေါင်းဆောင်လည်း ဖြစ်တတ်ကြတယ်။ သတိထားရမှာက ကိုယ့်ရဲ့အတွေးအခေါ် ကောင်းမွန်သလိုပဲ သူများရဲ့ စိတ်ကူးကလည်း သူ့နေရာနဲ့သူ ကောင်းမွန်တယ်ဆိုတာပါ။ တွမ်ဟန့်၊ ကာရိုး၊ ဘားနက်၊ နန်စီရေဂင်တို့



www.burmeseclassic.com

www.burmeseclassic.com

ဟာ ထင်ရှားတဲ့ (၁)ဂဏန်းသမားတွေပေါ့။

(၂) **ငြိမ်းချမ်းရေးအကျိုးတော်ဆောင်**

သူတို့က သံတမန်ဖြစ်ဖို့ မွေးဖွားလာသူတွေပါ။ တခြားသူတွေရဲ့ လိုအပ်ချက်၊ ခံစားချက်တွေကို သူတို့က နားလည်တယ်။ ကိုယ့်အတွက်ထက် သူများအရေးကို ဦးစားပေး စဉ်းစားတတ်ကြတယ်။ သူတို့ဟာ တစ်ယောက်တည်း မနေလိုကြဘူး။ ပေါင်းသင်းဆက်ဆံရေးနဲ့ သူငယ်ချင်း မိတ်ဆွေတွေဟာ သူတို့အတွက် သိပ်အရေးကြီးပြီး ဒီလိုဆက်ဆံရေးကြောင့်လည်း သူတို့ဘဝမှာ အောင်မြင်မှု ရကြလိမ့်မယ်။ ပင်ကိုအားဖြင့် ရှက်တတ်သူတွေဖြစ်တာကြောင့် ကိုယ့်အကြောင်းကို ထုတ်ဖော်ပြောဖို့၊ သိုဝှက်ထိမ်ချန်မထားဖို့ အရေးကြီးပါတယ်။ ဘီလ်ကလင်တန်၊ မက်ဒေါနား၊ သောမတ်(စ်)အယ်ဒီဆင်၊ မိုးဇက်တို့ဟာ ထင်ရှားတဲ့ (၂)ဂဏန်းသမားတွေပါ။

(၃) **ပျော်ရွှင်မြူးထူးစွာနေတတ်သူ**

သူတို့က စိတ်ကူးဉာဏ်ရင့်သန်သူတွေ ဖြစ်ပါတယ်။ တီထွင်ဆန်းသစ်နိုင်စွမ်း သိပ်ပြီးကောင်းတယ်။ ဆိုရှယ်ကျတယ်။ ချစ်စရာကောင်းတယ်။ ပေါင်းလို့သင်းလို့ကောင်းတယ်။ တခြားသူတွေကို ပျော်ရွှင်စေလိုတဲ့ စိတ်ဆန္ဒရှိပြီး ပျော်အောင်လည်းစွမ်းဆောင်ပေးနိုင်တယ်။ သူတို့ဟာ ပေါ်ပြူလာလည်းဖြစ်၊ စိတ်ကူးယဉ်လည်းဆန်တတ်ကြတယ်။ ကမ္ဘာကြီးကို ပိုမိုလက်တွေ့ဆန်တဲ့အမြင်နဲ့ ကြည့်မြင်တတ်စေဖို့ လိုအပ်ပါမယ်။ ဂျိုဒီဖော်စတာ၊ အန်းလန်ဒါတို့ဟာ ထင်ရှားတဲ့ (၃)ဂဏန်းသမားတွေပါ။

(၄) **ရေးရိုးစဉ်လာသမား**

သူတို့က ရိုးရာဓလေ့ကို နှစ်သက်သဘောကျတယ်။ အစီအစဉ်အတိုင်း ပုံမှန်လုပ်ရှားလုပ်ကိုင်ရတာကို ကြိုက်နှစ်သက်တယ်။ တစ်ဦးတစ်ယောက်ရဲ့ ခိုင်းစေတာကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မှသာ သူတို့က လုပ်ကိုင်တတ်ကြတယ်။ ပြီးပြီးရော မလုပ်တတ်ကြဘူး။ လုပ်ကိုင်ရင်လည်း စိတ်ပါလက်ပါ အားကြိုးမာန်တက် လုပ်တတ်ကြတယ်။ သူတို့ဟာ ပြင်ပလောကကို စိတ်ဝင်စားပြီး သဘာဝနဲ့ ဆက်စပ်မှုရှိတယ်။ စောင့်ဆိုင်းဖို့ စိတ်ရှည်တယ်။ ခေါင်းလည်း မာတယ်။ သူတို့အနေနဲ့ အရာရာနဲ့ လိုက်လျောညီထွေဖြစ်အောင် နေထိုင်တတ်ကြပြီး ကိုယ့်ကိုယ်ကိုယ် ညှာတာဖို့ လေ့လာသင်ယူသင့်တယ်။ အာနိုး၊ ရှာဝါဇနဲနဂ္ဂါ၊ မာဂရက်သက်ချာ၊ အိုပ... ဝင်းဖရေးတို့ဟာ ထင်ရှားတဲ့ (၄)ဂဏန်းသမားတွေပေါ့။

(၅) **ရွှေလျားနေတတ်သူ**

သူတို့က စူးစမ်းရှာဖွေတတ်သူတွေ ဖြစ်ပါတယ်... သဘာဝအရ စပ်စုတဲ့စိတ်၊ လာမယ့်ဘေး ပြေးတွေ့တတ်တဲ့ စိတ်တွေကြောင့် မကြာခဏ ဒုက္ခကြုံရတတ်တယ်... သူတို့ဟာ ကွဲပြားခြားနားမှုကို လိုလားတတ်ကြပြီး ... သေအိုင်မှာ ဝပ်မနေချင်တတ်ကြဘူး။ တစ်ကမ္ဘာလုံး... သူတို့ကျောင်းပဲ။ ဘယ်အခြေအနေမှာရောက်ရောက် ... လာသင်ယူနိုင်စွမ်း ရှိကြတယ်။ မေးခွန်းတွေကိုလည်း... အဆက်မပြတ် မေးနေတတ်ကြတယ်။ ဒီတော့ တစ်ခုခု... ဆို ထင်ရာစိုင်းဖို့အတွက် ဆုံးဖြတ်ချက်မချခင် အရာ... ကို စေ့စေ့စပ်စပ် လေ့လာသင့်ပါတယ်။ အေဘရာဟ... လင်ကွန်း၊ ဗင်းဆင့်ဗင်ဂိုး၊ ဟယ်လင်ကယ်လာတို့ဟာ... ထင်ရှားတဲ့ (၅)ဂဏန်းသမားတွေပေါ့။

(၆) **ရိုမန့်တစ်ဖြစ်တဲ့သူ**

သူတို့က စိတ်ကူးကောင်းပြီး သူတို့ဟာ အသုံးကျ... လူလို့ ခံစားရမှ နေပျော်တဲ့သူတွေ ဖြစ်တယ်။ မိသားစု... ချစ်ကြည်နွေးထွေးမှုဟာ သူတို့အတွက် သိပ်အရေးကြီး... တယ်။ သူတို့ဟာ သူတစ်ပါးကို ကူညီဖို့၊ ဂရုစိုက်... စိတ်ပါလက်ပါ ရှိကြတယ်။ သိပ်ပြီးသစ္စာရှိသလို ဆ... ကောင်းတွေလည်း ဖြစ်တတ်ကြတယ်။ အနုပညာ၊ ဂီ... တို့ကို နှစ်ခြိုက်သဘောကျတတ်ကြတယ်။ သူတို့မှာ ... မင်ရှင်းနှီးမှုကို အထူးတလည် တန်ဖိုးထားတဲ့ မိတ်ဆွေ... သူငယ်ချင်းကောင်းတွေ ရှိကြတယ်။ အဲလ်ဘတ်၊ အိုင်... စတိုင်း၊ ဂျွန်ဒန်ဗာ၊ ခရစ်တိုဖာ၊ ကိုလံဘတ်တို့ဟာ ထင်... ရှားတဲ့ (၆)ဂဏန်းသမားတွေပေါ့။

(၇) **စူးစမ်းသူ**

သူတို့က စူးစမ်းရှာဖွေသူတွေ ဖြစ်တယ်။ နောက်... ကွယ်က သတင်းအချက်အလက်တွေကို အမြဲလိုလို ဖေ... ထုတ်နေပြီး အပေါ်ယံတန်ဖိုးအတိုင်း လက်ခံဖို့ ခက်ခဲ... တယ်။ ခံစားချက်ကြောင့် ဆုံးဖြတ်ချက်မယိမ်းယိုင်ဘူး... ဘဝမှာ အရာရာကို မေးခွန်းထုတ်တတ်ကြပြီး သူတို့... သူတို့ မေးခွန်းထုတ်ရမှာကိုတော့ မကြိုက်ကြဘူး... ဘယ်အရာကိုမျှ အလျင်စလို မလုပ်တတ်ပါဘူး။ သူတို့... ဆောင်ပုဒ် ဖြည်းဖြည်းမှန်မှန် အောင်ပွဲခံ၏။ သူတို့ဟာ...

www.burmeseclassic.com

www.burmeseclassic.com

အတွေးအခေါ် ပညာရှင်တစ်ယောက်လို ဘဝကို ဖြတ်သန်းပြီး အသိပညာ ကြွယ်ဝတတ်ပေမယ့် တစ်ခါတလေမှာတော့ အထီးကျန်ဆန်နေပါလိမ့်မယ်။ သူတို့ဟာ လျှို့ဝှက်ချက်တွေကို နှစ်ခြိုက်တတ်ကြတယ်။ ကိုယ်ပိုင်ကမ္ဘာငယ်လေးမှာ နေထိုင်သူတွေဖြစ်တာကြောင့် လောကကြီးက ဘာကိုလက်ခံနိုင်တယ်၊ ဘာကိုလက်မခံနိုင်ဘူးဆိုတာလေ့လာဆည်းပူးထားသင့်ပါတယ်။ ဝီလျံရှိတ်စပီးယား၊ မိုက်ကယ်ဂျက်ဆင်၊ ဒိုင်ယာနာမင်းသမီးတို့ဟာ ထင်ရှားတဲ့ (၇)ဂဏန်းသမားတွေပေါ့။

**(၈) ပြဿနာရှင်းတတ်သူ**

သူတို့က ပြဿနာဖြေရှင်းသူတွေ ဖြစ်တယ်။ ပညာရှင်ဆန်တယ်။ ဘွင်းဘွင်းရှင်းရှင်းနဲ့ ထိရောက်အောင်ပြောဆိုနိုင်စွမ်းရှိတယ်။ ဆုံးဖြတ်ချက်မှန်တယ်။ ပြတ်သားတယ်။ သူတို့မှာ မဟာစီမံကိန်းကြီးတွေ ရှိတတ်တယ်။ ကောင်းကောင်းနေ ကောင်းကောင်းစားရတာကိုလည်း ကြိုက်နှစ်သက်တယ်။ လူတွေကို ကြီးကြပ်ကွက်ကဲတတ်ကြတယ်။ သူတို့က လူတွေကို ယထာဘူတကျကျပဲ မြင်တယ်။ သူတို့ဟာ အကြီးအကဲဖြစ်ကြောင်းလည်း ပြတ်ပြတ်သားသား ဖော်ပြတတ်လေ့ရှိတယ်။ သူတို့အနေနဲ့ သူတစ်ပါးလိုအပ်ချက်ကို သိအောင်ကြိုးစားသင့်ပါတယ်။ ဂျိန်းဖောင်ဒါ၊ ပါဘလိုပီကာဆို၊ အာရစ်သာဖရန့်ကလင်းတို့ဟာ ထင်ရှားတဲ့ (၈)ဂဏန်းသမားတွေပေါ့။

BURMESE CLASSIC

**(၉) အနုပညာရှင်**

သူတို့က မွေးရာပါအနုပညာရှင်တွေဖြစ်တယ်။ အရာရာကို ပြီးစလွယ်မလုပ်ဘဲ ဂရုတစိုက်လုပ်တတ်ကြတယ်။ အပေးအကမ်း ရက်ရောကြတယ်။ သူတို့မှာရှိတဲ့ နောက်ဆုံးလက်ကျန်ငွေလေးကိုတောင် တစ်စုံတစ်ယောက်က အကူအညီတောင်းခံလာခဲ့ရင် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲပစ်တတ်ကြတယ်။ သူတို့ရဲ့ ချစ်စရာအသွင်အပြင်ကြောင့် သူတို့ဟာ သူငယ်ချင်းဖွဲ့ရာမှ အခက်အခဲမရှိကြပါဘူး။ သူတို့နဲ့ ဘယ်သူမှ သူစိမ်းမရှိကြပါဘူး။ သူတို့မှာ ကိုယ်ရည်ကိုယ်သွေးအမျိုးမျိုး ရှိတဲ့အတွက်ကြောင့် ဆားပတ်ဝန်းကျင်က လူတွေကတောင် သူတို့ကို နားလည်ရ ခက်ခဲတတ်ကြတယ်။ သူတို့ဟာ ကံလည်းကောင်းကြပေမယ့် အတက်ကြမ်း၊ အကျကြမ်းပြီး စိတ်ထောင်းကိုယ်ကြေ ဖြစ်တတ်တယ်။ ကောင်းမှုရဖို့ဆိုရင်သူတို့အနေနဲ့ အခြေခံကောင်းကောင်းတစ်ခု တည်ဆောက်ထားဖို့ လိုပါလိမ့်မယ်။ ဟယ်ရီဆင်ဖို့ဒ်၊ ဂျင်မီကာတာ၊ အဲလ်ဗစ်ပရက်စလေတို့ဟာ ထင်ရှားတဲ့ (၉)ဂဏန်းသမားတွေပေါ့။

'ကဲ··ဒေါ်ထားထားရေ၊ ဟောကိန်း(၉)ခုတော့ သင်ပြီးသွားပြီ။ ဘာပြောချင် ဘာမေးချင်သေးသလဲ ဆိုစမ်းပါဦး'

ဒေါ်ထားထားသည် ကျွန်တော်၏ အမေးကို မဖြေသေးဘဲ တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေဟန်ပြုသည်။ ထို့နောက် ခေါင်းတညိတ်ညိတ်လုပ်၏။ ပြီးလျှင် သူမ၏ ဗေဒင်မှတ်စုစာအုပ်ကြီးကို အသာအယာပိတ်လိုက်ရင်း ချည်ထည်လွယ်အိတ်အညိုကြီးထဲသို့ ဖြည်းညင်းစွာ ထည့်လိုက်သည်။ ပြီးမှ-

'ပြောချင်တာက ကျုပ်က (၇)ဂဏန်းပါ။ ဟောကိန်းအရ ပြောရရင် ကျုပ်နောက်ကို စပိုင်တစ်ယောက်ထည့်ပေးထားသလိုပါပဲ။ အရမ်းမှန်တယ်။ တစ်အားကြီးမှန်တယ်။ ဒါပေမဲ့··'

'ဒါပေမဲ့က ဘာဒါပေမဲ့လဲဗျာ'

'ဒါပေမဲ့ ဆရာရယ်၊ မှန်လွန်းတော့လည်း ကြောက်ကြောက်လာတယ်'

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'ဒီလိုပါ ဆရာရယ်။ မှန်လွန်းတော့ ကျုပ်ဆရာရဲ့ဆရာကြီးရော ကျုပ်ဆရာရော၊ ကျုပ်ဆရာရဲ့တပည့် ကျုပ်ရော အောက်လမ်းသမားတွေလို့ စွပ်စွဲမှာ စိုးရိမ်မိပါရဲ့'

'ဒီလိုလူမျိုးတွေက ဗေဒင်အသိပညာ ခေါင်းပါးကြလို့ ပြောတာပါ။ အဲဒီလိုလူမျိုးတွေပဲ အလိမ်အညာ အမြဲခံရတတ်တာ'

'မှန်လိုက်တာ ဆရာရယ်။ ဒက်ထိ ကွက်ရှိ'

'မှန်ရင်လည်း ပြန်တော့ဗျာ။ ကျုပ်လည်း ဟောခန်းပိတ်တော့မယ်'

ထို့နောက် ဒေါ်ထားထားသည် ကျွန်တော့်ဗေဒင်ဟောခန်းထဲကနေ သွက်လက်ဖျတ်လတ်စွာ ထွက်ခွာသွားလေပြီတကား။

မြှော ရက္ခတ် မြှစာဒို
သာထက်ဇော်(မကွေး)

**ကျမ်းကိုး** ＊ The Idealist.

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

# အဘအောင်ပေးသောဝိဇ္ဇာယတြာ

ဗုဒ္ဓဟူးနေ့တစ်နေ့တွင် ကျွန်ုပ်စာရေးသူသည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူး အဓိဋ္ဌာန်ပုတီးစိပ်ရန် ရောက်ရှိသွားပါသည်။ ရန်ကုန်မြို့တွင် ထင်ပေါ်ကျော်ကြားသော ဘုရားစေတီများစွာအနက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် တန်ခိုးအကြီးဆုံး၊ ဘုရားဖူးများ နေ့စဉ်မပြတ် တစ်နေကုန် လာရောက်သော၊ အလှူငွေ အများဆုံးပါသော စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်ပါသည်။

ရာဟုထောင့်အောင်မြေတွင်ထိုင်ပြီး ဘုရားကြီးကို ရှိသေစွာ ပူဇော်ကန်တော့လိုက်သည်။ အမှန်မှာ ရွှေတိဂုံစေတီ၊ ဗိုလ်တထောင်စေတီ၊ ဆူးလေစေတီဟု ခေါ်ဆိုလျှင် ပို၍သဘာဝကျပါသည်။ ထိုစေတီပတ်လည်တွင် ရုပ်ပွားတော်များစွာ ပူဇော်ထားသည်။ အထူးသဖြင့် မုခ်လေးမုခ် ဘုရားလေးဆူ တည်ထားကိုးကွယ်ထားပါသည်။ ပွင့်တော်မူပြီး (သံ၊ ဂုံ၊ ပ၊ မ)ဘုရားလေးဆူ ဖြစ်သည်။ ကျွန်ုပ်လည်း ရာဟုထောင့်အောင်မြေတွင် ဘုရားရှိခိုး ပုတီးစိပ်ပြီးသောအခါ ဒေါ်စောမြတန်ဆောင်းသို့ သွားသည်။ သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်ဘုရားကြီး ရန်ကုန်ကြွလျှင် ထိုတန်ဆောင်းသို့ အမြဲကြွပြီး ဘုရားရှိခိုးပူဇော် ဘုရားကန်တော့ပွဲ၊ ဆွမ်း၊ သစ်သီး ရေတော် စသည်တို့ကို စားပွဲကြီးတစ်လုံးဖြင့် စုံလင်အောင် ကပ်လှူပြီး ပဋ္ဌာဝါရပဋ္ဌာန်း ပူဇော်သည်။ ကပ်သုံးပါး ကျော်စေရန် ပုတီးစိပ်၊ မေတ္တာပို့ ဆုတောင်းပေးသည်။ ဆရာတော် မကြွနိုင်သေးပါကလည်း တပည့်တွေ စုပေါင်းကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်သည်။

စာရေးသူလည်း ဒေါ်စောမြတန်ဆောင်းတွင် ဓမ္မမိတ်ဆွေ တစ်ဦးနှင့် စကားပြောနေစဉ် ယောဂီပုဂ္ဂိုလ်တစ်ဦး ကြွလာတာ တွေ့မြင်ရသည်။ ထိုပုဂ္ဂိုလ်သည် ဆံပင်ရှည်ကို သျှောင်ထုံး ထုံးထားပြီး မျက်ခုံးကောင်းကောင်း အသားမဖြူမညို အနေအထားရှိသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးမှာလည်း မတိုမရှည်ဖြစ်သည်။ ယောဂီရောင် လွယ်အိတ်ကြီးနှင့် လက်ထဲမှာ ကိုင်ထားသော တောင်ဝှေးကို ဘေးသို့ချလိုက်သည်။ လည်ပင်းတွင် ချိတ်ထားသော ပုတီးကိုဖြုတ်၍ ပုတီးစိပ်ရန် ဟန်ပြင်လိုက်သည်။

ကျွန်ုပ်စာရေးသူနှင့် ဓမ္မမိတ်ဆွေလည်း ဂမ္ဘီရ အကြောင်း ပြောဆိုဆွေးနွေးနေကြသည်။ မိတ်ဆွေဖြစ်သူ ကိုမြမောင်မှ သူ၏ အကြွေးကိစ္စ အခက်အခဲကို တင်ပြသည်။ စာရေးသူလည်း အင်္ဂဝိဇ္ဇာဓာတ်ယတြာပေးရန် စဉ်းစားနေသည်။

ယောဂီဝတ်ပုဂ္ဂိုလ်မှ စာရေးသူတို့ဘက်လှည့်၍ ပြုံးပြသည်။ စာရေးသူလည်း မည်သည့်ပုဂ္ဂိုလ်၊ ဘာပုဂ္ဂိုလ် ဆိုတာမသိ အသက်ကြီးသော ဂုဏ်အရ လက်အုပ်ချီ နှုတ်ဆက်လိုက်သည်။ ထိုပုဂ္ဂိုလ်က မောင်ရင်တို့က ဂမ္ဘီရ သမားတွေလားဟု မေးသည်။ စာရေးသူတို့လည်း ဝါသနာရှင်၊ သုတေသနပြုနေသူ ဂမ္ဘီရစာပေပညာ လေ့လာလိုက်စားနေသူတွေဖြစ်ကြောင်း ပြောလိုက်ပါသည်။

'အဘကတော့ ဘုရားစေတီတွေလှည့်ပြီး အဓိဋ္ဌာန်ဝင်နေတာပါ။ (၇)နေ့သားသမီး အခက်အခဲတွေ့ရင်လည်း အကူအညီပေးတယ်။ ဘုရားတစ်ဆူမှာ (၉)ရက်အဓိဋ္ဌာန်ဝင်တယ်'

BURMESE CLASSIC

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အဘ'

'အဘနာမည်ရင်းကတော့ ဦးအောင်မင်းပါပဲ။ ဒါပေမဲ့ အများကတော့ အဘအောင်၊ ဆရာအောင်လို့ ခေါ်ကြတယ်'

'အဘက ဂန္ဓာရီလှည့်နေတာလား'

'ဟုတ်တယ်၊ အဘက မြေလျှောက်ဝိဇ္ဇာလေ။ ခရီးနီးရင်တော့ လမ်းလျှောက်တယ်။ ဝေးတော့လည်း ကားစီးပါတာပေါ့။ ဥပမာ-ပဲခူး ရွှေမော်ဓောဘုရားသွားရင် ပဲခူးထိ ကားစီးတယ်။ ပဲခူးမြို့ရောက်ရင်တော့ ဘာကားမှ မစီးတော့ဘူး။ ဘုရားစေတီတွေအကုန် လမ်းလျှောက်သွားတယ်'

ကျွန်ုပ်နှင့် ဂမ္ဘီရမိတ်ဆွေလည်း အဘအောင် ပြော

www.burmeseclassic.com

www.burmeseclassic.com

သူကို စိတ်ဝင်တစား နားထောင်နေသည်။ ပြီးတော့ ကြုံတုန်း အကူအညီတောင်းရန် စဉ်းစားမိလိုက်သည်။

'အဘအောင် (၇)နေ့သားသမီးတွေကို ကူညီနေတယ်ဆိုတော့ အကြွေးငွေ အခက်အခဲကိစ္စ ကူညီပေးပါလား အဘ'

'အကြွေးကိစ္စ မခက်ပါဘူး။ ဝိဇ္ဇာယတြာ ပေးခဲ့မယ်။ မိုင်လို (သို့မဟုတ်) ဟောလစ်ပုလင်း တစ်ပုလင်းရှာကွာ။ ဟောလစ်ပုလင်း ပိုကောင်းတယ်။ ဒါပေမဲ့ ခုခေတ်မှာ ရှားသွားပြီ။ ပလတ်စတစ်ဘူးတွေပဲ လာတော့တယ်။ မိုင်လိုလည်း ပုလင်းကြီးရင် ကောင်းတယ်။ ဟောလစ်ပုလင်း အဟောင်းလည်း ရတယ်'

မိတ်ဆွေဖြစ်သူမှ-

'အိမ်မှာ အဟောင်းရှိတယ် အဘ'

'အဟောင်းလည်း ရပါတယ်။ အသစ်ဆိုရင်တော့ ဟောလစ်အမှုန့်ကိုဖျော်ပြီး ဘုရား၊ ရဟန္တာ၊ ဝိဇ္ဇာဂိုကို အရင်ကပ်ပေးကွာ'

'ဟုတ်ကဲ့ပါ အဘ'

'မိုင်လိုကတော့ ကိုးနဝင်းပေါ့ကွ။ ဟောလစ်ကတော့ ငွေတွေ ဟောခနဲဝင်လာအောင် ခတ်ဆင်တာပါ။ ပုလင်းဆိုရင် (၅+၄) နဝင်းဖြစ်နေပါပြီ'

'အကြွေးယူထားတဲ့သူနာမည်၊ ငွေကြေးပမာဏကို စာရွက်အဖြူတစ်ခုမှာ ရေးပါ။ ပြီးရင် ဟောလစ်ပုလင်းထဲထည့် အပေါ်က ပေါက်ပေါက်ပွင့်ကို ပုလင်းအပြည့်ထည့်ပြီး ထီးဖြူသေးတစ်ချောင်း မိုးထားပြီး ဘုရားရှေ့မှာထား ဆုတောင်းမှုပြုပါ။

ဤယတြာခတ်ဆင်နည်းသည် အကြွေးငွေရ ငွေများ ဟောခနဲ ,ဟောခနဲ ဝင်လာစေသော ဝိဇ္ဇာယတြာဖြစ်သည်။ အချိန်အခါ နေ့ရက်မရွေး ပြုလုပ်နိုင်သည်။ ဘုရားရှင်သီဝလိရဟန္တာ ရှေ့မှာထား၍ ဂါထာရွတ်ဆို ပုတီးစိပ်ပြီး ဆုတောင်းပါ။

ဘုရားဂုဏ်တော် အရဟံအကောင်းဆုံးပဲကွာ။ တစ်နေ့ အရဟံဂုဏ်တော်(၉)ပတ် မပျက်မကွက်စိပ်၊ လောကမှာ အရဟန်ဖို့ အရဟံဂုဏ်တော် များများပွား၊ ပေါက်ပေါက်ပွင့်ခြောက် နွမ်းသွားပါက အသစ်လဲပေးရမည်။ အကြွေးကိစ္စပြီးပါက စွန့်ပစ်နိုင်သည်။ ငွေအမြဲဝင်ရန် ဆက်ထား၍လည်းရသည်။ ငွေကလည်း ဝင်စရာလမ်း




ကြောင်းရှိမှ ဝင်မှာပါ။ ဘာမှမလုပ်ဘဲ ချဲထိုး၊ ထီထိုး၊ လောင်းကစားငွေ မျှော်လင့်နေ၍ မရပေ။

အဘအောင်မှ ကပ်သုံးပါးကျော် ငွေအရင်းတွေ၊ မိမိပိုင်ငွေတွေ မြုပ်နေတာ ပြန်ပေါ်ဖို့၊ ပြန်ရဖို့ ခတ်ဆင်တဲ့နေရာမှာ ကပ်ကျော်မုန့်ခေါ်. မုန့်လုံးရေပေါ်ကတော့ အကောင်းဆုံးပဲကွ'

'အိမ်ဘုရားမှာ ကပ်လှူရမှာလား အဘ'

'ဟုတ်တယ်။ အိမ်မှာလုပ်ရင် ပိုကောင်းတယ်။ ဘုရားကို ဦးဦးဖျားဖျား (၁၀)လုံးကပ်၊ ကျန်တာ ဝေငှစားပါ။ နောက်တစ်နည်း ပေးခဲ့ဦးမယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အဘ'

'လောကမှာ ကျန်းမာချမ်းသာဖို့ ခတ်အရေးကြီးတယ်'

'မှန်ပါတယ် အဘ'

www.burmeseclassic.com

'ဒါကြောင့် ဓာတ်ဘူးနဲ့ ဓာတ်ဆင်ရမယ်'

'ဘယ်လိုဆင်ရမှာလဲ အဘအောင်'

'ဓာတ်ဘူးအသစ် တစ်လုံးဝယ်၊ ပြီးရင် ဓာတ်ဘူး မျက်နှာပြင်ရှေ့မှာ မိမိရဲ့ဓာတ်ပုံကပ်ပြီး ဓာတ်ဘူးအဖုံးကို ဖွင့်လိုက်ပါ'

'ဒီအထိ သဘောပေါက်တယ်နော်'

'ပေါက်ပါတယ် အဘ'

'ပေါက်ရင် ဆက်ပြောမယ်'

'ထီးဖြူတစ်လက်၊ ထောင်တန်တစ်ရွက်ကို ဓာတ်ဘူး အတွင်း၌ စိုက်၍ထူထားပြီး ဓာတ်ဘူးအဖုံးကို ဖွင့်ထား ပါ။ ဓာတ်ဆင်ထားသော ဓာတ်ဘူးကို ဘုရားကျောင်း ဆောင် ဘေးမှာ တင်ထားပါ'

ထီးဖြူ၊ ၄ထောင်တန်ငွေစက္ကူ၊ ဖော့ဆို့၊ စက္ကူကတ် ထူအတွင်းဖုံး တစ်ခုခုဖြင့် အဆင်ပြေသလို ထိန်းထားပါ။ ဓာတ်ဘူးဖုံးကို ဘေးနားချထားပါ'




'ဓာတ်ဘူးအဖုံးက ဒီအတိုင်း ထားရမှာလား အဘ'

'အဖုံးနဲ့ ရေနွေးကြမ်းထည့် ဝိဇ္ဇာရည်စူး ကပ်လို့ရပါ တယ်'

'အဓိက ဓာတ်ဘူးအဖုံးကို ဖွင့်ထားတာ အပွင့်ဓာတ် ယူတာ။ အတွင်းက ဖော့ဆို့ (သို့မဟုတ်) အတွင်းဖုံး တစ်ခုကိုတော့ ဖယ်ထုတ်ပြီး ထီးဖြူ၊ ငွေစက္ကူ ငြိမ်အောင် ပြန်ထိန်းပေးထားလို့ရတယ်'

**မှတ်ချက်**-ကျွန်ုပ်အနေဖြင့် စက္ကူတစ်လုံး ညီအောင် လိပ်ပြီး ထိန်းထားလိုက်သည်။ အခက်အခဲ မရှိနိုင်သော ဓာတ်ဆင်ယတြာ ဖြစ်ပါသည်။ ဓာတ်ဆင်ပြီးရင်တော့ အောက်ပါဂါထာကို (၉)ခေါက်ရွတ်ဆိုပေးပါ။

အောင်ထူးဆန်း၊ မန်းသိုက်ဝင်၊ ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ၊ လူထိပ်မိုး၊ ဟိုးဟိုးကျော်၊ ပေါ်ထင်ရှား၊ ပွားဘောဂ၊ လသာများ၊ မရှားလို့၊ လူ့ဗိုလ်ချစ်၊ အပြစ် ကင်း၊ ပြည့်တင်းထွာ၊ နေမင်းလမင်းသာ၊ သိကြားလာ၍ မစေသော်။ ဝိဇ္ဇာရှစ်သောင်း၊ ဆရာအပေါင်း၊ မ,စကြ၍၊ အောင်ပါစေသော် အောင်စေသော်ဟု (၉)ခေါက်ဆိုပေး ပါ။ လိုရာဆန္ဒ ဆုတောင်းပါ။ ပဋ္ဌာန်းဂုဏ်တော်ပွားများ ပုတီးစိပ်ရင်လည်းကောင်းတယ်။ ဓာတ်ဘူး(၇+၅) ပဋ္ဌာန်း (၅+၇) ဗုဒ္ဓါဂုဏ်တော် မေတ္တာသုတ် စတဲ့ ကြာသ ပတေး+စနေတွဲတွေ ဆောင်ရွက်ပေး။ ထီဆုကြီးတောင် ပေါက်နိုင်တယ်။ စီးပွားဥစ္စာ တိုးတက်မယ်။ ရာထူးတိုး မယ်'

'ဘယ်နေ့ စလုပ်ရမှာလဲ အဘ'

'ကြာသပတေး၊ စနေ တစ်ရက်ရက် စလုပ်ပါ။ တစ်လအတွင်း ကိုန်းသေထူးခြားမယ်။ (၂၉)ရက်ပြည့် ရင် အကျိုးထူးပေးမယ်'


'ငွေဝင်ဖို့ လူကို အရင်ဓာတ်ဖွင့်ပေးပါတယ်။ ဓာတ် ဖွင့်ပြီးမှ စိတ်ရွှင်မယ်။ စိတ်ရွှင်မှ ငွေဝင်မယ်ဆိုတဲ့ သဘော ပါ'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အဘ'

ကျွန်ုပ်နှင့် မိတ်ဆွေ ဦးမြလည်း ဘုရားကန်တော့ အဘဆရာအောင်အား ကန်တော့၍ ပြန်လာကြသည်။ ဝိဇ္ဇာပေးသောယတြာ လက်တွေ့ဆောင်ရွက်ကြည့်ရာ အမှန် ပင် ထူးခြားပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)

www.burmeseclassic.com



# နက္ခတ်ဗေဒ


## ရက်မြတ်ကောင်းအချိန်အခါ

### မင်းမဟော်ညွန့်

## (၂၀၁၇)ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဈေးကွက်ခန့်မှန်းချက်

သိဟ်ရာသီ၌ ရာဟုဂြိုဟ်(၈) တည်ရှိနေသဖြင့် ချင်းစိမ်း မှားတတ်၏။ တူရာသီ၌ ၅တေးဂြိုဟ် တည်ရှိသဖြင့် ဆန်၊ စပါး၊ အစားအစာ ဝပြောစည်ပင်အံ့။ သတ္တဝါတို့ ရောဂါဝေဒနာစွဲ၍ ဆင်းရဲကြတုန်အံ့။ အချို့အရပ်၌ ဆန်ရေ စပါး ရှားလေအံ့။ နေ့ရာသီ၌ စနေဂြိုဟ်၊ ၄ဟူးဂြိုဟ်ရှိ၍ မြင်း၊ ဆင် သတ္တဝါ ပျက်စီးအံ့။ လူတို့ မင်းဒဏ်သင့်၍ ငတ်မွတ်ခေါင်းပါးအံ့။ မကာရ ရာသီတွင် ၁နေ့ဂြိုဟ် ရှိ၍ နှမ်းဆီ၊ ထောပတ် ရှားအံ့။ မိန်ရာသီ၌ ၃ဂ်ဂြိုဟ်ရှိ၍ ကျွဲ၊ နွား၊ ဆင်၊ မြင်း အဖိုးဈေးကြီးအံ့။ ဤလထဲတွင် နေကြတ်သော်လည်း မြန်မာပြည်မှ မမြင်ရပါ။


### ၁-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)
### (၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်




ပစ္စည်းဥစ္စာ ဆုတ်ယုတ်တတ်သောယုဂ် ရရှိသည်။ အထက်မြှော်နက္ခတ်လည်း ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဘုရားအနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမျှော်ပ်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ လုပ်ငန်းကြော်ငြာ ဆိုင်းဘုတ်တင်ရန်၊ ရတနာ့ပစ္စည်းများ ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၊ ကျောက်သွေးလောင်း၊အိမ်တိုင်ထူရန်၊ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီနှင့် ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မယ်မင်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

### ၂-၂-၂၀၁၇ (ကြာသပတေးနေ့)
### (၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်


ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ရဟန်းခံ၊ ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ဆံရိတ်၊ဆံသရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး၊အုတ်မြစ်ချရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ပညာစသင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံပွဲကျင်းပရန်၊ ဆိုင်သစ်၊လုပ်ငန်းသစ် စတင်ရန်၊ အလုပ်လျှောက်ရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်း၊ မပပမြိုင်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။




### ၃-၂-၂၀၁၇ (သောကြာနေ့)
### (၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ...ထာ,


www.burmeseclassic.com



မန္တန် သိဒ္ဓိတင်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး၍ အုတ်မြစ်ချရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ပညာစသင်ရန်၊ ရေတွင်း၊ ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းခရီးသွားရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀) နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟန်သူဆွေ..ဟု ပေးနိုင်သည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၆-၂-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၁၀)ရက်**




ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု၊နားသရန်၊ စေ့စပ်၊ လက်ထပ်ရန်၊ နာမည်မှည့်ခေါ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ ငွေကြေး ချေးငှားရန်၊ စက်ပစ္စည်း ဝယ်ယူရန်၊ ဆေးဝါးပက်ဖျန်းရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရတနာရောင်းဝယ်၊ဝတ်ဆင်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ သစ်ပင်စိုက်ရန်၊ အထက်သို့ အစီရင်ခံစာ တင်သွင်းရန်၊ လေကြောင်းခရီးသွားရန်တို့ အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀) နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မင်းမောင်၊ မကေခိုင်မင်း..ဟု ပေးနိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၉-၂-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်**

အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ အလှူပြင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊



စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ ပညာစသင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အိမ်ဆောက်ရန်၊ မြေသန့်မင်္ဂလာပြုလုပ်ရန်၊ အိမ်တိုင်ထူရန်၊ အချစ်ရေးစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်း၊ မပပမြိုင်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ပန်းရောင် ဖြစ်သည်။

**၁၁-၂-၂၀၁၇ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ တပို့တွဲလပြည့်**



ဘုန်းကံထက်မြက်သောယုဂ် ရရှိသည်။ လကြတ်မည်ဖြစ်သော်လည်း မြန်မာပြည်မှ မမြင်ရပါ။ မင်္ဂလာအခါ ဆောင်ရွက်၍ ရသည်။ ထို့ကြောင့် ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ နာမည်မှည့်ရန်၊ စာပေ၊စာနယ်ဇင်းလုပ်ငန်း ဆောင်ရွက်ရန်၊ စပါးကျီသွင်းရန်၊ စိုက်ပျိုးရေး၊ ဆေး ရောင်းဝယ်ရန်၊ သီးနှံဆွတ်ခူးရန်၊ အစုရှယ်ယာဝင် ရတနာသစ် ဝတ်ဆင်ရန်၊ အနုပညာ ဂီတ၊သဘင်၊ ရှင်လုပ်ငန်း ဆောင်ရွက်ရန်၊ လူမှုရေးကိစ္စ ဆောင်ရွက် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေး မှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀ နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကော မည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေ မောင်၊ မနန်းနွယ်မေ..ဟု ပေးနိုင်သည်။ ယနေ့ အနော တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အ ရောင် ဖြစ်သည်။

**၁၃-၂-၂၀၁၇ (တနင်္လာနေ့)**


**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၂)ရက်**

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟ ခံ၊ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော် ရေတွင်



www.burmeseclassic.com


www.burmeseclassic.com



ရေကန်,အဝီစိတွင်း တူးဖော်ရှာဖွေရန်၊ စာပေ,ကျမ်းဂန် ရေးသားပြုစုရန်၊ ရတနာဝတ်ဆင်ရန်၊ ရေကြောင်းခရီးသွားရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ ငွေကြေး ချေးငှားရန်၊ အလုပ်သစ် လျှောက်ရန်၊ အိမ်,ခြံ,မြေနှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ လုပ်ငန်းသစ် စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မင်းမောင်၊ မကေခိုင်မင်း..ဟု ပေးနိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ငွေရောင် ဖြစ်သည်။

## ၁၄-၂-၂၀၁၇ (အင်္ဂါနေ့)

## (၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၃)ရက်




အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ် မုခ်ဦးပြာသာဒ် ဆောက်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ,ပန်းပု စသော ပန်း(၁၀)မျိုး လုပ်ငန်း စတင်ရန်၊ အိမ်တိုင်ထူရန်၊ လှေကားထောင်ရန်၊ အိမ်သစ်,အခန်းသစ် တက်ရန်၊ လေကြောင်းခရီးသွားရန်၊ သီးနှံပင်များ ဆွတ်ခူးရိတ်သိမ်းရန်၊ ကျီသွင်းရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစမ်းယုမော်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

## ၁၅-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

## (၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၄)ရက်


အမှုကိစ္စပြီးသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ 



ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာဝတ်ဆင်ရန်၊ အလှုပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံ,ညည့်ခံပွဲ ကျင်းပရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အလုပ်လျှောက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့် (၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှိုင်ဦးမောင်၊ မရွှေယမင်းခိုင်..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

## ၁၆-၂-၂၀၁၇ (ကြာသပတေးနေ့)

## (၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၅)ရက်



ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်၊ အနေကဇာတင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ ရတနာပစ္စည်းများ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အလှုပြင်ရန်၊ အိမ်,ခြံ,မြေ ဆောက်လုပ်ရန်၊ ပန္နက်ရိုက်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံ ညည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ပြုံးမောင်မောင်၊ မပပမြိုင်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။


## ၁၈-၂-၂၀၁၇ (စနေနေ့)

## (၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၇)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရွှေ,မော်ငွေနှင့် ဓာတ်သတ္တု တူးဖော်,စူးစမ်းရှာဖွေရန်၊ ရေတွင်း,ရေ


www.burmeseclassic.com

www.burmeseclassic.com



ကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာ ဥယျာဉ်သီးနှံ ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတ၊သဘင်၊ရုပ်ရှင်ဆိုင်ရာ အနုပညာ လုပ်ငန်း ဆောင်ရွက်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရတနာပစ္စည်းနှင့် အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ စပါးပျိုးထောင်ရန်၊ စာရေးကိရိယာဆိုင် ဖွင့်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမြင့်၊ မနွယ်ဝေမော်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။


**၂၀-၂-၂၀၁၇ (တနင်္လာနေ့)**
**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၉)ရက်**



ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရှိသဖြင့် ယနေ့ ပညာစသင်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်းချီစသော ပန်း(၁၀) မျိုးလုပ်ငန်းများ စတင်ရန်၊ အိမ်၊ခြံ၊မြေ၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ အချစ်ရေးကိစ္စ ဆောင်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မင်းမောင်၊ မကေခိုင်မင်း.. ဟု ပေးနိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။


**၂၁-၂-၂၀၁၇ (အင်္ဂါနေ့)**
**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၁၀)ရက်**

မင်းချီးမြှောက်ခံရသောယုဂ် ရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်နှင့် စူးစမ်းရှာဖွေရန်၊ ရေတွင်း၊ရေ



ကန်၊အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီ၊ ပန်းပု၊ကျောက်ထုလုပ်ငန်း ဆောင်ရွက်ရန်၊ ဂီတ၊အနုပညာဆိုင်ရာ အဆို၊အကနှင့် သရုပ်ဆောင်လုပ်ငန်း ဆောင်ရွက်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ အိမ်ဆောက်၊အိမ်တက်ရန်၊ လှေကားတင်ရန်၊ ဆေးခန်းဖွင့်ရန်၊ မျိုးစေ့ကြဲပက်ရန်၊ ထွန်ချ စိုက်ပျိုးရန်၊ အလုပ်သစ် လျှောက်ရန်၊ လုပ်ငန်းသစ် ထူထောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဆွေဝင်းမော်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၂၂-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**
**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆုတ် (၁၁)ရက်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်း၊တာတမံနှင့် ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေ၊ကျမ်းဂန် ရေးသားပြုစုရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ဆံရိတ်၊ဆံသ ပြုရန်၊ အလှပြင်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ စပါးရိတ်သိမ်းရန်၊ သီးနှံဆွတ်ခူးရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှိုင်ဦးမောင်၊ မဝင်း[illegible] ခိုင်..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၂၅-၂-၂၀၁၇ (စနေနေ့)**
**(၁၃၇၈)ခုနှစ်၊ တပို့တွဲလကွယ်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရှိသဖြင့် ယနေ့ ဘု[illegible]



www.burmeseclassic.com

www.burmeseclassic.com




တည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ,ကျောက်သွေးလောင်း,တိုင်ထူရန်၊ အိမ်တက်လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ အစီရင်ခံစာ တင်သွင်းရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတီဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉:၀၀)နာရီမှ (၁၀:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထက်နိုင်အောင်၊ မထင်လင်းမေ..ဟု ပေးနိုင်သည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

<u>၂၇-၂-၂၀၁၇ (တနင်္လာနေ့)</u>

<u>(၁၃၇၈)ခုနှစ်၊ တပေါင်းလဆန်း (၂)ရက်</u>

ဘ၀အဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့်



ယနေ့ ရေတွင်း,ရေကန်နှင့် အဝီစိတွင်းတူးရန်၊ ရတနာကျောက် စူးစမ်းရှာဖွေရန်၊ နာမည်မှည့်ခေါ်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ မိတ်ဆွေသစ်နှင့် တွေ့ဆုံရန်၊ ပညာစသင်ရန်၊ ငွေကြေး ချေးငှားရန်၊ သစ်ပင်စိုက်ပျိုးရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အဝတ်အထည် ရက်လုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မင်းမောင်၊ မကေခိုင်မင်း..ဟု ပေးနိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ရတနာအရောင်မှာ အပြာရောင် ဖြစ်သည်။

သဗ္ဗေသတ္တာ သုခိတာ

မင်းမပေါ်ညွှန့်

ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

**ခရုသင်း** **သမင်ဖြူ**

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

www.burmeseclassic.com

(၆၄)ကြိမ်မြောက်


ပုဂရောဟိတ်ဆရာဦးမြတ်င

# အဘအောင်မင်းခေါင်ထွက်ပွဲအောင်ပွဲ

စပြောရမည်ဆိုလျှင် (၁၁-၉-၂၀၁၆)ရက်၊ တနင်္ဂနွေနေ့ အောင်ဓာတ်ယူသောနေ့ ဖြစ်ပါသည်။ အဘအောင်မင်းခေါင် ပြည်တော်ဝင်မည့် (၁၈-၉-၂၀၁၆)ရက်နေ့ မတိုင်မီ တစ်ပတ်အလိုတွင် ခြောက်ထပ်ကြီး ရွှေသာလျောင်းကိုယ်တော်မြတ်ကြီးအား ဦးတိုက်ပန်ဆင်ပြီး နောက်ကျောဘက်တွင် အဘဘိုးတော်အောင်မင်းခေါင် ဓာတ်နန်း၌ ကျွန်ုပ်ကိုယ်တိုင် စီစဉ်ဆောင်ရွက်သော အဘအောင်မင်းခေါင် အကြိုထွက်ပွဲကို ကျင်းပခဲ့ပါသည်။

ဗဟုသုတအဖြစ် တင်ပြရလျှင် (၁) မြင်းခြံ၊ (၂) မန်ကျည်း၊ (၃) မင်းခေါင်(အဘအောင်မင်းခေါင်)၊ (၄) မိုးကောင်း(ရန်ကင်းမိုးကောင်းဘုရား)၊ (၅) မေးကိုင်နေပုံ၊ (၆) ပွဲခေါ်တို့ ဖြစ်ပါသည်။

အမှတ်စဉ်(၄)ကို အကျယ်ရှင်းရလျှင် မိုးကောင်းဘုရားတွင် ပန်းပုဆရာထံ အပ်နှံ၍ အဘအောင်မင်းခေါင်ပုံတော် ထုလုပ်ပါသည်။



အဘအောင်မင်းခေါင်၏အိမ်ခြေရင်းမှ
စမများပေါ်ခဲ့ရှိသော မန်ကျည်းပင်

(၆)ကို ရှင်းရလျှင် စီးပွားရေးလုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ဓာတ်ပွဲ စတိတ်ရှိုးပွဲ ကန်ထရိုက်များ၊ ဗေဒင်ဆရာများသည် ဆိုင်သို့၊ ရုံးသို့ လူလာရန် ပွဲခေါ်အစီအရင် ပြုလုပ်ခြင်း ဖြစ်ပါသည်။

သစ်ပင်ချင်း၊ မန်ကျည်းပင်ချင်း တူသော်လည်း ဂုဏ်ရည်မတူကြောင်း ပဏ္ဏာမရှင်းပြပါမည်။ ယခုထုလုပ်သော အဘအောင်မင်းခေါင်ပုံတော်မှာ မြင်းခြံမှ မန်ကျည်းသားမှန်ပင်မှန်ဖြစ်သော်လည်း အဘဇာတိရွာမှ စမများ ပေါ်သော အဘအိမ်ခြေရင်းမှ မန်ကျည်းသားကို အဘ၏ ပုံတော်တွင် ဓာတ်ပန္နက်ထည့်ထားခြင်းပင် ဖြစ်ပါသည်။ သို့သော် ထိုအဘပုံတော်ကို ပူဇော်သမှုပြုသောသူသည် မျောက် အုန်းသီးရသကဲ့သို့ အကျိုးအသွားကို မသိနိုင်ရာချေ။

အဘပုံတော်ချင်းတူလျှင် အဘ၏ ဓာတ်ပန္နက်တည်ရာ စင်မြင့်ရွာ(ပုပ္ပားတောင်ခြေ ပုပ္ပားရွာမှ မိုင် ၄၀အကွာတွင်ရှိ)မှ မန်ကျည်းသားကို တကူးတက သယ်ဆောင်၍ ဓာတ်ပန္နက်မှ မန်ကျည်းသားကို တကူးတက သယ်ဆောင်၍ ဓာတ်ပန္နက်တင်ထားခြင်း ဖြစ်ပေသည်။ (၂၈)လက်မခန့်ရှိသော အဘပုံတော်ကို ယောကျ်ားရင့်မာကြီး(၂)ယောက် အားကောင်းမောင်းသန်တို့က ပင့်ဆောင်သော်ငြားလည်း (၇)လံကွာတွင် ဆက်၍ မ,ချီ၍ မရနိုင်တော့ကြောင်း လက်တွေ့သိမြင်ရပါသည်။ (၁၆-၉-၂၀၁၆)ရက်၊ သောကြာနေ့ ည(၇)နာရီတွင် ဗဟန်းမြို့နယ် ရတနာပန်းခြံမှစ၍ ပုပ္ပားတောင်သို့ ထွက်ခွာခဲ့ပါသည်။ နံနက်(၄)နာရီတွင် ပုပ္ပားတောင်ခြေသို့ရောက်ပြီး ကယ်ရီဆွဲသော ကားတစ်တန်၊ ဆိုင်ကယ်တစ်တန်ဖြင့် တည်းခိုရာ ရွှေကူချောင်သို့ ရောက်ပါသည်။ ကိုယ်လက်သုတ်သင်ပြီး စာရေးသူ နိစ္စဓူဝဆောင်ရွက်လေ့ရှိသော ဘုရားရှိခိုးခြင်း မေတ္တာပို့ခြင်း၊ ဂါထာမန္တန်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်းပြီး နံနက်စာ စားပါသည်။

ထို့နောက် ပုပ္ပားရွာ ကျောက်ပန်းတောင်း-မြင်းခြံ



www.burmeseclassic.com

www.burmeseclassic.com



အဘဇေအောင်မင်းခေါင်၏ သက်ရှိထင်ရှားရှိစဉ်က ကိုးကွယ်ခဲ့သော ဘုရားရုပ်ပွားတော်များ

သမ်းဆုံတွင် တပည့်များ ကြိုတင်ငှားထားသော Super Custom Air-Con ကားဖြင့် နံနက်(၁၁)နာရီတွင် စင်မြင့်ရွာသို့ စတင်ထွက်ခွာပါသည်။ စင်မြင့်ရွာသို့ မွန်းလွဲ(၁)နာရီခန့် ရောက်ပါသည်။ ရွာလမ်းအဝင်သည် မြေသားလမ်းဖြစ်သဖြင့် မိုးအကုန်ကာလတွင် ရွှံ့တစ်ဝက် မြေမာတစ်ဝက် ဖြစ်နေရာ ရွာသူရွာသားများက ချိုင့်ခွမ်းတွေကို မြေဖို့ခြင်း လုပ်အားဒါနပြုကြပါသည်။


စာရေးသူတို့ ကားပေါ် ပါလာသော ဘုရားဖူးတစ်သိုက်ကလည်း မိမိတတ်စွမ်းသမျှ (၅၀၀)ကျပ်တန်၊ (၂၀၀)ကျပ်တန်၊ (၁၀၀)ကျပ်တန် စသည်ဖြင့် လမ်းဘေးဝဲယာတွင်ရှိသော လုပ်အားရှင် စင်မြင့်ရွာသူရွာသားကလေးသူငယ်ကစ၍ သက်ကြီးရွယ်အို ကျား၊မ မဟူ အလှူအဖြစ် စွန့်ကြဲခဲ့ပါသည်။ ရွာသူရွာသားများကလည်း လက်သီးလက်မောင်းတန်း၍ အောင်ပြီဟု သံပြိုင်ဟစ်ကြွေးကြပါသည်။

အဘတည်ထားပြီး အများကောင်းမှု အကြောင်းပြုသောစေတီတွင် အမိဋ္ဌာန်ကန်တော့ပွဲဖြင့် အဘအား အဓိဋ္ဌာန်ပြု ပူဇော်ပါသည်။ အဘဇာတိချက်မြှုပ် စင်မြင့်ရွာထဲသို့ နွားတင်းကုပ်များ၊ အိမ်ကြိုအိမ်ကြားများကိုဖြတ်၍ အဘ၏ဇာတ်နန်းသို့ ရောက်ရှိပါသည်။ တစ်ဖန် ထိုနေရာတွင် အဘအား အာရုံပြု၍ အလှူဒါနပြုခြင်း၊ အဓိဋ္ဌာန်ပြုခြင်း ဆောင်ရွက်ခဲ့ပါသည်။

အဘအိမ်၏ အောက်ထပ်တွင် အသက်(၆၀)ကျော် (၇၀)အရွယ် သက်ကြီးရွယ်အိုများက စုဝေးရောက်ရှိနေကြပါသည်။ စင်မြင့်ရွာမှ လူဦးရေ(၇၀)ရာခိုင်နှုန်းသည် အဘ၏ ဆွေတော်မျိုးတော်များ ဖြစ်ကြပါသည်။ အားလုံး၏ မျက်နှာသည် ရိုးသားဖြူစင်သောအသွင်ကို ဆောင်နေ

**သမ္ဗုသိဒ္ဓိမနောမယ ဂါထာတော်ကြီးနှင့်အင်း**

| | | | | | | |
|---|---|---|---|---|---|---|
| အ | မ္ဗု | ဒ္ဓ | စိ | လိ | သ | စိ |
| မ္ဗု | မော | ကာ | ဒွေ | အ | ဣ | ကော |
| သ | ဓ | အ | ဘိ | န္တိ | န္တိ | မ္ဘာ |
| သ | သ | ဒ္ဓ | မ္ဘံ | ဝေါ | အ | ယံ |
| သ | မ္ဘာ | တံ | မ္ဘ | ဝေ | သ | ယော |
| မ္ဘာ | ဒ္ဓ | ယ | ဒ္ဓ | ဒွေါ | ဘိ | စိ |
| သ | မေ | သ | ဣ | န္တေ | သ | မ္ဗု |



အဘဇေအောင်မင်းခေါင်၏ဇာတိ စင်မြင့်ရွာရှိ နေအိမ်ဓာတ်ခန်း

www.burmeseclassic.com

ကြပါသည်။ အဘ၏ ဓာတ်နန်းမှ မျှော်ကြည့်လျှင် ခြေရင်း၌ အဘစိုက်ခဲ့သော မန်ကျည်းပင်ကို တွေ့ရပါသည်။ အဘ၏ မန်ကျည်းပင်သည် ထူးဆန်းစွာ စမများ ပေါ်လေ့ရှိကြောင်း အဘ၏ စင်မြင့်ရွာမှ ရွာခံများ၏ ပြောပြချက်အရ သိရပါသည်။ စာရေးသူလည်း လူတွေကြားထဲမှ တိုးဝှေ့၍ ဓာတ်ပုံမှတ်တမ်းတင်ခြင်း၊ မန်ကျည်းပင်ကြားတွင် ဓာတ်ပစ္စည်းအဆောင်များ တွေ့လိုတွေ့ငြား ရှာဖွေကြည့်ရာ တစ်ဖက်ပါ အင်းချပ်ကို ရရှိခဲ့ပါသည်။

ဤဂါထာတော်ကြီးသည် နေ့စဉ်မပြတ် ရွတ်ဖတ်၍ ထုံလာပါက အကြားအမြင်နှင့် မိမိ၏ အကျိုးစီးပွားတိုး တက်ကြောင်း သိရပါသည်။ ယုံကြည်စွာ ရွတ်ဖတ်ကြပါကုန်။ (စကားချပ်)

**အင်းဟိန်းဂါထာ**

ဥုံ..အကာလိကော အစိန္တေယ
သမ္မာသမ္ဗုဒ္ဓေ သမ္မာသမ္ဗုဒ္ဓေါ
သမ္မာသမ္ဗုဒ္ဓ အစိန္တိယော
သဒ္ဓမေ သဒ္ဓမော သဒ္ဓမ္မ
အစိန္တိယံ ဘိက္ခဝေ ဘိက္ခဝေါ
တံခမ္မံ။



ရွှေမန်းကျည်းတောရဆရာတော် ဒါရိုက်တာစောင်းသိန်းနှင့် ဓမ္မကြောင်းပညာတကူ ဆွေးနွေးစဉ်



အဘအောင်မင်းခေါင်၏ဇာတိ စင်မြင့်ရွာရှိ စေတီရှေ့အမှတ်တရ

စင်မြင့်ရွာမှ အဘ၏ ဆွေတော်မျိုးတော်၏ ပြောပြချက်အရ ဤဂါထာကို နေ့စဉ်(၇)ခေါက် အနည်းဆုံးရွတ်ပါ။ မရွတ်မီ သောက်တော်ရေ(၁)ခွက် ဘုရားရှေ့တွင် ထား၍ (၇)ခေါက်၊ (၃၇)ခေါက်ရွတ်ပါ။ ရွတ်ပြီး သောက်ပါ။ အင်းကို အလင်းတိုင်အဖြစ် ပူဇော်ပါဟု ပြောပါသည်။ 'ဆရာက အလွန်ကံကောင်းတယ် မှတ်ပါ။ အခု ကျုပ် အသက်(၆၀)ရှိပြီ။ တစ်ခါမှ မရဖူးပါ'ဟု ပြောပါသည်။

အဘ၏ မန်ကျည်းပင်ဘေးတွင် ဆောက်ထားသော တဲကလေး၏ရှေ့တွင် နားခိုရာ ခုံတန်းလျား(၂)ခုနှင့် စားပွဲတစ်ခု ချထားပါသည်။ အဘ၏ မြေးတော်သူက လာသမျှ ဧည့်သည်များအား ဒိုင်ခံ၍ တောလေ့ လက်ဖက်၊ မြေပဲကြော်၊ ပဲခြမ်းကြော်တို့ကို နှမ်းဆီရွှဲရွှဲဆမ်း၍ ဧည့်ခံပါသည်။ စာရေးသူက လက်ဖက်ပန်းကန်သို့ အာရုံမရောက်ဘဲ စားပွဲအောက်ခြေကို မျက်စိရောက်သွားရာ ရှေးခေတ်သုံး မတ်စေ့တစ်စေ့ ကောက်ရပါသည်။

ထိုအခါ ရွာခံဆရာက 'ဒီဆရာ ဒီနေ့ အလွန်ကံကောင်းနေပါလား။ ကျုပ်က မတ်စေ့လက်ဆောင် ပေး



www.burmeseclassic.com

www.burmeseclassic.com

မလို့ဟာ။ အဘပေးတဲ့ မတ်စေ့က ပိုစွမ်းသဗျို့။ ဆရာတော့ စင်မြင့်အပြန် လက်မထောင်နိုင်ပြီ။ ထောင်မတ်သွားပြီ' ဟု မိန့်ပါသည်။

ထိုဆရာ ညွှန်ကြားချက်အရ အဘ၏ ဓာတ်ခန်းသို့ ပြန်တက်ပြီး အမိဋ္ဌာန်ဓာတ်စခန်းကိုပြန်၍ အမိန့်နာခံခဲ့ပါသည်။

ထို့နောက် ရွာခံရွာသူရွာသားများကို နှုတ်ဆက်ပြီး အဘဇာတိ စင်မြင့်ရွာမှ ညနေ(၃)နာရီတွင် ထွက်ခွာခဲ့ရာ လာလမ်းအတိုင်း ကားဖြင့် ပြန်လာပါသည်။ လမ်းတွင် ရွာခံကလေးများက လက်မြှောက်၍ အော်နေကြပါသည်။

ကားပေါ်ပါလာသူ အမျိုးသမီးကြီးက 'ဆရာရယ်.. ခဏလောက် ကားရပ်ပေးပါလား။ သူတို့ အော်နေတဲ့ ကြက်ဥပြုတ်လေး ဝယ်စားချင်လို့ပါ' ဟု မေတ္တာရပ်ခံလာပါသည်။

ထိုအခါကျမှ စာရေးသူလည်း ၎င်းအားထက် ရယ်အားသန်ကာ 'ကြက်ဥပြုတ်မဟုတ်ဘူး ဒေါ်ကြီးရဲ့၊ အခုန လာတုန်းကလို ပိုက်ဆံတွေ ကြဲဦးဗျို့လို့ အော်နေတာ' ပြောမှ ကားကို ဆက်မောင်းသွားရပါတော့သည်။

ညနေ(၄)နာရီခွဲလောက်တွင် ပုပ္ပားရွာမှ ရွှေမန်ကျည်းတောသို့ ဆက်လက်ထွက်ခွာရာ ညနေ(၅)နာရီတွင် ဒေါက်တာမောင်သီရှိရာ ဓမ္မာရုံသို့ ရောက်ရှိကြပါသည်။ ဒေါက်တာမောင်သီနှင့် ဦးဝင်းနိုင်(အနုပညာ)၊ ဆရာဒေါင်းတို့အား စာရေးသူ ရေးသားထုတ်ဝေသော အသုံးချဂမ္ဘီရ ဒုတိယတွဲကို လက်ဆောင်အဖြစ် ပေးလိုက်ပါသည်။ စာရေးသူနှင့်အတူ ပါလာသော ဝေနေယျတို့ကလည်း စာရေးသူအား အမှူးထား၍ ပြည်ရွှေတောင်တွင် (၁၈၀)ပေအမြင့်ရှိ ကမ္ဘာ့လုံးစေတီ တည်ရာတွင် ကောင်းမှုကုသိုလ် ပါဝင်လှူဒါန်းပြီး ဆရာသီ(ဒေါက်တာမောင်သီ) ပြန်၍ပေးသော ဓမ္မလက်ဆောင် အလိုတော်ပြည့်ရပ်ပွားတော်၊ ဓာတ်လုံး၊ ဝိဇ္ဇာပိုက်ဆံတို့ကိုယူ၍ တည်းခိုရာသို့ အသီးသီး ပြန်သွားကြပါတော့သည်။

မေတ္တာရှည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆


စိတ်မနှောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

# ဝိဇ္ဇာမလိုမှုသည်

**စောယုနန္ဒာ(မေ့ရင်ခွင်)**

မြန်မာနိုင်ငံ၏ ယုံကြည်ကိုးကွယ်မှုများတွင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးကြီးများ၏ အခန်းကဏ္ဍသည် လွန်စွာမှ ခမ်းနားဆန်းကြယ်လှပါသည်။ ထိုပုဂ္ဂိုလ်ထူးကြီးများ အများအပြား ရှိသည့်အထဲတွင် စာရေးသူ ယခုတင်ပြလိုသည့် ပုဂ္ဂိုလ်ထူးကြီးမှာ အဘဘိုးမင်းခေါင်ဟူသော ပုဂ္ဂိုလ်ထူးကြီး အကြောင်းပင် ဖြစ်ပါသည်။

စာရေးသူ မှတ်သားထားမိသမျှ ရေးသားတင်ပြရလျှင် အဘဘိုးမင်းခေါင်၏ အမည်ရင်းမှာ ဦးဘိုးအောင်ဖြစ်ပါသည်။ အဖ ဦးအောင်ပု၊ အမိ ဒေါ်မင်းသစ်တို့မှ (၁၈၈၀)ပြည့်နှစ်၊ မေလ (၂)ရက်နေ့တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ ပုပ္ပားတောင်မကြီး၏ အရှေ့မြောက်ဘက်ရှိ စင်မြင့်ရွာသည် အဘဘိုးမင်းခေါင်၏ ဇာတိရွာ ဖြစ်ပါသည်။ မွေးချင်းငါးဦး ရှိသည့်အနက် ဒုတိယမြောက်သားဖြစ်၍ ငယ်စဉ်ကပင် ရှင်သာမဏေပြုခဲ့ပြီး ရဟန်းဝတ်သောအခါ ရှင်အာစိဏ္ဏဟူသောဘွဲ့ကို ရရှိခဲ့သည်။

ရဟန်း(၁၃)ဝါတွင် ရဟန်းဝတ်ဖြင့် ခရီးထွက်သွားခဲ့ရာ နှစ်(၃၀)ခန့် ကြာမြင့်သည့်တိုင် မတွေ့ရတော့ပေ။ ထို့နောက် (၁၉၃၉)ခုနှစ်၊ မတ်လဝန်းကျင်တွင် ပုပ္ပားတောင်ကလပ်သို့ လူဝတ်ကြောင်ဘဝဖြင့် ပြန်လည်ရောက်ရှိလာသည်။

ထိုအနှစ်သုံးဆယ်အတွင်း ကချင်ပြည်နယ်သို့ ရောက်ရှိခဲ့သည်။ (၁၉၁၈)ခုနှစ်တွင် မိုးညှင်းမြို့နယ်၊ နမ္မားခရုချောင်းကျေးရွာတွင် နေထိုင်ခဲ့သည်ဟု သိရှိရပါသည်။ ထိုစဉ်ကာလက ပြည်သူများအား အသက်အန္တရာယ်ဘေးမှ ကယ်တင်ခြင်း၊ ဆင်းရဲဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ခြင်းများ ပြုခဲ့၏။ ထူးခြားအံ့ဖွယ် အပြုအမူများကြောင့် (၁၉၂၆)ခုနှစ်ခန့်တွင် မသင်္ကာမှုဖြင့် စစ်မေးခြင်း ခံခဲ့ရသည်။

(၁၉၃၇)ခုနှစ်တွင် အဘဘိုးမင်းခေါင်သည် ကသာမြို့၌ ကမ္ဘာ့မဏ္ဍိုင်စေတီကို တည်ထားခဲ့သည်။ (၁၉၃၉)ခုနှစ်တွင် ပုပ္ပားသို့ ပြန်လည်ရောက်ရှိခဲ့ပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း (၁၉၅၂)ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့၊ (၁၃၁၄)ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂)ရက်၊ သောကြာနေ့ ညနေ(၄း၀၀)နာရီအချိန်တွင် ပုပ္ပားတောင်ကလပ်တွင် ကွယ်လွန်သွားခဲ့သည်။ တချို့က ထွက်ရပ်ပေါက်သွားသည်ဟု ယုံကြည်ကြသည်။ ဤအကြောင်းအရာလေးများသည် စာရေးသူ သိရှိမှတ်မိသော အကြောင်းအရာများသာ ဖြစ်ပါသည်။

အဘဘိုးမင်းခေါင်၏ ထူးဆန်းသော အကြောင်းအရာများမှာ စာရေးသူ တွေးမမီ လိုက်မမီသော အကြောင်းအရာများစွာ ပါဝင်နေပါသည်။ တစ်ခါတစ်ရံ အချို့လူများအဖို့ ဘာမျှမထူးဆန်းဟု ဆိုမည်ဖြစ်သော်လည်း ကိုယ့်အဖို့ ထူးဆန်းနေသည်များလည်း ရှိတတ်ပါသည်။ ယခုအဘဘိုးမင်းခေါင်အကြောင်း ရေးသားမိသည်မှာလည်း စာရေးသူအဖို့ ထူးဆန်းမှုကလေးများ ရှိနေ၍ဖြစ်ပါသည်။

အဘဘိုးမင်းခေါင် ထွက်ရပ်စခန်းသို့ ကြွမြန်းသည်ဟု ယုံကြည်သူများက အဘဘိုးမင်းခေါင် ကွယ်လွန်သည့် တော်သလင်းလပြည့်ကျော် (၂)ရက်နေ့သို့ ရောက်ရှိတိုင်း အဘ ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲများ ကျင်းပခဲ့ကြသည်။ အဘအတွက် ရည်စူး၍ သာသနာပြုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် လှူဒါန်းမှုများ ပြုကြသည်။ အချို့သူများသည် အဓိဋ္ဌာန်အောင်မြင်သဖြင့် လှူဒါန်းမှုများကိုလည်း တွေ့ရပါသည်။ ထိုပွဲကို ပုပ္ပားရှိ စင်မြင့်ရွာသို့ သွားရောက်၍ အဓိဋ္ဌာန်ပြုသူများ၊ အဓိဋ္ဌာန်အောင်၍ သွားရောက်ကြသူများ အများအပြားတွေ့ရပါသည်။ ထိုပွဲသို့ သွားရောက်နိုင်ရန် ပြည်တွင်းခရီးသွားလုပ်ငန်းများလည်း အထူးခရီးစဉ်များ စီစဉ်ပေးသည့် ကြော်ငြာများကိုလည်း တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ စိတ်ဝင်စားမိသည့် အဘထွက်ပွဲ၊ ပူဇော်ပွဲ၊ အောင်ပွဲမှာ ရန်ကုန်မြို့ မြို့နယ်တစ်ခုတွင် ကျင်းပသော ပူဇော်ပွဲဖြစ်ပါသည်။ ထိုပူဇော်ပွဲကျင်းပမည့် အကြောင်းကို သတင်းစာမှ ဖိတ်စာဖြင့် ဖိတ်ကြားပါသည်။ မည်သူမဆို ဝင်ရောက်ဖူးမြော်နိုင်ပါသည်ဟူ၍လည်း ပါရှိပါသည်။ နှစ်စဉ်နှစ်တိုင်း တွေ့ရှိရသော ထိုသတင်းစာမှ ဖိတ်စာကို စာရေးသူ လွန်စွာစိတ်ဝင်စားမိပါသည်။ ပူဇော်ပွဲကျင်းပသည့်မြို့နယ်နှင့် စာရေးသူနေထိုင်သောမြို့နယ်မှာ အလွန်ဝေးကွာလှပါသည်။ သွားရောက်ဖူးမြော်လိုသည်မှာလည်း နှစ်တိုင်းပင် ဖြစ်ပါသည်။


လွန်ခဲ့သော (၂၀၁၁)ခုနှစ်က ထိုဖိတ်စာကို သတင်းစာ၌ တွေ့ရှိ၍ ခင်ပွန်းဖြစ်သူအား သွားရောက်ဖူးမြော်လိုကြောင်း ပြောပြမိသောအခါ ခင်ပွန်းသည်က လိုလားစွာပင် လိုက်ပို့ပေးမည်ဟု ဆိုလာသည်။ သို့နှင့်ပင် ထိုနေ့ရောက်သောအခါ စာရေးသူတို့ ဇနီးမောင်နှံ ဖူးမြော်ရန် သွားရောက်ကြသည်။ လိုင်းကားအကြာကြီးစီး၍ တစ်ဖန် ဆိုက်ကားထပ်စီး၍ သွားခဲ့ရသည်။

လိပ်စာတွင် ဖော်ပြပါရှိသော အိမ်ဝင်းအနားသို့ ရောက်မှ တွေ့ရသော မြင်ကွင်းကြောင့် အလွန်အံ့သြမိလေသည်။ အိမ်ဝင်းအတွင်းသို့ဝင်ရန် တန်းစီစောင့်ဆိုင်းနေကြသော လူတန်းကြီးသည် ကားလမ်းတစ်မှတ်တိုင်ကျော်ကျော်ခန့် ရှည်လျားမည်ဟု ထင်ပါသည်။ လူတန်းကြီးကိုကြည့်၍ စိတ်ညစ်သွားသော စာရေးသူအား ခင်ပွန်းသည်က တန်းဝင်စီကြတာပေါ့ဟုဆိုကာ တန်းစီကြသည်။ မိုးမရွာသဖြင့် နေအပူရှိန်ကို ထီးမိုး၍ တန်းစီကြသည်မှာ နှစ်နာရီခန့် ကြာလေသည်။

အိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်မိသော် စတုဒိသာ ကျွေးမွေးနေသည်ကို တွေ့ရပါသည်။ ထို့နောက် တိုက်အိမ်အတွင်းရှိ ဓာတ်နန်းတွင် အဘဘိုးမင်းခေါင်ပုံတော်ကို ဖူးမြော်နိုင်ရန် တန်းစီကြရပါသည်။ စာရေးသူသည် ချွေးများ ရွှဲရွှဲစို၍ ပင်ပန်းလွန်းသဖြင့် နုံးခွေနေပါသည်။ အချိန်ကိုကြည့်သော် ညနေစောင်းဘက်သို့ ဦးတည်နေပြီး အလုပ်ကိစ္စများ မပြီးမပြတ်သေးသည်ကိုလည်း သတိရနေသည်။ ဖူးမြော်ရန် စောင့်ရမည့်အချိန်နှင့် ပြန်ရမည့်အချိန်များကို တွက်ဆ၍ နောက်ဆံတင်းနေသည်။ တစ်ကိုယ်လုံးတွင် ချွေးများရွှဲစို၍ ဝတ်ထားသော အင်္ကျီကို ညှစ်ချလျှင်ပင် ရနိုင်သည်ဟု ထင်မိသည်။

တိုက်တံခါးဝသို့ ရောက်ခါနီးတွင် စာရေးသူသည် ပြန်တော့မယ်ဟု ဆုံးဖြတ်ကာ ဝင်ရောက်ဖူးမြော်ခြင်း မပြုတော့ဘဲ ပြန်လာခဲ့လေသည်။ ထိုနှစ်က အဘဘိုးမင်းခေါင်အား ဖူးမြော်ခွင့် မရခဲ့ပေ။

မဖူးမြော်ခဲ့ရသည်ကို နှစ်ရက်၊ သုံးရက်အကြာတွင် မေ့ပျောက်၍ လုပ်မြဲကိုင်မြဲ လုပ်ငန်းများတွင် ကျင်လည်နေခဲ့သည်။ တိုက်ဆိုင်မှုပေလား မသိပါ။ စာရေးသူနှင့် ခင်မင်သော သူငယ်ချင်းမ တစ်ဦးနှင့် ငွေကြေးပြဿနာ ဖြစ်ပွားလေသည်။ စာရေးသူ ရမည့်ငွေအား ထိုသူငယ်ချင်းမက မပေးပေ။ တစ်နေ့ပေးနိုးနိုးဖြင့် အချိန်ကြာလာ



အဘပုံတော်နှင့် အလှူငွေသေတ္တာ

www.burmeseclassic.com

သည်။ ပေးမည်ဟု တိတိကျကျချိန်းသောနေ့တွင် စာရေးသူ အိပ်မက်,မက်သည်။

အိပ်မက်ထဲတွင် အသက်ကြီးသော အဘကြီးတစ်ယောက်က စာရေးသူအား တွန်းလိုက်သည်ဟု မြင်မက်မိသည်။ ထိုနေ့က ရရှိမည့်ငွေလည်း မရပါ။ သူငယ်ချင်းတစ်ယောက်လည်း ဆုံးရှုံးလိုက်ရပါသည်။ ထို့ပြင် လက်အောက်ငယ်သားများနှင့်လည်း အဆင်မပြေမှုများ များစွာကြုံရ၍ စိတ်အနှောင့်အယှက် အဖြစ်ရဆုံးနှစ် ဖြစ်ခဲ့ပါသည်။

(၂၀၁၂)ခုနှစ်၊ စက်တင်ဘာလ၏ သတင်းစာတွင် ဖိတ်စာပါလာပြန်သည်။ စာရေးသူ၏မိခင်က ဒီနှစ်တော့ ဖူးဖြစ်အောင် သွားဖူးပါ။ ဘယ်အကြောင်းအရာကိုမှ နောက်ဆံမတင်းဘဲ ဖူးခဲ့ပါ။ ညမိုးချုပ်ပါစေ၊ ဖူးပြီးမှ ပြန်လာပါဟု မှာလိုက်လေသည်။ ထိုနှစ်က စာရေးသူတို့ ဇနီးမောင်နှံ ဘတ်(စ်)ကားတစ်တန် ဆိုက်ကားတစ်တန် ဖြင့် သွားခဲ့ပြီး များပြားလှသော လူအုပ်ကြီးထဲမှ တန်းစီစောင့်ဆိုင်း၍ ဖူးဖြစ်အောင် ဖူးခဲ့ကြပါသည်။ ချွေးနှဲစာထဲမှ အလှူငွေများလည်း လှူခဲ့ပါသည်။ အဘ၏ မာတ်နန်းထဲမှ အဘ၏ပုံတူကို ဖူးမြော်ပြီး၍ အလှူပွဲမှရခဲ့သော ထီးတစ်ချောင်းနှင့် အခြားအလှူပစ္စည်းများကိုလည်း မြတ်နိုးစွာ ယူဆောင်လာကြသည်။ အဘ၏ အရိပ်ကြောင့် မိသားစု အေးချမ်းတော့မည်ဟုတွေးရင်း ပျော်ရွှင်နေမိတော့သည်။

နောက်တစ်ပတ်အကြာတွင် ထီးကို သတိရပြီး အသုံးပြုရန်ကြည့်ရာတွင် နေရာမှာ မရှိတော့သည့်အတွက် အိမ်တွင် နေရာအနှံ့ရှာဖွေရာတွင် မတွေ့ရှိပေ။ ထိုတစ်ပတ်အတွင်း သွားခဲ့သော နေရာမျိုးစုံကိုလည်း ကိုယ်တိုင်ပြန်သွားပြီး ရှာကြည့်ရာတွင်လည်း မတွေ့ရှိရပေ။ ခင်ပွန်းဖြစ်သူ ကိုင်ဆောင်ပြီး တစ်နေရာရာတွင် ထားခဲ့မိခြင်း ဖြစ်နိုင်သည်ဟုတွေးရင်း အဘပေးသောထီး ပျောက်သွားပြီဟု နှမြောစိတ်ဖြင့် မှတ်ယူထားလိုက်မိလေသည်။ သို့သော် စိတ်ထဲတွင် တွေ့လိမ့်နိုးနှင့် ရှာနေမိသည်။ အဘကိုလည်း ထီးကလေး ပြန်တွေ့နိုင်ပါစေဟု စိတ်ထဲ၌ တိုင်တည်မိနေလေသည်။

ထိုစဉ်အတွင်းပင် ခင်ပွန်းသည် စီးထားသော ဖိနပ်သည် ရုတ်တရက် ပြတ်သွားသည့်အတွက် ဖိနပ်အရင်

ဝယ်ရန် ဖိနပ်ဆိုင်သို့ ထွက်ခွာသွားခဲ့သည်။ ဖိနပ်ဆိုင်၏ ဘေး ဆံပင်ညှပ်ဆိုင်တွင် အဘထွက်ပွဲမှ ရရှိခဲ့သောထီးကို ဆိုင်ရှေ့တွင် ထင်းထင်းလင်းလင်း တွေ့မိသည့်အတွက် လွန်စွာဝမ်းသာသွားမိသည်။

ဆံပင်ညှပ်ဆိုင်ပိုင်ရှင်ကို မေးရာတွင် 'အစ်ကို့ထီး လေ။ အစ်ကိုမြင်အောင် ချိတ်ပြထားတာ။ နေတဲ့အိမ် မသိလို့ လာမပေးတာ' ဟု ပြောလိုက်သော စကားတွင် ထီးကို ပြန်ရ၍ လွန်စွာပင် ပျော်ရွှင်ကြည်နူးမိသည်။

ထီးကို ကိုင်ဆောင်ဆောင်းရခြင်းသည် အဘ၏အရိပ် အေးမြခြင်းဟု ထင်မှတ်မိသည်။ ထိုနှစ်တစ်နှစ်လုံးသည် စာရေးသူအတွက် အလုပ်အကိုင်အဆင်ပြေ ချောမွေ့လွန်း လှသည်။

ဤသို့ဖြင့် (၂၀၁၃)ခုနှစ်၊ ဇူလိုင်လတွင် စာရေးသူ တို့မိသားစု ကားလေးတစ်စီး ဝယ်ဖြစ်ပါသည်။ (၂၀၁၃) ခုနှစ်၊ စက်တင်ဘာလ သတင်းစာတွင် ဖိတ်စာလေးပါလာ သောအခါ စာရေးသူတို့ဇနီးမောင်နှံ ကားလေးဖြင့် သွားခဲ့ ကြပါသည်။ တန်းစီရလည်း တန်းစီကြတာပေါ့လို့ တွေး နေစဉ် စာရေးသူ၏ သမီးဖြစ်သူနှင့် ခင်မင်သော သူငယ် ချင်း၏ အဘွားဖြစ်သူက ရင်ထိုးတံဆိပ်ပေး၍ တိုက် အတွင်းသို့ သက်သက်သာသာ ဝင်ရောက်ခွင့်ရရှိပြီး အေး ချမ်းစွာ ဖူးမြော်ခွင့်ရရှိခဲ့လေသည်။

(၂၀၁၄)ခုနှစ်တွင် ထိုအမျိုးသမီးကြီးမှ ဖိတ်စာတစ် စောင် ပေးပို့ခဲ့သည်။ သတင်းစာမှ ဖိတ်စာမဟုတ်ဘဲ သီးသန့်ဖိတ်စာတစ်စောင်ဖြင့် အေးဆေးစွာ သွားရောက် ဖူးမြော်ခွင့် ရခဲ့လေသည်။ (၂၀၁၅)ခုနှစ်တွင်လည်း ထို အမျိုးသမီးကြီးမှပင် သီးသန့်ဖိတ်စာ ပေးပို့ခဲ့ပါသည်။ ယခုနှစ်တွင် မိခင်ဖြစ်သူကလည်း ဖူးမြော်လိုသဖြင့် မိခင် ကြီးနှင့်အတူ မိသားစု အေးချမ်းစွာ ဖူးမြော်ခွင့်ရခဲ့ပါသည်။

(၂၀၁၆)ခုနှစ်တွင် စာရေးသူ၏ သမီးဖြစ်သူကလည်း လိုက်ပါဖူးမြော်မည်ဟု ဆိုလေသည်။ သို့သော် (၂၀၁၆) ခုနှစ်အတွက် သီးသန့်ဖိတ်စာဖြင့် ဖိတ်ကြားခြင်းမပြုတော့ ဟု သိရပါသည်။ စာရေးသူသည် သီးသန့်ဖိတ်စာမရလျှင် လူတန်းကြီးအတွင်းသို့ပင် ဝင်ရောက်တန်းစီကာ ဖူးမြော် ရန်သာရှိတော့သည်။ စာရေးသူတို့ ဇနီးမောင်နှံ နှင့် တည်းဆိုလျှင် ဝင်ရောက်တန်းစီနိုင်မည်ဖြစ်သော်လည်း မိခင်အိုကြီးနှင့် သမီးအပျိုပေါက်ပါ ပါရှိမည်ဖြစ်၍ စိ

www.burmeseclassic.com

www.burmeseclassic.com

ရှုပန်မိသည်။ သို့သော် မိသားစုတစ်စုလုံး အာဘထွက်ပွဲသို့ သွားရောက်ကြမည်ဟု ကြံစည်ထားသော စိတ်ကတိ အတိုင်း သွားကြမည်ဟု ဆုံးဖြတ်ခဲ့ကြပါသည်။

အာဘထွက်ပွဲနေ့တွင် မိသားစုတစ်စုလုံး နံနက်ခင်းစာ စားပြီး ထွက်လာခဲ့ကြသည်။ ခင်ပွန်းသည်က ကားမောင်း ရင်း အာဘိုးမင်းခေါင်၏ ပြည်တော်ဝင် အောင်မြေနန်း၊ အောင်မြေနင်းလက်ာ (မန္တန်တော်ကြီး)ကို ရွတ်ဆိုပူဇော် လေသည်။ သည်လိုနှင့် အာဘထွက်ပွဲသို့ရောက်သော် လူ တန်းကြီးနှင့် စတင်တွေ့ကြုံရပါသည်။

ထိုအချိန်တွင် ဝင်ပေါက်နားမှ တာဝန်ကျပုဂ္ဂိုလ် တစ် ဦးက စာရေးသူနှင့် ခင်ပွန်းသည်ကိုမြင်လျှင် ဝမ်းသာ မျက်နှာစွာဖြင့် 'ဆရာတို့ ရောက်လာပြီလား၊ ဝင်ဖူးပါ။ နှစ်တိုင်း လာရောက်နေကျတဲ့သူတွေပဲ'ဟု ဆိုကာ မိသား စု ဝင်ခွင့်ရခဲ့ပါသည်။

ထို့အတူ အာဘ၏ ဓာတ်နန်းအတွင်းရှိ ပုံတော်ကို လည်း ဖူးမြော်ကြည်ညိုခွင့်ရခဲ့ပါသည်။ အာဘ၏ ဓာတ်နန်း တွင် ထိုင်းနိုင်ငံမှမှာယူ၍ ပူဇော်ထားသည်ဟုသိရသော ထိုင်းသစ်ခွပန်းရောင်စုံများသည် အံ့ဩလောက်စွာ ခန်း လုံးပြည့်နေပါသည်။ အာဘ၏ပုံတော်ဘေးတွင် ငွေရောင် သုတ်ထားသော ငွေသေတ္တာကြီးတစ်လုံး တွေ့ရပါသည်။ ထိုငွေသေတ္တာအတွင်းသို့ အလှူငွေများ ထည့်ဝင်လှူဒါန်း ကြသည်မှာ အစည်းလိုက် အထုပ်လိုက်ပင် ဖြစ်သည်။ မိမိတို့ တတ်အားသမျှ လှူဒါန်းကြသည်ကိုလည်း တွေ့ရ သည်။ အနည်း၊အများ ပမာနမထား၊ သဒ္ဓါအားသာ အဓိကအဖြစ် တွေ့ရပါသည်။ ပုံတော်ကို ဖူးမြော်၍ အဓိ ဋ္ဌာန်ကြသလို အဓိဋ္ဌာန်အောင်မြင်၍ လှူကြသူများကို လည်း တွေ့ရပါသည်။

ဖူးမြော်ပြီး၍ ပြန်အထွက်တွင် အာဘထွက်ပွဲမှ ပြန် လည်လှူဒါန်းသော ပစ္စည်းထုပ်များကိုလည်း ဖူးမြော်လာ သူတိုင်းသို့ ပေးအပ်သည်ကို တွေ့ရပါသည်။ လာရောက် ဖူးမြော်သမျှ လူအားလုံးကို အယုတ်၊ အလတ်၊ အမြတ် မရွေး တစ်ဦးလျှင် တစ်ထုပ်ကျ လှူဒါန်းပါသည်။

ထိုအထုပ်တွင်းရှိ ပစ္စည်းများမှာ အာဘပုံတော်၊ စိပ် ပုတီး၊ ယပ်တောင်၊ ဆန်၊ ဆီ၊ ဆား၊ ဆေးမျိုးစုံ၊ စတီး ချိုင့်၊ စတီးပစ္စည်းများ၊ အဝတ်အထည်များ၊ မျက်နှာသုတ် ပဝါများ၊ ထီး၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကော်ဖီမစ်ထုပ် များ၊ သကြား၊ နို့ဆီ၊ လက်ဖက်ခြောက်ထုပ်များ၊ လက်နှိပ် ဓာတ်မီး၊ ဓာတ်ဘူး၊ စာအုပ်၊ ဘောပင်မှအစ ပစ္စည်းမျိုးစုံ ကို တွေ့ရပါသည်။ လာသမျှ လူအားလုံးကို လှူဒါန်း သည်မှာလည်း သာဓုခေါ်စရာပင် ဖြစ်ပါသည်။

ငွေသေတ္တာထဲတွင် ပြည့်နေသော အလှူငွေများကို သာသနာပြုလုပ်ငန်းများ ပြုလုပ်သည်ဟု သိရပါသည်။ အာဘညွှန်ကြားသည့်အတိုင်း ပြုလုပ်ရသည်ဟု သိရပါ သည်။ ထိုသို့ဆိုသော် အချို့သောသူများက ဘယ်လို ညွှန်ကြားသလဲ၊ ဘာဘာညာညာ စသည်ဖြင့် မေးမြန်းလို သူများလည်း ရှိပေလိမ့်မည်။

အဆိုတော်ကြီး ဒေါ်ရီရီသန့် သီဆိုပူဇော်သော ဝိဇ္ဇာ မ,မည် သီချင်း၏ နောက်ဆုံးပိုဒ်တွင် ပါဝင်သော စာပိုဒ် အတိုင်း ရေးပြရလျှင် သူ ဘယ်သူလဲလို့၊ အသည်းမှာ စွဲမှတ်စရာ၊ အကဲခတ်ဖို့ အလွန်ခက်ကြလိမ့်မည်။ ကိုယ် တွေ့ မကြုံလို့ မယုံသေးရင်လည်း အေးအေးပဲ နေလိုက် စေချင်သည်။ အကြောင်းဖန်လာခဲ့လျှင် ဖောင်းလန်အောင် မ,စတာလည်း အထူးအဆန်းဖြစ်လို့ စန်းလင်္ဂဖွံ့ဖြိုး စည်း စိမ်တိုးကာ သိသူတွေဖော်စားလို့ မော်ကြွားကြကုန်ပြီ။ ဘယ်သူလဲလို့မေးရင် ဝေနေယျာ အေးချမ်းစေမည်၊ စိတ် သာချအတည် ဝိဇ္ဇာမ,လိမ့်မည်ဟု သီဆိုပူဇော်ထားသည် ကိုလည်း ကြားဖူးရပါသည်။

ဝိဇ္ဇာမ,သည် ဆိုသော်လည်း မ,စမည့်ပုဂ္ဂိုလ် ကိုယ် တိုင်က ဘုရားသာသနာ မကွယ်ပျောက်အောင် စောင့် ရှောက်နေသော ဘုရားသားတော်များဖြစ်၍ ကံငါးပါး မလုံခြုံသော ပုဂ္ဂိုလ်များကို မ,စရန် ခဲယဉ်းပါလိမ့်မည်။ ကံငါးပါးကို လုံခြုံစွာ စောင့်ထိန်း၍ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် စသော ရတနာ သုံး ပါးကို ယုံကြည်သူများ၊ နေ့စဉ်နေ့တိုင်း ဂုဏ်တော်ပွားများ၊ ပုတီးစိပ်သူများ၊ သမထဝိပဿနာကို အားထုတ်သူ များ၊ သန့်ရှင်းသော အလှူဒါနပြုသူများကိုသာ စောင့် ရှောက်ပါလိမ့်မည်။ ထိုကဲ့သို့ ကုသိုလ်ကောင်းမှု ပြုနေသူ များသည် စိတ်သာချအတည် ဝိဇ္ဇာမ,လိမ့်မည်ဟု ယုံ ကြည်မိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ခုနှစ်နေ့သားသမီးများ ကျက်သရေတိုး၍ ရောဂါ ကင်းရှင်းကြပါစေ။

**စောယုနန္ဒာ(မေ့နေ့ခွင်)**



www.burmeseclassic.com

www.burmeseclassic.com

# ကလေးများတွင် ဖြစ်ပွားသော နှင်းခူရောဂါနှင့် သဘာဝကုထုံး


ဟိန်း(ဘူမိ)

နှင်းခူရောဂါ (eczema) ဟူသော ဝေါဟာရမှာ ဂရိဝေါဟာရမှ ဆင်းသက်လာခြင်း ဖြစ်ပြီး 'အရေပြား ပူလောင် ရောင်ရမ်းခြင်း' ဟု အဓိပ္ပာယ်ရပါသည်။ ယင်းမှာ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံအရ ဖြစ်ပေါ်ရသော ရောဂါမျိုးဖြစ်ပြီး မှားယွင်းသော စားသောက်ပုံမှတစ်ဆင့် ကိုယ်တွင်းစနစ်မှ အဆိပ်ဓာတ်များ ထုတ်လွှတ်ရာမှ ဖြစ်ပေါ်လာရပါသည်။

နှင်းခူရောဂါမှာ ကလေးများတွင် ဖြစ်ပွားလေ့ရှိတတ်ပြီး အချို့ကလေးများတွင် နှစ်လ၊ သုံးလသား အရွယ်၌ပင် ဖြစ်ပေါ်ခံစားရတတ်ပါသည်။ ယင်းအတွက် မိဘ ဘိုးဘွားများတွင် နှင်းခူ (သို့မဟုတ်) ပန်းနာရင်ကျပ်ရောဂါ ရာဇဝင်ရှိ၊မရှိ စစ်ဆေးရန် လိုအပ်ပါမည်။ သို့သော် လူငယ်(ငါးနှစ်၊ ခြောက်နှစ် အရွယ်) ကလေးအရွယ်တွင် နှင်းခူရောဂါ ဖြစ်ပေါ်ခံစားရပါမူ သူ၏ ဘဝတစ်လျှောက်လုံးတွင် ဆက်လက်ခံစားသွားရဖို့ ရှိတတ်ပေသည်။ ကလေးများစွာတွင် (၃)နှစ်အရွယ်တစ်ဝိုက်၌ နှင်းခူရောဂါ ခံစားရတတ်ပေသည်။

## ရောဂါလက္ခဏာများ

နှင်းခူရောဂါ၏ အဓိကလက္ခဏာများမှာ ယားယံခြင်း ဖြစ်သည်။ အရေပြားပေါ်တွင် နီမြန်း၍ ယားယံလာကာ သေးငယ်သော အဖုလေးများထ၍ ယင်းနေရာ၌ အလွန်ပူပြင်းနေတတ်သည်။ ယင်းအဖုများသည် စိုစွတ်သော အရေပြားနေရာပေါ်၌ ကြမ်းတမ်းမာကျောကာ ဖြတ်ထလာတတ်သည်။ နှင်းခူရောဂါ၏ အနုမှ အရင့်ထိ အဆင့်အသီးသီးတို့တွင် ပြင်းထန်စွာ ယားယံတတ်လေ့ရှိသည်။ စိုစွတ်သော အနေအထားမျိုးတွင် ဘက်တီးရီးယားပိုးများ ဝင်ရောက်လာတတ်ကာ အခံရခက်စွာ ကုတ်ခြစ်နေရတတ်သည်။ ပိုးဝင်မှု ပျံ့နှံ့သွားသလောက် နှင်းခူပျံ့နှံ့မှု ကျယ်ပြန့်လာတတ်သည်။ ကလေးများတွင် နှင်းခူဖြစ်ပွားတတ်သော နေရာများမှာ များသောအားဖြင့် တံတောင်ဆစ်နှင့် ဒူးခေါင်းတို့တွင် ဖြစ်သည်။ နားရွက်နောက်ဘက် ပါးပြင်၊ ရင်ဘတ်တို့တွင်လည်း ဖြစ်ပွားတတ်သည်။



နှင်းခူဖြစ်ပွားမှု ကြာမြင့်လာပါက အရေပြားပေါ်တွင် ထူထဲကြမ်းတမ်းစွာဖြင့် ပေါ်လွင်လာတတ်သည်။ အခြားသိသာသော အမှတ်လက္ခဏာမျိုးမှာ ကုတ်ရာ အစင်းကြောင်းများဖြင့် မည်းနက်မာကျောခြင်း ဖြစ်ပြီး ယင်းမှာ ဒုတိယဆင့် ပိုးဝင်ခြင်းကြောင့် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



**အကြောင်းရင်းများ**

တတ်မတည့်ခြင်း(allergy) သည် ကလေးများတွင် နှင်းခူဖြစ်ပွားရခြင်း၏ အရေးပါသော အကြောင်းရင်းတစ်ရပ် ဖြစ်သည်။ များသောအားဖြင့် နို့ဘူးတိုက်ကျွေးသော ကလေးများတွင် ပို၍အဖြစ်များတတ်သည်။ ယင်းအတွက် နွားနို့သည် ကလေး နှင်းခူရောဂါအတွက် အကြောင်းတစ်ရပ် ဖြစ်နိုင်ဖွယ်ရှိပေသည်။ နွားနို့အစား ဆိတ်နို့ပြောင်း၍ တိုက်ကျွေးပေးပါက သိသာသော ပြောင်းလဲတိုးတက်မှုကို တွေ့ရှိရတတ်သည်။ အချို့ကလေးများသည် ဥများ၊ မြေပဲ၊ ချောကလက်၊ ဂျုံ၊ ကြက်သားနှင့် အာလူး၊ နွားနို့တို့နှင့် ဆက်စပ်ထိမခံ တုံ့ပြန်လွယ်တတ်ကြသည်။


**ကုသခြင်း**

အရေပြားလိမ်းဆေးများက နှင်းခူရောဂါကို ယာယီအားဖြင့် သက်သာရာ ရရှိစေတတ်သည်။ သို့သော် အချို့ ကလေးများတွင် ပို၍ပင်ဆိုးဝါးလာစေတတ်သည်ကို တွေ့ရတတ်သည်။ အကောင်းဆုံး နည်းလမ်းမှာ ကလေး၏ ခန္ဓာကိုယ်တွင်း သွေးစီးလှည့်မှုတွင် သန့်ရှင်းစင်ကြယ်စေရန် (အဆိပ်အတောက် ကင်းစေရန်) ဖြစ်သည်။

ကလေးငယ်များအတွက် နှင်းခူရောဂါ ကုသရာတွင် လိမ္မော်ရည်(Orange juice) နှင့် ရေတို့ကို အသုံးပြုပေးရမည်။ နှင်းခူပေါ် ဆွတ်ပေးရန်ဖြစ်သည်။ ခြောက်သွေ့သော နှင်းခူမျိုးဖြစ်ပါက သံလွင်ဆီကို နှင်းခူပေါ် လိမ်းပွတ်ပေးထားနိုင်သည်။ ယင်းသို့ဖြင့် ရောဂါမပွားလာအောင် ကောင်းစွာထိန်းပေးထားနိုင်ပေမည်။

ကလေးများအတွက် ယားယံသော နှင်းခူဖြစ်ရာ နေရာကို မကုတ်ခြစ်မိစေရန် သတိထားပေးရမည်။ ယင်းအချက်မှာ အရေးကြီးသည်။ ကလေးများ၏ လက်သည်းများကို ကောင်းစွာဖြတ်ပေးထားခြင်း၊ လက်တွင် သိုးမွေး (သို့မဟုတ်) အဝတ်လက်အိတ် ရှုပ်ပေးခြင်းမျိုး ပြုပေးထားရမည်။ ယင်းက ကုတ်ခြစ်ခြင်းကို လျော့ပါးသွားအောင် ထိန်းပေးနိုင်ပေမည်။

ကလေးကြီးများအတွက် နှစ်ရက်မှ သုံးရက်ထိ သစ်သီးဝလံများကိုသာ ဆက်တိုက်ကျွေးပေးရမည်။ ယင်းကာလအတွင်း ပန်းသီး၊ လိမ္မော်သီး၊ သဘော်သီး၊ နာနတ်သီး၊ ခေါ်မွှန်သီး၊ သလဲသီးကဲ့သို့ အသီးများ၏ လတ်ဆတ်သော အရည်များ(juices) ကို တိုက်ကျွေးပေးရမည်။ ယင်းက ခန္ဓာကိုယ်တွင် အခြားနေရာများသို့ ပျံ့နှံ့မသွားအောင် ထိန်းပေးထားနိုင်ကာ သိသာသော တိုးတက်မှုများ ရစေပါမည်။ ယင်းရက်ပိုင်းများအတွင်း ရေနွေးနွေးဖြင့် ချိုးပေးခြင်း၊ ဝမ်းချုပေးခြင်းမျိုး ပြုပေးသင့်သည်။




သစ်သီးများ၊ ဆားမပါသော စားစရာများ၊ မချက်ဖြတ်ထားသော (ဝါ) ရေနွေးဖျောထားသော ဟင်းသီးဟင်းရွက်များကို ဂျုံဖြင့် ပြုလုပ်ထားသော ချပါတီ



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ စားစရာမျိုးဖြင့် ကျွေးပေးနိုင်သည်။ ယင်းမှာ သစ်သီးများ စားသုံးခြင်းနှင့် တွဲဖက်စားသုံးစေရန် ဖြစ်သည်။ ရက်အနည်းငယ်အကြာတွင် နို့ခဲ၊ ဒိန်ချဉ်ကို တွဲဖက်ကျွေးပေးနိုင်သည်။ အစေ့၊ အဆံများ၊ အခွံမာသီးများကို ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများဖြင့် တွဲဖက်၍ ကျွေးပေးသွားရမည်။ ယင်းစားစရာများတွင် ဟင်းသီးဟင်းရွက်၊ ဆီများ၊ ပျားရည်၊ တခေးတို့ ရော၍ ကျွေးပေးရမည်။

ကလေးငယ် (နှင်းခူရှိသူ)ကို လက်ဖက်ရည်၊ ကော်ဖီ၊ အနံ့ပြင်းသော စားစရာများ၊ သကြားပါသော စားစရာများ ရှောင်ရှားစားသုံးစေရမည်။ ဂျုံဖြူ၊ သံဘူးသွပ် စားစရာများ၊ ပုလင်းသွပ် စားသောက်စရာများ ရှောင်ရှားပေးထားစေရမည်။

နှင်းခူရောဂါကို ကုသရာတွင် ထိရောက်ကောင်းကျိုးရစေသော အိမ်တွင်း ကုထုံးအချို့ ရှိပါသည်။ ယင်းမှာ ဖရဲသီးမွှေးကုထုံး ဖြစ်ပါသည်။ ဖရဲသီးမွှေးကို ရက်အနည်းငယ် ဆက်တိုက်စားသုံးပေးစေခြင်းဖြင့် ကလေးကြီးအချို့တွင် ထူးခြားစွာ အကျိုးသက်ရောက်ကြောင်း တွေ့ရပါသည်။ ယင်းအတွက် ချိုမွှေး၍ အရည်အသွေးကောင်းသော အသီးများကိုသာ ရွေးချယ်အသုံးပြုရပေမည်။ သစ်သီးဝလံရည်များကို နှင်းခူပေါ် လိမ်းကျံပေးခြင်းကလည်း နာတာရှည် ပြင်းထန်သော နှင်းခူရောဂါများတွင် ကောင်းကျိုးရစေကြောင်း တွေ့ရပါသည်။

ဟင်းသီးဟင်းရွက်စိမ်းများကို အရည်(juice)ထုတ်၍ အသုံးပြုခြင်း၊ အထူးသဖြင့် မုန်လာဥနီရည်ကို ဟင်းနုနယ်ရွက်နှင့်တွဲ၍ အသုံးပြုပေးခြင်းဖြင့် နှင်းခူရောဂါ ကုသမှုတွင် တိုးတက်မှု သိသာစွာရစေကြောင်း တွေ့ရှိရပါသည်။ ယင်းနှစ်မျိုးတွဲ အရည်တွင် မုန်လာဥနီအရည် (၁၅၀)မီလီလီတာနှင့် ဟင်းနုနယ်ရွက်ရည် (၁၀၀)မီလီလီတာကို ရော နှော၍ အသုံးပြုစေပါမည်။ တမာရွက်ပြုတ်ရည်၊ ထမင်းရည်၊ နနွင်းပြုတ်ရည် အရော နှင်းခူပေါ် လိမ်းပေးခြင်းသည်လည်း ထိရောက်ကြောင်း တွေ့ရပါသည်။

ရောဂါသည်ကလေးအား လေကောင်းလေသန့်ရစေပြီး ရေများများ သောက်စေ တစ်နေ့လျှင် ရေနှစ်ကြိမ် ချိုးပေးရမည်။ ရေမချိုးမီ နှင်းခူဖြစ်ရာ နေရာပေါ်တွင် လ ဝါးများဖြင့် ပြင်းထန်စွာ ပွတ်ပေးရမည်။

အုန်းဆီ(coconut oil) ကို နှင်းခူဖြစ်ရာ နေရာပေါ်တွင် လိမ်းပေးရမည်။ ယင်းအ ပြား ပျော့ပျောင်းနူးညံ့စေရန် အထောက်အကူပြုပေးပါသည်။ နှင်းခူဖြစ်ရာ နေရာ နေရောင်ခြည်ခံပေးခြင်းကလည်း ရောဂါပိုးများ သေစေရန် အထောက်အကူပြုပေး သည်။ နံနက်စောစောတွင် နေရောင်ခြည်ခံပေးစေရမည်။ နှင်းခူဖြစ်ရာ နေရာပေါ် ရွှံ့သန့်သန့်ကို နာရီဝက်ခန့် နေ့စဉ် အုံထားပေးခြင်းကလည်း များစွာအထောက်အ ရစေပါသည်။

ဟိန်း(

ကျမ်းကိုး * Nature Cure for Children by Dr. H.K. Bakhru



www.burmeseclassic.com

www.burmeseclassic.com



ရဲမြတ်တင်

# ကမ္မဋ္ဌာန်းအိုးကွဲမလေး



ဦးတိုက်စိုးက အငြိမ်းစားပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ်ရာထူးမှ အငြိမ်းစားယူခဲ့သူ ဖြစ်သည်။ အတော်အတန် ထိပ်တန်းကျသည့် ရာထူးပင်။ သို့သော် သူက ဝန်ထမ်းဘဝတစ်လျှောက်လုံး ရိုးရိုးနေခဲ့သည်။ ရိုးရိုးကျင့်ခဲ့သည်။ လာဘ်လာဘတို့၊ တံစိုးလက်ဆောင်တို့၊ အကျင့်ပျက်ခြစားခြင်းတို့နှင့် အကင်းရှင်းဆုံးဖြစ်အောင် ကြိုးစားပြီး တာဝန်ထမ်းဆောင်ခဲ့သည်။ သို့ကြောင့်ပင် ရာထူးနှင့်ထိုက်တန်သော ဘဝသမ္ပတ္တိအချို့ကို ရရှိခံစားခဲ့ရသည်ကလွဲ၍ သူ့၌ ဓနဥစ္စာ အလွန့်အလွန် ပိုလျှံနေခြင်းမျိုး၊ ကြွယ်ဝချမ်းသာနေခြင်းမျိုး အလျှင်းမရှိခဲ့ပါ။

အငြိမ်းစားယူပြီးသည့်နောက်တွင်လည်း ရိုးရိုးကုပ်ကုပ် အေးအေးချမ်းချမ်းပင် ဆက်လက်နေထိုင်ခဲ့သည်။ လောကီနှင့်ဆက်နွယ်သော အမှုကိစ္စတွေကိုတော့ သူက အားလုံးစွန့်လွှတ်လိုက်ပြီဖြစ်သည်။ ဘာသာရေးလုပ်ငန်း၊ ဘုရား တရား လုပ်ငန်းများ၌သာ သူ့ကိုယ်သူ မြှုပ်နှံထားလိုက်သည်။ လောလောဆယ် ဘုရားဂေါပက ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ပေးလျက်ရှိသည်။ ထိုကဲ့သို့ သာသနာအကျိုးကို သယ်ပိုးရင်း တစ်ဖက်ကလည်း အချိန်ရလျှင်ရသလောက် တရားနာခြင်း၊ တရားအားထုတ်ခြင်း၊ စာပေကျမ်းဂန်ဖတ်ရှုခြင်းများကို မပြတ်ပြုလုပ်လျက်ရှိသည်။

သူ၏ ဇနီးဖြစ်သူက သူ အငြိမ်းစားမယူခင်ကပင် ကွယ်လွန်သွားခဲ့သည်။ သားသမီးသုံးဦးသာ သူနှင့်အတူ ကျန်ရစ်ခဲ့သည်။ သည့်အတွက်လည်း အထူးအထွေတာဝ မရှိတော့ပါ။ ပူပင်ကြောင့်ကြစရာ မလိုတော့ပါ။ သား သမီးအားလုံးကို ပြည့်စုံအောင် ပညာတွေ သင်ပေးခဲ့ပြီး ပြီ။ ဘဝလမ်းကြောင်း ဖြောင့်တန်းအောင်လည်း အတတ် နိုင်ဆုံး စီမံဆောင်ရွက်ပေးပြီးပြီ။

တစ်ခုပဲရှိသည်။ အကြီးဆုံးသားနှင့် သမီးအလတ် က ပညာတွေရော ကြင်ရာတွေပါ စုံလင်ပြီးနောက် ကိုယ့် လမ်းနှင့်ကိုယ် တက်ဖွင့် ရွက်လွှင့်သွားကြပြီ ဖြစ်သေ ပြား အထွေးဆုံး သမီးလေး သီလေးခိုင် တစ်ယောက်ကတော့ တော့ဖြင့် ဖခင်ထံမှာပင် ကုတ်ကပ်ပြီး ကျန်နေခဲ့သေ

www.burmeseclassic.com

သည်။ သူမကတော့ တစ်မူထူးသူကလေးဖြစ်သည်။ စိတ်ဆက်ရော၊ ခံယူချက်ရော၊ အပြုအမူပါ သူ့အထက်က သူ့အစ်ကို၊ အစ်မများနှင့် တစ်လမ်းစီ ဖြစ်သည်။

သူမက ဖခင်သွေး အပြည့်ပါသူဟု ဆိုရလောက်



သည်။ ဦးတိုက်စိုးကဲ့သို့ပင် ဘုရားရေး တရားရေး ကိစ္စများကို ဝါသနာပါသည်။ တကယ်လည်း ဆက်ထက်သန်သန်နှင့် စိတ်ပါလက်ပါ ဝင်ရောက်ဆောင်ရွက်သည်။

သူမသည် အတန်အသင့်ချောမောလှပသည့် ရုပ်ရည်ရှင်ကလေးဖြစ်သော်ငြား အိမ်ထောင်ရေးကိစ္စ၊ လင်ယူသားမွေးကိစ္စတို့ကို လုံးဝစိတ်ပါဝင်စားခြင်း မရှိပါ။

တစ်ခုတော့ရှိသည်။ သီလေးခိုင်က ကျန်းမာရေး ပြည့်စုံရှာပါ။ မွေးရာပါ နှလုံးရောဂါရှိသည်။ ရင်ဘတ်အောင့်တာတို့၊ အသက်ရှူကျပ်တာတို့၊ မောပန်းနွမ်းဟိုက်တာတို့ အစရှိသည့် နှလုံးရောဂါ၏ လက္ခဏာများက ဆေးတစ်ခါလောက်တော့ သူမ၌ ပေါ်လာလေ့ရှိသည်။ ထို့ကြောင့် သူမမှာ ကျန်းမာရေးစစ်ဆေးမှုကို အခါအား

လျော်စွာ ပြုလုပ်နေရသလို ဆေးဝါးကိုလည်း မပြတ်မှီဝဲနေရသည်။

စင်စစ် ဤကဲ့သို့ ဝေဒနာ၏ ထိုးနှက်ချက်ကြောင့်ပင် သီလေးခိုင်၌ သံဝေဂဉာဏ်တွေ ပိုမိုအားကောင်းလာခဲ့ဟန် တူသည်။ လောကီဘက်ကို လျစ်လျူရှုကာ လောကုတ္တရာဘက်သို့ တိမ်းညွတ်စေခဲ့ဟန် တူသည်။ သီလေးခိုင်က မကြာ,မကြာ ရိပ်သာဝင်သည်။ တရားကို စိတ်ပါလက်ပါ အားထုတ်သည်။ အိမ်မှာ နေလျှင်သော်မှ ဘုရား တရား ကိစ္စကို ဘယ်တော့မျှ မေ့လျော့ခြင်းမရှိပါ။ လေးလေးစားစား မြတ်မြတ်နိုးနိုး ပြုလုပ်မြဲ ဖြစ်သည်။

တလောတုန်းကတော့ သီလေးခိုင် သီလရှင်ဝတ်ဖြစ်သည်။ ဤတွင် သီလရှင်အဖြစ်နှင့် တရားအားထုတ်ရခြင်းက ပိုမိုကောင်းမွန်ကြောင်း၊ များစွာတရားတိုးတက်ကြောင်းများကို ဖခင်ဖြစ်သူအား ဝမ်းမြောက်ရွှင်လန်းစွာ ပြန်ပြောပြသည်။ ထို့ပြင် သီလရှင်ဘဝနှင့် အပြီးနေသွား

www.burmeseclassic.com

လိုကြောင်းပါ ဖခင်ထံ ဆန္ဒပြုသည်။ ဦးတိုက်စိုးက ခွင့်မပြုပါ။ ကျန်းမာရေးကိစ္စမှအစ လတ်တလော၌ အခါအခွင့် မသင့်သေးကြောင်းများကို သူမ သိအောင် ရှင်းလင်းပြောပြခဲ့ရသည်။ သီလေးခိုင်က ဖခင်စကားကို နာယူကာ လှူဝတ်ပြန်လဲခဲ့သည်။

ဦးတိုက်စိုးက နှမအပျိုကြီး ဒေါ်စန်းတင်ကိုပါ အိမ်တွင် ခေါ်ထားသည်။ ဝန်ထမ်းဘဝတုန်းက တပည့်လက်သားဖြစ်ခဲ့ဖူးသော ဦးသန်းမောင်တို့ လင်မယားကိုပါ ဗာဟီရလုပ်ကိုင်ရန်အတွက် ခေါ်ယူအလုပ်ပေးထားသည်။ သီလေးခိုင်က အခြားအိမ်သားများနှင့်အတူ အိမ်မှုကိစ္စများကို တတ်နိုင်သည့်ဘက်က ဝင်ရောက်လုပ်ကိုင်ပေးသည်။ ဖခင်ကြီး၏ ဝေယျာဝစ္စများကိုလည်း တာဝန်ကျေစွာ ပြုစုလုပ်ကိုင်ပေးသည်။

ဆိုခဲ့သည့်အတိုင်း ဦးတိုက်စိုးက စိတ်တူကိုယ်တူ ဝါသနာတူ ပုဂ္ဂိုလ်အချို့ကို အိမ်၌ဖိတ်ခေါ်ကာ တရားဆွေးနွေးခြင်းများ ပြုလုပ်လေ့ရှိသည်။ မကြာ မကြာ ပြုလုပ်လေ့ရှိသော သူတို့၏ တရားဆွေးနွေးခန်းက အမြဲတစေ စိုပြည်လျက်ရှိသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အဆိုဟင်လိုက်၊ ငြင်းခုံလိုက်၊ ညှိနှိုင်းဆွေးနွေးလိုက်နှင့် တက်ကြွထက်သန်လျက် ရှိသည်ကိုသာ တွေ့မြင်နေရသည်။ တရားဆွေးနွေးရမည်ဆိုလျှင် သူတို့အားလုံး ထမင်းမေ့ဟင်းမေ့ ဆိုသူချည်းသာ ဖြစ်ကြလေ၏။

သီလေးခိုင်ကိုယ်တိုင် တရားဆွေးနွေးသံများကို ကြားနာရသည့်အခါတိုင်း ဝမ်းသာနေမိသည်။ ရွှင်လန်းနေမိသည်။ သူမက မိမိအရေးအရာ မဟုတ်သောကြောင့် လူကြီးဝိုင်းကိုတော့ ဝင်ရောက်ခြင်းမရှိပါ။ သို့သော် အားက နားထောင်ရင်း ဘယ်သူပြောတဲ့ ဘယ်အချက်ကတော့ မှန်တယ်၊ ဘယ်သူပြောတဲ့ ဘယ်အချက်ကတော့ မမှန်နိုင်ဘူး စသည်ဖြင့် မိမိဘာသာ စဉ်းစားတွေးတော မှတ်ချက်ချခြင်းများကို ပြုလုပ်နေမိသည်။

ညသည်များ ပြန်သွားလျှင်တော့ ဖခင်အပါး ချဉ်းကပ်၍ မိမိထင်မြင်ချက်များကို ဖခင်နှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးလေ့ရှိသည်။ သားအဖချင်းဆိုတော့လည်း ဘာမျှအားနာစရာ မလိုပေ။ သီလေးခိုင်က ဖေဖေတို့စကားဝိုင်းမှာ ဟိုအကြောင်းကတော့ တော်တော်နှစ်သက်စရာကောင်းတယ်၊ ဟိုအကြောင်းကတော့ ယုတ္တိမရှိဘူး၊ မခိုင်လုံဘူး စသည်ဖြင့် ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောလေ့ရှိသည်။ ဦးတိုက်စိုးကလည်း မျက်နှာတပြုံးပြုံး ခေါင်းတညိတ်ညိတ်လုပ်ရင်း သမီးလုပ်သူကို သင့်လျော်သလို ချေပပြောဆိုသည်။

ထိုသို့ အလိုက်အထိုက် တုံ့ပြန်ပြောဆိုနေရသော်လည်း ဦးတိုက်စိုးစိတ်ထဲမှာတော့ သမီးက ငယ်သေးသည်၊ အတွေးအခေါ်တွေ နုသေးသည်၊ တရားအသင့်လည်း နိမ့်သေးသည် စသည်ဖြင့် မှတ်ယူထားသည်။ သို့သော် ဤကဲ့သို့ မှန်မြတ်သော လမ်းကြောင်းအတိုင်း စိတ်ပါဝင်စားစွာ လျှောက်လှမ်းနေခြင်းကပင် ချီးမွမ်းစရာကောင်းလှပေပြီဟု သမီးအတွက် ကြိတ်၍ကျေနပ်နေမိတော့သည်။

♦♦♦

'ဖေဖေ'

'ဘာတုန်း သမီး'

'ဒီနေ့ ဖေဖေတို့ဝိုင်းမှာ ဆွေးနွေးသွားတဲ့အချက်တချို့က သမီးစိတ်ထဲမှာတော့ လိုအပ်ချက်တွေ ရှိနေသလိုပဲ ဖေဖေရဲ့'

'ဟေ..ဟုတ်လား။ သမီးက ဘာကိုဆိုလိုတာလဲ'

ဦးတိုက်စိုးက မျက်မှောင်ကြုတ်ကာ သမီးဖြစ်သူကို ပြန်မေးလိုက်သည်။ သည်ကနေ့တွင် အိမ်သို့ အငြိမ်းစားတိုင်းပညာရေးမှူးဟောင်း ဦးသောင်းကိုနှင့် ဒုစာရင်းစစ်ချုပ်ဟောင်း ဦးလှိုင်ဘွားတို့ လာရောက်ဆွေးနွေးသွားကြသည်။ သူတို့ဝိုင်းနှင့် ခပ်လှမ်းလှမ်းတွင် သီလေးခိုင်က ဇာထိုးအပ်ကလေးများဖြင့် အလုပ်လုပ်ရင်း နားစွင့်လျက်ရှိသည်ကို ဦးတိုက်စိုး သတိပြုမိသည်။

'ဘဘဦးသောင်းကို ပြောသွားတဲ့စကားလေ ဖေဖေရဲ့။ ချမ်းသာချင်ရင် ဆင်းရဲကို တွေ့အောင်ရှာ၊ ကြပ်ကြပ်ဆင်းရဲပြီဆိုတာနဲ့ ဆင်းရဲက လွတ်ချင်လာလိမ့်မယ်၊ တကယ်လွတ်ချင်လို့ တကယ်လည်း ပစ်ချလိုက်ရော ချမ်းသာတဲ့ နယ်ထဲသို့ ဒိုင်းခနဲ ပြေးဝင်သွားလိမ့်မယ်ဆိုတဲ့ စကားလေ'

'အေး..အဲဒါ ဟုတ်နေတာပဲ။ နိဗ္ဗာန်ချမ်းသာ ရချင်ရင် ဆင်းရဲတဲ့ခန္ဓာကို တွေ့အောင် ရှာရမယ်လေ။ သမီးက ဘယ်လိုထင်နေလို့လဲ'

'ဒီလို ဖေဖေရဲ့။ ဘဘဦးသောင်းကိုရဲ့ စကား

www.burmeseclassic.com

တစ်ခါတည်း လုံးပြီးပြောလိုက်သလို ဖြစ်နေတယ်လို့ သမီးထင်တယ်။ တကယ်အရေးကြီးတဲ့ ဘာဝနာအချိုး အဆက်တွေကိုကျတော့ သူ့နေရာနဲ့သူ ပိုင်းခြားပြီး ပြောပြသွားဘူး။ သမီးက အဲဒါများ ပြောလာဦးမလားလို့ ငေးစိုက်ပြီး နားထောင်နေတာ။ သမီးသိထားတာတွေနဲ့လည်း တိုက်ဆိုင်မှုရှိ၊မရှိ သုံးသပ်ကြည့်ရအောင်လို့ပေါ့'

'ကိုင်း..သူပြောသွားတာတွေကိုတော့ ထားလိုက်ပါ။ ငါ့သမီး သိထားတာလေးတွေကိုပဲ ဖေဖေ့ကို ပြောပြပါတော့'

'ဒီလိုလေ ဖေဖေရဲ့။ သမီးသိထားသလောက်တော့ တရားဆိုတာ ဘယ်တော့မှ တစ်သမတ်တည်း မသွားဘူး။ ဆင်းရဲလိုက် ချမ်းသာလိုက်၊ ဆင်းရဲလိုက် ချမ်းသာလိုက်နဲ့ အတက်အကျ၊ အနိမ့်အမြင့်တွေ ရှိတယ်။ အဲဒါကို အပြောင်းအလဲလို့လည်း ပြောလို့ရတယ်။ အပြောင်းအလဲက လေးကြိမ် လေးခါလောက်တောင် ဖြစ်လေ့ရှိတယ်။ အားထုတ်တဲ့ ယောဂီက အဲဒီအစီအစဉ်အတိုင်းပဲ သွားရသိမ့်မယ်။ တစ်ခုနဲ့တစ်ခု ကျော်တက်လို့မရဘူး။ ဒါမှသာ ပန်းတိုင်ကို ရောက်နိုင်မယ်။ တရားထူးနဲ့ တွေ့နိုင်မယ်'

'အင်း..ခပ်ဝါးဝါး ဖြစ်နေသေးတယ်။ ဆက်ရှင်းပြဦး'

'ဟုတ်ကဲ့။ တရားကို အစအဆုံးအားထုတ်တဲ့ ယောဂီဟာ ပထမဆုံး ဆင်းရဲနဲ့ကြုံရမယ် ဖေဖေရဲ့။ ဒီနောက် ဆင်းရဲနေရာကနေ ချမ်းသာလာလိမ့်မယ်။ တစ်ခါ မကြာခင်မှာပဲ အဲသလိုချမ်းသာနေရာကနေ ထပ်ပြီးဆင်းရဲနဲ့တွေ့ရပြန်ဦးမယ်။ ဒါလည်း ပြီးပြီလားဆိုတော့ မပြီးသေးဘူး။ နောက်တစ်ကြော့ ဆင်းရဲကနေ ချမ်းသာဆီသို့ ပြန်ပြီး ကူးပြောင်းရပြန်တယ်'

'ဘယ့်နှယ်ဟာပါလိမ့်။ ပိုပြီးဝါးသွားသလိုပဲ'

'သမီးရှင်းပြမယ် ဖေဖေ။ တရားအားထုတ်စ ယောဂီဟာ ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ရမြဲပဲ။ အလွယ်ဆုံးပြောရရင် နာကျင်ကိုက်ခဲတဲ့ ဝေဒနာဒဏ်ကို အပြင်းအထန်ခံစားရတာကိုပဲကြည့်၊ သိပ်ဆင်းရဲတယ်။ ဒီ့ပြင် စိတ်ကိုဖမ်းဆုပ်ဖို့ မရတာတို့၊ ကမ္မဋ္ဌာန်းအာရုံပေါ် တင်လို့မရတာတို့ ဆိုတာတွေလည်း ရှိသေးတယ်။ သိပ်ဆင်းရဲတာပဲ'

'ဟုတ်ပြီ၊ ဆင်းရဲပြီ။ ဆင်းရဲကနေ ချမ်းသာဆီ ကူးပြောင်းပုံ'

'ဆင်းရဲတဲ့ဒဏ်ကို ကြိတ်မှိတ်ခံပြီး ကြိုးစားအားထုတ်တယ်။ ကြိုးစားလို့လည်း သမာဓိတွေ ကောင်းလာတယ်။ သမာဓိကောင်းလာတာနဲ့အမျှ ရန်သူတွေ ရှင်းလင်းသွားတယ်။ ယောဂီလည်း သိပ်ချမ်းသာသွားတယ်'

'ဒါလည်း ဟုတ်ပြီ၊ ချမ်းသာသွားပြီ။ ချမ်းသာကနေ တစ်ခါ ပြန်ဆင်းရဲရပုံ'

'သိပ်ထက်မြက်ပြီး သိပ်အားကောင်းတဲ့ ဉာဏ်ကို ရောက်တာနဲ့ ယောဂီက တရားအရသာကို တွေ့သွားတယ်။ သိပ်ချမ်းသာသွားတယ်။ ဒါပေမဲ့ ဒီ့ထက်မြင့်တဲ့ အချိုးအဆက်တစ်ခုကိုလည်းရောက်ရော အပြောင်းအလဲက ဖြစ်လာပြန်တယ်။ အဲဒီအချိန်မှာ အားထုတ်ရင်း ပျင်းသလိုလို၊ ငြီးငွေ့သလိုလို၊ စိတ်ညစ်သလိုလို ဖြစ်လာရပြန်တယ်။ ဒါက ဉာဏ်တက်တာတော့ ဉာဏ်တက်တာပဲ။ ဒါပေမဲ့ ယောဂီက ဉာဏ်တက်နေမှန်း မသိဘူး။ မသိလို့လည်း တချို့က စိတ်ပျက်ပြီး ဆက်အားမထုတ်ချင်တော့တာမျိုး၊ အလုပ်ကို ရပ်ပစ်လိုက်တာမျိုးတောင် ရှိတယ်'

'နိဗ္ဗိန္ဒာဉာဏ် ခေါ်ရမှာပေါ့။ ဒါကိုပဲ တစ်ကြော့ပြန် ဆင်းရဲခြင်းလို့ သမီးတင်စားမှန်း ဖေဖေသဘောပေါက်ပြီ။ တစ်ခါ အဲဒီဆင်းရဲကနေ ချမ်းသာဆီကို ပြန်ပြီး ကူးပြောင်းပုံက'

'စိတ်ထဲမှာ ပျင်းရိသလို၊ ငြီးငွေ့သလို၊ ဆင်းရဲသလို ဖြစ်နေတာတော့ မှန်တယ်။ ဒါပေမဲ့ ဒါကို ဆက်မရှုလို့ မရဘူး။ အလုပ်မပြီးသေးဘူး၊ ပန်းတိုင်မရောက်သေးဘူး ဆိုတာကို ယောဂီက သိခဲ့ရင် သိတဲ့အတိုင်းလည်း ဆက်အားထုတ်ခဲ့မယ်ဆိုရင် နောက်ထပ် ချမ်းသာစက်ကွင်းထဲကို ရောက်ကိုရောက်ရမှာပဲ ဖေဖေ။ ဒါကို ဘာဝနာမှတ်တိုင်အလိုက် ပြောရမယ်ဆိုရင် သင်္ခါရုပေက္ခာဉာဏ်ကို ရောက်သွားတဲ့ အခိုက်အတန့်ပေါ့။ အဲဒီအချိန်မှာ သူက ဘာကိုမှ မယူတော့ဘူး။ အားလုံးကို ပစ်ချထားလိုက်ပြီ။ မျက်နှာလွှဲထားလိုက်ပြီ။ အဲဒီအခါမှာ ဘာနဲ့မှမတူတဲ့ ချမ်းသာတစ်မျိုးကို ရရှိခံစားလာရပြန်တယ်'

'ကိုင်း..ဟုတ်ပြီ။ ဆင်းရဲလိုက်၊ ချမ်းသာလိုက်နဲ့ အပြောင်းအလဲ လေးခါဖြစ်တယ်လို့ သမီးဆိုခဲ့တယ်။ တကယ်ဆို အပြောင်းအလဲက ငါးခါလို့တောင် ပြောလို့ မရဘူးလား။ သင်္ခါရုပေက္ခာဉာဏ်ကနေ မဂ်ကိုကူးသွားတဲ့ အခိုက်အတန့်ကို သမီး ဘယ်သွားထားမလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဟင့်အင်း၊ သမီးကတော့ လေးခါလို့ပဲ ပြောချင်တယ်။ ဘာကြောင့်ဆို သင်္ခါရုပက္ခဉာဏ်ကလည်း ချမ်းသာတယ်၊ မဂ်ကလည်း ချမ်းသာတယ်။ ဒီတော့ ဒီချမ်းသာနှစ်ခုဟာ ချမ်းသာတာချင်း တူနေတဲ့အတွက် တစ်ခုတည်း သဘောပဲလို့ သမီးသတ်မှတ်တယ်'

သည့်နောက် စကားစပြတ်သွားသည်။ ဦးတိုက်စိုးက တစ်နေရာသို့ လှမ်းငေးနေမိသည်။ စိတ်ထဲကတော့ သမီးလုပ်သူ၏ ပြောစကားများအပေါ် ပြန်လည်စဉ်းစားခန်း ဝင်နေမိသည်။

◆◆◆

နောက်တစ်ခါ..

လူပြန်တော် ဓမ္မာစရိယ ဦးစံသောင်းနှင့် နယ်လှည့်ဓမ္မကထိက ဦးကဝိသာရတို့ အိမ်သို့လာရောက်ပြီး တရားဆွေးနွေးကြသောနေ့က ဖြစ်သည်။ ထိုပုဂ္ဂိုလ် နှစ်ဦးစလုံးကို ရှေးမဆွကတည်းက ဦးတိုက်စိုး သိကျွမ်းထားသည်။ အထူးသဖြင့် ဦးစံသောင်းကို လူပြန်တော်မဖြစ်မီ ရဟန်းဘဝကတည်းက ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သည်။ ဦးကဝိသာရကတော့ ဦးစံသောင်းနှင့် ငယ်ပေါင်းသူငယ်ချင်းဟု ဆိုသည်။ သူတို့က ရဟန်းဘောင်သို့ပါ အတူတကွ တက်ရောက်ခဲ့ကြခြင်း ဖြစ်သည်ဟု သိရသည်။ ဦးကဝိသာရက နယ်လှည့်တရားဟော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ တရားပွဲ ရပ်နားထားစဉ်ကာလများအတွင်း ဦးစံသောင်းနှင့်အတူ ဦးတိုက်စိုး အိမ်သို့ အလည်အပတ် လိုက်လာလေ့ရှိရာမှ ထပ်ဆင့်ရင်းနှီးသွားကြခြင်း ဖြစ်သည်။

ထိုနေ့ ဆွေးနွေးပွဲက ပို၍စည်ကားသလိုပင်ရှိသည်။ စိတ်ရောကိုယ်ပါ နှစ်ပြီး အာပေါင်အာရင်းသန်သန်နှင့် အပြန်အလှန် ဆွေးနွေးဖြစ်ကြသည်။ ထုံးစံအတိုင်း သီလေးခိုင်က မလှမ်းမကမ်း၌ထိုင်ကာ ဖာထိုးရင်း နားစွင့်နေသည်။

ဝိုင်းက အကြိတ်အနယ်ရှိသည်။ ဆွေးနွေးချိန်လည်း အတော်ကြာသည်။ ဝိုင်းသိမ်း၍ ဧည့်သည်များ ပြန်သွားကြသောအခါ ဦးတိုက်စိုးက ယနေ့ဆွေးနွေးလိုက်ရသော အကြောင်းအချက်များအပေါ် အားရကျေနပ်ခြင်းများစွာဖြင့် ကျန်ရစ်ခဲ့သည်။ သို့သော် ထိုအချိန်မှာပင် စောဒကပုဂ္ဂိုလ်က ပေါ်လာသည်။ သူကတော့ ထုံးစံအတိုင်း သီလေးခိုင်ပင်။

'ဖေဖေ..ဒီနေ့ ဖေဖေတို့ဝိုင်းမှာ ဘဘဦးစံသောင်း ဆွေးနွေးသွားတာတွေကတော့ သိပ်ပြောစရာမရှိပါဘူး။ ဦးပဥ္စင်း ဦးကဝိသာရရဲ့ အယူအဆတွေကတော့ တော်တော့်ကို ချော်နေတယ် ဖေဖေရဲ့'

'ဟေ..ဟုတ်ရဲ့လားဟဲ့ သမီးရဲ့'

ဦးတိုက်စိုး အံ့အားသင့်သွားသည်။ အာဂသမီးငယ်ကိုလည်း မျက်ခုံးပင့်ပြီး ကြည့်လိုက်မိသည်။

'ဟုတ်တာပေါ့ ဖေဖေရဲ့။ သူဟောစဉ်တရားတွေထဲကအတိုင်း ပြောသွားဟန်တူတယ်။ သူက ဒီအတိုင်း ဟောပြီး နာတဲ့သူကလည်း ဒီအတိုင်းသာ နားလည်လက်ခံသွားရင် ခက်ပြီ'

'ဟုတ်ရဲ့လားဟဲ့။ ဖေဖေကတော့ သူပြောသွားတာတွေကို သဘောကျတာပဲ။ ဒါဖြင့် ဒါဟာ အရေးကြီးတဲ့ကိစ္စပဲ။ သမီးက ခိုင်ခိုင်မာမာ ရဲရဲဝံ့ဝံ့ပြောနိုင်လို့လား'

'အို..ပြောနိုင်တာပေါ့ ဖေဖေရဲ့။ ဒါဟာ ထောက်လည်း ထောက်ပြသင့်တဲ့ အချက်ပဲ။ ဒါမျိုးကို အားနာပြီး လက်ခံလိုက်ရင် အားလုံး ငါးပါးမှောက်ကုန်မှာပေါ့'

'ကိုင်း..ဒါဖြင့် ပြောစမ်း။ ဖေဖေ ဂရုစိုက်ပြီး နားထောင်စမ်းမယ်'

'သူက ပြောသွားတယ်လေ။ အသိ,သတိ အမြဲညီ ဂတိမလွဲပါ ဆိုတဲ့စကား။ ဒါဟာ နားထောင်ကောင်းရုံက လွဲပြီး လက်တွေ့မှာ မလွယ်ကူတဲ့အပြင် ဖြစ်နိုင်ချေလည်း အလွန်နည်းတဲ့အချက်ပဲ ဖေဖေ။

အသိနဲ့ သတိကို အမြဲတမ်း ရှေ့နောက်ညီပေးနေရမယ်။ အသိကလေး ဖျတ်ခနဲဝင်လာတာနဲ့ သတိကို ပြေးကပ်ပေးလိုက်၊ နောက်ထပ် ဘာအသိပဲ ဝင်လာ,ဝင်လာ သတိကိုသာ လွတ်မသွားအောင်၊ ကွာမသွားအောင် လိုက်ပြီးကပ်ထားပေးရမယ်။ ဒီပုံစံအတိုင်း သေရော ညောင်စောင်းပေါ် လဲလျောင်းရတဲ့အချိန်ထိ ကျင့်ကြံသွားနိုင်ရင် ဘယ်နည်းနဲ့မှ ဂတိမလွဲဘူး။ အပါယ်မရောက်နိုင်ဘူးတဲ့ သူက ပြောသွားတယ်'

'ဒါဟာ မဖြစ်နိုင်ဘူးပေါ့။ သမီးအမြင်က..

ဟုတ်ကဲ့၊ သူပြောသလို သေပေါက်သေဝကို ရော[...] ချိန်အထိ တစ်လျှောက်လုံး လုပ်သွားနိုင်ဖို့ နေနေသာ[...] ရက်ပိုင်းလောက်ကလေး အောင်အောင်မြင်မြင် လု[...] တောင် ခက်ခဲပါတယ်။ သူပေးခဲ့တဲ့ ဥပမာအတိုင်း ထ[...]



www.burmeseclassic.com

www.burmeseclassic.com

လာသမျှ ကိလေသာလှုဆိုးတွေကို သတိဆိုတဲ့ တင်းပုတ်ကြီးနဲ့ မလွတ်တမ်းဆီးကြိုပြီး ထုနှက်ချေမှုန်းဖို့ဆိုတာ လွယ်တဲ့ ကိစ္စမှမဟုတ်ဘဲ ဖေဖေရဲ့။

အပါယ်ကနေ လွတ်ငြိမ်းပြီးသား အောက်မင်အောက် ဗိုလ်ရ အရိယာပုဂ္ဂိုလ်တွေတောင် ဒီလိုမျိုး မစွမ်းဆောင်နိုင်ပါဘူး။ သူတို့လည်း သိပ်ပြီးကြီးမားတဲ့ ကိလေသာအထုအထည်တွေနဲ့ တွေ့ကြုံရင်ဆိုင်ရတဲ့အခါမှာ ခံနိုင်ရည် မရှိကြပါဘူး။ ကိလေသာအပူမီးတွေ အဟပ်ခံရပြီး ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ အပြစ်အမျိုးမျိုးကို ကျူးလွန်သင့်သလောက် ကျူးလွန်မိကြတာပါပဲ။

ပုထုဇဉ်ပုဂ္ဂိုလ်တွေအတွက်ကျတော့ ပိုဆိုးတာပေါ့ ဖေဖေ။ ကိလေသာထိုးနှက်ချက် ကြီးမားပြင်းထန်တာနဲ့ အမျှ အသိရော သတိပါ လွတ်သွားကြမြဲပါပဲ။ ဒေါသဝင်လာလို့ ဒေါသမှန်းမသိ၊ လောဘဝင်လာလို့ လောဘမှန်းမသိ၊ စိတ်ကို ဇက်လွတ်ပေးထားမိတဲ့ အချိန်မျိုးမှာ သတိနဲ့ ဖမ်းအုပ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ တကယ်တော့ ဦးပဥ္စင်း ဦးကဝိသာရ ပြောသွားတဲ့အတိုင်း ဖြစ်နိုင်ချေမျိုးက သေချာပေါက်စိစစ်ကြည့်ရင် နည်းနည်းကလေးမှ နည်းနည်းကလေးပဲ ရှိတာပါ ဖေဖေရဲ့'

'ဟုတ်လား၊ ဘယ်လိုအခိုက်အတန့်မျိုးမှာ ရှိနိုင်သလဲ'

'သမာဓိသိပ်အားကောင်းတဲ့အချိန် နီဝရဏတရားဆိုးအားလုံးကို ခေါင်းမထောင်နိုင်အောင် ဖိနှိပ်ထားနိုင်တဲ့အချိန်၊ တစ်နည်းအားဖြင့် ပရိညာဏ်(၃)ပါး၊ ဗောဇ္ဈင်(၇)ပါး အစရှိတဲ့ ဘာဝနာခွန်အားတွေ သိပ်ပြီးပြည့်ဝနေတဲ့ အချိန်မျိုးကို ဆိုလိုတာပေါ့။ အဲဒီအချိန်မျိုးမှာတော့ ယောဂီက ဘာဆိုဘာမှ မဖြုံဘူး။ ဝင်လာသမျှ အသိတိုင်းကို အကုန်လုံး ဖမ်းဆုပ်နိုင်တယ်။ သတိဆိုတဲ့ တင်းပုတ်ကြီးနဲ့လည်း ထုချေနိုင်တယ်။ ဒီအခြေအနေကို တစ်လျှောက်လုံး ထိန်းသွားနိုင်ရင် ဦးပဥ္စင်းပြောသလို ဂတိမလွဲဘူးဆိုတာလည်း တကယ်ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ဒီကိစ္စက လွယ်ပါ့မလား ဖေဖေ။ မလွယ်ဘူးနော်။ ဘာဝနာက ဒီအတိုင်း တစ်သမတ်တည်း ဖြောင့်တန်းနေဖို့ဆိုတာ တကယ်မလွယ်ပါဘူး။ သတိပဋ္ဌာန်ကို ဘယ်သူမှ မရပ်မနား အားမထုတ်နိုင်ဘူး။ ဒါကြောင့် တရားကို ရပ်နားထားတဲ့အချိန်၊ ပစ်ချထားတဲ့ အချိန်မျိုးမှာ ဘာဝနာအင်အားတွေကလည်း လျော့ကျသွားမှာပဲ။ ဘာဝနာအင်အား လျော့ကျကုန်ခန်းသွားတာနဲ့အမျှ သူ့ရဲ့ စွမ်းအင်တွေဖြစ်တဲ့ အသိတို့၊ သတိတို့ ဆိုတာတွေဟာလည်း ထပ်တူလျော့ကျ ကုန်ခန်းသွားမှာပဲ ဖေဖေရဲ့'

'အင်း..ဘက်ထရီအားကုန်သွားတဲ့ သဘောပေါ့။ ဒီလိုအားကုန်နေတဲ့ အချိန်မျိုးမှာ ကိုယ်လိုချင်သလို ချာဂျင်ဝင်ပြီး မီးလင်းပေးနိုင်ဖို့ဆိုတာ မလွယ်တော့ဘူးပေါ့'

သည်တစ်ခါတွင်လည်း သမီးဖြစ်သူကို တွေးတွေးဆဆပြန်ပြောရင်း ဦးတိုက်စိုးက အလုံးစုံသောအကြောင်းအချက်များအပေါ် ပြန်လည်စောကြောသုံးသပ်နေမိသည်။

◆◆◆

သို့ကလို ဆွေးနွေးပွဲ တစ်ကြိမ်ပြီးတိုင်း ပြီးပြီးချင်း သမီးဖြစ်သူနှင့် နောက်တစ်ပွဲ ဆက်ရသည်မှာ အကြိမ်ကြိမ်အခါခါပင်ဖြစ်သည်။ ပြီးတော့ သမီးဖြစ်သူ၏ တရားအသိ၊ တရားအယူအဆများက အများတကာ ပြောရိုးပြောစဉ်များကဲ့သို့ မဟုတ်သည်ကိုလည်း ဦးတိုက်စိုး သတိထားမိသည်။ ထို့ကြောင့် တချို့အချက်များနှင့် ပတ်သက်၍ မိမိကိုယ်တိုင် ဘူးလုံးနားမထွင်း ဖြစ်မိသည်နှင့်အမျှ မှန်၏,မမှန်၏၊ လက်ခံထိုက်,လက်မခံထိုက် ဝေဝါးတွေပြားနေမိသည်မှာလည်း အမှန်ပင်ဖြစ်သည်။ တစ်ခါတစ်ရံတော့လည်း သြော်..သူလည်း သူ့အထွာလေးနဲ့သူ သိသလောက် ပြောတာပဲဟု ကရုဏာဖြင့် ဖြေသိမ့်ပေးရသည်။

သို့သော် ဆိုခဲ့သည့်အတိုင်း တရားအလုပ် လုပ်နေမှတော့ ဘာမဆို အကောင်းချည်းသာဖြစ်သည်ဟု သဘောပိုက်ကာ သမီးအတွက် ကျေနပ်ရသည်၊ ဝမ်းသာရသည်။ နှမဖြစ်သူ ဒေါ်စန်းတင်ကပါ ဦးတိုက်စိုးကို မကြာ,မကြာ ပြန်ပြောပြသည်။ သီလေးခိုင် ဗုဒ္ဓဝေယျာဝစ္စများ မညည်းမညူဆောင်ရွက်ပုံ၊ တရားစာပေများကိုလည်း အလေးအနက်ဖတ်ရှုပုံ၊ နာရီပေါင်းများစွာကြာအောင် တရားထိုင်နေတတ်ပုံ၊ သူမ၏ မျက်နှာနှင့် အမူအရာများကလည်း ထူးခြားစွာ တည်ကြည်ငြိမ်သက်နေတတ်ပုံ စသည်တို့ပင်ဖြစ်သည်။ သည့်အတွက် ဦးတိုက်စိုးမှာ ပို၍,ပို၍ ကျေနပ်ဝမ်းသာရပါလေသည်။

◆◆◆

ဆောင်းဦးပေါက်ချိန်ရောက်သော် နယ်ဘက်ဒေသ

www.burmeseclassic.com

တစ်ခုသို့ ဦးတိုက်စိုး ခရီးထွက်ဖြစ်ခဲ့သည်။ ကိစ္စက ကထိန်အခမ်းအနားတစ်ခုမှ ဖိတ်ကြားစာ ရောက်ရှိလာခဲ့သောကြောင့်ဖြစ်သည်။ ဖိတ်ကြားသူက မိမိလေးစားကြည်ညိုသော ဆေရ်ကြီးဝါကြီး ဆရာတော်တစ်ပါးဖြစ်နေသဖြင့် မလွှဲမရှောင်သာ သွားရောက်ခဲ့ရခြင်းဖြစ်သည်။

ကထိန်က အလွန်စည်ကားပါသည်။ များစွာသော သံဃာပရိသတ်နှင့်လည်း ဆုံစည်းရပါသည်။ သို့ပြား ဝိနည်းဆောင် ပုဂ္ဂိုလ်များ၏ ကထိန်ပွဲ ဖြစ်လေသည်မို့ ဆူညံရှုပ်ထွေးခြင်းမရှိဘဲ စည်းကမ်းတကျ အစီအစဉ်ကျကျပင် ပြုလုပ်သွားခဲ့သည်။ ထို့ပြင် ထိုပွဲ၌ ပရိယတ္တိရော၊ ပဋိပတ္တိဘက်ကပါ ချွန်မွန်တော်မူကြသည့် သံဃာတော်များနှင့် အထိုက်အလျောက် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့သည့်အတွက် ဦးတိုက်စိုးအဖို့ ပို၍ပင် အမြတ်ထွက်ခဲ့သည်ဟု ဆိုရမည်။ ဗုဒ္ဓဝါဒဆိုင်ရာ ခဲရာခဲဆစ် ပြဿနာအချို့ကို ဦးတိုက်စိုး ဘဝင်ကျအောင် ဆရာတော်ကြီးများက ဖြေရှင်းညွှန်ပြပေးတော်မူခဲ့ကြသည်။

တစ်ခါတွင် အံ့အားသင့်စရာတစ်ခုနှင့် ဦးတိုက်စိုး ကြုံရသည်။ သူက တရားဘက်ဆိုင်ရာ အချက်အလက်အချို့ကို တင်ပြဆွေးနွေးရင်း သမီးဖြစ်သူ သီလေးခိုင်၏ ပြောကြားချက်တချို့ကိုပါ ထည့်သွင်းပြောဆိုလိုက်မိ၏။

ဤတွင် ဆရာတော်ကြီးတစ်ပါးက စူးစူးစိုက်စိုက် နားထောင်ပြီးနောက် 'ဟာ..ဒီကလေးမက ဒီလိုပြောသလား။ သူ ဒီလိုပြောတာ သေချာရဲ့လား' စသည်ဖြင့် ဦးတိုက်စိုးကို ဖြတ်မေးသည်။

ဦးတိုက်စိုးက ဟုတ်ပါကြောင်း၊ မှန်ပါကြောင်း၊ သေ



ချာပါကြောင်း ပြန်လည်လျှောက်ထားပြီး 'ဘာဖြစ်လို့လဲဘုရား။ သူ့စကားတွေက မမှန်ဘူးလား' ဟူ၍ တစ်ဆက်တည်း မေးလျှောက်လိုက်မိသည်။

ထိုဆရာတော်က ချက်ချင်းပင် ပြန်လည်မိန့်ကြားသည်။

'ဘယ်ဟုတ်လိမ့်မလဲ။ သွေးထွက်အောင် မှန်နေလို့ ပြောနေတာ။ ဒါ တကယ့်ပရမတ်တွေချည်းပဲ။ နောက်တစ်ခါကြုံရင် ဒကာကြီးသမီးကို ကျုပ်ဆီ ခေါ်ခဲ့စမ်းပါ။ သူ့ကို ကျုပ်မေးစစ်ကြည့်ချင်တယ်'

ဦးတိုက်စိုး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ထိုအချိန်မှာပင် အစီအစဉ်တစ်ခု စတင်ရန် ကြေညာသံထွက်ပေါ်လာရာ ထိုဆရာတော်နှင့်လည်း လူချင်း ခွဲလိုက်ရသည်။ စကားဆက်ပြောခွင့် မရတော့။

မည်သို့ဆိုစေ သမီးဖြစ်သူ၏ အခြေအနေမှန်၊ အဆင့်အတန်းမှန်ကိုတော့ ဦးတိုက်စိုးအနေနှင့် ပထမဆုံးအကြိမ် တွေ့မြင်ခွင့်၊ သိရှိခွင့် ရရှိလိုက်သလို ဖြစ်သွားခဲ့သည်။ သမီးဖြစ်သူ၏ နှယ်နှယ်ရရ မဟုတ်ပုံကိုလည်း ခုမှပင် အပြေးအလွှား ပြန်တွေးနေမိသည်။ ထို့ပြင် စိတ်လှုပ်ရှားစွာနှင့်ပင် သူ့ကိုယ်သူလည်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချမှတ်ထားလိုက်မိသည်။ နောက်ဆို သမီးဖြစ်သူ၏ ဆွေးနွေးချက် ဝေဖန်ချက်မှန်သမျှကို အရေးတယူ ဂရုတစိုက် နားထောင်ပေးရမည်။ မှတ်သားသင့်တာတွေကိုလည်း မှတ်သားရမည်။ နာယူသင့်တာတွေကိုလည်း နာယူရမည်။ သမီးဆိုတာ အပြင်မမွေးမိတ်ဆွေ တစ်ဦးအဖြစ်နှင့်လည်း နေရာတစ်နေရာ ပေးကိုပေးရတော့မည်။

သို့သော် ထိုဆန္ဒက ဦးတိုက်စိုးအတွက် မပြည့်ဝနိုင်တော့ပါချေ။ ကထိန်ပွဲမှအပြန် လမ်းတစ်ဝက်အရောက်မှာပင် သူ့ရည်မှန်းချက်မှန်သမျှက အလုံးစုံကြေမွပျက်စီးသွားခဲ့လေပြီ။ ဆောင်းဦးနှင်းမြူတို့ကြားတွင် အစွယ်မြူးမြူးနှင့် ကြမ္မာဆိုးကို ကြောက်လန့်တကြား သူမြင်တွေ့လိုက်ရသည်။

နှမဖြစ်သူ ဒေါ်စန်းတင်၏ ငိုသံတစ်ဝက်နှင့် ပြောဆိုသံက ဖုန်းမှတစ်ဆင့် ပီပီသသကြီး ဝင်ရောက်လာသည်။

'ကိုကိုစိုး..သီလေး ဆုံးသွားပြီ။ ခုလေးတင် ဆုံးသွားတာ။ သူ့နှလုံးရောဂါက ရုတ်တရက်ကြီး ထဖောက်လာပြီး ဘယ်ဆေးရုံမှလည်း မပို့နိုင်ခင် ဘယ်ဆေးဝန်



www.burmeseclassic.com

www.burmeseclassic.com

သည်း မခေါ်နိုင်ခင် အသက်ကုန်သွားတာ'

◆◆◆

တကယ်ပါပဲ။ သေလူရယ်လို့ တစ်စက်ကလေးမှ ဆင်ရက်စရာမရှိပါ။ တကယ်ကို အိပ်ပျော်နေတဲ့ ပုံစံမျိုး ကလေးပါ။ မျက်လွှာကလေးချ၊ နှုတ်ခမ်းကလေးတန်းပြီး ငြိမ်သက်နေပုံက တရားရှုမှတ်နေဆဲ မျက်နှာကလေးနှင့် ခင် တူနေတော့သယောင်ယောင်။ သူ့အသားလေးတွေကို ကိုင်ကြည့်လိုက်ပြန်တော့ ပူနွေးခြင်းမရှိတော့သည့်တိုင် အေးစက်မာခေါက်နေခြင်းမျိုးလည်း မရှိပြန်။ ပျော့ပျော့ ပျောင်းပျောင်းနှင့် စိုစိုအိအိကလေးတွေ။

'ဖြစ်ရလေ သမီးလေးရယ်'

ပစ်ရက်စရာမရှိသည့် ရုပ်ကလာပ်ကလေးကို မျက် ရည်တွေကြားက ငေးကြည့်ရင်း ဆို့နစ်စွာရေရွတ်မိသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မကြုံဖူးခဲ့သည့် သောက ဝေဒနာမီးကတော့ ဦးတိုက်စိုးရင်ထဲမှာ အလျှံတညီးညီး တောက်လောင်နေဆဲပင်။

'ထမင်းစားပြီးလို့ တစ်နာရီလောက်ပဲ ကြာတယ်။ အောင့်တယ် အောင့်တယ်၊ မောတယ် မောတယ်ဆိုပြီး ရုတ်တရက်ဖောက်လာတာ ကိုကိုစိုးရဲ့။ ဒီနောက် ဆိုဖာ ပေါ်လှဲပြီး ခဏတစ်ဖြုတ်လောက် လူးလိမ့်နေသေးတယ်။ ကြာခင်မှာပဲ ငြိမ်သွားတယ်။ ညီမက ဘာလုပ်ရမှန်း မသိဘဲ ဗျာများနေတုန်းမှာပဲ အသံယဲ့ယဲ့ကလေးနဲ့ အန်တီ လေး‥ဘာမှမလုပ်နဲ့၊ ဘာမှမပူနဲ့။ သမီးသိပြီ၊ သမီးမြင်ပြီ ဆိုပြီး ပြောတယ်။ သူ့အိပ်ရာဆီကိုလည်း ပို့ခိုင်းတယ်။ သူ့အိပ်ရာပေါ်ရောက်လို့ (၁၀)မိနစ်လောက်ပဲ ကြာမယ် ထင်တယ်။ ငြိမ်လျက်သားလေးပဲ အသက်ကုန်သွားတယ်'

ဒေါ်စန်းတင် စကားဆုံးတော့ မျက်နှာကို လက်ကိုင် ပဝါဖြင့် သုတ်ရပြန်သည်။ သုတ်ရပေါင်းလည်း များလှပြီ။ သုတ်လို့ မပြီးအောင်လည်း မျက်ရည်က မစဲနိုင်အောင် ဖြစ်နေသည်။ အတွေးဆုံးသမီးကလေး၊ အချစ်ဆုံးသမီး ကလေး၊ အဖိုးတန်သမီးကလေး အစရှိသည့် ဝိသေသ အမျိုးမျိုးဖြင့် တင်စားပညတ်အပ်သော ဤသမီးလေး အတွက် မည်မျှလောက် ပူပင်သောကတွေ ရှည်လျားနေ ဦးမည်ကို မမှန်းဆနိုင်တော့ပြီ။ ထို့အတူ ကျအပ်သော မျက်ရည်ကလည်း မည်မျှအထိ မတန့်နိုင်၊ မရပ်နိုင် ဖြစ် နေဦးမည်ကို ဦးတိုက်စိုး သိနိုင်စွမ်း မရှိတော့ပါလေ။

◆◆◆

သီလေးခိုင် ကွယ်လွန်သွားပြီးနောက် ဦးတိုက်စိုးဘဝ က ရုတ်ခြည်းခြောက်သွေ့သွားသည်။ ပျော်ရွှင်ခြင်း၊ စို ပြည်ခြင်းတို့နှင့် ကတ္တားခြားလိုက်သလို ဖြစ်သွားသည်။ သူ့တွင် ရယ်မောခြင်း၊ ဖျတ်လတ်တက်ကြွခြင်းများ အလျှင်းကင်းဆိတ်သွားသည်။ တငေးငေးတငိုင်ငိုင်နှင့် ဖြစ်သည့်အခါဖြစ်ပြီး အစားလည်းနည်းသွားသလို အအိပ် လည်း နည်းသွားသည်။

ဦးတိုက်စိုး၏ ပူဆွေးသောကကို ငဲ့ညှာသောအားဖြင့် မိတ်ဆွေများကလည်း ဤရက်ပိုင်းများအတွင်း ဆွေးနွေး ဝိုင်းကို ရပ်နားထားလိုက်ကြသည်။ ဦးတိုက်စိုးကလည်း သတိတော့ထားပါသည်။ ရက်ကြာလာသည်နှင့်အမျှ မိမိ သောကကို လျှော့ချသင့်မှန်း၊ တရားဘက်လှည့်ပြီး ဆင် ခြင်နှလုံးသွင်းသင့်မှန်း သိပါသည်။ ထို့ကြောင့် တရားမှတ် ခြင်း၊ ပုတီးစိပ်ခြင်း၊ စာအုပ်ဖတ်ခြင်းများဖြင့် မိမိကိုယ်ကို ကုစားသည်။ ပြန်လည်တည်ငြိမ်အောင် ကြိုးစားသည်။ ကြိုးစားသလောက် အကျိုးရှိသည့်အခါ ရှိပြီး စိတ်လွတ် ကာ ပြန်လေသွားသည့်အခါများလည်းရှိသည်။

တစ်ညမှာတော့ သူ ညဉ့်နက်အောင် စာဖတ်နေမိ သည်။ သောကအေးရာအေးကြောင်း စာဘက်ကို အာရုံ ပို့ထားမိခြင်းလည်း ဖြစ်သည်။ မျက်စိညောင်းလွန်းမက ညောင်းလာတော့မှ စာကို ရပ်သည်။ အိပ်ရာဝင်သည်။ ဤတွင် မှေးခနဲ ပျော်လျှင်ပျော်ချင်း အိပ်မက်က မက် တော့သည်။ အိပ်မက်ထဲမှာ သမီးလေးသီလေးခိုင်ကို ဝင်း လက်တောက်ပသော အဝတ်တန်ဆာတွေနှင့်တွေ့ရသည်။ သူ အံ့ဩဝမ်းသာဖြစ်နေမိစဉ်မှာပင် သီလေးခိုင်က ပြုံး လျက် ပြောလာသည်။

'ဘာကြည့်နေတာလဲ မောင်လေး။ မမကို အားကျလို့ လား'

သီလေးခိုင် စကားကြောင့် အံ့အားသင့်သွားသည်။ ချက်ချင်းဆိုသလို ဗလုံးဗထွေး ပြန်ပြောလိုက်သည်။

'သတိထားလေ သမီး၊ ဖေဖေလေ‥ဖေဖေပါ'

'မမသိပါတယ် မောင်လေးရယ်။ အရေးကြီးတာက ဒါ မဟုတ်ပါဘူး။ မမလိုဖြစ်ချင်ရင် မမလို ကြိုးစားဖို့က သာ အဓိကပါ'

သူ ခေါင်းနားပန်းကြီးသွားသည်။ နားမလည်နိုင်



www.burmeseclassic.com

www.burmeseclassic.com

အောင်လည်း ဖြစ်သွားသည်။ သီလေးခိုင်ကို ကြည့်ပြန်တော့ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနှင့် ပြုံးမြမြကလေးသာ။

"သာသနာက ပူပူနွေးနွေးပဲ ရှိပါသေးတယ် မောင်လေးရယ်။ အခု မမရောက်နေတဲ့ နေရာကကြည့်ရင် ရက်ပိုင်းလောက်ကလေးပဲ ကြာပါသေးတယ်။ ကြိုးစားတဲ့သူအတွက် အခွင့်အရေးတွေ အများကြီးရှိပါသေးတယ်။ မပေါ့နဲ့၊ မမေ့နဲ့နော် မောင်လေး။ ပေါ့နေ၊ မေ့နေမိတာနဲ့ နှစ်ခါ ပြန်မရနိုင်တဲ့ ဒီအခွင့်အရေးကြီး လက်လွှတ်ဆုံးရှုံးသွားမှာစိုးလို့ သတိပေးလိုက်တာပါကွယ်"

သူ ငေးမောနေမိစဉ်မှာပင် တစ်ချက်မျှ ဝင်းခနဲဖြစ်သွားပြီး သီလေးခိုင်က ပျောက်ကွယ်သွားသည်။ တစ်ချိန်တည်းမှာပင် သူလည်း လန့်နိုးကာ အိပ်ရာမှ ထထိုင်ပြီးသား ဖြစ်သွားသည်။ အိပ်မက်မှန်းတော့ သူသိသည်။ သို့သော် အိပ်မက်၏သတ္တိကြောင့် သူထိတ်လန့်နေမိသည်။ ချောက်ချားနေမိသည်။ ရေတစ်ခွက်ထသောက်ပြီး အတော်အတန် ငြိမ်သက်သွားပြီဆိုတော့မှ အကျိုးအကြောင်းအလုံးစုံကို ဆက်စပ်စဉ်းစားနိုင်လာသည်။

လက်စသတ်တော့ မအိပ်ခင် ဖတ်လိုက်ရသည့် စာအုပ်ထဲက အကြောင်းအရာတချို့ကို သူစွဲလမ်းသွားခြင်းဖြစ်သည်။ အနာထပိဏ်သူဌေးကြီးအကြောင်းကို သူဖတ်ရသည်။ သူဌေးကြီး၏ အချစ်ဆုံးသမီးလေး ကွယ်လွန်ခါနီးတော့ သမီးက ဖခင်လုပ်သူကို မောင်လေးဟု ခေါ်သွားသည်။ သူ့ကိုယ်သူလည်း မမဟု ပြောသွားသည်။

ဖြစ်ပုံမှာ သူဌေးကြီးက သောတာပန်အဆင့်မျှသာရှိသည်။ သမီးဖြစ်သူကမူ သကဒါဂါမိ ဖြစ်နေပြီ။ သို့ကြောင့် ထိုတရားအဆင့်အတန်းကို ရည်ညွှန်းပြီး သမီးဖြစ်သူက မောင်လေး၊ မမ အခေါ်အဝေါ်ဖြင့် ဖခင်ကို သွယ်ဝိုက်အသိပေးသွားခဲ့ခြင်း ဖြစ်သည်။

ထိုအကြောင်းအရာကို စွဲလမ်းကာ သူ အိပ်မက်၊ မက်သွားခြင်းဖြစ်မည်။ သို့သော် အိမ်မက်က စင်းစင်းကြီးဖြစ်နေသည်။ ဒါ ရိုးရိုးအိပ်မက်မှ ဟုတ်ပါလေစ။ မိမိအား သမီးကိုယ်တိုင် လာရောက်ပြီး နှိုးဆော်အိပ်မက်ပေးသွားခြင်းများလား။

သည်လိုတွေးမိသည့်အခိုက် သူ့တစ်ကိုယ်လုံး ဖြန်းခနဲ ကြက်သီးထသွားသည်။ တွေးစရာတွေကလည်း သူ့ခေါင်းထဲသို့ တစ်ပုံတစ်ပင်ကြီး ဝင်ရောက်လာသည်။ သမီးအပေါ် သာမန်ကမ္ဘာ့ဥ္စာန်းအိုးကွဲမလေး အဖြစ်နှင့်သာ မိမိက ထင်မြင်နေခဲ့သည်။ ကထိန်ပွဲ၌ ဆရာတော်ကြီးတစ်ပါး၏ မြွက်ဆိုချက်ကိုကြားရမှ သမီးအပေါ် အမှန်အတိုင်း ခန့်မှန်းမိသွားသည်။ သမီး၌ တရားကိန်းနေပြီ။ အမြင့်သို့ ရောက်နေပြီ။ သို့ကြောင့် အနိမ့်လူဖြစ်သော မိမိကို မောင်လေးဟု ခေါ်သွားခြင်း ဖြစ်မည်။

ဖြစ်နိုင်သည်၊ လုံးဝဖြစ်နိုင်သည်။ သမီးတစ်ကိုယ်လုံး တဝိုးဝိုးတဝင်းဝင်းနှင့် ဖြစ်လျက်ရှိသည်။ နတ်ဝတ်နတ်စားတွေပင်ဖြစ်မည်။ ပြီးတော့ ပြောသွားသေးသည်။

သာသနာက ပူပူနွေးနွေးကြီး ရှိပါသေးတယ်။ မမရောက်နေတဲ့ နေရာကကြည့်ရင် ရက်ပိုင်းလောက်ပဲ ကြာပါသေးတယ်တဲ့။ မမလိုဖြစ်ချင်ရင် မပေါ့မလျော့ဘဲ ကြိုးစားပါတဲ့။ ကြည့်စမ်း၊ ဒါတွေဟာ မိမိကို နှိုးဆော်ပေးသွားတာတွေ၊ ပညာပေးသွားတာတွေပဲ ဖြစ်မည်။

သူ ပို၍စိတ်လှုပ်ရှားလာသည်။ ခုတင်မှ ထလာပြီး တုန်တုန်ယင်ယင်နှင့်ပင် စကြံ့လျှောက်နေမိသည်။ သူ့ကိုယ်သူလည်း မကြုံဖူးအောင် ပြင်းပြင်းထန်ထန် ဖြစ်သုံးသပ်နေမိသည်။ ထိုအခါ မိမိ၏ အပြစ်တွေ၊ ချို့ယွင်းချက်တွေကို တစ်ပုံကြီး မြင်တွေ့လာရသည်။ မိမိတွင် အနှစ်ကနည်းနည်း အကာကများများ ဖြစ်နေသည်။ တကယ့်အနှစ်အသားဖြစ်သည့် သတိပဋ္ဌာန်အားထုတ်တာမျိုးကျတော့ မဆိုစလောက်သာရှိပြီး တခြားဗာဟီရတွေ၊ ဝေယျာဝစ္စတွေ၊ စကားပြောဆိုနေတာတွေကသာ များပြားလျက်ရှိသည်။ သည်အချက်တွေက မိမိတွင် အားကိုးလောက်စရာ၊ အထင်ကြီးလောက်စရာ ဘာမျှမရှိသေးသည့် အဖြစ်ကို ညွှန်ပြလျက်ရှိသည်။ သည်ပုံစံအတိုင်းသာ ဆက်သွားနေပါက သေချာပေါက် ချောက်ကျရလိမ့်မည်။ မဖြစ်ပါ၊ လုံးဝမဖြစ်ပါ။ အပြောင်းအလဲလုပ်မှဖြစ်မည်။ ယခုချက်ချင်းပင် မြေလှန်ပြောင်းလဲကာ လုပ်သင့်တာကို လုပ်မှဖြစ်တော့မည်။

သို့နှင့်ပင် ဦးတိုက်စိုးက သွားလေသူ သမီးလေး၏ မျက်နှာကို မြင်ယောင်ရင်း ပဓာနလုပ်ငန်းကိုသာ အားထုတ်သမှုပြုပါတော့မည်ဟု သန္နိဋ္ဌာန်တစ်ရပ် ပိုင်ပိုင်မှတ်လိုက်တော့သည်။

ချိုမြတ်တင်



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်ုပ် ရောဝတီတိုင်းဒေသကြီး ထုန်သွယ်လယ်ယာသို့ စတင်ပြောင်းရွှေ့ ခဲ့က ကျုံပျော်မြို့နယ်တွင် မြို့နယ် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင် ရ၏။

ယခင် မြို့နယ်မန်နေဂျာထံမှ အလုပ်များကို လွှဲပြောင်းယူရာတွင် နှစ်ဟောင်းမှ စပါး

# စုဌသလောကစမ္မပဒီ
# မင်းသန့်ကျော်(ဇီးကုန်း)



လက်ကျန် တင်းတစ်သိန်းကျော် လွှဲပြောင်းလက်ခံရ၏။

အဆိုပါ စပါးများအားလုံးမှာ သိုလှောင်ထားသည့်ကာလ ကြာမြင့်သည့်အတွက် ဆန်ဝါများ ရာနှုန်းပြည့် ပေါက်နေသော စပါးများ ဖြစ်လေသည်။

အချိန်မှာ (၁၉၉၂-၉၃)ခုနှစ် ဘဏ္ဍာရေးနှစ်ဖြစ်ပြီး နိုဝင်ဘာလ ဖြစ်လေသည်။ နှစ်ဟောင်းမှ စပါးလက်ကျန်များကို လွှဲပြောင်းယူရင်း စပါးသစ်များကိုလည်း ကောက်စာစပါးအဖြစ် စတင်လက်ခံဝယ်ယူနေပြီ ဖြစ်လေသည်။

နှစ်ဟောင်းမှ စပါးများ ဆန်ဝါပေါက်သည့်ကိစ္စမှာ မည်သည့်လူကြီးမှ ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိသော ကိစ္စဖြစ်လေသည်။ ဆန်ဝါပေါက်သည်မှာ ရာနှုန်းပြည့် ပေါက်ခြင်းဖြစ်ပြီး သိုလှောင်ရုံ(၃)လုံးစလုံးတွင် ပေါက်နေခြင်း ဖြစ်လေသည်။

www.burmeseclassic.com

အလုပ်လွှဲပြောင်းယူစဉ်က တွေ့ရှိရခြင်းဖြစ်၍ ထို ကိစ္စသည် ကျွန်ုပ်တွင် တာဝန်မရှိပါ။ သို့ရာတွင် မည် သည့်ပြဿနာမျှ မပေါ်ပေါက်စေဘဲ ရှင်းလင်းဆောင်ရွက် ပေးရမည်မှာ ကျွန်ုပ်တာဝန် ဖြစ်သည်ဟု ခံယူထားပါ သည်။

စပါးကို ထိန်းသိမ်းသိုလှောင်နည်းများရှိရာ အခန်း ပြောင်းပေးခြင်း၊ စပါးပုံကို အထက်အောက် လှန်ပေး ခြင်း၊ စပါးပုံတွင် လေခေါင်းတိုင်များ တပ်ဆင်ပေးခြင်း စသော နည်းစနစ်များကို မလုပ်နိုင်ခဲ့ခြင်းကြောင့် ဤမျှ အထိ ဆန်ဝါပေါက်ခြင်း ဖြစ်လေသည်။ မလုပ်နိုင်သည့် အကြောင်းရင်းများလည်း ရှိပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ် လွှဲပြောင်းလက်ခံပြီးဖြစ်၍ ဤပြဿနာကို ရှင်းလင်းရန်မှာ ကျွန်ုပ်တွင် တာဝန်ရှိလေ သည်။

(၂)

ကျွန်ုပ်တို့ ကျုံပျော် လက်ထောက်တိုင်းမန်နေဂျာမှာ ဦးစိန်ထွန်း(ဗိုလ်ကြီးစိန်ထွန်း-တပ်မတော်၊ အငြိမ်းစား) ဖြစ်၏။ စပါးများ ဆန်ဝါပေါက်သည့်ကိစ္စမှာ ကျွန်ုပ်တွင် သာမက ဗိုလ်ကြီးပါ ခေါင်းခဲရသောကိစ္စ ဖြစ်လေသည်။

တစ်နေ့တွင် ဗိုလ်ကြီးနှင့် ကျွန်ုပ်သည် စက်လှေက လေးဖြင့် အင်းရဲဒေသရှိ ဆန်စက်သို့ သွားရောက်ပြီး သိုလှောင်ရုံတွင် သိုလှောင်ထားသော စပါးများကို စစ် ဆေးပါသည်။

အဆိုပါ သိုလှောင်ရုံမှာ စပါးတင်းသုံးသောင်းကျော် သိုလှောင်ထားရှိပြီး အားလုံး ဆန်ဝါပေါက်နေသော စပါး များ ဖြစ်လေသည်။

သိုလှောင်ရုံကိုဖွင့်၍ စပါးကို နမူနာယူခြင်း၊ လက် ပွတ်ကြိတ်ဖြင့် ကြိတ်ခွဲကြည့်ခြင်းအားဖြင့် ဆန်ဝါများမှာ (၁၀၀)ရာခိုင်နှုန်း ဆန်ဝါပေါက်နေကြောင်း တွေ့ရလေ သည်။

အခြားဒေသရှိ သိုလှောင်ရုံများရှိ စပါးများကို စစ် ဆေးကြည့်ရာတွင်လည်း အားလုံး (၁၀၀)ရာခိုင်နှုန်း ဆန် ဝါပေါက်နေကြောင်း တွေ့ရလေသည်။

ဤမျှဆန်ဝါပေါက်နေသော စပါးများကို ဆန်အဖြစ် ကြိတ်ခွဲပြီး ထွက်ရှိလာမည့် ဆန်ဝါများကို မည်သို့ဖြန့်ဖြူး ရမည်ကို ဗိုလ်ကြီးနှင့် ကျွန်ုပ်တို့သည် ခေါင်းခြောက် အောင် စဉ်းစားရ၏။

မည်သို့ဖြစ်စေ ဤစပါးများကို တစ်ရက်ဆက်ထား လျှင် တစ်ရက်ပိုမိုပျက်စီးတော့မည်ဖြစ်ရာ နောက်ထပ် တစ်လခန့်သာ ဆက်လက်ထားရှိလိုက်ပါက စပါးအားလုံး ချောင်းထဲ သွန်ပစ်ရတော့မည် ဖြစ်လေသည်။

သို့နှင့် ဆန်စက်ပိုင်ရှင်များအား ခေါ်ယူ၍ ဆန်ဝါ ပေါက်နေသော စပါးများကို ကြိတ်ခွဲရန် စာချုပ်ချုပ်ဆိုပြီး ကြိတ်ခွဲကြလေသည်။ ဆန်ဝါပေါက်နေသော စပါးများကို ကြိတ်ခွဲရာတွင် ဆန်ထွက်နှုန်း ကောင်းလေသည်။ သို့သော် ထွက်လာသော ဆန်များမှာ နနွင်းရောင်အလား ဝါထိန် နေလေသည်။

ကြိတ်ခွဲပြီးစီး၍ ဆန်ဖြစ်သွားသော်လည်း ထိုဆန်များ ကို ဖြန့်ဖြူးရန်အတွက် စဉ်းစားရပြန်၏။ စပါးတင်း တစ် သိန်းကျော်မှ ထွက်ရှိသော ဆန်များဖြစ်၍ ဆန်တန်ချိန် (၁၀၀၀)ကျော် ရှိလေသည်။

ထိုစဉ်က ကျုံပျော်မြို့နယ်တွင် ဦးထွေးမောင်၊ ဦးအုန်း မြိုင်၊ ဦးတင်ထွန်းဟူသော လိုင်းတာဝန်ခံ (၃)ဦးရှိ၏။ လိုင်းတာဝန်ခံ ဆိုသည်မှာ မိမိလိုင်းတွင် တာဝန်ကျသော ဆန်စက်များ၏ ကြိတ်ခွဲရေး၊ ဆန်အရည်အသွေးကောင်း မွန်ရေးတို့ကို တာဝန်ယူရသူများ ဖြစ်၏။

သူတို့အထဲမှ အသက်အကြီးဆုံးဖြစ်သော ဦးထွေး မောင်က–

'ဆရာ..ကျွန်တော်တော့ ဒီဆန်ဝါတွေကို တာဝန် ယူပြီး မဖြန့်ရဲဘူး။ ပင်စင်ကလည်း နီးနေပြီ။ အပြစ်ဖြစ် မှာကို ကြောက်တယ်'

ဦးအုန်းမြိုင်ကလည်း–

'ကျွန်တော်လည်း တာဝန်မယူရဲဘူး ဆရာ။ ကျွန် တော်လည်း ပင်စင်နီးနေပြီ'

သို့ရာတွင် ဦးတင်ထွန်းက–

'ဗိုလ်ကြီးနဲ့ ဆရာ၊ အခက်အခဲတွေကြားထဲက ကြိတ် ခွဲထားတဲ့ ဆန်တွေပဲ ဒါတွေကို မဖြန့်ဖြူးရင် ဘယ်ဖြစ် မလဲ၊ ရဲရဲသာလုပ်ပါ ဆရာ။ ကျွန်တော် ကူညီမယ်'

လိုင်းတာဝန်(၂)ဦးက ဖြန့်ဖြူးရန် လက်ရှောင်နေကြ သော်လည်း ကျွန်သည့်တစ်ဦးက ရဲရဲလုပ်မည်ဆို၍ ကျွန်ုပ် အားရှိလာကာ ဆန်ဝါများကို ဖြန့်ဖြူးရန် စီစဉ်ရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့တွင် ရန်ကုန်မှ ဆန်တင်ရန် သင်္ဘောတစ်စင်း ရောက်လာ၏။ ထိုသင်္ဘောသည် ဆန်တန်ချိန်(၃၀၀)တင် ဆံ့ ဖြစ်လေသည်။ ဗိုလ်ကြီးက-

'အဲဒီသင်္ဘောကို ဆန်ဝါတွေ တင်ပေးလိုက်။ မျှော စာမှာ သေသေချာချာရေး၊ တစ်နှစ်ခန့် သိုလှောင်ထားပြီး အခုမှ ကြိတ်ခွဲရသော ဆန်များဖြစ်၍ ဆန်ဝါ(၁၀၀)ရာခိုင် နှုန်း ပါဝင်သည်လို့ရေး။ အဲဒီစာကို ထင်ထင်ရှားရှားဖြစ် အောင် မင်နီနဲ့ရေး'

မျှောစာဆိုသည်မှာ ဆန်တင်ပို့ရာတွင် အသုံးပြု သော စာရင်းပုံစံ ဖြစ်ပါသည်။

ကျွန်ုပ်နှင့် ဦးတင်ထွန်းသည် ဗိုလ်ကြီးအမိန့်ကို ကြား ရ၍ တုန်လှုပ်သွားကြပါသည်။ ဆန်ဝါများကို ရန်ကုန်သို့ တင်ပို့လျှင် ရန်ကုန်ရောက်သောအခါ ဖြစ်ပေါ်လာမည့် ပြဿနာများကိုတွေးကာ ကျွန်ုပ်သည် အလွန်စိတ်ဆင်းရဲ နေ၏။ ထိုအချိန်တွင် ဦးတင်ထွန်းက-

'ဆရာ··ရဲရဲသာလုပ်ပါ။ လောကဓံတရား အခက် အခဲတွေကို လွန်မြောက်စေနိုင်တဲ့ ဂါထာတစ်ပုဒ် ကျွန် တော်ပေးမယ်။ ဆရာ အဲဒါ အမြဲရွတ်ပေတော့'

သူက စာရွက်လွှတ်တစ်ခုတွင် ချရေးလေသည်။

*ဖုဿသ လောကဓမ္မေဟိ*

*စိတ္တံ ယဿန ကမ္ပတိ*

*အသောကံ ဝိရဇံ ခေမံ*

*ဧတံမင်္ဂလမုတ္တမံ။*

ကျွန်ုပ်က စာရွက်ကိုယူကာ ဖတ်ကြည့်လိုက်သည်။ ဦးတင်ထွန်းက-

'ဆရာတို့၊ ကျွန်တော်တို့တွေဟာ တစ်နေ့မဟုတ် တစ်နေ့ မှာ တွေ့ထိနှိပ်စက်တတ်တဲ့ လောကဓံတရားတွေနဲ့ မလွဲ ဧကန် တွေ့ကြုံကြရမှာပဲ။ အဲဒီလိုတွေ့ကြုံရတဲ့အခါ စိတ် က မတုန်မလှုပ် စိုးရိမ်ကြောင့်ကြမှုလည်းမရှိ၊ တပ်မက် ခြင်းလည်းကင်းပြီး ဘေးရန်မရှိဘူးလို့ ဆိုတယ်။ ကျွန် တော်တော့ လောကဓံတရားတွေနဲ့တွေ့ပြီး စိတ်ဒုက္ခရောက် တဲ့အခါတိုင်း အဲဒီဂါထာကို ရွတ်တယ်။ အားလပ်ချိန်တွေ မှာလည်း သတိရရင်ရသလို ရွတ်တယ်။ အခက်အခဲတွေ ပြေလည်သွားပြီး ဘေးရန်အပေါင်းက လွတ်ကင်းသွားတာ တော့ လက်တွေ့ပဲ ဆရာ။ အခုလည်း ဆရာက အများ ကောင်းကျိုးကို ရည်ရွယ်ပြီး လုပ်တဲ့ကိစ္စပဲ။ ကံကောင်းမှာ ပါ။ အဲဒီဂါထာကို အမြဲရွတ်ပါဆရာ။ ကျွန်တော်လည်း ရွတ်မယ်။ ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး မနက်ဖြန်မှာ ဆန်ဝါတွေကို ရန်ကုန်ပို့မယ့် သင်္ဘောကို တင်ကြတာပေါ့'

(၃)

ရန်ကုန်မှလာသော သင်္ဘောကို ကုန်တင်မည့်နေ့တွင် ကျွန်ုပ်သည် မနက်အိပ်ရာမှထ၍ ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုးရာတွင် ဖုဿသ လောကဓမ္မေဟိကို ရွတ်ဆိုပါ သည်။ ဦးတင်ထွန်းလည်း ထိုဂါထာကို ရွတ်ကြောင်း နောင်တွင် သိရပါသည်။ ထို့နောက် ကျွန်ုပ်နှင့် ဦးတင် ထွန်းတို့ ဦးဆောင်ပြီး ဆန်ဝါများကို သင်္ဘောတင်ကြပါ သည်။

ထိုနေ့တွင် ဦးထွေးမောင်သည် နေမကောင်းဟုဆို ကာ ခွင့်တင်၏။ ရုံးသို့ မလာချေ။ ဦးအုန်းမြိုင်က သူ့ဇနီး ရှိရာ မြောင်းမြသို့ မလွှဲမရှောင်သာ၍ လိုက်သွားရသည် ဆိုကာ ခွင့်တင်လေသည်။

သူတို့သည် ဆန်ဝါများ သင်္ဘောတင်ရမည်ကို ကြောက်၍ ရှောင်နေကြခြင်း ဖြစ်သည်ကို ကျွန်ုပ် သိ ပါသည်။ ပင်စင်နီးနေသူများဖြစ်၍ အပြစ်ဖြစ်မည်ကို ကြောက်ကြသည်ကိုလည်း ကျွန်ုပ်ကိုယ်တိုင် ကိုယ်ချင်း စာနိုင်ပါသည်။

ကျွန်ုပ်သည် သင်္ဘောကို စ၍တင်ပေးသည့် ပထမ ဆုံး ဆန်အိတ်မှစ၍ ဖုဿသ လောကဓမ္မေဟိကို ရွတ်လေ သည်။ ဆန်တင်ပြီးသောအခါ၌လည်း ရွတ်လေသည်။ မျှောစာရေးရာတွင်လည်း ရွတ်လေသည်။ ဆန်တင်ပို့ရာ တွင် သင်္ဘောနှင့်လိုက်သွားမည့် ကယ်ရီယာ မောင်သောင်း ကိုလည်း ထိုဂါထာကိုရွတ်ရန် သင်ပေးလိုက်လေသည်။ ကယ်ရီယာဆိုသည်မှာ ကုန်ပစ္စည်း လိုက်ပါပို့ဆောင်သူကို ဆိုလိုပါသည်။

ရုံးလုပ်ငန်းများ လုပ်ရင်းလည်း ထိုဂါထာကို ရွတ်ဆို လေသည်။

သုံး,လေးရက်ခန့် ကြာသောအခါ ဆန်ဝါတင်ပေး လိုက်သော သင်္ဘောတွင် လိုက်ပါသွားသူ ကယ်ရီယာ မောင်သောင်းသည် ကျုံပျော်သို့ ပြန်ရောက်လာလေသည်။

သူသည် ရုံးထဲသို့ ဝင်လာပြီး ကျွန်ုပ်ထံသို့ တန်းလာ ကာ ဝမ်းသာအားရဖြင့်-

'ဆရာရေ··အားလုံး အိုကေပဲ။ ဆန်ဝါတွေကို ချယူ

www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်'

'ဘာမှမပြောကြဘူးလားကွ'

'ပထမတော့ ဆန်ဝါတွေကိုမြင်ပြီး ပွက်လောရိုက်သွားတာပဲ။ ဒီက ရေးပေးလိုက်တဲ့ မျှောစာက မင်းနဲ့စာကို ဖတ်ကြည့်ပြီး သဘောပေါက်သွားပုံရတယ်'

ကျွန်ုပ် ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်မရှိတော့ချေ။

ထိုစဉ် ဦးတင်ထွန်း ရောက်လာရာ ကျွန်ုပ်က-

'ဦးတင်ထွန်းရေ၊ ခင်ဗျားပေးတဲ့ ဖုဋ္ဌသလောကမမ္မေဟိ ဂါထာက အစွမ်းတွေ ပြနေပြီဗျို့။ သင်္ဘောတင်ပေးလိုက်တဲ့ ဆန်တန်(၃၀၀)စလုံးကို လက်ခံလိုက်ပြီ'

(၄)

ဆန်ဝါများကို ရန်ကုန်က လက်ခံသည်ဆိုပြီး ရန်ကုန်ကိုချည်း တင်ပို့နေ၍ မဖြစ်သေးချေ။ နယ်တွင်လည်း ရတတ်သရွေ့ ဖြန့်ဖြူးပေးရမည် ဖြစ်၏။

ကျွန်ုပ်တို့ ကျုံပျော်လက်ထောက်တိုင်းတွင် ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ ဓနုဖြူ စသော မြို့နယ်များ ပါဝင်၏။ ဓနုဖြူတွင် တန်(၁၀၀)ကျဆန်စက်လည်း ရှိသေး၏။ ထိုဒေသများရှိ ဝန်ထမ်းများအတွက် ဝန်ထမ်းဆန်၊ စပါးဒိုင်လုပ်သားများနှင့် ကြိတ်ခွဲစက် လုပ်သားများအတွက် လုပ်သားဆန်တို့ကို ဖြန့်ဖြူးရောင်းချရာတွင် ထိုဆန်ဝါများကို ရောင်းချပေး၏။

လက်ထောက်တိုင်းအတွင်း ရောင်းချသော ဆန်များကို ဗိုလ်ကြီးက တာဝန်ယူ စီစဉ်ပေးလေသည်။ ကျွန်ုပ်သည် ဆန်ဝါများ ရောင်းရသည့်အခါတိုင်း ဖုဋ္ဌသလောကမမ္မေဟိကို ရွတ်ဆိုလေသည်။

ကုန်သွယ်လယ်ယာလုပ်ငန်းဌာနများသို့ ရောင်းချပေးသော ဆန်များအတွက် မည်သည့်အသံမျှ မကြားရချေ။ ဆန်ဝါများကို ဤနည်းဖြင့် ဖြန့်ဖြူးမှ ဖြစ်မည်ဟု သူတို့လည်း သဘောပေါက်ပုံရလေသည်။

သို့သော် ကျုံပျော်မြို့နယ်ဌာနဆိုင်ရာများသို့ ဝန်ထမ်းဆန်အဖြစ် ထိုဆန်ဝါများကို ထုတ်ပေးသောအခါတွင်ကား ဝန်ထမ်းလောကတွင် ပွက်လောရိုက်သွားပါသည်။

ကျုံပျော်မြို့နယ်တွင် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို မြို့နယ်ဥက္ကဋ္ဌရုံးခန်း၌ တနင်္လာနေ့တိုင်း ကျင်းပမြဲဖြစ်၏။ ထိုအစည်းအဝေးသို့ လက်ထောက်တိုင်းရုံးမှ ဘက်ဂျက်မန်နေဂျာ ဦးဖိုးအေးတက်ရပြီး မြို့နယ်မှ ကျွန်ုပ်တက်ရ၏။ ယခုလ ဝန်ထမ်းဆန်အဖြစ် ဆန်ဝါများကို ဌာနဆိုင်ရာများသို့ ထုတ်ပေးပြီးရာ ထိုအစည်းအဝေးတွင် ဆန်ဝါများအကြောင်း ပြောကြတော့မည်ကို ကျွန်ုပ်သိနေ၏။

ကျွန်ုပ်သည် အစည်းအဝေးခန်းသို့ ဝင်လျှင်ဝင်ချင်း ဖုဋ္ဌသလောကမမ္မေဟိကို ရွတ်ဆို၍ဝင်၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် ဌာနဆိုင်ရာအားလုံးက ဝန်ထမ်းဆန်အဖြစ် ဆန်ဝါများ ထုတ်ပေးခြင်းကို သူ့ထက်ငါဦးအောင် ဥက္ကဋ္ဌကြီးအား တိုင်ကြ၏။ ကျွန်ုပ်က ထ၍ရှင်းပြရသည်။

'ကျွန်တော် အလုပ်လွှဲယူစဉ်က တွေ့ရတဲ့ စပါးဟောင်း တစ်သိန်းကျော်ကို အခုမှ ကြိတ်ခွဲရတဲ့ ဆန်တွေပါ။ စပါးအားလုံး ဆန်ဝါပေါက်နေလို့ ကြိတ်လိုက်တော့လည်း ဆန်ဝါတွေပဲ ရပါတယ်။ ဒီဆန်ဝါတွေကို ရန်ကုန်ကို သင်္ဘော (၂)ခေါက်၊ (၃)ခေါက် တင်ပြီးပါပြီ။ ကျန်တာလေးတွေကိုတော့ ဝန်ထမ်းဆန်အဖြစ် ကူညီပြီး ရှင်းပေးကြပါ။ အခုတစ်လတည်း ဖြန့်မှာပါ။ နောက်လတွေမှာ မဖြန့်တော့ပါဘူး။ ဒီဆန်ဝါတွေကို အဲဒီလိုမှ မဖြန့်ရင် ကုန်မှာမဟုတ်တော့ဘူး။ ကြာရင် ပျက်စီးပြီး နိုင်ငံတော်မှာလည်း နစ်နာပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ'

ဥက္ကဋ္ဌကြီးကလည်း မျှမျှတတတွေးခေါ်၍ ပြောပေးပါသည်။

'ဒီတစ်လတည်း ဖြန့်မှာပါလို့ ကတိပေးထားတာပဲဗျာ။ ဒီတစ်လတော့ သည်းခံပြီး ယူလိုက်ကြပါ'

မြို့နယ်အကြီးအကဲများလည်း ကျွန်ုပ်အပေါ်တွင် ခင်မင်ရင်းစွဲရှိသည်တစ်ကြောင်း၊ ဆန်ဝါများကိစ္စကို ဗိုလ်ကြီးနှင့် ကျွန်ုပ်တို့နှစ်ဦး စွန့်စွန့်စားစား ဆောင်ရွက်ကြကြောင်း သိထားကြ၍တစ်ကြောင်း နောက်ထပ် ဘာမျှမပြောကြတော့ပါ။

ထိုအစည်းအဝေးတွင် ဌာနဆိုင်ရာများအား ကျွန်ုပ်က လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံရ၏။

ကျွန်ုပ်ကား ဖုဋ္ဌသလောကမမ္မေဟိကို ရွတ်မြဲရွတ်လျက်ရှိပါတော့သည်။

ရန်ကုန်သို့တင်ပို့သော ဆန်များနှင့်ပတ်သက်၍ မည်သို့မျှ အရေးယူခံရခြင်းမရှိဘဲ အေးချမ်းစွာ ပြီးဆုံးသွားခြင်းသည် ဖုဋ္ဌသလောကမမ္မေဟိ ဂါထာ၏ ကျေးဇူးကြောင့် ဖြစ်ကြောင်း ကျွန်ုပ်ခံယူထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆန်ဝါပေါက်နေသော စပါးများကို စွန့်စွန့်စားစား ကြိတ်ခွဲပေးပြီး စွန့်စွန့်စားစား ရန်ကုန်သို့ သင်္ဘောတင်ပေးခဲ့၊ လက်ထောက်တိုင်းအတွင်း ဖြန့်ဖြူးပေးခဲ့သော ကျွန်ုပ်၏ အထက်အရာရှိ ဗိုလ်ကြီးစိန်ထွန်း၏ ကျေးဇူးမှာလည်း မသေးလှပါ။

(၅)

ဤသို့ဖြင့် (၃)လခန့်အကြာတွင် စပါးတင်းတစ်သိန်းကျော် ကြိတ်ခွဲ၍ ထွက်ရှိလာသော ဆန်ဝါတန်(၁၀၀၀)ကျော်မှာ ဖြန့်ဖြူး၍ ကုန်ဆုံးသွားပြီ ဖြစ်ပါသည်။

ဖုဋ္ဌသ လောကဓမ္မေဟိ၏ အကျိုးပေးပုံမှာ ဤမျှနှင့် ရပ်သေးပါ။ တစ်နေ့ ကျွန်ုပ်သည် ရုံးလုပ်ငန်းများ လုပ်နေခိုက်တွင် ကျုံပျော်မြို့နယ် စပါးဒိုင်ဆန်စက်တို့မှ လုပ်သားခေါင်းဆောင် အမျိုးသား၊ အမျိုးသမီး(၅)ဦးခန့်သည် ကျွန်ုပ်ထံသို့ ရောက်လာကာ-

'ဆရာ··ကျွန်တော်တို့ လုပ်သားဆန် ထုတ်ချင်လို့ပါ'

'ထုတ်လေ၊ ရသားပဲ။ မောင်လှဦးရေ··ပြေစာ ရေးပေးလိုက်ပါကွာ'

'မဟုတ်ဘူး ဆရာ၊ ကျွန်တော်တို့လိုချင်တာ ဆန်ဖြူ မဟုတ်ပါဘူး။ ဆန်ဝါကို လိုချင်တာပါ။ ဒါကြောင့် ဆရာ့ကို လာတွေ့တာပါ။ ဆန်ဝါက အချက်ခံတယ်။ အိုးတက်တယ်ဆရာ။ ကျွန်တော်တို့က မိသားစုများပြီး စားအိုးကကြီးတော့ အိုးတက်တဲ့ဆန်ကို လိုချင်လို့ပါ'

ကျွန်ုပ်မှာ အံ့အားသင့်သွားပါသည်။ ဆန်ဝါများကို ဖြန့်ဖြူးစဉ်က ရှေ့မျက်နှာ နောက်ထားကာ မျက်နှာပူပူဖြင့် ဖြန့်ဖြူးပေးခဲ့ရသည်။ ယခု ထိုဆန်ဝါများ ကုန်သွားတော့မှ ဆန်ဝါလိုချင်သူများ ပေါ်လာခဲ့သည်။

'အဲဒါတော့ ဝမ်းနည်းပါတယ်ဗျာ။ ဆန်ဝါတွေက ဖြန့်ဖြူးလို့ ကုန်သွားပါပြီ'

ဖုဋ္ဌသ လောကဓမ္မေဟိဂါထာသည် ဤမျှအကျိုးပေးပါကြောင်း တင်ပြလိုက်ရပါသည်။

**မင်းသန့်ကျော်(ဖိုးကုန်း)**

*မှတ်ချက်* * *ကျုံပျော်မြို့နယ်တွင် ကျွန်ုပ် တာဝန်ကျစဉ်က လက်ထောက် တိုင်းမန်နေဂျာတာဝန် ထမ်းဆောင်ခဲ့သော ဗိုလ်ကြီးစိန်ထွန်းအား အမှတ်တရ။*


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

**ဆရာကြီးအရဟံဆရာအောင်**

အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

**မော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဒွန်ပါ။ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု**

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆




www.burmeseclassic.com

www.burmeseclassic.com



အာဖရိကလော်ကီပညာတွင် ဗူးဒူး(Voo Doo) သည် ရုပ်နာမ်လောကဖြင့် အထူးခြားဆုံး စုန်းပြုစား တိုက်ခိုက်ပုံ အကြောင်းကို ဂမ္ဘီရမဂ္ဂဇင်း၊ အမှတ် (၂၄၉)၊ (၂၀၁၆)ခုနှစ်၊ ဧပြီလထုတ်ထဲတွင်လည်း စာရေးသူအနေဖြင့် နိဒါန်းပျိုး တင်ပြခဲ့ဖူးပါသည်။ ယခု တင်ပြပေးမည့် ဇာတ်လမ်းသည် မျက်နှာဖြူခရိုင်ဝန် သိချင်သော တရားခံကို နတ်ဆရာ အဘိုးအိုက မှော်ပဥ္စလက် အမှုစစ်နည်းဖြင့် တရားခံ ဖော်ထုတ်ပေးသော ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရဇာတ်လမ်းပင် ဖြစ်သည်။

တစ်ချိန်က ကျော်ကြားခဲ့သော လောကီပညာသုတေသီစာရေးဆရာကြီး ဒဲနစ္စဝှက်တလေ (DENNIS WHA-TELEY) ၏ အဆိုအရ ဂမ္ဘီရသိပ္ပ(OCCULTART) တွင် အဖြူရောင် အထက်လမ်းဂိုဏ်းနှင့် အမည်းရောင် အောက်လမ်းဂိုဏ်းဟူ၍ ခွဲခြားသတ်မှတ်ထားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဖြိုးကျော့မြ

## အာဖရိကတိုက်က မှော်ပညာလက်အမှုစစ်နည်း



အထက်ဂိုဏ်း ဂန္ဓာရီသိပ္ပ (သို့မဟုတ်) အဖြူရောင် လောကီပညာ(THE WHITE MAGIC) ဟူသော ပရလောကနှင့် ဆက်သွယ်၍ ရရှိသော သဘာဝလွန်စွမ်းအင် (SUPER NATURAL POWER) ကို ကိုယ်ကျိုးအတွက် မဟုတ်ဘဲ လောကီလူသား ကောင်းကျိုးအတွက် အသုံးပြုခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အမည်းရောင် လောကီပညာ(THE BLACK MAGIC) ဟူသည် ယုတ်ညံ့သော အတ္တကိုယ်ကျိုးနှင့်ယှဉ်လျက် လောကီလူသားတို့၏ ဆိုးကျိုးကို ဖန်တီးလုပ်ဆောင်ခြင်းဟု ဖွင့်ဆိုထားသည်။

မကောင်းဆိုးဝါးများနှင့် ဆက်သွယ်၍ အောက်တန်းကျပြီး အစီအရင်များ ပြုလုပ်သော အောက်လမ်းအတတ်များမှာ ခရစ်တော်မပေါ်မီကာလ ဘာဘီလုံမြို့ပြယဉ်ကျေးမှုခေတ်၌ပင် တွေ့ရှိခဲ့ရသည်။ အလယ်ခေတ်တွင် ဥရောပတိုက်၌ စုန်းကဝေများကို မီးရှို့၍ နှိမ်နင်းခဲ့ဖူးသည်။ ခရစ်နှစ်(၉၂၄)ခုနှစ်တွင်လည်း အင်္ဂလန်၌ နန်းတက်သော ဘုရင် အေသဲလ်စတန် လက်ထက်၌ အပြစ်ပေးခဲ့ဖူးသည်။

ဤကွန်ဂိုဒေသမှာလည်း ဗြိတိသျှပိုင် ကိုလိုနီကျွန်းဖြစ်ခဲ့ဖူးသော အချိန်ကာလလောက်ကဖြစ်သည်။ ဒေသခံတိုင်းရင်းသား ကပ္ပလီများမှာ ဘိုးစဉ်ဘောင်ဆက် ယုံကြည်စွဲမှတ်ထားသော ဗူးဒူး (ခေါ်) မှော်အတတ်ပညာကို ယုံကြည်လက်ခံနေမြဲပင် ဖြစ်သည်။

တစ်နေ့တွင် အောက်လမ်းဂိုဏ်းသားများက လုပ်ကြံလိုက်သဖြင့် ဒေသခံကျွန်းသားတစ်ယောက် သေဆုံးမှုဖြစ်သွားသည်။ သို့သော် မျက်မြင်သက်သေ ထွက်ဆိုမည့်သူ တစ်ဦးမျှမရှိ ဖြစ်နေသည်။

ထို့ကြောင့် မျက်နှာဖြူ ခရိုင်ဝန်မှာ ဒေါသထွက်နေလေသည်။ အမျိုးမျိုးမေးခဲ့သော်လည်း မသိဘူးဟုသာ ဖြေနေကြသည်။

'ဒေသခံ လူတွေက သိပ်ကြောက်နေကြပါတယ် သခင်'

www.burmeseclassic.com

အသားမည်းမည်း အာဖရိကလူမျိုး ရဲတပ်ကြပ်ကြီး အမ်ဝီနီမှ သတင်းပို့နေခြင်း ဖြစ်သည်။ သတင်းပို့ခြင်းကို ခံယူနေသည့် မျက်နှာဖြူခရိုင်ဝန်မှာ စခန်းရှေ့ ဝရန်တာ စွန်းသို့ ထွက်ရပ်လိုက်၏။ ဝရန်တာသည် တောင်ကမူ စွန်းပေါ်တွင် ရှိနေသည်။ အောက်ပိုင်း၌ တသွင်သွင် စီးဆင်းနေသော တောင်ကျစမ်းရေသံကို ကြားနေရသည်။ လဏ်ဆတ်သော လေများက တဖြူးဖြူး တိုက်ခတ်နေပြန်သည်။

ခရိုင်ဝန်က ချောင်းတစ်ဖက်ကမ်းရှိ မြေညီပေါ်တွင် ဟိုတစ်စု သည်တစ်စုနှင့် ပုရွက်ဆိတ်အုံတွေလို တည်ရှိနေကြသော တိုင်းရင်းသားလူမည်းတို့တဲများကို လှမ်းမျှော်ကြည့်လိုက်သည်။ စိတ်မကြည်လင်စွာနှင့် ဖြစ်သည်။

တကယ်တော့လည်း ခရိုင်ဝန်သည် ဤနယ်မြေသို့ ပြောင်းရွှေ့လာသည်မှာ မကြာသေးချေ။ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသကဲ့သို့ ခေါင်းကိုက်ဖွယ်ရာသော အောက်လမ်းပညာနှင့် လုပ်ကြံခဲ့သော အမှုအခင်းတစ်ခုနှင့် ကြုံနေရသည်။ သို့ဖြစ်၍ ခရိုင်ဝန်သည် ရဲတပ်ကြပ်ကြီးဘက်လှည့်ကာ မေးခွန်းထုတ်လိုက်ပြန်သည်။

'နေပါဦးကွ၊ ဒီအမှုဖော်ပေးသူကို ဆုငွေပေးမယ်ဆိုရင်ကောကွာ'

'စိတ်ဝင်စားမှာ မဟုတ်ဘူး။ သူတို့က မှော်ပဉ္စလက်ပညာဆိုရင် သိပ်ကြောက်တတ်ကြပါတယ် သခင်'

ရဲတပ်ကြပ်ကြီး အမ်ဝီနီသည် ကျယ်ပြန့်တုတ်ခိုင်သော ရင်ဘတ်ကိုကော့၍ မည်းနက်ကြီးမားသော ခြေဖဝါး နှစ်ဖက်ကို ကိုးဆယ်ဒီဂရီထားကာ စမတ်ကျကျ သတင်းပို့နေခြင်းဖြစ်သည်။ သို့သော် စောစောက စကားအတိုင်းပင် ပြန်ကြားလိုက်ရပါသည်။ ဤဒေသတွင် စုန်း၊ ကဝေ၊ မှော်အတတ် စသည်တို့က ဩဇာပျံ့နှံ့၍ လွှမ်းမိုးထားဆဲ အနေအထားဟု တွက်ဆရသည်။

ဥပဒေက အတိအလင်း နှိပ်ကွပ်နေသည့်တိုင်အောင် ယနေ့အထိ မှော်ပဉ္စလက်အလုပ်မျိုး၊ အခမ်းအနားမျိုးကို တိတ်တဆိတ် လျှို့ဝှက်စွာ လုပ်ဆောင်နေဆဲဖြစ်သည်။ ဤကိစ္စကို ဖော်ထုတ်နှိပ်ကွပ်ရန်အရေးမှာ ထင်သလောက် မလွယ်ကူလှသဖြင့် ခရိုင်ဝန်မှာ စိတ်အနှောင့်အယှက်ဖြစ်နေရရှာသည်။ အခြေအနေ အကျိုးအကြောင်း ထူးမလာ၍ သက်ပြင်းကို ကြိတ်ချရာမှ တပ်ကြပ်ကြီးကို ပြန်လည်ပြောလိုက်၏။

'အေး··ဒါဖြင့်လည်း ပြီးရော၊ မင်း သွားနိုင်ပြီ'

ရဲတပ်ကြပ်ကြီးသည် သတိအနေအထားဖြင့် ပြန်ရပ်၍ စမတ်ကျကျ အလေးပြုလိုက်ပြန်သည်။ ပြီးမှ စနစ်တကျ လှည့်ထွက်သွားခဲ့ပါသည်။ ရဲတပ်ကြပ်ကြီးမှာ ခြေနင်းဖိနပ် မပါရှာချေ။ ဗလာသက်သက်သော သူ့ခြေထောက်နှင့် ကြမ်းပြင်ထိတွေ့သံသည် ခပ်မှန်မှန် ပေါ်ထွက်ရင်း တဖြည်းဖြည်း ဝေးကွာသွားခဲ့သည်။

ဆက်လက်၍ ခရိုင်ဝန်သည် ချောင်းကိုဖြတ်၍ အာဖရိက တိုင်းရင်းသားတဲများဆီသို့ ဆက်လက်မျှော်ကြည့်လျက်ပင် ရှိပါသည်။ တောင်ကျချောင်းထဲမှ ရေမြင်းကြီးတစ်ကောင်၏ မာန်ဖီသံကြောင့် အတွေးမှ ဆတ်ခနဲ ရုန်းကန်ထွက်လိုက်ရသည်။ ပြီးမှ လောလောဆယ် သူရင်ဆိုင်နေရသည့် နယ်မြေပြဿနာကို ဦးတည်ချက်ထား၍ စဉ်းစားရပါလေသည်။

ယခုတလော မှော်အတတ်ပညာနှင့်ယှဉ်သော အခမ်းအနားသဘင်များတွင် ယစ်ပူဇော်သည့်သဘောဖြင့် သတ်ဖြတ်သည့်အမှုများ ဤအာဖရိကတိုက် နယ်မြေတွင် ထ… တလဲလဲ ပေါ်ပေါက်လျက်ရှိလေသည်။ သာမန်ရိုးရိုးသား… သား သတ်ဖြတ်မှုမျိုးကို စုံစမ်းဖော်ထုတ်ရသည်မှာ ဘာမျှ… မခက်ခဲလှပေ။ ရိုးသားသောတိုင်းရင်းသားတို့သည် ဟုတ်… မှန်ရာကိုသာ သက်သေထွက်ကြ၊ အစစ်ခံကြသည်… မကြာမီပင် တရားခံကို ဖမ်းဆီးနိုင်သည်သာ ဖြစ်ပါ…

ယခုတော့ကား သည်လို မဟုတ်ပေ။ လူတိုင်း… တိုင်းပင် ကြောက်စိတ်လွှမ်းကဲကာ ရေငုံနှုတ်ပိတ်နေ… လေတော့သည်။ ခက်သည်က ယခင့်ယခင် ကာလ… ကကဲ့သို့ တိုင်းရင်းသားများအပေါ်တွင် ရက်စက်ကြ… ကြုတ်သော နိုင်လိုမင်းထက် နည်းပရိယာယ်မျိုးသုံး… မဖြစ်ခြင်းတည်း။ သို့ဖြင့် (၁၀)ရက်မျှကုန်လွန်ခဲ့ပြီ။ ခရို… ဝန်ကြီးနှင့် ပုလိပ်အဖွဲ့မှာ ဘာမျှထူးထူးခြားခြား မ… ထုတ်နိုင်ခဲ့ချေ။ အသတ်ခံရသူမှာ ကာစန်ဇာအုပ်စုမှ … မည်းတိုင်းရင်းသား ဂျွန်နသန်ကလာမို ဆိုသူဖြစ်ကြော… မျှသာ ဖော်ထုတ်နိုင်သေးသည်။

နောက်တစ်ချက်မှာ သေသူသည် လျှို့ဝှက်… အတတ်ပညာ အဖွဲ့အစည်းတစ်ခုနှင့် ပတ်သက်နေကြော… ကောလာဟလ ထွက်ပေါ်နေပြန်သည်။ …ဒူးဝါဒကို…

www.burmeseclassic.com

www.burmeseclassic.com

ကြည်သူများ တီးတိုးထင်ကြေးပေးခြင်းသာ ဖြစ်သည်။ ထိုသို့သော လျှို့ဝှက်မှော်အဖွဲ့အစည်းနှင့် စပ်လျဉ်း၍လည်း အာကိုမျှ ရေရေရာရာ တိတိပပ လေ့လာ၍မရချေ။ လူ အကာက ထိုအဖွဲ့ကို အထိတ်အလန့်နှင့် ကြောက်ရွံ့တုန် လှုပ်နေခြင်းသာလျှင် ခန့်မှန်းနိုင်ပေသည်။ တာဝန်ရှိသူ ခရိုင်ဝန်အနေဖြင့် ဟိုကတစ်စ၊ သည်ကတစ်စ ဆိုသလို စုဆောင်းဆက်စပ်ယူခြင်းအားဖြင့် ယုတ်မာသော၊ ထိတ်လန့်ဖွယ်သော၊ ကြောက်ခမန်းလိလိ ဖြစ်စရာကောင်းသော ပုံသဏ္ဌာန် ပေါ်လာရချေသည်။

ယင်းလျှို့ဝှက်ဂိုဏ်း၏ အရှိန်အဝါသည် နယ်ခံနတ်ဆရာအိုဖြစ်သော မမ်ဘိုမွာတာဆိုသူ ဩဇာနှင့် စွမ်းအင်ကို ထိပါးချင်သလိုလို ဖြစ်လာရချေသည်။ ၎င်းနယ်ခံနတ်ဆရာ အိုက ခရိုင်ဝန်ကို အရိပ်အမြွက်မျှလောက်တော့ အာဖရိက မှော်ဆရာတို့၏ လုပ်ထုံးလုပ်နည်းများကို ညွှန်းဆိုပြဖူး၏။ သူတို့ မှော်ဆရာတို့က လူသေအလောင်းကို အစိတ်စိတ်အမြွာမြွာ ခုတ်ဖွဲ့၍လည်းကောင်း၊ ခြေသလုံးရိုးကို ရိုက်ချိုးယူ၍လည်းကောင်း၊ သည့်ထက်ကြောက်မက်ဖွယ်ကောင်းသော နည်းလမ်းတို့ကို သုံး၍လည်းကောင်း ဆေးဝါးစီရင်တတ်ကြကြောင်းများ ဖြစ်သည်။

သို့ရာတွင် ပြောပြသည့် နတ်ဆရာအိုကြီးမှာ အချိန်ပြည့်လောက် သေရည်မူးနေတတ်သူဖြစ်သည်။ သူ့စကားမှာ အဖြီးအဖြန်းတွေလား၊ အစစ်အမှန်တွေလားဟူ၍ ခွဲခြားရ ခက်လှပြန်သည်။ တစ်ခုတော့ရှိသည်။ ယခု သတ်ဖြတ်မှုမျိုးနှင့်ပတ်သက်၍ လျှို့ဝှက်မှော်ပဥ္စလက် အမည်းရောင်ဂိုဏ်း၏ ပယောဂပါကြောင်းနှင့် ထိုအဖွဲ့က သူတို့သည် သေခြင်းတရားကို ဟန့်တား၍ လူဖြူတို့အပေါ်တွင် လွှမ်းမိုးနိုင်သော အစွမ်းသတ္တိမျိုး ပေးစွမ်းမည်ဖြစ်ကြောင်း အာတိပေး သိမ်းသွင်းနေသည်ဟု နတ်ဆရာအိုက ထုတ်ဖော်ပြောဆိုခဲ့သည်မှာ ယုံနိုင်စရာရှိသည်။

လူမည်းအာဖရိက တိုင်းရင်းသားတို့သည် သူတို့ကို စိုးမိုးအုပ်ချုပ်နေသော လူဖြူများကို ရန်သူသဖွယ် အမြဲတမ်း သဘောထားတတ်ကြ၏။ ခရိုင်ဝန်သည် ခပ်လှမ်းလှမ်းဆီမှ တောင်ကုန်းနိမ့်နိမ့် တဲတန်းကို လှမ်းမျှော်ကြည့်လိုက်မိသည်။ ထိုအရပ်သည် ရှေးဟောင်းနတ်ဘုရားများကို ယုံကြည်ကိုးကွယ်မှု ပြင်းထန်သည့် ကွန်ဂိုဒေသဖြစ်သည်။ ထိုကမှတစ်ဆင့် နယ်မြေတစ်ခုလုံး ရှေးဟောင်းယုံကြည်မှု၊ ကိုးကွယ်မှုများ ပျံ့နှံ့စိမ့်ဝင်လာစေသည်။

ရှေးဟောင်းမှော်အစွမ်းဝါဒကို လက်ခံသူများထဲတွင် ခရိုင်ဝန်အနီးအနားရှိ အိမ်စေထဲမှ ဘူတာလီဘင်း ဆိုသူလည်း တစ်ယောက်အပါအဝင် ဖြစ်လိမ့်မည်ဟု သံသယဖြစ်နေမိသည်။ ခရိုင်ဝန်မှာ ရပ်နေလျက်နှင့် ပတ်ဝန်းကျင်အနေအထားကို အကဲခတ် စောင့်ကြည့်နေသူပီပီ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်သည်။ စားဖိုဆောင်အုပ်ဖြစ်သူ စီလူလူးလီကွာနီ အမည်ရှိ အာဖရိကဇိုက်သားလူမည်းကြီးက ပြုံးဖြီးဖြီးနှင့် ရပ်နေလေသည်။

"အားလုံး အဆင်သင့်ဖြစ်ပါပြီ သခင်"

စီလူလူးက အစီရင်ခံလိုက်လေသည်။ သူသည် ဇူးလူးအနွယ်ဝင်ဖြစ်ပြီး အရိုးအဆစ်ကြီးမား၍ လူကောင်ထွားလှသည်။ သူသည် ခရိုင်ဝန်နှင့်အတူ အနေကြာပြီဖြစ်ကာ တောင်ပိုင်းဒေသမှ ဤဒေသအထိ အတူတကွလိုက်ပါလာသူဖြစ်၍ ယုံကြည်စိတ်ချရသော လူယုံတစ်ယောက်ဟု ယူဆထားသည်။

စီလူလူးသည် အရောင်မျိုးစုံစပ်ထားသော ရှပ်အင်္ကျီနှင့် ဘောင်းဘီတိုအဖြူကို ဝတ်ဆင်ထားလေသည်။ ခရိုင်ဝန်က စကားအနည်းငယ်ပြောပြီးနောက် စီလူလူးနှင့်အတူ မီးဖိုခန်းဘက်သို့ လိုက်ပါလာခဲ့၏။ သည်နေ့ မနက်မှာ ထုံးစံအတိုင်း တစ်ပတ်တစ်ခါ မီးဖိုခန်းကို စစ်ဆေးရမည့် နံနက်ခင်းအချိန် ဖြစ်သည်။

ထုံးစံအတိုင်းပင် မီးဖိုချောင်တစ်ခုလုံးရော ခြံဝင်းထဲတွင် ဘိုတဲနှင့် ကပ်ဆောက်ထားသော အစေခံတန်းလျားတစ်ခုလုံးပါ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် နေသားတကျ ရှိနေလေသည်။ ခရိုင်ဝန်မှာ အတော်ကလေး စိတ်ကျေနပ်သွား၏။

သို့သော် ရဲစခန်းသို့မသွားမီ နောက်ဆုံးစစ်ဆေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ရေခဲသေတ္တာတံခါးကို ဖွင့်ကြည့်လိုက်လေသည်။ ထိုခဏမှာပင် ခရိုင်ဝန်သည် ရှုံ့ရှာလွန်းပြီး အာမေဍိတ်သင့်သည့်အနေဖြင့် အိုးမိုင်ဂေါ့ဟု အသံထွက်သွားသည်။ အလွန်ထူးဆန်းအံ့ဖွယ်ရာတို့ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မြင်ရပုံမှာ ခရိုင်ဝန်အတွက် နေ့လယ်စာအဖြစ် ထားရှိသော ကြက်သားဟင်းပန်းကန် အလယ်တည့်တည့်တွင် ဆံပင်ခြည်တွေများ၊ လူအရိုးအဆစ်များနှင့် အခြားသတ္တ



www.burmeseclassic.com

www.burmeseclassic.com

ဖွယ်ရာများကို ထည့်ထားလျက်ရှိသောကြောင့် ဖြစ်လေသည်။ ဤအခြင်းအရာသည် ဆေးစီရင်သည့် အာဖရိကလူမည်းတို့၏ နည်းလမ်းပင် ဖြစ်တော့သည်။

'ဒါ ဘာသဘောလဲဟေ့'

ခရိုင်ဝန်က လက်ဖြင့် ညွှန်ပြရင်း မေးလိုက်သည်။ စီလူလူးမှာ မျက်စိမျက်နှာပျက်၍ အသားများ တဆတ်ဆတ် တုန်ယင်နေရှာသည်။ ပါးစပ်မှာလည်း ထစ်ထစ်ငေါ့ငေါ့ဖြင့် 'ကျ··ကျွန်တော် ဘာမှမသိပါဘူး သခင်'ဟု ငြင်းဆိုနေပြန်သည်။

ခရိုင်ဝန်က သဘောပေါက်လိုက်သည်။ ဗူးဒူးခေါ် မှော်အတတ်ဖြင့် စီရင်ထားသော ပစ္စည်းများကို သေချာစွာ ငုံ့ကြည့်၍ စစ်ဆေးလိုက်ပါသည်။

'စီလူလူး··မင်း မီးဖိုချောင်ထဲက ဒီကနေ့ မနက်မှာ ထွက်လာတာ ဘယ်လောက်ကြာပြီလဲကွ'

'မကြာဘူး သခင်။ သခင့်ဆီ လာပြောတာပဲ ရှိပါတယ်။ နှစ်မိနစ်၊ သုံးမိနစ်ပဲ ရှိပါလိမ့်မယ်'

သည်အတိုင်းဆိုလျှင် ထိုအစီအရင်ပြုလုပ်ထားသော ပစ္စည်းများသည် သူတို့ ဝရန်တာတွင် ရှိနေခိုက် ရေခဲသေတ္တာထဲသို့ တစ်စုံတစ်ယောက်က တိတ်တဆိတ် ဝင်ထားသွားခြင်းပင် ဖြစ်ရပေမည်။ လူယုံဟု သတ်မှတ်ထားသော စီလူလူး အကြောက်လွန်နေသည်မှာ ထင်ရှားသိသာလွန်းသည်။ သူက ဤကဲ့သို့ မှော်အတတ်ဖြင့် ဆေးစီရင်ခြင်းက စားသုံးမိသူကို ဘေးဥပဒ်ရာယ်နှင့် ဆုံတွေ့စေရန် ရည်ရွယ်ကြောင်း အဆိုပြုခဲ့ပေသည်။

ခရိုင်ဝန်က စဉ်းစားလေသည်။ စီလူလူး ပြောသည့်အတိုင်းဆိုပါလျှင် ဤကိစ္စ၌ သူစားသောက်ရန် ပြင်ဆင်



ထားသော နေ့လယ်စာ ဟင်းခွက်များထဲတွင် ထည့်ထား လေသဖြင့် မှော်ပညာဖြင့် စီရင်မှုက သူ့ကို ရည်ရွယ်ကြောင်း ထင်ရှားနေလေပြီ။ ဆက်လက်တွေးကြည့်လျှင်လည်း သူ့အား ခြိမ်းခြောက်သည့် လက္ခဏာမျိုးဟုလည်း ဆိုနိုင်သည်။ ခံပြင်းသည့်စိတ်တွေ တင်းမာလာပြီး ခပ်ဆတ်ဆတ် ညွှန်ကြားလိုက်တော့သည်။

'သွားစမ်း··အားလုံးရှိသမျှ အမှုထမ်းတွေကို ခေါ်ခဲ့'

'ဟုတ်ကဲ့သခင်၊ ဒါပေမဲ့ လီဘင်းတစ်ယောက်တော့ မရှိပါဘူး'

ခရိုင်ဝန်က သူသိကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ၎င်းလီဘင်းဆိုသူ အမှုထမ်းသည် (၂)ရက်ခရီး သွားရသော ရွာရိုးလူကြီးထံသို့ သတင်းစကားပါးရန် စေခိုင်းထားခြင်းကြောင့် ဖြစ်သည်။

'အမှုထမ်းလီဘင်း ခရီးသွားနေသည်း ကျန်တဲ့လူတွေကို ရုံးခန်းရှေ့ဝရန်တာမှာ စုထားချေ'ဟု ခရိုင်ဝန်က ခိုင်းလိုက်သည်။

တစ်ယောက်ချင်း စစ်မေးစေကာမူ ခရိုင်ဝန်အတွက် မည်သို့မျှ အကြောင်းမထူးခဲ့ချေ။ ဒေသခံ တိုင်းရင်းသား အမှုထမ်းတိုင်း ဤမှော်စီရင်မှုကြောင့် အလွန်အမင်း ထိတ်လန့်နေကြသည်။ လူတိုင်းကပင် အယူသီးသော အတိတ်နိမိတ်ဖြစ်ကြောင်း ပြောနေကြသည်။

အရာမရောက်တော့သဖြင့် အမှုထမ်းအားလုံးကို ပြန်လွှတ်လိုက်ရသည်။ လူယုံတော်ဖြစ်သူ စီလူလူးက ရုံးခန်းတွင်းသို့ ဝင်ရောက်လာပြီးနောက် မပြောဝံ့ပြောဝံ့နှင့် အဆိုပြုလာလေသည်။

ဒီကိစ္စမျိုးကို မှော်ဆရာကြီး မန်ဘိုဆိုရင် တရားခံကို ဖော်ပေးနိုင်စွမ်း ရှိပါလိမ့်မယ်ဟု ပြောလိုက်သဖြင့် ခရိုင်ဝန် အသံထွက် ရယ်လိုက်မိသည်။ ရေမြေ့ရှင်ဘုရင်မကို ကိုယ်စားပြု၍ ဤဒေသသို့ လာရောက်အုပ်ချုပ်နေရသူ အနေဖြင့် အာဖရိကတိုက်သား မှော်ဆရာတစ်ယောက်ကို အကူအညီယူ၍ ဖော်ထုတ်ခြင်းမှာ မဖြစ်စကောင်းချေ။ ထို့ကြောင့် လူယုံတော် စီလူလူးအား ပြန်လွှတ်လိုက်ရသည်။ ၎င်းပြန်ထွက်သွားမှ အကြောင်းအချက်ကို ကြိုတင်လက်ခံရမလို ဖြစ်ခဲ့ရသည်။ အခြားတော့ မဟုတ်။ မှော်ဆရာအိုကြီး မန်ဘိုကား လူဖြူတို့နားသို့ မရောက်နိုင်သည့် နယ်ခံသတင်းစကားများကို ကြားနိုင်၊ သိနိုင်စွမ်း ရှိခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါ၏။ တစ်ခါတစ်ရံ ယုံကြည်ရန်၊ ရှင်းပြရန် ခက်ခဲသော အလုပ်မျိုးကို လုပ်ဆောင်ပြနိုင်စွမ်း ရှိခဲ့ကြောင်း ဝန်ခံရပေမည်။

တစ်ကြိမ်က ခရိုင်ဝန်ပိုင် မြင်းတစ်ကောင် ပျောက်သွားခဲ့ဖူးသည်။ ရက်အတန်ကြာ ရှာဖွေသော်လည်း မတွေ့ချေ။ နောက်ဆုံး ခပ်ရှက်ရှက်နှင့်ပင် မှော်ဆရာကြီးမန်ဘိုထံသို့ အကူအညီတောင်းရသည်။ မှော်ဆရာအဘိုးအိုသည် တွက်ချက်ကြည့်ပြီးနောက် ဟောကိန်းထုတ်ခဲ့သည်။ မှော်ဆရာ ပြောသည့်အတိုင်း ပြောသည့်နေရာမှာပင် မြင်းကို ပြန်လည်ရှာတွေ့ခဲ့သည်။

◆◆◆

ဤသို့ဖြင့် နှစ်ရက်မျှပင် အချိန်ကုန်သွားခဲ့သည်။ ခရိုင်ဝန်မှာ လူသတ်မှုနှင့်ပတ်သက်၍လည်းကောင်း၊ ဟင်းခွက်ထဲ မှော်အတတ်ဖြင့် ဆေးခတ်သူကိုလည်းကောင်း ဖော်ထုတ်နိုင်စွမ်း မရှိချေ။ ထိုနေ့ ညနေပိုင်းလောက်တွင် မှော်ဆရာအိုကြီး မန်ဘိုသည် ခရိုင်ဝန်၏ ဗိုလ်တဲရှိရာသို့ ရောက်လာသည်။ သူရောက်ရှိလာကြောင်းကို လူယုံတော်စီလူလူးမှ သတင်းပို့၏။

မှော်ဆရာကြီး ရောက်လာခြင်းမှာ သူ့ပယောဂ မပါကြောင်း လူယုံတော်စီလီလူးက ကြိုတင်အစီရင်ခံထားရသေးသည်။ ခရိုင်ဝန်က မဖိတ်ခေါ်ဘဲနှင့် ရောက်လာမှတော့ သူ့အနေဖြင့် ဝိနည်းလည်း လွတ်သည်။ ဤအခွင့်အရေးကိုယူ၍ လူသတ်မှုနှင့်ပတ်သက်သော အကြံဉာဏ်တောင်းခံလိုက်မည်ဟု အကြံပြုမိလေသည်။

သို့သော် မှော်ဆရာကြီးက လူသတ်မှုနှင့်ပတ်သက်၍လည်းကောင်း၊ မှော်ပဉ္စလက် အမည်းရောင်ဂိုဏ်းနှင့်ပတ်သက်၍လည်းကောင်း ခရိုင်ဝန်မေးသမျှကို သူသိသလောက် ပြောပြီးပြီဖြစ်ကြောင်း ရှင်းရှင်းပင် ပြန်ဖြေ၏။ သူခုလာခြင်းအကြောင်းမှာ ရေခဲသေတ္တာထဲ ဆေးအစီအရင် ပြုလုပ်ကြောင်း ကြားသိရသည်။ အကယ်၍ ခရိုင်ဝန်က လက်ဆောင်များ ဆုလာဘ်များပေးလျှင် ဖော်ထုတ်ပေးမည်။ သူသည် လူဖြူများ မလုပ်နိုင်သော အလုပ်မျိုးကို တတ်ကျွမ်းကြောင်း စသည်ဖြင့် စကားဆိုလာသည်။

ခရိုင်ဝန်မှလည်း သူသိလိုသည့် အဓိကအကြောင်းအရာ လူသတ်မှုကို လိုက်လျောပြောဆိုခြင်းမပြုဟုဆိုသောကြောင့် မှော်ဆရာကြီးကို ပြန်လွှတ်လိုက်၏။ ထို့အတွက် မှော်ဆရာအိုကြီးသည် စိတ်ပျက်ခြင်း၊ ခံပြင်းခြင်း အမူအရာမျိုး မပြဘဲ ပြုံးဖြီးဖြီးသာလုပ်နေရင်း ပြန်ထွက်သွားခဲ့လေသည်။

သို့သော် တံခါးဝရောက်မှ လူဖြူတို့ဟာ သူတို့အတွက် အထောက်အကူပြုနိုင်သော အရာများအတွက် တန်ဖိုးကောင်းစွာပေးတတ်ကြောင်း သူ နားလည်ပါတယ်ဟု လှို့ဝှက်ပဟေဠိဆန်သော စကားမျိုးကို ပြောသွားခဲ့သေးသည်။

◆◆◆

နောက်တစ်နေ့ မနက်စာ စားပြီးသည့်အချိန်လောက်တွင် ခရိုင်ဝန် ဗိုလ်တဲအိမ်ကြီးရှေ့ ခြံဝင်းထဲ၌ ထူးခြားသော ရုတ်ရုတ်သဲသဲ ဖြစ်မှုတစ်ခုကို ခရိုင်ဝန်ကိုယ်တိုင် သတိပြုခဲ့မိလေသည်။ ထို့ကြောင့် အိမ်ရှေ့ခန်းသို့ဝင်ကာ ပြတင်းပေါက်လိုက်ကာကွယ်ကြားမှ အပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။

ဤတွင်မှ မှော်ဆရာကြီး မန်ဘိုသည် သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းစစ်ဆေးမှုပြုရန် ပြင်ဆင်နေပုံကို မြင်တွေ့လိုက်ရသည်။ ယခုအခါ အဘိုးအိုသည် ယမန်နေ့ ညကကဲ့သို့ အဝတ်အစားမျိုး မဝတ်တော့ချေ။ တကယ့်မှော်ဆရာတို့၏ ဆင်ယင်ထုံးဖွဲ့မှုအတိုင်း ဆင်ယင်ထားခဲ့ပေသည်။ ခါးတွင် သားရေတစ်ခု ပတ်ချည်ထားသည်။ ထိုသားရေပြားအစွန်းတွင်တော့ မျောက်၏အမြီးများကို ပူးတွဲစီချုပ်ထားလေသည်။ တစ်ဖန် အရိုးများကို ခါးပတ်သဖွယ် ပြုလုပ်၍ စည်းနှောင်ရစ်ပတ်ထားပြန်သည်။

ထို့မျှမက လည်ပင်းတွင်လည်း မြွေအရှင်နှစ်ကောင်ကို ရစ်ပတ်ခွေထားသေးသည်။ လက်တစ်ဖက်တွင်မူ နှင်တံကလေးတစ်ခု ကိုင်ထားသည်။ ပထမတော့ ခရိုင်ဝန်သည် မှော်ဆရာကြီး အပြုအမူများကို ဟန့်တားရန် စိတ်အကြံ ဖြစ်မိသေးသည်။ သို့ပေမယ့် ထိုအကြံကို ရုပ်သိမ်းပစ်လိုက်သည်။ မသိလိုက်မသိဘာသာ ဟန်ဆောင်၍ ဒီအခမ်းအနားဌ် အဘယ်သို့သောအဖြစ်မျိုး ဖြစ်လာမည်ကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ယခုဆိုလျှင် မှော်ဆရာကြီး မန်ဘိုသည် ဗိုလ်တဲအိမ်ဝန်းအတွင်းရှိ အာဖရိကတိုင်းရင်းသား အလုပ်သမားအားလုံးကို စုရုံးခေါ်ယူထားပြီးဖြစ်၏။ ဤသည်မှာ မဆန်းလှချေ။ အာဖရိကတိုက်တွင် မှော်ဆရာဆိုလျှင် ဒေသတိုင်း

www.burmeseclassic.com

ရင်းသားများအပေါ် ဩဇာအာဏာညှောင်းလှသူ တစ်ဦးပင် ဖြစ်သည်။ ၎င်းမော်ဆရာကြီး မန်ဘိုသည် ခြံဝင်းထဲရှိ အလုပ်သမားအားလုံးကို ပန်းပဲသမားသုံး ဖားဖိုတစ်ခုရှေ့တွင် စီတန်းရပ်နေစေပါသည်။

ဖားဖိုထိပ်တွင်မူ မီးတောက်မီးခဲများမှာ အရှိန်ညီးညီး ပူလောင်တောက်ပလျက် ရှိလေသည်။ မော်ဆရာအိုကြီးသည် သူ့ခါးတွင် ပတ်ထားသော သားရေအိတ်တစ်လုံးထဲမှ ဓားတိုလေးတစ်ချောင်း ထုတ်ယူလိုက်၏။ လူအားလုံး မျက်စိများက ဓားသွားလက်လက်ပေါ်တွင် စူးစိုက်မိသည်အထိ ဓားကို လက်ထဲတွင်လှည့်နေလေသည်။ သည့်နောက်မှ သူသည် ဓားသွားကို မီးဖိုရဲရဲထဲသို့ ထိုးထည့်လိုက်လေသည်။

ထိုသို့ ဓားကိုဖုတ်ထားချိန်ဝယ် သူက မီးဖိုဘေးတွင် လှည့်ကာပတ်ကာ လက်မြှောက်လိုက်၊ ခြေမြှောက်လိုက်၊ ကိုယ်ယိမ်းလိုက်၊ ခေါင်းခါလိုက်နှင့်လုပ်ရင်း ဂါထာမန္တန်များ ရွတ်ဖတ်နေလေသည်။ လည်ပင်းတွင် ရစ်ပတ်ထားသော မြွေများကလည်း ပါးပျဉ်းထောင်ကာ ဟိုယိမ်းသည်ယိမ်းလိုက် လုပ်နေသည်မှာ အသည်းတယားယား ရင်တလှပ်လှပ် ဖြစ်စေသည်။

ဤအဖြစ်မြင်ကွင်းကို မမှိတ်မသုန် လိုက်ကြည့်နေရှာသော အာဖရိကတိုက် နီဂရိုး လူမည်းအလုပ်သမားတို့၏ မျက်နှာတွင် ချွေးစီးများပြန်ကာ ထိတ်လန့်တုန်လှုပ်ဟန် ပြနေကြရှာသည်။

မကြာမီ မော်ဆရာအိုကြီး မန်ဘိုသည် တန်းစီနေသော အလုပ်သမားများထဲမှ လက်ယာဘက်အစွန်ဆုံးတွင် ရပ်နေသော ဆိုလိုမွန်ကို အမိန့်ပေး ညွှန်ကြားသည့်ဟန်မျိုးဖြင့် လက်ငွေ့ယမ်း အချက်ပေးလိုက်လေသည်။ မော်ဆရာကြီးက မည်သို့မည်ပုံ ပြောဆိုအမိန့်ပေးစကားကိုတော့ အပေါ်မှ စောင့်ကြည့်နေသော ခရိုင်ဝန် မကြားလိုက်ရချေ။

သို့သော် ဆိုလိုမွန်သည် ထိတ်လန့်တုန်လှုပ်မှုဖြင့် ရှေ့ဆီသို့ တိုးထွက်လာသည်ကိုကား တွေ့မြင်လိုက်ရလေ၏။ ထိုအခါ မော်ဆရာအိုကြီးသည် မီးဖိုထဲမှ ဓားတိုလေးကို ထုတ်ယူလိုက်သည်။ ၎င်းဓားမှာ နီရဲသောအရောင်ပင် ဖြစ်လျက်ရှိ၏။ ထို့နောက် မော်ဆရာအိုသည် သူ့အရိုးခါးပတ်တွင် ချိတ်ဆွဲထားသော အထုပ်ကလေးတစ်ထုပ်ကို ဖြုတ်ယူကာ အထဲမှ ဖြူဖြူအမှုန့်များကို နီရဲပူလောင်နေသော ဓားသွားပေါ်သို့ ဖြူးပေးလိုက်လေသည်။

ပြီးတော့မှ ဓားသွားကို မြှောက်ပြကာ သူ့လျှာကို ထုတ်ပြ၏။ အဓိပ္ပာယ်မှာ ဓားသွားကို လျှာနှင့်လျက်ရ အချက်ပြသည့်ဟန်မျိုးပင် ဖြစ်လေသည်။ ဆိုလိုမွန်သည် တုန်လှုပ်သော အမူအရာဖြင့် စေခိုင်းသည့်အတိုင်း မလု ဘဲ နောက်သို့ တွန့်ဆုတ်၊တွန့်ဆုတ် လုပ်နေခဲ့လေသည် သို့ရာတွင် မော်ဆရာကြီးက ခြိမ်းခြောက်သွေးဆော လျက်ရှိ၏။ သူ့လည်ပင်းတွင် ရစ်ပတ်ထားသော မြွေများ ကလည်း သူ့စကားကို နားမထောင်လျှင် ပေါက်တော့မည့် ပုံသွင်ဖြင့် ပါးပျဉ်းတထောင်ထောင် မာန်တဖီဖီ လုပ် ပေးသည်။

ဆိုလိုမွန်သည် မီးဖုတ်ထားသော ဓားသွားနီနီရဲရဲ ထက် မော်ဆရာကြီး၏ ရုပ်သွင်အရှိန်အဝါကို ပိုမိုကြော ရွံ့ဟန် တူပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ဓားသွားမီးရဲရဲကို လျှာနှ ကုန်း၍ လျက်လိုက်လေသောကြောင့် ဖြစ်သည်။ အံ့ဩ ဖွယ် ကောင်းသည်မှာ ဆိုလွန်မွန်သည် မည်သို့မျှ ထိခိုက် နာကျင်မှုကို မပြသခဲ့ခြင်းတည်း။

သို့ဖြစ်၍ ဆိုလိုမွန်သည် နဖူးနှင့် လည်ကုပ်မှ ချွေး များကို လက်ဝါးနှင့်သုတ်ရင်းက သူ့နေရာဆီသို့ ပြန်သွား ခဲ့၏။ တစ်ကိုယ်လုံး တုန်လှုပ်ဆဲရှိသည်ကလွဲ၍ စိုးစဉ်း မျှ ဒဏ်ရာအနာတရဖြစ်ဟန် မရှိခဲ့ပါချေ။ ခရိုင်ဝန် မော်ဆရာကြီး ဓားသွားတွင် သုတ်လိမ်းဖြူးထားသည့် ဆေးမှုန့်မှာ လူ၏ တံတွေးနှင့် ထိတွေ့သည့်အခါ အပူဒဏ် ကို ခံနိုင်စွမ်းအဖြစ်သို့ ရောက်သွားခြင်း ဖြစ်ပေလိမ့်မည် မိမိဘာသာ တွေးတောအင်ဖြေထုတ်ကြည့်၏။

မော်ဆရာကြီး မန်ဘိုသည် သူ့ဓားမြှောင် ဓားသွား မီးဖိုထဲဆီသို့ ပြန်လည်ထည့်ကာ ဖုတ်နေပြန်သည်။ ရဲ နီအောင် ပူသည့်အခါ ထပ်ထုတ်၍ ဆေးမှုန့်ဖြူးပေးလို သည်။ တစ်ဖန် မော်ဆရာကြီးမှာ သူ့စမ်းသပ်စစ်ဆေး ကို ပြုလုပ်ပြန်လေသည်။ ဤတစ်ကြိမ် အလှည့်ကျသူ ခရိုင်ဝန် လူဖြူ၏ လူယုံတော်ဖြစ်သူ စုလူလူး ဖြစ်သည် သူသည်လည်း ပထမအလှည့်ကျသူ ဆိုလိုမွန်ကဲ့သို့ မည်သို့မျှ ဒဏ်ရာအနာတရ မဖြစ်ဘဲ ချောမောစွာ ဓား ကို လျှာနှင့် လျက်နိုင်ခဲ့လေသည်။

ဤသို့ဖြင့် မော်ဆရာအိုကြီးသည် တန်းစီနေသူများ



www.burmeseclassic.com

www.burmeseclassic.com

ကို တစ်လှည့်စီ စစ်ဆေးသွားခဲ့လေသည်။ ပထမလူများ၏ အဖြစ်ကို မြင်သဖြင့် ကျန်လူများမှာ စောစောကလောက် ချောက်ချားကြတော့ဘဲ အစစ်ခံရဲလာခဲ့ကြသည်။ သို့ဖြင့် နောက်ဆုံးနှင့် ဆဋ္ဌမမြောက်သော သူ၏အလှည့်သို့ ရောက်သည့်အခါ ထိုသူသည် လျှာနှင့် ဓားသွား ထိတွေ့မိသည်နှင့်တစ်ပြိုင်နက် အားပါးတရ အားဟု အော်ဟစ်လိုက်ပြီး လေထဲသို့ ပစ်ခုန်လိုက်သည်။

မြေပေါ်သို့ ဖုန်းခနဲ ပြန်ကျသည့်အခါ၌လည်း ပါးစပ်ကို လက်ဝါးနှင့်ပွတ်သပ်ရင်း လူးလှိမ့်နေရှာသည်။ မော်ဆရာကြီးမန်ဘိုသည် ဓားကို မြေကြီးပေါ် ပစ်ချလိုက်ပြီး နောက် လျှာပူလောင်နေသူကို ခပ်ကြမ်းကြမ်း တွန်းထိုးကာ တန်းပြန်စီစေခဲ့သည်။

'ကဲ..လူဖြူသခင်၊ ကျုပ် ဒီနေ့ ဒီအချိန်မှာ အပြစ်ရှိတဲ့ တရားခံအစစ်ကို ဖော်ထုတ်လိုက်ပါပြီ။ ဘယ်သူမှ ငြင်းကွယ်လို့ မရပါဘူး'ဟူ၍ ဗိုလ်တဲအိမ်ကြီးဘက်သို့ လှည့်၍ အောင်မြင်ဝံ့ကြွားသောအသံဖြင့် ကျယ်လောင်စွာ အော်ဟစ်ပြောဆိုလိုက်ပါသည်။

ထိုအခါ ခရိုင်ဝန်သည် သူ၏ အံ့သြတကြီးဖြစ်မှုကို ဟန်ဆောင်ဖုံးကွယ်ကာ ဗိုလ်တဲအိမ်ကြီးရှေ့ဆီသို့ ခပ်တည်တည်နှင့် ထွက်လာ၍ ကြည့်ရလေသည်။

သည်တော့မှပင် အပူလောင်သောလျှာကို တစ်လစ်ထုတ်ရင်း ဝေဒနာခံစားနေရသူမှာ လီဘင်းဆိုသူ အာဖရိကတိုင်းရင်းသား အမှုထမ်းဖြစ်ကြောင်း တွေ့လိုက်ရလေတော့သည်။ ကျန်လူများမှာ ပကတိအေးချမ်းစွာဖြင့် သက်သောင့်သက်သာ ရပ်နေကြသည်ကို မြင်တွေ့ရ၏။

ခရိုင်ဝန်ကြီး ရင်ထဲမှ ကြိတ်အံ့သြမိရသော်လည်း ဣန္ဒြေဆည်ကာ ဆိုလိုမွန်ကို ဆေးမှူးသွားခေါ်ရန် စေလွှတ်လိုက်ရ၏။ မော်ဆရာအိုကြီးအား ခပ်ဆတ်ဆတ်ပြောဆို၍ နှင်ထုတ်လိုက်သဖြင့် တန်းစီနေရဆဲဖြစ်သော လူမည်းအိမ်အမှုထမ်းများမှာ အံ့သြကြောက်လန့်သွားဟန် ချက်နှာအမူအရာကို တွေ့မြင်လိုက်ရလေတော့၏။

အမှန်တွင် ခရိုင်ဝန်လူဖြူမှာ အတော်ကလေး စိတ်ရှုပ်ခြင်း ဖြစ်သွားရ၏။ အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် မည်သို့သော အရေးယူမှုမျိုး ပြုလုပ်ရမည်ကို ဝေခွဲနေရသည့်အတွက် ဖြစ်သည်။ မော်ဆရာအိုကြီးအနေဖြင့် သူ၏ ပဉ္စလက်နည်းဖြင့် အပြစ်ရှိသူ တရားခံကို ဖော်ထုတ်ပေးခြင်း ဖြစ်ပေလိမ့်မည်။ သို့ပေမယ့် ဤကဲ့သို့သော မော်အတတ်ဖြင့် ဖော်ထုတ်ပေးသူကို စွဲချက်တင်ဖို့ကိစ္စတွင်မူ ခေတ်မီတိုးတက်လျက်ရှိသော လူဖြူတို့ တရားဥပဒေအရ လွယ်ကူသောအလုပ် မဟုတ်ချေ။ ယင်းကိစ္စကို ခရိုင်ဝန်သည် ညနေပိုင်းအထိ အပြန်ပြန်အလှန်လှန် စဉ်းစားသုံးသပ်နေမိသည်။

ထိုစဉ်အခိုက်မှာပင် လူယုံတော် စီလူလူး ရောက်လာကာ မော်ဆရာအိုကြီးက တွေ့ဆုံခွင့်တောင်းနေကြောင်း ပြောလာလေသည်။ ယခုအခါတွင် မော်ဆရာအဘိုးကြီးသည် သူ့တွင်ရှိနေသော အကောင်းဆုံး အဝတ်အစားများဖြင့် ဝတ်စားဆင်ယင်လာလေ၏။ မော်ဆရာကြီးမှာ အောင်ပွဲရသူလို အားရကျေနပ်စွာ ပြုံးရယ်ရင်း ဦးညွှတ်အလေးပြုလေသည်။

'အို..လူဖြူသခင်၊ ကျုပ်ကို ဆုလာဘ်ပေးရအောင် စဉ်းစားဖို့ အချိန်ရောက်ပြီ ထင်ပါတယ်'

ခရိုင်ဝန်သည် မော်ဆရာကြီးကို ခပ်တင်းတင်း ပြန်ကြည့်၍ မေးခွန်းထုတ်လိုက်ပါသည်။

'ခင်ဗျား မနက်က ဘယ်လိုမျက်လှည့်ပြလိုက်တာလဲ အဘိုးကြီး'

'မျက်လှည့်မဟုတ်ပါဘူး သခင်။ အပြစ်ရှိတဲ့လူဟာ ဓားပူမှာကို ကြောက်တယ်။ ဒါကြောင့်လည်း သူ အပူလောင်တာပေါ့'

'အို..ဒီလီဘင်း ဆိုသူဟာ အမှုအခင်းဖြစ်တဲ့ အချိန်လောက်က မိုင်ပေါင်း(၅၀)လောက် ကွာတဲ့နေရာမှာ ရောက်နေတာပဲ။ သူ မဖြစ်နိုင်ပါဘူး။ ဒါလည်း ခင်ဗျား သိသားပဲ'





www.burmeseclassic.com

www.burmeseclassic.com

'မော်စားအပူဟာ အပြစ်မရှိတဲ့လူကို ဘယ်တော့မှ ဒုက္ခမပေးတတ်ပါဘူး သခင်။ ဒီအတွက် ကျုပ် အာမခံရဲရဲ ခံဝံ့ပါတယ်'

မော်ဆရာကြီးသည် အပြုံးမပျက်ဘဲ ခိုင်မာစွာ ပြန်လည်ဖြေကြားလိုက်ပါသည်။ မော်ဆရာကြီးအနေဖြင့် သူ့ပညာအပေါ် အလွန်ယုံကြည်ချက် ရှိနေပုံရပါသည်။ ထိုအခါ ခရိုင်ဝန်မှာ မည်သို့ပြုလုပ်ရမည်ကို ဝေခွဲမရအောင် ဖြစ်နေရလေသည်။

ခရိုင်ဝန်၏ ဒွိဟသံသယစိတ်ကို ရိပ်စားမိသွားပုံရသော မော်ဆရာကြီးသည် ပြုံးဖြီးဖြီးနှင့် ထပ်ပြောလိုက်ပါသည်။

'ဒီလိုဆိုလည်း လူဖြူသခင်အနေနဲ့ စောင့်ကြည့်ဦးပေါ့လေ။ အကျိုးထူးလာရင်သာ ကျုပ်ကို ဆုချပါ'

ဤသို့ပြောပြီးနောက် မော်ဆရာကြီးသည် ပြန်လည်ထွက်သွားခဲ့လေသည်။ အချိန်အားဖြင့် (၂)နာရီမျှအကြာတွင် ခရိုင်ဝန်၏ ရုံးခန်းတွင်းသို့ ရဲတပ်ကြပ်ကြီး အမ်ဝီနီဆိုသူ ဝင်လာသည်။ သူ၏ ကိုယ်ဟန်အနေအထားမှာ ယခင်အခါများထက်ပင် ပို၍တောင့်တင်းနေဟန် ရှိနေသည်။

ထုံးစံအတိုင်း သူသည် ပုံပန်းကျကျ အလေးပြုလိုက်လေသည်။

'ကဲ··ဆိုစမ်းဟေ့၊ ဘာကိစ္စ'

'ဟုတ်ကဲ့··ခရိုင်ဝန်ကြီး၊ တစ်နေ့က ဖြစ်ပွားခဲ့တဲ့ လူသတ်မှုကို ကျွန်တော်တို့ ဖော်ထုတ်မိပါပြီ သခင်။ အမှုပေါ်ပြီ'

ရဲတပ်ကြပ်ကြီး အမ်ဝီနီသည် ဝင့်ကြွားဂုဏ်ယူသောလေသံဖြင့် သတင်းပို့လိုက်ပါသည်။ ခရိုင်ဝန်သည် အံ့သြခြင်း ကြီးမားစွာဖြင့် ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်ပါ၏။ နှုတ်မှာလည်း ခပ်တိုးတိုးရေရွတ်လိုက်လေသည်။

'ဘာ··ဘာပြောတယ်၊ ဘယ်လိုသိလာရတာလဲ'

'ဟုတ်ပါတယ် သခင်၊ ဓားပူဟာ ဘယ်တော့မှ မလိမ်ပါဘူး။ သူကပဲ ဖော်ထုတ်ပေးလာတာပါ။ လီဘင်းဟာ တရားခံပါပဲ။ အပြစ်ရှိတဲ့လူပါပဲ။ ဒီမှာကြည့်ပါ သခင်။ ဒါဟာ သက်သေခံပစ္စည်းပါပဲ'

ရဲတပ်ကြပ်ကြီး အမ်ဝီနီသည် သူ၏ ကာကီဘောင်းဘီအိတ်ထဲမှ ကတ္တူဘူးကလေးတစ်ခုကို ထုတ်ယူကာ ခရိုင်ဝန်၏ ရှေ့ဆီသို့ ချပေးလိုက်လေသည်။ ခရိုင်ဝန်က ဘူးအဖုံးကို အသာဖွင့်ကြည့်လိုက်ပါ၏။ အထဲတွင် ငွေ အိတ်ဆောင်နာရီတစ်လုံး၊ အပေါ်စားပိုက်ဆံအိတ် တစ်ခု ကို တွေ့ရလေသည်။

ပိုက်ဆံအိတ်ထဲတွင် ယခင်က ငွေစများ ရှိကောင်း ရှိမည်ဖြစ်သော်လည်း ယခုကား လုံးဝမရှိတော့ချေ။ အခြားသော ပစ္စည်းပစ္စယများကိုလည်း တွေ့ရ၏။ သို့သော် တန်ဖိုးကား များများစားစား မရှိလှပေ။ ထိုပစ္စည်းများ ထဲတွင် ဟောင်းနွမ်းနေသော ဘုရင်မ၏ရုပ်ပုံလွှာ တစ်ခု ကိုပါ ထူးဆန်းစွာ တွေ့မြင်လိုက်ရလေသည်။

'ဒီပစ္စည်းတွေအားလုံးဟာ အသတ်ခံရသူ ဂျွန်နသန် ရဲ့ပစ္စည်း ဖြစ်ပါတယ်လို့ သူ့မိသားစုကလည်း သက်သေခံ ကြပါတယ် သခင်။ ဒီပစ္စည်းတွေကိုလည်း သူက မော်ဆရာကြီးရဲ့ အစမ်းသပ်ခံနေတုန်းမှာ လီဘင်းရဲ့ အခန်းက ရှာတွေ့လာခဲ့ပါတယ် သခင်။ သူ့ကို လူသတ်မှုနဲ့ စွဲချက် တင် ဖမ်းဆီးခွင့်ပေးပါ သခင်'

ခရိုင်ဝန်သည် အံ့သြခြင်းကြီးစွာ ဖြစ်ရပါလေသည်။ သို့သော် သူသည် ဒေါသထွက်သည့်ဟန်ဖြင့် ဖုံးကွယ်၍ အပြစ်တင်သောစကား ပြောဆိုလိုက်၏။

'ဘယ်လိုလဲကွ၊ မင်းက ငါ့ဆီက ရှာဖွေဖို့ အမိန့်မ ဘဲ ဒီလိုရှာလားဖွေလား လုပ်ရသလား'

'သခင်ကလည်း အလုပ်များနေပါတယ်။ လီဘင်းက လည်း သူ့အခန်းကို မကြာခင်ပြန်လာတော့မှာမို့ အချိန် မရတာနဲ့ အခုလို လုပ်လိုက်ရပါတယ်။ ပြီးတော့ သခင်ကို မပြောတာကလည်း မော်ဆရာကြီးက ပြောတယ်။ သခင် ဟာ ဓားပူနဲ့ စစ်ဆေးတာကိုလည်း မယုံကြည်ဘူးလို့ ပြောထားလို့ပါ'

ရဲတပ်ကြပ်ကြီး အမ်ဝီနီသည် သူ့ဆရာမျက်နှာကို မကြည့်ချေ။ ခပ်ဝေးဝေးဆီသို့ ပြတင်းပေါက်မှ လှမ်း မျှော်ရင်း ပြန်လည်ထုချေ ပြောဆိုနေလေသည်။ ထိုအခါ ခရိုင်ဝန်သည် သက်ပြင်းကို ခပ်လေးလေးချလိုက်ပါ၏။

'ယုံမလားကွ၊ မင်းမော်ဆရာ အဘိုးကြီးက လီဘင်း ဟာ ရေခဲသေတ္တာထဲကို ဆေးစီရင်မှု ဟင်းပန်းကန်ရေ ထည့်ထားတယ်လို့ ပြောတာကိုး။ ဒီတုန်းက လီဘင်း ခရီးဝေးမှာ ရှိတာပဲဟာ'

ရဲတပ်ကြပ်ကြီး အမ်ဝီနီသည် ဦးခေါင်းကို ဖြည်း



www.burmeseclassic.com

www.burmeseclassic.com

လေးစွာ ခါယမ်းရင်း ဆက်ပြောလိုက်၏။

'မဟုတ်ပါဘူး သခင်၊ မှော်ဆရာကြီးဟာ လီဘင်းကို အပြစ်ရှိသူလို့သာ ဆိုလိုတာပါ။ သူကျူးလွန်ခဲ့တဲ့အပြစ်ဟာ ရေခဲသေတ္တာထဲကို မကောင်းတဲ့အရာတွေ အစီအရင်လုပ်ပြီး ထည့်တယ်လို့ တိုက်ရိုက်ပြောတာ မဟုတ်ပါဘူး။ လီဘင်းဟာ လူသတ်မှုသာ ကျူးလွန်တာပါ။ ရေခဲသေတ္တာထဲ အစီအရင်ပြုလုပ်တဲ့သူဟာ ဆိုလိုမွှန် ထည့်တာပါ။ စူလူလူးကို အန္တရာယ်ဖြစ်အောင် ကျိန်စာတိုက်တာပါ။ စူလူလူးဟာ ဆိုလိုမွှန်ရဲ့ရည်းစားကို ခိုးထားလို့ပါ။ ဒါကို လူတိုင်းပဲ သိထားကြတာပါပဲ သခင်'

'ဟာ··ဒါဖြင့်ရင် ဓားပူကို လျှာနဲ့ လျက်ကြရတုန်းက ဆိုလိုမွှန်ဟာ ဘာဖြစ်လို့များ ထိခိုက်ဒဏ်ရာ မရသလဲကွ'

ခရိုင်ဝန်လူဖြူသခင်က သူတို့ အာဖရိကတိုက် တိုင်းရင်းသားများ၏ အယူသီးယုံကြည်မှုကို နားလည်ရန် ခက်ခဲနေသည့်အတွက် ရဲတပ်ကြပ်ကြီးအမ်ဝီနီမှာ စိတ်ပျက်လက်ပျက်ရှိဟန်ဖြင့် သူ၏ပခုံးကျယ်ကြီးကို တွန့်လိုက်လေသည်။

'ဘယ်ပူမလဲ။ သူက မှော်ဆရာကြီးကိုမှ စော်ကားတာမှ မဟုတ်ဘဲ၊ သူက မှော်ဆရာကြီးကိုပဲ ယုံတာကိုး။ လီဘင်းကသာ တခြားမှော်ဆရာကြီးနဲ့ ဆန့်ကျင်ဘက်မှော်အဖွဲ့အစည်းဂိုဏ်းကို ယုံကြည်ပြီး လက်ခံထားတာကိုး' ဟု အဖြေပေးလိုက်ပြန်သောကြောင့် ခရိုင်ဝန် လူဖြူလည်း အံ့အားသင့်စွာဖြင့် အသံတိတ်သွားလေသည်။

ထို့နောက် ရဲတပ်ကြပ်ကြီး အမ်ဝီနီသည် ထုံးစံအတိုင်း အလေးပြုပြီး လှည့်ထွက်သွားခဲ့လေသည်။ ခရိုင်ဝန်မှာ ပါးစပ်အဟောင်းသားနှင့် သူတို့ အာဖရိကတိုက်မှ မှော်ဂိုဏ်းများကို အံ့သြငေးမောကာ ကျန်ရစ်ခဲ့ရပါတော့သည်။

**ဣစိတ်-လိုရာဆန္ဒပြည့်ဝကြပါစေ**

**အောင်ကျော်စွာ**

TRIAL BY THE SWORD BY BASIL FULLER ကို ပြန်ဆိုထားပါသည်။


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဘဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဘဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 7300 9994, 09 51 52521

www.burmeseclassic.com

ကိုရင်ကြီးကျောင်း မရောက်သည်မှာ ကြာပြီဖြစ်သည်။

ကျောင်းပိတ်ရက်ဖြစ်၍ ကျွန်တော်တို့ သူငယ်ချင်းတွေ ခရီးအသီးသီး ထွက်ခဲ့ကြသည်။

လှရွှတ်နှင့် အောင်စိုးက ရန်ကုန်ကို သွားသည်။ စန်းမြင့်(ဝက်ကြီး)နှင့် အောင်မင်းက ပုသိမ်ကို သွား၏။ ကျွန်တော်၊ ကိုဝေ၊ သန်းဌွေးတို့ကား ကျိုက်ထီးရိုးဘုရားဖူး သွားခဲ့ကြသည်။

ကျွန်တော်တို့ ကျိုက်ထီးရိုးဘုရားဖူး ခရီးက ပျော်စရာကောင်းသည်။

ယခုကဲ့သို့ ကားနှင့်တက်ခြင်း မရှိခဲ့ပါ။ ကင်ပွန်းစခန်းမှ ည(၆း၀၀)နာရီတွင် ခြေလျင်တက်ကြပါသည်။ ခြေလျင်တက်၍ တောတောင်သဘာဝကို ပြည့်ဝစွာ ခံစားတွေ့မြင်ခဲ့ကြရပါသည်။

ရွှေရင်သာ သက်သက်သာသာ သွားနိုင်သော လမ်းဖြစ်၍ ယင်းအမည် ပေးထားဟန် တူပါသည်။ ရွှေရင်စို့၊ အမှန်ပင် ရင်စို့ရ၏။ နားနေရန် လုပ်ထားသော ခုံတန်းလျားတွင် ခေတ္တအနားယူခဲ့ရသည်။ ရေတံခွန်၊ ရေကျရာ ကျောက်ကမ်းပါးများကို တွေ့ရသည်။ ရေမြောင်ကြီးစခန်းမှာ စခန်းများထဲတွင် စည်ကားသော စခန်းကြီးတစ်ခု ဖြစ်၏။ ဈေးဆိုင်ကြီးများကို တွေ့ရသည်။ ဘိုးပြန်အောင်၊ ဘိုးပြန်အောင် အမည်နှင့် လျော်ညီစွာ မတ်စောက်သော လှေကားများကို တက်ရသည်မှာ ခြေညောင်းရပါသည်။

ထိုစဉ်က လူငယ်များဖြစ်၍ တက်နိုင်ခြင်းသာ ဖြစ်သည်။ ထမ်းစင်နှင့် တက်သော အဘိုး၊ အဘွားများကို တွေ့ခဲ့၏။ စိုင်တမော့၊ ဘိုးပြန်တောင်ကဲ့သို့ပင် မတ်စောက်သော အတက်လမ်းများရှိပြီး စခန်းအမည်ကဲ့သို့ပင် ခေါင်းမော့မော့ထားကာ တက်ခဲ့ရသည်။ နဂါးပတ်တောင်၊ ကျိုက်ထီးရိုးဘုရားကို မီးရောင်များဖြင့် မြင်တစ်လှည့် မမြင်တစ်လှည့် ကွေ့ပတ်ကာ ကျွန်တော်တို့ တက်ခဲ့ရသည်။

လွှမ်းစေတီ၊ ကျိုက်ထီးရိုးကဲ့သို့ပင် ကျောက်သားလုံးကြီးပေါ်၌ တည်ထားသော စေတီတစ်ဆူ ဖြစ်၏။ ည(၁၂း၀၀)နာရီတွင် မြူခိုးများ၊ တိမ်ဖြူဖွေးဖွေးများနှင့်






www.burmeseclassic.com

www.burmeseclassic.com

ချမ်းအေးလှပတင့်တယ်သော တာဝတိံသာနတ်ပြည်နတ်နန်းဟုပင် ထင်မှတ်ရသော ကျိုက်ထီးရိုးဘုရားသို့ ရောက်တော့၏။ (၁၉၈၂)ခုနှစ်က ကျိုက်ထီးရိုးဘုရားဖူး ရောက်ခဲ့ခြင်း ဖြစ်ပါတော့သည်။

ကျိုက်ထီးရိုးဘုရားဖူးက အပြန်တွင်ဖြစ်သည်။ သန်းဋ္ဌေးတစ်ယောက် ပါလာသော ပိုက်ဆံအိတ် ပျောက်လေတော့သည်။ ခါးပိုက်နှိုက်ခံရသည်လား၊ အခိုးခံရသည်လား၊ တစ်နေရာတွင် မေ့ကျန်ခဲ့သည်လား မသိတော့ပါ။ ကိုဝေနှင့် ကျွန်တော် ငွေအပိုပါလာ၍သာ သန်းဋ္ဌေး အိမ်ကို အေးဆေးစွာ ပြန်နိုင်ခြင်း ဖြစ်တော့သည်။ သန်းဋ္ဌေး၊ စာရေးဆရာအမည် 'သုဝဏ်မှာ ယခုအခါ ဒုရဲအုပ်ဘဝနှင့် ကွယ်လွန်သွားပြီ ဖြစ်ပါသည်။

သန်းဋ္ဌေးအကြောင်းကို ကိုရင်ကြီး ပြောပြလိုက်သောအခါ ကိုရင်ကြီးမှာ သဘောကျစွာ ရယ်မိပါတော့သည်။

'ခရီးသွားတယ်ဆိုတာ အိမ်မှာ နေသလို ပေါ့ပေါ့ဆဆနေလို့ မရဘူးသန်းဋ္ဌေးရ၊ လွယ်ရင် သူကြွယ်တောင် သူခိုးဖြစ်တတ်သတဲ့'

ကိုရင်ကြီးကား ကျွန်တော်တို့ထက် အသက်ကြီးသူဖြစ်၍ အတွေ့အကြုံလည်း များသူ ဖြစ်ပါသည်။

'နောက်ကို မှတ်ထား၊ ခရီးသွားရင် ငွေကို တစ်နေရာတည်း မထားနဲ့၊ ခွဲထားရတယ်။ ဒါမှ တစ်နေရာက ပျောက်လည်း တစ်နေရာက မပျောက်ဘဲ ရှိနေတာမို့ ခရီးသွားရတာ အဆင်ပြေတာပေါ့'

ကိုရင်ကြီး ပေးခဲ့သည့် နည်းစနစ်ကား များစွာပင် ကျွန်တော်တို့အတွက် အသုံးတည့်ခဲ့ပါသည်။ ကျွန်တော်တို့သူငယ်ချင်း လှကြီးမှာ ခရီးမကြာခဏသွားရသူ ဖြစ်ပါသည်။

ကိုရင်ကြီး ကျောင်းဝင်းအတွင်း ကျွန်တော်တို့ မြက်ရှင်းနေစဉ် သူ့အဖြစ်ကို ပြောလာခဲ့သည်။

'အမေက အထက်အညာကို ဆေးဖက်ဝယ်သွားတိုင်း ငါ့ကို ခေါ်သွားတတ်တယ်ကွ။ ဒီတစ်ခါတော့ ငါက ကိုရင်ကြီး ပြောတဲ့အတိုင်း အမေ့ကို ကုန်ဝယ်ဖို့ ပိုက်ဆံတွေ တစ်နေရာတည်းမှာ မထားဘဲ ခွဲထားဖို့ ပြောလိုက်တယ်'

'ဒီတော့ မင်းအမေက ထားရှေ့လား'

အောင်မင်းက ဝင်မေးလိုက်သည်။

ကျွန်တော်တို့ အားလုံးကလည်း လှကြီးစကားကို စိတ်ဝင်စားသွားခဲ့ကြသည်။

'ထားတာပေါ့။ ထားလို့လည်း အမေ မငိုရတာ'

လှကြီးစကားက ပိုစိတ်ဝင်စားစရာ ကောင်းသွားခဲ့သည်။

'ကားဂိတ်မှာ ခါးပိုက်နှိုက်ခံလိုက်ရတယ်။ ကုန်ဝယ်မယ့် ပိုက်ဆံတွေက သတ်သတ်ဖယ်ထားတဲ့ အိတ်ထဲက ငွေနည်းနည်းပဲ ပါသွားခဲ့တယ်'

'မင်းအမေက မင်းကို ဆုမချဘူးလား'

ဝင်လာရင်း ပြောသူက ကိုရင်ကြီး ဖြစ်နေသည်။

လှကြီး မြောနေသည်ကို ကိုရင်ကြီး ကြားသွားဟန်တူပါသည်။

'ဆုချဖို့ နေနေသာသာ ကျောပြင်ကို မြောတင်ခံရတယ် ကိုရင်ကြီးရ'

လှကြီးက မျက်နှာကြီးရှုံ့မဲ့ကာ ပြောလိုက်၍ သူ့ကို ကြည့်ကာ ကျွန်တော်တို့ ရယ်မိကြပါတော့သည်။

'ဟ..တစ်မျိုးကြီးပါလား။ ဘယ်လိုဖြစ်ရတာလဲ လှကြီးရဲ့'

ကိုရင်ကြီး စိတ်ဝင်စားသွားဟန်တူသည်။ ကျွန်တော်တို့ မြက်ရှင်းရာ အုတ်ခုံဘေးနားမှာ ဝင်ထိုင်လိုက်သည်။

'ဆုချပုံကလည်း တစ်မျိုးကြီးပါလား'

စန်းမြင့်၊ ဝက်ကြီးက ထုံးစံအတိုင်း စာရွက်များ ပါးစပ်မှာ ဝါးကာ ဝင်ပြောလိုက်ပြန်သည်။

'ခါးပိုက်နှိုက် ဓားနဲ့ခွဲပြီး ငွေတွေယူသွားတဲ့ အိတ်က ကျွန်တော်လွယ်ထားတဲ့အိတ် ဖြစ်နေလို့ပါ ကိုရင်ကြီး'

ကိုရင်ကြီးအပါအဝင် ကျွန်တော်တို့ရယ်သံက ကိုရင်ကြီး ကျောင်းဝင်းအတွင်းမှာ လွှမ်းခြုံသွားပါတော့သည်။

'ဖြစ်မှဖြစ်ရလေ လှကြီးရယ်'

လှကြီးအမေမှာ ဝါးခယ်မဈေးထဲတွင် ကုန်ခြောက်ဆိုင်ဖွင့်ထားသူ ဖြစ်ပါသည်။ အထက်အညာသို့ ဆေးဖက်ဝယ်ထွက်တိုင်း သားလှကြီးကို ခေါ်သွားတတ်၍ သမီးကြီးများကို ဆိုင်မှာ ထားခဲ့တတ်ပါသည်။

♦ ♦ ♦

ရွာထဲမှာ အသံဝိဇ္ဇာ ဦးမြင့်သိန်းဆိုသူ ရှိပါသည်။ ကျွန်တော်တို့ရွာသားတော့ မဟုတ်ခဲ့ပါ။ ဝါးခယ်မမြို့သို့ ပြောင်းရွှေ့လာသော ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အသက်လေးဆယ်ဝန်းကျင်ရှိ၍ အသားဖြူဖြူ၊ အရပ်ရှည်ရှည် ဇာတ်မင်းသားရုပ်ပေါက်နေသော လူပျိုကြီးတစ်ဦး ဖြစ်ပါသည်။

သူက ကျွန်တော်နေသော ရွာသစ်ကမ်းနားလမ်း၊ ယမုံသီတာလမ်းရှိ ဒေါ်ဖွားဆယ် အိမ်ခန်းတွင် ငှားနေသူ ဖြစ်ပါသည်။

အသံကောင်းသည်။ ယခုခေတ်လို မိုက်နှင့် သီချင်းဆိုစရာမလို၊ သူသီချင်းဆိုလျှင် တစ်လမ်းလုံး ကြားကြရသည်။ တယောဆိုးလည်း ကောင်းသူတစ်ဦးဖြစ်၏။ သူရောက်လာမှ ကျွန်တော်တို့ရွာမှာ ဘွဲ့ဆွေ့ဟစ်သံ ကြားရတော့သည်။

အဖိတ်နေ့ မနက်ရောက်တိုင်း သူ့ရွာထဲ လှည့်ကာ ဘွဲ့ဆွေ့ရွတ်တတ်လေသည်။ ကြားရသူတိုင်း ကြည်နူးကြရ၏။ အရဏ်ဆွမ်း၊ ထချက်တတ်ကြသည်။ ကျွန်တော် အမေကပင် အရဏ်ဆွမ်းထချက်ရင်း ပြောလာခဲ့သည်။

'ဒီလူက ဇာတ်မင်းသား လုပ်ခဲ့ဖူးသလား မသိဘူး။ အသံအောင်ပြီး နားထောင်လို့ တယ်ကောင်းတယ်'

အမေသာမဟုတ် တစ်ရွာလုံးက ဦးမြင့်သိန်းကို ဝိုင်းချီးကျူးကြသည်။ ကျွန်တော်တို့ ကိုရင်ကြီးကဆိုလျှင် ဦးမြင့်သိန်းကို အသံဝိဇ္ဇာ ဦးမြင့်သိန်းဟုပင် အမည်ပေးလိုက်ပါသည်။

တစ်နေ့တွင်ဖြစ်သည်။ အသံဝိဇ္ဇာဦးမြင့်သိန်းက ကျွန်တော်နှင့် လှရွှတ်ကို ည သူ အိမ်လာရန် သန်းဌွေးနှင့် အခေါ်လွှတ်လိုက်သည်။ သန်းဌွေးနှင့် ဦးမြင့်သိန်းအိမ်က တစ်အိမ်သာခြားလျက် ရှိနေသည်။ ကျွန်တော်နှင့် လှရွှတ်မှာ ဦးမြင့်သိန်း တယောထိုးတိုင်း သွားနားထောင်တတ်သလို တစ်ခါ၊တစ်ခါ ဦးမြင့်သိန်း ဘွဲ့ဆွေ့ဟစ်ရာသို့ လိုက်ပါတတ်၍ ဦးမြင့်သိန်းနှင့် ခင်မင်နေခြင်း ဖြစ်ပါတော့သည်။

'လာ··လာ၊ မင်းတို့ကို စောင့်နေတာ'

အဖိတ်နေ့ညဖြစ်၍ ဦးမြင့်သိန်းတစ်ယောက် တယောထိုးနေရာမှရပ်ကာ ကျွန်တော်တို့ နှစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

သန်းဌွေးက 'ငါ ဓမ္မာရုံက စောင့်နေမယ်' ဟု ပြောကာ ဓမ္မာရုံဘက် ထွက်သွားခဲ့သည်။ ဓမ္မာရုံမှာက အဖိတ်နေ့ ရောက်တိုင်း လူငယ် လူကြီး ဝတ်တက်တတ်ကြသည်။

'ဒီညတော့ ဝတ်တက်မသွားနဲ့၊ မင်းတို့ကို ပညာအမွေပေးရမယ်'

ကျွန်တော်နှင့် လှရွှတ် အသံဝိဇ္ဇာဦးမြင့်သိန်း အပြောကြောင့် မျက်လုံးပြူးသွားမိရတော့သည်။

'ဘာအမွေပေးမှာပါလိမ့်'

'ငါက ဝန်ထမ်းဆိုတော့ ဒီရွာမှာ မြဲမှာမဟုတ်ဘူး။ ပြောင်းမိန့်ကျလာရင် ပြောင်းရမှာ'

ဦးမြင့်သိန်းက ပြောရင်း ရေးထားပြီးသော စာရွက်နှစ်ရွက်ကို ကျွန်တော်နှင့် လှရွှတ်ကို တစ်ရွက်စီ လှမ်းပေးလိုက်သည်။

နှစ်ယောက်စလုံး ကြည့်လိုက်သောအခါ ဘွဲ့ဆွေ့ရွတ်ဆိုရန် ခေါင်းစီးတပ်ထားသော စာရွက်များ ဖြစ်နေပါတော့သည်။

◆◆◆

အသံဝိဇ္ဇာဦးမြင့်သိန်း သူ ပြောခဲ့သလိုပင် ဝန်ထမ်းတစ်ယောက်ဖြစ်၍ ရွာမှာ သုံးနှစ်မျှသာနေကာ တာဝန်ကျရာ ပြောင်းရွှေ့သွားပါတော့သည်။

အသံဝိဇ္ဇာဦးမြင့်သိန်း သင်ပေးမှုနှင့် ကျွန်တော်ရော လှရွှတ်ပါ ဘွဲ့ဆွေ့ရွတ်ဆိုနိုင်ခဲ့ကြသည်။ ဦးမြင့်သိန်းကဲ့သို့ အသံမကောင်းသော်လည်း ဘွဲ့ဆွေ့ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်သောကြောင့် အားလုံးချီးကျူးခြင်းကို ခံခဲ့ကြရသည်။ အထူးသဖြင့် ကိုရင်ကြီးက ပိုချီးကျူးခဲ့သည်။

'စာကလေး မင်း အဆိုတော်လုပ်ရင် ရမှာကွ၊ လှရွှတ်··မင်းလည်း မဆိုးဘူး'

ရွာအဖိတ်နေ့သည် ကျွန်တော်တို့ အပျော်ဆုံးနေ့ဖြစ်ခဲ့သည်။ လှရွှတ်နှင့် ကျွန်တော် အဖိတ်နေ့ရောက်တိုင်း စောစောထရသည်။ အိမ်က အမေ ဘုရားရှိခိုးတိုင်း ထုတတ်သော ကြေးစည်ကို ကျွန်တော်ရော လှရွှတ်ပါ ယူကြရသည်။ အသံဝိဇ္ဇာဦးမြင့်သိန်းကြီး သင်ပေးထားသော ဘွဲ့ဆွေ့ဟစ်ရန် စာသားကို ကျွန်တော်ရော လှရွှတ်ပါ အလွတ်ရနေပြီ ဖြစ်ပါသည်။ ကျွန်တော်နှင့် လှရွှတ် တစ်ယောက်တစ်လှည့် ရွာကိုပတ်ကာ ဇျိုဟစ်ကြရသည်။

တစ်ခါတော့ ဇျို··ဘွဲ့ဆွေ့ အော်ဟစ်ကောင်း၍ ကျွန်တော်ရော လှရွှတ်ပါ အမေ ကြိမ်စာမိကြရပါသည်။ ဒါဆိုလဆုတ်ည အဖိတ်နေ့ညက ဖြစ်ပါသည်။ မိမည်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထောင့်အရောက်တွင်ဖြစ်ပါသည်။ ကျောင်းထောင့်မှာ ရွာသစ်ကမ်းနားလမ်းအရှေ့ဘက် အစွန်ဆုံး မြောက်ဖိုင်းသို့ ကူးသောလမ်း ဖြစ်ပါသည်။

ယခင် ကျွန်တော် ရေးခဲ့သော ဝတ္ထုများ၌ သရဲခြောက်ကြမ်းသော ကျောင်းထောင့်လမ်းပင် ဖြစ်ပါသည်။ လှရွှတ်နှင့် ကျွန်တော်တို့ လမ်းကိုဖြတ်တိုင်း ကြေးစည်နာနာထုကာ ဖြတ်ကြပါသည်။ ကိုရင်ကြီးက ပြောဖူးသည်။

'ဘုရားစာရွတ်ပြီး ကြေးစည်သာ နာနာထု၊ ကပ်လာတဲ့ သူရဲတစ္ဆေ ဝေးဝေးလွင့်သွားတာပေါ့ စာကလေးရာ'တဲ့။

ထိုညက သရဲလွင့် မလွင့်တော့ မသိပါ၊ ကျွန်တော်တို့ ထုသော ကြေးစည်မှာ အားစိုက်ထုလိုက်သောကြောင့် လွင့်ကျသွားပါတော့သည်။ ကျောင်းထောင့်မှာက လူတစ်ရပ်နီးပါး မြက်ရိုင်းပင်တွေက တောထနေသည်။ တစ်ခါ,တစ်ခါ ထိုမြက်ရိုင်းပင်များကြားမှ မြွေဟောက်၊ မြွေပွေးများ ထွက်လာသည်ကို တွေ့ရသည်ဟုလည်း ဆိုကြပါသည်။

ကျွန်တော်နှင့် လှရွှတ် လွင့်သွားသော ကြေးစည်များ ရှာမတွေ့တော့။ မြက်ပင်တွေကြား ရှာလျှင်လည်း မြွေနှင့်တိုးမှာ စိုးရသည်။ ရှာဖွေရေးကို လက်လျှော့လိုက်ကြ၏။ တစ်ရေးတစ်မောအိပ်ရန် အိမ်ပြန်ကြသောအခါ ဘုရားဝတ်တက်ရန် ကြေးစည်ရှာမတွေ့သော အမေ၏ ကြိမ်ဒဏ်ကို နှစ်ဦးစလုံး ကျောကော့ကာ ခံလိုက်ကြရတော့သည်။

'ကြေးစည်ပျောက်အောင် ထုတဲ့အကောင်တွေ ကြေးစည်အစား အထုခံပေတော့'

◆◆◆

ညက ပျောက်သွားသော ကြေးစည်မှာ ကိုရင်ကြီးလက်ထဲမှာ ရောက်နေခဲ့သည်။

'ကျောင်းကဲ ကပ္ပိယကြီး မြက်ရှင်းရာက တွေ့လို့ ငါ့ကို လာပေးတာ'

ကပ္ပိယကြီး ဦးဝိတ်ကို ကိုရင်ကြီး ပြောခြင်း ဖြစ်ပါသည်။

'ကြောက်ကြောက်နဲ့ ကြေးစည် နင်းကန်ထုတော့ ကြိုးပြတ်ပြီး လွင့်သွားတာပေါ့'

'လှရွှတ် ငါမေးတာ မှန်မှန်ပြော၊ ဘွန္တော့ဟာစ်တဲ့ညက ဦးခွေးပုအိမ်က ဖွေးချိုပင်ကို မင်း တက်ခူးစားတယ် မဟုတ်လား'

ကိုရင်ကြီး အကြားအမြင်ရနေဟန်တူသည်။ အမှန်ပင် ကျွန်တော် ဘွန္တော့ ဟာစ်နေစဉ် လှရွှတ်က ဗိုက်ဆာသည်ဟုဆိုကာ ဦးခွေးပုအိမ်ရှေ့က ဖွေးချိုပင်ပေါ် တက်ကာ ဖွေးသီးခူးစားခဲ့သည်။

'ပိုင်ရှင်မသိအောင် အလိုမတူဘဲ ခူးစားတာဟာ အာဒိန္နဒါနာ သိက္ခာပုဒ်ကို ချိုးဖောက်တာပဲ လှရွှတ်ရဲ့။ ဗျူဟာစ်တာ ဘွန္တော့ဟာစ်တာ နိဗ္ဗာန်ဆော်တဲ့ အလုပ်လေ။ လွဲမနေဘူးလား'

ကိုရင်ကြီး သင်ထား၍ ငါးပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလကို ကျွန်တော်တို့ သိပြီးဖြစ်ပါသည်။

'ဟိုတုန်းက နိဗ္ဗာန်ဆော် လုပ်ခဲ့လို့ ဒီဘဝမှာ အသံကောင်းတဲ့ အောင်တဲ့လူ ဖြစ်လာတာကွ'

အသံဝိဇ္ဇာ ဦးမြင့်သိန်း ပြောသွားခဲ့သည့် စကားကိုလည်း ကျွန်တော်ပြန်လည် အမှတ်ရမိပါတော့သည်။

'ကြည့်..မဟုတ်တာလုပ်တဲ့ လူဟာ နောက်ဘဝတောင် မကူးဘူး၊ ခုဘဝမှာပဲ ကြေးစည်ပျောက်လို့ မင်းတို့အမေ ရိုက်ခဲ့တယ်လေ'

စန်းမြင့်(ဝက်ကြီး) အောင်မင်း၊ ကိုဝေ၊ သန်းဌေးတို့ ဝိုင်းရယ်ခြင်းကို ကျွန်တော်တို့နှစ်ယောက် ခံလိုက်ရသည်။

'ဒါ့ထက်ဆိုးတာက မင်းတို့နှစ်ယောက် သူခိုးလို့ အစွပ်အစွဲခံရတာပါပဲ'

'ဗျာ့ဲ'

ကျွန်တော် ကိုရင်ကြီး စကားကြောင့် မျက်လုံးပြူးသွားမိရပါတော့သည်။ လှရွှတ်ကား မျက်လုံးပြူးကာ ထခုန်လိုက်သည်။

'ဖွေးချိုသီးလေးပဲ စားမိတာပါ၊ ဘာမှ မခိုးပါဘူး'

လှရွှတ်က အပင်တက်ခူးသူဖြစ်၍ ထိတ်လန့်ကြောက်ရွံ့ကာ ဝင်ပြောလိုက်သည်။

'ဦးခွေးပုကြီး မနက်က ငါ့ဆီ လာသွားတယ်။ အိမ်ရှေ့မှာထားတဲ့ သူ့ကက်ဆက် ပျောက်သွားလို့တဲ့။ မနက်ထမင်းထချက်တော့ ခြံရှေ့က ဖွေးချိုပင်အောက်မှာ လှရွှတ်နဲ့ ကျော်မိုးကို တွေ့လိုက်ရသတဲ့'

'ဦးခွေးပုကြီးက ကျွန်တော်တို့နှစ်ယောက်ကို စွပ်စွဲ

www.burmeseclassic.com

တာလား'

ကျွန်တော်အထူးပင် တုန်လှုပ်ခြောက်ချားသွားမိပါတော့သည်။

'မပူပါနဲ့ စာကလေးရာ၊ မင်းတို့ဆရာ ကိုရင်ကြီးပဲကွာ၊ ငါ့လူတွေ ဒီလိုမလုပ်တတ်တာ သိတာပေါ့။ ဒီတော့ ငါသိထားတဲ့ ဗေဒင်ပညာနဲ့ ကက်ဆက်ခိုးတဲ့ သူခိုးအစစ်ကို ဖော်ထုတ်ပေးလိုက်တယ်'

'သူခိုးက ဘယ်သူလဲ ကိုရင်ကြီး'

လှရွှတ်က ဝမ်းသာအားရ ဝင်မေးလိုက်သည်။

'တော်ကြာ ဦးခွေးပုကြီး ငါ့ဆီ ပြန်လာပါလိမ့်မယ်။ မင်းတို့ သိချင်တဲ့ အဖြေလည်း ပါလာပါလိမ့်မယ်'

ကိုရင်ကြီးပြောလျှင် လွဲခဲ၍ ကျွန်တော်တို့အားလုံး ဦးခွေးပုကြီး အလာကို စောင့်နေမိပါတော့သည်။ ဘာပဲဖြစ်ဖြစ် သူခိုးအစစ် ပေါ်လာတော့မည်ဖြစ်၍ ကျွန်တော်နှင့် လှရွှတ်မှာ ဝမ်းသာနေမိပါတော့သည်။ ကိုရင်ကြီးကိုလည်း ကျေးဇူးတင်မဆုံးအောင် ဖြစ်ခဲ့ရသည်။

ကိုရင်ကြီး ပြောတဲ့အတိုင်း ဖြစ်ပါစေ။

♦♦♦

မျှော်နေသူ ဦးခွေးပုကြီး ကိုရင်ကြီး ကျောင်းဝင်းထဲ ဝင်လာသည်ကို တွေ့လိုက်ကြရ၏။

လက်ထဲမှာ ပစ္စည်းတစ်ခုပါ ကိုင်လာသည်ကို တွေ့ကြရသည်။ ထိုပစ္စည်းမှာ အနီးရောက်မှ ကက်ဆက်ဖြစ်မှန်း သိလိုက်ကြရသည်။

'ဘယ်လိုလဲ ဦးခွေးပု၊ ကျုပ်ပြောတာ မှန်တယ်မဟုတ်လား'

ကက်ဆက် ရှေ့ချကာ ကန်တော့နေသော ဦးခွေးပုကို ကိုရင်ကြီးက မေးလိုက်သည်။

'မှန်ပါတယ် ကိုရင်ကြီး'

'တပည့်တော် စွပ်စွဲမိတာ မှားပါတယ်။ ပစ္စည်းပျောက် ငရဲရောက်ဆိုတာ အမှန်ပါပဲ။ ကိုရင်ကြီး တပည့်တွေကိုမှ မထင်သင့်တာ ထင်မိခဲ့တယ်'

'ကဲ-ဒါတွေထားပါတော့၊ ပျောက်နေတဲ့ ဒကာကြီး ကက်ဆက်ကို ဘယ်လိုပြန်ရတာလဲ'

ကျွန်တော်တို့အားလုံးကလည်း ဒါကိုပင် သိနေချင်ကြသည်။

'ကိုရင်ကြီးပြောသလို တပည့်တော်သား စိုးဝင်း ယူသွားတာပါ၊ သူ့သူငယ်ချင်းဆီမှာ သီချင်းသွားကူးတာတဲ့လေ'

အမည်နှင့်တကွ ပြောနိုင်သော ကိုရင်ကြီး ပညာမှာ မသေးပါ။

ထိုစဉ်က ကျွန်တော် ငယ်သေး၍ ထင်သည်။

'တစ်နေ့ မင်း ဒီပညာတွေကို ရလာမှာပါ'ဟူ၍သာ ပြောခဲ့ပါသည်။

နောက်ပိုင်း ကိုရင်ကြီး ပျံလွန်တော်မူသွား၍ ကိုရင်ကြီး ဗေဒင်မှတ်စု ကျွန်တော်ရသောအခါ အောက်ပါအတိုင်း တွေ့ရပါတော့သည်။

မေးသည့်နေ့ရက်၊ မေးသည့်နေ့ ပေါင်းပြီး (၇)နှင့် စားခြင်း ဖြစ်ပါတော့သည်။ မဟာဘုတ်ထူသောအခါ အထွန်းတွင် တွေ့ရသော ဂဏန်းနှင့် ဘင်္ဂတွင် တွေ့ရသော ဂဏန်းသည် ပျောက်သည့်ပစ္စည်းကို ရည်ညွှန်း၍ ဘင်္ဂဂဏန်းနှင့် ပုတိဂဏန်းသည် ယူသူအမည်ပင် ဖြစ်ပါတော့သည်။

ဦးခွေးပု ကက်ဆက်ပျောက်သောရက်မှာ ဝါဆိုလဆုတ် (၈)ရက်ဖြစ်၍ နေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည်။

ကိုရင်ကြီးနည်းအတိုင်း တွက်ကြည့်လျှင် အောက်ပါအတိုင်း တွေ့လိုက်ရပါ၏။

(၁၅ + ၈ = ၂၃ +၁ =၂၄ + ၇ = ၃ ကြွင်း)

အထွန်း + ဘင်္ဂ = ၂ + ၃ = ကက်ဆက်

ဘင်္ဂ + ပုတိ = ၃ +၄ = စိုးဝင်း

| | | |
|---|---|---|
| ၉ | ၀ | |
| * ၂ | ၅ | ၁ |
| ၆ | ၃ * | ၄ * |

ထိုနေ့က ဦးခွေးပုသည် သူ့အမှားအတွက် ကက်ဆက်ကို ကိုရင်ကြီးအား လှူသွားခဲ့ပါသည်။

ကျွန်တော်တို့အား ငွေချီပင် တက်ခွင့်ကိုလည်း ပေး သွားခဲ့ပါ၏။

**ကျော်မိုးလွင်(ဝါးခယ်မ)**



www.burmeseclassic.com

www.burmeseclassic.com

အရက်သမား အမှားတစ်ရာဆိုသော စကားအတိုင်း ကျွန်တော်တို့ နှစ်ယောက်ပဲ မှားယွင်းခဲ့ကြသလား၊ ဒါမှ မဟုတ် တစ်စုံတစ်ယောက်၏ ကျီစယ်မှုကို ကျွန်တော်တို့ နှစ်ယောက် ခံခဲ့ရတာလား။ မည်သို့ပင်ဖြစ်စေ ချောက်ချား စရာ ကောင်းခဲ့တာတော့ အမှန်ပင်။ ပဟေဠိဆန်သော ဆံချည်တစ်မျှင် တွေ့မြင်ခဲ့ရသည့် ထိုနေ့ ညကို ကျွန်တော် သည် တစ်သက် မေ့နိုင်လိမ့်မည် မထင်ပါ။

◆◆◆

အခန်းတံခါးကို ပိတ်လိုက်ပြီ။ ခန့်မော်က စားပွဲပေါ် မှအရာကို အမြတ်တနိုးစိုက်ကြည့်ပြီး ကျွန်တော့်ကို မျက် ခုံးပင့်ပြသည်။ ကျွန်တော်ကလည်း ခန့်မော်၏မျက်နှာကို ပြုံးစိစိလှမ်းကြည့်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။ ဒါက ကျွန်တော်တို့ နှစ်ယောက်ပဲ နားလည်လွယ်သည့် အသံတိတ် ဘာသာစကားတစ်ခု။

ခန့်မော်က စားပွဲပေါ်မှ အရက်ပုလင်းများကို အာသာငမ်းငမ်း စိုက်ကြည့်နေရာမှ ကျွန်တော့်ကို မျက်ခုံးပင့်ပြသည်က ဘယ်လိုလဲ၊ သောက်ကြတော့မလား။ အခန်းတံခါးတွေ လည်း ပိတ်ပြီးပြီ။ အလုပ်တွေလည်း ပြီးပြီ။ ငါတို့ မူးလို့ ရူးလို့ရပြီဆိုသော အဓိပ္ပာယ်။

ဒါကို ကျွန်တော်က သဘောပေါက်၍ 'သောက်ကြ စို့။ ငါလည်း သွားရည်ယိုနေပြီ' ဟူသော သဘောဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ခြင်း ဖြစ်သည်။

ခန့်မော်က ခပ်မြန်မြန်ပင်။ ကျွန်တော့်ဆီက သဘော တူညီမှုရသည်နှင့် အရက်ပုလင်းနှစ်လုံးကို ကောက်ကာ ငင်ကာ ဖွင့်လိုက်သည်။ ဘလက်လေဘယ်၏ တပ်မက် ဖွယ် ရနံ့သင်းသင်းက ကျွန်တော့်နှာသီးဝဆီသို့ ကလူတူတူ မြူတူတူ တိုးဝှေ့ဝင်ရောက်လာသဖြင့် ကျွန်တော် တံတွေးကို ဂလုခနဲ အသံမြည် သည်အထိ မျိုချလိုက်ရ၏။ သွားရည်တွေ ယိုနေပြီပဲကိုး‌ဗျ။


အချိန်ကုန်မှာစိုး၍ ခန့်မော် အရက်ပုလင်း ဖွင့်နေ သည့်အခိုက် ကျွန်တော်က ကြော်လှော်ဝယ်ခြမ်းထားသော အမြည်းပစ္စည်းများကို သွားပြေးယူသည်။ ဝက်သားကြော်၊ အာလူးချောင်းကြော်၊ ဘဲသွေးကြော်၊ ကြက်ဆီဘူးကင်နှင့် မြေပဲဆားလှော်။

'ဟာကွာ၊ မင်းကလည်း ကန်စွန်းရွက်ကြော်လေး လုပ်ပါ ဆိုတာကို'

'မင့်ကြီးဒေါ်၊ ကန်စွန်းရွက်သည်က ဆိုင်မှမဖွင့်ဘဲနဲ့။ ငါက ဘယ်မှာ သွားဝယ်ရမှာတုံး'

ခန့်မော်က သူစားလိုသော ကန်စွန်းရွက်ကြော်မပါ သဖြင့် အမြည်းတာဝန်ခံ ကျွန်တော့်ကို အပြစ်တင်သည်။ ကျွန်တော်ကလည်း မမူးခင်ကတည်းက ဆတ်ဆတ်ထိမခံ သမား၊ ချက်ချင်းပြန်ပက်သည်။

ဟုတ်လည်း ဟုတ်တာပဲ။ ကျွန်တော်တို့က ကျောင်း တက်နေသူများဖြစ်ရာ မနက်ဆိုလျှင် ဈေးသွားရန် အချိန်



မရှိ။ သည်ရက်ပိုင်းလည်း အားလှသည်မဟုတ်။ ညနေ ခင်းတွင် တိုက်ခန်းရှေ့၌ ရောင်းချသော ကုန်စိမ်းဆိုင်ဖွင့် မှပဲ ဝယ်ခြမ်းချက်ပြုတ်ရ၏။ ယခုညနေ ထိုကုန်စိမ်းဆိုင် မဖွင့်သဖြင့် ကန်စွန်းရွက်ဝယ်၍မရ။ သို့ကြောင့် ကျွန် တော့်အကြိုက် ဝက်သားကြော်၊ အာလူးချောင်းကြော်နှင့် ကြက်ဆီဘူးကင်တို့ကို ဆိုင်မှ ဝယ်ယူလာပြီး ဘဲသွေးနှင့် မြေပဲဆားလှော်ကမူ ဤအခန်း၏ စားဖိုမှူးဖြစ်သည့် ကျွန် တော့်လက်ရာများပင်။

'အေးပါကွာ၊ ငါက အပြစ်တင်တာ မဟုတ်ပါဘူး။




www.burmeseclassic.com

www.burmeseclassic.com

ငါစားချင်လို့ ပြောမိတာပါ။ ကဲ··ရှိတာနဲ့ ဆွဲတာပေါ့"

ကျွန်တော်က ပြန်ပက်တော့ ခန့်မော်ခမျာ မျက်နှာချို သွေးရှာသည်။ သွေးမှာပဲလေ။ ဤအခန်းမှာ သူနှင့် ကျွန်တော် နှစ်ယောက်တည်း ငှားရမ်းနေထိုင်ခြင်း ဖြစ်ရာ ကျွန်တော်သာ စိတ်ဆိုးပြီး ထပြန်သွားပါက သူ ပြဿနာတက်မည် မဟုတ်လား။ သူမှ တစ်ယောက်တည်း မနေဝံ့ဘဲကိုး။



# ပဟေဠိဆန်သော ဆံချည်တစ်မျှင်

"အိုကေ · သယ်ရင်း၊ အပြတ်အသတ်သာဆွဲ"

"ကြည့်လည်း သောက်ဦး ပိုင်နိုင်ရေ၊ ဆော်ကြာ အရက်သီးလို့ မာလကီးယားသွားဦးမယ်။ ဟီး··ဟီး"

"ဟဲ··ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

ခန့်မော်က နောက်သည်။ ကျွန်တော်က သူ့အပြောကို သဘောကျ၍ တဟဲဟဲရယ်သည်။ ခန့်မော်ကတော့ နောက်လည်းနောက် သောက်လည်းသောက်ဟု ဆိုရမည်။ ကျွန်တော် ရယ်နေတုန်းမှာပဲ သူက ကောက်မော့နေပြီ။

ခန့်မော်နှင့် ကျွန်တော် ပိုင်နိုင်က (…)တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော နောက်ဆုံးနှစ်ကျောင်းသားများ ဖြစ်သည်။ နှစ်ယောက်လုံး နယ်မှကျောင်းလာတက်သူများဖြစ်၍ နေရေးထိုင်ရေးအတွက် အဆောင်ငှားနေကြရသည်။ အဆောင်ဆိုပေမယ့် ကျောင်းအိပ်ကျောင်းစားအဆောင်မျိုး မဟုတ်။ ရွှေပြည်သာမြို့နယ်ထဲက နှစ်ထပ်တိုက်တစ်လုံး၏ အခန်းငယ်လေး တစ်ခန်းကို နှစ်ဦးစပ်တူ ငှားရမ်းထားခြင်း ဖြစ်သည်။ ရန်ကုန်မြို့၏ အခန်းငှားခကလည်း ဈေးမသေးလှပေ။

ခန့်မော်က မန္တလာသား။ အသားညိုညို၊ အရပ်မြင့်မြင့်နှင့် ပြေပြစ်သော ရုပ်ရည်ရှိသဖြင့် ကျောင်း၌ အတန်အသင့် မျက်နှာပွင့်သူ တစ်ယောက်ဟု ဆိုရမည်။ သင်း(ခင်း)ကလည်း ခြေငြိမ်လှသည်တော့မဟုတ်။ ပြင်မြင်ကရာ မ,သတ္တဝါ ... မျက်စိမှိတ်ပြကာ အထာပေး ... လာရောက်ရောနှောသော မိန်းမလည်လေးများကိုလည်း လိုက်လျောညီထွေ ပေါင်းသင်းခင်မင်လေ့ရှိသည်။

သို့သော် နောက်ဆုံးနှစ်သို့ ရောက်သည့်တိုင် သူ့ထံ၌ လက်ဆုပ်လက်ကိုင်ပြစရာ ချစ်သူရည်းစား မရှိသေးချေ။ ဒါကလည်း သူနှစ်သက်သည့်မိန်းကလေး မရှိ၍သာဖြစ်မည်။ သူ့အနားသို့ တိုးကပ်နေသူများထဲက တစ်စုံတစ်ယောက်ကိုသာ ချစ်ကြိုက်မိ၍ တစ်ချက်လောက်များ ဖွင့်ပြောလိုက်ပါက ခေါင်းညိတ်လက်ခံမည့်သူချည်းရယ်။ ဤမျှလောက် မြာစွံသော ခန့်မော်။

ကျွန်တော်လား၊ ကျွန်တော်က မွန်ပြည်နယ်သား။ ကျွန်တော်က ပိုင်နိုင်ဆိုသည့် နာမည်အတိုင်း မပိုင်နိုင်လျှင် ဘာတစ်ခုမျှမလုပ်။ နောက်ပြီး အသားဖြူဖြူ၊ ပုအိုင့်အိုင့်။ ကျွန်တော့်ကိုလည်း မိန်းကလေးများက ဝိုင်းကြွေပိုးပန်းနေခြင်းမရှိသဖြင့် ခန့်မော်ကဲ့သို့ ရွေးချယ်စရာ မများပြားလှပါ။ အနီးအပါးမှ ရင်းနှီးသူများကိုသာ လိုက်လံချိန်ရွယ်နေခဲ့ရသည်။ သည်မှာပဲ ချစ်ရသူတစ်ဦးကို ရှာတွေ့ခဲ့၏။

ပထမနှစ်ကတည်းက ခင်မင်ရင်းနှီးနေခဲ့သော အတန်းဖော်သူငယ်ချင်းမ မိုးမဠုအပေါ် သံယောဇဉ်ပိုမိရာမှ ... နှောင်ကြိုးတိုးလာ၍ ဖွင့်ပြောဖြစ်ခဲ့ပြီး လွန်ခဲ့သော နှစ်... ကပဲ ချစ်သူများ ဖြစ်ခဲ့ကြသည်။ ခန့်မော်ကတော့ ကျွ... တော့်ကို တော်တော်လက်သွက်တဲ့ကောင်တဲ့။ ဟုတ်လည်း... ဟုတ်တာပါပဲ။ သူ့လို ဟိုဟာကောင်းနိုး သည်ဟာကော... နိုး ရွေးလွန်းနေလျှင် တစ်ကောင်တည်း ကျန်ရစ်ဖြစ်တ... သည်ပဲ မဟုတ်လား။

ကျွန်တော်က အရက်ကို ဇိမ်ခံသောက်ရင်း ရော... တတ်ရာရာများ တွေးတောလျက်ရှိပေမယ့် ခန့်မော်... တော့ ဤနေရာမျိုးကျ တကယ့်လက်တွေ့သမား။ အ... တစ်ဖတ်ကို ပါးစပ်ထဲ ပစ်ထည့်လိုက်၊ အရက်ကို ... ကျိုက်မော့သောက်လိုက်နှင့် နတ်မင်းစည်းစိမ်မျိုးကို ... ပြေနပြေ ခံစားလျက်ရှိသည်။ ကျွန်တော်လည်း ဟို... သည်သည် တွေးနေရင်း အရက်ပုလင်းနှင့် အမြည်းများ... စေ့ကြည့်လိုက်မိသည်။ ဟိုက်ခနဲ ထအော်မိမတတ် ... သွားရ၏။ အမြည်းက တစ်ဝက်ကျိုးနေပြီ။ အရက်လည်း... တော်တော်ကုန်နေပြီ။

'ဟိတ်ကောင်၊ ဖြည်းဖြည်းချင်း ဇိမ်ခံသောက်... ကွာ။ မင်းဟာက ရေတံလျှောက်ထဲ လောင်းထည့်... သလို ဖြစ်နေပြီ။ ပြီးမှ ထ,မရစ်နဲ့နော် ငါ့ကောင်'

'မတတ်နိုင်ဘူးလေကွာ၊ ဒီအတိုင်းကြီး ထိုင်သော... နေမှတော့ ပျင်းတာပေါ့ကွ။ ဒီတော့ မြန်မြန်ကုန်တာပေါ့... အဲ..ငါတို့ ရုပ်ရှင်ကြည့်ရင်း သောက်ကြမလား'

'အေး..ကောင်းတယ်၊ ဘာကားကြည့်မလဲ'

'ဟိုကား ကြည့်မယ်'

'ဟာကွာ၊ မင်းကလည်း မကြည့်ချင်စမ်းပါနဲ့'

'ငါက တခြားအချိန်ဆို မကြည့်ရဲဘူးကွ။ ... ကြောက်တာ မင်းသိသားနဲ့။ အရက်သောက်နေတဲ့အ... မို့ ကြည့်မှာ'

ထိုအခါမှ ခန့်မော် ဆိုလိုသော ဟိုကား၏အဓိပ္ပာ... ကို ကျွန်တော်သဘောပေါက်သွားသည်။ ဟိုကားဆို... သရဲကားကို ခေါ်ခြင်းဖြစ်သည်။ ခန့်မော်က ထိုသို့ ... ကြောင်ကြောင်။ သရဲကားကိုပင် သရဲကားဟု မခေါ်... လောက်အောင် သရဲကြောက်တတ်သူလည်း ဖြစ်သ... ယခုလည်း ကြည့်ဦး၊ သရဲကားကိုများ ခေါ်ပုံက ဟို... တဲ့။ မသိလျှင် သူများ တစ်မျိုးထင်ချင်စရာ...



www.burmeseclassic.com

www.burmeseclassic.com

'ကဲ··ကဲ··မင်းကြည့်ချင်လည်းကြည့်ကွာ။ အေး·· ကြည့်မယ့်ကြည့် Incidious လောက်ကြည့်နော်။ Conjuring တို့ Pemak တို့၊ Supernatural တို့က ကြောက်စရာ တစ်စက်မှ မကောင်းဘူး။ ပျင်းစရာကြီး'

ကျွန်တော်က ထိုသို့အကြံပြုတော့ ခန့်မော်က ဝမ်းသာအားရ ခေါင်းညိတ်သည်။ အမှန်က ကျွန်တော် သူ့ကို ချွတ်လိုက်တာပါ။ သက်သက်ချောက်တွန်းလိုက်ခြင်းသာ။ Incidious က ကြောက်စရာ အကောင်းဆုံး သရဲဇာတ်လမ်းများထဲ၌ နံပါတ်ချိတ်ခဲ့ဖူးသည်ပဲကိုး။ ဒါကို သရဲကား ကြည့်လေ့ကြည့်ထ မရှိသူ ခန့်မော်က မသိပေ။ ကျွန်တော်ဝယ်ယူထားသော အခွေဘူးထဲက Incidious (1, 2) ဆိုသော အခွေကိုရှာကာ ကွန်ပျူတာထဲသို့ ထည့်နေသည်။ ပြီးလျှင် ထိုဇာတ်ကားကြောင့် သူ မည်မျှ ချောက်ချားသွားလိမ့်မလဲဆိုတာကို တွေးကြည့်ကာ ကျွန်တော် ကြိတ်ပြုံးမိပါပေ့။

သူ ဇာတ်လမ်းကြည့်ရင်း ကြောက်လန့်နေခိုက် ကျွန်တော်ကတော့ ကြည့်ပြီးသား ဇာတ်ကားဖြစ်နေ၍ စိတ်ပါဝင်စားခြင်းမရှိဘဲ ဟိုဟိုသည်သည် ဆက်တွေးနေမိပါပြီ။

ဤနေ့က နှစ်လယ်စာမေးပွဲကြီး ပြီးဆုံးသွားသဖြင့် ကျွန်တော်တို့ ကျောင်းသားတစ်စု အနားရနေသည့်ကာလ။ နယ်မှ ကျောင်းလာတက်သူတချို့က နေအိမ်သို့ အားချင်း ပြန်ကြပေမယ့် ကျွန်တော်နှင့် ခန့်မော်ကတော့ မပြန်ဖြစ်။ ကျွန်တော်က ပြန်ချင်ပေမယ့် ခန့်မော်က မပြန်လို၍ ကျွန်တော့်ကိုလည်း မပြန်ရန် တားသည်။

ငါးနှစ်လုံးလုံး တွဲလာခဲ့သည့် ဘော်ဒါရင်းကြီးဖြစ်သောကြောင့် သူ့အကြောင်း မသိချင်မှအဆုံး။ သင်းက ကြောက်ပဲလေ။ ဤအခန်းမှာ သူတစ်ယောက်တည်း ဘယ်နေဝံ့ပါ့မလဲ။ ဒါနဲ့ပဲ ကျွန်တော်လည်း အိမ်မပြန်ဖြစ်တော့ဘဲ သူနှင့်ကျွန်တော် ပျော်သလို နေကြတော့သည်။ အရက်ချိုးများ မဟုတ်ပေသိ ကျွန်တော်တို့နှစ်ယောက်လုံးကို စိတ်ပျော်ရွှင်မှု အပေးနိုင်ဆုံးအရာက ယမကာ။

'ဒေါက်··ဒေါက်··ဒေါက်··ဒေါက်'

'ဟဲ့'

ကျွန်တော် အတွေးလွန်နေစဉ် အခန်းတံခါးခေါက်သံကြားသည်။ ထိုအသံကြောင့် ကျွန်တော့်အတွေးများ ပြတ်တောက်သွားကာ ရင်ထဲ ဒိန်းခနဲ လန့်သွားမိသည်။ သို့သော် အမူအရာတော့ ပျက်ယွင်းသွားခြင်းမရှိ။

အမူအရာပျက်ကာ အထိတ်တလန့် ထအော်သူက ခန့်မော်။ သူက ဇာတ်ကားထဲ ရှာနှ်ဝင်နေခိုက် တံခါးခေါက်သံ ထွက်ပေါ်လာသဖြင့် အထိတ်တလန့်ဖြစ်ကာ အာမေဍိတ်သံတစ်ခုကို ကယောင်ကတမ်းပြုလိုက်သည်။ နှစ်ယောက်လုံး တစ်ပြိုင်နက်ဆိုသလို ပိတ်ထားသော တံခါးကို လှည့်ကြည့်မိကြသည်။

'ဘယ်သူလဲဟ'

'ငါလည်း မပြောတတ်ဘူး။ ည(၈)နာရီလောက်ကြီးကို ငါတို့ဆီ ဘယ်သူ လာစရာရှိလို့လဲ။ ခန့်မော်၊ မင်းကို ကြိုက်နေတဲ့ ကောင်မလေးတွေထဲက တစ်ယောက်ယောက်များ လိုက်လာသလားမသိ'

ကျွန်တော်က ခန့်မော်ကို လှမ်းနောက်လိုက်ရာ ခန့်မော်၏မျက်နှာကြီး ရှုံ့မဲ့သွားသည်။ ကျွန်တော့်ကို မိန်းမကြီးတစ်ယောက်လို မျက်စောင်းလှလှထိုးကြည့်ရင်း ထိုင်နေရာမှထကာ တံခါးဆီသို့ လျှောက်သွားသည်။

ပါးစပ်တလည်း-

'မိုးမဲ့ဈေကမင်းကို ခိုးဖို့အတွက် လာခေါ်တာလည်း ဖြစ်နိုင်တာပဲ။ အင်းလေ··ဆူးပေါ် ဖက်ကျလည်း ဆူးကျိုး၊ ဖက်ပေါ် ဆူးကျလည်း ဆူးကျိုးတဲ့ခေတ်ဆိုတော့ မင်းဘဝ ရေတိမ်မနစ်ရအောင် သူက တာဝန်ယူတော့မှာပေါ့။ ဟီး·· ဟီး'

ခန့်မော်က ကျွန်တော့်မိုက်ကို လှမ်းကြည့်ပြီး ပြည်တည်တည် ပြောသည်။ သူပြောမှ ကျွန်တော်လည်း မလုံမလဲနှင့် ဗိုက်ကို ငုံ့ကြည့်မိ၏။ ဟုတ်လည်းဟုတ်သား။ ကျွန်တော့်ဗိုက်က ဘီယာနှင့် အရက်များ၏ တန်ခိုးတော်ဖြင့် မို့မောက်ဖောင်းထွက်နေပြီ။

'မသာ··တံခါးဖွင့်စရာရှိ မြန်မြန်ဖွင့်၊ တော်ကြာ မင်းအမေလင် ခွေးစာရင်းစစ်တဲ့လူတွေ ဖြစ်နေဦးမယ်'

ကျွန်တော်က နာလောက်အောင် လှမ်းဆဲပေမယ့် ခန့်မော်က အရယ်မပျက်။ ရယ်ရယ်မောမောနှင့် တံခါးချက်ကို ဖြုတ်ကာ တံခါးကို ဖွင့်လိုက်၏။

'ဟင်'

တံခါးကို ခပ်ဟဟဖွင့်ကာ ပြူးကြောင်ကြောင်ဖြစ်သွားသော ခန့်မော်၏ အမူအရာကြောင့် ကျွန်တော်လည်း အရက်ကို ဆက်မသောက်နိုင်သေးဘဲ သူ့ဘက်သို့ လှည့်



www.burmeseclassic.com

www.burmeseclassic.com

ကာ 'ဘယ်သူလဲ ခန့်မော်'ဟု လှမ်းမေးလိုက်သည်။

သို့သော် ခန့်မော်ထံက အဖြေတစ်စုံတစ်ရာ ထွက်ကျမလာ။ ရှေ့ကိုသာ ပြူးတူးတူး စိုက်ကြည့်နေသည်။

မှင်တက်အံ့ဩသွားခြင်း၊ လန့်ဖျပ်တုန်လှုပ်သွားခြင်းစသည့် အမူအရာမျိုးတွေက သူ့မျက်နှာပေါ်သို့ ဖြည်းဖြည်းချင်း ပြေးတက်လာသည်။ သူ့မျက်နှာကြီး ဘယ်လိုပင်ဖြစ်နေပါစေ ကျွန်တော် စိတ်မဝင်စား။ တံခါးခေါက်သူဟာ ဘယ်သူဘယ်ဝါဆိုတာပဲ သိလို၍ ကျွန်တော် ထိုင်နေရာမှ ထလာလိုက်ပြီး တံခါးဆီသို့ လျှောက်လာလိုက်၏။

'ဟောဗျာ၊ ဘယ်သူမှလည်း မရှိဘူး။ စောစောကတည်းက ဘယ်သူမှ မတွေ့ဘူးလား ခန့်မော်'

အပြင်သို့ ချောင်းကြည့်လိုက်သည့်အခါ တွေ့မြင်လိုက်ရသည်က ဗလာနတ္ထိ။ တံခါး၏ အပြင်ဘက်မှာ မည်သူမျှမရှိ။

ဘယ်ကမြင်းမသား လက်ဆော့သွားပါလိမ့်ဟုတွေးရင်း ကျွန်တော် စိတ်တိုသွားသည်။ တံခါးဝမှာ ပြူးကြောင်ကြောင်ရပ်နေသူ ခန့်မော်ကိုလည်း သေချာအောင်မေးလိုက်ရသည်။ သို့သော် ခန့်မော်ကမူ တစ်စုံတစ်ရာ မဖြေသေးဘဲ တောင့်တောင့်ကြီး ရပ်နေဆဲ။

'ဟိတ်ကောင် ခန့်မော်၊ မင်း ဘာဖြစ်နေတာလဲ။ ငါပြောတာ မကြားဘူးလား။ ဘယ်သူ့ကို တွေ့လိုက်လဲလို့'

'အမယ်လေး..ဟို..ဟို..ဟိုဟာ'

ကျွန်တော်က ခန့်မော်၏ပခုံးကို ဖတ်ခနဲပုတ်လိုက်မှ သူ အမယ်လေး..ထ တ,သည်။ ကျွန်တော့်ဘက်ကို အလန့်တကြား လှည့်ကြည့်ပြီး ထစ်အ,နေသည်။

'ဟိတ်ကောင်၊ ပြောစရာရှိ မြန်မြန်ဆန်ဆန်ပြောကွာ။ ငါ စိတ်မရှည်တော့ဘူး'

ကျွန်တော်ကလည်း နဂိုကတည်းက စိတ်လက်တစ်ဆစ်သမားလေ။ အရက်ကလည်း နည်းနည်းဝင်ထားပြီဆိုတော့ အ,ထစ် အ,ထစ်ဖြစ်နေသည့် ခန့်မော်အပေါ် စိတ်တိုလာသဖြင့် အော်ဟစ်လိုက်သည်။

ထိုအခါမှ ခန့်မော်လည်း သတိဝင်လာဟန်ဖြင့် 'ဟို..သရဲ..သရဲလို့ ထင်တာပဲ'ဟု ကယောင်ကတမ်းပြောသည်။

'ဟေ..သရဲ ဟုတ်လား။ ဘယ်လိုပုံစံလဲ'

နဂိုက စိတ်မရှည်ဖြစ်ပြီး စိတ်တိုချင်ချင်ရှိပေမယ့် ခန့်မော်၏ အဖြေစကားကြောင့် ကျွန်တော် ရယ်ချင်သွားသည်။ သရဲတဲ့။ စောစောက ကြည့်နေသော ဇာတ်ကားနှင့် ရောထွေးသွားပုံရသည်။ အင်းလေ၊ အရက်လည်းသောက်ထားမှတော့ ဖြစ်ပြီပဲပေါ့။

'မ..မပြောတတ်ဘူးကွ။ ငါလည်း တံခါးဖွင့်လိုက်ရော ရိပ်ခနဲ မြင်လိုက်ရတယ် ထင်တာပဲ'

'အေးလေ၊ ဘယ်လိုပုံစံကို မြင်လိုက်ရတာလဲလို့'

'အာ..ရိပ်ခနဲ မြင်လိုက်ရတာပါ ဆိုနေမှ။ ဘယ်လိုလုပ်ပြီး ပုံဖော်လို့ရမှာလဲ။ ဟို..မိန်းမတစ်ယောက်လို့ထင်တာပဲ။ မပြောတတ်ဘူး။ ငါပဲ မူးနေသလားမသိ'

'ခွိ..ခွိ..အဟိဟိ..ဟား..ဟား'

အစပိုင်းတွင် ကျွန်တော် မရယ်မိအောင် ထိန်းပါသေးသည်။ သို့ပေမယ့် မည်သို့မျှထိန်းမရတော့၍ တဟားဟားရယ်ချလိုက်မိပြီ။ ရယ်လျှင်လည်း ရယ်ချင်စရာပဲလေ။ သရဲမကို ရိပ်ခနဲ တွေ့လိုက်ရသတဲ့။ ဘယ်လောက်ယုတ္တိမဲ့လိုက်သလဲဆိုတာ။

ကျွန်တော့်ရယ်သံကြောင့် ခန့်မော်၏မျက်နှာ ညှိုးမည်းသွားသည်။ သူ့ကို လှောင်ပြောင်ရကောင်းလားဟု တွေးကာ စိတ်ဆိုးသွားပုံရသည်။ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ကာ ကွန်ပျူတာရှေ့သို့ ထွက်သွားသည်။ ကျွန်တော်ကတော့ တံခါးအနီးမှာ ပြုံးစိစိ ကျန်ရစ်ခဲ့ရ၏။

အဆောင်ဟု ဆိုခဲ့ပေမယ့် အမှန်တော့ နှစ်ထပ်အိမ်တစ်လုံးသာဖြစ်သည်။ ထိုနှစ်ထပ်အိမ်ထဲတွင် အခန်းကျဉ်းလေးပေါင်း မြောက်မြားစွာပါဝင်နေသည်။ ကျွန်တော်တို့က ထိုအခန်းကျဉ်းလေးများထဲက အခန်းတစ်ခန်းကို ငှားရမ်းထားခြင်းသာ။ အခန်းထဲမှာ ရေချိုးခန်းနှင့် အိမ်သာမပါ။ ရေချိုးလိုလျှင်၊ အိမ်သာသွားလိုလျှင် အောက်ထပ်သို့ ဆင်းရသည်။ အောက်ထပ်၌ အိမ်ငှားအားလုံးအတွက် အများသုံး ရေချိုးခန်းနှင့် အိမ်သာ (၅)လုံးစီရှိသည်။

ခန့်မော်က ဆောင့်ဆောင့်အောင့်အောင့် အမူအရာဖြင့် ကွန်ပျူတာရှေ့သို့ ထွက်ခွာလာပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။ ထို့နောက် စောစောက ရပ်ထားသော သရဲကားကို Play လိုက်ရင်း အရက်ခွက်ဆီသို့ လက်လှမ်းလိုက်၏။ အရက်ပုလင်း၊ အရက်ခွက်နှင့် အမြည်းများကို ကွန်ပျူတာနှင့် ထိုင်ခုံများကြားရှိ စားပွဲငယ်ပေါ်တွင်

www.burmeseclassic.com

တင်ထားခြင်း ဖြစ်သည်။

'အမယ်လေး··ဘာကြီးတုံးဟ'

ခန့်မော်ရှိရာဆီသို့ ကျွန်တော်လျှောက်လာစဉ် ခန့်မော်က ရုတ်တရက်ထအော်သည်။ မျက်နှာကလည်း ဖရိုဖရဲ ဖြူးတူးပြတဲ။ ကြည့်ရတာ ချောက်ချားစရာတစ်ခုကို ရုတ်တရက် တွေ့လိုက်ရလားပဲ။ သူကြည့်နေရာဆီသို့ လှမ်းကြည့်လိုက်တော့ ဘာမျှမရှိ။ သူတစ်ယောက်တည်း ဘာတွေမြင်နေသလဲမသိ။

'ဟိတ်ကောင် ခန့်မော်၊ ဘာဖြစ်ရပြန်ပြီလဲ။ တစ်ယောက်တည်း ဘာတွေထအော်နေတာလဲ။ အရက်ကြောင့်မူးရူးနေတာလို့ ဆိုရအောင်ကလည်း မင်းသောက်တာဖြင့် ဘယ်လောက်မှ မရှိသေးဘူး'

ကျွန်တော်က ခန့်မော်ကို လှမ်းဆူလိုက်ရင်း သူရှိရာဆီသို့ လျှောက်လာလိုက်သည်။ ကျွန်တော်က လှမ်းအော်သေမယ့် ခန့်မော်က ကျွန်တော့်စကားကို အဖက်မလုပ်နိုင်။

တဆတ်ဆတ်တုန်နေသော လက်ကိုသာ လေထဲသို့ မြှောက်လိုက်ပြီး 'ဒီ··ဒီမယ်··ဒီမယ်'ဟု ဆိုလိုက်သည်။

တစ်စုံတစ်ရာကို လက်ညှိုးထိုးညွှန်ပြနေခြင်း ဖြစ်သည်။ သူညွှန်ပြနေသောနေရာ၌ အရက်ခွက်နှင့် အရက်ပုလင်းများသာ ရှိ၏။

'ဘာလဲ၊ အရက်ပုလင်း တစ်ဝက်ကျိုးနေတဲ့ကိစ္စကို ထအော်တာလား။ သောက်ရူး၊ အဲဒါ စောစောက ငါတို့သောက်ထားတာလေ။ ဘယ်သရဲမှ လာမသောက်ဘူး'

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ အလကားနေရင်း ဆူဆဲကာ မာန်မဲတတ်သည့် အကျင့်ရှိ၏။ ခန့်မော်က တော်ရုံတန်ရုံ ဒေါသမထွက်တတ်မှန်းသိနေ၍ ကျွန်တော်က ချည်း ဆူဆဲနေမိပြီ။ ကျွန်တော် ဆူဆဲငေါက်ငမ်းနေပေသိ ခန့်မော်၏မျက်နှာ၌ စိတ်ဆိုးခြင်း အရိပ်အယောင်များ မရှိ။ ဇဝေဇဝါအကြည့်တို့ဖြင့် ကတုန်ကယင် ရှိနေဆဲသာ ဖြစ်၏။

'မဟုတ်ဘူးလေ ပိုင်နိုင်ရာ၊ ဒီမယ် ဖန်ခွက်တွေပေါ်မှာ'

ထိုအခါမှ ခန့်မော်၏လက်ညှိုးက ဖန်ခွက်များအပေါ်သို့ ညွှန်ပြနေခြင်းဖြစ်မှန်းသိရ၍ သူညွှန်ပြရာဆီသို့ ကျွန်တော် ကြည့်လိုက်မိသည့်အခါ တွေ့မြင်လိုက်ရသည့်အရာက ရှည်လျားတုတ်ခိုင်သော ဆံချည်မျှင်တစ်ချောင်း။

'ဟာ'

မည်သို့ဖြစ်သွားသည်မသိ။ ထိုအရာကို မြင်လိုက်ရသည့် တစ်ခဏ ကျွန်တော့်ခန္ဓာ ကိုယ်အနှံ့အပြားတွင် ကြက်သီးဖုလေးများ ထပြေးကုန်သည်။ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားသည်။ ထိုအရာကို မြင်သည့်အခိုက် ဘာကြောင့် ကြက်သီးထသွားရသလဲ ဆိုတာကို ကျွန်တော်ကိုယ်တိုင်လည်း နားမလည်နိုင်သေး။ ကျွန်တော်ဟာ တော်တန်ရုံ ကြောက်လန့်တတ်သူ မဟုတ်ပါ။

ဘာမဟုတ်တဲ့ ဒီဆံပင်ရှည်တစ်ချောင်းကို မြင်ရုံနဲ့ ငါ ကြောက်စရာလား။

ထိုသို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း ဖန်ခွက်များပေးမှ ထိုအရာကို ငေးငိုင်စိုက်ကြည့်နေမိပြီ။

ခန့်မော်က အတော်လန့်နေပုံရသည်။ သူ အလွန်ခံမင်သည့် အရက်ပုလင်းနှင့် အရက်ခွက်များဆီသို့ လက်မလှမ်းဝံ့ဟန်ဖြင့် ကြောင်ငေးကြည့်နေ၏။ ထိုဆံနွယ်တစ်ချောင်းနှင့်ပတ်သက်ပြီး ဒွိဟလည်း ဖြစ်နေသည့်ပုံ။ သူမှ မဟုတ်၊ ကျွန်တော့်ကိုယ်၌လည်း ထိုနည်းလည်းကောင်း။ ဒီဆံပင်တစ်ချောင်း ဘယ်ကဘယ်လို ရောက်လာသလဲဟူသော အတွေးဖြင့် ငိုင်တွေသွားမိပြီ။

အရိုးသားဆုံး ဝန်ခံရသော် ကျွန်တော်တို့တွေဟာ လူလွတ်လူငယ်များဖြစ်၍ လူငယ်ပီပီ ပျော်ချင်ပါးချင်သည်မှန်သော်လည်း မိန်းမကိစ္စ၌တော့ ကင်းရှင်းကြသည်။ ခန့်မော်ဆိုလျှင် မိန်းကလေးများနှင့် ကြုံတတ်၊ အီတတ်သည်ကလွဲ၍ ဟိုဟိုသည်သည် ပတ်သက်တာမျိုး တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့။ ကျွန်တော်ကိုယ်တိုင်လည်း သူငယ်ချင်းကတစ်ဆင့် ချစ်သူဖြစ်လာသော မိုးမဥူနှင့် သမီးရည်းစားသဘာဝ လည်ပတ်ချိန်းတွေ့သည်ကလွဲလျှင် အဆောင်သို့ ခေါ်လာတာမျိုးကို ယောင်လို့တောင် စိတ်မကူးမိခဲ့။ ကျွန်တော်တို့နှစ်ဦး ငှားရမ်းနေထိုင်သော ဤအခန်းသို့ ဣတ္ထိယ မဝင်ဖူးသည်မှာ နှစ်ပရိစ္ဆေဒ ကြာညောင်းနေပါပေါ့။

'တော်တော်ရှည်တာပဲကွ'

စိတ်မရှည်တတ်သူ ကျွန်တော်ကပဲ ဖန်ခွက်များပေါ် ထိုဆံပင်ကို ဆိုးဆိုးဆတ်ဆတ် ကောက်ယူကာ သုတေသနပြုလုပ်လိုက်၏။

သေချာပါသည်။ မိန်းမတစ်ယောက်၏ ဆံပင်သာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လိမ့်မည်။ အရှည်က နှစ်တောင်နီးပါးခန့်။ အမျိုးသမီး တစ်ယောက်၏ တင်ပါးပေါ်အထိ ဝဲပျံ့နေမည့်ဆံနွယ်မျိုး။ ဘယ်ကဘယ်လို ရောက်လာပါလိမ့်။ ထိုမေးခွန်းကို ကိုယ့်ဘာသာကိုယ် ဒုတိယအကြိမ် မေးမိပြန်ပြီ။

'မိစု…မိစုများလား'

ဆံနွယ်ကို ကိုင်ကြည့်ရင်း ကျွန်တော် စဉ်းစားခန်းဝင်နေစဉ် ခန့်မော်ထံမှ တိုးဖွဖွရေရွတ်သံ ထွက်ကျလာသည်။

မိစု…မိစုဆိုပါလား။ ဘယ်သူ့ကို ပြောတာလဲ။

ကျွန်တော် ခန့်မော်၏ မျက်နှာကို စိုက်ကြည့်လိုက်တော့ သူ့မျက်နှာတွင် စိုးရိမ်သောကရိပ်တို့ လွှမ်းတက်ကာ မိုးတိမ်မည်းတစ်ခုလို ညို့မှိုင်းအုံ့ဆိုင်းနေသည်။

'ဘယ်သူလဲ၊ မိစုဆိုတာ ဘယ်သူလဲ ခန့်မော်။ မင်း ဘာကိုပြောချင်တာလဲ'

'မိစုဆိုတာ ငါ့ညီမလေးကွ။ ညီမလေးအကြောင်း မင်းကို ငါ တစ်ခါပြောဖူးသားနဲ့။ ဘုရား…ဘုရား…ညီမလေး၊ ဘာမှမဖြစ်ပါစေနဲ့'

ခန့်မော်က တုန်တုန်ယင်ယင် အသံဖြင့်ဆိုရင်း ကျွန်တော့်ကို မော့ကြည့်သည်။ သူ့မျက်ဝန်းမှာ မျက်ရည်စများ ရစ်သိုင်းဝေလို့။

သူ ဘာကိုပြောချင်သလဲ ဆိုတာကို ကျွန်တော် သဘောပေါက်လိုက်ပြီ။ သူ့ညီမ စုစုမော်အကြောင်း ခန့်မော် တစ်ခါလား ပြောဖူးသည်။ ခန့်မော်၏အောက်တွင် အသက်(၆)နှစ်ကွာသည့် ညီမလေးတစ်ယောက်ရှိကြောင်း၊ စုစုမော်တွင် တင်ပါးကျော်ကျော် ရှည်လျားသည့် ဆံပင်ရှည်ကြီးများရှိသဖြင့် ကာလသားများ၏ မျက်စိကျမှုကို အထူးခံရကြောင်း၊ ညီမဖြစ်သူအတွက် အမြဲစိတ်ပူနေခဲ့ရကြောင်းတို့ကို ခန့်မော် တစ်ခါပြောဖူး၏။ ဒါဆို ဤရှည်လျားလျား ဆံနွယ်က စုစုမော်၏ ဆံပင်တစ်ချောင်းလား၊ ဒါဖြင့် စုစုမော်ဟာ…။

သေလွန်သူတို့သည် သူတို့ ချစ်ခင်တွယ်တာသူများထံသို့ စွဲလမ်းစိတ်ဖြင့် ရောက်ရှိလာတတ်ကြောင်း နိုင်ငံရပ်ခြားမှ တစ္ဆေသရဲ သုတေသနပြု စာအုပ်စာတမ်းများမှ တစ်ဆင့် ကျွန်တော် ကြားသိခဲ့ရဖူးသည်။ ဘာသာရေးဖြင့် ကြည့်လျှင်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် လေးဘုံဌာနအနက် သေလွန်ပြီး စွဲလမ်းတွယ်တာမိပါက ဝိညာဉ်ဘဝ တစ်နည်းအားဖြင့် ပြိတ္တာဘဝသို့ ရောက်ရှိတတ်သည်ဟု ကြားဖူး၏။

ဤသို့ဆိုလျှင် အစ်ကိုဖြစ်သူအပေါ် စွဲလမ်းစိတ်က ခန့်မော်၏နှမ စုစုမော်ကို ဝိညာဉ်ဘဝသို့ ရောက်ရှိစေခဲ့သလား။ အလွန်ချစ်ခင်သော အစ်ကိုဖြစ်သူကို စွဲလမ်းနေ၍ ဤဆံနွယ် တစ်ချောင်းကို အထင်တရှားပြကာ တမလွန်မှ လာရောက်နှုတ်ဆက်ခြင်းလား။ ကျွန်တော်လည်း ထိုကိစ္စအပေါ် ဉာဏ်မမီနိုင်တော့။

ခန့်မော်ခမျာတော့ နှမဖြစ်သူအတွက် စိတ်ပူပြီး ငါးရံ့ပြာလူးသလို ဖျတ်ဖျတ်ခါနေပြီ။ အရူးမီးဝိုင်းသလို ယောက်ယက်ခတ်နေရှာပြီ။

'ငါ…ငါ စိတ်ပူတယ်ကွ။ ငါ့ညီမ ဘာများဖြစ်နေပြီလဲ မသိဘူး။ ဘယ်လိုလုပ်ရမလဲဟင် ပိုင်နိုင်။ ပြောပါဦး'

'ဟိတ်ကောင်၊ အဲဒီလောက်လည်း စိတ်မပူစမ်းနဲ့။ ဪ…မေ့နေလိုက်တာ။ ဖုန်းဆက်ကြည့်ပါလားကွ။ အကြောင်းတစ်ခုခု သိရအောင် မင်းမိဘတွေဆီ ဖုန်းဆက်ကြည့်လေကွာ'

'ဟမ်…အေး…အေး…ဟုတ်သားပဲ။ ငါ့နှယ်…မေ့နေလိုက်တာ။ ဖုန်းဆက်ကြည့်ရမယ်'

ခန့်မော်က ပြောပြောဆိုဆိုဖြင့် ဟန်းဖုန်းကို လှမ်းယူကာ သူ့အိမ်၏ ဖုန်းနံပါတ်ကို ကောက်ဆက်လိုက်သည်။ တစ်ဖက်က ချက်ချင်းဖုန်းမကိုင်သေး၍ ခန့်မော်မှာ အခန်းကျဉ်းလေးကို ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဂနာမငြိမ်ဖြစ်နေသည်။

သူ မပြောနှင့်၊ ကျွန်တော်ပင် ရင်တထိတ်ထိတ်။ နှစ်ယောက်သား အရက်သောက်နေခိုက် ရုတ်တရက်ကြားလိုက်ရသည့် တံခါးခေါက်သံ၊ သွားဖွင့်ကြည့်တော့လည်း ဘာကိုမျှမတွေ့ရ။ ခန့်မော်ကတော့ မိန်းမတစ်ယောက်၏ ပုံရိပ်ကို ဝိုးဝိုးဝါးဝါး တွေ့လိုက်ရသတဲ့လေ။ ဒါကလည်း မသင်္ကာစရာ။ ခန့်မော်၏ညီမလေး စုစုမော်တစ်ယောက် ရုတ်တရက် သေဆုံးသွား၍များ အစ်ကိုဖြစ်သူကို လာရောက်နှုတ်ဆက်လေသလားဟုသာ တွေးလိုက်မိသည်။ သို့ပေမယ့် မရေမရာ။ စဉ်းစားလေ နားလည်ရခက်လေ။

ဘယ်အချိန်များ ခန့်မော်၏ မိဘများက ဟန်းဖုန်း တစ်ဖက်ခြမ်းမှနေ ငိုသံကျယ်ကြီးနှင့် ထူးလိုက်လေမလဲ ဟုတွေးရင်း ကျွန်တော်ကိုယ်တိုင်လည်း ခန့်မော်နည်းတူ



www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်ပူပန်နေမိပါပြီ။

'ဟယ်လို'

'ဟယ်လို..အမေလား၊ အမေ..သားပါ ခန့်မော်ပါ။ ညီမလေးရောဟင်။ ညီမလေး နေကောင်းရဲ့လား'

'ကောင်းပါတယ် သားရဲ့၊ ဘာဖြစ်လို့လဲ။ မင်းညီမ ဟိုမယ် စာကြည့်နေတယ်'

'ဪ..ဒါဆို ညီမလေး အိမ်မှာပဲပေါ့။ တကယ်ပဲ ရှိပါတယ်နော်။ အမေရယ်..မလိမ်ပါနဲ့။ မိစု အကောင်း အတိုင်းပဲလား'

'ရော်ကွယ်၊ အမေက လိမ်စရာလား သားရယ်'

'ဟူး..တော်သေးတာပေါ့အမေရယ်။ သားက ညီမ လေးအတွက် စိတ်ပူနေတာ'

'ဟဲ့..ဘာဖြစ်လို့တုံး။ မင်း ဘာတွေကြားမိလို့လဲ'

'အာ..ဘာမှမကြားပါဘူး။ ဟို..သတင်းစာတွေထဲ မှာ လူကုန်ကူးတာတွေ ပါနေတော့ ညီမလေးအတွက် စိတ်ပူလို့ပါ'

'အေး..အေး..သားလေး၊ မင်းနမက လိမ္မာပါတယ်။ စာလည်း ကြိုးစားတယ်။ ဘာမှမစိုးရိမ်နဲ့နော် သားငယ်'

'ဟုတ်ကဲ့ အမေ၊ သားလည်း အဆင်ပြေပါတယ်။ ဟိုလေ..သတိရလို့ ဆက်လိုက်တာပါ။ ဒါဆို ဖုန်းချလိုက် တော့မယ်နော်'

ထိုအခါမှပဲ စောစောက ညှိုးပုပ်မည်းနေသော ခန့် မော်၏ မျက်နှာကြီးသည် တိမ်စင်သောလပမာ ဝင်းပသွား သည်။ ကျွန်တော်ကိုယ်၌လည်း ယခုမှပဲ သက်ပြင်းရှိုက် နိုင်တော့၏။

'တော်ပါသေးရဲ့။ ငါက ညီမလေးများ တစ်ခုခုဖြစ် သလားလို့။ မင်းပဲ စဉ်းစားကြည့်လေ။ စောစောက ငါတို့ နှစ်ယောက် အရက်သောက်နေတုန်းက ဒီဆံပင် မရှိပါ ဘူး။ ဟော..တံခါးခေါက်သံကြားလို့ ထကြည့်တော့ မိန်းမတစ်ယောက်ကို ငါ ရုတ်တရက်တွေ့လိုက်ရတယ်။ ဒါကတော့ ငါ အရက်မူးနေလို့ ယုန်ထင်ကြောင်ထင် မြင်တယ်ပဲ ထားဦး။ ပြန်လည်းရောက်ရော ဒီအရက်ခွက် တွေပေါ်မှာ ဒီဆံပင်ရှည်ကြီးက ရောက်နေတယ်။ ကြမ်း ပြင်မှာ တွေ့တာမျိုးဆို သိပ်မဆန်းဘူး။ ခုဟာက ငါတို့ မြင်အောင် တမင်ချထားသလိုမျိုး ကန့်လန့်ကြီး၊ ထင်ထင် ရှားရှားကြီး။ နောက်ပြီး ဒီဆံပင်ကိုလည်းမြင်ရော ငါ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားတယ်။ ကဲ'

ခန့်မော်က သူ့စိတ်ထဲရှိသမျှကို အိတ်သွန်ဖာမှောက် ပြောပြရင်း ကြက်သီးထလာဟန်ဖြင့် လက်နှစ်ဖက်နှင့် လက်မောင်းများကို ပွတ်သပ်လို့နေသည်။ အံ့ဩစရာပင်။ ကျွန်တော်ကိုယ်တိုင်လည်း ခန့်မော်နှင့်ထပ်တူ ခံစားခဲ့ရ သည် မဟုတ်လား။ ဒါဆို ဒီဆံပင်ရှည်က ဘာလဲ။ နားလည်ရခက်ပါဘိ။

'အဲ..နေပါဦး၊ မင်းချစ်သူ မိုးမဍ္ဂူလည်း ဆံပင် တော်တော်ရှည်နေပြီနော်'

'အေးဟ၊ မဍ္ဂူရဲ့ဆံပင်က တင်ပါးကျော်နေပြီကွ။ ဟာ..နေပါဦးကွ၊ ဒါဆို..ဒါဆို မဍ္ဂူများ တစ်ခုခုဖြစ် နေသလား'

ခန့်မော်၏ သတိပေးစကားက ကျွန်တော့်ကို လန့် ဖျပ်သွားစေပြီး ကျွန်တော့်မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက် ကုန်သည်။

သည်တစ်ခါတော့ ကျွန်တော့်အလှည့်ဟု ဆိုရမည်။ စိုးရိမ်ပူပန်စိတ်တို့က တရိပ်ရိပ်တက်လာသဖြင့် ဦးခေါင်း တစ်ခုလုံး ထူပူကုန်ပါပေါ့။ စောစောက သူများအတွက် ပူပန်ပေးသည့်စိတ်က ကိုယ့်ကိုယ်ပိုင်အပူနှင့် နှိုင်းယှဉ် သော် မြင်းမိုရ်တောင်နှင့် ဆီးစေ့လောက်ကွာသည်။ ရေ နွေးပူထဲ ဝင်စိမ်နေရသလိုမျိုး တစ်ကိုယ်လုံး ပူထူလာ သည်။ စိုးရိမ်စိတ်ကြောင့် ရင်တစ်ခုလုံး ဖြောင်းဆန်သွား ရပြီ။

ရှားရှားပါးပါး ရထားသော ချစ်သူလေး မိုးမဍ္ဂူတစ် ယောက် ဘာများဖြစ်နေပြီလဲ။ သူမက သည်ညနေ ကျူ ရှင်သွားစရာရှိသည်ဟု ဆိုသည်။

ဘုရား..ဘုရား..ကားများ တိုက်သလား။ ဒါမှမဟုတ်..။





www.burmeseclassic.com

www.burmeseclassic.com

ဟန်းဖုန်းကို လှမ်းဆွဲကာ ဖုန်းနံပါတ်ကိုနှိပ်သည်။ အယောင်ယောင်အမှားမှား နှိပ်နေမိ၍ စိတ်ကိုထိန်းကာ မိုးမဉ္ဇူ၏ ဖုန်းနံပါတ်ကို သေချာရှာပြီး ဆက်လိုက်သည်။ တစ်ချက် နှစ်ချက် ခေါ်ပြီးသည်နှင့် တစ်ဖက်က ဖုန်းကိုင်လိုက်သည်။ ကျွန်တော့်မှာလည်း ရင်ထိတ်ရုံတင်မက ရင်ထဲ တဒိန်းဒိန်းဖြစ်နေပြီ။ တစ်ဖက်ခြမ်းမှနေ ကျွန်တော် မကြားချင်ဆုံး အရာတွေများ ကြားရတော့မလား။

'ဟယ်လို··မောင်လား၊ ဘာကိစ္စရှိလို့လဲ။ မဉ္ဇူ အခု ကျူရှင်မှာ စာသင်နေတာ'

မဟုတ်ပါ၊ တော်ပါသေးရဲ့။ တစ်ဖက်မှ ချစ်သူလေး၏ ချိုမြမြထူးသံလေးကို ကြားရမှပဲ ကျွန်တော့်ရင်ဘတ်ကြီး အေးမြသွားသည်။

မိုးမဉ္ဇူကို အခန်းထဲတွင် ဆံပင်ရှည်ကြီးတစ်ချောင်း တွေ့သဖြင့် သူမများ တစ်ခုခုဖြစ်သလားဟု တွေးကာ စိတ်ပူသွား၍ ဖုန်းဆက်မိကြောင်းဆိုတော့ မယ်မင်းကြီးမလေးက သူ့အတွက် စိတ်ပူတာကို ကျေးဇူးတင်မည်မရှိ။ မဟုတ်တာတွေကို မသင်္ကာဖြစ်နေသောကြောင့် အသည်းအသန် ရှင်းပြရသေးသည်။ နောက်ဆုံးမှာတော့-

'မောင်နော်၊ မဉ္ဇူ မသိအောင် မဟုတ်တာတွေလုပ်မယ် မကြံနဲ့။ အသက်ချင်း လဲပစ်လိုက်မယ်။ ဟွန်း' ဟု ခြိမ်းခြောက်ကာ ဖုန်းချသွားလေသည်။

ခန့်မော်နှင့် ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သက်ပြင်းရှည်ကြီးကို ပြိုင်တူချမိသည်။ ဘယ်လိုပါလိမ့်။ တော်တော်လေး ဂြိုဟ်မွှေသော ဆံပင်ရှည်တစ်ချောင်းပင်။ ကျွန်တော်တို့နှစ်ယောက်လုံးကို ခဏတာ သွေးဆူအောင်၊ သောကပွေအောင် ပြုစားသွားနိုင်သည်။ ယခုတော့ သည်ဆံပင်ရှည်ပိုင်ရှင်က ခန့်မော်၏ညီမ စုစုမော်လည်းမဟုတ်၊ ကျွန်တော့်ချစ်သူ မိုးမဉ္ဇူလည်းမဟုတ်။ ဒါဆို ဒီပဟေဠိဆန်တဲ့ ဆံချည်တစ်မျှင်က ဘယ်သူ့ဆံပင်လဲ။ တခြားက လွင့်လာသည်ဆိုရအောင်ကလည်း အခန်းက လုံပိတ်နေသည်။ မည်သို့မျှ မဖြစ်နိုင်သည့် အခြင်းအရာ။

အရက်ဝိုင်းသည် ပဟေဠိဆန်သော ဆံနွယ်ရှည်တစ်ချောင်းကြောင့် ပျော်ရွှင်ခြင်းတို့ နိဂုံးတံသွားခဲ့သည်။ နှစ်ယောက်လုံးလည်း မူးမည်မှ မကြံသေး ထူးထူးဆန်းဆန်းတွေ ကြုံနေရသဖြင့် စိတ်ထွေပြားခြင်း၊ စိတ်ချောက်ချားခြင်းတို့နှင့်အတူ မအီမသာဖြစ်ခြင်းကိုပါ ခံစားနေရ၍ အရက်ကို စိမ်ပြေနပြေ သောက်မနေတော့ဘဲ အမူး

သောက်ပစ်လိုက်သည်။ မူးမှပဲ အရာအားလုံးကို မေ့ပျောက်နိုင်မည်။ ဒါမှလည်း ဘယ်ကရောက်လာမှန်းမသိသည့် ဆံရှည်တစ်ချောင်း၏ ရာဇဝင်ကို မှန်းဆစိတ်ကူးနေမှုတို့ အဆုံးသတ်သွားလိမ့်မည် မဟုတ်ပါလား။

◆ ◆ ◆

'ဒေါက်··ဒေါက်··ဒေါက်'

ခေါက်ပြန်ပြီ သည်တံခါး။ ထိုတံခါးခေါက်သံကြောင့် ကျွန်တော် လန့်နိုးလာသည်။ ပတ်ဝန်းကျင်သည် လင်းချင်းနေပြီ။

ညက ကျွန်တော်တို့နှစ်ယောက် စိတ်နောက် ကိုယ်နောက်ဖြင့် အမူးသောက်ကာ အိပ်ပျော်သွားခဲ့ကြရာ ယခုမှသာ အိပ်ရာကနိုးသည်။ နာရီကိုကြည့်တော့ မနက်(၈)နာရီ။ ကြမ်းပြင်ပေါ်တွင် လှဲအိပ်နေရာမှ ကျွန်တော် လူးလဲထပြီး ခြေရင်းတွင် ပုဆိုးကြီးလန်လျက် (ဘောင်းဘီပါ၍ တော်သေးသည်) တခေါခေါ အိပ်မောကျနေသော ခန့်မော်ကို ခြေထောက်နှင့် ကန်နှိုးလိုက်သည်။ ခန့်မော်က အုအုအဲအဲ အော်ရင်း နိုးလာသည်။

'ဒေါက်··ဒေါက်··ဒေါက်··ဒေါက်'

တံခါးခေါက်သံကမူ တရစပ်ထွက်ပေါ်နေ၏။ ဘယ်သူများပါလိမ့်။ ဘာလို့ တစ်ချိန်လုံး တံခါးခေါက်နေရတာလဲ။ စိတ်လက်တစ်ဆစ်သမား ကျွန်တော်က တံခါးရှိရာဆီသို့ ပြေးဝင်သွားလိုက်ရင်း ပါးစပ်ကလည်း ဗျစ်တောက်,ဗျစ်တောက် အော်လိုက်သည်။

'လာပြီဗျို့··လာပြီ၊ တကတည်း ခေါက်နေလိုက်တာများ မပြောလိုက်ချင်ဘူး။ သူများတကာတွေ အိပ်နေကြတယ်။ အလိုက်ကန်းဆိုးလေးများ သိပါဦး'

'ကျွီ'

'အဲတော်··အကြီးစိန်'

တံခါးဖွင့်လိုက်သည့်အခါ တွေ့မြင်လိုက်ရသူက အကြီးစိန် အမည်ရှိသော ဒေါ်စိန်မြင့်။ ဒေါ်စိန်မြင့်ကို မြင်လိုက်ရသဖြင့် ကျွန်တော့်မျက်နှာလည်း အလိုအလျောက် အော်တိုမက်တစ် ပြုံးသွားသည်။

'အေး··ငါပဲ။ နင်တို့တွေ ခုချိန်ထိ မထကြသေးဘူးလား။ ဘယ်နှစ်နာရီရှိပြီလဲ။ လူငယ်တွေဖြစ်ပြီး စောစော



www.burmeseclassic.com

www.burmeseclassic.com

စီးစီး မထကြဘူး။ ဟင်း··မပြောလိုက်ချင်ဘူး။ အန့်ဆိုး တွေကလည်း နံဟောင်နေရောပဲ'

'ဟဲ··ဟဲ··ဟို··ခါတိုင်း ကျွန်တော်တို့ အစောကြီး ထနေကျပါ'

'အောင်မာ၊ ဒါဆို ဒီနေ့ ဘာလို့မထတုံး'

'ဟိုလေ··ဩော်··ညက ကျွန်တော်တို့နှစ်ယောက် စာကြည့်တာ ညဥ့်နက်သွားလို့'

'အပိုတွေ ဟွန်း။ ကဲပါ··ရော့၊ ဒီနေ့ ငါ့သမီးလေး ဆုံးတာ တစ်နှစ်ပြည့်တဲ့နေ့ပဲ။ မနက်ကပဲ ဘုန်းကြီးတွေ ပင့်ပြီး အာရုံဆွမ်းကပ်ပြီးသွားပြီ'

ဒေါ်စိန်မြင့်က ပြောပြောဆိုဆိုနှင့် ဒံပေါက်နှစ်ထုပ်ကို ကမ်းပေးသည်။ တင်းမာခက်ထန်နေသော ဒေါ်စိန်မြင့်၏ မျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်တို့ကို သတိထားမိလိုက်သဖြင့် ကျွန်တော် ကြောင်ငေးကြည့်နေမိသည်။

ဒံပေါက်နှစ်ထုပ်ကို လက်ခံယူလိုက်သည့်အခါ ဒေါ်စိန်မြင့် ချာခနဲလှည့်ထွက်သွားသည်။ ခြေသံကြမ်းကြမ်းကြီးက ကျွန်တော်တို့ အခန်းရှေ့မှာ ပဲ့တင်ထပ်လျက်ကျန်ရစ်ခဲ့၏။ မျက်စိရှေ့က ဒေါ်စိန်မြင့် ပျောက်ကွယ်သွားတော့မှ ကျွန်တော် တံခါးပိတ်လိုက်သည်။ နောက်လှည့်ကြည့်လိုက်တော့ ခန့်မော် နိုးနေပြီ။

'ဗျား··ဘယ်သူ လာသွားတာလဲ'

ခန့်မော်က အပျင်းကြောဆန့်ရင်း မေးသည်။

'အကြီးစိန်ပါ'

'အဲဒီ အိမ်ရှင်အဘွားကြီးက ဘာလာလုပ်တာလဲ'

'ဒီနေ့ သူ့သမီးလေးဆုံးတာ တစ်နှစ်ပြည့်တဲ့။ အဲဒါ ငါတို့အတွက် ဒံပေါက်လာပို့သွားတယ်'

'ဩော်··သန္တာလေး ဆုံးသွားတာတောင် တစ်နှစ်ပြည့်ပြီကိုး။ အင်း··သူ့ကို ခုထက်ထိ ငါ့မျက်စိထဲ မြင်ယောင်နေတုန်းပဲ။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ ကြည့်ကောင်းရတဲ့အထဲ ဆံပင်ကလည်း အရှည်ကြီးဆိုတော့ မြန်မာဝတ်စုံလေးနဲ့ဆို သိပ်လှတဲ့ ကောင်မလေး။ နှမြောစရာ ကောင်းလိုက်တာကွာ။ လှေကားပေါ်က ချော်ကျရတယ်လို့။ အင်း··ငါ့မျက်စိရှေ့မှာတင်ပဲ ချော်ကျသွားတာလေ။ ခုထိ မှတ်မိနေတုံး'

ခန့်မော်က စိတ်မကောင်းဖြစ်ဟန်ဖြင့်ဆိုရင်း ဟင်းခနဲ သက်ပြင်းရှိုက်သည်။ နှစ်ယောက်သား ခဏမျှငြိမ်နေပြီးနောက် ခန့်မော်က မျက်နှာသစ် သွားတိုက်ရန် အောက်ထပ်သို့ ဆင်းသွားသည်။ အပေါ်ထပ်မှာ ကျွန်တော် တစ်ယောက်တည်း အတွေးနယ်လွန်ရင်း ကျန်ရစ်ခဲ့ရပြီ။

စိတ်မျက်စိထဲတွင် မြင်ယောင်နေမိသည်က ဆံနွယ်ရှည်လေးများကို လှပသေသပ်စွာ စည်းနှောင်ထားတတ်သော အသက်(၁၈)နှစ်အရွယ်ရှိ မိန်းမချောလေး သန္တာ၏ ဖူးကြွကြွပုံရိပ်တချို့။ သန္တာက ချစ်စရာအလွန်ကောင်းသောမိန်းကလေး။ မာန်မာနမရှိဘဲ ရိုးသားဖြူစင်သူလေး။ ကျွန်တော်တို့အပေါ်တွင်လည်း အစ်ကိုလို ပြောဆိုခင်မင်တတ်သော ညီမငယ်လေး။ လွန်ခဲ့သော တစ်နှစ်က ကျွန်တော်တို့အခန်းနှင့် (၃)ခန်းခြားတွင် နေထိုင်သော သူမ၏ အစ်ကိုထံသို့အလာ လှေကားထိပ်မှ ခြေချော်ကျခဲ့သည်။ နေရာ၌ပင် ပွဲချင်းပြီး ဆုံးသွားခဲ့သည်။

ချစ်စရာကောင်းပြီး သူမ၏အမေ ဒေါ်စိန်မြင့်နှင့်မတူ ဖော်ရွေသွက်လက်သော သန္တာလေးကို အဆောင်နေလူအားလုံးက ချစ်ခင်ကြသဖြင့် သူမသေတော့ ငိုလိုက်ကြသည်မှာ အုန်းအုန်းကျွက်ကျွက်။ သူမ၏ အစ်ကိုခမျာလည်း သူ့ဆီလာရင်း သေရသည်ဟုတွေးကာ စိတ်နာစိတ်ပျက်ပြီး နိုင်ငံခြားသို့ ထွက်သွားခဲ့သည်။ ယခုဆို သန္တာ သေဆုံးတာ တစ်နှစ်ပြည့်ပြီ။ ယနေ့သည် သူမအတွက် တစ်နှစ်ပြည့် ဆွမ်းသွတ်သည့်နေ့။

သည်နေ့၌ သူမကို သတိတရ တွေးတောမိသည်။ သန္တာက အရက်သောက်တာကို လုံးဝမကြိုက်ပါ။ သူမ၏ အစ်ကို အရက်သောက်လျှင်လည်း အမြဲလိုလို ဆူပူတားမြစ်တတ်သူ။ သူမအစ်ကိုနှင့် ခင်မင်နေသော ကျွန်တော်တို့ နှစ်ယောက်ကိုလည်း ကြုံလျှင် ကြုံသလို အရက်မသောက်ရန် ပြောဆိုတတ်သူ။ ဒါဆို··။

မနေ့ညက အရက်ခွက်တွေပေါ်မှာ တွေ့မြင်ခဲ့ရတဲ့ ဆံပင်ရှည်တစ်ချောင်းဟာ သေဆုံးသူ သန္တာနဲ့များ ပတ်သက်နေမလား။ လက်ထဲမှ ဒံပေါက်နှစ်ထုပ်ကို ငုံ့ကြည့်ရင်း ပဟေဠိဆန်သော ဆံရှည်တစ်ချောင်း၏ ရာဇဝင်ကို အဖြေရှာရခက်စွာဖြင့် ကျွန်တော် မှုန်းဆတွေးတောနေမိပါတော့သည်။

စေတနာရှေ့ထားလျက်

ဂျီဦးနွန်းကို

www.burmeseclassic.com



# ဦးသင်္ကာ မဆွေရစိတ်

ကျွန်တော်သည် ဘာသာရေးစာစောင်၊ မဂ္ဂဇင်းများတွင် ဘာသာရေးနှင့် ဆက်နွှယ်နေသော ဖြစ်ရပ်မှန်များကို အမည်နာမ ပြောင်းလဲကာ ရေးသားတင်ပြလေ့ရှိသည်။ တစ်ခါတစ်ရံကျတော့လည်း ရှားရှားပါးပါး ဖြစ်ရပ်မျိုးကျတော့ အမည်နာမ ပြောင်းလဲတာတောင် မည်သူ့ကို ရည်ရွယ်ပြီး ရေးလာသည်ဟု စာဖတ်ပရိတ်သတ်များက သိကြပါသည်။

မိမိရည်ရွယ်တာက အသိတရားရပါစေ၊ ပညာ… စေ၊ တရားရကြပါစေ၊ သင်ခန်းစာရကြပါစေဟု ရည်ရွ… သော်လည်း တစ်ခါတစ်ရံတွင် ကာယကံရှင်၏ မိသား…

www.burmeseclassic.com

www.burmeseclassic.com

များက တလွဲတွေးချော်ပြီး တွေးတတ်ကြပါသည်။ စေတနာကို ရှင်းပြပြီး တောင်းပန်ရပါသည်။

ယခုလည်း ကျွန်တော်၏ ခင်မင်ရင်းနှီးသော သူငယ်ချင်း တစ်ယောက်၏ သူပြောပြသော ဖြစ်ရပ်နှင့် သူနှင့်ကျွန်တော်သည် မိတ်ဆွေသူငယ်ချင်းဆိုတော့ ကျွန်တော့်မျက်စိအောက်မှာ မြင်နေရသော သူ့အဖြစ်အပျက်ကို အကြားနှင့်အမြင် ပေါင်းစပ်ကာ ကျွန်တော်တင်ပြပါမည်။ ဖတ်ပြီး တရားရကြပါလျှင် ကျွန်တော် ရေးရကျိုးနပ်ပါပြီ။

◆◆◆

တစ်နေ့ ကျွန်တော်၏အိမ်ကို မလာစဖူး ဧည့်သည်တစ်ဦး ရောက်လာသည်။ အသက်က (၇၀)ကျော်၊ မျက်စိက မှုန်မှုန် အဘွားကြီးတစ်ယောက် ဖြစ်သည်။ သူ့ကို မြင်လိုက်သည်နှင့် ကျွန်တော် အံ့သြသွားသည်။ အဘွားကြီး၏ နာမည်က ဒေါ်ကြေးမုံ။ တစ်ချိန်က မြစ်ဝကျွန်းပေါ်ရှိ မြို့ကလေး တစ်မြို့ပေါ်တွင် ဒေါ်ကြေးမုံတို့အိမ်နှင့် ကျွန်တော်တို့အိမ် ဘေးချင်းကပ်လျက် နေခဲ့ဖူးသည်။

ကျွန်တော်ငယ်ငယ် (ကလေးဘဝက) ဒေါ်ကြေးမုံသည် အသက်လေးဆယ်ကျော်အရွယ် ဒေါ်ကြေးမုံ ဖြစ်သည်။

ဒေါ်ကြေးမုံတွင် မွေးချင်းအစ်မကြီး တစ်ယောက်နှင့် ဒေါ်ကြေးမုံ၏ မိဘများက မွေးစားထားသော ညီမတစ်ယောက်ရှိသည်။ အားလုံး အိမ်ထောင်နှင့်ဖြစ်သည်။ ဒေါ်ကြေးမုံ၏အစ်မက မြို့နှင့်အနည်းငယ်ဝေးသော ရွာတစ်ရွာတွင် သူ့အိမ်ထောင်နှင့်သူ ကုန်သည်လုပ်နေသည်။

ဒေါ်ကြေးမုံတွင် အမေမရှိ။ ထိုစဉ်က အသက်(၇၀) ကျော်အရွယ် အဖေနှင့် အတူနေသည်။ ဒေါ်ကြေးမုံသည် အိမ်ထောင်နှင့် ကွဲနေသည်မှာ အတော်ကြာပြီ။ သားတစ်ယောက်နှင့် သမီးတစ်ယောက်ကလည်း သူ့အိမ်ထောင်နှင့်သူ တစ်မြို့တစ်ရွာ ရောက်နေကြသည်။

ဒေါ်ကြေးမုံကို ဒုက္ခအပေးဆုံးက သားကြီးဖြစ်သည်။ အိမ်ထောင်ကျနေသော်လည်း အလုပ်အကိုင်မည်မည်ရရ မရှိ။ သုံးသည်၊ ဖြုန်းသည်၊ အရက်မူးသည်။ မရှိတိုင်း ဒေါ်ကြေးမုံကို လက်ဖြန့်ကာ တောင်းလေ့ရှိသည်။ ဒေါ်ကြေးမုံက အဖေမသိအောင် ခိုးခိုးပေးသည်။

ဒေါ်ကြေးမုံ၏ မိဘများက တစ်ချိန်က လယ်ဧကမြောက်မြားစွာကိုပိုင်သော လယ်ပိုင်ရှင်များဖြစ်၍ ထိုကို တက်ချမ်းသာကြသည်။ လက်ဝတ်လက်စား အတွင်းပစ္စည်းများ ပိုသသာလိုက်ရှိသည်။ တစ်ချိန်က ထိုမြို့တွင် မြို့မျက်နှာဖုံးအဆင့် ဖြစ်သည်။

ဒေါ်ကြေးမုံတွင် မိဘများက မွေးစားထားသော ညီမတစ်ယောက် ရှိသည်။ သူကလည်း သူ့အိမ်ထောင်နှင့်သူ တစ်ခြံထဲတွင် အိမ်ဆောက်ကာ အတူနေသည်။ မွေးစားညီမက ဒေါ်ကျင်ရွှေဖြစ်၍ သူ့ယောက်ျားက ကိုကျော်ခင်ဖြစ်ကာ ကိုကျော်ခင်က ဆိုက်ကားနင်းပြီး ဝမ်းကျောင်းရရှာသည်။

ဒေါ်ကျင်ရွှေနှင့် ကိုကျော်ခင်တွင် သားတစ်ယောက်ရှိသည်။ မောင်ကျော်အေး ဖြစ်သည်။ မောင်ကျော်အေးသည် ကျွန်တော်နှင့် ဆော့ဖော်ဆော့ဖက် ကျောင်းနေဖက်ကျွန်တော့်သူငယ်ချင်းဖြစ်သည်။ မောင်ကျော်အေးနှင့်ပတ်သက်၍ သူတို့မိသားစုနှင့် ရင်းနှီးကာ ဝင်ထွက်သွားလာနေရင်း ဒေါ်ကြေးမုံတို့ မိသားစုအကြောင်းကို ကျွန်တော်သိရခြင်း ဖြစ်သည်။

ကျွန်တော် လိုရင်းကို ဆက်ပါမည်။ ထိုကဲ့သို့ ဒေါ်ကြေးမုံတို့ ညီမနှစ်ယောက်အပြင် မွေးစားထားသော ဒေါ်ကျင်ရွှေတို့ မိသားစုကို ဒေါ်ကြေးမုံက မကျေနပ်။ အဖေတစ်ယောက်လုံးက ဒေါ်ကျင်ရွှေကို ငယ်ငယ်ကတည်းက သားသမီးလို မွေးစားထားတာကြောင့် မကျေနပ်သော်လည်း အမျက်ထွက်ဟန်မပြ။ အတွင်းစိတ်ကတော့ ဒေါ်ကျင်ရွှေတို့ မိသားစု ဒီအိမ်၊ ဒီခြံဝင်းထဲတွင် မရှိလျှင် အကောင်းဆုံးဟု ယူဆထားသည်။

တစ်ချိန်ကျရင် အဖေဆုံးပါးသွားပါက အမွေကိစ္စ စကားပြောလာမည်။ တောမှာနေသော အစ်မကလည်း သူ့အရောင်းအဝယ် စီးပွားရေးကိစ္စများစွာ အဆင်ပြေသောကြောင့် ဒီအမွေလောက်ကိုတော့ လှည့်ကြည့်မှာမဟုတ်။ ပေးသလောက်သာ ယူမည်ဆိုတာ တွက်ချက်ပြီးသား ဖြစ်သည်။

ခက်နေတာက ဒေါ်ကျင်ရွှေတို့မိသားစု ရှိနေပါက တချို့တစ်ဝက် အမွေကို ပေးရဦးမည်။ လုံးဝမပေးချင်။ ထို့ကြောင့် ရသရွေ့ ရအောင်ယူမည်ဟု ဆုံးဖြတ်ကာ ဒုက္ခလာလာပေးသော သားကြီးကို ပစ္စည်းတချို့တစ်ဝက် အဖေမသိအောင် ခိုးပေးထားသည်။ ပေးထားသမျှ သားကြီးက



www.burmeseclassic.com

www.burmeseclassic.com



အကုန်ဖြုန်းသည်။

ဒေါ်ကြေးမုံသည် ယောက်ျားနှင့် ကွဲနေချိန်တွင် လှတုန်းပတုန်း အရွယ်ကောင်းတုန်းဆိုတော့ လူပျိုကြီးတွေ၊ တစ်ခုလပ်တွေက ချမ်းသာသော ဒေါ်ကြေးမုံကို လာလာရစ်ကြသည်။

ယောက်ျားတစ်ယောက်ကို အတည်တကျ ခေါင်းခေါက်ယူနိုင်သော်လည်း တည်တည်တံ့တံ့ မယူချင်သော ဒေါ်ကြေးမုံ စိတ်ဓာတ်ကြောင့် ထိုကိစ္စအတွက် တိုးတိုးတိတ်တိတ် ငွေကုန်ခံရသော အကြောင်းများကို အသက် (၇၀)ကျော် ဖခင်ကြီးက မသိခဲ့။

ဒေါ်ကြေးမုံသည် အနုနည်းနှင့်နည်းမျိုးစုံသုံးကာ ဤအိမ်၊ ဤခြံဝင်းအတွင်းမှ ဒေါ်ကျင်ရွှေတို့မိသားစု ပြောင်းသွားရေးကို ကြိုးစားသည်။ ဒေါ်ကျင်ရွှေက မိမိကို ငယ်ငယ်က ဒုက္ခဆင်းရဲရောက်နေချိန်မှာ ကယ်တင်ကာ ကျွေးမွေးပြုစုခဲ့သော ကျေးဇူးတွေကြောင့် ဒေါ်ကြေးမုံ၏ဖခင် ဦးဘဖေတွင် ဆပ်စရာကျေးဇူးတွေ အများကြီးရှိသည်။ အခုလို အသက်ကြီးလို့ ကျန်းမာရေးမကောင်းချိန်မှာ ဆပ်ရတာ ပိုမြတ်တယ်ဟု ယူဆသောကြောင့် ဒေါ်ကြေးမုံက မည်မျှပင် စိတ်ဒုက္ခပေးပေး ဦးဘဖေ၏မျက်နှာက ရှိသောကြောင့် သည်းညည်းခံကာ ကျွေးမွေးပြုစုနေခဲ့သည်။

ထိုကဲ့သို့ ကျွေးမွေးပြုစုစောင့်ရှောက်လေ ဒေါ်ကြေးမုံက မကျေနပ်လေ ဖြစ်သည်။ သေခါနီး အမွေလိုချင်လို့ ပြုစုပေးနေသည်ဟုပင် သဘောပေါက်နေသည်။ ဒေါ်ကျင်ရွှေတို့ မိသားစုက စိတ်ထားဖြူစင်သည်။ ဦးဘဖေ သေသွား၍ အမွေတစ်ပြားမှ မရချင်နေပါစေ မသေခင် ကျေးဇူးဆပ်ရလျှင် တော်ပါပြီဟု ကြေညာထားပြီးဖြစ်သည်။ (အမှန်တကယ်လည်း ဦးဘဖေ ဆုံးသွားသောအခါ ဒေါ်ကျင်ရွှေတို့အတွက် အမွေတစ်ပြားမှ မကျန်ခဲ့ပါ။ ဒေါ်ကြေးမုံတို့ သုံးဖြုန်းထားပြီး ဖြစ်ပါသည်။)

တစ်နေ့တွင် ဒေါ်ကျင်ရွှေတို့ တောရွာတစ်ခုသို့ ကိစ္စတစ်ခုနှင့် ခရီးသွားစဉ် ဒေါ်ကြေးမုံက ယုတ်ညံ့သော ဆရာတစ်ယောက်ကိုခေါ်ကာ ဆေးစီရင်တော့သည်။ မရေ သားအပ်သော အစီအရင်များဖြင့် ဒေါ်ကျင်ရွှေတို့ ဤအိမ် ဤခြံဝင်းအတွင်းမှ အမြန်ထွက်သွားစေရန် ပြုလုပ်တော့ သည်။

ဘုရား တရားကို မှန်မှန်ကိုးကွယ်၍ စိတ်ထား တနာကောင်းသော ဒေါ်ကျင်ရွှေတို့အတွက် ဤကိစ္စ သိတောင် မသိလိုက်။ ဘာမျှလည်းမဖြစ်။ တစ်ချိန်က ထိုဆရာက သူတို့ မှားမှန်းသိ၍ တစ်စုံတစ်ယောက် တစ်ဖက်လှည့်နှင့် တစ်ချိန်က သူတို့၊ ဒေါ်ကြေးမုံတို့ လို လုပ်ခဲ့ကြောင်း ပြောခိုင်းမှ သိရခြင်း ဖြစ်သည်။

ဒေါ်ကျင်ရွှေတို့၏ သောက်ရေအိုးများ၊ အ အသောက်များထဲတွင် ယုတ်ညံ့သော ပစ္စည်းများ ထ သည်တဲ့။ အိမ်အောက်မှာ အင်းမြှုပ်သည်တဲ့။ ဖယောင်းတိုင် ထွန်းသည်တဲ့။ ဒေါ်ကျင်ရွှေတို့ သိပင် လိုက်ပါ။

ဦးဘဖေ ဆုံးသွားသောအခါ တောက ဒေါ်ကြေ ၏ အစ်မအားခေါ်၍ ဦးဘဖေ၏ အတွင်းပစ္စည်းများ ဆေးကြသည်။ ဘာမျှမရှိတော့။ ဦးဘဖေအား ဆေး ရင်း တဖြည်းဖြည်း ကုန်သွားပြီဟုသာ သိရသည်။ အ တကယ်လည်း ဘာမျှမကျန်တော့။ ဒေါ်ကြေးမုံတို့ သမျှ ဘာမှရေရေရာရာမရှိ။ ဒေါ်ကြေးမုံ၏ အစ် ဒေါ်ကျင်ရွှေရော အမွေကိစ္စ ဘာမှစောဒကမတက်

နှစ်ပေါင်းသုံးဆယ်နီးပါးခန့် ကြာသောအခါ တော်သည် ရန်ကုန်နှင့် မနီးမဝေး မြို့တစ်မြို့တွင် ထောင်ကျ အလုပ်ရကာ ဝန်ထမ်းတစ်ယောက်ဖြ



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း မောင်ကျော်အေးတို့က ရန်ကုန်တွင်နေကာ ကျွန်တော်နှင့် မကြာခဏ အဆက်အသွယ်ရှိသည်။ တစ်ချိန်က ဆိုက်ကားနင်းကာ ဝမ်းကျောင်းနေခဲ့ရသော မောင်ကျော်အေး၏ဖခင် ဦးကျော်ခင်နှင့် ဒေါ်ကျင်ရွှေတို့သည် စီးပွားရေးအဆင်ပြေလာသောကြောင့် ဘောက်ထော်ဘက်တွင် တိုက်နှင့် ကားနှင့် ဖြစ်နေသည်။

တစ်ချိန်က သူတို့အပေါ် မကောင်းခဲ့သော ဒေါ်ကြေးမုံသည် ဆင်းရဲနေသည်မှာ ကြာပြီဖြစ်၍ ဒေါ်ကျင်ရွှေတို့က အိမ်ကိုခေါ်ကာ ကျွေးမွေးပြုစု စောင့်ရှောက်သော်လည်း ကြာကြာမနေ။ သားသမီးသံယောဇဉ်ကြောင့်၊ မြေးများသံယောဇဉ်ကြောင့်ဆိုကာ ပြန်ပြန်သွားသည်။

အသက်(၇၀)ကျော် မျက်စိကမှုန်နှင့် ဆန်လေး၊ ငါးခြောက်လေး ရောင်းဝယ်လုပ်ကိုင် စားနေရသည်ဟု သိရသည်။

တစ်ချိန်က တင့်တင့်တယ်တယ်နှင့် ခံ့ခံ့ထည်ထည်မြို့၏မျက်နှာဖုံး ဒေါ်ကြေးမုံနှင့် ယခု ဒေါ်ကြေးမုံသည် ဆီနှင့်ရေလို ကွာဟနေပါသည်။ သူငယ်ချင်း ကျော်အေး၏ ပြောစကားအရ ကြားသိရသော အဖြစ်အပျက်နှင့် ကျွန်တော်၏ အတွေ့အမြင်အရ တွေ့ကြုံရသော ဒေါ်ကြေးမုံ၏ အဖြစ်အပျက်ဖြစ်ပါသည်။ ကျွန်တော့်ဆီ ရောက်လာသောအခါတွင်လည်း ထမင်းကျွေးကာ အဝတ်အစားများ ပေးလိုက်သည်။ လမ်းစရိတ်လည်း ထောက်ပံ့လိုက်သည်။

စဉ်းစားကြည့်လျှင် တရားရစရာ ကောင်းပါသည်။ ဒေါ်ကြေးမုံသည် တစ်ချိန်က မတောင့်မတ မကြောင့်မကြ ရွှေပေါ်မြတင် နေခဲ့ရချိန်မှာ နောင်အသက်(၇၀)ကျော် အဘွားကြီးဒေါ်ကြေးမုံ ဖြစ်လာချိန်တွင် အခုလိုဆင်းဆင်းရဲရဲနေရလိမ့်မည်ဟု သူ တွေးတောင်တွေးခဲ့လိမ့်မည်မဟုတ်။ မိဘအမွေဆိုတာကလည်း စားထိုက်မှ စားရတယ်ဆိုတာတော့ သူ အခုချိန်တွင် သိလောက်နေပါပြီ။

စာရေးသူတွင် အသိတရားတစ်ခုတော့ ရလိုက်ပါသည်။ မစ္ဆေရစိတ်ဆိုတာ ဘယ်တော့မှ ကောင်းကျိုးမပေးပါလား ဆိုတာပဲ ဖြစ်ပါသည်။

**အသဒ်ယာ**


ပဥ္စင်္ဂဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

**အောင်ကောင်းမြ (သာကေတ)**

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

- ✚ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။
- ✚ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
- ✚ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။
- ✚ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်-မြောက်လမ်းဆုံအနီး၊ ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်၊ တောင်ဘက်မုခ်။ (တိုးကြောင်ကလေး ဘူတာအနီး) [၆၁၊ ၆၇၊ ၁၇၄၊ ၁၈၇၊ ၂၁၃၊ ရွှေရန်ကုန်၊ အမြဲစိမ်း၊ အဓိပတိ(အစိမ်း) ကားများစီး၍ တောင်-မြောက် လမ်းဆုံမှတ်တိုင်တွင် ဆင်းပါ။)

**ဟောပြောအချိန်** နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။


ရုပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉ ၄၂၀ ၀၄၇ ၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။

www.burmeseclassic.com

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်ရှိ ကညင်ဆိုင်ကျေးရွာလေးမှာ ကရင်လူမျိုး၊ ဗမာလူမျိုးများ ရောနှောနေထိုင်ကြသည့် ရွာလေးတစ်ရွာဖြစ်သည်။ ကညင်ဆိုင်ရွာလေး၏ အနောက်ဘက်တွင် ငါးရာကွက်သစ်ကျေးရွာရှိသည်။

ကညင်ဆိုင်ရွာနှင့် ငါးရာကွက်သစ်ကျေးရွာတို့ကို ကညင်ဆိုင်ချောင်းက အလယ်မှ ဖြတ်စီးထားသည်။ ထို့ကြောင့် ထိုရွာနှစ်ရွာသို့ ဆက်သွယ်သွားလာရန်အတွက် ငွေကြေးတတ်နိုင်သည့် မိသားစုတစ်စုက ဖောအရှင် တ... စင်းကို ချောင်း၏အလယ်တွင် တပ်ဆင်ထားကာ ဖော... ကူးခကို ကောက်ခံကြသည်။

သို့ရာတွင် ထိုဖြတ်ကူး၍ရသည့် ဖောတံတားအရှင်မှာလည်း နွေရာသီ၌သာရ၍ မိုးတွင်းကာလများတွင် ချောင်းရေလျှံသဖြင့် ရေမြုပ်သွားရရာ ကညင်ဆိုင်ရွာနှင့်



# ချစ်မင်းသူ ပြုသူအသစ် ဖြစ်သူအဟောင်း

www.burmeseclassic.com

www.burmeseclassic.com

ငါးရာကွက်သစ်ရွာတို့ကို လှေများဖြင့်သာ သွားလာရသည်။ နွေရောက်တော့မှ ဗောတံတားအရှင်ဖြင့် ဟိုဘက်ဒီဘက်ရွာများသို့ ကူးသန်းသွားလာကြရသည်။ ထိုအရပ်နေသူတို့မှာ လယ်ယာစိုက်ပျိုးခြင်း၊ ငှက်ပျောစိုက်ပျိုးခြင်း၊ ပလောစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ တချို့ကား ကညင်ချောင်းတစ်လျှောက် ငါးရှာ၊ ဖားရှာ၍ အသက်မွေးကြသကဲ့သို့ တချို့က ကုန်စို၊ ကုန်ခြောက်တို့ကို ရောင်းဝယ်ကာ အသက်မွေးကြသည်။

ငါးရာကွက်သစ်ကျေးရွာ လှေဆိပ် ဗောဆိပ်အတက် အဆင်းရှိ နှစ်ထပ်အိမ်ကြီးမှာ ကုန်မျိုးစုံရောင်းသော ဈေးဆိုင်ကြီးဖြစ်သည်။ ထိုအိမ်ကြီး၏ အိမ်ကြီးရှင်တို့မှာ ဦးစောတင်ထူးနှင့် ဒေါ်ဂုတ်တို ဖြစ်သည်။ သူတို့တွင် စောမန်းဝင်းဟူသော သားတစ်ယောက်နှင့် နန့်အေးတင်ဟူသော သမီးတစ်ယောက် ရှိသည်။ ဦးစောတင်ထူးမှာ ကရင်လူမျိုးဖြစ်ပြီး ဒေါ်ဂုတ်တိုက ကုလားကပြား ဖြစ်ကြသည်။

ဦးစောတင်ထူးက ငှက်ပျောစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်၍ အိမ်ရှိကုန်စုံဆိုင်ကိုတော့ ဒေါ်ဂုတ်တိုက ဦးစီးပြီး ရောင်းသည်။ ဒေါ်ဂုတ်တိုမှာ စီးပွားရေးသမားဖြစ်၍ မည်သူ့ကိုမဆို စီးပွားရေးဆန်ဆန်သာ လျှင် ဆက်ဆံလေ့ရှိသည်။ ကုန်မျိုးစုံကို အထောင်မြို့သို့ တက်ဝယ်ရသည်။ ဤသို့ အထောင်မြို့သို့ ပစ္စည်းတက်ဝယ်ရသည့်အခါမျိုးတွင်လည်း စီးပွားရေးဆန်ဆန်သာ ဆက်ဆံပေါင်းသင်းလေ့ရှိသည်။ မည်သူ့ကိုမျှ အားမနာချေ။

ဒေါ်ဂုတ်တိုမှာ စီးပွားရေးဆန်လွန်းအားကြီး၍ မိမိက ဈေးဝယ်သောအခါ ဈေးကို ပြတ်ပြတ်သားသား ဆစ်တတ်၍ မိမိက ဈေးပြန်ရောင်းသောအခါတွင် ဈေးကို တင်၍ ရောင်းသည်။ သူမကို ဈေးဆစ်လျှင် မကြိုက်။ အကြွေးမရောင်း။ မျက်နှာကြောတင်းတင်းဖြင့် ဈေးရောင်းလေ့ရှိသောကြောင့် သူမကို လူအများက မကြည်ဖြူကြ။ သို့ရာတွင် တစ်ရွာတည်းတွင် ဈေးဆိုင်တစ်ဆိုင်တည်းသာ ရှိသောကြောင့် မဝယ်ချင် ဝယ်ချင် ဝယ်ကြရသည်သာဖြစ်သည်။ ထိုအကြောင်းကိုသိသော ဒေါ်ဂုတ်တိုက သိထားသဖြင့် သူမမျက်နှာကို မော့ချီထားသည်။

'ဒီမှာ ဈေးဝယ်ချင်ဝယ်၊ မဝယ်ချင်နေ။ တို့က အိမ်မှာ ထိုင်ပြီး အလကားပေးနေတာ မဟုတ်ဘူး။ ဈေးရောင်းနေတာ။ လိုရင်ဝယ်၊ မလိုရင် မဝယ်နဲ့။ တန်ရာ,တန်ရာပဲရမယ်။ အကြွေးဆိုတာ လက်ငင်းလောက် စိတ်ချရတာမဟုတ်။ အဲဒါကြောင့် ငါ အကြွေးမရောင်းဘူး'

ဒေါင်းတင်မောင်းတင် ပြောဆိုတတ်ခြင်းကြောင့်လည်း ဒေါ်ဂုတ်တိုကို မျက်စောင်းထိုး အပြစ်တင်သူများကား ချစ်ခင်နှစ်သက်သူ နည်းပါးရလေ၏။ သို့ရာတွင် ဒေါ်ဂုတ်တိုမိသားစု၏ စီးပွားရေးမှာ တစ်နေ့တခြား ဒီရေအလား တိုးတက်လာခဲ့၏။ ထို့ကြောင့် သားနှင့်သမီးကို မြို့ရှိ အမျိုးများထံပို့ကာ မြို့ကျောင်းတက်စေ၏။ အိမ်တွင် ဦးစောတင်ထူးနှင့် ဒေါ်ဂုတ်တိုတို့ လင်မယားသာလျှင် ကျန်ခဲ့၏။

သည်လိုနှင့် မိုးဦးကျအခါသမယ ရောက်လာ၏။ တစ်နေ့ ဦးစောတင်ထူးက ငှက်ပျောခြံထဲသို့ ဆင်းသွား၏။ အိမ်တွင် ဒေါ်ဂုတ်တို တစ်ယောက်သာလျှင် ဈေးရောင်းရင်း ကျန်ရစ်ခဲ့၏။ ထိုနေ့က ဒေါ်ဂုတ်တိုတစ်ယောက် ယခင်က မသောက်ခဲ့ဖူးသော ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးညှိဖွာရှိုက်၍ အိမ်ရှေ့အပေါက်ဝကြီးတွင် ထိုင်နေ၏။ ဈေးလာဝယ်သူများကို စကားပြန်မပြော၊ ငေးကြောင်ကြည့်ကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုသာ တွင်တွင်ဖွာနေလေ၏။

ထိုအခါ ဈေးလာဝယ်သူအချို့က ဦးစောတင်ထူးရှိရာ ငှက်ပျောခြံသို့လိုက်ကာ ဒေါ်ဂုတ်တို၏အကြောင်းကို ပြောပြကြ၏။ သည်တော့မှ ဦးစောတင်ထူးအိမ်သို့ အပြေးပြန်လာကာ ဇနီးဖြစ်သူ ဒေါ်ဂုတ်တိုကို အကျိုးအကြောင်းမေး မြန်းစုံစမ်းရ၏။

'ဂုတ်တို··နင် ဘာတွေဖြစ်နေတာလဲ။ နေလည်းကောင်းပါတယ်။ ဆေးလိပ်လည်း တစ်ခါမှ မသောက်ဖူးဘဲနဲ့ အခု ဘာဖြစ်လို့ သောက်တာလဲ။ ပြီးတော့ ငါ့လည်း စကားလေးဘာလေး ပြန်ပြောပါဦးဟ'

စကားပြန်မပြော ငေးကြောင်ကြောင်ကြည့်ရင်း ဆေးလိပ်ကိုသာ မနားမနေဖွာနေသော ဒေါ်ဂုတ်တိုကိုကြည့်ကာ ဦးစောတင်ထူး အားမလိုမအားမရ ဖြစ်နေ၏။ ဘာလုပ်၍ ဘာကိုင်ရမှန်းလည်း စဉ်းစားမရဖြစ်နေ၏။ ထိုစဉ်တစ်ရွာတည်းနေ ဦးစောတင်ထူး၏သူငယ်ချင်း ဦးစောမြင့်သန်း ရောက်လာ၏။

ဦးစောမြင့်သန်းက ဒေါ်ဂုတ်တို၏ အခြေအနေကို

www.burmeseclassic.com

အကဲခတ်ကြည့်ပြီးနောက် ဦးစောတင်ထူးကို လက်တို့ခေါ်ကာ တိုးတိုးကပ်ပြောလိုက်၏။

'ဟော့ကောင် စောတင်ထူး၊ မင်းမိန်းမ လူပြုစားခံရတာ၊ မယုံမရှိနဲ့။ ပယောဂဆရာနဲ့ အမြန်ကု'

ဦးစောသန်းမြင့် အကြံဉာဏ်ကြောင့် ပယောဂကုဆရာကြီးတစ်ဦးကိုပင့်၍ ဒေါ်ဂုတ်တိုကို ဆေးကုရ၏။ ဆေးကု၍ သုံးရက်မြောက်နေ့တွင် ဒေါ်ဂုတ်တို သတိပြန်လည်ကာ အကောင်းပကတိ ပြန်ဖြစ်သွား၏။ ဆေးဆရာကြီးကလည်း ဒေါ်ဂုတ်တိုမှာ လူပြုစားသည့် ဆေးမိထားကြောင်း ပြောပြသွား၏။ သို့ရာတွင် ဆေးဆရာကြီးကသူ၏ မေတ္တာဖြင့် ဆေးကုသပေးခဲ့သည့်အတွက် ပျောက်ကင်းသွားပြီဖြစ်ကြောင်းနှင့် နောက်နောင် အပြောအဆို၊ အနေအထိုင်များ ဆင်ခြင်ရန် ဆုံးမကာ ပြန်သွား၏။ သည်တော့မှ ဦးစောတင်ထူးလည်း သက်ပြင်းချနိုင်တော့၏။

'ဂုတ်တို··နင့်ကို ငါပြောထားသားပဲ။ စကားအပြောအဆို ဆင်ခြင်ပါလို့။ ဈေးရောင်းတယ်ဆိုတာ ငါကြားဖူးတာကတော့ နှုတ်ချိုလက်တိုတဲ့။ နင့်မှာတော့ နှုတ်လည်းတို လက်လည်းတိုဆိုတော့ သူများ မုန်းတာပေါ့ဟ။ နောက်ကို ဆင်ခြင်ပါဟာ'

'ဒီမှာ ကိုစောတင်ထူး၊ ဒါက ကျွန်မဝသီပဲ။ အကျင့်ပါနေတာ မပြင်နိုင်ပါဘူး။ ပြီးတော့ ဒီအိမ်မှာ ကျွန်မကြောင့် စီးပွားတက်နေတယ်ဆိုတာ ရှင်မမေ့ပါနဲ့'

'အေးလေ၊ မင်း ငါ့ပြောစကား နားမထောင်ရင်တော့ မင်းထိုက်နဲ့ မင်းကံပဲ။ ငါ ဘာမှမပြောတော့ဘူး'

သည်လိုနှင့် ဦးစောတင်ထူးရော ဒေါ်ဂုတ်တိုပါ ကိုယ်အလုပ်ကိုယ် ပြန်လုပ်ကိုင်ကြရင်း နေလာခဲ့ကြပြန်၏။ နှစ်ပတ်လည်သည်အထိ စီးပွားရေးက ကျမသွား။ တိုးလို့ပင် တက်လာခဲ့ပြန်၏။ ဒေါ်ဂုတ်တိုမှာလည်း စီးပွားရေးကောင်းသကဲ့သို့ ကျန်းမာရေးကလည်း ကောင်းမွန်နေလေရာ ဈေးရောင်းဈေးဝယ် ပြုရင်းဖြင့်သာ အချိန်ကုန်မှန်းမသိ ကုန်ခဲ့ရလေ၏။

နောက်တစ်နှစ် မိုးဦးကျသို့ ရောက်ခဲ့ပြန်၏။ စီးပွားရေးကလည်း ယခင်ထက် နှစ်ဆတိုးတက်ခဲ့ပြန်၏။ တစ်နေ့ ဒေါ်ဂုတ်တိုတစ်ယောက် ရုတ်တရက် ချိုဖောက်လာပြန်၏။ ကညင်ဆိုင်ချောင်းထဲတွင် ထမီရင်လျားဖြင့် ပက်လက်လှန်ကာ ပေါလောမျောနေလေ၏။ ပက်လက် ပေါလောမျောနေရင်းမှ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို တဖွားဖွား ဖွာနေ၏။

ထူးဆန်းသည်မှာ ဒေါ်ဂုတ်တို၏ခန္ဓာကိုယ်မှာ ပေါင်တစ်ရာ့ငါးဆယ်ကျော်ရှိ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ဖြစ်လေရာ ရေထဲ၌ ပက်လက်အနေအထားအတိုင်း ပေါလောမျောနေခြင်းက ထူးဆန်းဖွယ် ဖြစ်၏။ ထို့ကြောင့် ရွာထဲရှိ ကလေး၊လူကြီးမကျန် ချောင်းကမ်းစပ် အပြေးအလွှား သွားကာ ကြည့်ကြလေ၏။ လူအချို့က ငှက်ပျောခြံသို့ သွား၍ ဒေါ်ဂုတ်တို၏ယောကျ်ား ဦးစောတင်ထူးထံ အပြေးသွားပြောကြ၏။

'ဒေါ်ဂုတ်တိုကြီး ကမ်းပေါ် ပြန်တက်လာခဲ့ပါဗျို့။ ရေထဲမှာ အကြာကြီးနေရင် အအေးမိပြီး ဖျားနာလိမ့်မယ်။ ကမ်းပေါ် အမြန်တက်လာခဲ့'

ချောင်းကမ်းစပ်မှနေ၍ ရွာသူရွာသားတချို့က စိုးရိမ်တကြီးဖြင့် ချောင်းထဲမှ ဒေါ်ဂုတ်တိုကို လှမ်းခေါ်ကြ၏။ ဒေါ်ဂုတ်တိုကား ဘာမှမကြားဟန် ပြောင်းဖူးဆေးလိပ်ကြီးကိုသာ မီးရဲခနဲနေအောင် မပြတ်ဖွာ၍ ချောင်းအတွင်း၌ စုန်ချည်ဆန်ချည် မျောနေလေ၏။ ထိုသို့ပေါလောမျောနေသည်မှာ တစ်နာရီလည်းမက၊ နှစ်နာရီလည်းမက ကြာ၏။ နောက်ဆုံး သူ၏ယောကျ်ား ဦးစောတင်ထူးကိုယ်တိုင် ချောင်းအတွင်း လှေဖြင့်သွား၍ ဒေါ်ဂုတ်တိုကို သယ်ယူမှ ဒေါ်ဂုတ်တိုတစ်ယောက် ကမ်းပေါ်သို့ ပြန်ရောက်လာ၏။ သို့မဟုတ်ပါက မည်သူမျှ ခေါ်မရဘဲ တစ်နေကုန် ချောင်းထဲတွင် ပေါလောမျောနေတတ်၏။

ထိုသို့ ဒေါ်ဂုတ်တို ဖောက်ပြန်လာသည့်အခါတွင် ဆေးကုသရပြန်၏။ ဟိုဆရာပင့်ကု၍လည်း တော်တော်နှင့် မပျောက်။ သည်ဆရာပင့်ကု၍လည်း တော်တော်နှင့် မပျောက်။ ရရှိထားသည့် စီးပွားဥစ္စာများ ကုန်စင်သွားမှ အလိုလို သက်သာပျောက်ကင်းသွားတတ်၏။

'အိမ်း··မဂုတ်တိုရဲ့ရောဂါက လူပြုစား ဆေးမိထားတာပဲ။ ဆေးက တစ်ကိုယ်လုံး ပျံ့နှံ့နေပြီ။ ပြီးတော့ ပြုစားသူက ဆေးကို အစီအမံတွေ၊ ကျိန်စာတွေနဲ့ လုပ်ထားတာဆိုတော့ အချိန်ကျရင် ပြန်ဖြစ်ဖို့က များနေတယ်။ ပြုစားတဲ့သူကိုယ်တိုင် သူ့ဆေးကို သူပြန်မဖြေပေးဘူး။ ဆရာတို့အနေနဲ့ကလည်း မေတ္တာခတ်နဲ့ပဲ ကုရတာ

www.burmeseclassic.com

တော့ ခဏာတော့ ပျောက်ကင်းမယ်၊ သက်သာမယ်။ ရေရှည်မှာတော့ ဆေးအာနိသင် ပြန်ထရင် ပြန်ဖြစ်မှာ ကိုန်းသေတယ်။ ဒါတွေကလည်း ပြုသူအသစ် ဖြစ်သူ အပေါင်း ဆိုသလို သံသရာမှာခံရမယ့် ဒုက္ခတွေပါပဲ။ အင်း..အကောင်းဆုံးက အားလုံးကို မေတ္တာထားကြ၊ ကြားလား။ မေတ္တာထားကြ'

နောက်ဆုံး ဆေးကုပေးသွားသည့် ဆေးဆရာကြီးက ဒေါ်ဂုတ်တိုနှင့်ပတ်သက်၍ ဦးစောတင်ထူးကို ပြောပြသွား၏။ ဦးစောတင်ထူးတစ်ယောက် ဇနီးသည် ဒေါ်ဂုတ်တို အတွက် စိတ်မကောင်းဖြစ်ရ၏။ အကြောင်းစုံကိုတော့ ဒေါ်ဂုတ်တိုကို မပြောပြ။ စကားအပြောအဆို ဆင်ခြင်ရန်၊ မေတ္တာထားရန်နှင့် စိတ်ကောင်းမွေးရန်တို့ကိုသာ သတိပေး ပြောကြားရလေ၏။

ဦးစောတင်ထူးရော ဒေါ်ဂုတ်တိုပါ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြ၏။ လူတိုင်းအပေါ် မေတ္တာထား၍ စိတ်ကောင်းမွေးမြူကြရမည်ကို သိကြ၏။ တစ်ရွာတည်းနေ ဗုဒ္ဓဘာသာဝင်များနှင့်လည်း အတူတကွ နေထိုင်ကြသောကြောင့် ဗုဒ္ဓဘာသာဝင်များ ယုံကြည်သော ကံ,ကံ၏ အကျိုးကိုလည်း တစေ့တစောင်း နားလည်ထားကြ၏။ စေ့ငုသေချာစွာတော့မသိ။ သို့ရာတွင် နဂိုစိတ်ရင်းကောင်းသူများဖြစ်သောကြောင့် မည်သူ့အပေါ်မှာမှ မနာလိုစိတ်၊ မကောင်းစိတ် မရှိကြချေ။ သို့ရာတွင် ဒေါ်ဂုတ်တိုက စကားပြောရာတွင် အငေါ်တူးပြောတတ်၍ လူမုန်းကာ ဤသို့ လူပြုစားခြင်းခံရသည်ဟု ဦးစောတင်ထူး မှတ်ယူလေ၏။

ဒေါ်ဂုတ်တိုကို လူပြုစား ဆေးမိခံထားရသည် ဆိုသည်မှာ မမှားနိုင်ချေ။ ဒေါ်ဂုတ်တို ရောဂါက နှစ်စဉ် မိုးဦးကျချိန် စီးပွားတက်ချိန်ဆိုလျှင် ရောဂါထပြီဖြစ်၏။ ရောဂါထလာပြီဆိုသည်နှင့် ကညင်ဆိုင်ချောင်းထဲမှာ အော်မရ ခေါ်မရ မျောနေတော့၏။ ယောက်ျားဖြစ်သူ ဦးစောတင်ထူးနှင့် သားသမီးများ ခေါ်မှရ၏။ အခြားမည်သူခေါ်ခေါ် ကမ်းပေါ်သို့ ပြန်မတက်ချေ။ တစ်နေကုန် ရေစိမ်၍ ရေမျော၍သာ နေလေ့ရှိ၏။ အိမ်ရှိလူများ ပင်ပန်းနွမ်းနယ်ပြီး စီးပွားကျသွားပြီဆိုလျှင် ဒေါ်ဂုတ်တိုရောဂါ ပြန်ကောင်းသွားပြန်၏။

ပြန်လည်နေကောင်းသွား၍ အသိစိတ်ပြန်ဝင်သည်နှင့် ဒေါ်ဂုတ်တို မနေမနား ဈေးပြန်ရောင်းပြန်၏။ နှစ်ပတ်လည် ဈေးပြန်ရောင်းသည်နှင့် စီးပွားက ပြန်တက်လာပြန်၏။ ဤသို့ စီးပွားပြန်တက်လာသည်နှင့် ဒေါ်ဂုတ်တို ရောဂါပြန်ထကာ အိမ်ရှိလူကုန် အလုပ်ရှုပ်ရ၏။ သူမကို ဆေးကုသရသဖြင့် ရှိသည့်ငွေ ကုန်ရပြန်၏။ ဤသို့နှင့် လေး,ငါးနှစ် ကြာလာသောအခါ ရောဂါက ပို၍ဆိုးဝါးလာ၏။ ယခင်က တစ်နှစ်မှတစ်ခါ စီးပွားတက်လာပါမှ တစ်ကြိမ်သာဖြစ်သော ရောဂါက နောက်ပိုင်းတွင် သုံးလေးငါးလ ခြားသည်နှင့် ပြန်ပြန်ဖြစ်လာ၏။ ထို့ကြောင့် မြို့ကျောင်းတက်နေသည့် သားသမီးများကိုပင် ရွာသို့ ပြန်ခေါ်ထားရ၏။

အိမ်တွင် ဒေါ်ဂုတ်တိုကို တစ်ယောက်တည်း ထားခဲ့ရန် မဖြစ်တော့ချေ။ အချိန်မရွေး ရောဂါဖောက်လာတတ်သဖြင့် ဒေါ်ဂုတ်တိုကို လူစောင့်နှင့် ထားရ၏။ လူစောင့်နှင့် မည်သို့ပင်ထားသော်လည်း သူ့ရောဂါ ဖောက်လာသည်နှင့် ဘယ်အချိန် ချောင်းထဲရောက်နေသည် မသိရ၊ ရွာကလူများ မြင်တွေ့ပါမှ ဒေါ်ဂုတ်တို ရောဂါဖောက်လာပြီး ရေထဲမှာ ထဘီရင်လျားနှင့် ပက်လက်မျောကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီး ဖွာနေမှန်း သိကြရ၏။ နောက်ပိုင်း အိမ်မှလူများပင် ကမ်းပေါ် ပြန်ခေါ်တင်၍ မရတော့ချေ။

ဒေါ်ဂုတ်တို စိတ်အနည်းငယ် ကောင်းသွားမှ ကမ်းပေါ် ပြန်တက်လာ၏။ ထိုအခါ အိမ်သားများက ဆေးဆရာပင့်ကာ ဆေးကုသပေးကြရ၏။ ဤသို့ အကြိမ်ကြိမ်ဖြစ်၊ အကြိမ်ကြိမ် ဆေးကုသပေးနေရင်းမှ တစ်ခါတွင် ရေစိမ်များသွားသောကြောင့် အဖျားတက်ကာ သုတိလစ် မေ့မြောရင်း အသက်ပါ ပါသွားရတော့၏။ ဒေါ်ဂုတ်တို ဆုံးပါးသွားခြင်းအတွက် ဦးစောတင်ထူးရော သားသမီးများပါ ဝမ်းနည်းကြရ၏။ သို့ရာတွင် လူပြုစားသည့် ရောဂါကို ဝဋ်ကြွေးတစ်ခုနှယ် ခံစားနေရသည့်အဖြစ်မှ ကျွတ်လွတ်သွားသဖြင့် အိမ်သူအိမ်သားများအားလုံး ဖြေဖျောက်နိုင်ကြပါ၏။

ဦးစောတင်ထူး၏ နှလုံးသားတွင်တော့ ပြုသူအသစ်ဖြစ်သူ အပေါင်းဆိုသည့် စကားက ပဲ့တင်ထပ်ကာ ကြားနေမိပါလေ၏။

ချစ်ပေါ်းသူ

www.burmeseclassic.com

# ခ/၁၃၄

## ညှိုင်စောဦး (မြို့ရွှေပြည်)

ရာသီဥတုက ကြည်လင်လှသည်။ ကောင်းကင်တွင် တိမ်ဟူ၍ ငွေ့ငွေ့ကလေးတောင် မရှိချေ။ ကြယ်ကလေးများကား လင်း၍ကောင်းနေဆဲ။ လင်းရောင်ဦးပေါ်ရန်ကား အတန်ငယ်လိုသေးသည်။ အရုဏ်မတိုင်မီ တွန်လေ့ရှိသော လင်းကြက်တို့မှာ ကျေးရွာဘုန်းတော်ကြီးကျောင်းများမှ အုန်းမောင်းခေါက်သံ ကုလားတက်ခေါက်သံတို့နှင့် အပြိုင် တွန်သံပေးနေကြ၏။ နက်ပြောင်ရှည်လျားလှသော

ကတ္တရာလမ်းမကြီးသည် မိမိခြေထောက်အောက်တွင် ပြ[illegible] ပြူးခြင်းတစ်ဝက်၊ ခလုတ်ကန်သင်းနှင့် ချိုင့်ကျင်းတစ်ဝ[illegible] ဖြင့် ခရီးသွားတို့အတွက် တာဝန်ကျေပွန်နေရှာလေသည်[illegible]

ကားအသွားအလာ မရှိသလောက် တိတ်ဆိတ်ငြိ[illegible]





www.burmeseclassic.com

www.burmeseclassic.com

သက်နေသည့် ခရီးဝေးသွား ကားလမ်းမကြီး နံဘေးတွင် ရွာကလေးတွေတော့ ရှိသည်ဆိုသော်လည်း တစ်ရွာနှင့် တစ်ရွာ အနည်းဆုံး လေးဆယ့်ငါးမိနစ်၊ တစ်နာရီခန့် သွားရသည်ချည်း။

စင်စစ် ဦးဆန်းညွန့် ယခုသွားနေရသည့် ခရီး၏အစကို ရှင်းပြရန် လိုနေပေ၏။ ထို့ကြောင့် ဦးဆန်းညွန့်၏ သည်ခရီးစဉ်နှင့် ဖြစ်ပေါ်လာသည့်ဖြစ်အင်တို့ ဆက်စပ်မိအောင် ရှင်းပြပေဦးအံ့။

စစ်တောင်းမြစ်အရှေ့ခြမ်း ရန်ကုန်မှ မော်လမြိုင်သွား ကားလမ်းပေါ်တွင် တည်ရှိနေသော မွန်ရွာကလေး တစ်ရွာ၌ မွေးဖွားခဲ့သည့် ဦးဆန်းညွန့်မှာ ဘွဲ့ရသည်အထိ မော်လမြိုင်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သူဖြစ်ပြီး အချိန်တန်လျှင် ရန်ကုန်သူတစ်ဦးနှင့် အကြောင်းပါကာ ရန်ကုန်သားတစ်ပိုင်း ဖြစ်သွားခဲ့ပြီး ဌာနတစ်ခုတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရင်း ယခုဆိုလျှင် ဦးစီးအရာရှိ တစ်ယောက်ပင် ဖြစ်နေချေပြီ။

ထိုစဉ်အချိန် အသက်(၄၀) ကျော်လာသည်နှင့်အမျှ ပွားစီးလာသော သားသမီးက ငါးယောက်တိတိ ရှိခဲ့ပြီ။ ငါးယောက်တွင် ယောကျ်ားလေးက သုံးယောက်၊ မိန်းကလေးက နှစ်ယောက် ဖြစ်၏။ ဦးစီးအရာရှိတစ်ယောက်ပင် ဖြစ်လင့်ကစား ရန်ကုန်မြို့နေ လူတန်းစား၏ စားဝတ်နေရေး စရိတ်စက ကြီးမားလေသည်ကြောင့် သားသုံးယောက်ကိုပင် ရှင်မပြုနိုင်သေးသည့် အခြေအနေကို သိမြင်နေသည့် ရွာရှိ မိခင်ကြီးမှ ဖြည့်ဆည်းပေးလေရာ ရဟန်းခံရှင်ပြုပွဲအတွက် ဦးဆန်းညွန့်တို့ မိသားစုတစ်စုလုံး ဇာတိရပ်ရွာသို့ ပြန်လည်ရောက်ရှိနေခြင်း ဖြစ်လေသည်။

ရွာသို့ရောက်ပြီးသည့် နှစ်ရက်မြောက်နေ့တွင် မိမိတို့ရွာနှင့် အရှေ့ဘက် နှစ်ရွာကျော် သုံးရွာမြောက်ရွာတွင်ရှိသော ဝမ်းကွဲမောင်နှမများထံ အလွမ်းပြေ တွေ့မြင်နှုတ်ဆက်လိုသည်ကတစ်ကြောင်း၊ အလှူအတွက် ဖိတ်စာဝေရန် ဖိတ်ကြားရန်ကလည်း တစ်ကြောင်းမို့ ထိုရွာသို့သွားရန် အကြောင်းဖြစ်ပေါ်လာရပေသည်။

(၈၈)အရေးအခင်းပြီးခါစ တစ်လခန့်အကြာကာလမို့ မော်တော်ကားများက နေ့ခင်းပိုင်းတွင်သာ သွားကြသာကြမှု များပြားသည်။ ညအခါတွင်တော့ သွားလာမှုရှိသလောက်ပင်။ ထို့ကြောင့် နေအပူဒဏ်လည်း သက်သာစေ၊ နံနက်စောစော လမ်းလျှောက်ပြီးသားလည်းဖြစ်စေ သဘောဖြင့် အုန်းမောင်းခေါက်ချိန်ကတည်းက နိုးထ၍ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲကာ ထွက်လာခဲ့ခြင်း ဖြစ်လေ၏။

ထွက်လာချိန် နာရီဝက်ကျော်ကျော်ရှိခဲ့ပြီမို့ လမ်းလျှောက်သည့်နှုန်း ခြေလှမ်းတို့ သွက်လာသည်နှင့်အမျှ ချွေးတို့ပင် စို့၍လာ၏။ လင်းရောင်ဦးကား ပေါ်မလာနိုင်သေး။ ကြယ်ရောင်အလင်းအောက်ရှိ လောကဓာတ်မြေပြင်သည် မှုန်မှိုင်းညို့ညို့ နှင်းစို့စို့ဖြင့် လမ်းနံဘေးတစ်လျှောက်ရှိ ကုက္ကိုပင်ကြီးများက မည်းမှောင်အုံ့ဆိုင်းနေလျက်။ ထန်းပင်အချို့သည်လည်း ထိုးထိုးထောင်ထောင်နှင့် ငြိမ်သက်နေလေ၏။

ဦးဆန်းညွန့်သည် လျှောက်လာလျက်ကမှ အပေါ်အင်္ကျီ ဘေးအိတ်ထဲတွင် အဆင်သင့်ထည့်လာသော နွားညီနောင်ဆေးပေါ့လိပ်နှင့် မီးခြစ်ကို ထုတ်ယူကာ ဆေးလိပ်ကို မီးညှိလိုက်၏။ ဆေးလိပ် မီးစွဲသည်နှင့် ဆေးလိပ်ဖွာရင်း လမ်းကို ဆက်လက်လျှောက်လာခဲ့၏။ လက်တွင် ပတ်ထားသောနာရီကို ကြည့်လိုက်ရာ လေးနာရီတောင် မထိုးသေးဘဲ ဆယ်မိနစ်မျှ လိုနေသေး၏။

ကားလမ်းသည် ယခု ဦးဆန်းညွန့် ရောက်နေသောနေရာမှ ရှေ့ကိုက်အနည်းငယ်တွင် တံတောင်ဆစ်ချိုးကွေ့၍ သွားရသော ကားလမ်းကွေ့ရှိနေသည်ကို ငယ်စဉ်ကတည်းက ကျင်လည်ကျက်စားခဲ့ရာ အတိတ်မှတ်ဉာဏ်က အစပြန်ဖော်ပေး၏။ ဟုတ်ပါသည်။ ထိုကွေ့ကို ထိန်ပင်ကွေ့ဟုလည်း ခေါ်၏။ ငယ်စဉ်က ထိုကွေ့တွင် ကြီးတော်ဝိုင်း ခေါ် ဒေါ်ဝိုင်း၏ အကြော်တဲ ရှိခဲ့ဖူး၏။ ယခုတော့ ဒေါ်ဝိုင်းလည်း ဆုံးရှာလေပြီ။

ဦးဆန်းညွန့်သည် အတိတ်က အကြောင်းတို့ကို ရေးရေးမျှ စဉ်းစားရင်း ဆေးလိပ်တဖွာဖွာဖြင့် လျှောက်လာခဲ့ရာ ထိန်ပင်ကွေ့အရောက်တွင် ဘတ်(စ်)ကားကြီး တစ်စီးကို ဘွားခနဲ တွေ့လိုက်ရ၏။ ကားကြီးသည် လမ်းဘေးခပ်ကျကျရပ်ထားပြီး စက်ချွတ်ယွင်း၍ ပြင်ဆင်နေကြပုံရ၏။

ကားပေါ်တွင်လည်း လူအချို့ ဆေးလိပ်ဖွာသူကဖွာ၊ စကားပြောသူက ပြောနေကြသည်ကို ခပ်လှမ်းလှမ်းကပင် အမှောင်အောက်တွင် မသဲမကွဲ လှမ်းကာ မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်း လျှောက်လာခဲ့ရင်း ကားနှင့် အနီးဆုံးနေရာသို့ ရောက်လာ၏။ မိမိလမ်းလျှောက်လာသည်ကို မြင်လိုက်ရ၍ဖြစ်မည် ကားအတွင်းမှ မိန်းမတစ်ယောက်၏ပုံသဏ္ဍာန် ဦးခေါင်းတစ်လုံး ထွက်လာပြီး မိမိထံ လှည့်ကြည့်နေသည်ကို တွေ့ရ၏။ ကားပေါ်၌လည်း မီးရောင်မှိန်မှိန် ထွန်းထားသည်ကို တွေ့ရသည်။ ကားအတွင်းမှ ကလေးတစ်ဦး၏ စူးစူးဝါးဝါး အော်ငိုသံကိုလည်း ကြားလိုက်ရ၏။ ကားပေါ်တွင် လူတို့၏ လှုပ်ရှားမှုမျိုးနှင့် လူသံသူသံများက တီးတိုး,တီးတိုး ရှတ်စိ,ရှတ်စိနှင့် ရှိနေသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးကား တိတ်ဆိတ်မြိတိတ်ဆိတ်နေ၏။

ဦးဆန်းညွန့်သည် ကားနံဘေးသို့အရောက်တွင် ကားပေါ်သို့ မော့ကြည့်လိုက်ရင်း 'အင်း…ခရီးသွားတုန်း ကားပျက်တော့ ခရီးသည်တွေခမျာ ခြင်ကိုက်၊ ဖြုတ်ကိုက်နဲ့ ဒုက္ခပါပဲ' ဟုလည်း တွေးနေမိ၏။

ထိုစဉ် မိန်းမတစ်ယောက်က မိမိအား လှမ်းခေါ်က–

'ဒီမယ်ရှင့်၊ ဦးလေး…ဦးလေး…ခဏလောက်'

'ဗျာ…သြော်…ဟုတ်ကဲ့၊ ဘာကိစ္စများရှိလို့လဲ။ ကျွန်တော် ဘာများကူညီပေးရမလဲ'

'မဟုတ်ပါဘူးရှင့်၊ မေးချင်လို့ပါ'

'အင်း…မေးလေ၊ ဘာမေးမှာလဲ'

'ဟို…ကျိုက်ထီးရိုးဘုရားကြီးကို ရောက်ဖို့ ဘယ်လောက်လိုသေးလဲလို့ သိချင်လို့ပါ'

'ဟာ…ဝေးတော့ နည်းနည်းဝေးသေးတယ်ဗျ။ နောက်ထပ် တစ်နာရီ၊ တစ်နာရီပိုပိုလောက် မောင်းရင် တောင်ခြေ ကင်ပွန်းစခန်းကို ရောက်မှာပဲ။ ဒါဆို ဘုရားကို ဆက်တက်ရုံပေါ့ဗျ'

'ဟင်…စိတ်ညစ်လိုက်တာ။ ဗိုက်တွေလည်း ဆာလှပြီ။ ကျွန်မတို့က ကျိုက်ထီးရိုးဘုရားကြီးကို ဖူးချင်လှပြီ'

'ကားပြန်ကောင်းသွားရင် ဖူးကြရမှာပါ'

'ကျွန်မတို့လည်း မြန်မြန်ကောင်းပြီး မြန်မြန်သွားဘုရားမြန်မြန်ဖူးချင်တာရှင့်။ ပြီးတော့ ဆာတာလည်း အရမ်းပဲ။ ဒီနားမှာ အစားအစာဆိုင်လေး ဘာလေးရှိရင် သိပ်ကောင်းမှာပဲ'

'ဟိုအရင်ကတော့ ဒီထိန်ပင်ကွေ့နားမှာ အကြော်ဆိုင်တစ်ဆိုင်တော့ ရှိခဲ့ဖူးတယ်။ ခုတော့ မရှိတော့ပါဘူး။ အကြော်သည် အဒေါ်ကြီးလည်း ဆုံးရှာပါပြီ'

'အင်း…အင်း…ဟုတ်တယ်။ ကျွန်မတို့လည်း တွေ့ပြီးပါပြီ'

'ဟင်…ဗျာ…ဘယ်လို'

'အဲ…ဟိုဟာ… အဲ… ဒီနားမှာ အကြော်ဆိုင်တဲ့ အဟောင်းနေရာကလေးကို တွေ့မိတာလို့ ပြောတာပါ'

'ကဲ…ကဲ…ကျွန်တော်လည်း သွားတော့မယ်နော်။ ကားမြန်မြန်ပြန်ကောင်းပြီး ကျိုက်ထီးရိုးဘုရားကြီး မြန်မြန်ဖူးနိုင်ကြပါစေဗျာ'

'ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့'

ဦးဆန်းညွန့်နှင့် ကားပေါ်မှ ထိုမိန်းမတို့ စကားအချီအချ ပြောနေခြင်းကို ကား၏ပြတင်းပေါက်ဆီမှ မျက်နှာအချို့ ခေါင်းပြူလျက် နားထောင်နေကြ၏။ ထိုသို့စကားပြောနေကြစဉ် ဦးဆန်းညွန့်၏ နှာခေါင်းအတွင်းသို့ ညှီစို့စို့ အနံ့တစ်မျိုးနှင့် ပုပ်အဲ့အဲ့အနံ့မျိုးတို့ တိုးဝင်လာသေးသဖြင့် ကမန်းကတန်း အင်္ကျီအိတ်ထဲမှ ရှုဆေးဘူးကို ထုတ်၍ ရှူလိုက်ရသေး၏။ မြောင်းအတွင်းမှ ကြွက်သေခွေးသေပုပ် တစ်ခုခုဟုလည်း တွေးလိုက်မိသေး၏။

ဦးဆန်းညွန့်သည် နှုတ်ဆက်ပြီးသည်နှင့် ဆက်လက်လျှောက်လာရင်း ကားကြီးကိုလည်းကောင်း၊ ကားကြီး၏ ဦးပိုင်းတွင် အလုပ်ရှုပ်နေသည့် ဒရိုင်ဘာဟု ယူဆရသော လူတစ်ယောက်ကိုလည်းကောင်း၊ သတိပြုစွာ ကြည့်မိလေ၏။ ကားကြီးမှာ ဒုတိယကမ္ဘာစစ်လက်ကျန် ချက်ဗလက်ကားကြီးကို ပြုပြင်ထားသော သစ်သားဘော်ဒီ အစိမ်းရောင်တွင် အဖြူကျားသုတ်ထားသော ဘတ်စ်ကားကြီး ဖြစ်၏။ မလင်းတလင်းကြယ်ရောင်အောက်မှာ အနီးကပ်မို့ မမြင်မဖြစ်မြင်ခဲ့ရသည်က ကားကြီး၏ နံပါတ်ပြား ဖြစ်၏။ နံပါတ်မှာ (ခ/၁၃၆) ဖြစ်လေသည်။

◆◆◆

မောင်နှမဝမ်းကွဲများရှိရာ ရွာသို့ ရောက်သည်မှာ တစ်အိမ်တက်ဆင်း လိုက်လံနှုတ်ဆက်ရင်း ဖိတ်စာ…၏။ စကားတွေက ပြော၍မကုန်။ ထို့ကြောင့် အ… ရက်ကြိုလာကြရန်၊ ရောက်သည့်အခါ ဆုံသည့်… ညီအစ်ကိုတွေ၊ မောင်နှမတွေ စကားပြောကြမည်… ပျော်ကြမည်။ အလှူတွင် စိန်စတင်းဆိုင်းပွဲ…

www.burmeseclassic.com

...ခဲ့သေး၏။

အပြန်တွင် ညီဝမ်းကွဲဖြစ်သူက ဆိုင်ကယ်နှင့် လိုက်ပို့ခြင်းပြုသဖြင့် နမဝမ်းကွဲ၏အိမ်တွင် မန်ဒါလီသားဟင်းနှင့် နံနက်စာ ထမင်းတစ်ဝစားပြီး နေ့ခင်းကြောတွင် ညီအစ်ကိုနှစ်ယောက် ဆိုင်ကယ်စီးကာ ပြန်ခဲ့ကြ၏။

နံနက်ပိုင်းက တွေ့ချင်ဇော၊ ရောက်ချင်ဇောနှင့်မို့ မောရမှန်းမသိ၊ ပန်းရမှန်းမသိ နှစ်နာရီခွဲခန့် လျှောက်လာခဲ့ရသောလမ်းသည် အပြန်ကျမှသာ အတော်အတန်ဝေးသော ခရီးဖြစ်ကြောင်း သိသာလေတော့သည်။

နေပူထဲတွင် ဦးထုပ်လည်း မပါဘဲ ဆိုင်ကယ်စီး၍ ခရီးနှင်လာကြသော ဦးဆန်းညွန့်တို့ နှစ်ဦးမှာ ဆိုင်ကယ်အရှိန်ကြောင့် လေတိုးသဖြင့် ပူသည်ဟု မထင်ရ။ အေးမြမြပူရှရှနှင့် အရသာတစ်မျိုးထူးကို ခံစားရင်း နံနက်က တွေ့ခဲ့ရသော ထိန်ပင်ကွေ့အရောက်တွင် ဘတ်(စ်)ကားပျက်တစ်စီးကို တွေ့မြင်ရပြီး ဆိုင်ကယ်မှာ အတန်ကျော်သွားလေမှ 'ဟေ့ကောင်၊ ခဏ..ခဏ..ခဏရပ်စမ်းကွာ' ဟု ညီတော်မောင်အား ပြောလိုက်သဖြင့် တဖြည်းဖြည်းချင်း အရှိန်လျှော့ကာ ရပ်သွားသော ဆိုင်ကယ်ပေါ်မှ အမြန်ဆင်းပြီး နောက်ကြောင်းသို့ ခပ်သွက်သွက်ဖြင့် ခြေလှမ်းများကို ကားပျက်ဆီသို့ ဦးတည်လိုက်လေ၏။

ဆိုင်ကယ်မောင်းလာသော ညီတော်မောင်မှာ ဘုမသိဘမသိဖြင့် ရပ်ဆို၍သာ ရပ်လိုက်ရသည်၊ ဘာမှန်းမသိ။ အစ်ကိုဖြစ်သူ ဦးဆန်းညွန့်မှာ ဘာမပြော ညာမပြော နောက်ကြောင်းသို့ ပြန်သွားလေသော အစ်ကိုနောက်သို့ ဆိုင်ကယ်ကို ဂငယ်ကွေ့ ကွေ့ကာ လိုက်သွားရင်း 'ဘာကျကျန်ခဲ့လို့လဲ အစ်ကို' ဟု မေးလေ၏။

'ဘာမှကျမကျန်ပါဘူးကွာ။ ဟေ့ကောင်..မင်း ခဏဆင်းဦး' ဟုဆိုရင်း ဘတ်(စ်)ကားပျက်ကြီးကို မမှိတ်မသုန်ရှုရှုစိုက်စိုက် ကြည့်နေလေ၏။

ဘတ်(စ်)ကားပျက်ကြီးမှာ သံချေးများ တက်ကာ ဘော်ဒီအမိုးတစ်ခုလုံး ရဲရဲနီနေ၏။ အောက်ပိုင်းဖရိန်ကြီးမှာ ဘီးများပါ မရှိဘဲ ဘော်ဒီအခွံချည်းသက်သက် ကားအမ်းနှင့် ဝါးနှစ်ပြန်ခန့်အကွာ လမ်းနံဘေးတွင် မှောက်ခုံကြီး ရှိနေလေသည်။

တစ်ခုထူးခြားသည်မှာ ကားဘော်ဒီရှိ ဆေးမကွာသေးသော နံပါတ်ပြားပင် ဖြစ်၏။

'ဟေ့ကောင်..ဒီကားကြီးက'

'ဘာဖြစ်လို့လဲ အစ်ကို၊ ဒီကားက လွန်ခဲ့တဲ့လေးနှစ်လောက်က ဘုရားဖူးလာရင်း ဘရိတ်ပေါက်ပြီး လမ်းဘေးက ကုက္ကိုပင်ကို ဝင်တိုက်လို့ မှောက်သွားတဲ့ကားလေ အစ်ကို'

'ဟင်..ဟုတ်လား။ လူတွေ ဘာဖြစ်သွားကြသေးလဲ'

'လူတွေကတော့ အကုန်လုံးနီးပါးပဲ၊ သုံးဆယ်ကျော်မှာ လေးယောက်ပဲ အသက်ရှင်တယ်။ ကျန်တာအကုန်လုံး ပွဲချင်းပြီးပဲ'

'ဟင်..ဒါဖြင့် ငါ မနက်က မိုးမလင်းခင် တွေ့ခဲ့တာက..'

'ဘာ..ဘာကို တွေ့တာလဲ'

'လူတွေရယ်၊ ကားပြင်နေတာရယ်၊ ကားနံပါတ်ပြားရယ်'

'တခြားကားတစ်စီး ဖြစ်မှာပေါ့ အစ်ကိုရာ'

'ဟင့်အင်း..ဒီနံပါတ်ပြားမှ ဒီနံပါတ်ပြားအစစ်၊ ဒီကားမှ ဒီကားပါပဲကွာ'

'အစ်ကိုတွေ့တဲ့ နံပါတ်ပြား ဟုတ်လို့လားဗျ'

'ဟုတ်တာပေါ့ကွာ။ ကားနံပါတ်ကိုက'

'ဘယ်လောက်မို့လဲ'

'ခ မျဉ်းစောင်း တစ်သုံးခြောက်တဲ့ကွ'

'ဗျာ'

လှိုင်စောဦး(မြို့ရွှေပြည်)





www.burmeseclassic.com

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလော

'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာ ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့တစ် တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

☎ ၀၉ ၅၁ ၈၄၉၀၅



www.burmeseclassic.com

www.burmeseclassic.com


# ကျားကစ္တာ

佳葛巴



男性补剂

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှို့ခြင်း၊ သေခြင်း၊ မြန်ခြင်း၊
အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊
ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက်
ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် -တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၁၄

အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

®

# ဆင်ကာဘို

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**


ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊
အပူ၊ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လူထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။
မန္တလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစုး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၃၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့်
မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-ဓ/၂၀၁၄(တဆဆထလ)(၂၆၂၆)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR- ၀၁၀၄၂၃(၀၆၁၅)

**ပင်ရင်း – ကျားကစ္တာအဆေးဆိုင် – ၄၀၂(အေ)ရုံ ကုန်ဈေးတန်း ဝန်းအိတ်တန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၄ ၃၅၀၆၁၈၉၊ ၀၄ ၂၅၀၅၀၄၀၆၅၊ ၀၁-၃၇၁၀၂၂(လိုင်းခွဲ)၃၅၃**

www.burmeseclassic.com






www.burmeseclassic.com



ဆေးပေါင်းခသော
တန်ဆောင်မုန်းလပြည့်ည။

လပြည့်ညဖြစ်၍ ကောင်းကင်တွင် နက္ခတ်တာရာများ စုံလင်နေသည်။ ကပ္ပိယကြီးဦးအုန်းက လပြည့်ည သန်းခေါင်ယံအချိန်တွင် မယ်ဇလီဖူးသုပ်စားရန် ဖိတ်ခေါ်ချက်အရ ကျွန်ုပ် ရွှေမြင်တင်ဘုန်းကြီးကျောင်းသို့ လာခဲ့ပါသည်။ ကပ္ပိယကြီးဦးအုန်းမှာ အသက်ရှစ်ဆယ်ပြည့်သည့်တိုင် ကျန်းမာသန်စွမ်းဆဲဖြစ်သည်။ ကျောင်းထိုင်ဆရာတော်ကြီးမှာ ဦးအုန်းထက် ငါးနှစ်အသက်ကြီးသော်လည်း တောင်ဝှေးမဆောင်ရဘဲ ဖျတ်လတ်နေဆဲ ဖြစ်သည်။

ဦးအုန်းမှာ သန်းခေါင်ယံအချိန်တွင် မယ်ဇလီဖူးသုပ်ရန် ပြင်ဆင်လျက်ရှိနေပြီး ကျောင်းသားနှစ်ယောက်မှာလည်း ကပ္ပိယကြီး အမိန့်ပေးသည်နှင့် မယ်ဇလီဖူးခူးရန် အသင့်စောင့်နေပါသည်။ ထိုအချိန် ဆရာတော်ကြီးက အနားသို့ ရောက်လာသည်။

"ကပ္ပိယကြီး ကိုအုန်းက နှစ်စဉ် ဒီအချိန်မှာ မယ်ဇလီဖူးသုပ် စားတယ်။ ဒါကြောင့် သူ့မှာ ဘာရောဂါမှမရှိဘဲ ကျန်းမာနေတာပေါ့"

www.burmeseclassic.com

'တပည့်တော်ကိုလည်း မယ်ဇလီဖူးသုပ်စားဖို့ ကပ္ပိယကြီးဖိတ်လို့ လာခဲ့တာပါဘုရား။ ည(၁၂)နာရီတိတိ နက္ခတ်မိတယ်လို့ ပြောပါတယ်'

'ဟုတ်တယ်။ နက္ခတ်မိမှလည်း ဆေးက အစွမ်းထက်မှာပေါ့။ ဟိုတုန်းက ဝိဇ္ဇာတွေ၊ ဇော်ဂျီတွေဟာ ဒီလို နက္ခတ်မိတဲ့ အချိန်ကိုစောင့်ပြီး ဆေးကြိတ်လေ့ရှိတယ်။ ဝေဒဗ္ဗမန္တန်ဆိုတာ မောင်ရင် ကြားဖူးသလား'

'ရွှေမိုးငွေမိုး ရွာစေတဲ့ဂါထာလို့ ကြားဖူးပါတယ်ဘုရား'

'ဟုတ်တယ်၊ နက္ခတ်မိတဲ့အချိန် အဲဒီမန္တန်ကိုရွတ်ရင် ရတနာမိုးရွာတယ်လို့ အဆိုရှိတယ်။ ကောင်းတဲ့နက္ခတ်ရှိသလို ဆိုးတဲ့နက္ခတ်လည်း ရှိတာပဲ'

'ဆိုးတဲ့နက္ခတ်ဆိုတာ ဘယ်လိုနက္ခတ်မျိုးလဲဘုရား'

'စောရနက္ခတ်ဆိုတာရှိတယ်။ အဲဒီနက္ခတ်နဲ့ယှဉ်ပြီး မွေးတဲ့လူဟာ သူများပစ္စည်းကို မယူဘဲ မနေနိုင်ဘူး။ နောက်တော့ သူခိုးဖြစ်သွားရော'

'သူခိုးမဖြစ်အောင် ထိန်းလို့ မရနိုင်ဘူးလားဘုရား'

'ကျုပ်ကိုယ်တွေ့ပဲ။ ဒီကျောင်းမှာ ကျုပ်က ကိုရင်ဘဝနဲ့ အခု ကပ္ပိယကြီး မောင်အုန်းရယ်၊ မောင်မိုးရယ် သူငယ်ချင်းသုံးယောက် နေခဲ့ကြတာ။ မောင်မိုးက စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးတဲ့လူ။ ခိုးလွန်းလို့ သူခိုးကြီးမိုးမှောင်အဖြစ် ကျော်ကြားခဲ့တာပဲ။ ခိုးစရာမရှိရင် ကျုပ်ပစ္စည်းလည်းခိုး၊ မောင်အုန်းပစ္စည်းပါမကျန် ခိုးတယ်။ သူ့ကို အပြစ်မတင်ရက်တာက စောရနက္ခတ်ပေါ်တဲ့ အချိန်ဆိုရင် ဘယ်လိုမှ ထိန်းမရတော့ဘူး။ ဒါပေမဲ့ သူ့ကို အပြစ်မတင်ရက်ပါဘူး'

'သူခိုးကြီးမိုးမှောင်အကြောင်း ပြောပြပါလားဘုရား'

'မောင်ရင်က စာရေးဆရာ မပြောရဘူး ကုန်ကြမ်းရဖို့ မေးတာပေါ့လေ'

'ရေးသင့် ရေးနိုင်အောင်ပေါ့ဘုရား'

'မိုးမှောင်ဟာ ဆရာတော်ကြီးရဲ့ မွေးစားသား။ ကျုပ်ရဲ့ သူငယ်ချင်းဆိုတော့ သူ့အကြောင်း အစအဆုံး ကြုံခဲ့ရတာပေါ့'

ဆရာတော်က စိတ်ပါဝင်စားစွာ သူခိုးမိုးမှောင်၏ အကြောင်းကို ပြောပြပါသည်။ သူခိုးကြီးမိုးမှောင်၏ ဇာတ်ကြောင်းမှာ စိတ်ဝင်စားစရာကောင်းပါသည်။ မကောင်းသည့်ဒုစရိုက်အမှုကို ကျူးလွန်နေသော်လည်း မိုးမှောင်၏ ဘဝမှာ သနားစရာ၊ ရင်နာစရာ ကောင်းလှပါသည်။

မောင်မိုး ငါးနှစ်သားအရွယ်တွင် သူ့မိဘနှစ်ပါးက သူတို့သားလေး စာတတ်ရန် ဆရာတော်ထံ လာရောက်အပ်နှံပါသည်။ ထိုအချိန်က ဘုန်းကြီးကျောင်းပညာရေးသာရှိသဖြင့် စာတတ်ရန်အတွက် ဘုန်းကြီးကျောင်းကိုသာ အားကိုးရပါသည်။ ဆရာတော်ကြီးထံ ကျောင်းအိပ်ကျောင်းစား နေရသည်။

ကိုရင်ပုည၊ မောင်အုန်းနှင့် မောင်မိုးတို့မှာ အလွန်ရင်းနှီးခဲ့ကြသည်။ ကိုရင်ပုညသည် ယခု ကျောင်းထိုင်ဆရာတော် ဖြစ်ပါသည်။ နေ့စဉ် ရွာထဲသို့ ဆွမ်းခံရာတွင် ကိုရင်ပုညက ဦးဆောင်ပြီး မောင်အုန်းနှင့် မောင်မိုးတို့က နောက်က လိုက်ရသည်။ သူတို့သုံးဦး ရွာထဲတွင် နေ့စဉ် ဆွမ်းခံရာတွင် သုံးလအထိ ပြဿနာမရှိသော်လည်း သုံးလကျော်သည်နှင့် ပြဿနာပေါ်လာတော့သည်။ သူတို့ ဆွမ်းခံသော အိမ်များက ပစ္စည်းများ အပျောက်အရှရှိကြောင်း သတင်းထွက်လာသည်။ ဆရာတော်ကြီး ကိုယ်တိုင်က ကိုရင် ပုညကို ခေါ်ယူမေးမြန်းခဲ့သော်လည်း ကိုရင်ပုညကိုယ်တိုင် ဘာမှမသိရကြောင်း ဆရာတော်ကို လျှောက်ထားခဲ့ပါသည်။

ကိုရင်ပုညက သူနှင့်အတူ ဆွမ်းခံလိုက်သော ကျောင်းသားနှစ်ယောက်ကို အမြဲဂရုစိုက် စောင့်ကြည့်နေခဲ့ရာ မောင်မိုး၏ လက်ချက်ဖြစ်ကြောင်း ကိုယ်တိုင်သိလိုက်ရသည်။ မောင်မိုးကို နောက်မလုပ်ရန် သတိပေးပြီး သူသိထားသမျှကို ဆရာတော်ကြီးထံ ချက်ချင်းတင်ပြခဲ့ပါသည်။ ဆရာတော်ကြီးက မောင်မိုးကို သူ့ရှေ့မှောက်သို့ ခေါ်လိုက်သည်။

'ဟဲ့ကောင် ငမိုး၊ နင် ဆွမ်းခံရင်း ရွာထဲက ပစ္စည်းတွေ ယူတယ်လို့ ကိုရင်ပုညဆီက ငါသိရတယ်။ အဲဒါ ဟုတ်သလား'

'မှန်ပါတယ်ဘုရား၊ တပည့်တော်ယူမိပါတယ်'

'သူများပစ္စည်းယူရင် အပြစ်ရှိတယ်ဆိုတာ နင် မသိဘူးလား'

'သိပါတယ်ဘုရား'

'သိရင် ဘာကြောင့်ယူရတာလဲ'

'တပည့်တော် မယူဘဲ မနေနိုင်လို့ ယူမိတာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား။ တပည့်တော်ကို အပြစ်ပေးပါ။ တပည့်တော် ခံပါ့မယ်ဘုရား'

'အပြစ်ပေးတာထက် နောက်မယူတော့ပါဘူးလို့ နှင် ကတိပေးမလား'

'ကတိတော့ မပေးနိုင်ပါဘူးဘုရား'

မောင်မိုး၏စကားကြောင့် ဘုန်းကြီး တွေဝေသွားပါသည်။ ဘုန်းကြီးကို ဒါလောက်ကြောက်ရသူက ဘုန်းကြီးကို ကတိမပေးနိုင်ဟု ပြောသဖြင့် ဘုန်းကြီး အံ့သြသွားခြင်းဖြစ်သည်။ ဘုန်းကြီးက စဉ်းစားပြီးမှ မေးလိုက်သည်။

'ငမိုး..ဟိုတလောက နှင့်အတွက် ဗေဒင်ဆရာ လုပ်ပေးထားတဲ့ ရက်ချုပ်ဇာတာ နှင့်ဆီမှာ ရှိသလား'

'ရှိပါတယ်ဘုရား'

'နှင့်ဇာတာ သွားယူစမ်း'

မောင်မိုးသည် သူ့အိပ်ရာအောက်တွင် သိမ်းထားသော သူ၏ ထန်းဖူးဇာတာလေးကို ယူလာပြီး ဆရာတော်ကြီးထံ ပေးလိုက်သည်။ ဆရာတော်ကြီးမှာ မောင်မိုး၏ ဇာတာကို အပြန်ပြန်အလှန်လှန်ကြည့်ပြီး တုန်လှုပ်သွားပါသည်။ ဇာတာကို မောင်မိုးကို ပြန်ပေးလိုက်ပြီး မောင်မိုးကို ပြန်လွှတ်လိုက်သည်။

'ငမိုး..နှင်သွားနိုင်ပြီ။ ကိုရင်ပုညကို ငါ့ဆီ လွှတ်လိုက်'

မကြာခင် ကိုရင်ပုည ရောက်လာပါသည်။

'ပုည..မနက်ဖြန်ကစပြီး ငမိုးကို ဆွမ်းခံခေါ်မသွားနဲ့တော့။ ကျောင်းမှာ ဝေယျာဝစ္စတွေပဲ ခိုင်းတော့'

'မှန်လှပါဘုရား'

'ငမိုးက စောရန်ကွတ်နဲ့ယှဉ်ပြီး မွေးတဲ့ကောင်။ ဒီကောင် ရွာထဲမှာ ဆက်ခိုးနေရင် ကျောင်းနာမည် ပျက်လိမ့်မယ်။ ကျောင်းက ဦးဇင်းတွေ၊ ကိုရင်တွေနဲ့ ကျောင်းသားတွေကိုလည်း ကိုယ့်ပစ္စည်းကို ထိန်းသိမ်းဖို့ သတိပေးလိုက်ဦး။ ငမိုး စောရန်ကွတ်ဆိုတာ မပေါက်ကြားစေနဲ့နော်'

ဆရာတော်က ကိုရင်ပုညကို ယုံကြည်စိတ်ချရသဖြင့် အမှန်အတိုင်း ပြောပြလိုက်သည်။ ထိုအချိန်တွင် တောရွာများ၌ ကပ်ဆိုးကြီးကျချိန်ဖြစ်သည်။ ကာလဝမ်းရောဂါကျရောက်သဖြင့် အိမ်လုံးကျွတ်၊ ရွာလုံးကျွတ် ကွယ်လွန်ပျက်စီးနေချိန်ဖြစ်သည်။ ကုသရန် ဆေးမရှိသဖြင့် ရောဂါဖြစ်မှန်းသိပါလျက် အသေခံသွားကြရသည်။ ထိုအထဲတွင် မောင်မိုး၏ မိဘနှစ်ပါးလုံး ပါသွားသဖြင့် အားကိုးရာမရှိတော့သော မောင်မိုးမှာ ဆရာတော်ကြီး၏ မွေးစားသားဖြစ်လာခဲ့ရပါတော့သည်။ ဆရာတော်ကြီးမွေးစားသားဖြစ်ပြီးမှ မောင်မိုးမှာ ရွာသို့ ဆွမ်းခံမလိုက်ရတော့ဘဲ ကျောင်းစောင့်ဘဝရောက်ခဲ့ရသည်။ ဆွမ်းစားကျောင်း ဦးပဉ္ဇင်းက မောင်မိုးကို ရေခပ်၊ ပန်းကန်ဆေး၊ တံမြက်လှည်းနှင့် သန့်ရှင်းရေး လုပ်ငန်းများကို တာဝန်ထားပါသည်။

မောင်မိုးမှာ ဆွမ်းခံလိုက်ခွင့်မရသော်လည်း အလုပ်သက်သာခြင်းတော့ မရှိပါ။ ကျောင်းတွင် နေခွင့်ရ၍ နှစ်လအထိ ကျောင်းတွင် ပြဿနာမရှိခဲ့ပါ။ မောင်မိုးသည် သူ့ဘဝကိုသူ ဆင်ခြင်နိုင်ပြီဟု ကိုရင်ပုညက တွေးခဲ့သည်။ သို့သော် သုံးလအကြာတွင် ကျောင်းတွင် ပြဿနာတစ်ရပ် ပေါ်ခဲ့သည်။ ကိုရင်စံဖုန်း၏ အိတ်ဆောင်နာရီ ပျောက်သွားခြင်း ဖြစ်သည်။

ကိုရင်စံဖုန်းမှာ စာပြန်ပွဲတွင် ပထမဆုရ၍ ရရှိခဲ့သောနာရီကို အလွန်နှမြောလွန်းသဖြင့် ငိုယိုလျက် ရှိပါသည်။ ကျောင်းသားများ၊ ကိုရင်များက ဝိုင်း၍ နှစ်သိမ့်နေကြသော်လည်း ကိုရင်စံဖုန်းမှာ အော်ဟစ်ငိုနေသဖြင့် နောက်ဆုံး ဆရာတော်ကြီး သိသွားပါတော့သည်။ ဆရာတော်ကြီးက ကျောင်းရှိ ဦးပဉ္ဇင်းများ၊ ကိုရင်များနှင့် ကျောင်းသားများ အားလုံးကို ခေါ်လိုက်သည်။ အားလုံးရောက်ရှိလာသောအခါ ဆရာတော်ကြီးက ပြောလိုက်သည်။

'ဒီမှာ ကိုရင်စံဖုန်း ဆုရတဲ့နာရီ ပျောက်သွားတယ်။ ကျောင်းမှာရှိတဲ့လူတွေထဲက တစ်ယောက်ယောက်ယူတာ သေချာတယ်။ ပစ္စည်းယူထားတဲ့လူက ဘုန်းကြီးဆီကို ပစ္စည်းအမြန်ဆုံး လာပေးပါ။ ပစ္စည်းလာပေးရင် ဒီတစ်ကြိမ်အတွက် ခွင့်လွှတ်ပေးမယ်။ ပစ္စည်းလာမပေးဘူးဆိုရင် ပစ္စည်းကိုရအောင်ရှာပြီး ပြင်းပြင်းထန်ထန် အရေးယူမယ်။ ကဲ..သဘောပေါက်ရင် သွားကြတော့'

အားလုံး ဆရာတော်ကြီး အခန်းက ထွက်သွားကြသည်။ အချိန်မှာ စာကျက်ချိန်ဖြစ်၍ ကိုရင်နှင့် ကျောင်းသားများ နေရယူ၍ စာကျက်နေကြပါသည်။ ထိုအချိန် ဆရာတော်က ကိုရင်ပုညကို ခေါ်လိုက်သည်။

'ပုည..စာကျက်ချိန်ကုန်လို့ အိပ်ချိန်ရောက်ရင် ငမိုး



www.burmeseclassic.com

www.burmeseclassic.com

ကို ငါ့ဆီ ခေါ်ခဲ့။ နာရီပါ ပါပါစေ'

'မှန်လှပါဘုရား'

ကိုရင်ပုညက စာကျက်ခန်းထဲဝင်၍ စာကျက်နေခဲ့သည်။ ကျောင်းတွင် ညနေ(၆)နာရီတွင် ဘုရားရှိခိုးချိန်ဖြစ်၍ ဘုရားရှိခိုးပြီးပါက အားလုံး (၉)နာရီအထိ စာကျက်ရသည်။ (၉)နာရီထိုးပါက အိပ်ရာဝင်ချိန်ဖြစ်သည်။ အားလုံး အိပ်ရာဝင်သည်နှင့် ကိုရင်ပုညနှင့် မောင်မိုးတို့ ဆရာတော်ကြီးရှေ့မှောက်သို့ ရောက်လာခဲ့ကြသည်။

'ဟဲ့ကောင် ငမိုး၊ နာရီပါခဲ့ရဲ့လား'

'ပါခဲ့ပါတယ်ဘုရား'

မောင်မိုးက အသင့်ယူလာသောနာရီကို ဆရာတော်ကြီးလက်သို့ အပ်လိုက်သည်။

'ငမိုး..နင်ဟာ ရွာထဲသွားတုန်းက ဆွမ်းခံရင်း ရွာထဲက ပစ္စည်းကို ခိုးတယ်။ ရွာထဲ မသွားရတော့ အချင်းချင်း ပစ္စည်းကို ခိုးတယ်။ နင့်အပြစ်ကို နင်သိရဲ့လား'

'သိပါတယ်ဘုရား၊ တပည့်တော်လည်း ဒီအကျင့်ကို မဖျောက်နိုင်လို့ စိတ်ညစ်ရပါတယ်။ တပည့်တော် စိတ်ထိန်းတဲ့ကြားက ကိုရင်စံဖုန်းရဲ့နာရီကို ရုတ်တရက်တွေ့လိုက်ရတော့ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး။ စိတ်မထိန်းနိုင်ဘဲ ယူလိုက်မိပါတယ်။ ဆရာတော်ပေးတဲ့အပြစ်ကို ခံယူပါ့မယ်'

မောင်မိုး၏စကားကြောင့် ဆရာတော်မှာ မောင်မိုးကို ကြည့်ရင်း ကရုဏာသက်နေမိသည်။ မောင်မိုးမှာ စိတ်ရင်း စေတနာကောင်းပြီး လူတိုင်းနှင့် ဆက်ဆံရေးအဆင်ပြေသော်လည်း မွေးရာပါ စောရနက္ခတ်ကြောင့် ဒုက္ခရောက်နေရခြင်း ဖြစ်သည်။ ဆရာတော်မှာ မိဘမဲ့သား မောင်မိုးကို အပြစ်မပေးရက်အောင် ရှိနေပါသည်။ မောင်မိုး သူခိုးတစ်ယောက်ဖြစ်သည်ဟု အများမသိစေလိုသဖြင့် ပြဿနာဖြစ်လာတိုင်း ကြိတ်၍ဖြေရှင်းနေခြင်းဖြစ်သည်။ ဆရာတော်ဖြေရှင်းနိုင်၍ မောင်မိုးကို သူခိုးတစ်ယောက်ဟု အများက မရိပ်မိကြသော်လည်း မောင်မိုးမှာ စိတ်မထိန်းနိုင်ဘဲ ခိုးမှုများကို ဆက်ကာ ဆက်ကာ ကျူးလွန်နေမိသည်။ ဆရာတော်ကြီးက ပစ္စည်းရှင်ထံ ပစ္စည်းပြန်ရအောင် စီစဉ်ပေးနိုင်ခဲ့၍ ပြဿနာမပေါ်ခဲ့ပါ။ ငွေကြေးနှင့် ပတ်သက်၍ အများဆုံး ခိုးယူမိပါသည်။ ငွေကြေးအတွက်ကိုမူ ဆရာတော်က မောင်မိုးထံ ပြန်လည်တောင်းခံမနေတော့ဘဲ သူကပင် စိုက်ထုတ်၍ ပြန်ပေးခဲ့ခြင်းဖြင့် မောင်မိုး၏ အကျင့်စရိုက်ကို ဖုံးကွယ်နိုင်ခဲ့ပါသည်။

နွေ၊ မိုး၊ ဆောင်း ရာသီအလီလီပြောင်းခဲ့သလို ခေတ်ကာလ အခြေအနေများမှာလည်း များစွာပြောင်းလဲခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြတ်သန်းသွားသဖြင့် မြို့ပျက်ရွာပျက် ဖြစ်ခဲ့ရသည်။ ဂျပန်ခေတ်သို့ ရောက်ရှိလာပြီဖြစ်၍ မြို့ရွာနေရာအနှံ့တွင် ဂျပန်များ ရောက်ရှိနေခဲ့ပြီဖြစ်ပါသည်။

ရွှေမြင်တင်ကျောင်းထိုင် ဆရာတော်ကြီးမှာ အသက်အရွယ်ကြီးပြီး ဘဝနတ်ထံပုံတော်မူခဲ့ပါသည်။ မောင်အုန်းသည် ကပ္ပိယကြီးဦးအုန်း ဖြစ်လာခဲ့သလို ကိုရင်ပုညမှာ ကျောင်းထိုင်ဆရာတော် ဦးပုညဘဝသို့ ရောက်ခဲ့ပေပြီ။ စောရနက္ခတ်ပိုင်ရှင် မောင်မိုးမှာ သူခိုးကြီးမိုးမှောင် ဘဝဖြင့် ဘဝကို ကျင်လည်နေခဲ့သည်။ ဆရာတော်ဦးပုည၏ ထိန်းသိမ်းမှုအောက်တွင် ကပ္ပိယကြီးဦးအုန်းတို့ ကူညီမှုဖြင့် ဘေးမသီရန်မခ ရှိနေပါသည်။ စောရနက္ခတ်ကို ပြုပြင်နိုင်စွမ်း မရှိသော်လည်း မိုးမှောင် အန္တရာယ်မဖြစ်ရလေအောင် ဆရာတော်နှင့် ကပ္ပိယကြီးတို့က ရွှေမြင်တင်ကျောင်းတွင် အတူနေကြရင်း စောင့်ရှောက်လျက်ပင် ရှိပါသည်။

ခေတ်ပျက်ချိန်ဖြစ်၍ သူခိုး၊ ဓားပြ ပေါ်ထူနေချိန်ဖြစ်သည်။ မောင်မိုးက စောရနက္ခတ်မိမှ ခိုးမိသော်လည်း မောင်မိုးကို အမှီပြု၍ ခိုးသူများက သူခိုးမိုးမှောင် အမည်ခံယူကာ ရတိုင်း ခိုးယူနေပြီး သူခိုးမိုးမှောင် အမည်ခံယူနေကြသဖြင့် မောင်မိုးကို နာမည်ကြီးမိုးမှောင် မဖြစ်စေရန် ဆရာတော်နှင့် ကပ္ပိယကြီးတို့က ဝိုင်းရံနေကြရသည်။

ဂျပန်စစ်တပ်သည် နယ်မြေကျော်ကာ ရွှေမြင်တင်ကျောင်းသို့ပင် ကျူးကျော်ရောက်လာခဲ့သည်။ ပေလေးဆယ်၊ ပေသုံးဆယ် အရွယ်ရှိ ကျောင်းဝင်းထဲရှိ ဇရပ်ကြီးနှစ်ဆောင်ကို သိမ်းပိုက်လိုက်ကြသည်။ ဇရပ်ကို တိုးချဲ့ဆောက်လုပ်ပြီး အပေါ်ထပ်တွင် အခန်းဖွဲ့ကာ ဗိုလ်များက နေရာယူထားသည်။ ဇရပ်တွင် ဂျပန်များ လာရောက်နေထိုင်သည်ကို ဆရာတော်က လုံးဝနှစ်သက်ခြင်း မရှိသော်လည်း ရွာသူကြီးကိုယ်တိုင် ခွင့်ပြုပေးပါရန် ဆရာတော်ထံ အကြိမ်ကြိမ်လာရောက်တောင်းပန်သဖြင့် မကျေနပ်သော်လည်း ကြည့်နေလိုက်ရခြင်းဖြစ်သည်။ ဂျပန်များက ကျောင်းဝင်းအတွင်း သုံးလကျော် အနေကြာသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့်အမျှ ကျောင်းမှ ကျောင်းသားများနှင့် ရင်းနှီးမှုရလာခဲ့ကြသည်။

ညနေဘက် ဂျပန်များ ဘော်လီဘောကစားသည်ကို ကျောင်းသားများက အနီးကပ်ကြည့်ခဲ့ကြသည်။ မောင်အုန်းနှင့် မောင်မိုးတို့ကို ဂျပန်များက ပါဝင်ကစားရန် ဖိတ်ခေါ်သဖြင့် ဘော်လီဘောကစားခွင့် ရခဲ့ကြသည်။ မောင်မိုးမှာ အားကစားထူးချွန်သဖြင့် ဂျပန်များ၏ အရေးပေးမှုကို ခံရပါသည်။ ထို့ပြင် မောင်မိုးမှာ တွေ့သမျှလူနှင့် သင့်အောင် ပေါင်းသင်းတတ်သူဖြစ်၍ ဂျပန်စစ်ဗိုလ်များ၏ အရေးပေးမှုကို ခံရပါသည်။ ဂျပန်များသည် ထန်းရည်ကို အထူးနှစ်သက်သဖြင့် ဂျပန်ဗိုလ်မှူး စူစကီးအတွက် မောင်မိုးက/ နေ့စဉ် အကောင်းဆုံး ထန်းရည်ကို ရှာပေးသဖြင့် မောင်မိုးမှာ ဗိုလ်မှူး၏ လူရင်းအဖြစ် ရောက်ခဲ့သည်။

မောင်မိုးမှာ ဂျပန်ဗိုလ်မှူး၏ အရေးပေးခြင်း ခံရသူဖြစ်၍ ရပ်ဝန်းကျင်တွင် ဝင့်ကြွားနိုင်ရုံသာမက ဂျပန်တပ်ဝင်းအတွင်း အမြဲဝင်ထွက်ခွင့်ရခဲ့သည်။ ရွာထဲတွင် မောင်မိုးကို သူခိုးမိုးမှောင်ဟု စွပ်စွဲလိုသူများရှိသော်လည်း ဂျပန်များ၏ အရေးပေးခြင်းခံရသူ မောင်မိုးကို မည်သူမှ စွပ်စွဲပြောဆိုဝံ့ခြင်း မရှိပါ။ မောင်မိုး ဂျပန်တပ်အတွင်း အဝင်အထွက်ရှိပြီး မကြာမီ ဂျပန်စစ်ဗိုလ်များ၏ ငွေကြေးများ၊ ပစ္စည်းများ ပျောက်ရှခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဗိုလ်မှူး၏ ပစ္စည်းများပင် ပျောက်ဆုံးခဲ့သော်လည်း မောင်မိုးဟု မည်သူကမျှ မထင်ကြပါ။ ဗိုလ်မှူးကိုယ်တိုင် ပျောက်ရှခဲ့သော ပစ္စည်းများအတွက် စုံစမ်းပေးပါရန် မောင်မိုးကိုပင် အကူအညီတောင်းလျက် ရှိပါသည်။

တစ်နေ့ မမျှော်လင့်သော ပြဿနာတစ်ခု မောင်မိုးထံ ရောက်ရှိလာပါသည်။ ငယ်စဉ်က ကိုရင်ပုညၤ မောင်အုန်းတို့နှင့်အတူ ကျောင်းနေဖက်တစ်ဦးဖြစ်သူ ပေါက်ကျော် ရောက်လာသည်။ ပေါက်ကျော်မှာ စိတ်လှုပ်ရှားနေပုံရသည်။

'မောင်မိုး··ငါ့ကို ကူညီပါကွာ။ မင်းသာ မကူညီရင် ငါ့ဘဝ ပျက်စီးရတော့မယ် အခြေအနေရောက်နေပြီ'

'ဘာကိစ္စလဲ ပေါက်ကျော်ရဲ့။ တို့က သူငယ်ချင်းတွေပဲကွာ။ ငါကူညီနိုင်တာဆိုရင် ကူညီမှာပေါ့။ ကဲ··မင်းပြဿနာကို ပြောပါဦး'

'ဒီကိစ္စက မင်းကူညီနိုင်မယ့် ကိစ္စပါ'

'ပြောပါဦး။ ငါ ဘာကူညီရမလဲ'

'မိန်းမခိုးပေးဖို့ပါ'

'ဘယ်သူလဲ၊ ဝိုင်းစိန်ကိုလား။ ဒါက လွယ်ပါတယ်။ ဘယ်တော့ခိုးပေးရမလဲ'

'မင်းထင်သလို မလွယ်ဘူးကွ။ ငါ့ချစ်သူကို ဗိုလ်မှူး စူစကီး ခေါ်သွားပြီ'

'ဘယ်တုန်းက ခေါ်သွားတာလဲ'

'အခုပဲ ခေါ်သွားလို့ ငါ နောက်က လိုက်ခဲ့တာပါ'

'ဒါဆို ဝိုင်းစိန်က တို့ကျောင်းက ဇရပ်ကို ရောက်နေပြီပေါ့'

'ဟုတ်တယ်။ ဒါကြောင့် မင်းဆီ လာခဲ့ရတာ'

မောင်မိုး သဘောပေါက်သည်။ စူစကီးသည် မိန်းမကိစ္စတွင် ဝါသနာကြီးသည်။ ရွာထဲက မိန်းမချောလေးများကို ခေါ်သွားတတ်ပါသည်။ သူစိတ်ကျေနပ်မှ ပြန်လွှတ်ပေးလေ့ရှိသည်ကို မောင်မိုး သိပြီးဖြစ်သည်။

'သိပ်တော့မလွယ်ဘူး ပေါက်ကျော်၊ ဒါပေမဲ့ ငါ ကူညီမယ်။ ဒီည လကွယ်ညဖြစ်နေတာကြောင့် ဒီည ဝိုင်းစိန်ကို ပြန်ရအောင် ငါခိုးပေးမယ်'

'ကူညီပါ သူငယ်ချင်းရယ်၊ အားကိုးပါတယ်'

'မင်းရဲ့ချစ်သူ ဖြစ်နေသလို မြန်မာအမျိုးသမီး တစ်ယောက်အတွက် မဖြစ်မနေ ကူညီရမှာပေါ့။ ဒီည အောင်ပွဲခံတဲ့အနေနဲ့ စစ်ဗိုလ်တွေကို အရက်နဲ့ ဧည့်ခံလိမ့်မယ်။ ဧည့်ခံပွဲအပြီး သန်းခေါင်ကျော်မှာ သူ့အခန်း သူပြန်မှာဆိုတော့ တို့အတွက် အချိန်ရပါတယ်။ တစ်ခုတော့ ကြိုပြောထားမယ်။ ဝိုင်းစိန်ကို ပြန်ရပြီးရင် ဒီနယ်မြေက ဝေးရာကို မင်း ပြေးရမယ်။ မင်းတို့ကို မြေလှန်ရှာလိမ့်မယ်။ မင်းတို့ကိုတွေ့ရင် သတ်မှာ သေချာတယ်။ အဲဒီအချိန်မျိုးရောက်ရင် ငါလည်း ကူညီနိုင်မှာ မဟုတ်တော့ဘူး'

'အေးပါကွာ။ ဝိုင်းစိန်ကိုပြန်ရတာနဲ့ အဝေးဆုံးကို ပြေးဖို့ စီစဉ်ထားပါတယ်'

'ဒါဆို မင်းလည်း စီစဉ်စရာရှိတာ စီစဉ်ထား။ ငါလည်း လုပ်စရာတွေ ရှိသေးတယ်'

ပေါက်ကျော် ပြန်သွားသည်နှင့် မောင်မိုး စဉ်းစားရသည်။ ပထမဆုံး လုပ်ရမည့်အလုပ်မှာ ဂျပန်လူပုကလေးကို စည်းရုံးရန် ဖြစ်သည်။ အိပ်ဖန်စောင့် လူပုလေးမှာ



www.burmeseclassic.com

www.burmeseclassic.com

အလွန်သေးကွေး ပုညက်သော ဂျပန်ကလေးတစ်ဦးဖြစ်သည်။ လူပုကလေးကိုတွေ့ပါက ဝိုင်းစိန် ဘယ်မှာရှိတယ်။ သူ့ကို ဘယ်လိုကယ်ရမည်ကို သိရမည်ဖြစ်သည်။ လူပုကလေးကို စည်းရုံးရေးမှာလည်း လွယ်ကူသည်တော့ မဟုတ်ပါ။ သူသည် လူပုပြီး သေးသလောက် အရက်ကောင်း ကြိုက်သူဖြစ်သည်။ မောင်မိုးသည် သူပိုင်ပစ္စည်းများမှ အရက်ပုလင်းရှာရာ ဂျပန်မှလာသော ပုလင်းပြားလေးမှာ ဂျပန်တို့ အကြိုက်ဆုံးအရက် ဖြစ်သည်။ ထိုပုလင်းနှင့် လူပုကလေးကို မျှားရပေတော့မည်။ ထိုပုလင်းပြားလေးမှာ သူ့အတွက် အားကိုးစရာဟု ထင်လိုက်ရသည်။ တကယ်တော့ သူ့အတွက် ဒုက္ခရောက်စေမည့် ပုလင်းဖြစ်ကြောင်း သူ မသိခဲ့ပါ။ သူသိလိုက်သည့် အချိန်တွင် သူ့ဘဝအတွက် ပေးဆပ်လိုက်ရသောအချိန် ဖြစ်တော့သည်။

ညဦးပိုင်း ဗိုလ်မှူးတို့ ဧည့်ခံပွဲမစတင်မီ မောင်မိုးက လူပုကလေး လက်ထဲသို့ ပုလင်းပြားလေး ထည့်ပေးလိုက်သည်။ ထိုအရက်မျိုးမှာ ဂျပန်တွင်သာ ရနိုင်သည့်ပစ္စည်းဖြစ်၍ လူပုလေးမှာ အလွန်ပျော်ပြီး မောင်မိုးကို ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ် ပြောလျက်ရှိပါသည်။

ထိုနေ့ညက ဂျပန်ရုံးတွင် ဧည့်သည်များနှင့် အထူးစည်ကားနေပါသည်။ ဗိုလ်မှူးတည်ခင်းသော ညစာစားပွဲတွင် ပရိသတ်များ အဝသောက်နေကြချိန်ဖြစ်သည်။ ထိုအချိန်တွင် လူပုကလေးမှာလည်း အကောင်းစားအရက်ကို တစ်ကိုယ်တည်း စိတ်တိုင်းကျ သောက်နေလောက်ပြီဖြစ်သည်။ သန်းခေါင်ချိန် နီးကပ်လာသည့်အခါ ဧည့်သည်များ မူး၍ လဲသူလဲ၊ ပြန်သူပြန်ကြလေပြီ။ ဗိုလ်မှူးကလည်း အားလုံးပြန်ချိန်ကို စောင့်လျက်ရှိသည်။ အားလုံးပြန်မှ ဇရပ်အပေါ်ထပ်တွင်ရှိနေသော ဝိုင်းစိန် ရှာသူအလှကလေးနှင့် တွေ့ရမည်ဖြစ်သည်။

သန်းခေါင်ယံအချိန်တွင် နက္ခတ်မိချိန်ဖြစ်၍ မောင်မိုးက ဂျပန်အစောင့်များ အလစ်တွင် လှေကားမှ တွယ်တက်ကာ ဇရပ်ပေါ် တက်ခဲ့သည်။ ဇရပ်ပေါ် ရောက်သည်နှင့် အခန်းဝတွင် အထူးတာဝန်ဖြင့် အိပ်ဖန်စောင့် လူပုကလေးမှာ နံရံကိုမှီ၍ အမူးလွန်ကာ အိပ်ပျော်လျက်ရှိကြောင်း တွေ့လိုက်ရသည်။ လူပုကလေးဆီက အခန်းသော့ကို အလွယ်တကူယူပြီး အခန်းထဲ ဝင်နိုင်ခဲ့သည်။ ဝိုင်းစိန်ကို ရှာရာ ကြာကြာမရှာရဘဲ အခန်းထောင့်တွင် ကြောက်

တုန်လှုပ်စွာ ပုန်းနေသည်ကို အလွယ်တကူ တွေ့လိုက်

သည်။ ဝိုင်းစိန်ကိုခေါ်၍ ကျောင်းအပြင်တွင် စောင့်

သော ပေါက်ကျော်၏လက်သို့ အပ်နှံလိုက်နိုင်ပါသည်။ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ မောင်မိုးသည် ကျောင်းသို့ပြန်ကာ အိပ်ရာဝင်ခဲ့ပါသည်။ ယခုလောက် ဆိုလျှင် ဗိုလ်မှူးစုစကီး တစ်ယောက် ဘယ်လောက် ဒေါသပုန်ထကာ ပေါက်ကွဲနေမည်ကို တွေးတောလျက် ရှိပါသည်။

နောက်နေ့တွင် ပြဿနာအကြီးအကျယ် တက်တော့မည်ဟု ထင်မြင်သော်လည်း မနက်လင်းသည့်အခါ ဂျပန် စခန်းတွင် ငြိမ်သက်နေသည်ကို အံ့သြစွာ တွေ့မြင်ရသည်။ မောင်မိုးသည် ကျောင်းပေါ်က အောက်ကိုပင် မဆင်း အခြေအနေကို အကဲခတ်နေခဲ့သည်။ ကျောင်းသား တစ်ယောက်၏ ပြောပြချက်အရ ဂျပန် လူပုကလေး အချုပ်ခန်းထဲ ထည့်ထားသည်မှအပ ထူးခြားမှုမရှိကြော သိရသည်။ ငြိမ်သက်နေခြင်းသည် အန္တရာယ်ရှိနိုင်ကြော မောင်မိုး ခန့်မှန်းမိပါသည်။

ထိုအချိန် ဆရာတော်က ခေါ်သည်ဆို၍ မောင် သွားရောက်ခဲ့ရသည်။ မောင်မိုးကို တွေ့သည်နှင့် ဆ တော် လေးနက်သော စကားကို ပြောတော့သည်။

'ကဲ‥မောင်မိုး၊ မင်းကို လွှတ်ပေးထားလို့ မရ ဘူး။ ဆရာတော်ကြီး ရှိစဉ်ကတည်းက မင်းကိုပြုစု ငါ့ကို အပ်သွားတာ မင်းအသိပဲ။ အခု မင်းမှာ အန္တရာ ရှိနေပြီ။ မင်း တစ်ခုခုဖြစ်ခဲ့ရင် ငါ့မှာ တာဝန်ရှိတ မင်းဟာ လူဝတ်နဲ့တော့ သီလစောင့်ထိန်းမှာ မဟုတ် ဘူး။ ဒီတော့ မင်း ရဟန်းဝတ်ရမယ်'

ဆရာတော် ဦးပုညမှာ ငယ်သူငယ်ချင်းလည်း အုပ်ထိန်းသူလည်း ဖြစ်သဖြင့် ဆရာတော်၏ ပြော မှာ တရားနည်းလမ်းကျနေသောကြောင့် မောင်မိုးမှာ ပယ်ရန် မဖြစ်နိုင်တော့မှန်း သိထားပါသည်။

'တပည့်တော်ရဲ့ ဘဝကို တပည့်တော် သိပါ ဘုရား။ ဆရာတော် စီမံတာကို တပည့်တော် နာခံပါ မယ်'

မောင်မိုးမှာလည်း စောရန်ကွတ်ကို စိတ်ကုန် ၍ ဆရာတော်၏စကားကို လက်ခံလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘဝ ပြုခဲ့သမျှ အဖြစ်များကို ရဟန်းဘဝရောက်မှ သီလဖြင့် ဆေးကြောရတော့မည်။ ရဟန်းဘဝနှင့် ဝိပဿနာတရားကို အားထုတ်မည်ဆိုပါက အသေမဦးမီ ဉာဏ်ဦးနိုင်သေးသည်ဖြစ်၍ လူသစ်၊ စိတ်သစ်မွေးပြီး ဘဝသစ်ကို စတင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

နောက်နေ့တွင် မမျှော်လင့်ဘဲ ဂျပန်ပုလေး မောင်မိုးထံရောက်ရှိလာပါသည်။ ဂျပန် လူပုလေးမှာ ဗိုလ်မှူးအနီးတွင် နေသူဖြစ်၍ အကင်းပါးရုံသာမက မြန်မာစကားကိုရေရေလည်လည် ပြောတတ်သူဖြစ်သည်။ မောင်မိုးက စတင်နှုတ်ဆက်ပါသည်။

'မင်းကို ဗိုလ်မှူး စိတ်ဆိုးနေတယ် ကြားတယ်။ ဘာလဲ၊ အခု စိတ်ပြေသွားပြီလား'

'ခဏပါကွာ။ ငါ့ကို သူအားကိုးပါတယ်'

'ရွာထဲက ဖမ်းခေါ်လာတဲ့ကောင်မလေး လွတ်သွားတာ ဘယ်လိုဖြစ်တာလဲ'

'ငါလည်း မင်းပေးတဲ့အရက်ကို သောက်ကောင်းကောင်းနဲ့ သောက်လိုက်တာ ဘာတွေဖြစ်ကုန်မှန်း မသိတော့ပါဘူးကွာ။ ဒီညတောင် ညှော်ခံပွဲရှိတယ်။ အရက်ကောင်းကောင်း သောက်ရဦးမယ်'

'ဘာအတွက်လဲကွ'

'မနေ့က ဗိုလ်မှူး ပတ္တမြားကြီးတစ်လုံး ရလာတယ်။ သိပ်တန်ဖိုးကြီးလို့ သူ သိပ်ဝမ်းသာနေတယ်။ မနက်ဖြန် ဂျပန်ပြည် ပို့တော့မှာမို့ ဒီည ပတ္တမြားကြီးကို အားလုံးကို ပြရင်း ညှော်ခံပွဲလုပ်မှာ'

'ပတ္တမြားက ဘယ်လောက်တန်လို့လဲ'

'ပြည်တန်ပတ္တမြားလို့ ပြောနေတာပဲ'

'အဲဒီပတ္တမြားကို သူ ဘယ်လိုသိမ်းမလဲ'

'ညှော်ခန်းထဲမှာ အစောင့်အရှောက်နဲ့ ပြထားမှာ'

ဂျပန်လူပုလေး ပြန်သွားသောအခါ မောင်မိုး စိတ်လှုပ်ရှားရင်း ကျန်ရစ်ခဲ့သည်။ သူခိုးအလုပ်ကို မလုပ်တော့ရန် ဆုံးဖြတ်ထားသော်လည်း ပြည်တန်ပတ္တမြားဆို၍ ငယ်စိတ်များ ပြန်ဝင်လာခဲ့သည်။ နောက်ဆုံး နှုတ်ဆက်ပွဲအနေနှင့် ပြည်တန်ပတ္တမြားကြီး ရလိုစိတ်များ တဖွားဖွားပေါ်လျက်ရှိသည်။ မိမိတိုင်းပြည်၏ ရတနာပစ္စည်းကိုလည်း တိုင်းတစ်ပါးသို့ မပါရအောင် ကာကွယ်ရန် တာဝန်ရှိပါသည်။ မျိုးချစ်စိတ်ကြောင့်ဖြစ်ဖြစ်၊ လောဘကြောင့်ဖြစ်ဖြစ် နောက်ဆုံးအနေနှင့် သည်တစ်ပွဲကို အကောင်းဆုံးဆင်နွှဲရန် ဆုံးဖြတ်လိုက်ပါသည်။

ညမှောင်လာသည်နှင့် ညှော်ခံပွဲမှ ပုလင်းသံ၊ ဖန်ခွက်သံနှင့် လူသံများကို ကြားလာရသည်။ ဗိုလ်မှူး၏ အောင်ပွဲခံပွဲ စတင်နေပြီဖြစ်ကြောင်း သိရသည်။ မောင်မိုးသည် မှောင်ရိပ်ခိုကာ ညှော်ခံပွဲနှင့် အနီးဆုံးနေရာ အရောက်သွားခဲ့သည်။ စားပွဲကြီးတစ်လုံးပေါ်တွင် ကတ္တီပါစခင်းလျက် ကျောက်ဒိုးခန့် အရွယ်အစားရှိ ကြက်သွေးရောင် ပတ္တမြားကို ပြသထားပါသည်။ ဗိုလ်မှူးက ပတ္တမြား၏ အရည်အသွေး ကောင်းမွန်ပုံ ရှင်းလင်းပြောပြနေပါသည်။ ထို့နောက် ရုတ်တရက် မီးများကို မှိတ်လိုက်ရာ ပတ္တမြားကြီး၏ အရောင်နှင့် အခန်းတွင်း လက်လက်တောက်ပနေပါသည်။ ငါးမိနစ်ခန့် ပြသပြီး မီးပြန်ဖွင့်လိုက်သည်။

'ဖြောင်း‥ဖြောင်း‥ဖြောင်း'

အခန်းထဲရှိ ဂျပန်များက လက်ခုပ်တီး၍ ချီးမြှင့်လိုက်ကြသည်။ တက်ရောက်လာသော ညှော်ပရိသတ်များမှာ ပတ္တမြားကြီး၏ အံ့သြမခန်းကောင်းမွန်မှုကို ချီးကျူးမဆုံးအောင် ရှိကြပါတော့သည်။ ညှော်ပရိသတ်များက တန်းစီပြီး တစ်ယောက်ပြီးတစ်ယောက် ပတ္တမြားကို အနီးကပ်ကြည့်ခွင့်ပြုသဖြင့် အားရဝမ်းသာ ကြည့်နေကြပါသည်။

မောင်မိုးမှာ ပတ္တမြားကြီးကို အနီးဆုံးနေရာက မြင်ရလေအောင် အနီးရှိ သရက်ပင်ကြီးပေါ်သို့ တက်ခဲ့သည်။ သရက်ကိုင်းတစ်ကိုင်းမှာ ညှော်ခန်းဘက်သို့ ကိုင်းညွှတ်နေသဖြင့် ကိုင်းဖျားအထိ တိုးဝှေ့သွားခဲ့ရာ ပတ္တမြားနှင့် ဆယ်ပေခန့်အကွာ အနီးဆုံးနေရာသို့ ရောက်ခဲ့သည်။ ပတ္တမြားကြီးကို မြင်လိုက်ရသည်နှင့် ထိုပတ္တမြားကို ရအောင်ယူတော့မည်ဟု ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်မိသည်။

ယနေ့ ညသည် တိုက်တိုက်ဆိုင်ဆိုင် လကွယ်ညဖြစ်သဖြင့် စောရန်ကွတ်သမားအတွက် အခွင့်အရေးကောင်းတစ်ရပ် ဖြစ်ပါသည်။

ဗိုလ်မှူး အိပ်ရာဝင်သည်အထိတောင် မစောင့်နိုင်ဘဲ ချက်ချင်းရအောင် နည်းလမ်းရှာလျက် ရှိပါသည်။ ညှော်သည်များ ပြန်အောင်စောင့်ရမည်။ ဗိုလ်မှူး အိပ်ရာဝင်သည်အထိ စိတ်ရှည်စွာ စောင့်ရပေတော့မည်။ ည(၁၁)နာရီကျော်သည်နှင့် ညှော်သည်များမှာ မူးသူကမူး လဲသူက လဲနေကြသည်။ ဗိုလ်မှူးကို ရှိသေလေးစားလွှန်း

www.burmeseclassic.com

သောကြောင့်သာ ပွဲမပျက် ထိန်းနေကြခြင်း ဖြစ်သည်။ အချို့က အခန်းသို့ မပြန်နိုင်သဖြင့် တွဲ၍ပို့သူက ပို့နေကြသည်။ လူစုမကွဲမီ ဗိုလ်မှူးက အားလုံးသိအောင် ပြောလိုက်သည်။

'အိပ်ချိန်ရောက်ပြီဆိုတော့ အားလုံးပြန်နိုင်ပါပြီ။ ဒီပတ္တမြားကို ဒီတစ်ညတော့ ဒီနေရာမှာပဲ ထားပါ့မယ်။ အခန်းမီးပိတ်ပြီး ပတ္တမြားရောင်နဲ့ လင်းစေပါ့မယ်။ လုံခြုံရေးကောင်းကောင်းချထားပါတယ်။ ပတ္တမြားယူဖို့ ဒီအခန်းထဲ ဝင်လာတဲ့လူကို ပစ်သတ်ဖို့ ကျုပ်အမိန့်ပေးထားပါတယ်။ ကဲ··အားလုံး ဝွတ်နိုက်ပါ'

စုစကီးက အားလုံးကို နှုတ်ဆက်ပြီး နောက်ဆုံးအနေနှင့် လက်ရွေးစင် လုံခြုံရေးတပ်သားငါးဦးကို လက်နက်အပြည့်အစုံ တပ်ဆင်ပေးပြီး လိုအပ်သည်များကို အသေးစိတ်မှာကြားကာ အပေါ်ထပ်အိပ်ဆောင်သို့ တက်သွားပါတော့သည်။

ဗိုလ်မှူးစုစကီး အပေါ်ထပ်သို့ တက်သွားသည်နှင့် လုံခြုံရေးတပ်သားငါးယောက် အခန်းထဲသို့ ဝင်လာကြသည်။ ကိုင်ဆောင်လာသော လက်နက်များကို အောက်သို့ချကာ လက်ကျန်အရက်ဝိုင်းတွင် ဝိုင်းလိုက်ကြသည်။ ယခုမှ လွတ်လပ်စွာ သောက်ခွင့်ရပြီဖြစ်၍ ကြက်ပေါင်များကို ကိုက်ရင်း လက်ကျန်အရက်များနှင့် အငမ်းမရ သောက်နေကြသည်။ မောင်မိုး သရက်ပင်ခွတွင်ထိုင်ရင်း ပင်စည်ကိုမှီလျက် လုံခြုံရေးများ၏အဖြစ်ကို မျက်ခြည်မပြတ် ကြည့်နေခဲ့သည်။ ညတစ်နာရီကျော်သည်နှင့် လုံခြုံရေးသုံးယောက်မှာ စားပွဲပေါ်တွင် ခေါင်းငိုက်စိုက်ကျသွားပါသည်။ ကျန်နှစ်ယောက်မှာ ဆက်လက်သောက်နေကြသည်။

မောင်မိုး ဆက်လက်စောင့်ရန် စိတ်မရှည်နိုင်တော့သဖြင့် သရက်ပင်မှ ငြိမ်သက်စွာ ဆင်းခဲ့ပါသည်။ ပတ်ဝန်းကျင်အခြေအနေကို လေ့လာရင်း ဧည့်ခန်းသို့ ကပ်လိုက်သည်။ အခွင့်သာပါက ပတ္တမြားကြီးကို အမြန်ယူရန် စိတ်ဝင်စားလျက်ရှိပါသည်။ လုံခြုံရေးသုံးဦးမှာ တုတ်တုတ်မျှ မလှုပ်တော့ဘဲ ငြိမ်သက်ပြီး ကျန်နှစ်ယောက်မှာ အလွန်အကျွံ မူးလျက်ရှိပါသည်။ မောင်မိုးသည် အမူးသမားနှစ်ဦးကို ဂရုစိုက်မနေတော့ဘဲ အခန်းထဲသို့ ဝင်လိုက်သည်။ ပတ္တမြားထံ အမြန်သွားပြီး ပတ္တမြားကြီးကို ဆွဲယူလိုက်သည်။ ပတ္တမြားကြီးမှာ သူထင်သလို လွယ်လွယ်နှင့် ဆွဲမရသဖြင့် အားထည့်ပြီး ဆွဲယူလိုက်သည်။

'အမယ်လေး'

မောင်မိုးက အသံကုန်အော်လိုက်သည်။ ကိုင်ထားသော ပတ္တမြားကို ချက်ချင်းပြန်လွှတ်သော်လည်း လျှပ်စစ်စီးဝင်နေသော ပတ္တမြားမှာ လွတ်မရဘဲ လက်မှာကပ်ပြီး ဓာတ်လိုက်သဖြင့် လန့်ပြီးအော်လိုက်ခြင်းဖြစ်သည်။ အားတင်းရုန်းထွက်လိုက်ရသော်လည်း လျှပ်စစ်ဓာတ်ကြောင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိသေးသည်။ သူ့ ထောင်ချောက်အဆင်ခံလိုက်ရမှန်းသိသဖြင့် အသက်ဘေးက လွတ်အောင်ပြေးရန် အားယူလိုက်သော်လည်း သူ နောက်ကျသွားပါသည်။ လျှပ်စစ်မီးအားလုံး လင်းလာပြီး အပေါ်ထပ်မှ ဆင်းလာသံများကိုလည်း ကြားလိုက်ရသည်။ လှံ့စွပ်ကိုင် စစ်သားနှစ်ဦး သူ့ဆီသို့ ပြေးဝင်လာသည်ကို မြင်ရသည်။ ရှေ့က ဝင်လာသော စစ်သား၏ လှံ့စွပ်ကို ရှောင်လိုက်နိုင်သော်လည်း ဒုတိယစစ်သား၏ လှံ့စွပ်က သူ၏ ရင်ဘတ်ကို ဖောက်ထွက်သွားပါတော့သည်။ ထိုအချိန် ဗိုလ်မှူးစုစကီး သူ့အနီးသို့ ရောက်လာပြီး ခါးထောက်ပြီး သူ့ကို ငုံ့ကြည့်နေသည်။

'ဘယ့်နှယ်လဲ မိုးမောင်၊ ဒီတစ်ခါ မင်း ဇာတ်သိမ်းပြီ။ ငပုလေးထံက အရက်ပုလင်းတွေ့လိုက်မှ ငါ့ပစ္စည်းတွေ ခိုးတာ သေချာလို့ အခု ပတ္တမြားအတုနဲ့ ထောင်ချောက်ဆင်လိုက်တာပဲ။ ကဲ··နှုတ်ဆက်လိုက်ပါတယ် မိုးမောင်'

ဗိုလ်မှူးသည် မိုးမောင်ကိုပြောပြီး ဂျပန်လူပုကလေး ဘက်လှည့်ပြီး ပြောလိုက်သည်။

'ကဲ··ငပုလေး၊ ရွာသူကြီးကို သွားခေါ်၊ သူခိုးကြီး မိုးမောင်ကို အသေဖမ်းမိထားပြီ။ ချက်ချင်း လာကြည့်ပါ လို့ ပြောပါ'

မောင်မိုးမှာ သွေးအိုင်ထဲတွင် မလှုပ်ရှားနိုင်တော့ဘဲ မကြာခင် ဝိညာဉ်ချုပ်တော့မည့် အခြေအနေဖြစ်သည်။ စောရနကွတ်သည် မည်မျှပင် အစွမ်းထက်ပါစေ မကော မှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော စကားအရ မိုးမော ဘဝ၏ နောက်ဆုံးနေဝင်ချိန်တွင် မရှုမလှဇာတ်သိမ်း ရပါတော့သည်။

ကောင်းဆေ

www.burmeseclassic.com


ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအမိန့်ခွာန်ဖြင့် သာသနာပြုလျက်ရှိသော



# ဆရာမကြီး ဒေါ်မိုးမိုး

**စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် ဂျရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်.ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊ မာတိရိုက်မာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည့်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၂၅၅၈၅၂၅၂၀ ၊ ၀၉၄၂၁၀၂၁၆၈

# ဆရာမကြီး ဒေါ်မိုးမိုး မှ

ကျွန်မထံ လာရောက် မေးမြန်းခဲ့ကြသော ရပ်နီးရပ်ဝေးက မိတ်ဆွေများနှင့် တပည့် သားသမီးအပေါင်း အားလုံးတို့ကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန်အတွက် အသိပေးလိုက်ရပါတယ်။ (၁-၁-၂၀၁၁)နေ့မှစပြီး (၂၀၁၆)ခုနှစ်၊ မေလအထိ ဆရာမ ဗေဒင်ဟောပြောခဲ့သော (၇)နေ့သားသမီးအပေါင်းတို့ရဲ့ ဆရာမအား ညှာ်ပူဇော်ခငွေကို တစ်နေ့တာ ရရှိသောငွေ၏ (၅)ပုံ (၂)ပုံ ကုသိုလ်ပြုလာတာဆိုရင် ရွှေဟောင်းဘုရားစေတီ (၂)ဆူ ပြုပြင်ခြင်း၊ ဘုရားထီးတော်ကြီး (၄)လက် လှူဒါန်းခြင်း၊ အများသုံး သောက်ရေကန် (၁)ခု လှူဒါန်းခြင်း၊ ဇရပ် (၂)ခု လှူဒါန်းခြင်း၊ ဘုန်းကြီးကျောင်း ပြုပြင်ခြင်း၊ ပြည် ရွှေဘုံသာဘုရားမှာ လူလျှောက်လမ်း လှူဒါန်းခြင်း၊ ငွေဘုံသာဘုရားမှာ မြဘုရား (၁)ဆူ လှူဒါန်းခြင်း၊ ဘုရားကျောင်းဆောင်အသစ် ဆောက်လုပ် လှူဒါန်းခြင်း၊ ရွှေတိဂုံဘုရားရဲ့ အလယ်ပစ္စယာမှာရှိသော သီလရှင်ကျောင်း ပြုပြင်လှူဒါန်းခြင်း၊ ရဟန်းသံဃာ (၅)ပါးအား နေ့စဉ် ဆွမ်းလောင်းလှူခြင်း အစရှိတဲ့ အလှူဒါနများအပြင် သက်ကြီးရွယ်အို အဘိုး၊ အဘွားများကိုလည်း လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းမှုအစုစုကို လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါတယ်ရှင်။

www.burmeseclassic.com

'ငါတော့ မပါဘူးဟေ့။ တောင်းပန်ပါတယ်။ တူတူ ပုန်းတမ်း မကစားချင်လို့ပါ'

ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ထုံးစံအတိုင်း သူငယ်ချင်းတွေ အိမ်တစ်အိမ်မှာ ဆုံခဲ့ကြတယ်။ ညစာစား ပြီးတော့ ဂိမ်းတစ်ခုခု ကစားဖို့ပြောကြရင်း တစ်ယောက်က တူတူပုန်းတမ်း ကစားရအောင် အကြံပေးခဲ့တယ်။ အားလုံး သဘောတူကြပေမယ့် ကျော်ဆန်းတစ်ယောက်တည်းက အဲဒီလိုငြင်းခဲ့တာပါ။ ဒါကြောင့် သူငယ်ချင်းတစ်ယောက်က လှမ်းမေးလိုက်တယ်။

'မင်း နေမကောင်းလို့လားကွ'

'ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ အဲဒီကစားနည်းကို ဘယ်တော့မှ ဝင်မပါဖို့ ဆုံးဖြတ်ထားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေး သူငယ်ချင်းတစ်ယောက်က ဝင်ထောက် လိုက်ပြန်တယ်။

'ဘာကြောင့်တုန်းဟ'

ကျော်ဆန်းဟာ ခဏလောက် တွေသွားပြီးမှ ပြန် ဖြေခဲ့တယ်။

'အင်း..တစ်ခါတုန်းက ကောင်မလေးတစ်ယောက် မတော်တဆ သေခဲ့ဖူးတဲ့ အိမ်ကြီးတစ်အိမ်ကို အလည် ရောက်ခဲ့ဖူးတယ်။ သူတို့က မှောင်ထဲမှာ တူတူပုန်းတမ်း ကစားကြတာ အဲဒီကောင်မလေးက အိမ်ကြီးအကြောင်း သိပ်မသိဘူးတဲ့။ အိမ်အပေါ်ထပ် နောက်ဘက်ခြမ်းမှာ အရေးပေါ် လှေကားကိုထွက်တဲ့ တံခါးတစ်ပေါက် ရှိ တယ်။ သူက အခန်းတစ်ခန်းရဲ့ တံခါးလို့ ထင်ခဲ့တာ။ ပုန်းဖို့အတွက် တံခါးကို အမြန်တွန်းဖွင့် ပြေးဝင်လိုက်တာ လှေကားခြေရင်းအထိ တလိမ့်ခေါက်ကွေး ပြုတ်ကျပြီး ဇက်ကျိုးသွားသတဲ့လေ'

မိပုလဲက ရင်ဘတ်ကို ဖိရင်း ဝင်မေးလိုက်တယ်။

'ကြောက်စရာကြီးဟယ်။ နင် အဲဒီမှာရှိတုန်း ဖြစ်ခဲ့ တာလား'

ကျော်ဆန်းက ခေါင်းအသာယမ်းရင်း ပြန်ဖြေလိုက် တယ်။

'မဟုတ်ပါဘူး။ ဒါပေမဲ့ ငါကြုံခဲ့ရတာက အဲဒါ ထက် ပိုဆိုးသေးတယ်'

'ဟင်..အဲဒါထက် ဆိုးတာများ ရှိသေးလား'

'အဲဒါက ဒီလိုလေ။ တူဗလားဆိုတဲ့ ကစားနည်းကို မင်းတို့သိကြမှာမဟုတ်ဘူး။ တူတူပုန်းတမ်းနည်းတစ်မျိုး ပဲ။ အဓိပ္ပာယ်ကတော့ တူပြီလားလို့ ပြောချင်တာ။ ကစား နည်းကို ပြောပြမယ်။ ကစားမယ့်လူတိုင်းကို စာရွက်ပိုင်း ကလေးတွေ အရင်ဝေပေးရတယ်။ တစ်ရွက်ပေါ်မှာပဲ တူဗလားလို့ ရေးထားပြီး ကျန်တာတွေ ဗလာချည်းပဲ။ အဲဒီ တူဗလားစာရွက် ရသွားတဲ့သူကို ဘယ်သူမှ မသိ ကြဘူး။ ကာယကံရှင်ကလွဲလို့ပေါ့။ စာရွက်ဝေပြီးတာနဲ့ မီးမှောင်ချလိုက်တယ်။ အဲဒီအချိန်မှာ တူဗလားစာရွက် ရတဲ့သူဟာ အခန်းထဲက တိတ်တိတ်လေး ထွက်သွားပြီး တစ်နေရာရာမှာ ပုန်းနေရတယ်။ သတ်မှတ်ချိန်ပြည့်လို့ အချက်ပေးသံကြားမှ ကျန်တဲ့သူတွေက တူဗလားကို လိုက်ရှာကြရတယ်။

'မှောင်ထဲမှ တစ်ယောက်နဲ့တစ်ယောက် တိုးမိတာနဲ့ ဦးရာလူက တူဗလားလို့ မေးရတယ်။ ကျန်တဲ့သူကလည်း တူဗလားဆိုပြီး ပြန်ဖြေ။ ပြီးရင် နှစ်ယောက်တွဲပြီး ဆက် ရှာကြပေါ့။ ဒီနေရာမှ တူဗလားကျတဲ့သူကတော့ တစ် ယောက်ယောက်က တွေ့လို့မေးလာရင် ဘာမှပြန်မဖြေဘဲ ငြိမ်နေလိုက်ရမယ်။ ဒါဆိုရင် မေးတဲ့သူက ဘာမှဆက် မပြောတော့ဘဲ တူဗလားဘေးမှာ တိတ်တိတ်ဝင်ထိုင်နေ လိုက်ရုံပဲ။

နောက်တစ်ယောက် ရောက်လာရင်လည်း ပထမ နှစ်ယောက်က ငြိမ်နေရမယ်။ ဒီတော့ သူလည်း အဲဒီနှစ် ယောက်နားမှာ ဝင်ထိုင်နေပေတော့။ တဖြည်းဖြည်းနဲ့ ရှိ သမျှလူအားလုံး အဲဒီနေရာမှာ လာစုမိကြတော့တယ်။ နောက်ဆုံးမှ ရှာတွေ့ပြီး ရောက်လာသူကတော့ ဒဏ်တပ် ခံရပြီသာမှတ်။ ပျော်စရာကောင်းပြီး အစပိုင်းမှာတော့ အသံတွေ ညံစီနေတာပေါ့။ တဖြည်းဖြည်းနဲ့ အသံတွေတိုး လာတယ်။ နောက်တော့ တိတ်ဆိတ်သွားတယ်။ အိမ်ကြီး လေလေ တူဗလားကို ရှာတွေ့ဖို့ အချိန်ကြာလေလေပဲ။ မင်းတို့ စမ်းပြီးကစားကြည့်ကြပါလား။ ငါတော့ ဒီမှာပဲ ထိုင်စောင့်နေမယ်။ ဝင်မပါလို့ ဒဏ်တပ်ရင်လည်း တပ် ကြပေါ့ကွာ'

ကျော်ဆန်း စကားအဆုံးမှာ ရဲဝင်းက လှမ်းပြောရင်း မေးလိုက်တယ်။

'အဲဒီနည်းက ပျော်စရာကောင်းမယ့်ပုံပဲ။ မင်းရော ကစားခဲ့ဖူးလားကွ'

'အေး..ငါပြောပြခဲ့တဲ့ အိမ်ကြီးထဲမှာ ကစားခဲ့ဖူး တယ်လေ'

သန္တာက မျက်လုံးကလေး အဝိုင်းသားနဲ့ ဝင်မေးလာ ပြန်တယ်။

'ဟယ်..သူလည်း ပါတာပေါ့ ဟုတ်လား။ ဟို.. ဇက်ကျိုးပြီး..'

ရန်ပိုင်က ကြားဖြတ် ဝင်ထောက်ပြလိုက်တယ်။

'မပါနိုင်ဘူးလေဟ။ အဲဒီကောင်မလေး ဇက်ကျိုး တုန်းက သူ ရှိမနေဘူးလို့ ကျော်ဆန်း ပြောခဲ့တယ်လေ'

ကျော်ဆန်းက ဆက်ရှင်းပြလိုက်တယ်။

'ငါ ဝင်ကစားခဲ့တုန်းက သူပါလား၊ မပါလားဆိုတာ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ အတိအကျပြော

www.burmeseclassic.com

ဖို့ ခက်တယ်။ အဲဒီတုန်းက လူဆယ်ယောက်ပဲ ရှိခဲ့တာ။ ကစားရင်းနဲ့ ဆယ့်တစ်ယောက် ဖြစ်လာခဲ့တယ်။ သေသွားတဲ့ ကောင်မလေးရဲ့ နာမည်ကို ငါ မသိခဲ့ဘူးလေ။ ဒါကြောင့် မှောင်ထဲမှာ လေသံလေးနဲ့ နာမည်ပြောလာတော့ ကြောက်ရကောင်းမှန်း ဘယ်သိပါ့မလဲ။ ခုထိပြန်တွေးမိတိုင်း ရင်တုန်ပန်းတုန်ဖြစ်ရတယ်။ ဒါကြောင့် မင်းတို့ ဒဏ်ပေးချင်လည်းပေး၊ ငါ မပါဘူးလို့ ပြောခဲ့တာ'

သူငယ်ချင်းတွေအားလုံး ကျော်ဆန်းကို အသံတိတ်နဲ့ ငေးကြည့်နေမိကြတယ်။ ဘာဆက်ပြောဦးမှာလဲဆိုတဲ့ အတွေးတွေနဲ့ပေါ့။ သဘောမနောကောင်းတဲ့ မြင့်မိုင်က အခြေအနေကို ဝင်ထိန်းလိုက်တယ်။

'ကဲ..မင်းဇာတ်လမ်းကို အားလုံးစိတ်ဝင်စားကုန်ကြပြီ ကျော်ဆန်းရ။ ဒီလိုလုပ်ကွာ။ မင်းကို ဒဏ်တပ်မယ်။ အဲဒီအကြောင်း အစအဆုံး ပြောပြပေတော့။ ဘယ့်နှယ်လဲကွ'

'ကောင်းပြီလေ'

ဒီကနေ့ထိ ရင်တုန်နေရသေးတယ်ဆိုတဲ့ ကျော်ဆန်းရဲ့ ကိုယ်တွေ့ကြုံခဲ့ပုံကတော့ ဒီလိုပါ။

◆◆◆

ခရစ္စမတ်ပွဲတော်အချိန်ကာလ။

နေရာက တောင်ပေါ်မြို့ ချယ်ရီမြိုင်။ အဲဒီမှာ တစ်ဝမ်းကွဲညီအစ်ကိုတော်တဲ့ အောင်နိုင်နဲ့ ဖြူနှင်းတိုးတို့ လင်ကိုယ်မယားနှစ်ယောက် တည်းနေကြတယ်။ ဒီဇင်ဘာလ အားလပ်ရက်မှာ သူတို့ဆီ မဖြစ်မနေလာလည်ဖို့ လှမ်းမှာခဲ့ကြတယ်လေ။

အိမ်က ခိုင်းထားတဲ့ အလုပ်ကို ပြတ်အောင်လုပ်နေတာမို့ ခရစ္စမတ်အကြိုနေ့ ညနေပိုင်းကျမှ ရောက်သွားခဲ့တယ်။ နောက်ဆုံးမှ ရောက်လာတဲ့ ဧည့်သည်ပေါ့။ ညစာစားဖို့တောင် ပြင်နေကြပြီ။ ရင်းနှီးပြီးသားလူတွေကို ကိုယ်တိုင်ပဲ လိုက်နှုတ်ဆက်ခဲ့တယ်။ မျက်နှာစိမ်းတွေကိုတော့ ဖြူနှင်းတိုးက မိတ်ဆက်ပေးခဲ့တယ်။ လူစေ့အောင် နှုတ်မဆက်လိုက်ရပါဘူး။ ညစာစားပွဲက စခဲ့တော့တယ်လေ။

ဒီလိုနဲ့ အရပ်မြင့်မြင့်၊ ညိုချော ကောင်မလေးတစ်ယောက်ရဲ့ နာမည်ကို သိခွင့်မရလိုက်တော့ဘူး။ သူက မျက်နှာစိမ်းလေ။ အေးဆေးတည်ငြိမ်ပြီး ထက်မြက်မယ့်ပုံစံမျိုး။ စိတ်ဝင်စားမိသွားပြီး သူ့အကြောင်းကို သိချင်လာတယ်။ ဘယ်သူ့ကိုမှတော့ မမေးခဲ့ဘူး။ စားရင်းသောက်ရင်း တစ်ယောက်ယောက်ကတော့ သူ့နာမည်ခေါ်သံ ကြားရမှာ ကျိန်းသေတယ်လို့ ထင်ခဲ့တယ်လေ။

ဖြစ်ချင်တော့ သူနဲ့ အတော်လှမ်းတဲ့ ထမင်းဝိုင်းကို ရောက်သွားတယ်။ ဒါ့အပြင် ပျော်ပျော်နေပြီး ဟာသတွေ ပြောတတ်တဲ့ ခင်ချစ်မေဘေးမှာ နေရာရခဲ့တယ်လေ။ စာဖတ်နာတဲ့ သူ့စကားတွေထဲမှာ မှတ်သားစရာ တစ်ခုခုကလည်း အမြဲပါတတ်တယ်။ ဒီတော့ စကားလက်ဆုံကြရင်း အဲဒီညိုချောလေးအကြောင်း စုံစမ်းနာဖို့တောင် မေ့သွားခဲ့တော့တယ်။

အဲဒီညက ဆုံခဲ့ကြတဲ့သူတွေက ဆယ်ယောက်တောင်။ အောင်နိုင်တို့ လင်မယားနှစ်ယောက် အပါအဝင်ပေါ့။ ညစာစားပွဲပြီးတော့ တူဗလားနည်း ကစားကြဖို့ အောင်နိုင်က နိဒါန်းပျိုးခဲ့တာ။ ကစားနည်း စည်းကမ်းချက်တွေကိုလည်း သူကပဲ ရှင်းပြခဲ့တယ်။ တစ်ဆက်တည်း သတိပေးစကားကိုလည်း ပြောခဲ့တယ်။

'သေသေချာချာ မှတ်ထားကြဦး။ အိမ်အပေါ်ထပ် နောက်ဖေးဘက်မှာ တံခါးတစ်ပေါက်ရှိတယ်။ အဲဒါ အရှေ့ ပေါ်လှေကားကို ထွက်တာ။ အခန်းတံခါး မဟုတ်ဘူး။ ကောင်မလေးတစ်ယောက် အဲဒီလှေကားက ပြုတ်ကျလို့ ဇက်ကျိုးပြီး သေသွားဖူးတယ်'

ဘယ်လိုဖြစ်ရတာလဲ မေးတော့ ဆက်ရှင်းပြခဲ့တယ်။

'လွန်ခဲ့တဲ့ နှစ်နှစ်လောက်က တို့မရောက်သေးခင်မှာ ဖြစ်ခဲ့တာ။ မိတ်ဆုံစားပွဲလုပ်ပြီး ညကျတော့ တူတူပုန်းတမ်း ကစားကြသတဲ့။ အဲဒီကောင်မလေးက ပုန်းစရာ လိုက်ရှာနေတာ။ နောက်က လိုက်လာတဲ့ ခြေသံကြားတော့ စွတ်ပြေးပြီး အဲဒီတံခါးပေါက်ကို တွန်းဖွင့်ဝင်လိုက်သတဲ့။ အခန်းတံခါးထင်လို့နေမှာပေါ့။ ဒါနဲ့ လှေကားရင်း အထိ ပြုတ်ကျသွားပါရော။ အားလုံး ရောက်လာချိန်မှာ အသက်က မရှိတော့ဘူး။ အဲဒီတံခါးကို မဖွင့်မိအောင် အားလုံး သတိထားကြပေတော့'

တကယ်တော့ အဲဒီကောင်မလေးကို ဘယ်သူမှ မြ ဖူးကြတာ မဟုတ်ဘူး။ ပြီးတော့ ပျော်နေတဲ့အချိန် အ,မင်္ဂလာကိစ္စကို ဘယ်သူမှ ခေါင်းထဲ မထည့်ချ ဘူး။ ဒီလိုနဲ့ ကစားပွဲ စခဲ့ကြတယ်။ ပထမဆုံး

www.burmeseclassic.com

အခန်းတွေထဲက မီးတွေကို အောင်နိုင်က လိုက်ပိတ်တယ်။ ဖြူနှင်းတိုးက စာရွက်ပိုင်းကလေးတွေ တစ်ယောက် တစ်ရွက် ဝေပေးတယ်။ ကိုးရွက်က ဗလာ။ တစ်ရွက်တည်းမှာပဲ တူဗလားလို့ ရေးထားတယ်။ အဲဒါရတဲ့သူဟာ ဒီပွဲမှာ ပုန်းရမယ့်သူပဲ။ ငါရတဲ့ စာရွက်ကလေးကို အသာဖွင့်ကြည့်လိုက်တော့ ဗလာဖြစ်နေတယ်။

ခဏကြာတော့ အောင်နိုင် ပြန်ရောက်လာပြီး အခန်းထဲက မီးတွေ မှိတ်လိုက်တယ်။ အခန်းတံခါးပေါက်ဆီကို တစ်ယောက်ယောက် ထွက်သွားသံ ကြားလိုက်ရတယ်။ ဘယ်သူမှန်းတော့ မသိဘူး။ နောက်တစ်မိနစ်ကျော်ကျော်မှာ ခရာမှုတ်အချက်ပေးသံ ပေါ်လာတော့တယ်။ ကစားပွဲစခဲ့ပြီပေါ့။

အားလုံး အခန်းထဲကနေ သုတ်ခြေတင် ထွက်ခဲ့ကြတယ်။ တူဗလားက ဘယ်သူမှန်းလည်း မသိဘူး။ အားလုံးဟာ ဟိုဟိုဒီဒီ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်၊ တစ်ခန်းဝင် တစ်ခန်းထွက် ရှာလိုက်နဲ့ လေးငါးဆယ်မိနစ်လောက် ကြာသွားတယ်။ တစ်ယောက်နဲ့တစ်ယောက် တိုးမိပြီး တူဗလား မေးသံ ဖြေသံတွေကလည်း ညံလို့။

ခဏကြာတော့ အသံတွေ တိတ်သွားတယ်။ တူဗလားကို တစ်ယောက်ယောက်က တွေ့သွားလို့နေမှာပေါ့။ စမ်းတဝါးဝါး ဆက်သွားရင်း လှေကားကျဉ်းကလေးတစ်ခုပေါ်မှာ စုထိုင်နေကြတဲ့ အုပ်စုဆီ ရောက်သွားတယ်။ ထုံးစံအတိုင်း လှမ်းမေးတော့ ဘာသံမှ ထွက်မလာကြဘူး။ ဒီအထဲမှာ တူဗလားရှိနေတာ သေချာသွားပြီပေါ့။ ဒါနဲ့ သူတို့ကြားထဲ အသာဝင်ထိုင်ပြီး ငြိမ်နေလိုက်တယ်။

နောက်ထပ်နှစ်ယောက်လည်း ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတယ်။ ဒဏ်ပေးခံရမယ့် နောက်ဆုံးလူ မဖြစ်အောင် သူ့ထက်ငါ အလုအယက်ပေါ့။ တကယ်တမ်း နောက်ဆုံးမှ ရောက်လာသူက ဒီပွဲရဲ့ဒါရိုက်တာကြီး အောင်နိုင် ဖြစ်နေပါရော။

'ကဲ‥ဒီမှာ လူစုံရောက်နေကြပြီ ထင်တယ်'

အောင်နိုင်က ပြောရင်းဆိုရင်း အိတ်ဆောင်လက်နှိပ်ဓာတ်မီးကလေးနဲ့ တစ်ယောက်ချင်း လိုက်ရေတွက်ကြည့်ခဲ့တယ်။

'…ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်၊ ဆယ့်တစ်၊ ဟ‥ဘယ်လိုကြောင့် တစ်ယောက်ပိုနေရတာပါလိမ့်'

အောင်နိုင်ဟာ နောက်တစ်ခေါက် ထပ်ရေတွက်ရင်း တစ်ဆယ်ရောက်တော့ ရပ်ပြီး ပြောလိုက်ပါတယ်။

'ငါ့ကိုယ်ငါ ထည့်ရေတွက်လိုက်ရင် ဆယ့်တစ်ယောက် ဖြစ်သွားလိမ့်မယ်။ ဘယ်က တစ်ယောက်တိုးလာရတာလဲ'

ငါလည်း မနေနိုင်တာနဲ့ ဝင်ပြောလိုက်မိတယ်။

'မင်းကိုယ်မင်း နှစ်ခါရေမိလို့ နေမှာပေါ့ကွ'

အဲဒီတုန်းမှာ တစ်ယောက်ယောက်က နှစ်တောင့်ထိုးလက်နှိပ်ဓာတ်မီးနဲ့ လူပြန်စစ်ကြည့်ခဲ့တယ်။ အပိုအလိုမရှိ ဆယ်ယောက်ကွက်တိ။ အောင်နိုင်က အလျှော့မပေးသေးဘဲ အထွန့်တက်လိုက်တယ်။

'ငါ နှစ်ခါတောင် ပြန်ရေခဲ့တာ။ ဆယ့်တစ်ယောက် သေချာတယ်ကွ။ ပြီးတော့'

သူ့စကားမဆုံးခင် လှေကားတစ်ဝက်လောက်မှာထိုင်နေတဲ့ ဖြူနှင်းတိုးက အလန့်တကြား ထပြောလိုက်တယ်။

'ငါ့အပေါ်ဘက် လှေကားနှစ်ထစ်မှာ တစ်ယောက်ယောက် ထိုင်နေသလိုပဲဟ။ ခုန ငါ့ဘေးမှာ ထိုင်နေတဲ့ရာဇာ ဘယ်ရောက်သွားလဲ။ အပေါ်ကို ပြောင်းထိုင်နေတာလား'

'ဘယ်ကလာ‥နင့်ဘေးက လှေကားလက်ရန်းနားမှာပဲ ကပ်ထိုင်နေတာ။ ဒါပေမဲ့ ခုနက နင်နဲ့ငါကြားကနေ တစ်ယောက်ယောက် ဖြတ်တက်သွားသလိုပဲဟ'

သူတို့ အပေါ်ဘက်ကို မီးထိုးကြည့်တော့လည်း ဘာမှ မတွေ့ရဘူး။ အားလုံး တဒင်္ဂငြိမ်ကျသွားခဲ့တယ်။ အဲဒီနားမှာ မကောင်းတဲ့ အငွေ့အသက်တစ်မျိုး ပျံ့နှံ့လာသလိုပဲ။ အေးစက်နေတဲ့ လက်ကြီးနဲ့ လူတိုင်းကို လိုက်ဆုပ်ကိုင်သလိုလည်း ခံစားလိုက်ကြရတယ်။ ဒါ့အပြင် ကျက်သရေမဲ့ပြီး နှလုံးတုန် ရင်ခုန်စရာ ကိစ္စကြီးတစ်ခုလောလောဆယ် ဖြစ်သွားပြီး နောက်ထပ်လည်း ဖြစ်လာလိမ့်မယ်လို့ ထင်ခဲ့ကြတယ်။

သို့ပေမယ့် ခဏချင်းမှာပဲ အကြောက်လွန်သွားတာကို ရှက်ရယ်,ရယ်လိုက်မိကြတယ်။ ထင့်နေတဲ့စိတ်တွေလည်း ပြေသွားတယ်။ တစ်ယောက်တစ်ပေါက် ပြောဆိုရယ်မောရင်း ဧည့်ခန်းဘက်ကို ပြန်သွားခဲ့ပြီး နောက်တစ်ပွဲ ကစားဖို့ ပြင်ဆင်ခဲ့ကြတော့တယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပွဲသက်က သိပ်မရှည်လိုက်ဘူး။

တူဗလားကျတာက ငါ။ ခဏလေးနဲ့ ငါ့ကို မိခဲ့သူက ဖြူနှင်းတိုး။ ငါ့မှာ ပုန်းဖို့နေရာတောင် ရှာမရလိုက်ဘူး။ ပြီးတော့ ဘာပြဿနာမှလည်း မပေါ်ခဲ့ဘူး။ လူဆယ်ယောက်နဲ့ ဆယ်မိနစ်တောင် မပြည့်ခင် ပွဲသိမ်းခဲ့ရတာ။

အရေးထဲမှာ ဖြူနှင်းတိုးက မခံနိုင်အောင် ချမ်းလာရသတဲ့။ အောင်နိုင်လည်း သူ့မိန်းမ အနွေးထည်သွားယူဖို့ သူတို့အခန်းဘက် ထွက်သွားခဲ့တယ်။ အဲဒီအခိုက်မှာ သူငယ်ချင်း ထွန်းထွန်းက ငါ့လက်မောင်းကို လှမ်းကိုင်ပြီး ခပ်တိုးတိုး ပြောလာတယ်။

'မြန်မြန်လိုက်ခဲ့၊ မင်းကို ပြောစရာရှိတယ်။ ငါတော့ တော်တော်လန့်နေပြီကွ'

နှစ်ယောက်သား ထွက်လာပြီး ထမင်းစားခန်းထဲဝင်ရင်း ဖြူဖပ်ဖြူရော်ဖြစ်နေတဲ့ သူ့ကို မေးလိုက်တယ်။

'ဘာများဖြစ်လို့လဲ ထွန်းထွန်းရ'

'ငါလည်း မပြောတတ်ဘူးကွ။ အခု ပြီးခဲ့တဲ့ပွဲမှာ မင်းက တူဗလားကျတယ်ထင်တယ် ဟုတ်လား။ အေး‥ ထားလိုက်တော့။ ဖြူနှင်းတိုးတို့ အဖွဲ့က အိမ်အနောက်ဘက်ကို ပြေးဝင်သွားကြပြီး မင်းကို ရှာတွေ့သွားချိန်မှာ ငါက အိမ်အရှေ့ဘက်ကို ရောက်နေတာ။

အခန်းတစ်ခန်းထဲ ဝင်ပြီး မီးအသာထိုးကြည့်လိုက်တော့ အဝတ်ဗီရိုအကြီးကြီးတစ်လုံးကို သွားတွေ့တယ်။ ပုန်းလို့ သိပ်ကောင်းတဲ့ နေရာပေါ့။ တူဗလားဟာ အဲဒီထဲမှာ ရှိနေနိုင်တယ်လို့ တွေးလိုက်မိတယ်။ ဒါနဲ့ တံခါးအသာဆွဲဖွင့်ပြီး စမ်းကြည့်လိုက်တော့ လက်တစ်ဖက်ကို ဆွဲမိလျက်သား ဖြစ်သွားတယ်။ ထုံးစံအတိုင်း မေးလိုက်တော့ ဘာမှပြန်မဖြေဘူးလေ။ တူဗလားကို မိပြီလို့ ထင်လိုက်တာပေါ့၊

တစ်ပြိုင်နက်တည်းမှာပဲ အလိုလိုနေရင်း ကျောထဲက ချမ်းသလို စိမ့်သလို ဖြစ်လာခဲ့တယ်။ ဘာကြောင့်မှန်းလည်း မသိဘူး၊ ရှင်းလည်း မပြတတ်ဘူး။ ဒါပေမဲ့ တစ်ခုခုတော့ လွဲနေပြီဆိုတာ သိလိုက်တယ်။ ဒါနဲ့ ဗီရိုကြီးထဲကို ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ဘယ်သူမှ ရှိမနေဘူးကွ။ လက်တစ်ဖက်ကို ကိုင်လိုက်မိတာ သေချာတယ်။ ဗီရိုထဲကနေ ဘယ်သူမှလည်း ထွက်မသွားနိုင်ဘူး။ ငါက တံခါးပေါက် မိတ်ရပ်နေတာလေ။ မင်း ဘယ်လိုထင်လဲကွ'

'လက်တစ်ဖက်ကို ကိုင်မိတယ်ဆိုတာ မင်းစိတ်က ထင်နေလို့ ဖြစ်မှာပါ'

'ဟင်း‥ဟင်း‥မင်း အဲဒီလိုပြောမယ်ဆိုတာ ထင်သားပဲ။ ငါ ကြောင်တယ်လို့ပဲ ထားလိုက်ပါတော့။ ဒီ ထက်ကောင်းတဲ့ ဆင်ခြေမှမရှိတာ။ ဟုတ်တယ် မဟုတ်လားကွ'

ဘာမှတ်ချက်မှ ပြန်မပေးဘဲ ငြိမ်နေလိုက်တယ်။ သူ့ကိုကြည့်ရတာ အဲဒီအချိန်အထိ အကြောက်ပြေပုံ မရသေးဘူးလေ။ နှစ်ယောက်သား ဧည့်ခန်းဘက်ကို ပြန်ထွက်ခဲ့ကြတယ်။ နောက်တစ်ပွဲနွှဲဖို့ ရှိနေသေးတာကိုး။

တူဗလား ကစားပွဲရဲ့ ပျော်ရွှင်မှုတွေ တဖြည်းဖြည်း လွင့်ပြယ်စပြုလာတယ်။ လူတိုင်း ဆက်မကစားချင်ကြ တော့ဘူးဆိုတာ စိတ်ထဲက သိနေတယ်။ သို့ပေမယ့် အားနာစိတ်ကြောင့် ဘယ်သူမှ ဖွင့်မပြောခဲ့ကြဘူးလေ။ ငါ လည်း အတူတူပါပဲ။ တစ်ခုခုဖောက်နေပြီဆိုတာတော့ သိနေတယ်။ သတိထားဆိုတဲ့ အသံကိုလည်း ကြားယောင် လာရတယ်။

အဲဒီအိမ်ကြီးထဲမှာ အန္တရာယ်ရှိတဲ့ သဘာဝလွန် ဖြစ် စဉ်တစ်ခု လွှမ်းမိုးနေတယ်လို့လည်း ခံစားလာရတယ်။ အဲဒီလို ခံစားလာရတဲ့ အရင်းအမြစ်ကို ပြန်တွေးကြည့်ခဲ့ မိတယ်။ အောင်နိုင်က ဆယ့်တစ်ယောက် ဖြစ်နေတာကို နှစ်ခါတောင် တွေ့ခဲ့တာကြောင့်လား၊ ဘာမှမရှိတဲ့ ဗီရို ကြီးထဲမှာ လက်တစ်ဖက် ကိုင်ဆွဲမိတယ်ဆိုတဲ့ ထွန်းထွန်း ရဲ့ ဖြစ်စဉ်ကြောင့်လား အဓိပ္ပာယ်မရှိတာတွေလို့တွေးပြီး ရယ်ကြည့်ဖို့ ကြိုးစားလိုက်မိတယ်။ ဘယ်လိုမှ ရယ်မရတဲ့ အဖြစ်ကို ဘေးနားက ယှဉ်လျှောက်လာတဲ့ ထွန်းထွန်းတစ် ယောက် ရိပ်မိမယ်တောင် မထင်တော့ပါဘူး။

♦ ♦ ♦

တတိယအကြိမ် ကစားပွဲ စခဲ့ကြပြန်ပါပြီ။

ထုံးစံအတိုင်း တူဗလားကို လိုက်ရှာကြရင်း အသံ တွေ ညံစီလို့ပေါ့။ ဒါပေမဲ့ အားလုံး ဟန်ဆောင်နေကြတာ ပဲလို့ အတွေးပေါက်လာမိတယ်။ ဒီပုံအတိုင်းဆိုရင် ကြာ လေ စိတ်မပါလေ ဖြစ်လာမှာ သေချာတယ်။

ပွဲအစပိုင်းမှာ သူများတွေနဲ့ ရောယောင်လိုက်နေ သေးတယ်။ အတော်ကြာတဲ့အထိ တူဗလားကို မတွေ့



www.burmeseclassic.com

www.burmeseclassic.com

နိုင်ကြဘူး။ ဒါနဲ့ပဲ အုပ်စုထဲက အသာထွက်ပြီး အပေါ် ထပ်ကို တစ်ယောက်တည်း တက်ခဲ့တယ်။ ပြီးတော့ စကြံ ထမ်းအတိုင်း တစ်လှမ်းချင်း စမ်းလျှောက်သွားတယ်။ အဲဒီမှာပဲ တွေးမိတိုင်း ကျောချမ်းခဲ့ရတဲ့ဇာတ်လမ်း စခဲ့ တော့တာပါ။

တစ်နေရာရောက်တော့ လူတစ်ယောက်ရဲ့ ဒူးနှစ်ဖက် ကို ဝင်တိုက်ခဲ့မိတယ်လေ။ သတိလက်လွတ်နဲ့ လှမ်းစမ်း လိုက်တော့ မိန်းကလေးတစ်ယောက်ရဲ့ လက်မောင်းအိအိ ကို ထိမိသွားတယ်။ သူက နံရံမှာ ကပ်ချထားတဲ့ ခုံတန်း လျားအစွန်မှာ ထိုင်နေတာကိုး။ ထုံးစံအတိုင်း တူဗလား လို့ မေးလိုက်တော့ ပြန်ဖြေသံ ထွက်မလာခဲ့ဘူး။ တူဗလား ကို ငါ အရင်ဆုံးမိပြီလို့ ထင်လိုက်တာပေါ့။ ဒါကြောင့် ခုံတန်းလျားကိုစမ်းပြီး သူနဲ့ မလှမ်းမကမ်းမှာ ဝင်ထိုင်နေ လိုက်တော့တယ်။ ပြီးတော့ စည်းကမ်းကိုဖောက်ပြီး လေ သံနဲ့ မေးလိုက်မိတယ်။

'မင်းက ဘယ်သူလဲကွ။ နာမည်ပြောပြစမ်းပါ'

လမိုက်ညလည်းဖြစ်တာမို့ ဘာမှမမြင်ရတဲ့ အမှောင် ထဲကနေ ခပ်တိုးတိုး ပြန်ဖြေလာခဲ့တယ်။

'သီရိစံ'

မကြားဖူးတဲ့ နာမည်ပဲ။ ရင်းနှီးတဲ့ထဲမှာ မပါဘူး။ သိပ်မတွေးလိုက်ရဘဲ အာရုံထဲမှာ ဖျတ်ခနဲပေါ်လာတယ်။ အရုပ်မြင့်မြင့်နဲ့ ညိုချောကောင်မလေးလေ။ အခု ငါ့ဘေး နားမှာ ထိုင်နေပြီကော။ ဒီလိုဆိုတော့လည်း ဒီကစားနည်း က ပျော်စရာကောင်းသား။ သူလေးလည်းပဲ ပျော်နေမယ် ထင်ရဲ့။

မိတ်ဆက်စကား တစ်ခွန်း နှစ်ခွန်းကို လေသံနဲ့ ထပ်ပြောလိုက်မိတယ်။ တုံ့ပြန်ပြောသံ ထွက်မလာခဲ့ဘူး။ တူဗလားဆိုတာ အသံတိတ် ကစားနည်းပဲကိုး။ တူဗလား ဆို ရှာတွေ့သွားသူတိုင်း ရေငုံနှုတ်ပိတ်ပြီး ထိုင်နေရမှာ လေ။ ဒါမှသာ ကျန်တဲ့သူတွေက အလွယ်နဲ့ ရှာမတွေ့နိုင် မှာပေါ့။

သို့ပေမယ့် ခုအခြေအနေက နှစ်ယောက်တည်းပဲ ရှိသေးတာလေ။ သူက ဘာကြောင့်များ နှုတ်ပိတ်နေရပါ သလဲ။ စကားထပ်ပြောကြည့်ပေမယ့် ထူးခြားမလာခဲ့ဘူး။ ကြာတော့ စိတ်ပျက်လာမိတယ်။ ယောကျ်ားလေးတွေနဲ့ ထင်းကင်းနေတတ်လို့များလား။ ငါ့ကိုလည်း သိပ်ကြည် ပုံ မရဘူး။ ကစားနည်းစည်းကမ်းကို လိုက်နာသလိုလိုနဲ့ ရှောင်နေတာလည်း ဖြစ်ချင်ဖြစ်မယ်။

ကြည့်ရတာ ငါနဲ့အတူ ထိုင်မနေချင်ဘူး ထင်ပါရဲ့။ ငါကလည်း ထထွက်သွားဖို့ အသင့်ပါပဲ။ ငါတို့ကို တစ် ယောက်ယောက် အမြန်တွေ့သွားပါစေလို့ ကြိတ်ဆုတောင်း လိုက်မိတယ်။ စိတ်ပျက်လက်ပျက် ဆက်ထိုင်နေရင်းက အခြေအနေမှန်ကို ရိပ်စားလာမိတော့တယ်။

အဲဒီကောင်မလေးနားမှာ ထိုင်ချင်စိတ် တဖြည်းဖြည်း ကုန်ခန်းလာတယ်လေ။ အဲဒါ ထူးခြားချက်ပဲ။ ညစာစား ပွဲတုန်းကတွေ့ခဲ့တဲ့ မျက်နှာစိမ်းကောင်မလေးဟာ ချစ်ခင် နှစ်သက်စရာကလေးပါ။ မြင်မြင်ချင်း စိတ်ဝင်စားသွား ပြီး သူ့အကြောင်းကို သိချင်ခဲ့တယ်လေ။ ဒါပေမဲ့ ခုတော့ သူ့ဘေးနားမှာနေရတာ စနိုးစနောင့်ကြီး ဖြစ်လာတယ်။

သဘာဝသိပ်မကျတော့ဘူး။ တစ်ခုခု အံချော်နေပြီ လို့ ထင်လာခဲ့တယ်။ သူ့လက်မောင်းနဲ့ ထိမိခဲ့တာကို တွေးမိပြီး တစ်ကိုယ်လုံး တုန်လာတယ်။ ကြောက်လန့်ပြီး ချက်ချင်းထပြေးချင်စိတ်ကို မနည်းထိန်းထားခဲ့ရတယ်။ ငါတို့နားကို တစ်ယောက်ယောက် အမြန်ရောက်လာပါ စေလို့ ကြိတ်ဆုတောင်းလိုက်ရတာ အမော။

သိပ်မကြာပါဘူး၊ ခပ်ဖွဖွနင်းလာတဲ့ခြေသံ ကြား လိုက်ရတယ်။ စင်္ကြန့်ပိုင်းအတွင်းမှာပဲ တစ်ယောက် ယောက်ဟာ ငါ့ဒူးနှစ်ဖက်ကို ပွတ်တိုက်သွားခဲ့တယ်။ တစ်ပြိုင်တည်းလိုလို အမျိုးသမီးတစ်ယောက်ရဲ့လက်က ငါ့ပခုံးကို လာစမ်းကိုင်လိုက်တော့တယ်။

တူဗလားလို့ ခပ်တိုးတိုး မေးလိုက်သံက ရင်းနှီးပြီး သား။ ခင်ချစ်မေဆိုတာ ချက်ချင်းသိလိုက်တယ်။ ပြန်ဖြေ သံ မကြားတော့ ငါ့ဘေးမှာ အသာဝင်ထိုင်လာခဲ့တယ်။ အဲဒီတော့မှပဲ ငါ့ရင်ထဲက အလုံးကြီး ကျသွားသလို ခံစား လိုက်ရတော့တယ်။ ပါးနပ်တဲ့ ခင်ချစ်မေက အသံခပ် အုပ်အုပ်နဲ့ မေးလာတယ်။

'ဟဲ့..နင် ကျော်ဆန်း မဟုတ်လား'

'အေး..ဟုတ်တယ်'

'နင်က တူဗလားလည်း မဟုတ်ပါဘူး'

'အဲဒါက ငါ့ဘေး တစ်ဖက်မှာဟ။ ကောင်မလေး တစ်ယောက်ပဲ'

ခင်ချစ်မေက ငါ့ပခုံးကပေါ်ကကျော်ပြီး လှမ်းစမ်း

www.burmeseclassic.com

လိုက်တယ်။ ကောင်မလေးအကျီနဲ့ သူလက် ထိသွားသံကို တောင် ကြားလိုက်ရတယ်။ ခင်ချစ်မေက လက်ပြန်ရုပ်ပြီး ခပ်တိုးတိုးမေးလိုက်တယ်။

'ဟဲ့··တူဗလား၊ နင်က ဘယ်သူများတုံး။ အို··စည်းကမ်းဖောက်မိပြီနဲ့တူတယ်။ ကိစ္စမရှိဘူး ကျော်ဆန်းရာ။ ငါတို့ အဲဒီစည်းကမ်းကြီးတွေကို ရိုက်ချိုးပစ်လိုက်ကြရအောင်။ ငါတော့ ဒီကစားနည်းကြီးကို စိတ်ကုန်လာပြီ။ တစ်ချိန်လုံး ဒါပဲ ကစားနေကြတော့မလား မသိဘူး။ အခန်းထဲမှာ နွေးနွေးထွေးထွေးထိုင်ပြီး နားအေးပါးအေး ကစားလို့ရတဲ့နည်းတွေ တစ်ပုံကြီးရှိပါတယ်ဟာ'

'အေး··နင်ပြောတာ ဟုတ်တယ်'

'သူတို့ကို နင် တစ်ခုခု အကြံပေးလိုက်စမ်းပါဟာ။ ဒီကစားနည်းမှာ နိမိတ်ဆိုးနဲ့ မကောင်းတဲ့ အရိပ်မည်းတွေ ဖုံးလွှမ်းလာနေပြီ။ ငါလည်း ခေတ်ကြောင်နေပြီ ထင်တယ်။ ဒါပေမဲ့ တို့အထဲမှာ လူတစ်ယောက် ပိုလာတာ ဘယ်လိုပြောမလဲ။ လုံးဝမရှိသင့်တဲ့ အဲဒီတစ်ယောက်က ဘယ်လိုပေါ်လာတာတဲ့လဲ'

ငါလည်း သူ့လိုတွေးမိပေမယ့် ထုတ်မပြောခဲ့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူရောက်လာလို့ တစ်အားတက်ခဲ့ရတယ်။ ကြောက်စိတ်တွေ ပြေသွားရတယ်။ ငါတို့ တွတ်ထိုးနေတုန်းမှာ တစ်ယောက်ယောက် ခြေသံကို ကြားလိုက်ရတယ်။ တစ်ဆက်တည်း ထွန်းထွန်းရဲ့ အသံပြဲကြီးပေါ်လာပါရော။

'ဟေ့··ဒီနားမှာ လူရှိတယ် ထင်တယ်'

'အေး··ဟုတ်တယ်။ ငါပါကွ'

'ခင်ချစ်မေလည်း အတူရှိတယ် မဟုတ်လား'

'သေချာတာပေါ့ကွာ'

'ဘယ်လိုဖြစ်ကြတာလဲ။ မင်းတို့နှစ်ယောက်ကို အားလုံးက စောင့်နေကြတာ။ နှစ်ယောက်လုံးကို ဒဏ်တပ်ရမယ်'

'ဆန္ဒမစောနဲ့လေကွာ၊ တူဗလားကို မင်းမတွေ့သေးဘူး မဟုတ်လားကွ'

'မင်း မတွေ့သေးဘူးတဲ့၊ ဟုတ်လား။ ဒီတစ်ခါ တူဗလားက ငါကျတာကွ ကျော်ဆန်းရ'

'ဟော··ဗုဒ္ဓေါ၊ ဒီမှာလည်း တူဗလားတစ်ယောက် ရှိနေတယ်ကွ။ ဘာတွေဖြစ်ကုန်တာလဲ'

ခင်ချစ်မေကလည်း ဝင်ထောက်ခံလိုက်တယ်။

'ဟုတ်တယ် ထွန်းထွန်းရ၊ ဒီမှာ တို့တွေ့ထားတယ်'

ထွန်းထွန်းက လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။ ငါ့ရဲ့ ဘယ်ဘက်မှာက ခင်ချစ်မေ၊ ညာဘက်ကို ကြည့်လိုက်တော့ ခုံတန်းလျားအလွတ်ကြီးကိုပဲ တွေ့လိုက်ရတယ်။ ငါလည်း မြုန်းဆို ထရပ်လိုက်မိတယ်။ ပြီးတော့ ချက်ချင်းပြန်ထိုင်ချလိုက်မိပြန်တယ်။ ဓာချွေးတွေပြန်လာပြီး အိမ်ကြီးတစ်ခုလုံး ချာချာလည်သွားတယ်လို့ ထင်လိုက်ရတော့တယ်။

'ခုနက အဲဒီခုံစွန်းမှာ ကောင်မလေးတစ်ယောက် ထိုင်နေတာကွ။ သူ့လက်မောင်းနဲ့တောင် ထိမိသွားသေးတယ်။ စက္ကန့်ပိုင်းအတွင်း ဘယ်လိုများ ထလစ်သွားလဲ မသိဘူး။ လျှင်လိုက်တာကွာ'

'ဟုတ်ပါ့ဟယ်··ငါလည်း သူ့အကျီစကိုတောင် ကိုင်လိုက်မိသေးတယ်'

ခင်ချစ်မေက အသံတုန်တုန်နဲ့ ဝင်ထောက်ခံလိုက်တယ်။ ထွန်းထွန်းက ခပ်ညင်းညင်းရယ်ရင်း မှတ်ချက်ချ လိုက်တယ်။

'ဟင်း··ဟင်း··တစ်ယောက်ယောက်က လာနောက် ပြောင်သွားတာနေမှာပေါ့။ ကဲ··အောက်ဆင်းကြရအောင်'

ညဦးပိုင်းက သူကိုယ်တိုင် ကြောက်လန့်စရာ ကြုံ ခဲ့ရတာကို ထွန်းထွန်း မေ့သွားပြီ ထင်ပါရဲ့။ ဘာမှမပြော တော့ဘဲ သက်ပြင်းကိုသာ ချလိုက်မိတော့တယ်။

◆◆◆

ဧည့်ခန်းထဲမှာ လူစုံ ပြန်ရောက်နေကြတယ်။

စောင့်ရတာကြာလို့ ကျွဲမြီးတိုနေကြပုံလည်းရတယ် ညိုချောကောင်မလေးကလည်း မထုံတက်သေးပုံစံနဲ့ ထိုင် နေတယ်လေ။ ငါလည်း စိတ်ထွက်ထွက်နဲ့ လှမ်းငေါ လိုက်မိတယ်။

'မင်းက တူဗလားယောင်ဆောင်ပြီး အပေါ်မှာ တ ထိုင်နေရာက လစ်သွားတယ်ပေါ့၊ ဟုတ်လား။ ခု ကိုယ်မဟုတ်သလို ဣန္ဒြေကြီးတစ်ခွဲသားနဲ့။ ဘာသ လဲကွ'

သူက တစ်ခွန်းမှ ပြန်မပြောခဲ့ဘူး။ မျက်လုံးအ သားနဲ့ ခေါင်းကိုသာ တွင်တွင်ယမ်းပြနေတော့ ဘယ်သူမှ ဘာမှဝင်မပြောခဲ့ဘူး။ ငါလည်း အ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့တယ်။ ခဏကြာတော့ အောင်နိုင်က မျက်ရိပ်ပြပြီး ထထွက်သွားလို့ မလှမ်းမကမ်းက လိုက်သွားခဲ့တယ်။ ထမင်းစားခန်းထဲ ဝင်ထိုင်ခဲ့ကြပြီး သူက စကားစလာတယ်။

'မင်းတို့ကို အားလုံး ထိုင်စောင့်နေခဲ့ကြတာ ကျော်ဆန်းရ၊ အပေါ်မှာ ဘာတွေဖြစ်နေလို့ ဒီလောက်တောင်ကြာနေရတာလဲကွ'

'ငါတို့က တူဗလားအယောင်ဆောင်တဲ့သူနဲ့ တိုးနေလို့ ထိုင်စောင့်နေကြတာလေ။ ဟိုအရပ်မြင့်မြင့်၊ အသားညိုညိုနဲ့ သီရိစံဆိုတဲ့ ကောင်မလေးပဲကွ။ ခုကျတော့ ခေါင်းတခါခါနဲ့ ပြောင်ငြင်းနေသေးတယ်'

'မင်းပြောလိုက်တာ ဘယ်သူကွ'

'သီရိစံလေကွာ။ သူ့နာမည်လို့ ပြောခဲ့တာပဲ'

အောင်နိုင်ဟာ ငါ့ပခုံးပေါ် လက်တင်လိုက်တယ်။ နောက် သက်ပြင်းချပြီးမှ ပြောလာခဲ့တယ်။

'ဟင်း..ကျော်ဆန်းရေ၊ မင်းထင်တာတွေ တက်တက်စင်လွဲနေပြီ။ ဘာဖြစ်ဖြစ် အဲဒီအကြောင်း နှုတ်ပိတ်နေကြမှ ဖြစ်မယ်ကွ။ မိန်းကလေးတွေ သိသွားရင် အကြောက်လွန်ကုန်ကြလိမ့်မယ်။ အဲဒီ သီရိစံဆိုတာ ငါ ပြောပြခဲ့တဲ့ ကောင်မလေးပဲကွ။ ဟိုလှေကားပေါ်ကကျပြီး ဇက်ကျိုးသေသွားတာလေကွာ'

'ဟော...ဒါ..ဒါဆို သူက ဒီအိမ်ကြီးထဲမှာ ခုထိ'

ငါလည်း ဆက်ပြီး မပြောနိုင်တော့ဘူး။ အောင်နိုင်ကလည်း ဘာမှပြန်မပြောဘူး။ နှုတ်ခမ်းရှေ့မှာ လက်ညှိုးထောင်ပြပြီး ဧည့်ခန်းဘက် လှည့်ထွက်သွားတော့တယ်။ ငါလည်း အဲဒီကတည်းက ရေငုံနှုတ်ပိတ်နေခဲ့တာ ခုမှပဲ မင်းတို့ကို ပြန်ဖွင့်ပြောပြခဲ့တာပဲကွ။

တူဗလားကို စမ်းကစားကြည့်ကြလေ။ မင်းတို့နဲ့ ဝင်ရောပြီး ကစားမယ့် သရဲလည်း ဒီအိမ်မှာ တစ်ကောင်မှ ရှိမယ် မထင်ပါဘူး။ အိုကေနော်။

**ကျော်ဇော(တားကုန်)**

*Ref : Rosemary Border ၏ SMEE ကို မြန်မာမှု ပြုသည်။*


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

ဂုဏ်ဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ခွဲမကု၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ဝဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀ ၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉




www.burmeseclassic.com

www.burmeseclassic.com

ယခုရက်ပိုင်း တော်တော်ကြာကြာ ကျွန်တော်အနားရလျက်နေ၏။ ရုပ်ရှင်လည်း မရိုက်ဖြစ်၊ စာလည်းကောင်းစွာ ရေးချင်စိတ်မရှိဘဲ အချိန်တွေ ကုန်နေမိလေ၏။

သို့သော် ဆီဆေးပန်းချီကားတစ်ချပ်ကိုတော့ ရေးဆွဲချင်စိတ် ဖြစ်ပေါ်၍နေမိလေ၏။ ပြင်ဦးလွင်သို့ ရုပ်ရှင်ရိုက်သွားစဉ်က ဓာတ်တော်ချိုင့်ရေတံခွန်ကို ဓာတ်ပုံရိုက်ကူးထားခဲ့ရာ ၎င်းဓာတ်ပုံအား ပန်းချီရေးဆွဲရန် စိတ်ကူးပေါက်မိလေ၏။

ကျွန်တော်သည် ဓာတ်တော်ချိုင့်ရေတံခွန်ကို ခဲဖြင့်ပုံကြမ်းလောင်း၍ ရေတံခွန်နှင့် အနီးတစ်ဝိုက်ရှိ ရှုခင်းအလှကိုလည်း ၎င်းပုံကြမ်း၌ ထပ်၍ဖြည့်စွက်ရေးဆွဲထားလေ၏။

ဒါရိုက်တာ **မျိုးဇော်အောင်**

## ထူးဆန်းသော ပုရပိုက်နှင့် ရတနာလက်စွပ်

ကျွန်တော်သည် ပန်းချီရေးဆွဲလျှင် အခြားအနုပညာရပ်များကို ခဏမေ့ထားတတ်လေ၏။ အာရုံမများချင်သောကြောင့် ဖြစ်လေသည်။ လုပ်ရပ်တစ်ခု၊ အလုပ်တစ်ခုတွင် အာရုံများလျှင် ထိုလုပ်ရပ်၊ ထိုအလုပ်၌ များစွာစိတ်အနှောင့်အယှက် ဖြစ်စေတတ်သောကြောင့် ဖြစ်လေ၏။ ထို့ကြောင့် အခြားအာရုံများကို လုံးဝအလျှော့မခံဘဲ ဖြတ်တောက်၍ ထားတတ်လေ၏။ ကင်းဗတ်ပေါ်တွင် ဓာတ်တော်ချိုင့်ရေတံခွန် ခဲပုံကြမ်းလောင်းပြီးနောက် ကျွန်တော်စုတ်တံများ သန့်စင်ခြင်း၊ ဆေးတောင့်ဆေးဘူးများ၊ နေသားတကျထားရှိခြင်းများ ကြိုတင်ပြင်ဆင်၍ထားလေ၏။ ထိုစဉ်မှာပင် ကျွန်တော်၏ အိမ်ဘေးနားက မောင်ချို



www.burmeseclassic.com

www.burmeseclassic.com

ဆိုသော လူငယ်တစ်ယောက် ရောက်ရှိ၍လာလေ၏။

'မောင်ချို..ပြော၊ ဘာကိစ္စရှိလဲ'ဟု ကျွန်တော်က မေးလိုက်၏။

'ဦးလေးကြီးတစ်ယောက်က ဆရာ့ကို တွေ့ချင်လို့တဲ့။ အပြင်မှာ စောင့်နေတယ်'ဟု မောင်ချိုက ပြောလေ၏။

'ငါရှိနေတာပဲ ခေါ်လိုက်လေ'ဟု ကျွန်တော်က ပြန်၍ ပြောလိုက်ရာ မောင်ချိုက 'ဟုတ်ကဲ့၊ သွားခေါ်လိုက်ပါ့မယ်'ဟုဆိုကာ ပြန်၍ထွက်သွားလေ၏။

တစ်ခဏလောက်ကြာသောအခါ မောင်ချိုနှင့် အသက် (၆၀)အရွယ် လူကြီးတစ်ယောက် ရောက်လာကြပြီးလျှင် မောင်ချိုက 'ကျွန်တော် ပြန်မယ်ဆရာ'ဟုဆို၍ ပြန်ထွက်သွားလေ၏။

'ထိုင်ပါ မိတ်ဆွေ၊ လွတ်တဲ့ကုလားထိုင်မှာ ထိုင်ပါ'ဟု ကျွန်တော်က ပြောလိုက်ရာ ထိုလူသည် ကျွန်တော့်အနီး ကုလားထိုင်လွတ်တစ်ခုမှာ ထိုင်လေ၏။ ၄င်းပုဂ္ဂိုလ်မှာ ဥပမိရုပ်ခံ့ညား၍ ကျွန်တော်မသိသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေ၏။

'ဘာအကြောင်းကိစ္စများရှိလို့လဲ မသိဘူး၊ အကြောင်းရှိရင်ပြောပါ'ဟု ကျွန်တော်က ပျူငှာစွာ ပဋိသန္ထာရစကားဆိုလေ၏။'

ထိုအခါ ၄င်းပုဂ္ဂိုလ်က-

'ကျွန်တော့်နာမည်က ဦးအမွန်ဒေဝါလို့ ခေါ်ပါတယ်။ လာရင်းကိစ္စက ဆရာ့ကို ပုရပိုက်တစ်ဆူ လက်ဆောင်ပေးချင်လို့ပါ'ဟု ဆိုလေ၏။

ကျွန်တော်မသိသောပုဂ္ဂိုလ်က ကျွန်တော့်ကို ပုရပိုက်တစ်ဆူ လက်ဆောင်ပေးမည်ဆိုသောကြောင့် ကျွန်တော့်မှာ အံ့သြ၍နေမိတော့၏။

ထို့ကြောင့် ကျွန်တော်က-

'ဦးအမွန်ဒေဝါက ဘယ်လိုလုပ်ပြီး ကျွန်တော့်ဆီရောက်လာတာလဲ။ အရင်ကရော ကျွန်တော့်ကို တွေ့ဖူး၊ မြင်ဖူး၊ သိဖူးလို့လား'ဟု ပြန်၍မေးလိုက်လေ၏။

ထိုအခါ ဦးအမွန်ဒေဝါက-

'ကျွန်တော်က ဖြူးမြို့နယ်သားပါ။ ဖြူးချောင်းအရှေ့ ရွှမ်းစုမှာ နေပါတယ်။ ဆရာ့အဖေနဲ့ ကျွန်တော်နေတဲ့ အောင်သိဒ္ဓိကျောင်းထိုင်ဆရာတော်ဘုရားနဲ့က အင်မတန်မှ ရင်းနှီးကြတယ်။ ဒါကြောင့် ဆရာတို့မိသားစုအကြောင်းကို ဆရာတော်နဲ့ ပြောဆိုကြရင်း သိခဲ့တာပါ။ နောက်ပြီး ကျွန်တော်ကလည်း စာပေကို ဝါသနာပါတယ်ဆိုတော့ ဂမ္ဘီရမဂ္ဂဇင်းမှာ ဆရာ့ဝတ္ထုနဲ့ ကလောင်ကို ဖတ်ရလို့သိတာ။ ဆရာက ရုပ်ရှင်ရိုက်ကွင်း အတွေ့အကြုံနဲ့ ထူးထူးဆန်းဆန်း ဖြစ်ရပ်မှန်တွေကို စိတ်ဝင်စားတယ်။ ဝတ္ထုလည်း ရေးတယ်ဆိုတဲ့အသိနဲ့ ဆရာကြီးနဲ့လည်း ရင်းနှီးပါတယ်လို့ပြောရင်း လာခဲ့တာပါဆရာ။ ပြီးတော့ ဒီပုရပိုက်ကလည်း ထူးဆန်းတယ်ထင်လို့ ဆရာ့အတွက် အကျိုးရှိနိုင်မယ်ထင်လို့ လက်ဆောင်အဖြစ် ကျွန်တော်လာပေးတာပါ ဆရာ'ဟု ပြောလေ၏။

ထို့နောက် ၄င်းက အသင့်ယူဆောင်လာသော စာအိတ်ကြီးတစ်အိတ်ကို ကျွန်တော့်အား ပေးလေ၏။ ကျွန်တော်လည်း ၄င်းကမ်း၍ပေးသော စာအိတ်ကြီးကို လက်ကမ်း၍ ယူလိုက်လေ၏။


ပြီးနောက် ကျွန်တော်သည် စာအိတ်ကြီးကို ဖောက်ဖွင့်၍ မကြည့်သေးဘဲ ဦးအမွန်ဒေဝါဆိုသော ပုဂ္ဂိုလ်အား အကဲခတ်ကြည့်၍ 'ဒီပုရပိုက်ကို ဦးအမွန်ဒေဝါ ဘယ်က ရလာတာလဲ'ဟု မေးလိုက်လေ၏။

'ကိုရင်လေးတစ်ပါးဆီက ရခဲ့တာပါ။ အဲဒီ ကိုရင်လေးက ကျွန်တော့်ကို အဲဒီပုရပိုက်ကိုပေးပြီး ဗာရာဏသီကုလားပြည်ကို သွားစရာရှိတယ်။ အဲဒီကို ကိုရင်သွားမလို့ ပြန်လာချင်မှ ပြန်လာမယ်လို့လည်းပြောတယ်။ အဲဒီနောက် ပိုင်း ခုထိပဲ ဆိုပါတော့။ အဲဒီကိုရင်လေး ပြန်ကို မလာတော့ဘူး။ ခုဆိုရင် (၃)နှစ်လောက်ရှိလောက်ပြီ'ဟု ၄င်းက ပြောလေ၏။

'ဒါနဲ့ ဦးအမွန်နဲ့ အဲဒီကိုရင်လေးနဲ့က ဘာတော်လဲ။ ဘယ်လိုရင်းနှီးကြတာလဲ'ဟု ကျွန်တော်က စပ်စုကာ မေးမြန်းပြန်လေ၏။

'ဒီလို ဆရာရေ၊ ကျွန်တော်က ဆရာတော်ကြီးရဲ့ ဦးပဏ္ဍိတ အောင်သိဒ္ဓိကျောင်းမှာ လှူယုံတော်၊ ကပ္ပိယကြီးလေ။ တစ်နေ့ ဆရာတော်နဲ့ ဆွေမျိုးစပ်တော်တဲ့ ကိုရင်လေးတစ်ပါး ရောက်လာတယ်။ သူက ကုလားပြည် ဗာရာဏသီက လာတာတဲ့။ ဟိန္ဒူပုဏ္ဏားပုံစံတွေလိုပါပဲ။ ဒီလိုနဲ့ တစ်ကျောင်းတည်း အတူနေပြီး သူလိုအပ်တာတွေ ကူညီပေးရင်းနဲ့ ရင်းနှီးခဲ့ကြတာပါပဲ။ ခု ပုရပိုက်က အဲဒီ

www.burmeseclassic.com




ကိုရင်လေးဆီက ရခဲ့တာ။ နောက်ပိုင်း ဆရာတော်ကြီး ပျံလွန်တော်မူပြီး ကျောင်းမှာပဲ နေသေးတယ်။ ကျွန်တော့် အထင်တော့ ဆရာတော်ကြီးမရှိလို့ စိတ်ထိခိုက်တာရယ် နောက်ပြီး ကုလားပြည် ဗာရာဏသီကလည်း စာရောက် လာတယ်။ ဒါကြောင့် ပြန်ဖြစ်သွားတာလို့ ကျွန်တော် ထင်တယ်' ဟု ပြောကြားလေ၏။

'ဒါထက် ကျွန်တော် ဒီစာအိတ်ထဲက ပုရပိုက်ကို ဖွင့်ကြည့်မယ်နော်။ အများအကျိုးရှိမယ်ဆိုရင် စာတစ်စောင် ပေတစ်ဖွဲ့ဖွဲ့ပြီး ဂမ္ဘီရမဂ္ဂဇင်းကတစ်ဆင့် ရေးသား ဖြန့်ချိပေးပါ့မယ်' ဟု ကျွန်တော်က ပြောလေ၏။

'ကောင်းတာပေါ့ ဆရာရယ်။ ပုရပိုဒ်ထဲက စာတွေ ကို ကျွန်တော်ဖတ်ကြည့်တယ်။ ဒါပေမဲ့ ကျွန်တော် နား မလည်ဘူး။ အဓိပ္ပာယ်လည်း ကောက်ယူလို့မရဘူး။ စာ တွေက ပုရပိုက်ပေါ်မှာ စက်ဝိုင်းပုံစံ ရေးထားတယ်။ စာစက်ဝိုင်းရဲ့ အလယ်ကောင်တည့်တည့်မှာ စကြာပုံစံ လိုလို တံဆိပ်လိုလို မြေပုံတစ်ခုကိုလည်း တွေ့တယ်။ မြန်မာပြည်မြေပုံတော့ မဟုတ်ဘူး။ ကုလားပြည်ရဲ့ တစ် စိတ်တစ်ဒေသမြေပုံလို့ ထင်တာပဲ' ဟု ငှင်းကဆိုလေ၏။

ထို့နောက် ကျွန်တော်သည် စာအိတ် ကိုဖွင့်ကြည့်၍ ပုရပိုက်ကို ကြည့်လိုက်ရာ အောက်ပါအတိုင်း စာများနှင့် မြေပုံကို တွေ့ရှိရလေတော့သတည်း။

ကျွန်တော်လည်း ကြိုးစားဆင်ခြင်၍ မြေပုံကဲ့သို့သော ရှေးဟောင်းသင်္ကေတ တံဆိပ်နှင့် စက်ဝိုင်းပုံသဏ္ဌာန် ပတ်ထားပြီး အတွင်းစာများနှင့် လမ်းကြောင်းများကို သေသေချာချာ ဖတ်ကြည့်လေ့လာကြည့်ရာ အဓိပ္ပာယ်ဖော်၍မရအောင် ဖြစ်၍နေလေ၏။

ထို့ကြောင့် ကျွန်တော်သည် ဦးအမွှန် ဒေဝါဆိုသော ပုဂ္ဂိုလ်အား 'အဓိပ္ပာယ်ပေါ် အောင် ကျွန်တော် ကြိုးစားပါဦးမယ်။ အဓိပ္ပာယ်ကတော့ တော်တော်ခက်ခဲပုံရ တယ်။ ခင်ဗျားလိပ်စာ ကျွန်တော့်ကို ပေး ခဲ့ပါ။ အကြောင်းထူးရင် ခင်ဗျားကို ဆက် သွယ်ပါ့မယ်' ဟုပြောရာ ငှင်းပုဂ္ဂိုလ်လည်း ဟုတ်ကဲ့ပါဟုဆို၍ လိပ်စာပေးကာ ကျွန် တော့်ကို နှုတ်ဆက်၍ ပြန်သွားလေ၏။

ကျွန်တော်သည် ငှင်းပုရပိုက်ကို ရပြီးနောက် ပန်းချီ လည်း မဆွဲတော့၊ ရုပ်ရှင်ကိစ္စလည်း မကြိုးစားတော့ဘဲ ငှင်းပုရပိုက်၏ လျှို့ဝှက်ချက်များကိုသာ ထပ်ခါတလဲလဲ ဖတ်ရှုလေ့လာ၍ အဓိပ္ပာယ်ပေါ်အောင် ရှာဖွေနေမိတော့ ၏။

တစ်နေ့သ၌ ကျွန်တော်သည် ငှင်းပုရပိုက်ကိစ္စနှင့် ပတ်သက်၍ အဖြေတစ်ခုကို စဉ်းစားမိလေ၏။ ငှင်းမှာ ကပိလဝတ်သို့ရည်ဟူသော စာပိုဒ်ပင်ဖြစ်လေ၏။ ကပိလ ဝတ်ဆိုသည်မှာ အိန္ဒိယပြည်ကြီးမှ မြို့တစ်မြို့၊ တိုင်း တစ်တိုင်း၊ ပြည်တစ်ပြည် ဖြစ်နိုင်၏။ ထိုမြို့၊ ထိုဒေသသို့ သွားရောက်နိုင်ခဲ့လျှင် ဤပုရပိုက်၏ လျှို့ဝှက်ချက်ကို ရမည်၊ ပေါ်မည်ဟု ကျွန်တော်စဉ်းစားမိခြင်းပင် ဖြစ်လေ ၏။

ဤသို့ဖြင့် ကျွန်တော်သည် ကပိလဝတ်ပြည် အကြောင်းကို စာထဲပေထဲ လေ့လာကြည့်ရာ စာရေးဆရာ ကြီး ရန်အောင်မျိုးညွန့် ရေးသားသော ဗုဒ္ဓကြေးမုံ... စာအုပ်၌ ကပိလဝတ်ပြည်အကြောင်း ပါရှိသည်ကို ...



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ ကျွန်တော်သည် အတိုင်းမသိဝမ်းသာ၍သွားလေ၏။

ကပိလဝတ်ပြည်သည် တိုင်းကြီးဆယ့်ခြောက်တိုင်းတွင် မပါဝင်ပေ။ မလ္လာတိုင်း ကုသိနာရုံမှ တည်ထောင်သော ပြည်တစ်ခုသာ ဖြစ်ပေသည်။

ရှေးအခါက ဥက္ကာကရာဇ်မင်းသည် မိမိမြတ်နိုးအပ်သော မိဖုရား၏သားကို ထီးနန်းပေးလို၍ (၁) ဥက္ကာမုခ၊ (၂) ကရကဏ္ဍ၊ (၃) ဟတ္ထိနိက၊ (၄) သိနိသူရ ဟူ၍ အမည်ရှိသော သားကြီးလေးယောက်တို့ကို တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ ထိုမင်းသားတို့သည် ဟိမဝန္တာအနီး ပေါက္ခရဏီရေကန်၏ ကမ်းပါးတစ်ခုရှိ ကျွန်းတောကြီးသို့ ကပ်ရောက်ပြီး အမျိုးမပျက်စေရန်အတွက် တစ်ဝမ်းတည်း၌ အတူဖွားမြင်သော နှမတော်တို့နှင့်အတူ ပေါင်းသင်း၍ နေထိုင်ကြကုန်၏။

ခမည်းတော်သည် သားတော်တို့၏ အကြောင်းကို အမတ်ကြီးတို့အား မေးမြန်းလျှင် အမတ်ကြီးတို့သည်လည်း မိမိတို့ ကြားသိသမျှ အကြောင်းစုံကို အကုန်လျှောက်တင်ကြလေ၏။

ထိုအခါ မင်းကြီးသည် (သကျဝတဘောကုမာရ) သားတော်တို့သည် လူသာမန်တို့ ပြုနိုင်ခဲသော အမှုကိစ္စကို ပြုနိုင်ပေစွတကားဟု ကျူးရင့်တော်မူလေ၏။ ဝမ်းမြောက်၍ သုံးကြိမ်တိုင်အောင် သာဓုခေါ်တော်မူ၏။ ထိုဥဒါန်းစကားကို အစွဲပြု၍ သကျသာကီဝင်ဟူသော အမည်သည် ထင်ရှားလာသည် ဆို၏။ (သီလက္ခံပါဠိတော်)

တစ်နည်းအားဖြင့်မူ ၄င်းအဋ္ဌကထာ၌ပင် ဥက္ကာကရာဇ်မင်း သုံးဆက်တို့တွင် တတိယမြောက်မင်းအား-

(၁) ဟတ္ထာ၊ (၂)စိတ္တာ၊ (၃)ဇန္တု၊ (၄)ဇာလိနီ၊ (၅) ဝိသာခါဟူ၍ မိဖုရား(၅)ယောက်ရှိကုန်၏။

မိဖုရားကြီးသည်-

(၁) ဥက္ကာမုခ၊ (၂) ကရကဏ္ဍ၊ (၃) ဟတ္ထိနိက၊ (၄) သိနိ္နသူရဟူသော သားကြီးလေးယောက်နှင့်-

(၁) ပိယာ၊ (၂) သုပိယာ၊ (၃) အာနန္ဒာ၊ (၄) ဝိဇိတာ၊ (၅) ဝိဇိတသေနာဟူသော သမီးငါးယောက်တို့ကို မွေးဖွားပြီး သေဆုံးလေ၏။

မင်းကြီးသည် အခြားမင်းသမီး တစ်ယောက်ကို မိဖုရားမြှောက်၍ သားတော်ဇန္တုကို ရရှိပြန်၏။ ထိုသားတော်ကိုဖွား၍ ငါးရက်မြောက်သောနေ့၌ မင်းကြီးအား ပြသလျှင် ဝမ်းမြောက်လှသည်ဖြစ်၍ မိဖုရားအား အလိုရှိသောဆုကိုတောင်းရန် ခွင့်ပြု၏။

ထိုအခါ မိဖုရားသည် အခွင့်ကောင်းယူ၍ မိမိ၏ဆွေမျိုးတို့နှင့်တိုင်ပင်ပြီး သားတော်အား မင်းအဖြစ်ကိုပေးရန် တောင်းဆိုလေ၏။

ထိုအခါ မင်းကြီးသည် ရတ်တရက် ဒေါသထွက်၍ သဘောမကျသော်လည်း မိမိစကား လွန်မိသောကြောင့် သားတော်ကြီးများကို ခေါ်တော်မူပြီး-

"ချစ်သားတို့၊ ခမည်းတော်သည် သင်တို့ညီငယ် ဇန္တုမင်းသားကို ဖွားမြင်၍ မိဖုရားအား ဆုပေးမိချေသည်။ သင်တို့သည် အလိုရှိသမျှသော ရတနာတို့ကို ယူဆောင်ပြီး တိုင်းပြည်မှ ထွက်သွားကြကုန်လော့။ ခမည်းတော်ကွယ်လွန်မှ လာရောက်မင်းပြုကြကုန်လော့"ဟု မိန့်ဆိုလျက် အမတ်ရှစ်ယောက်တို့နှင့်အတူ တိုင်းပြည်မှ ထွက်သွားစေ၏။

မင်းသားတို့သည် ခြွေရံအပေါင်းအသင်းတို့နှင့်အတူ ဗလ္လာတိုင်း ကုသဝတီ အမည်ရှိသော ကုသိနာရုံပြည်မှ ထွက်ခွာသွားကြလေ၏။

ဥက္ကာမုခ စသောမင်းသားလေးယောက်တို့သည် စစ်သည်ဗိုလ်ပါများနှင့်တကွ တိုင်းပြည်မှထွက်ကြ၍ ခရီးစဉ်အားဖြင့် ဟိမဝန္တာသို့ရောက်၍ မြို့၏နေရာကို ရှာဖွေနေကြစဉ် ဘုမိဝိဇ္ဇာအတတ်၌ လိမ္မာသော ဘုရားလောင်းကပိလရသေ့နှင့် တွေ့ဆုံကြလေ၏။ ထိုအခါ အကြောင်းမျိုးစုံကို မေးမြန်းသိရှိပြီးသော် ရသေ့ကြီးသည် ငါ၏ကျောင်းနေရာ၌တည်သော် မြို့ရွာဟူသည် အတုမရှိသော် တစ်ယောက်သောသူကိုပင် ဗိုလ်ခြေတစ်ထောင်သည် မနှိပ်စက်နိုင်။ စန္ဒာလပင်ဖြစ်သော်လည်း စကြဝတေးမင်းတမျှ ဘုန်းကြီးလတ္တံ့၊ ဤနေရာ၌ မြို့တည်ပြီးလျှင် ကပိလဝတ်ဟု အမည်မှည့်ကုန်လော့ဟု မိန့်တော်မူလေ၏။

မင်းသားတို့သည် ဘုရားလောင်းရသေ့ကြီး ပြောဆိုသည့်အတိုင်း စီမံကြပြီး ထိုအရပ်၌မြို့တည်၍ နေကြကုန်လေ၏။ အမတ်ကြီးတို့သည် မင်းသားတို့ အရွယ်ရောက်လာကြသောအခါ အမျိုးမရောယှက်စေရန် အစ်မကြီးဆုံး ပိယာမင်းသမီးကို အမိအရာထား၍ မင်းသား လေးယောက်၊ မင်းသမီး လေးယောက်တို့သည် အတူတကွ ပေါင်းသင်း၍ နေထိုင်ကြလေ၏။

www.burmeseclassic.com

ထိုအကြောင်းကို ခမည်းတော်မင်းကြီး ကြားသိရသောအခါ၌ သကျာ၀တ၊ ဘော၊ ကုမာရာ ဟူသော စကားဖြင့် ဝမ်းမြောက်၍ သုံးကြိမ်တိုင်အောင် ဥဒါန်းကျူးရင့်တော်မူလေ၏။

မင်းကြီး၏စကားဖြင့် မင်းသားတို့၏ အနွယ်ကို ထိုအချိန်စ၍ သာကီဝင်မင်းမျိုးနွယ်ဟု ခေါ်ကြလေ၏။ ကပိလရသေ့ကြီး၏ ဝတ္ထုကမြေပေါ်၌ တည်ထောင်သည်ကို အစွဲပြု၍ ကပိလဝတ်ပြည်ဟု ခေါ်ဆိုကြလေ၏။ (သီလက္ခံ အဋ္ဌကထာ)

ကပိလဝတ်ပြည်၏ ယခုရှိနေပုံ အခြေအနေကို ဖာဟိယန်ဟူယိင်ဆင်ခေါ်သော ဗုဒ္ဓဘာသာ တရုတ်ဘုန်းတော်ကြီး၏ စာတမ်းအရဖြင့် ကျောက်စာဝန်မင်းကြီး၏ သတ်မှတ်ထားပုံကို အောက်ပါအတိုင်း ဖော်ပြထားလေ၏။

အိန္ဒိယကြေးမုံ ကျမ်းပြုဆရာတော်ကြီးသည် ကုသိနာရုံမှ သွားရောက်ကြည့်ရှုသောအခါ တွေ့ရှိရသော ကပိလဝတ်ပြည်မှာ အိန္ဒိယပြည်ရှိ နာရခါဆရ်ခေါ်သော ဌာနယောင်းသည်ပင် ရှေးက ကပိလဝတ်ပြည်ဖြစ်သည်ဟု ဆို၏။

တိဗက်မဟာယနဗုဒ္ဓဘာသာကျမ်းဂန်၌ ကောသလတိုင်းအပါအဝင် ရောဟိဏီမြစ်၏ ကမ်းပါးအနီးရှိ ရေအိုင်ကြီးအနားတွင် ကပိလဝတ်ပြည်တည်ရှိကြောင်း လာရှိသည် ဆို၏။ ထိုစကားသည် ဗုဒ္ဓဘာသာ ဟိနာယနဂိုဏ်းသားတို့၏ အလိုနှင့်လည်း ညီညွတ်သည်ဟု ဆို၏။

ထို့ကြောင့် ယခုကာလ ကျောက်စာဝန်ဘက်ဆိုင်ရာမှ ကပိလဝတ်ပြည်ကို သတ်မှတ်၍ ပြသသည်မှာ ဗစတီစီရင်စု၌ ရာပတီဟုခေါ်သော မြစ်လက်တက်ကို ဟန်မြစ်ကမ်းပါးအနီးရှိ ကျူန္ဒိုတာရ်ခေါ်သော ရေအိုင်တစ်ခုရှိ၏။ ထိုရေအိုင်၏ အရှေ့ဘက်၌တည်ရှိသော နဂရခါဆ်ခေါ်သော အထက်ပါနေရာသည်ပင် ရှေးစဉ်အခါက ကပိလဝတ်ပြည် ဖြစ်သည်ဟု ဆိုလေ၏။

၎င်းပြင် ထိုဟန်မြစ်သည် ယခုရှိသော ရောဟိဏီမြစ်ပင် ဖြစ်လေ၏ဟု ဆုံးဖြတ်ဖော်ပြသည်ဆို၏။ ထိုကပိလဝတ်ပြည်၏ နယ်နိမိတ်အကျယ်အဝန်းအား ဟူယိင်ဆင်မှတ်တမ်း စာအရ လီပေါင်းလေးထောင်ရှိ၏။ တရုတ်ဘာသာလို တစ်လီလျှင် ခြောက်မိုင်ရှိ၏။ မိုင်နှင့်တိုင်းထွာလျှင် စတုရန်း(၆၆၇)မိုင်မျှ ရှိသည်ဆို၏။

သာဝတ္ထိပြည်နှင့် ကပိလဝတ်ပြည်၏ အကွာအဝေးမှာ ဖာဟိယန်ကျမ်းစာအရ မိုင်ပေါင်း(၉၀)မျှ ဝေးလေသည်။ ယခုအခါ ကျောက်စာဝန်ကြီး ကနိန်ကဟန်၏ အတိုင်းအထွာအားဖြင့် (၈၁)မိုင်မျှရှိသည်ဟု ဆို၏။

အချို့ဆရာတို့ကမူ ကပိလဝတ်ပြည်သည် ဗဝတီစီရင်ဆု ပပရာဝါရွာ၏ အနောက်မြောက်ဘက်၌ ဆယ်မိုင်ခန့်ရှိ ယခုအခါ တိလောက်ရာကိုးအရပ်မှ မြောက်ဘက် တစ်မိုင်လောက်မှာ နီဂလီဝ၊ နီဂလီဟာဝါရွာ ရှိ၏။ ထိုရွာ၏ ကန်ပေါင်ရိုးအတွင်း၌ ကျိုးလျက်ရှိသော အာသောကကျောက်စာကို တွေ့ရှိဟန်နှင့် မတူကြဟုဆို၏။

ကပိလဝတ်ပြည်သို့ ဗုဒ္ဓဘာသာ တရုတ်ဘုန်းတော်ကြီး ဖာဟိယန်တို့ ရောက်သောအခါ တောအတိ ဖြစ်နေလေ၏။ လူနေ အလွန်နည်း၏။ တောအတိ ဖြစ်သောကြောင့် လမ်းခရီးတွင် ကျားနှင့်ဆင်တို့ကို ကြောက်ရသည်ဟု ၎င်းစာတမ်း၌ ပါရှိလေ၏။ ယခုအခါ ကျားနှင့်ဆင်တို့ကို ကြောက်စရာမလိုတော့ပေ။ အနီးအပါး၌ ရွာငယ်များ ရှိနေကြသောကြောင့် ဖြစ်လေ၏။ လက်ညှိုးညွှန်ပြစရာ စေတီပုထိုးဟူ၍လည်း တစ်စုံတစ်ရာမျှ မရှိဟု ဆိုလေ၏။

ကျွန်တော်သည် ကပိလဝတ်ပြည် အကြောင်းကို အသေးစိတ်လေ့လာဖတ်ရှုပြီးနောက် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။ ယင်းမှာ ကပိလဝတ်ပြည်သို့ မရောက်ရောက်အောင် သွားမည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်ပေတော့သတည်း။

တစ်နေ့သ၌ ကျွန်တော်သည် ဦးအမ္ဗန်ဒေဝါ ပေးထားသည့် လိပ်စာအတိုင်း ၎င်းအား သွားရောက်၍ တွေ့ဆုံလေ၏။

'ဆရာရောက်လာတာ အတော်ပဲ။ ကျွန်တော်တောင် ဆရာ့ဆီ လာတော့မလို့'ဟု ရောက်မဆိုက် ကျွန်တော့်အား ပြောလေ၏။

ကျွန်တော်က–

'ဘာအကြောင်းများထူးလို့လဲ ဦးအမ္ဗန်ဒေဝါ'

ဟု မေးလိုက်ရာ ၎င်းက–

'ကုလားပြည် ဗာရာဏသီကို ပြန်ကြွသွားတဲ့ ကိုရင်လေးအကြောင်း ပြောမလို့ ဆရာရေ။ ခု လူထွက်ပြီး ဝိဇ္ဇာလမ်းကြောင်းပေါ်ရောက်နေပြီတဲ့ဆရာ'ဟု ဆိုလေ၏



www.burmeseclassic.com

www.burmeseclassic.com

'ဦးအမ္ဗုန်ဒေဝါက ဘယ်လိုလုပ်သိတာလဲ'

ဟု ကျွန်တော်က မေးလိုက်ရာ ၎င်းက-

'ကျွန်တော့်ကိုဆက်သွယ်ပြီး သူ့ဆီက စာတစ်စောင် ရောက်လာတယ်ဆရာ။ စာထဲမှာ ပုရပိုက်အကြောင်း လည်း ပါတယ်။ အဲဒီပုရပိုဒ်ကိုယူပြီး သူ့ဆီ လာခဲ့ပါတဲ့' ဟု ဆိုလေ၏။

ကျွန်တော်က-

'အဲဒီပုဂ္ဂိုလ်ရဲ့လိပ်စာကို ဦးအမ္ဗုန်ဒေဝါ သိလား'

ဟု ကျွန်တော်က မေးလိုက်ရာ ၎င်းက-

'ကပိလဝတ်ပြည်မှာနေတယ်လို့ စာထဲမှာပါတယ်။ လူဝတ်ကြောင်နဲ့ သူ့ဓာတ်ပုံတစ်ပုံလည်း ထည့်ပေးလိုက် တယ်။ ကျွန်တော်ကတော့ အဲဒီကိုသွားနိုင်မယ် မထင်ဘူး။ ကျန်းမာရေးမကောင်းလို့ ဆရာဝန်က ဘယ်ခရီးမှ မထွက် ဖို့ မှာထားတယ်ဆရာ။ အဲဒါ ဆရာ့ဆီလာပြီး အကျိုး အကြောင်းပြောပြပြီး ဖြစ်နိုင်မယ်ဆိုရင် ဆရာကိုယ်တိုင် အဲဒီပုရပိုက်နဲ့အတူ သွားရောက်ပေးစေချင်ပါတယ်ဆရာ' ဟု တောင်းပန်၍ဆိုလေ ၏။

'ရပါတယ်၊ ဦးအမ္ဗုန်ဒေဝါကိုယ်စား ကျွန်တော်သွား ပေးပါ့မယ်' ဟုဆိုကာ ကိုရင်လူထွက် ပေးစာနှင့်တကွ ဓာတ်ပုံကိုပါ တောင်းယူပြီး ကျွန်တော်သည် ဦးအမ္ဗုန် ဒေဝါအား နှုတ်ဆက်၍ ထွက်ခွာလာခဲ့လေတော့၏။

ကျွန်တော်နေထိုင်ရာအိမ်သို့ ရောက်သောအခါ ကျွန် တော်သည် ခရီးထွက်ဖို့ကိစ္စ စီစဉ်လေ၏။ အကုန်အစုံ အလင် စိတ်တိုင်းကျစီစဉ်၍ ပြီးသောအခါ၌ ကျွန်တော် သည် နောက်တစ်နေ့ မနက်မှာပင် ခရီးစတင်၍ ထွက်ခွာ သွားလေတော့၏။

ကျွန်တော်သည် ထိုခရီး၏ခရီးစဉ်ကို ကောင်းစွာသိ ထားခဲ့ပြီး ဖြစ်လေ၏။ ဗုဒ္ဓကြေးမုံစာအုပ်က ဖန်တီးရေး သားသူ ဆရာကြီးရန်အောင်မျိုးညွှန့်၏ ကပိလဝတ်ပြည် ခရီးစဉ်ကို သေချာဖတ်ရှုမှတ်သားခဲ့ပြီး ဖြစ်သောကြောင့် ဖြစ်လေ၏။

၎င်းခရီးစဉ်မှာ အိန္ဒိယပြည်ရှိ ကပိလဝတ်ပြည်သို့ သွားလိုလျှင် ဂိုရခပုရ်မြို့မှ ဗဆတီဘူတာသို့ သွားရ၏။ ၎င်းမှ ကျန်ဒိုတာလ်ရေအိုင်ကြီးသို့ သွားရ၏။ ၎င်းရေ အိုင်ကြီး၏ ကမ်းထိပ်မှ နဂရခါဆ်ဟုခေါ်သော မြို့ဟောင်း နေရာသို့ ကားနှင့်သော်လည်းကောင်း၊ ရထားနှင့်သော် လည်းကောင်း သွားနိုင်သည်ဟုဆိုထားရာ ၎င်းလမ်းညွှန် အတိုင်း ကျွန်တော်သည် ခရီးထွက်ခဲ့လေ၏။

လမ်းညွှန်ထားသည့်အတိုင်း ကျွန်တော်သည် နာဂရ ခါဆ်မြို့ဟောင်းသို့ လွယ်လွယ်ကူကူပင် ရောက်ရှိခဲ့လေ ၏။ ကံအားလျော်စွာဖြင့် ဓာတ်ပုံရှင် ကိုရင်လူထွက်နှင့် လည်း တွေ့ဆုံခဲ့ရလေ၏။

၎င်းကိုရင်လူထွက်၏အမည်မှာ ကိုအောင်ဇမ္ဗူဟူ၍ ဖြစ်ပေ၏။ လွန်စွာဥပဓိရုပ်ကောင်းသော လူငယ်တစ် ယောက် ဖြစ်လေ၏။

ကျွန်တော်သည် ဦးအမ္ဗုန်ဒေဝါနှင့် ပုရပိုက် အကြောင်းစုံကို အစအဆုံးပြောပြလိုက်သောအခါ ကို အောင်ဇမ္ဗူက-

'ဆရာ့စာတွေကို ဖတ်ဖူးပါတယ်။ ခုလိုတွေ့ရတာ လည်း ဝမ်းသာပါတယ်။ ပုရပိုက်ယူလာတဲ့အတွက်လည်း လွန်စွာကျေးဇူးတင်ပါတယ်' ဟု ပြောလေ၏။

ထို့နောက် ပုရပိုက်၌ ဖော်ပြထားသော ရှေးဟောင်း မြေပုံသင်္ကေတန် စက်ဝိုင်းအတွင်းရှိ စာများကိုလည်း ရှင်း ပြလေ၏။

၎င်းကို အောင်ဇမ္ဗူရှင်းပြသော စက်ဝိုင်းစာကို အဖြောင့်အတိုင်းရေးပြရာ အောက်ပါအတိုင်း လင်္ကာတစ် ပုဒ်ကို မြင်တွေ့လိုက်ရလေ၏။

အဖြောင့်စာမှာ ဤသို့ဖြစ်လေ၏။

ဂဠုန်မှာ တောက်ရည်လွင့်
ကျောက်နီနှင့် ကွင်းပါ။
မြှောက်ချီပင် အဆင်းဖြာသည်။
တစ်ခုလာပုံလဲ
သင်္ကာကျောက် ရှေ့စဉ်လာမှာ
နေ့အင်္ဂါ သားနှင့်မကွဲ
ဗုဒ္ဓဟူး ကျအရာ
မြရတနာ လက်စွဲ
ဆတစ်ရာ့တက်ကဲလို့
တစ်သက်မြဲဆင်ပါ
ဥဿဖရားကို ခါမရွေးလေနဲ့
ကြာသပတေး
စနေက နီလာကို
ရာဟုမှာ ဂေါမိတ်သာပ

www.burmeseclassic.com

ကြောင်တွင်ကိတ် မှန်တကယ်
သုံးဝတ်ရမယ်
သောကြာသား စိန်ခြယ်ပါလျှင်
ရှိန်မပြယ် ဘုန်းတောက်ငဲ့လေး··ဟူ၍ ဖြစ်လေ၏။

ထို့နောက် ကိုအောင်ဇမ္ဗူက–

'ဆရာ လာခြင်းကောင်းပါတယ်။ အဲဒီရတနာကိုးပါး စလုံး ကပိလဝတ်မှာ တကယ့်ကိုရှိပါတယ်။ အဲဒီရတနာ က လက်စွပ်တစ်ကွင်းပါပဲဆရာ။ အင်မတန်ကိုပဲ တန်ဖိုးကြီးတယ်။ ရတနာတွေလည်း တွင်းထွက်ရတနာ အစစ်အမှန်တွေပါ။ ပတ္တမြားတစ်လုံးတင် ပြည်တန်ပါတယ်'ဟု ပြောခဲ့ရင်းပြပြီးလျှင် ၎င်းရတနာလက်စွပ် တည်ရှိရာ အရပ်သို့ ကျွန်တော့်ကို ခေါ်ဆောင်၍သွားလေ၏။

ရေအိုင်တစ်ခုဆီသို့ ရောက်သောအခါ ၎င်းရေအိုင်မှာ ကြည်လင်လျက်ရှိပြီးလျှင် ပတ္တမြားရည်တောက်လျက်ရှိသည်ကို အံ့သြဖွယ် တွေ့မြင်ရလေ၏။

'အဲဒီရေအိုင်ထဲမှာ အဲဒီရတနာလက်စွပ် ရှိတယ်။ ဆရာ ဆင်းယူပြီး ဉာဏ်ရှိသလို သုံးပါဆရာ၊ ကျွန်တော်ရဲ့ ဆရာတော်ဘုရားကြီး ဦးပဏ္ဍိတရဲ့ပစ္စည်းပါ။ ဆရာတော်ဘုရားကြီး လူ့ဘဝတုန်းက ဖရင်ခဲ့ဟဲ့ ရတနာလက်စွပ်ပါ။ ဆရာတော်ကြီး မင်းလည်း လိုချင်တပ်မက်မှုမရှိနဲ့။ ထိုက်သူစံခွင့်ရအောင် ပုရပိုက်နဲ့ မှတ်တမ်းပြုခဲ့မယ်လို့ ပြောခဲ့ဖူးတယ် ဆရာ။ အဲဒီတော့၊ အဲဒီရတနာလက်စွပ်ကို ကျွန်တော် မယူဘူး၊ ဆရာပဲ ယူပါ။ ဆရာနဲ့ထိုက်တန်ပါတယ်'ဟု ကိုအောင်ဇမ္ဗူက ပြောလေ၏။

ကျွန်တော်လည်း ကိုအောင်ဇမ္ဗူပြောသကဲ့သို့ ရတနာလက်စွပ်ကို ရေအိုင်မှ ဆယ်ယူလေ၏။ ထို့နောက် ရေအိုင်မှ ပြန်တက်လာသောအခါ ကိုအောင်ဇမ္ဗူကို မတွေ့ရတော့ပေ။ နေရာအနှံ့နှင့် ၎င်းနေထိုင်ရာသို့ သွားရောက်ကြည့်သောအခါ စာတစ်စောင်ကို တဲငယ်အတွင်း၌ တွေ့ရလေ၏။ ၎င်း စာမှာကို အောင်ဇမ္ဗူကိုယ်တိုင် ရေးခဲ့သော စာဖြစ်လေ၏။ စာမှာ–

'အေးအောင်နေ၊ အောင်အောင်ကျင့်ပါ ဆရာ'ဟူ၍ ဖြစ်လေသတည်း။

**ဒါရိုက်တာမျိုးဇော်အောင်**


# ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

**အခန်း(၄)၊ အနောက်ဘက်မှစ်၊ မြသော့နစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈၂၇**



# ဒေါက်တာယတြာဆေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်···

**ဖြိုဖျက်**
**ရုတ်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၁၀၇၂၅**





www.burmeseclassic.com

www.burmeseclassic.com



# သုခရတနာ

## ဓမ္မစာပေဖြန့်ချိရေး



- ပဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့်
  အနတ္တလက္ခဏသုတ် ပါဠိတော်
- မာရဏပရိတ် အဘိဏှသုတ်နှင့်
  ပရိမိတ္တဇာလသုတ် ပါဠိတော်

**အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။**

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄

**နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်**

# ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

**လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်၊**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလေးမြို့။ ၀၉ ၄၂၈ ၃၁၇၂၉၉

www.burmeseclassic.com

ထိုနေ့တစ်နေ့လုံး လုပ်လိုက်ရသည့်အလုပ်မှာ ပင်ပန်းဆင်းရဲလှသည်ဖြစ်ခြင်း။ တစ်ကိုယ်လုံး ချွေးတို့ဖြင့် နစ်ကုန်၏။ ယခုလောက်ဆို သူဌေးကြီးဦးအဂ္ဂသည် သူ၏ တိတ်တိတ်ပုန်းမယား ဝဏ္ဏဒါသီနှင့်အတူ လောကကြီးကို မေ့လျက် ရှိနေမည်ဟု မောင်သုတထင်၏။

မောင်သုတသည် သူဌေးကြီးဦးအဂ္ဂ၏ ကျွန်တစ်ယောက် ဖြစ်လေ၏။ သူဌေးကြီးဦးအဂ္ဂပိုင်ဆိုင်သော နွားအကောင်ငါးဆယ်ကို ထိန်းကျောင်းပေးရသူဖြစ်သောကြောင့် တစ်နေကုန် နွားအကောင်ငါးဆယ်နှင့်သာ အချိန်တို့ကို ကုန်စေ လွန်စေခဲ့၏။

သူဌေးကြီးသည် လွန်စွာအတ္တကြီးသူ ဖြစ်ပေ၏။ အလိုရမ္မက်လည်း ကြီးသူဖြစ်ပေ၏။ စာနာငဲ့ညှာခြင်းကင်းသူလည်း ဖြစ်ပေ၏။






www.burmeseclassic.com

www.burmeseclassic.com

ယခု မောင်သုတကို ကျွန်အဖြစ် ခိုင်းစေထားခြင်းမှာလည်း တရားမျှတမှုမရှိပေ။ တစ်နေကုန် နွားကျောင်းပေးခြင်း၊ နွားအစာကျွေးခြင်း၊ နွားကို ရေသန့်ပေးခြင်း၊ အချိန်ကုန်လျှင် နွားတင်းကုပ်သို့ ပြန်လည်သိမ်းသွင်းပေးခြင်း စသည့် အမှုလုပ်ငန်းတို့မှာ သက်သာလှသည် မဟုတ်ပေ။ လုပ်ခအားဖြင့် အသပြာချီးမြှင့်သော်လည်း တစ်ပြားသာ ဖြစ်လေ၏။ တစ်ခါတစ်ရံ မပေးသည်မျိုးလည်းရှိပေသေး၏။ တစ်ခါတစ်ရံတော့မူ အကြွေးထားလျက် နှစ်ရက်၊ သုံးရက်လောက်ကြာမှ စု၍ပေးတတ်သည့် သဘောမျိုးလည်း ရှိလေ၏။

မိန်းမလိုက်စားခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ ကာမကျူးခြင်းတို့အပေါ်၌မူ ငွေကြေးအကုန်အကျ ဘယ်လောက်များများ အကုန်ခံ၏။ ရက်ရောတတ်သော သဘောလည်း ရှိပေ၏။ အလှူအတန်း၌ကား ဝေးစွ။ ရဟန်း၊ ရှင်၊ လူ၊ ဒွန်းစဏ္ဍား၊ သူတောင်းစားကအစ လှူခြင်းတန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း မရှိ။ အလွန် တွန့်တိုနှမြောတတ်ပေ၏။

ယခု သူဌေးကြီးဦးအဂ္ဂနှင့်အတူ ရှင်ကြည်ပျော်ပါးနေသော ဝဏ္ဏဒါသီဆိုသော အမျိုးသမီးဆိုသည်မှာ ကောင်းမြတ်သော မိန်းမကောင်းတစ်ယောက်ကား မဟုတ်ပေ။ ဥပွလရှာသူ ပြည့်တန်ဆာမတစ်ယောက်ဖြစ်ပေ၏။ အမြှူအဆွယ် ကောင်းသောကြောင့် မယားကြီးကို ပစ်ပယ်၍ ထိုဝဏ္ဏဒါသီ မိန်းမပျက်နှင့်အတူ ရှိနေခဲ့သည်မှာ လ, အတန်ပင် ကြာခဲ့ပေပြီ။ မောင်သုတသည် ဆင်းရဲ၍ ကျွန်တစ်ယောက် ဖြစ်နေသော်လည်း အသိပညာ ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်သောကြောင့် တစ်နေ့ ဝဏ္ဏဒါသီကြောင့် သူဌေးကြီး ဒုက္ခရောက်မည်ကို ကြို၍သိနေလေ၏။

သူဌေးကြီးအား ကျွန်ကောင်းပီသစွာ သတိပေးချင်သော်လည်း သူဌေးကြီးမှာ မိမိ၏ သတိပေးပြောကြားမည့်စကားအပေါ် ယုံကြည်မည့်သူ မဟုတ်မှန်းလည်း မောင်သုတက ကြို၍သိနေသကဲ့သို့ ရှိလေ၏။ ထိုအချိန်ကား သူ ဦးအဂ္ဂ၏ ကာမတဏှာ မွှန်နေချိန်ဖြစ်သည်။

ထိုနေ့အဖို့ လုပ်ငန်းသိမ်းချိန်ဖြစ်၍ နွားများကို ကျောင်းကာ တင်းကုပ်သို့ သွင်းလေ၏။ လုပ်ငန်းအားလုံး လက်စသတ်၍ ပြီးသောအခါတွင်မူ အချိန်မှာ အမှောင်ချိန်သို့ပင် ရောက်လုနီးနေချေပြီ။

သူဌေးကြီးပေးသော ထမင်းထုပ် နှစ်ထုပ်မှာလည်း နေ့လယ် ထမင်းစားချိန်၌ တစ်ထုပ်၊ ယခု ညစာအတွက် တစ်ထုပ်။ အတိုင်းအဆနှင့် အတိအကျပေးသော ထမင်းထုပ် ဖြစ်သည်။ ဟင်းကလည်း အသားဟင်းမပါ။ ငါးပိဖုတ်နှင့် ကြက်သွန်နီဥကြီး တစ်လုံးသာ။ ဆိုရလျှင် မသေထမင်း မသေဟင်းဟုပင် ဆိုလောက်ပေတော့၏။

အိပ်တော့လည်း နွားများနှင့်အတူ နွားတင်းကုပ်မှာပင် အိပ်စက်ရလေ၏။ လူတစ်ကိုယ်စာ အိပ်ဖြစ်ရုံသာ ကောက်ရိုးဖျာလုပ်၍ နွားစာခွက်ကို ခေါင်းအုံးပြု၍ အိပ်စက်ရ၏။ စောင်ကတော့ အပိုလုံကွင်းတစ်ကွင်းထည်ကို ခေါင်းမြီးခြုံ၍ စောင်အဖြစ် အသုံးပြု အိပ်စက်ရလေ၏။ မိမဲ့ဖမဲ့ ဆွေမဲ့မျိုးမဲ့အဖို့ကတော့ သည်အတိုင်းပင် အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲနေမည်သာပင်။ ဘဝပေး ကုသိုလ်ကံ မကောင်းမှန်းလည်း မောင်သုတ သိပေ၏။ ငယ်စဉ်က ဘုန်းကြီးစာ အထိုက်အလျောက် သင်ကြားခဲ့၍သာ တော်တော့၏။ စာမကျ ပေမကျလျှင် ထို့ထက်ပင် သာ၍ဆိုးပေလိမ့်မည်။

ဘုန်းတော်ကြီး ပျံလွန်တော်မူသွား၍ ကျောင်းကထွက်လိုက်ရသည်။ ထို့နောက် သူဌေးဦးအဂ္ဂ အိမ်သို့ရောက်သည်။ နွားကျောင်းသား ဖြစ်ရသည်။ တစ်နေ့လုပ်အားခ တစ်ပြားရသည်။ မောင်သုတသည် ကိုယ့်ဘဝအကြောင်း ကိုယ်ပြန်စဉ်းစားပြီး ပြုံးလိုက်မိ၏။ စိတ်ဓာတ်ကျခြင်း၊ လက်မြှောက်အရှုံးပေးခြင်း လောကဓံကို အညံ့ခံခြင်းမျိုးကား မရှိခဲ့ပေ။ တစ်နေ့ ငါ လူတစ်လုံး သူတစ်လုံးဖြစ်ရမည်ဟု အားခဲ၍ထားလေ၏။ လုပ်အားခ တစ်ပြားရသော ငွေကို စုသည်။ ခြိုးခြံစွာ စားသည်။ နေသည်။ ဘဝပေးကလည်း ထို့ထက်မပို။ ထိုမျှသာ ပေးထားသောကြောင့် ပေးသလောက်ဖြင့်သာ ရောင့်ရဲတင်းတိမ်နေလေ၏။

မောင်သုတမှာ အကျင့်အကောင်းတစ်ခု ရှိသည်။ ယင်းအကျင့်ကောင်းမှာ ခင်ပွန်းကြီးဆယ်ပါးကို မမေ့မလျော့ခြင်းပင် ဖြစ်လေသည်။ ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးခြင်းနှင့်အတူ ခင်ပွန်းကြီးဆယ်ပါးကိုလည်း ကန်တော့လေ့ရှိ၏။ ပြီးလျှင်တော့ မေတ္တာပို့သည်။ အမျှဝေသည်။ ဒါကတော့ နိစ္စဘတ်အလုပ် ဖြစ်လေ၏။

တစ်နေ့သ၌ မောင်သုတသည် စားကျက်ဇစ်ခုဌ်

www.burmeseclassic.com

နွားများကိုလှန်၍ ခေတ္တခဏမျှ စေတီပျက်တစ်ခု၌ ပုတီး ဝင်စိပ်လေ၏။ ပုတီးစိပ်ပြီး အပြန်တွင် ကမူတစ်ခုဖြင့် ခလုတ်တိုက်လေ၏။ ငုံ့ကြည့်လိုက်ရာ မိမိတိုက်မိသော အရာမှာ မြေကမူမဟုတ်ဘဲ မြေပေါ်တစ်ဝက် မြေအောက် တစ်ဝက် နစ်မြုပ်နေသော ယွန်းသေတ္တာငယ်လေးတစ် ဘူး ဖြစ်လေ၏။

ဖော်ယူ၍ ဖွင့်ကြည့်လိုက်သောအခါ ကျောက်မျက် ရတနာများ ဖြစ်၍နေလေ၏။

ငါ ဒီအတိုင်းယူသွားရင် သူဌေးကြီးက ငါ့ကို သူခိုးလို့ စွပ်စွဲပြီး ရတနာတွေကို သိမ်းယူလိမ့်မယ်။ အဲဒီ တော့ မြေကျင်းတူးပြီး အမှတ်အသားနဲ့ မြှုပ်ခဲ့မှဖြစ်မယ် ဟု အတွေးပေါက်ကာ ရတနာသေတ္တာယွန်းဘူးငယ်ကို စေတီပျက်၏ တစ်နေရာတွင် မှတ်မှတ်သားသား သင်္ကေတ ပြု၍ မြှုပ်လေ၏။ ထို့နောက် နွားများရှိရာသို့ သွားလေ၏။

ညနေစောင်း၍ လုပ်ငန်းသိမ်းသောအခါ နွားများကို ကျောင်း၍ တင်းကုပ်သို့ သွင်းလေ၏။ ထို့နောက် ညနေ စာအတွက် ထမင်းထုပ်ကိုဖြေ၍ စားသောက်လေ၏။ ည မိုးချုပ်တော့ ဘုရားရှိခိုးပြီးလျှင် ခေတ္တမျှ စင်္ကြံလျှောက် လေ၏။

ထိုအချိန်မှာပင် အရိပ်သဏ္ဌာန်တစ်ခုသည် သူဌေး ကြီး၏ အိမ်ပေါ်မှ လှေကားထစ်အတိုင်း ဆင်းလာနေ သည်ကို မြင်တွေ့ရလေ၏။

မောင်သုတသည် ပထမသော် သူဌေးကြီး အပေါ့ အပါးသွားရန် ဆင်းလာသည်ဟု ထင်၏။ နောက်တော့ သေသေချာချာ ကြည့်လိုက်သောအခါ သူဌေးကြီးမဟုတ် ဘဲ ဝဏ္ဏဒါသီ ပြည့်တန်ဆာမ ဖြစ်နေသည်ကို တွေ့ရလေ ၏။

မောင်သုတသည် နွားတင်းကုပ်မှထွက်၍ ဝဏ္ဏဒါသီ ကို လက်ရဖမ်းဆီးရန် လုံ့လထုတ်လေ၏။

'ဟေ့..မပြေးနဲ့။ နင့်လက်ထဲက အထုပ်က ဘာ အထုပ်လဲ။ ငါ့ကို ပေးစမ်း သူခိုးမ'ဟုပြောပြီး ဝဏ္ဏဒါသီ ၏လက်ကို ဖမ်းဆုပ်၍ အထုပ်ကို ဆတ်ခနဲ လုယူလိုက် လေ၏။

'မောင်သုတ..ငါ့လက်ကို လွှတ်ပါ။ ဒီအထုပ်က ရတနာထုပ်။ နင့်အတွက်လည်း အကျိုးရှိအောင် ငါ ထိုက် သင့်သလောက် ပေးပါ့မယ်'ဟု ဆို၍ ဝဏ္ဏဒါသီ ရုန်း လေ၏။

'ငါက ဆင်းရဲပေမယ့် သစ္စာမဲ့တတ်ဘူး။ နင့်လို ယုတ်မာတဲ့အမျိုးထဲကလည်း မဟုတ်ဘူး။ ငါလည်း မယူ ဘူး။ နင့်ကိုလည်း မပေးနိုင်ဘူး။ သူဌေးပစ္စည်းဟာ သူ ဌေးဆီပဲ ပြန်ရောက်စေရမယ်'

ဟု ဆိုလေရာ ဝဏ္ဏဒါသီ ပြည့်တန်ဆာမသည် မောင်သုတကို စည်းရုံးသိမ်းသွင်း၍မရမှန်း သိသည်နှင့်-

'သူဌေးမင်း..ဒီမှာ သူခိုးကို မိထားပြီ။ လာပြီး ဖမ်းလှည့်ပါဦး'ဟု ဟစ်အော်လေတော့၏။

သူဌေးနှင့် တပည့် နှစ်ယောက်တို့သည် အိမ်ပေါ်မှ အပြေးဆင်းလာကြပြီးလျှင် မောင်သုတကို ထိုးကြိတ်ကြ လေတော့၏။ မောင်သုတ လက်ထဲက အထုပ်ကို ပြန်ယူ ၍ တပည့်များက သူဌေးကြီးကို ပြန်၍အပ်လေ၏။

မောင်သုတက မိမိ သူခိုးမဟုတ်ကြောင်း၊ ဝဏ္ဏဒါသီ သာ သူခိုးအစစ်အမှန်ဖြစ်ကြောင်း ရှင်းပြသော်လည်း သူဌေးကြီးက လက်မခံဘဲ ချက်ချင်း ညတွင်းချင်းပင် အလုပ်မှ အပြီးအပိုင် ရပ်စဲလိုက်ကြောင်း ပြော၍ မောင်း ထုတ်လေ၏။

မောင်သုတလည်း ဆက်ပြီးမပြောတော့ဘဲ သူဌေး ကြီးကို နောက်ဆုံးအနေဖြင့် တစ်ချက်ကြည့်လိုက်ပြီးလျှင်-

'ခတ်မသိ ဟတ္ထိ ယုန်ထင်တတ်သူတို့သည် ပညာ နည်း၍ မစူးစမ်း မဆင်ခြင်တတ်သောသူများ ဖြစ်တတ် ကုန်၏။ ဥစ္စာဓနသည်ကား ရေပွက်နှင့် တူပေ၏။ ပညာ သည်သာ တောင်မြင်းမိုရ်နှင့် တူပေ၏။ သစ္စာမဲ့သူတို့၏ စကားသည် အလိမ်အညာဖြစ်၏။ သစ္စာရှိသူတို့၏ စကား က အမှန်တရား ဖြစ်၏။ အရှင့်ကို ကျွန်ုပ် နောက်ဆုံး မှာခဲ့ပါမည်။ အလိမ်အညာတို့၏အလယ်၌ အရှင့်၏ ဥစ္စာ ပစ္စည်းတို့ ပျက်သုဉ်းခန်းခြောက် ဆုံးပါးခဲ့သည်ရှိသော် တစ်လုတ်တစ်ဆုပ်မျှသာ စားဖူးခဲ့သော အရှင်၏ကျွန်ဖြစ် သည့် ကျွန်ုပ်သည် ဘယ်သောအခါမျှ ကျေးဇူးကို မေ့ မည် မဟုတ်ချေ။ ကျေးဇူးပြန်ဆပ်ရန်အလို့ငှာ ကျွန်ုပ် သည် အရှင့်အတွက် အမြဲတံခါးဖွင့်လျက် ကြိုနေမည်သာ ဖြစ်သတည်း'ဟု ဆိုပြီးလျှင် ရရန်ရှိသော အသပြာ တစ် ပြားကိုပင် တောင်းခံခြင်း မပြုတော့ဘဲ မောင်သုတသည် ချာခနဲလှည့်၍ ထွက်ခွာသွားလေတော့၏။

ပြည့်တန်ဆာမ ဝဏ္ဏဒါသီသည် မောင်သုတ၏



www.burmeseclassic.com

www.burmeseclassic.com

ကျောပြင်ကိုကြည့်လျက် ပြုံးလေ၏။ သူဌေးကြီး ဦးအဂ္ဂကမူ ဝဏ္ဏဒါသီ၏ ပခုံးကိုဖက်လျက် မောင်သုတ ထွက်သွားရာနောက်သို့ လှမ်းကြည့်ရင်း တဟားဟား ရယ်မောလိုက်လေသတည်း။

◆◆◆

ဗာရာဏသီမြို့တော် တစ်ခုသော အရပ်တစ်ခု၌ ဖြစ်လေ၏။ သူဌေးကလေး မောင်သုတသည် လွန်ခဲ့သော ငါးနှစ်ကျော်ကာလ တစ်ခုဆီသို့ အတွေးရောက်သွားလေ၏။ ထိုကာလ၏ နောက်ဆုံးအချိန်သည် သူဌေးကြီးဦးအဂ္ဂအိမ်မှ ထွက်ခွာခဲ့ရသော အချိန်ကာလဖြစ်၏။ ထိုမှ မိမိသင်္ကေတပြု၍ မြှုပ်နှံခဲ့သော ရတနာသေတ္တာငယ်ဘူးကို တူးဖော်၍ ဗာရာဏသီမြို့သို့ ရောက်ရှိလာခဲ့ပေ၏။

ရောက်သောအခါ၌ ရတနာတချို့ကို ထုခွဲရောင်းချ၍ အိမ်ရာတည်ဆောက်လေ၏။ လယ်မြေများကိုလည်း ဝယ်ခြမ်းလေ၏။ လူတို့ကိုလည်း အငှားချကာ လယ်ယာလုပ်ကိုင်စေ၏။

ထိုနေ့ကား ထူးခြားသော နေ့တစ်နေ့ ဖြစ်လေ၏။ အတိတ်တို့၏ ခြေရာဟောင်းတို့သည်လည်း ကျန်ခဲ့ပြီးဖြစ်လေ၏။ သို့သော် မောင်သုတ၏စိတ်ထဲ၌မူ တစ်လုတ်စားဖူးခဲ့သော ဦးအဂ္ဂ၏ ကျေးဇူးကိုကား မမေ့မပျောက်ဘဲ ယနေ့တိုင် စွဲမြဲစွာ အမှတ်ရလျက် ရှိနေလေ၏။

မောင်သုတ၏ အိမ်တွင်း၊အိမ်ပြင် အိမ်ခြံတွင်းတို့၌ လူတို့ဖြင့် စည်ကားသိုက်မြိုက်လျက်ရှိလေ၏။ ထိုနေ့သည် မောင်သုတ၏ အယုတ်အလတ် အမြတ်မရွေး အထူးခြားဆုံးသော အလှူကြီးတစ်ခုကြောင့် ဖြစ်ပေ၏။ မောင်သုတ၏အလှူ၌ အလွန်ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးလည်း ရောက်ရှိ၍လာလေ၏။

၄င်းပုဂ္ဂိုလ်မှာ လွန်စွာစုတ်ပြတ်သတ်သော ဝတ်စုံအနွမ်းကြီးကို ဝတ်ဆင်၍ ထားလေ၏။ လက်ထဲတွင်လည်း ခွက်တစ်ခုကို ကိုင်စွဲထားလေ၏။

မောင်သုတသည် ၄င်းပုဂ္ဂိုလ်ကြီးကို ကောင်းစွာမှတ်မိ၍နေလေ၏။ ထိုစဉ်မှာပင် အလှူမဏ္ဍပ်အတွင်း၌ ရုန်းရင်းဆန်ခတ်မှုတစ်ခု ဖြစ်ပေါ်လေ၏။ စုတ်ပြတ်စွာ ဝတ်ဆင်လျက် ခွက်တစ်ခုကို ကိုင်စွဲလာသော ထိုပုဂ္ဂိုလ်အား အရူးသူတောင်းစားဟု စွပ်စွဲပြောဆိုကာ မောင်သုတ၏ ကျေးကျွန်များက အတင်းအကျပ် မောင်းထုတ်နေသောကြောင့် ယခုကဲ့သို့ ရုန်းရင်းဆန်ခတ် ဖြစ်ပွားနေခြင်းဖြစ်လေ၏။

'ကျုပ် အရူးမဟုတ်ပါဘူးဗျာ။ သူတောင်းစားလည်း မဟုတ်ပါဘူးဗျာ။ တကယ်တော့ ကျုပ်ဟာ တစ်ချိန်က သူဌေးတစ်ယောက်ပါ။ မိန်းမပျက် တစ်ယောက်ကြောင့် ဘဝပျက်ခဲ့ရတဲ့ သူဌေးအဂ္ဂပါဗျာ'ဟု အသနားခံကာ ရင်ဖွင့်ပြောဆို တောင်းပန်၍နေလေ၏။

မောင်သုတသည် ရုတ်တရက် လူအုပ်ကြားမှ ထွက်လာပြီးလျှင် 'အရှင်သူဌေးမင်း ဦးအဂ္ဂ..ကျွန်ုပ်က တစ်ချိန်က အရှင့်ရဲ့ကျွန် မောင်သုတပါ။ အထဲကို ကြွပါ သူဌေးကြီး'ဟု ရိုသေလေးစားစွာ ဖိတ်ခေါ်၍ အိမ်တွင်းသို့ ခေါ်သွင်းလေ၏။ ပရိသတ်များ အံ့သြသွားသကဲ့သို့ ပို၍အံ့သြသွားသူက ယခင်သူဌေးဟောင်းကြီး ဦးအဂ္ဂပင် ဖြစ်ပေတော့၏။

'မင်း..မင်းက မောင်သုတ။ ဟုတ်ရဲ့လား'ဟု ဦးအဂ္ဂက အံ့သြဘနန်း စေ့စေ့ကြည့်လျက် မေးလေ၏။

'ဟုတ်ကဲ့ အရှင်၊ ကျွန်ုပ် မောင်သုတပါ။ အရှင့်ကို ကျွန်ုပ် ပြောခဲ့ဖူးသည့် စကားတို့ကို အရှင် မှတ်မိမည် မထင်တော့ပါ။ သို့တစေလည်း ကျွန်ုပ်သည် အတိတ်က စကားကိုပင် ယခု ပြန်၍ပြောပါမည်။ အရှင် အသစ်တစ်ဖန် နားဆင်ပါလော့'ဟုဆို၍ အတိတ်၌ကျန်ခဲ့သော မောင်သုတ၏စကားမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

ခတ်မသိ ဟတ္ထိ ယုန်ထင်တတ်သူတို့သည် ပညာနည်း၍ မစူးစမ်း မဆင်ခြင်တတ်သောသူများ ဖြစ်တတ်ကုန်၏။ ဥစ္စာခနေသည်ကား ရေပွက်နှင့် တူပေ၏။ ပညာသည်သာ တောင်မြင်းမိုရ်နှင့် တူပေ၏။ သစ္စာမဲ့သူတို့၏ စကားသည် အလိမ်အညာဖြစ်၏။ သစ္စာရှိသူတို့၏ စကားကား အမှန်တရားဖြစ်၏။ အရှင့်ကို ကျွန်ုပ် နောက်ဆုံး မှာခဲ့ပါမည်။ အလိမ်အညာတို့၏ အလယ်၌ အရှင့်၏ ဥစ္စာပစ္စည်းတို့ ပျက်သုဉ်းခန်းခြောက် ဆုံးပါးခဲ့သည်ရှိသော် တစ်လုတ်တစ်ဆုပ်မျှသာ စားဖူးခဲ့သော အရှင်၏ကျွန်ဖြစ်သည့် ကျွန်ုပ်သည် ဘယ်သောအခါမျှ ကျေးဇူးကို မေ့မည် မဟုတ်ချေ။ ကျေးဇူးပြန်ဆပ်ရန်အလို့ငှာ ကျွန်ုပ်သည် အရှင့်အတွက် အမြဲတံခါးဖွင့်လျက် ကြိုနေမည်သာ ဖြစ်သတည်းဟူ၍ ဖြစ်ပေတော့သတည်း။

ရှင်ရွှေအောင်

www.burmeseclassic.com

www.burmeseclassic.com



# မရည်မွန် (ကျူးပျော်)
# ဆန်းကြယ်သည့် ကံကြမ္မာ

ရန်ကုန်မြို့၊ မော်တင်ဆိပ်ကမ်းတစ်လျှောက်၌ တွံတေး၊ မအူပင်၊ အိမ်မဲ၊ ကျောင်းကုန်း၊ ဖျာပုံ၊ ဝါးခယ်မ၊ မော်ကျွန်း၊ ဓနုဖြူ၊ ဟင်္သာတ၊ ပုသိမ် စသည့်မြို့များသို့ ထွက်ခွာကြမည့် သင်္ဘောများမှာ ဆိပ်ခံနေရာ အသီးသီး၌ ရပ်တန့်ထားလျက်ရှိသည်။

ဆိပ်ခံဖောတံတားများပေါ်၌လည်း ခရီးသွားများ၊ ဈေးသည်များ၊ ကုန်ထမ်းသမားများမှာ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြသည်။ ထိုမြင်ကွင်းကို မြင်တွေ့နေရသော ဦးဘတင်အဖို့ တောသူတောင်သား ဖြစ်သည်နှင့်အညီ မျက်စိနောက်စရာချည်း ဖြစ်နေလေသည်။

ဦးဘတင်မှာ ရန်ကုန်မြို့ရှိ သမီးတို့အိမ်မှ တောသို့ပြန်ရန် ရန်ကုန်မြို့နှင့် ဟင်္သာတမြို့သွား ကြားသင်္ဘောပေါ်သို့ ရောက်ရှိနေခြင်း ဖြစ်သည်။ ထိုကြားသင်္ဘော (ပုဂ္ဂလိကသင်္ဘော)မှာ ညနေလေးနာရီ၌ ရန်ကုန်မြို့မှ စတင်ထွက်ခွာမည် ဖြစ်သည်။

'တူ..တူ..တူ..တူ'

ရန်ကုန်မြို့မှ ဟင်္သာတမြို့သို့ ထွက်ခွာမည့် ကြားသင်္ဘောကြီးဆီမှ ထွက်ခွာရန် အချက်ပေးဟွန်းဆွဲသံ ကြားလိုက်ရသည်။

'ဟဲ့..သမီး၊ နင့်သား ဘယ်ရောက်သွားလဲ။ သင်္ဘောထွက်တော့မယ်'

'ရှိပါတယ် အဖေရဲ့၊ သူ့အဖေနဲ့ သင်္ဘောအောက်ထပ်မှာ'

ဆိပ်ခံဖောတံတားပေါ်၌ ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသော လူများကို ဦးဘတင် ငေးကြည့်နေရင်းမှ သင်္ဘောဟွန်းဆွဲသံကြောင့် ရုတ်တရက် သတိရကာ သူ၏ မြေးကြီး မောင်ဘုန်းသုကို သမီးဖြစ်သူအား မေးလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်မှာပင် မောင်ဘုန်းသုတို့သားအဖ နေ

www.burmeseclassic.com



ရာသို့ ပြန်ရောက်လာသည်။ သဘော်ကြီးကလည်း ဆိပ်ခံဘောတံတားမှ စတင်ထွက်ခွာလေပြီ။

ဆိပ်ကမ်းမှ သဘော်ခွာသည်နှင့် မကြာမီ စင်ရော်ငှက်ကလေးများမှာ သဘော်နောက်သို့ ဝဲပျံ၍ လိုက်လာကြသည်။ စင်ရော်ငှက်ကလေးများ ဝဲပျံလိုက်လာသည်ကို သဘောကျသွားသော မောင်ဘုန်းသုမှာ သဘော်လက်ရန်းနားသွား၍ လက်တွင် ကိုင်ထားသည့် မုန့်များအား စင်ရော်ငှက်ကလေးများကို ပစ်ကျွေးကာ ပျော်ရွှင်နေလေသည်။

ထိုမြင်ကွင်းကို မြင်တွေ့လိုက်ရသော ဦးဘတင်မှာ ထိတ်လန့်စွာ–

'ဟဲ့··အမယ်လေး၊ မြေးကြီး လိမ့်ကျသွားပါဦးမယ်။ ဒီကိုလာ··လာ'

ဦးဘတင်က ပြောပြောဆိုဆို ဆယ်နှစ်သားအရွယ်ရှိ မောင်ဘုန်းသုအား စိတ်မချနိုင်စွာ သွား၍ ဆွဲခေါ်လာသည်။ သဘော်ကြီးမှာလည်း မြစ်ရေပြင်ကို ခွဲထွက်ပြေးလွှားလှုပ်ရှားနေသည်။ အချိန်နာရီတို့မှာလည်း ရွေ့လျားပြောင်းလဲလာပြီ ဖြစ်သည်။

ရေလွှာပြင်ကို ခွဲထွက်ခုတ်မောင်းလျက်ရှိသော သဘော်ကြီးသည် တွံတေးမြို့သို့ ရောက်ရှိ၍ ခေတ္တရပ်နားကာ ဆက်လက်ထွက်ခွာလာခဲ့သည်။ ညအမှောင်မှာလည်း တစ်စထက်တစ်စ စိုးမိုးလာသည်။ သဘော်ပေါ်ရှိ ခရီးသွားများ၏ စကားပြောဆိုကြ၊ ရယ်မောကြ၊ သဘော်ပေါ်ရှိ ထမင်းဆိုင်ကလေးသို့ ထမင်းသွားစားသူစားကြ၊ လော်



www.burmeseclassic.com

www.burmeseclassic.com

ဖက်ရည်သောက်သူ သောက်ကြ စသည်တို့မှာ ညဥ့်နက်လာသည်နှင့်အမျှ အသံများပျောက်ကာ လှုပ်ရှားမှုမှန်သမျှ ငြိမ်သက်၍ ငိုက်မျဉ်းနေကြပြီ ဖြစ်သည်။

ဦးဘတင်မှာ အိပ်မပျော်နိုင်။ မြေးဖြစ်သူ မောင်ဘုန်းသုအား စိတ်မချနိုင်အောင် ရှိနေသည်။ သမီးနှင့် သမက်ဖြစ်သူတို့မှာလည်း အိပ်ပျော်နေကြပြီဖြစ်သည်။ ဦးဘတင်မှာ မောင်ဘုန်းသုအား သူ၏နားတွင် ပေးသိပ်ထားသော်လည်း ရေလမ်းခရီးကို သွားရသောကြောင့် မြေးဖြစ်သူအား စိတ်မချနိုင်အောင် ဖြစ်နေရခြင်း ဖြစ်သည်။ ထို့ကြောင့် ဦးဘတင်မှာ ငုတ်တုတ်ထိုင်ရင်း ဟိုငေး သည်ငေးဖြင့် မိသားစုအကြောင်းများကို ပြန်လည်၍ စဉ်းစားနေမိတော့သည်။

ဦးဘတင်နှင့် ဒေါ်မြရင်တို့ ဇနီးမောင်နှံ၌ သမီးနှစ်ယောက် သားတစ်ယောက် ထွန်းကားခဲ့လေသည်။ ဦးဘတင်နှင့် ဒေါ်မြရင်တို့မှာ တောသူတောင်သားများပီပီ ဥယျာဉ်ခြံမြေစိုက်ပျိုးလျက် သားသမီးများကို ခေတ်ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည်။

သို့နှင့် သမီးလတ် မွှေးမွှေးနှင့် သားငယ် မောင်ဝင်းလှိုင်တို့မှာ ခေတ်ပညာတတ်များဖြစ်သွားပြီး မူလတန်းပြကျောင်းဆရာများဖြစ်ကာ တာဝန်ကျရာ ကျေးရွာများသို့ သွားကြရလေသည်။ သမီးကြီး ငွေငွေမှာ မိဘများနှင့်အတူ ဥယျာဉ်ခြံမြေ လုပ်ကိုင်နေရင်းမှ အိမ်ထောင်ကျပြီး မိဘများနှင့်အတူ နေထိုင်ခဲ့သည်။ သမီးကြီး ငွေငွေမှာ သားဦး မောင်ဘုန်းသုအား မိဘများအိမ်၌ပင် မွေးဖွားခဲ့သည်။ ငွေငွေ၏ သားဦးကလေးကို အဘိုး၊ အဘွားများဖြစ်ကြသော ဦးဘတင်နှင့် ဒေါ်မြရင်တို့က မြေးဦးကလေးမို့ အသည်းအူတုံမျှ ချစ်ကြသည်။

ငွေငွေတို့ ဇနီးမောင်နှံမှာ သားကြီး မောင်ဘုန်းသုလေးနှစ်သားအရွယ်၌ ရန်ကုန်မြို့တွင် အခြေချရန် ပြောင်းရွှေ့ခွင့်ကြုံလာသည်။ ထိုအခါ ဦးဘတင်နှင့် ဒေါ်မြရင်တို့မှာ မြေးဦးကလေး မောင်ဘုန်းသုအား မခွဲနိုင် မခွာရက်ဖြစ်ကာ တငိုငိုတမှိုင်မှိုင် ဖြစ်နေကြသောကြောင့် ငွေငွေတို့ ဇနီးမောင်နှံက မိဘများကိုငဲ့၍ သား မောင်ဘုန်းသုအား မိဘများနှင့်အတူ ထားရစ်ခဲ့ရလေသည်။

ဦးဘတင်နှင့် ဒေါ်မြရင်တို့သည် သားသမီးတို့မှာ အလုပ်ကိုယ်စီနှင့် မိမိတို့အပါးမှ ထွက်ခွာကြပြီဖြစ်၍ မြေးကြီး မောင်ဘုန်းသုကိုသာ အချစ်တွေပုံ၍ ပြုစုစောင့်ရှောက်ကြတော့သည်။ မောင်ဘုန်းသုမှာလည်း အရွယ်နှင့်မမျှအောင် လိမ္မာရေးခြားရှိသဖြင့် လူချစ်လူခင် ပေါလှသည်။

မောင်ဘုန်းသု ငါးနှစ်သားအရွယ် ရောက်သောအခါ ရွာရှိ အလယ်တန်းကျောင်း၌ မောင်ဘုန်းသုကို စတင်၍ ကျောင်းထားလိုက်သည်။ အဘွားဖြစ်သူ ဒေါ်မြရင်မှာ မြေးကြီး မောင်ဘုန်းသုအား ကျောင်းကြိုကျောင်းပို့အလုပ်အပြင် ဥယျာဉ်ခြံမြေမှထွက်ရှိသော အသီးအရွက်များကို ရွာရှိ ဈေးကလေး၌ ရောင်းချရခြင်း၊ အိမ်မှုဝေယျာဝစ္စများကိုလည်း လုပ်ကိုင်ရသည်မို့ မအားလပ်သော်လည်း ပင်ပန်းရမှန်းမသိ မြေးကြီးရှေ့ရေးကို ကြိုတွေးကာ ပျော်မဆုံးဖြစ်နေတော့သည်။

မောင်ဘုန်းသု၏ မိဘတို့မှာလည်း နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း တောသို့ပြန်လာကာ သူတို့၏သားအား ရန်ကုန်မြို့ကို ခေါ်သွားလေ့ရှိသည်။ ထိုသို့ခေါ်သွားတိုင်းလည်း ဆယ့်ငါးရက်ခန့် ကြာသည်နှင့် အဘိုးဖြစ်သူ ဦးဘတင်မှာ ရန်ကုန်မြို့ကို လိုက်သွား၍ မြေးကြီး မောင်ဘုန်းသုကို ပြန်ခေါ်လေ့ရှိသည်။

ထိုသို့ဖြင့် မောင်ဘုန်းသုမှာ ပဉ္စမတန်းကျောင်းသားကလေးဖြစ်၍ အသက်ဆယ်နှစ်သို့ ရောက်လာပြီး ဖြစ်သည်။

တစ်နေ့ ဦးဘတင်မှ ဒေါ်မြရင်အား-

'မြရင်ရေ..ဒီနှစ် နွေရာသီကျောင်းပိတ်ရက်ရောက်ရင် တို့ရွာမှာ စုပေါင်းရဟန်းခံရှင်ပြုပွဲ လုပ်မယ်လို့ ကြေညာသံကြားတယ်ကွ'

'ဟုတ်တယ် ကိုဘတင်၊ ကျုပ်လည်း ကြားတယ်'

'အေး..အဲဒါကြောင့် ငါတို့မြေး မောင်ဘုန်းသုကို ငါတို့ ချွေးနဲ့စာလေးနဲ့ထည့်ပြီး ရှင်ပြုရအောင်'

'ကျုပ်လည်း အဲဒါပဲ ရှင့်ကိုပြောမလို့၊ ကောင်းတယ် ကိုဘတင်'

ဦးဘတင်နှင့် ဒေါ်မြရင်တို့ ဇနီးမောင်နှံတို့သည် မြေး ဖြစ်သူ မောင်ဘုန်းသု ရှင်ပြုနိုင်ရေးအတွက် တိုင်ပင်ကြ နောက် ဦးဘတင်မှာ ဥယျာဉ်ကို ပို၍ဂရုစိုက် လုပ် လေသည်။ ဒေါ်မြရင်မှာလည်း ဥယျာဉ်ခြံမှထွက် အသီးအနှံများကို အလေအလွင့်မရှိရအောင် ရောင်း

www.burmeseclassic.com

www.burmeseclassic.com

ငွေစုနေသည်။ စုပေါင်းရဟန်းခံရှင်ပြု အချိန်မှာလည်း တစ်စထက်တစ်စ နီးလာပြီ ဖြစ်သည်။

နံနက်စောစော ဦးဘတင် ဥယျာဉ်ခြံထဲဆင်းရန် ဒေါ်မြရင်မှ ရေနွေးအိုးတည်၍ အဆာပြေစားရန် စီစဉ်နေလေသည်။

'အမေရေ··အမေ'

'ဟဲ့··ဘယ်သူလဲ'

'သမီးပါ အမေရဲ့။ အခုမှ ကားပေါ်က ဆင်းလာတာ။ တံခါးဖွင့်ပါဦး အမေ'

ထိုစဉ် ဦးဘတင်မှ အိမ်နောက်၌ မျက်နှာသစ်ပြီး၍ အိမ်ရှေ့သို့ ပြန်ထွက်လာစဉ် ကြားရသောအသံများကြောင့် အိမ်ရှေ့တံခါးကို သွားရောက်ဖွင့်ပေးလိုက်သောအခါ-

'ဟင်··သမီးကြီးပါလား'

ငွေငွေမှာ အိမ်ထဲကို လှမ်းဝင်၍ အထုပ်အပိုးများကို ချကာ-

'ဟုတ်ပါတယ် အမေ၊ အဖေတို့၊အမေတို့ နေကောင်းကြတယ် မဟုတ်လား'

'ကောင်းပါတယ် သမီးကြီး။ သမီးကြီးတစ်ယောက်တည်းလား'

ဟုတ်ပါသည်။ ခါတိုင်းနှစ်များ၌ ငွေငွေတို့ ဇနီးမောင်နှံမှာ မောင်ဘုန်းသု စာမေးပွဲဖြေဆိုပြီးချိန်မှသာလျှင် ရောက်လာမြဲဖြစ်သည်။ ယခုနှစ် မောင်ဘုန်းသု အတန်းတင်စာမေးပွဲဖြေဆိုရန် ရက်အနည်းငယ် လိုနေသေးသောကြောင့် ဦးဘတင်မှ မေးလိုက်ခြင်းဖြစ်သည်။

'ဟုတ်တယ် အဖေ၊ သမီးလည်း ဒီမှာကြာကြာနေရအောင် စောစောကြိုလာတာပါ။ သား စာမေးပွဲပြီးတာနဲ့ ရန်ကုန်ကို ပြန်မယ်လေ။ သူ့အဖေကလည်း အလုပ်မအားတာနဲ့ လိုက်မလာနိုင်ဘူး'

ငွေငွေစကားကြောင့် ဦးဘတင်နှင့် ဒေါ်မြရင်တို့မှာ မျက်နှာကွက်ခနဲ ပျက်သွားကြသည်။

ဦးဘတင်မှာ ပျက်သွားသော မျက်နှာကို ပြင်လိုက်ရင်းဖြင့်-

'သမီးကြီး··ဒီနှစ် တို့ရွာက စုပေါင်းရဟန်းခံရှင်ပြုပွဲမှာ အမေတို့ မြေးကြီးကို ရှင်ထည့်ပြုဖို့ စာရင်းပေးထားတယ်။ အားလုံးလည်း စီစဉ်ပြီးပြီ။ သမီးကြီး ဒီနှစ် မြေးကြီးကို ခေါ်မသွားနဲ့တော့နော်'

'အဖေတို့ စုပေါင်းရဟန်းခံရှင်ပြုက သားတို့ စာမေးပွဲပြီးတာနဲ့ လုပ်မှာလား'

'စုပေါင်းရဟန်းခံရှင်ပြုက မြေးကြီးတို့ စာမေးပွဲအပြီး ဆယ့်ငါးရက်လောက် ကြာမှပါ သမီးကြီး'

'အဲဒါဆိုရင်လည်း အဖေရယ်--သား ဘုန်းသုရဲ့အဖေက သား ဘုန်းသုကို အရမ်းတွေ့ချင်နေတယ်။ စာမေးပွဲပြီးတာနဲ့ သမီးသားကို ခေါ်ပြီး ရန်ကုန်ကို ပြန်မယ်။ ဒီက အလှူကိုလည်း သမီးတို့ ဒါနအမှုလေးပါရအောင် သမီးတို့မိသားစုအားလုံး အလှူအမီ ပြန်လာကြမယ်အဖေ'

'အင်းလေ၊ သမီးကြီး··မြေးကြီးကို ခေါ်သွားချင်တယ်ဆိုတော့ အဖေတို့ ဘာမှမပြောလိုတော့ပါဘူး။ ဒါပေမဲ့ အလှူရက်မတိုင်ခင် သုံး,လေးရက်ကြိုပြီး ပြန်လာနော်။ ကလေးကိုလည်း ဂရုစိုက်ပါ'

ဖခင်နှင့် သမီးဖြစ်သူတို့ အပြန်အလှန် ပြောဆိုနေကြသော စကားများကို ဒေါ်မြရင်မှ ဘာမျှဝင်မပြောဘဲ မျက်လုံးလေး ကလယ်ကလယ်နှင့်ကြည့်ကာ နားထောင်နေရှာသည်။

ထို့သို့ဖြင့် သမီးကြီးငွေငွေက မောင်ဘုန်းသု အတန်းတင်စာမေးပွဲဖြေဆိုပြီးသည့် နောက်တစ်နေ့မှာပင် ရန်ကုန်မြို့သို့ မောင်ဘုန်းသုအား ခေါ်ဆောင်သွားလေသည်။ ဦးဘတင်တို့ရွာမှာ ရန်ကုန်မြို့ကို သွားလိုလျှင် ဟင်္သာတမြို့နှင့် ဓနုဖြူမြို့၊ (သို့မဟုတ်) ရှားခဲနှင့် ဓနုဖြူ (သို့မဟုတ်) အထောင်နှင့် ဓနုဖြူသို့ ပြေးဆွဲသောကားများကို စီးရသည်။ ဓနုဖြူမြို့သို့ ရောက်သည့်အခါ ဟင်္သာတမြို့မှ ရန်ကုန်မြို့သို့ ခုတ်မောင်းသော သင်္ဘောကို စောင့်စီးကြ





www.burmeseclassic.com

www.burmeseclassic.com

ရလေသည်။

ဒေါ်မြရင်မှာ ကားပေါ် တက်ခါနီး မိမိအား ဖက်နမ်း၍ လက်ပြနှုတ်ဆက်သွားသော မြေးကြီး မောင်ဘုန်းသုကို ကြည့်၍ ဝမ်းနည်းကာ မျက်ရည်များ ကျလာသည်။ ရင်ထဲ၌လည်း အမည်မသိသော ဝေဒနာတစ်ရပ်ကို နာကျင်စွာ ခံစားလိုက်ရသည်။

ကားထွက်သွားရာနောက်သို့ လှမ်းမျှော်ကြည့်နေရင်းမှ ခင်ပွန်းဖြစ်သူဦးဘတင်အား–

'ကိုဘတင်ရယ်..ဒီနှစ် မြေးကြီး သူ့အမေနောက်ကို လိုက်သွားတာ ကျုပ်ရင်ထဲမှာ ဘယ်လိုဖြစ်မှန်း မသိဘူး။ တစ်မျိုးကြီး ခံစားနေရတယ်'

'မြရင်ရယ်..မင်း စိတ်ထင်လို့ပါ'

ပြောမယ့်သာ ပြောရသည်၊ ဦးဘတင်၏ စိတ်ထဲ၌လည်း မတင်မကျ ခံစားနေရသည်ကတော့ အမှန်ပင်။

ဦးဘတင်နှင့် ဒေါ်မြရင်တို့ ဇနီးမောင်နှံနှစ်ဦးမှာ မြေးကြီး မောင်ဘုန်းသုအား လွမ်းသည့်စိတ်ကြောင့် နေ့စဉ်ရက်စက် အိပ်မပျော်နိုင် ဖြစ်နေကြရသည်။ ရက်ကြာလာသည်နှင့် မြေးကြီး မောင်ဘုန်းသု တစ်နေ့ ပြန်လာနိုးဖြင့် စောင့်မျှော်နေရသည်မှာလည်း စိတ်ပင်ပန်းလှပြီ ဖြစ်သည်။

စုပေါင်းရဟန်းခံရှင်ပြု အလှူရက်မှာလည်း တစ်စတစ်စ နီးကပ်လာပြီဖြစ်သည်။ သမီးကြီး ဌေးဌေးနှင့် မြေးကြီး မောင်ဘုန်းသုတို့ မိသားစုမှာ ပြန်ရောက်မလာသေးချေ။ ဦးဘတင်နှင့် ဒေါ်မြရင်က ပို၍စိတ်ပူလာကြသည်။

'ကိုဘတင်..အလှူရက်က ငါးရက်တည်း လိုတော့တယ်။ မြေးကြီးကို သင်္ကန်းတောင်းသင်ပေးဖို့ ဆရာတော်ဆီ ပို့ပေးရမှာ။ တခြားကလေးတွေတောင် ဆရာတော်ဆီမှာ သင်္ကန်းတောင်း သင်နေကြပြီ။ ဌေးဌေးတို့ကလည်း အသေအချာ မှာလိုက်လျက်သားနဲ့ ဘယ်လိုဖြစ်နေကြလဲ မသိဘူး'

အလွန်အေးဆေးသော ဇနီးသည် ဒေါ်မြရင်၏ စိတ်ပူစွာပြောနေသော စကားကြောင့် ဦးဘတင်မှာ မြေးကြီး မောင်ဘုန်းသုကို စိတ်မချဖြစ်လာကာ ချက်ချင်းပင် ရန်ကုန်မြို့ကို ထသွားဖြစ်ခဲ့သည်။

နေ့ပူလို့ညချမ်း တပေါင်းလဆန်း ဆိုသောစကားနှင့်အညီ တပေါင်းလဆန်းရက်၏ လေနုအေးမှာ မြစ်ပြင်မှ ပြန့်ကျဲတိုက်ခတ်လို့လာသည်။ ထိုလေနုအေး၏ အရှိန်ကြောင့် ဦးဘတင်တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်ကာ အတွေးစရပ်သွားသည်။ ထိုအချိန်တွင် ခနော်ဖြူမြို့၏ လျှပ်စစ်မီးရောင်ကို သင်္ဘောပေါ်မှ လှမ်းမြင်နေရပြီဖြစ်သည်။ ခနော်ဖြူမြို့၌ ဆင်းကြမည့် ခရီးသွားများမှာ လှုပ်လှုပ်ရွရွဖြစ်ကာ အထုပ်အပိုးပစ္စည်းများကို သိမ်းဆည်းနေကြသည်။

ဦးဘတင်က သမီးကြီး ဌေးဌေး၊ သမက်နှင့် မြေးကြီး မောင်ဘုန်းသုအား နှိုးလိုက်ချိန်မှာ ညဉ့်(၂)နာရီရှိပြီဖြစ်သည်။

'ဟသ်ာတကို..ဟသ်ာတကို'

'ရှားခဲကို..ရှားခဲကို'

'အထောင်ကို..အထောင်ကို'

ခနော်ဖြူသင်္ဘောဆိပ်ကမ်း၌ ကားဆရာများက ခရီးသည်များအား အလုအယက် အော်ခေါ်နေကြသည်။

ဦးဘတင်က မြေးကြီး မောင်ဘုန်းသု၏ လက်ကိုဆွဲကာ အထောင်မြို့သွား ကားပေါ်တက်၍ ကားဦးခန်း၌ထိုင်လိုက်သည်။ မောင်ဘုန်းသု၏ မိဘများမှာ ကားနောက်ပိုင်း၌ ထိုင်ကြလေသည်။

'ဘိုးဘိုး..သားတို့ရွာ ပြန်ရောက်တော့မယ်နော်'

'ဒါပေါ့ မြေးကြီးရဲ့။ ဘိုးဘိုးတို့ရွာကို ပြန်ရောက်တော့မယ်လေ'

'အခုလောက်ဆို ဘွားဘွား မျှော်နေပြီပေါ့နော် ဘိုးဘိုး'

'ဟုတ်တယ် မြေးကြီး၊ ဘွားဘွားက မြေးကြီးကို မျှော်နေပြီ။ မြေးကြီး ပြန်လာတာတွေ့ရင် အရမ်းဝမ်းသာသွားမှာ'

မြေးအဘိုးနှစ်ယောက် ကားခေါင်းခန်း၌ထိုင်၍ အပြန်အလှန် စကားပြောနေကြစဉ်မှာပင် ကားမှာ ခရီးသည်များပြည့်လာသဖြင့် ခနော်ဖြူမြို့မှ စတင်ထွက်ခွာခဲ့လေပြီ ဖြစ်သည်။ ကားမောင်းနေသော အရှိန်ကြောင့် လေက တဟူးဟူး တိုးဝင်နေသည်။ ဦးဘတင်မှာ လေတဟူးဟူး တိုးဝင်လာသောကြောင့် အေးစိမ့်လာကာ သူ့ဦးခေါင်းကို တဘက်ဖြင့် ပတ်လိုက်သည်။ မြေးကြီး မောင်ဘုန်းသုအားလည်း စောင်ဖြင့်ပတ်ပေးကာ သူ၏ရင်ခွင်ထဲ၌ ဖက်ထားလိုက်သည်။

ခနော်ဖြူ–အထောင်သွား ကားမှာ ည(၂)နာရီခွဲအချိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် ကားလမ်းရှင်းနေသဖြင့် ကားမီးကို ထိုးကာ အရှိန်နှင့် မောင်းနှင်လျက်ရှိသည်။ ကျုံတနီးကျေးရွာရောက်ပြီးသောအခါ၌ ဦးဘတင်မှာ တစ်ညလုံး တစ်မှေးမှ မမှေးခဲ့ရသောကြောင့် မှေးခနဲ အိပ်ပျော်သွားသည်။ မည်မျှအိပ်ပျော်သွားသည်မသိ၊ ဦးဘတင်ကိုယ် ယိုင်လဲမလို ဖြစ်သွားသဖြင့် ဖျတ်ခနဲ လန့်နိုးလာသည်။ ဦးဘတင် ကားလမ်း ဘေးတစ်ဖက်တစ်ချက်သို့ အကဲခတ် ကြည့်လိုက်သည်။ ကျုံပျော်ဘက်နှင့် ဟင်္သာတဘက်သွား ဆင်နှစ်ကောင်ရွာ တာစုလမ်းခွဲ၌ ကားကွေ့လိုက်မှန်း သဘောပေါက်မိတော့သည်။

'ဟင်..မြေးကြီးရော'

ဦးဘတင် အထိတ်တလန့် ဖြစ်သွားသည်။ ဘေးဘီဝဲယာ လှည့်ကြည့်သည် မတွေ့။

'သမီးကြီးဌွေးဌွေး..နင်တို့ဆီမှာ မြေးကြီးရှိလား'

ဦးဘတင် ကားနောက်ခန်းတွင် စီးလာကြသော သမီးနှင့် သမက်ထံ လှမ်းမေးလိုက်သည်။

'မရှိပါဘူး အဖေ၊ အဖေနဲ့အတူ ရှိတာပဲ'

'အေး..ဟုတ်တယ်လေ။ ငါ့ရင်ခွင်ထဲမှာ ထည့်ထားတာပဲ။ ကားပေါ်မှာ ရှာကြည့်ကြပါဦး။ မြေးကြီးရေ..မြေးကြီး မောင်ဘုန်းသု'

ဦးဘတင်မှာ သမီးဖြစ်သူအား လှမ်းပြောရင်းမှ မြေးဖြစ်သူကို ငိုသံပါဖြင့် အော်ခေါ်လိုက်သည်။ ထိုကားပေါ်တွင် စီးနင်းလိုက်ပါလာကြသူ ခရီးသည်ပေါင်း အယောက်နှစ်ဆယ်ကျော် သုံးဆယ်တို့မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ မိမိတို့ အနီးအပါး၌ ရှာဖွေကြည့်သော်လည်း မတွေ့ရ။ ကားဆရာများက ကားနောက်ခန်းကို မီးဖွင့်ပေးထားသဖြင့် ရှင်းရှင်းလင်းလင်း မြင်နေရသည်။

'လုပ်ကြပါဦးဗျာ။ ကျုပ်မြေးကြီး ဘယ်မှာကျန်ခဲ့လဲ မသိဘူး'

ဦးဘတင်မှ ငိုသံပါနှင့် ပြောလိုက်သကဲ့သို့ မောင်ဘုန်းသု၏ မိခင်၊ ဖခင်တို့မှာလည်း မျက်စိပျက် မျက်နှာပျက် ဖြစ်လျက်ရှိသည်။

'နေပါဦး၊ ကလေးက ဘယ်အရွယ်မို့လဲ'

'ဆယ်နှစ်သားပါဗျာ။ သူ့ကို စောင်နဲ့ပတ်ပြီး ကျုပ်ရင်ခွင်ထဲမှာ ထည့်ထားတာပါ။ ကားပေါ်က ထွက်ကျရအောင်ကလည်း အပေါက်ကြီးကြီးမားမားရှိတာမှ မဟုတ်တာ။ ကျုပ်လည်း ကျုံတနီးကျော်မှ အိပ်ပျော်သွားတာပါ'

'ဟုတ်တယ်။ သူ့ပွေ့ထားတာ ကျွန်တော်တွေ့တယ်။ ကလေးက တော်တော်ကြီးနေပါပြီ'

ကားဒရိုင်ဘာက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

ထိုသောအခါမှ ကားစပယ်ယာမှ-

'ကျွန်တော် သတိရပြီ။ မန်းစက္ကူရွာအလွန် တောတန်းမှာ ဘုတ်ဆိုတဲ့အသံ ကြားလိုက်လို့ ဘာများကျသွားသလဲဆိုပြီး ကျွန်တော် လိုက်ကြည့်သေးတယ်။ ဘာမှမတွေ့ရတာနဲ့ ကျွန်တော်လည်း ကားကို မရပ်ခိုင်းတာပါ'

'နောင်ကြီးတို့ရယ်..လုပ်ကြပါဦး။ ကျွန်တော့်သားကို နောက်ကြောင်းလှည့်ပြန်ရှာပေးပါဗျာ။ ကားခကျသင့်သလောက် ပိုက်ဆံကိုလည်း ကျွန်တော်ထပ်ပေးပါ့မယ်။ ကူညီပါဗျာ'

အဘိုးဖြစ်သူ ဦးဘတင်နှင့် မိခင်ဌွေးဌွေးတို့မှာ မျက်ရည်လည်ရွဲနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြစဉ် မောင်ဘုန်းသု၏ ဖခင်မှ ကားဆရာများကို တောင်းပန်လိုက်သည်။ ထိုအချိန်၌ နံနက်(၄)နာရီခွဲနေပြီဖြစ်သည်။

ကားဆရာများမှာ မောင်ဘုန်းသု၏ဖခင်မှ တောင်းပန်သောစကားကြောင့် ကားအား နောက်ကြောင်းသို့ ပြန်လှည့်၍ ကားလမ်းပေါ်သို့ ကားမီးရောင်ဖြင့်ထိုးကာ ဖြည်းဖြည်းမှန်မှန် မောင်းလာသည်။ ကားပေါ်ရှိ ခရီးသည်အားလုံးမှလည်း ကားလမ်းပေါ်သို့ ဝိုင်းကြည့်ပေးလာကြသည်။

ကား မိနစ်နှစ်ဆယ်ခန့် မောင်းမိသောအခါ၌-

'ဟာ..ဟိုမှာ မိန်းမနှစ်ယောက်နဲ့ ယောက်ျားကြီး တစ်ယောက် ရပ်နေကြတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်··ဟုတ်တယ်။ ဟယ်··ကလေးက ငုတ်တုတ်ထိုင်လျက်ပါလား'

ကား၏မီးလုံးရောင်ကြောင့် ခပ်လှမ်းလှမ်းမှပင် ကားလမ်းပေါ်၌ ကလေးကို အထင်သား မြင်တွေ့ကြရသည်။ ကားပေါ်ရှိ ခရီးသည်များမှ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

ကားက ကလေးနား မရောက်မီမှာပင် တွေ့မြင်နေရသော မိန်းမနှစ်ယောက်နှင့် ယောက်ျားကြီးမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေသည်။ ကားကို ထိုးရပ်လိုက်သည်နှင့် မောင်ဘုန်းသု၏ဖခင်မှ ငုတ်တုတ်ထိုင်၍ အိပ်ပျော်နေသကဲ့သို့ရှိသော မောင်ဘုန်းသုအား ပြေးပွေ့လိုက်ချိန်တွင် ဦးဘတင်နှင့် ဒွေးဒွေးအပါအဝင် ကားပေါ်မှ ခရီးသည်များအားလုံး အနားသို့ ရောက်လာကြသည်။

ဦးဘတင်မှ သမက်ဖြစ်သူဆီမှ မောင်ဘုန်းသုအား လှမ်းယူထွေးပွေ့လိုက်စဉ်မှာပင် မောင်ဘုန်းသု၏ ဦးခေါင်းက တစ်ဖက်သို့ စောင်းကျသွားသည်။ မောင်ဘုန်းသုမှာ အိပ်ပျော်နေသည်ဟု ထင်ရသော်လည်း အသက်ဝိညာဉ် မရှိတော့ကြောင်းကို ဦးဘတင် သိလိုက်ပြီ ဖြစ်သည်။

ဦးဘတင်မှာ မြေးကြီး မောင်ဘုန်းသု၏ ရုပ်အလောင်းကို အသေအချာ ကြည့်လိုက်ရင်း-

'ဖြစ်မှဖြစ်ရလေ မြေးကြီးရယ်။ ဘိုးဘိုး ပေါ့လျော့လို့ မြေးကြီး ဒီလိုဖြစ်ရတာ။ ဘိုးဘိုး အပြစ်ပါ'

ဦးဘတင် ယူကျုံးမရစွာဖြင့် တတွတ်တွတ်ပြောရင်း မျက်ရည်များ တွေတွေကျလျက်ရှိသည်။

မောင်ဘုန်းသု၏ ဖခင်နှင့် မိခင်တို့မှ ဖခင်ဖြစ်သူ



မျက်ရည်များ တွေတွေကျလျက်ရှိသည်ကို မြင်တွေ့ကြရသောအခါ-

'အဖေ··သား ဘာဖြစ်လို့လဲ။ သမီးတို့ကို ပြောပါဦး'

ပြောပြောဆိုဆို ကလေးအား မိခင်၊ ဖခင်နှစ်ဦးမှ ကြည့်လိုက်သောအခါ အခြေအနေမှန်ကို သဘောပေါက်သွားကြလေသည်။

'အမယ်လေး သားရယ်၊ အမေ ဘယ်လိုဖြေရပါ့မလဲ။ သား ဒီလိုဖြစ်မယ်မှန်းမသိလို့ သားကို အမေ ရန်ကုန်ခေါ်သွားမိတာပါ။ အမေ့အပြစ်ပါ။ အမေ့အပြစ်ပါ သား'

မောင်ဘုန်းသု၏မိခင် ဒွေးဒွေးမှ သားဖြစ်အင်ကို ကြည့်ကာ ရှိုက်ကြီးတငင် ငိုကြွေးကာ တတွတ်တွတ် ပြောရင်း တက်သွားသဖြင့်-

'ဟဲ့··ဟဲ့ ကလေးအမေကို ဝိုင်းပြီး နှိပ်နယ်ပေးကြဦး။ လုပ်ကြပါဦး'

ဝိုင်းကြည့်နေကြသော ခရီးသည်များမှာ ဝိုင်းဝန်း၍ တတ်သလောက် နှိပ်နယ်ပေးကြသောအခါ မောင်ဘုန်းသု၏ မိခင်မှ ပြန်လည်သတိရလာကာ-

'မယုံနိုင်ဘူး၊ အမေ မယုံနိုင်ဘူး။ သားကိုယ်က ပူပူနွေးနွေးပဲ ရှိသေးတယ်။ ကို··လုပ်ပါဦး။ သားကို ကယ်ပါဦး'

မောင်ဘုန်းသုမိခင်မှာ ခင်ပွန်းဖြစ်သူ၏ လက်ကိုဆွဲကာ ပြောလည်းပြော ဆက်၍ငိုကြွေးနေပြန်သဖြင့် မောင်ဘုန်းသု၏ ဖခင်ဖြစ်သူမှာလည်း ဇနီးသည်အား ဖေး နေရင်း အံကိုကြိတ်လျက် မျက်ရည်များ တွေတွေကျ အသံတိတ် ငိုကြွေးနေလေသည်။ သူတို့မိသားစု၏ ဖြစ်အင်ကို ကြည့်ကာ ခရီးသည်အားလုံး စိတ်ထိခိုက်ကြလေသည်။

ထိုစဉ် ကားဆရာက-

'ခရီးသည်အားလုံးကို မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ရှေ့ကို ခရီးဆက်ကြရဦးမယ်လေ။ ခရီးသည်အားလုံး ကားပေါ် ပြန်တက်ကြပါဗျာ'

ကားဆရာများ၏ သတိပေး ပြောစကားသံကြောင့် ဦးဘတင်မှ မောင်ဘုန်းသု၏ ရုပ်အလောင်းကိုပွေ့၍



www.burmeseclassic.com

www.burmeseclassic.com

ပေါ် ပြန်တက်လိုက်သကဲ့သို့ မောင်ဘုန်းသု၏မိခင်၊ ဖခင်နှင့် ခရီးသည်အားလုံး ကားပေါ်ပြန်တက်လိုက်ကြသည်။ ကားမှာ ရှေ့သို့ခရီးဆက်ရန် ပြန်လှည့်လိုက်သည်။

'ကလေးနားမှာ မိန်းမနှစ်ယောက်နဲ့ ယောကျာ်းကြီး တစ်ယောက်ကို တွေ့လိုက်တယ်'

'ဟုတ်တယ်။ မိန်းမနှစ်ယောက်က ခပ်ငယ်ငယ်ရယ်။ အများဆုံးရှိလှမှ အသက်နှစ်ဆယ်ကျော်လောက်ပဲ ရှိဦးမယ်။ ဆံပင်အရှည်ကြီးတွေ ဖြန့်ချထားတော့ ဆံပင်တွေ ကွယ်နေတာနဲ့ မျက်နှာတွေကို သဲသဲကွဲကွဲ မမြင်ရဘူး'

'ဟုတ်တယ်။ အဘိုးကြီးကလည်း တဘက်ကြီးကို ခေါင်းပေါင်းထားတယ်'

'ကားက ကလေးနားကို ရောက်ခါနီးမှ သူတို့က ပျောက်သွားတယ်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲ'

'အဲဒီတောတန်းက အရမ်းနာမည်ကြီးတယ်။ တော်ရုံတန်ရုံလူ ညဘက်ကို အဲဒီတောတန်းကို မဖြတ်ရဲဘူးလို့ ကြားဖူးတယ်။ ကလေး ကားပေါ်က ကျလောက်တဲ့ အပေါက်ကြီးကြီးမားမား မရှိပါဘူး'

ကားပေါ်တွင် ခရီးသည်များ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ ဟုတ်ပါသည်၊ နေပြည်တော်မြို့နှင့် အထောင်သို့ ပြေးဆွဲသော ဘတ်(စ်)ကားမှာ အိမ်ရှည်ဖြစ်၍ ကားဘော်ဒီ၌ သုံးတစ်ခွဲသစ်သားပြားများကို ကားခေါင်းမှ ကားနောက်မြီးအထိ အကာအရံရိုက်ထားသည်။ ပျဉ်တစ်ချပ်နှင့်တစ်ချပ် အထက်အောက် အကွာအဝေးမှာလည်း တစ်ထွာခန့်မျှသာ ရှိသည်။

ဦးဘတင် သူ၏ ထိုင်ခုံဘေးအောက်ဘက်ရှိအပေါက်ကို သေချာစွာငုံ့ကြည့်မိသည်။ ထိုအပေါက်မှာ ဒရိုင်ဘာနှင့် မိမိထိုင်သည့်ခုံ အကြားက စတီယာတိုင်၏ဘေး၌ ကပ်လျက်ရှိသည့် ကိုးလက်မနီးပါးခန့် ကျယ်ဝန်းသော အပေါက်တစ်ခုသာလျှင် ဖြစ်သည်။

ထိုအပေါက်ကလေးမှ ဆယ်နှစ်သားအရွယ်ကလေး တစ်ယောက် ထွက်ကျရန် မဖြစ်နိုင်ချေ။ သည်သို့ဆိုလျှင် အဘယ်သို့နည်း။ ဦးဘတင် စဉ်းစားမိသည်။ မြေးကြီး မောင်ဘုန်းသုကို ရှာဖွေရန် သွားခဲ့စဉ်က ကားမီးရောင်ကြောင့် သူကိုယ်တိုင် မြင်တွေ့ခဲ့ရသော မြင်ကွင်းက သူ၏ မျက်ဝန်းထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်လာသည်။ မြေးကြီး မောင်ဘုန်းသု ကျကျန်ခဲ့သည့်နေရာ၌ မြေးကြီး မောင်ဘုန်းသု၏ အနီးတွင် မိန်းမပျိုနှစ်ဦးနှင့် ယောကျာ်းကြီးတစ်ဦး ရပ်နေသည်ကို သူ့မျက်စိဖြင့် အထင်အရှား မြင်တွေ့လိုက်ရသည်။ ထိုမိန်းမပျိုနှစ်ဦးနှင့် ယောကျာ်းကြီး တစ်ဦးမှာ မိမိတို့ မြေးကြီးထံသို့ အပြေးသွားကြစဉ်၌ပင် လုံးဝပျောက်ကွယ်သွားသည်။ ထိုသူတို့နှင့် မြေးကြီး မောင်ဘုန်းသုမှာ မည်ကဲ့သို့ ပတ်သက်ခဲ့ဖူးကြသနည်း။

မောင်ဘုန်းသုဟူ၍ မိမိမြေးဖြစ်ခဲ့ရသည့် ကာလတစ်လျှောက် မိမိ၏ အမျိုးအဆွေ အသိအကျွမ်းထဲ၌ ယခုမြေးကြီးမောင်ဘုန်းသုဘေးတွင် ရှိနေကြသော ရုပ်ဆင်းအင်္ဂါတူများကို မသိမကျွမ်းခဲ့ဖူးချေ။ သို့ဆိုလျှင် ထိုသူတို့သည် မြေးကြီး မောင်ဘုန်းသုနှင့် ဘဝ၊ဘဝများစွာက ရင်းနှီးကျွမ်းဝင်ခဲ့ဖူးကြသူများ ဖြစ်ကြလေမလားဟု ဦးဘတင် တွေးမိပြန်သည်။

မည်သို့ဖြစ်စေ မြေးကြီး မောင်ဘုန်းသုတစ်ယောက် ဘဝဟောင်းက အမျိုးအဆွေများ ခေါ်ရာသို့ ပါသွားရခြင်း ဖြစ်သည်ကို စဉ်းစားမိကာ-

'ဖြစ်ရလေ မြေးကြီးရယ်၊ မြေးကြီးရဲ့ ဘွားဘွားကို ဘိုးဘိုး ဘယ်လိုပြောရပါ့မလဲ။ ရွာဦးကျောင်း ဆရာတော်ကိုလည်း ဘယ်လိုလျှောက်ရပါ့မလဲ။ မနက်ဖြန်ဆိုရင် ရှင်လောင်းတွေ လှည့်ကြတော့မယ်။ ဘိုးဘိုးတို့ ဘယ်လိုဖြေရပါ့မလဲ မြေးကြီးရယ်'

ဦးဘတင် မြေးကြီး၏ ရုပ်အလောင်းကို ကြည့်ကာ နဖူးပြင်ကို အသာရှုရှုလေး ငုံ့နမ်းရင်းမှ တိုးညင်းစွာ ငိုကြွေးမြည်တမ်းလိုက်သည်ကို အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သော မောင်ဘုန်းသုတစ်ယောက် သိမြင်ကြားနိုင်မည် မထင်တော့ပါလေ။

**မရည်မွန်(ကျုံပျော်)**

**ဖွင့်ဟဝန်ခံချက်**

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များအား ရှင်သာမဏေပြုမည့်အခါ၌ ဤသို့ကြုံတွေ့ဖူးတတ်သည့် အဖြစ်အပျက်ကို သတိပြုဆင်ခြင်ထိန်းသိမ်းနိုင်ကြစေရန် စိတ်ရည်သန်၍ လွန်ခဲ့သောနှစ်ပေါင်း(၃၀)မှ ဖြစ်ရပ်မှန်ကို ကာယကံရှင်တို့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ခံစား ရေးဖွဲ့တင်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လသည်
ကွေးကွေးလေး
သာနေ၏။

(၃)ရက်လ ခုံးမျက်စ ဆိုစကားကြောင့် ပြက္ခဒိန် မကြည့်ဘဲနှင့် လဆန်း(၃)ရက် ဆိုသည်ကို နိုင်ဘသာ သိလိုက်၏။

ပျောက်ပျောက်ကျားကျား လရောင်လေး၏ အလင်းကို အားပြု၍ စက်ဘီးကို နင်းလာခဲ့၏။

အစင်ရွာတွင် တစ်ပတ်ခန့် လုပ်ငန်းခွင် ပြီးဆုံးခဲ့သဖြင့် သံဖြူဇရပ် ကတ္တရာလမ်းအတိုင်း မုကနင်သို့ ပြန်ခဲ့ခြင်း ဖြစ်၏။

ထိုကားလမ်းတစ်လျှောက် မိုးချုပ်သည်နှင့် ကားအသွားအလာ မရှိတော့သဖြင့် ကားမီးများကိုလည်း အားထား၍မရဘဲ ရှိနေ၏။

နိုင်ဘသာသည် ကြောက်တတ်သူ ဖြစ်၏။

လရောင်လေးကို မှီခိုပြီး လမ်းဘေးဝဲယာသို့ အကဲ

# ထိုလူ
**(THAT MAN)**

www.burmeseclassic.com

ခတ်၍ အပြင်းနှင်လာခဲ့လေ၏။

ဟော.. ကတ္တရာစေးလမ်းပေါ်တွင် လူနှင့်တူသော မည်းမည်းအရိပ်သဏ္ဌာန်သည် လမ်းမအလယ်ကောင်၌ ငုတ်တုတ်ထိုင်နေသည်ကို ခပ်လှမ်းလှမ်းမှ တွေ့လိုက်ရ၏။

ဟာကွာ၊ ဘယ်လိုလူလဲ။ ကားသာဆိုရင် ဝင်တိုက်သွားတော့မှာပဲ။ ဟင်းဟု ဆိုလိုက်ပြီး အနားအရောက်တွင် စက်ဘီးကို ဘရိတ်အုပ်လိုက်၏။

ထိုသူသည် ကြောက်စိတ်မရှိဘဲ ထိုင်ရာမှထ၍ စက်ဘီးကို ရင်ဆိုင်လိုက်ပြီး အခိုးအငွေ့ကဲ့သို့ တိုးလျှိုပေါက်ဖြတ်သန်းသွားလိုက်သောအဖြစ်ကြောင့် နိုင်ဘသာ ကြက်သီးထသွားတော့၏။

အနောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ ထိုလူသည် မျောက်ကြီးတစ်ကောင်ကဲ့သို့ ခါးကုန်းကုန်းဖြင့် တရွေ့ရွေ့ သွားနေသည်ကို တွေ့နေရ၏။

မကြုံစဖူး ကြုံလိုက်ရသော ထိုအဖြစ်ကြောင့် နိုင်ဘသာသည် ကြောက်စိတ်များ ဝင်လာပြီး စက်ဘီးကို သွက်သွက်လေးနင်း၍ ဆက်လာခဲ့၏။

အပြင်းနှင်လာခဲ့သော နိုင်ဘသာသည် ကမူကျင်းမြေအကွယ်တစ်ခုကို ဖြတ်လိုက်သည်နှင့် သုသာန်ဆီမှ ခွေးအူသံများ ကြားလိုက်ရပြန်၏။

ထိုသို့ ခွေးများအူခြင်းသည် ယနေ့ ထိုသင်္ချိုင်းတွင် အသုဘအသစ်တစ်လောင်း မြေမြှုပ်လိုက်ပြီ ဆိုသည်ကို သိလိုက်သော နိုင်ဘသာသည် မရဲတရဲဖြင့် လှမ်းကြည့်ရာမှ ဆက်လာခဲ့၏။

သင်္ချိုင်းမြေကို ဖြတ်ခဲ့ပြီဖြစ်၍ စက်ဘီးအရှိန်ကို လျှော့နင်းလိုက်၏။

ထိုအခါ သူ့နောက်မှ အသံများ ထပ်ကြားလိုက်ရပြီး ထိုအသံတို့နှင့်အတူ ခဲလုံးများ ကမူပေါ်မှ ကျလာသည်ကို တွေ့လိုက်ရသောကြောင့် စက်ဘီးရပ်ပြီး အရဲစွန့် ကြည့်လိုက်၏။

တစ်စုံတစ်ခုသော အရိပ်အယောင်မှ မတွေ့ရသဖြင့် ထိုအဖြစ်သည် သင်္ချိုင်းကုန်းမြေမှ နာနာဘာဝများ ခြောက်လှန့်ခြင်းသာ ဖြစ်နိုင်သည်ဟုတွေး၍ ဆက်နင်းလာခဲ့၏။

နိုင်ဘသာ အကွေ့တစ်ခုသို့ ထပ်ချိုးလိုက်၏။

လူ့ဆီသို့ ခဲလုံးများ ထပ်ကျလာပြီး ထိုခဲလုံးများထဲတွင် မီးရထားသံလမ်းခင်း ကျောက်ခဲများ ပါလာသည်ကို တွေ့လိုက်ရသောကြောင့် တစ်စုံတစ်ယောက် ရန်ပြုလို၍ ခဲဖြင့် ပေါက်သည်ဟု အထင်ရှိပြီး စက်ဘီးကို အားသွန်နင်းလျက် ရွာအရောက် တက်သုတ်နှင်လိုက်တော့၏။

နိုင်ဘသာ အမောတကြီး အိမ်ခြံဝင်းသို့ ဝင်လာသည်ကို တွေ့လိုက်ရသော ဇနီးဖြစ်သူ မိခင်ပိုသည် ကပျာကယာ ထွက်ကြိုလိုက်ရ၏။

‘ဘာဖြစ်လာတာလဲ ကိုဘသာ’

‘ငါ့ကို ခဲနဲ့လိုက်ပေါက်လို့ ငါ အမြန်နှင်လာခဲ့ရတာ မောနေတာပဲ’

‘ဘယ်သူက ပေါက်တာလဲ’

‘ငါ့မှာ ရန်သူမရှိပါဘူးကွာ။ လာပါ၊ အိမ်ထဲကျမှ ပြောပါ့မယ်’ဟုဆို၍ အိမ်ထဲ ဝင်လိုက်ကြ၏။

‘ငါ့ကို ခဲနဲ့ပေါက်တယ်’

‘အဲဒါကိုပဲ ကျွန်မမေးနေတာလေ’

‘သောင်ပုံသင်္ချိုင်းကုန်း အဖြတ်မှာ ပေါက်တာကွ’

‘ရှင့်ကို သရဲခြောက်လိုက်ပြီနဲ့ တူတယ်’

‘အဲ..ဘယ်လိုပြောရမလဲ။ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်းနဲ့လူ’

‘ဘာပြောတယ် ကိုဘသာ’

‘သူ့ကို စက်ဘီးနဲ့ တိုက်မိမှာစိုးလို့ ဘရိတ်အုပ်လိုက်တာကို မရှောင်ဘဲ ထွက်သွားပြီး ငါ့နောက်လိုက် ခဲနဲ့ပေါက်တာ’

‘ဟုတ်လို့လားတော်။ ရှင်ပြောတာ မရှင်း မရှင်းနဲ့’

‘မဟုတ်ဘဲနဲ့ ငါပြောပါ့မလား ခင်ပိုရာ’

နိုင်ဘသာ၏စကားကို ကြားလိုက်ရသော အဘနိုင်ခင်ရွှေသည် ထိုင်ရာမှထ၍ ‘ဒီမှာ ခင်ပို၊ ဘသာပြောတဲ့စကားတွေကြောင့် ငါသိလိုက်ပြီ’ဟု ဆိုလိုက်၏။

‘ဗျာ’

‘ဒီနေ့ နေ့လယ်ကမှ ရွာမြောက်က ကိုပြားရဲ့အသုဘကို အဲဒီသင်္ချိုင်းမှာ မြေမြှုပ်လိုက်တာ’

‘ဘယ်သူလဲ အဘ’

‘ဟိုလေကွာ၊ အရပ်ရှည်ရှည် ခါးကုန်းကုန်းနဲ့ စိတ်မနှံ့တဲ့ အဘိုးကြီး’

‘ရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့ အဲဒီအဘိုးကြီးကို ပြောတာလား’

‘ဟုတ်တယ်။ သူ့ကို တစ်လနေလို့ တစ်ခါတွေ့ရတာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူးကွာ'

'ဘာဖြစ်လို့လဲ'

'မိုးလင်းကမိုးချုပ် မီးရထားလမ်းရှိတဲ့ နေရာတွေသွားပြီး အဲဒီက သံလမ်းခင်း ကျောက်ခဲတွေကို ဟိုက ဒီရွှေ့၊ ဒီက ဟိုသယ်နဲ့ သွားလုပ်နေတာ'

'သူက မီးရထားလုပ်သားကြီးလား'

'ဘယ်က ဟုတ်ရမှာလဲ။ တစ်ချိန်တုန်းက ချွေးတပ်သားပါ'

'ဟင်'

'ဒီလိုပါကွာ၊ ဂျပန်တွေတက်လာတော့ ယိုးဒယားနဲ့ မြန်မာနယ်စပ်မှာ ကွေ့မြစ်ဆိုတာရှိတယ်။ အဲဒီမှာ သေမင်းတမန် မီးရထားလမ်း ခင်းဖို့လို့ သံဖြူဇရပ်မှာ ချွေးတပ်သား အဆွဲခံရတဲ့အထဲမှာ သူ ပါသွားခဲ့တယ်'

'ဟုတ်လား'

'အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်။ သူ့ကို ရွာမှာ ငပြား..ငပြားလို့ ခေါ်ကြတယ်'

'သြော်..သြော်'

'သူက ချွေးတပ်ထဲ ရောက်သွားပေမယ့် ထွက်ပြေးဖို့ မကြိုးစားဘူး။ ခိုင်းတာမှန်သမျှ အကုန်လုပ်တယ်။ အချောင်လည်း မခိုဘူးကွ။ ငှက်ဖျားမိနေတာတောင် လုပ်မြဲလုပ်နေတဲ့သူ'

'ချွေးတပ်ထဲရောက်သွားရင် ပြန်လမ်းမရှိဘူး။ သေကြရတာချည်းပဲလို့ ကျွန်တော်ကြားဖူးပါတယ်'

'ဟုတ်ပါတယ်။ ဒါပေမဲ့ သေကံမရောက် သက်မပျောက် ဆိုသလို စစ်ကြီးပြီးတော့ သူ ရွာကိုပြန်ရောက်လာခဲ့လို့ အားလုံးက အံ့သြကြရတယ်။ သူတစ်ယောက်ပဲ ပြန်လာနိုင်ခဲ့တာကွ။ သံဖြူဇရပ်က ချွေးတပ်သားတွေ အကုန်သေခဲ့ကြတယ်'

'တော်သေးတာပေါ့ဗျာ'

'ဒါက သူ့ရဲ့ ကံစီမံရာ အကြောင်းတရားလို့ ဆိုရမှာပေါ့ကွာ။ ဒါပေမဲ့ ငှက်ဖျားပိုးဝင်ပြီး ရူးပြန်လာတာ ဦးနှောက်လည်း မကောင်းတော့ဘူး'

'ဖြစ်ရလေ'

'သူ ရူးပုံက ချွေးတပ်အစွဲအလမ်းကြောင့်ပဲ။ အဲဒီ ဉပါဒါန်အစွဲက မပြုတ်ဘူး။ သူကိုယ်သူ ချွေးတပ်သားပဲလို့ဆိုပြီး မီးရထားသံလမ်းက ခဲတွေကို ဟိုသယ်ဒီရွှေ့နဲ့ လုပ်နေတာ ဘယ်သူမှ တားလို့မရပါဘူးကွာ။ မီးရထားဌာနက (၂)ကြိမ်၊ (၃)ကြိမ် အရေးယူခဲ့ပေမယ့် အရူးဆိုတာသိလို့ ပြန်လွှတ်ပေးခဲ့တယ်'

'သူက အသက်တော့ရှည်သားပဲနော် အဘ'

'သူ့အကြောင်းကို သိနေကြလို့ ရွာက ခွင့်လွှတ်ထားခဲ့ကြပါတယ်။ တစ်နေ့ကမှ သူဆုံးတာ ရွာပြင်ထုတ်ထားပြီး ဒီနေ့ နေလယ်မှာ သူ့အသုဘကို အဲဒီသင်္ချိုင်းမှာ မြှုပ်လိုက်ရတယ်'

'ကျွန်တော် အပြန်မှာ အဲဒီသင်္ချိုင်းက ခွေးတွေအူသံကြားလိုက်ရလို့ ဒီနေ့ အသုဘအသစ်တစ်လောင်း မြေမြှုပ်လိုက်ပြီဆိုတာကို ကျွန်တော်သိလိုက်ပါတယ်။ သြော်.. ဦးပြား ဖြစ်နေတာကိုး'

'မင်းပြောတဲ့ စကားတွေထဲမှာ မီးရထားသံလမ်းက ခဲတွေနဲ့ ပေါက်တယ်လို့ ကြားလိုက်ရလို့ အဲဒါ ကိုပြားဖြစ်ရမယ်လို့ ငါပြောလို့ရသွားတာကွ' ဟု အဘနိုင်ခင်ရွှေက ပြောလိုက်သဖြင့် နိုင်ဘသာ စဉ်းစားကြည့်နေ၏။

'လူပြည့်လူ့ဌာနီမှာ အဲဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံကြရတဲ့လူတွေ ရှိကြပါတယ်။ မင်း အခုကြုံလိုက်ရတာပဲ အဘသာ'

'ဟုတ်ပါတယ်'

'ဉပါဒါန်ကြောင့် ဉပဒ်ရောက်တယ်တဲ့ကွ။ ဉပါဒါန် ငြိတွယ်လိုက်ပြီဆိုရင် ဘဝကူး အကြောင်းမလှတော့ဘူး။ ကိုပြားမှာ ယခုတိုင် ချွေးတပ်သားဆိုတဲ့ ဉပါဒါန်တရား ကျရောက်နေဆဲပဲ။ ဉပါဒါန်နံပစ္စယော ဘဝေါ ဘဝပစ္စယာ ဇာတိလို့ဆိုထားတဲ့ တရားတွေကို မင်းတို့ နားကြားထားကြတာပဲမဟုတ်လား'

'ဟုတ်ပါတယ်'

'တစ်ခုတော့ ရှိတာပေါ့လေ။ သတ္တဝါတစ်ခု ကံတစ်ခုဆိုတာ ရှိနေလေတော့ စောင့်ကြည့်ကြရဦးမှာပဲ။ သူ ရက်လည်ဖို့က (၄)ရက်လောက် လိုပါသေးတယ်ကွာ' ဟု အဘနိုင်ခင်ရွှေက ထပ်၍ပြောပြလိုက်သောကြောင့် အရပ်ရှည်ရှည် ခါးကုန်းကုန်းဖြင့် တရွေ့ရွေ့သွားနေသော မည်းမည်းပုံရိပ်ထိုသဏ္ဍာန်ကို နိုင်ဘသာသည် ပြန်လည်သတိရလိုက်မိလေတော့၏။

သြော်..ထိုလူ။

ရွှေအမြုတေ

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရမဂ္ဂဇင်းကဲ့သို့သော မဂ္ဂဇင်းများတွင် ထူးခြားဆန်းကြယ်သော ဂမ္ဘီရဆန်သော ပညာရပ်ဆိုင်ရာ ဝတ္ထုများ၊ ဆောင်းပါးများကို စာရေးသူ မကြာခဏ တွေ့ရှိဖတ်မိပါ၏။ ထို့ကြောင့် စာရေးသူ တစ်ဆင့်ကြားသိရသော ဖြစ်ရပ်ဆန်းကြယ်တစ်ခုအား ရေးသားရန် လက်တွန့်နေမိ၏။ အဘယ်ကြောင့်ဆိုသော် ယုတ္တိယုတ္တာမရှိဟု ဝေဖန်ခံရမည်စိုးသောကြောင့်ဖြစ်သည်။ မိမိကိုယ်တိုင်ကလည်း အလေးအနက် မယုံကြည်သောကြောင့် မရေးသားမိပါပေ။

တစ်ကြိမ်ကမ အကြိမ်ကြိမ် ကြားသိတွေ့မြင်လာရသော အခါတွင်လည်းကောင်း၊ နေရာဒေသမတူညီသော အရပ်ဒေသတို့မှ တွေ့မြင်ကြားသိလာရသောအခါ -

ဤပညာရပ်ကား ခိုင်မာစွာ ကေန်ထင်ရှားရှိပေမည်။ ပရိသတ်အား တင်ပြခြင်းအားဖြင့် ဝေဖန်ခြင်း၊ အလားတူရေးသားကြခြင်း၊ ဖော်ထုတ်ခြင်းများ ပေါ်ပေါက်လာမည်ဆိုလျှင် ဤဖြစ်ရပ်ဆန်းကြယ်များအား စာရေးသူ ရေးရကျိုးနပ်ပေပြီ။

ယခုဖော်ပြမည့် ဇာတ်လမ်းနှစ်ခုတွင် အသုံးချသွားသော ပညာရပ်များအားလည်း အဘယ်ကဲ့သို့သော ပညာရပ်များဖြစ်ကြောင်း အများသူငါ ဗဟုသုတရရှိနိုင်စေရန် ဖော်ထုတ်ရေးသားကြမည်ဆိုလျှင် တိုးပွားသောအသိဗဟုသုတများ၊ စာဖတ်သူများ ရရှိနိုင်မည်ဟု တွေးဆမိပါသည်။

◆◆◆

'ထုတ်..ထုတ်..ထုတ်..ထုတ်'

အသံက မာကျစ်ကျစ်၊ နားကြားရချက် အဆင်မပြေ၊ ဖျစ်ညှစ်ထွက်ရသော အိပ်ဇောပေါက်မှ မီးခိုးများက တစ်ခါ,တစ်ခါ မော်တော်ကလေးအတွင်း လေဝှေ့ဝင်လာလျှင်




www.burmeseclassic.com

www.burmeseclassic.com

မှောင်ပိန်း၍ မှုန်ထူသွားလေသည်။ တစ်ထပ်မော်တော် ကလေးတစ်စင်း ရောဝတီမြစ်မှ ချောင်းလက်တက် တစ်ခု သို့အဝင်၊ အချိန်က မွန်းတည့်(၁၂)နာရီခန့်၊ မေလကုန် ခါနီး မိုးများ ဖြိုင်ဖြိုင်ရွာနေချိန်ကာလ။

ဟင်္သာတမြို့မှ ကုန်ပစ္စည်းများ ဝယ်ယူပြီး ပြန်လာ ကြသော နန်ကပ်ကြီးရွာ၊ ဇလုပ်ကြီးရွာ၊ ကန့်ဘလူရွာ၊ သပြေကုန်းရွာ စသောမြန်အောင်မြို့နယ်၊ ထူးကြီးမြို့နယ်မှ လယ်သမားရွာသားများ လိုရာပစ္စည်းများ ဝယ်ယူကြပြီး နေ့လယ် မော်တော်ဖြင့်ပြန်ကြသော ခရီးစဉ်ဖြစ်လေသည်။

ထိုမော်တော်ပေါ်တွင် လူများများ မပါလှပါပေ။ ယောကျ်ား(၁၀)ယောက်၊ အမျိုးသမီးများ(၁၀)ယောက်၊ ပေါင်း လူ(၂၀)လောက်သာ ပါလေသည်။ မော်တော်၏ အလယ်ဝမ်းတွင်းတွင် ပစ္စည်းများထည့်ထားသော ခြင်း တောင်းများ၊ အထုပ်ကြီး အထုပ်ငယ်များနှင့် ထင်းရှူး သေတ္တာများပါ အပြည့်တင်ဆောင်ထားသည်။ မော်တော် မောင်းသူတစ်ဝိုက် (နောက်ပိုင်းအဆင့်)ကား အတန်ငယ် ကျယ်ဝန်းသဖြင့် ယောကျ်ား(၈)ယောက်ခန့် နီးကပ်စွာ စီးနင်းလိုက်ပါလာလေသည်။

တချို့က လွယ်အိတ်ကို ပိုက်၍လည်းကောင်း၊ မော် တော်နံရံအား မှီ၍လည်းကောင်း ငိုက်သူကငိုက်၊ ကွမ်းဝါး သူကဝါး၊ မိုးလေဝသ အနည်းငယ် ကြည်လင်နေသော ကြောင့် ခရီးသည်များ ဝမ်းသာနေကြသည်။ မော်တော် ဝမ်းတွင်းကုန်ပစ္စည်းပုံများ၏ ဘယ်ညာခုံတန်းလျားများ တွင်ကား သုံးယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ စပ်မိ စပ်ရာ အဖွဲ့ကျလျက် စကားပြောဆို ရယ်မောနေကြသော အမျိုးသမီးများ တစ်ခါ၊တစ်ခါ မော်တော်စက်သံကိုပင် ဖုံးလွှမ်းသွားလေတော့သည်။ ကျောင်းဆရာ ကိုသိန်းဟံ လည်း ဟင်္သာတမှ ဤမော်တော်ဖြင့် ပါလာလေသည်။

စက်မောင်းသူ(ပဲ့ကိုင်) ထိုင်နေရာအနီး နံရံတွင် ခေါင်းပေါင်းတဘက်နီညိုရောင် ပေါင်းထားသော သျှောင် တစောင်းနှင့် ပင်နီတိုက်ပုံအင်္ကျီ၊ ပုဆိုးကွက်ကြီးကြီး ပလေ ကပ်လုံချည်ကို ဝတ်ဆင်ထားသော အသက်(၆၀)ခန့်ဟု ခန့်မှန်းရသော နှာတံပေါ်၊ မျက်ခုံးကောင်း၊ မျက်လုံးစူးရှ သွက်လက်ဖျတ်လတ်ဟန်ရှိသော လူကြီးတစ်ဦးအား သွား နေကျ၊ လိုက်ပါနေကျ မဟုတ်သော မျက်နှာစိမ်းဖြစ် သဖြင့် မော်တော်ပေါ်ပါသူအားလုံး ထိုပုဂ္ဂိုလ်အား မကြာ၊ မကြာ ကြည့်ဖြစ်ကြလေသည်။

မော်တော်ပေါ် စီးနင်းလိုက်ပါလာသမျှ ခရီးသည် အားလုံးသည် ရွာနီးနား ခင်မင်ကြပြီးသော မျက်နှာသိ များဖြစ်ကြ၍ အားလုံးသွားနေကျ မိတ်ဆွေများလည်း ဖြစ်ကြသည်။

သို့သော် ဤခေါင်းပေါင်းနီညို၊ တိုက်ပုံအင်္ကျီနှင့် သျှောင်တစောင်း လူကြီးကိုကား မည်သူမျှမရင်းနှီး မသိ မြင်ဖူးကြပါပေ။ မည်သည့်ရွာသို့ သွားမည်ကိုလည်း မသိ နိုင်ကြပါပေ။ မော်တော်ကား နန်ကပ်ကြီးရွာတွင် ခရီးဆုံး မည် ဖြစ်လေသည်။ ထိုမှတစ်ဆင့် ခရီးအမျိုးမျိုးသို့ သွား နိုင်သည်။ ထို့ကြောင့် မျက်နှာသိမဟုတ်သော ခရီးသည် မျက်နှာစိမ်းများ ရံဖန်ရံခါ ဤမော်တော်တွင် စီးနင်းလိုက် ပါတတ်ကြောင်း၊ မော်တော်မောင်းသူ (ပိုင်ရှင်လည်းဖြစ် သော) မောင်တင်ဝင်းကား အသိဆုံးဖြစ်လေသည်။ ရွာမှ ကျောင်းဆရာလေးက စက်ဆရာအနီးတွင် ထိုင်၏။

ဇလုပ်ကြီးရွာမှ ဆံပင်ညှပ်ဆရာ ဦးလှမြင့်သည် လည်း ဟင်္သာတမြို့မှ ညီမဖြစ်သူ မစန်းမြင့်၊ မစန်းသိန်း တို့နှင့်အတူ ကုန်ပစ္စည်းဝယ်၍ ပြန်လာကြခြင်း ဖြစ်လေ သည်။ မော်တော်မောင်းသော မောင်တင်ဝင်းနှင့် ညီ အစ်ကိုအရင်းလည်း တော်စပ်လေသည်။ သျှောင်တစောင်း ထိုလူစိမ်းအားလည်း ကိုလှမြင့်နှင့် မောင်တင်ဝင်းတို့ မကြာ ခဏ အကြည့်ရောက်လေသည်။ ထိုလူကြီးကား ကွမ်း တစ်မြုံ့မြုံ့ဝါးလျက် ရေစီးနေသော ချောင်းရေတွင်းသို့ တံတွေးမကြာခဏထွေးကာ ၄င်း၏လွယ်အိတ်အတွင်းမှ ငွေရောင်ကြိုးတန်းလန်းနှင့် အုန်းပင်တံဆိပ်ပါ အိတ်ဆောင် နာရီအား မကြာခဏ ထုတ်ကြည့်ပြီး သက်ပြင်းချခြင်း၊ ဖြည်းလေးစွာ ခေါင်းခါခြင်းများ ပြုလုပ်လျက် ရှိလေတော့ သည်။

ထို့နောက် ကွမ်းတံတွေးတစ်ချက် ပျစ်ခနဲ ထွေးပြီး စက်သံများကြားမှ အောင်မြင်စွာ ညြဇာပါသော လေသံ ဖြင့်-

'ဒီမှာ မော်တော်ဆရာလေး'

'ဗျာ··အဘ၊ ပြောပါခင်ဗျ'

'မင်း မော်တော် ဒါ့ထက်မြန်အောင် မောင်းလို့ရ တော့ဘူးလား။ ဒါ စက်ကုန်ပဲလားကွ'

'အဲ··ဘာပြုလို့လဲ ဘကြီးရဲ့'

www.burmeseclassic.com

'ဟာ··နေးလို့ပော့၊ နေးလို့ကွ။ ငါ ညနေအချိန်မီ ရောက်ပါ့မလားမသိဘူး။ ဒီပုံစံနဲ့သာ မောင်းနေလို့ကတော့ သွားလို့ကတော့ သွားပြီကွာ။ စက်က တင်လို့မရတော့ ဘူး မဟုတ်လား'

'ဟာ··ဘကြီးကလည်း ချောင်းရေစီးလည်းကြည့်ဦး။ ပြီးတော့ ရေဆန်ကြီး မောင်းနေရတာ ဘယ်မှာ မြန်မှာလဲ။ ရေစီးကြောင့် အဘရေ··ရေစီးကြောင့်ဗျ'

'သြော်··ရေကြောင့်လား၊ ဟုတ်လား။ အေး··အေး'

'ဟုတ်တယ်လေ။ ရေဒီလောက်စီးနေတာ ဘယ်လောက်စက်တင်တင် မရဘူး။ ဒါ မိုင်ကုန်ပဲဗျို့'

'မင်းစက် ဒီ့ထက်တင်လို့ မရနိုင်တော့ဘူးပေါ့'

'မရဘူး၊ ဒါပဲ။ ဒါ့ထက်တင်မောင်းရင် အင်ဂျင်ကွဲဖို့ပဲ ရှိတော့တယ်။ မော်တော်ကတော့ မြန်မှာမဟုတ်ဘူး။ ဘယ့်နှယ်ဗျာ။ ရေစီးဒီလောက်သန်နေတဲ့ဟာကို'

မော်တော်အား နေးလွန်းသည်ဟု ပြောခံရ၍ မောင်တင်ဝင်း မကျေနပ် ကျွဲမြီးတိုလေသည်။ မော်တော်သည်လည်း မှန်ပါသည်။ ရေစီးအားကို မနည်းပင် ခွဲ၍သွားနေရပေသည်။

တောင်ကျချောင်းရေ ဝါးလုံးထိုးဆင်းလာသော အချိန်များတွင် ချောင်းအတွင်းသို့ပင် မော်တော်မဝင်ရဲပါပေ။ ဒီကနေ့ရေစီးကား တော်ပေသေးသည်ဟု မောင်တင်ဝင်း မှတ်ချက်ချမိ၏။ စက်ရှိန်မြှင့်မောင်းခိုင်းသော အနီ သျှောင်တစောင်း အဘိုးကြီးအား မောင်တင်ဝင်း ကျွဲမြီးတိုမိသည် ဆိုခြင်းမှာ မဆန်းလှပါပေ။

စီးနေကျ ခရီးသည်များကား မည်သို့မျှ မပြောကြ။ ဒီလူစိမ်းကြီးကား ဘယ်လိုပါလိမ့်။ သျှောင်တစောင်းနှင့် လူကြီး သုံးကြိမ်မြောက် ၎င်း၏ အုန်းပင်တံဆိပ် အိတ်ဆောင်နာရီအား ထုတ်၍ကြည့်ပြန်လေသည်။

'ဒီမှာ မော်တော်ဆရာလေး'

ဒီတစ်ခါ မောင်တင်ဝင်း လှည့်ကြည့်လျက် မေးဆတ်ပြီး ဘာလဲဟူသော အကြည့်ဖြင့် အဖြေပေးသည်။ စကားပြန်မပြောတော့ပေ။

'ဘယ်နှစ်နာရီလောက် နန်ကပ်ကြီးကို မော်တော်ဆိုက်နိုင်မလဲ'

'ညနေလေးနာရီကျော်မှ ရောက်မယ်ဗျ'

'ဟား··ဒါဆိုရင်တော့ မဖြစ်ဘူးဟေ့'

'အာ··မဖြစ်လို့ ဘိုးတော်ကြီးက ဘာများတတ်နိုင်လို့လဲဗျ'

'တတ်နိုင်တာ ရှိပါတယ်ကွာ။ မင်းစက်ရှိန်လည်း မတင်နဲ့တော့။ တက်မသာ မြဲမြဲကိုင်ထားပေတော့ဟေ့'

မောင်တင်ဝင်း ထိုအဘိုးကြီးအား စိတ်ချဉ်ပေါက်ပေါက်နှင့် တစ်ချက်လှည့်ကြည့်လိုက်ပြီး နှုတ်ခမ်းမဲ့၍ ဗခုံးတွန့်ပြလိုက်လေသည်။ ဆရာလေးအားလည်း မျက်စပစ်ပြ၏။

ထိုအချိန် ခေါင်းပေါင်းနီညို သျှောင်တစောင်းနှင့် လူကြီးသည် ၎င်း၏ လွယ်အိတ်တွင်းမှ စက္ကူဖြူဖြူဖြတ်ပိုင်းကလေး တစ်ခုအား ထုတ်၍ စာအုပ်ထူကြီး တစ်ခုပေါ်တွင် ဖောင်တိန်ဖြင့် အင်းကွက်များ ချလေတော့၏။ ဂဏန်းများ ရေးသွင်း၏။ စာများလည်း ရေး၏။ စက္ကန့်မိနစ်ပိုင်းအတွင်း ခပ်သွက်သွက် ပြုလုပ်ပြီးနောက် အဆိုပါ အင်းချထားသော စာရွက်ကလေးအား စက်ဆရာ မောင်တင်ဝင်းအား ကျော်၍ ချောင်းရေစီးထဲသို့ ပစ်ချလိုက်လေတော့သည်။

'ကဲကွာ၊ မြန်ရော မဟုတ်လားဟ။ ကဲ'

မောင်တင်ဝင်းကား အဘိုးကြီး အင်းစက္ကူပစ်ချလိုက်သည်ကို သေချာစွာမြင်လိုက်ရ၏။ ပြောသောစကားကိုလည်း ကြားလိုက်ရ၏။ ဆံပင်ညှပ်ဆရာ ကိုလှမြင့်ကား အတူယှဉ်ထိုင်နေသောကြောင့် ထိုအဘိုးကြီး၏ အင်းချခြင်း၊ ရေးခြင်းများအား အစအဆုံး မြင်လိုက်ရလေသည်။ ခဏအကြာတွင်ကား လွန်စွာထူးဆန်းသော မြင်ကွင်းအား ဆံပင်ညှပ်ဆရာ ကိုလှမြင့်နှင့် မော်တော်ဆရာ မောင်တင်ဝင်းတို့ပါ အံ့အားသင့် ကြက်သေသေသကဲ့သို့ မှင်တက်အာမေဋိတ်သံများ ပြုကြလျက် အချင်းချင်း ချက်စပစ်မေးထိုးလိုက်ကြသည်။

'ဟ··အာ··ဟာ··ဟင်'

သျှောင်တစောင်းနှင့် အဘိုးကြီး စက္ကူဖြူတွင် တစ်ခုရေး၍ ချောင်းရေတွင်းသို့ ပစ်ချလိုက်သောခဏ ရေစီးသန်လွန်းလှသော ချောင်းရေသည် ငွေ့ငွေ့သာစီးသည်ကို မြင်ကြရလျက် မော်တော်ကား ဝန်များနှင့် လေးနစ်နေသော်လည်း အင်းလေးကန်အတွင်းမှ ဗျုန်ဆင်စက်လှေသို့ ရေပန်းများထလျက် အဆမတန်မြန်လေတော့သည်။ ဆန်းပေစွ။ ညနေလေးနာရီကျော်မှ ဆိုက်ရောက်မည့် နန်ကပ်

www.burmeseclassic.com

ကြီးရှာ မော်တော်ဆိပ်သို့ ဤနှုန်းဖြင့်ဆိုလျှင် နောက်တစ်နာရီကျော်ခန့်အတွင်း ဆိုက်ရောက်ပေတော့မည်။

မောင်တင်ဝင်းကား ခေါင်းကြီးခြင်း၊ ကြက်သီးထခြင်းများပါ ဖြစ်ရလေသည်။ ဘာကြောင့် ရေစီးသန်သောချောင်းက ရေစီးတန့်နေးသွားရသနည်း။ မော်တော်ကရော စက်ရှိန်မမြှင့်ပါဘဲလျက် အဘယ်ကြောင့် စက်လှေ အဆမတန်မြန်နေရသနည်း။ ဒီလိုမျိုး မတွေ့ကြုံဖူးပေ။ မျက်မြင်မို့သာ ယုံရသည်။

ခေါင်းပေါင်း သျှောင်တစောင်း အဘိုးကြီးက စက်ဆရာ မောင်တင်ဝင်းအား ကွမ်းဝါးရင်း-

'ကဲ··စက်ဆရာလေး၊ မင်းမော်တော် မြန်သွားပြီ မဟုတ်လား'

'ဟုတ်··ဟုတ်ပါတယ် ဆရာကြီး၊ အံ့သြစရာကြီးပါလားဗျာ'

အမျိုးသမီးအုပ်စုမှာလည်း စကားပြော တိတ်သွားကြပြီး ချောင်းကမ်းပါးကိုကြည့်လိုက်၊ မော်တော်စက်ခန်းက လူများကို ကြည့်လိုက်နှင့် အံ့သြခြင်းမက အံ့သြနေကြသည်။

'အဲတော့၊ မော်တော်က မြန်လှချည်လား။ မယုံနိုင်စရာပဲ မောင်တင်ဝင်းရေ။ ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲဟေ့'

မော်တော်တစ်စင်းလုံးရှိ လူများက သျှောင်တစောင်းနှင့် ခေါင်းပေါင်းနီညို အဘိုးကြီးအား အံ့သြမဆုံး ထူးဆန်းသောမျက်လုံး၊ ဟသောပါးစပ်တို့ဖြင့် အာမေဋိတ်သံ အမျိုးမျိုး ပြောကြဆိုကြလျက်ရှိစဉ် နန်ကပ်ကြီး မော်တော်ဆိပ်သို့ နာရီဝက်ကျော် လေးဆယ့်ငါးမိနစ်အတွင်း ဆိုက်ရောက်မိပြီးဖြစ်သောကြောင့် ခေါင်းပေါင်းနီညို၊ သျှောင်တစောင်းနှင့် အဘိုးကြီးကား မည်သူ့ကိုမျှလည်း လှည့်မကြည့်၊ နှုတ်မဆက် ၎င်း၏ လွယ်အိတ်လွယ်ပြီး ကမ်းပါးပေါ်သို့တက်လျက် ခပ်သုတ်သုတ်လမ်းမအတိုင်း ထွက်ခွာသွားလေတော့သည်။ ကျန်ရစ်သူများမှာ ဆင်းရမည်ကိုပင် မေ့လျက် ထိုအဘိုးကြီး ဆင်းသွားရာသို့သာ အထူးအဆန်းသဖွယ် ငေးကြည့်ကျန်ရစ်ခဲ့ကြလေတော့သည်။

◆◆◆

ပဲခူးရိုးမ တစ်နေရာမှလာသော ကြီးမားများပြားလှသော ဝါးဖောင်များ တွဲဖောင်ကြီးဖွဲ့၍ ချောင်းအတွင်းမှသည် ဧရာဝတီမြစ်အတွင်းသို့ ခက်ခဲစွာ ဖြတ်သန်းလာလျက် ဧရာဝတီအထွက်တွင် ကြီးမားရှည်လျားစွာ ခိုင်ခံ့စွာ ဖောင်ပြန်ဖွဲ့၍ စက်လှေသင်္ဘောငယ်များဖြင့် ဈေးကွက်သို့ အမြန်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရာ တစ်ဦးတစ်ယောက်သာမက ကန့်ထရိုက်တာ ဦးရေလည်း များလှပါပေသည်။ ဖောင်စီးသူလုပ်သား အုပ်ချုပ်သူများနှင့် အားလုံး အသင့်ဖြစ်လျှင် စက်နှိုးပြီးသား ဆွဲမော်တော်က အဆိုပါ ဝါးဖောင်ကြီးအား လိုရာဆိပ်ကမ်းသို့ အမြန်ရောက်စေရန် ကြိုးများဖြင့်ဆွဲ၍ မြစ်လယ်ရေကြောင်းအတိုင်း မောင်းနှင်ကြလေသည်။ ဈေးကွက်သို့ အမြန်ရောက်နိုင်စေရန် ဘူ့ထက်ငါ အားသွန်ခွန်စိုက် နေ့ရောညပါ မောင်းနှင်ဆွဲငင်ရလေသည်။

ကိုသာအိတို့ ဝါးဖောင်ကြီး ပဲခူးမြစ်အတွင်း ရောက်လျှင်ကား ဆွဲသင်္ဘောငယ်တစ်စင်း အသင့်ဆိုက်ကပ်လျက် ကြိုးများ ဆက်သွယ်ချည်နှောင်၍ မောင်းနှင်လာကြလေရာ ရေမိုင်နှစ်မိုင်ခန့် ဝါးဖောင်ကြီး ရောက်လေလျှင်ကား-

'ဖျစ်··ဖျစ်··ဖျစ်··ထန်··ဖြန်း'

'ဟိုက်··ဖောင်ကြိုးပြတ်သွားပြီဟေ့။ ဝါးဖောင် ဘာနဲ့များ ငြိသလဲ၊ ကြည့်ကြစမ်းပါဟေ့'

သင်္ဘောပေါ် ပါလာသူများနှင့် ဝါးဖောင်ပေါ်မှ လူများ ပျာယာခတ်သွားကြလေတော့သည်။ ဝါးဖောင်ကြီးကား တစ်စုခုနှင့် (သို့မဟုတ်) သောင်တင်နေသည့်ပမာ ငြိမ်လျက် တုတ်တုတ်မျှ မလှုပ်ရှားလေ။

'တောက်··ကွာ၊ ဒီနေရာ ဘာမှမရှိနိုင်ပါဘူး။ ဒါ မြစ်လယ်ရေကြောဟာကို ဘာနဲ့ငြိရမှာလဲကွာ'

'ဟ··ဒါဆို မင်းအဘ ဝါးဖောင်ကြီးက ဘာလို့ရပ်နေတာလဲ။ ကဲ··မင်းကြီးတော် မိကျောင်းက လာထမ်းတာမို့လို့လားဟ။ ကဲ'

သာအိနှင့် အပေါင်းပါတို့ ဖောင်ကြိုးပြတ်သဖြင့် အချေအတင် စကားပြောနေကြရာ အသက်အနည်းငယ်ကြီးသော ဦးထွန်းသာက ရပ်တန့်နေသော ဝါးဖောင်ကြီးအား တအံ့တသြကြည့်လျက် မြစ်လယ်ကောင်တွင် ငြိမ်သက်စွာ ရေစီးကို ကြဲကြဲခံ၍ ငြိမ်သက်ရပ်တည်နေသော အမြင်အား ထူးဆန်းလွန်းလှသဖြင့် မယုံနိုင်သော်လည်း မျက်မြင်ဖြစ်နေသည့်အတွက် သင်္ဘော၏ပဲ့ထိန်း(တခေါင်နံ့ခံ



www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်) ဦးထွန်းသာ ကျိန်းသေအောင် ဝါးဖောင်ကြိုးများအား ခိုင်ခံ့စွာချည်၍ ဒုတိယအကြိမ် စက်အားတင်၍ မောင်းပြန်သည်၊ ဆွဲပြန်လေသည်။

ဝါးဖောင်ကြီးကား ကြိုးအဆမတန် တင်းလျက် ဒုတိယအကြိမ် ထောင်းခနဲ ပြတ်သွားပြန်လေတော့သည်။ ဝါးဖောင်ကလည်းမလှုပ်၊ ငြိမ်သက်ဆဲပင်။ သုံးကြိမ်တိုင်အောင် ချည်၍ဆွဲသော်လည်း ဖောင်ကား မပါ၊ မရွေ့။ ကြိုးများသာ အဖွာဖွာပြတ်လေ၏။

ဦးထွန်းသာ အဖြေတစ်ခုကို ရှာရလေတော့ပြီ။ ထိုအချိန် ဘိလပ်မြေတင်သော တွန်းသင်္ဘောကြီးတစ်စင်း စုန်ဆင်းလာပြန်သဖြင့် ဦးထွန်းသာ လက်ပြရပ်တန့်စေလျက် အကူအညီတောင်းရလေတော့သည်။ သင်္ဘောပဲ့နင်းလည်း ရင်းနှီးပြီးလူများဖြစ်သောကြောင့် ကူညီပါသည်။ ရှေ့ကလည်း ဆွဲကြည့်သည်။ နောက်ကလည်း တွန်းကြည့်၏။ ဝါးဖောင်ကြီးကား ချာချာလည်ရုံမှအပ မရွေ့ပေ။ နည်းနည်းမျှမရွေ့၊ အချည်းနှီးသာ။ တွန်းသင်္ဘော ကပ္ပတိန်မျက်လုံးပြူးသွားရလေတော့၏။

မြစ်လယ်ကောင် ဝါးဖောင်ရပ်နေခြင်းကို တစ်သက်တာ ဒီတစ်ကြိမ်သာ မြင်ဖူးသဖြင့် မိမိအလုပ်ကိုပင် မေ့လျက် ဝါးဖောင်ကြီးအား တအံ့တဩ လေ့လာမိလေ၏။ သို့ပါငြားလည်း နောက်ဆုံး မည်သို့မျှ မတတ်နိုင်တော့သော တွန်းသင်္ဘောကြီးအား စိတ်ပျက်အံ့သြစွာဖြင့် ဝါးဖောင်ကြီးအား ထားရစ်ခဲ့ကာ မိမိ၏တာဝန်အတိုင်း ဆက်လက်စုန်ဆင်း၍ လက်ပြနှုတ်ဆက်ခဲ့ရလေတော့သည်။

ဆွဲသင်္ဘောတာဝန်ခံ ဦးထွန်းသာနှင့် ဝါးဖောင်တာဝန်ခံ ကိုသာအိတို့ သင်္ဘောပေါ်တွင် ဆွေးနွေးပွဲထိုင်ကြရလေတော့ပြီ။ ဤကိစ္စ ရိုးရိုးသားသား မဟုတ်နိုင်တော့ပေ။

သူ့အုပ်စုနှင့်သူ ကုန်သည်သူဌေးနှင့် မလိုတမာစိတ်ထားနှင့် ဝါးဖောင် နှောင့်နှေးကြန့်ကြာအောင် နည်းအမျိုးမျိုးနှင့် ဟန့်တားထားတာမျိုး၊ ဈေးကွက်သို့ အရောက်နောက်ကျအောင် တစ်စုံတစ်ရာနှင့် နှောင့်ယှက်သည်ရော မဖြစ်နိုင်ဘူးလောဟူသော မေးခွန်းအပေါ် အဓိကထား၍ သံသယများစွာဖြင့် ဆွေးနွေးကြပြီး နောက်ဆုံးဆွေးနွေးအဖြေရှာချက်အရ ဆုံးဖြတ်ချက်ချပြီးလျှင်ကား--

ဦးထွန်းသာ ပဲခူးမြို့ပေါ်သို့ တက်သွားပြီးလျှင် အထက်လမ်းဂိုဏ်းဆရာ တစ်ဦးအား ပင့်ဆောင်လာတော့သည်။ ဝါးဖောင်ကြီးကား မြစ်လယ်တွင် ကျောက်ချထားသော သင်္ဘောကြီးနှယ် မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်နှယ်သာ။

ပဲခူးမြို့မှ ကြွရောက်လိုက်ပါလာသော ဆရာဦးလှကား အသက်(၄၀)နှစ်ခန့် ရှိပေမည်။ ဝါးဖောင်ပေါ်သို့ သင်္ဘောပေါ်မှ တစ်ဆင့်ဆင်း၍ ဖောင်၏အရင်းအဖျားအနှံ့ လှည့်လည်ကြည့်ရှု စစ်ဆေးလေတော့၏။

'ဝါးဖောင်ပေါ်က တာဝန်ခံ ဘယ်သူလဲ။ ခဏလာပါဦး'

'ဟုတ်ကဲ့၊ ကျွန်တော်ပါ ဆရာ။ သာအိပါ။ အမိန့်ရှိပါခင်ဗျ'

ဆရာက ဝါးဖောင်ပေါ်တွင် ဘောင်ခတ်၍ အထိန်းအဖြစ် ထုပ်ထားသော မျောသားများ အများအပြားရှိသည့်အနက် တစ်ခုသော မျောသားတုံးအား လက်ညှိုးညွှန်၍-

'ခင်ဗျား ဝါးဖောင်အလယ် တဲခေါင်းရင်းမှာ ကန့်လန့်ကြိမ်နဲ့ တုပ်ထားတဲ့ မျောသားကြီးတစ်ချောင်း တွေ့လား'

'ဟုတ်ကဲ့၊ မြင်ပါတယ် ဆရာ'

'အဲဒီကန့်လန့်တုပ်ထားတဲ့ မျောသားထဲမှာ တနင်္လာနံနဲ့ခေါ်တဲ့ မျောသားပါသလား။ တစ်ချက်စစ်ကြည့်စမ်းပါဦး ကိုသာအိ'

'ဟုတ်ကဲ့၊ ပါပါတယ် ဆရာ။ သစ်မန်ကျည်းသားမျောတစ်လုံး ကျွန်တော်ကိုယ်တိုင် တုပ်ခဲ့တာခင်ဗျ'

'အဲ..ဟုတ်ပြီ၊ အဲဒီ မျောသားပဲ။ အဲဒီမှာ အင်းတစ်ခု စီရင်ထားတယ်လို့ သိရတယ်ကွ သာအိ'

'ဗျာ..အင်းတစ်ခု၊ ဟုတ်လား ဆရာ'

'လာကြည့်၊ ဟောဒီမှာကြည့် တွေ့လား။ ဒီမျောသား ခင်ဗျားကိုယ်တိုင် ခုတ်တာလား။ ဒါမှမဟုတ် ခုတ်ပြီးသားအဆင်သင့် တွေ့တာလား။ ပြန်စဉ်းစားကြည့်'

'အဲ..ဟုတ်ပြီ။ ခုတ်ပြီးသားတွေ့လို့ အခြားမျောသားတွေနဲ့ အတူရောပြီး ကျွန်တော်ယူလာတာခင်ဗျ'

'ဟုတ်ပြီ ကိုသာအိ၊ ဒါဆို ခင်ဗျားသုံးအောင် သူများ အမှတ်တမဲ့ လာချထားတာပဲဗျ။ အမှန်တော့ ဒီလိုနေရာမျိုးမှာ အသုံးချမယ်ဆိုတာ ဧကန်သိတဲ့ အခြားပြိုင်ဘက်အားပေး တစ်ဦးဦးကို ဆောင်ရွက်ခိုင်းတာ ဖြစ်နိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟာ··ဒီလိုမျိုးရှိသလား ဆရာရယ်'

'ရှိတာပေါ့ ကိုသာအိရယ်။ အပြိုင်အဆိုင် လောဘ လောကကြီးလေဗျ။ ဈေးကွက်နောက်ကျအောင် နည်းမျိုးစုံနဲ့ ဟန့်တားပုံလေး ယဉ်သဗျာ။ ခင်ဗျား ဗန္ဓုလလို နာမည်ကြီးတဲ့ မောင်ရစ်တော့င် သူ ထင်ပေါ်ဖို့အတွက် သူ့အနားကစစ်သည်ကို တံတောင်နဲ့ထောင်းသတဲ့။ ကြားဖူး မဟုတ်လား။ လူသိအောင် တရားခံလုပ်တာ။ ဒါပေမဲ့ ဒီကိစ္စကတော့ တရားခံရှာမရတဲ့ မှုခင်းပေါ့ဗျာ။ ကဲ·· ကဲ··အချိန်ကြာသွားပြီ။ ခင်ဗျားတို့ ဖောင်ပေါ်ကလူတွေ အားလုံး သင်္ဘောပေါ် တက်နေကြပါ။ ပြီးတော့ သင်္ဘောကို ဟိုကမ်းကပ်ထား။ ဆရာ ဖောင်ပေါ် ကျန်ခဲ့မယ်။ ကြိုးတွေ အဆင်သင့်လုပ်ထား။ အင်း··စီးပွားပြိုင်လောဘသမားများ တယ်ကြောက်စရာကောင်းတယ်။ ရက်စက်တယ်။ ယုတ်မာတယ်။ ကိုယ်ကျိုးပဲကြည့်တယ်။ တန်ပြန်သက်ရောက်မှုတွေ မေ့နေကြတာကိုး။ ကဲ··ကဲ··လုပ်ကြ၊ ခပ်သွက်သွက်ကလေး'

ဝါးဖောင်ပေါ်တွင် နိုင်ခဲ့သော တဲကြီးတစ်လုံး ပါရှိသည်။ ထိုတဲ၏ ဘုရားကျောင်းရှေ့တွင် ထိုဆရာဆိုသူက တင်ပျဉ်ခွေထိုင်၍ ပုတီးစိပ်လေတော့သည်။ ခဏအကြာတွင် တဲ၏အပြင်သို့ထွက်လာပြီး အင်းရှိသည်ဟုဆိုသော မျောသား(သစ်မန်ကျည်းသား)အနီး လျှောက်သွားလျက် လက်တွင်းမှ တစ်စုံတစ်ခုဖြင့် ပစ်ပေါက်လိုက်သည်ကို ကမ်းနား၌ ဆိုက်ထားသော သင်္ဘောပေါ်မှ လူအားလုံး မြင်တွေ့လိုက်ရသည်။

ထိုသို့ ပစ်ပေါက်လိုက်သောအခါ -

'ဝုန်း'

အသံတစ်ခု မြည်ဟည်းသွားလျက် ဖြောက်အိုးအလုံး (၂၀)စာမျှသော ထုထပ်များပြားသော မီးခိုးလုံးကြီး ထိုမျောသားဆီမှ ထွက်ပေါ်လာပြီး မြစ်ယံကောင်းကင်ထက်သို့ တက်သွားလေတော့သည်။ ထိုကြီးမားထုထပ်သော မီးခိုးလုံးကြီး ပျက်ပြယ်သွားလျှင်သွားချင်း ဝါးဖောင်ကြီးကား ကျိုကျိုမြည်လျက် အသံများ ထွက်လာပြီးလျှင် ချာလည်လည်၍ ချည်ထားသောကြိုးကို ဖြတ်လိုက်သည့်နှယ် တစ်စ,တစ်စ မျောလေတော့သည်။ ဆရာလုပ်သူက မတ်တတ်ရပ်ဆွဲ သင်္ဘောအား ဆက်လက် ဆောင်ရွက်ရန် အချက်ပေးလိုက်လေတော့သည်။

'ဟော···ရပြီဟေ့၊ ရပြီကွ။ ဝါးဖောင်ကြီး မျောပြီဟေ့။ ဟား'

သင်္ဘောသားနှင့် ဝါးဖောင်လုပ်သားများ အားလုံး ပျော်ပျော်ရွှင်ရွှင် အော်ဟစ်ကြလျက် ဝါးဖောင်ကြီးအား ကြိုးတပ်၍ဆွဲလျက် မောင်းယူသွားလေတော့သည်။ ဖောင်တွင်ရှိသောလှေဖြင့် ဆရာအား ကမ်းသို့ပို့ဆောင်ပြီး ဆရာကား နှုတ်ဆက်လက်ပြလျက် ခုတော့လည်း ဝါးဖောင်ကြီးမှာ စောစောက ဘာမှမဖြစ်သကဲ့သို့ ဆွဲသင်္ဘောနောက်သို့ အလိုက်သင့် မျောပါလျက်ပါတကား။

♦♦♦

အထက်ပါဖြစ်ရပ်ကား ဝါးဖောင်သမား စီးပွားပြိုင်ဘက်အချင်းချင်း ညစ်ပတ်ယုတ်မာသော စိတ်ထားဖြင့် မျောသားတွင် အင်းမြှုပ်၍ အစောင့်အာနိသင်ဖြင့် တားဆီးခြင်းမျိုးဖြစ်သည်ဟု ဆရာက ရှင်းပြခဲ့သည်။

အင်းစောင့်ဘီလူးအား နိုင်နင်းစွာခိုင်းစေ၍ ဟန့်တားစေခြင်းသာမက လူအများကိုပါ ဒုက္ခပေးနိုင်သေးကြောင်း ဆရာက ပြောခဲ့သေး၏။

နိုင်သောဆရာနှင့် မတွေ့ပါက ဝါးဖောင်ကြီး မြစ်လယ်တွင် မည်မျှကြာမည်နည်း မတွေးဝံ့။

အင်းပညာရပ်ဖြင့် အင်အားကြီးမားသော ရာပေါင်းများစွာသော ဝါးဖောင်ကြီးအား ရေစီးအားသန်လှသော မြစ်လယ်တွင် ရပ်တန့်နေအောင် ဟန့်တားနိုင်ခြင်း၊ စီးနေသောရေကို တန့်အောင်၊ နှေးအောင်၊ နှေးနေသောမော်တော်အား မြန်အောင်ပြုလုပ်ခြင်းတို့သည်လည်း ထိုအင်းပညာရပ်ပင်ဖြစ်ကြောင်း တွေ့ရှိရပေသည်။

တစ်ခါတုန်းက ရန်ကုန်မြို့၊ မြေနီကုန်းမီးပွိုင့်အနီးရှိ ရဲစခန်းနှင့်ကပ်လျက် ကုန်ပဒေသာဆိုင်ကြီးအား ပုဏ္ဏကတိုက်သော ဖြစ်ရပ်တစ်ခုအား စာရှုသူ ကြားသိအမှတ်ရဦးမည်ဆိုလျှင် ဤဂမ္ဘီရအင်းပညာရပ်များသည် ခေတ်၏ စာမျက်နှာတစ်နေရာ၌ အမှန်တကယ်ရှိ၍ ကြောက်စရာလည်း လွန်စွာကောင်းကြောင်း လေ့လာမိပါသည်။

စာရေးသူကဲ့သို့သော အလားတူဖြစ်ရပ်များအကြောင်း သတိရ ဖော်ထုတ်ရေးသားနိုင်ရန် အကောင်အထည် တစ်ခုခု ရေးသားနိုင်ကြမည်ဆိုပါလျှင် စာရေးသူ ရေးရကျိုးနပ်လှပါပြီဖြစ်ကြောင်း။

ဆန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

'ဦးလေး‥ဘယ်က ပြန်လာတာလဲဗျ'

အမေ၏ မောင်အငယ်ဆုံးကို မြင်သဖြင့် နှုတ်ဆက်လိုက်သည်။ တစ်ချက်မျှ လှမ်းကြည့်ပြီး လျှောက်မြဲလျှောက် သွားနေသည်။ သို့ဖြင့် အနီးသို့ ပြေးကပ်ပြီး သူ့လက်ကိုကိုင်ရန် လက်လှမ်းလိုက်၏။ သူက ကြို့ပြီး သိနေသည့်အလား ကျွန်တော့်လက်နှင့်လွတ်အောင် ရှောင်ထွက်သွားသည်။

# ဆက်နိုင် (ကျိုတွေ့)
# နပွားတွေ့ နွားတွေ့



မျက်နှာက ရှုံ့တင်းတင်း ဖြစ်နေသဖြင့်-

'ဦးလေး‥ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ စကားများရန်ဖြစ်လာသလဲ'

သူ၏ တုံ့ပြန်မှုက ထူးမခြား၊ ပါးစပ်ကို တင်းတင်းပိတ်ကာ ရှေ့သို့သာ ဆက်သွားနေသည်။ တစ်ခုခုတော့ ထူးနေပြီဆိုသောအသိဖြင့် နဝေတိမ်တောင်ဖြစ်ကာ သူ့ကို လိုက်ကြည့်မိသည်။ သစ်စိမ်းကိုင်းတစ်ခုကိုကိုင်ပြီး ရှေ့သို့သာ တစိုက်မတ်မတ် သွားနေသည်။

www.burmeseclassic.com

ပြန်လှန်နှုတ်ဆက်ဖော်မရအောင် ဘာများအလိုမကျ ဖြစ်လာသနည်း။ မစဉ်းစားတတ်တော့။ နေဝင်တော့မည် ဖြစ်သဖြင့် သူ့အား အဖော်ခေါ်သွားမည်ဆိုသည့် စိတ်ကူး ပင် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားရသည် မတတ်နိုင်။ တစ်ကိုယ်တည်း သွားပြီး ဖိတ်ကြားရတော့ မည်။ အိမ်ကိုရောက်မှ ဘာဖြစ်လာတာလဲဟု ဃဏာသေ ချာ မေးမည်ဟု တေးမှတ်ထားလိုက်သည်။

ဦးလေးအကြောင်းကို အတွေးနယ်ချဲ့ရင်း အနီးဆုံး အိမ်သို့ လှမ်းဝင်လိုက်သည်။

ဖိနပ်ချွတ်အဆင့်၌ ရေနွေးကြမ်းတစ်အိုးဖြင့် ထိုင် နေသော ဦးချစ်ထွန်းကို တွေ့သဖြင့်–

'အဘိုးလေးချစ်ထွန်း··အမေကြီးက မနက်ဖြန်မနက် ပိုင်း တရားနာကြွခဲ့ပါတဲ့'

'သြော်··အေး··အေး··ဆက်ဆက်လာခဲ့မယ်လို့ နင့် အမေကြီးကို ပြောလိုက် ပေါက်စလေးရေ'

'ဟုတ်ကဲ့ အဘိုးလေး၊ နောက်အိမ်တွေကို သွားပြီး ဖိတ်လိုက်ပါဦးမယ်'

'အေး··အေး··မှောင်တော့မယ်။ မြန်မြန်ထက်ထက် သွားပြီး ဖိတ်လိုက်ဦး။ တာပေါင်တံတားက ညဦးနက်ရင် သွားဖို့ မကောင်းဘူးဟ'

'ဟုတ်ကဲ့ အဘိုးလေး'

ဖိုးချစ်ထွန်းပြောသည့် တာပေါင်တံတားမှာ ကျွန် တော့်အဘိုး နေအိမ်၏ရှေ့ ဝါးဆယ်ရိုက်ခန့်အကွာတွင် ရှိသည်။ ရွာ၏ ပင်လယ်ကမ်းစပ်အပိုင်းနှင့် အလယ်ပိုင်း ကို ပေါင်းကူးရာ လှည်းလမ်းကြောင်းလည်း ဖြစ်သည်။ လမ်းအနီး၌ လဲနေသည့် အုန်းပင်တစ်ပင်ရှိသည်။ အုန်းပင် ၏ အမြစ်ကိုင့်လျက် ညောင်ပင်တစ်ပင် တွယ်ကပ်ပေါက် ရောက်နေသည်။ အဆိုပါ ညောင်ပင်မှာ ကြီးထွားခွင့်မရ ရှာ။ အကိုင်းအခက် အနည်းငယ် အုံ့ဆိုင်းလာသည်နှင့် လှည်းလမ်းကြောင်းကို ပိတ်သည်ဟုဆိုကာ ရှင်းလင်းခုတ် ထွင်ခြင်း ခံရသည်။

ထိုညောင်ပင်က သရဲခြောက်သည်ဟုလည်း နာမည် ကြီးသည်။ အဘိုးလေးချစ်ထွန်းကိုယ်တိုင် အခြောက်ခံရ ဖူးသည်ဟု ဆိုသည်။ ပင်လယ်ဆင်းရာမှအပြန် အဆိုပါ ညောင်ပင်အောက်သို့ အရောက်၌ ငါးထည့်လာသည့် တောင်းကို လိုက်ဆွဲခြင်းခံခဲ့ရဖူးသည်ဟု ဆိုသည်။ ထိုမှ အစပြု၍ကာ တစ်ယောက်စကား တစ်ရာနှုန်းဖြင့် အဆိုပါ တံတား၌ သရဲခြောက်သည်ဟု နာမည်ကြီးသွားတော့၏။

ကျွန်တော့်အနေဖြင့် ယုံကြည်မှုမရှိလှ။ ခေတ်ပညာ သင်ဆဲဖြစ်သလို ကိုယ်တွေ့မကြုံရပါက ယုံကြည်ရန် ခက်ခဲတတ်သည့် အမူအကျင့်ကြောင့်လည်း ဖြစ်သည်။

သို့သော် လူကြီးတစ်ယောက်၏ စိုးရိမ်စိတ်နှင့် မှာ သည်ကို အလေးထားသည့်သဘောဖြင့် ခေါင်းညိတ်ပြပြီး သူ့အိမ်မှ လှမ်းထွက်လိုက်သည်။ စိတ်အတွင်း၌ ဦးလေး ကို ပြန်မေးရမည့် စကားကို အစီအစဉ်ချနေမိ၏။

◆ ◆ ◆

'ဦးလေး··ကျွန်တော်မေးတာကို ဘာလို့ ပြန်မဖြေ တာလဲဗျ'

အဘိုးအိမ်သို့ ရောက်သည်နှင့် အခန့်သင့်တွေ့ရသော ဦးလေးကို အပြစ်တင်သည့်လေသံဖြင့် မေးလိုက်သည်။

'ဟ··ပေါက်စလေးရ၊ အဲဒီအချိန်မှာ ငါက စကား ပြောလို့ မရဘူးလေ'

'ဘာလို့လဲ၊ တစ်ခုခု စားထားလို့လား။ ပါးစပ်ထဲမှာ လည်း ဘာမှမမြင်ပါဘူး။ ဘာလဲ၊ ဘယ်သူက အာစေး ထည့်လိုက်လို့လဲ'

မကျေနပ်ဖြစ်သည့်လေသံနှင့် အမူအရာကြောင့် ဦး လေးက ကျွန်တော့်ဦးခေါင်းကို လက်တစ်ဖက်ဖြင့် ပွတ် သပ်လိုက်သည်။

'ဟုတ်တယ် ပေါက်စလေး၊ အဲဒီအချိန် မောင်လေး က စကားပြောလို့ မရဘူးလေ'

'ဘာလို့လဲ ဒေါ်ကြီးရဲ့၊ အဲဒီလိုမလုပ်ရဘူးလို့ ဘယ် လူက ဦးလေးကို တားမြစ်ထားလို့လဲ'

ဦးလေးအပေါ် မကျေနပ်မှုက ဝင်ရောက်ရှင်းပြနေ သော အမေ၏ ညီမတစ်ယောက်ဖြစ်သူ ဒေါ်ကြီးမငွေထံ ကူးစက်လို့သွားသည်။

'ဒီလို သားရဲ့၊ မောင်လေးက သားရဲ့ အဘိုးကို တရားနာရအောင် သင်္ချိုင်းက ခေါ်လာတာလေ။ သူ့လက် ထဲမှာ သစ်ခက်အစိမ်းတစ်ခု မတွေ့ဘူးလား'

'နောက်မှာ ကိုင်ထားတာတော့ တွေ့တယ် အမေ'

'အေး··အဲဒီသစ်ကိုင်းက အဘိုးလိုက်လို့ရအောင်လို့ ယူခဲ့တာ။ သေသွားတဲ့လူအတွက် ရည်စူးပြီး တရားနာ၊ သပိတ်သွတ်၊ ရက်လည်ဆွမ်းကျွေးပြီး အမျှအတန်းပေး

www.burmeseclassic.com

လေ့ရှိကြတယ်။ တရားနာချိန်မှာ သေဆုံးသွားတဲ့လူ ကျန်မနေရအောင်လို့ သင်္ချိုင်းမှာ သွားခေါ်ရတယ်။ ခေါ်ဖို့သွားသူက မိမိတို့ ရပ်ရွာဓလေ့ကို လိုက်နာရတယ်လေ။ နေဝင်ရီတရော အချိန်မှာမှ သင်္ချိုင်းကို သွားရတယ်။ အဖော်ခေါ်ခွင့် မရှိဘူး။ သင်္ချိုင်းကို ရောက်တဲ့အခါ သစ်ပင်တစ်ပင်ပင်က အကိုင်းအခက်တစ်ခုကိုချိုးပြီး မြှုပ်နှံသင်္ဂြိုဟ်ထားတဲ့ အုတ်ဂူတို့၊ မြေပုံတို့အပေါ်မှာ တင်ရတယ်။ ပါးစပ်ကလည်း တရားနာလိုက်ခဲ့ပါလို့ အသံထွက်ပြီး ဖိတ်ခေါ်ရတယ်။ ပြီးတော့ အဲဒီသစ်ကိုင်းသစ်ခက်ကိုယူ ခန္ဓာကိုယ်နောက်မှာထား၊ လှည့်မကြည့်ရ၊ စကားမပြောရ၊ ရပ်တန့်မနေရဘဲ တရားနာမယ့် နေရာအထိ တောက်လျှောက်လာရတယ်'

အမေက ဝင်ရောက်ပြီး ရှင်းပြပါမှ သေလူနှင့်သက်ဆိုင်သည့် ရပ်ရွာဓလေ့ကို သိလာရသည်။

'ဟင်··အဲဒီလိုလား။ ဒါဆို အဘိုးက ဒီကိုရောက်နေပြီပေါ့'

'ဟုတ်တယ် ပေါက်စလေး၊ ဟိုရှေ့က ဒန့်သလွန်ပင်မှာ ထားတယ်။ အဲဒီအနားကို မသွားနဲ့နော်။ ပြီးတော့ ငါတင်ထားခဲ့တဲ့ သစ်ကိုင်းကိုလည်း မကိုင်ရဘူး။ ကြားလား'

'ဟုတ်ကဲ့ ဦးလေး၊ ဒါနဲ့ အဘိုးကို ပြန်မပို့ရဘူးလား'

'ပို့ရမှာပေါ့။ တရားနာပြီးရင် သစ်ကိုင်းကိုယူပြီး သူ့ အုတ်ဂူမှာ သွားထားရမယ်လေ'

'ကျွန်တော်ပါ လိုက်ခဲ့လို့ရမလား ဦးလေး'

'မရဘူး ပေါက်စလေးရဲ့၊ ဦးလေးတစ်ယောက်တည်းပဲ သွားရမှာ'

စိတ်ထဲ၌ ဘဝင်မကျလှ။ ညဘက် ဒန့်သလွန်ပင်အနီးသို့ သွားကြည့်မည်ဟု တေးမှတ်ထားလိုက်သည်။ အဘိုးရောက်နေတာဟုတ်,မဟုတ် စူးစမ်းချင်စိတ်က တားမရဆီးမရ ဖြစ်တည်လာ၏။

◆◆◆

တံတားလက်ရန်း လုပ်ထားသည့် သံတန်းပေါ်သို့ တက်ထိုင်ပြီး မောင်နိုင်ကိုပါ ထိုင်ရန် အချက်ပြလိုက်၏။ စာမေးပွဲဖြေဆိုပြီးဖြစ်၍ စိတ်လက်ပေါ့ပါးလို့နေသည်။ သို့ဖြင့် မောင်နိုင်နှင့်အတူ ရွာလယ်ကားလမ်းတစ်လျှောက် စကားပြောရင်း လမ်းလျှောက်ထွက်ခဲ့ကြသည်။

မြွေချောင်းတံတားသို့ ရောက်ပါမှ လမ်းလျှောက်ခြင်းကို ရပ်တန့်လိုက်သည်။ မြွေချောင်းမှာ မြပြင်ရွာနှင့် ကျွန်တော်တို့ ဂျိုတွေ့ာရွာကို ပိုင်းခြားသတ်မှတ်ထားသည့် ချောင်းတစ်ခု ဖြစ်သည်။

'အဲဒီညက လူခေါ်ဖို့အတွက် မီးခွက်တစ်လုံးနဲ့ ဂျိုတွေ့ာရွာအစအဆုံး သွားရမှာပေါ့'

'ဟုတ်တယ်၊ ယူလာတဲ့ ရေနံဆီမီးခွက်က အိမ်ပေါ်က ဆင်းတာနဲ့ မီးငြိမ်းသွားတယ်။ ငါ့မှာ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့'

'ခမောက်နဲ့ကွယ်ပြီး မသွားဘူးလားဟ'

'လေနဲ့မိုးနဲ့ ဒီလောက်သည်းနေတာ ဘယ်လိုကွယ်ထားလို့ရမလဲ မောင်နိုင်ရ။ မီးမရှိတော့ ဟိုမမြင် ဒီစမ်းနဲ့ သွားနေရတယ်။ တစ်ခါ,တစ်ခါ အုန်းပင်ကိုတောင် ဝင်တိုက်မိသေးရဲ့'

'ထန်းပင်တွေရှိတဲ့ လှည်းလမ်းကြောင်းရောက်တော့ ခွေးတူဝက်တူကို မတွေ့ဘူးလား'

'မတွေ့မိပါဘူး၊ အဘိုးလေးဦးဘရဲ့ အိမ်ခွေးကတက်မှာတော့ ဖြူဖြူဖွေးဖွေးတစ်ခုတွေ့တယ်'

'အဲဒါ ရှိမှာပေါ့ကွ။ မင်းအမေ မုန့်ရောင်းသွားရင်း တွေ့ခဲ့တယ်ဆိုတဲ့ ခွေးတူဝက်တူကောင်ဆိုတာ'

'မဖြစ်နိုင်ပါဘူးကွာ။ သူတို့အိမ်က အဖြူရောင်ရှိတဲ့ ပစ္စည်းတစ်ခုခုကို ချထားတာ ရှိပါလိမ့်မယ်။ အဲ··ထူးခြားမှုတစ်ခုလို့ ပြောရမလားပဲ။ ထန်းပင်တန်းကိုဖြတ်တော့ နောက်ကနေ တဘုတ်ဘုတ်နဲ့ ခြေသံလိုလို ကြားမိတယ်။ ဒါကလည်း ထန်းသီးခြောက်တွေ ရေစူးပြီး ကြွေကျတာ ရှိပါလိမ့်မယ်'

'မင်းကတော့ စံပဲ'

ပခုံးတွန့်ပြသော မောင်နိုင်ကိုကြည့်ပြီး ပြုံးမိသည်။

ညရှစ်နာရီဝန်းကျင်ခန့်ရှိပြီဖြစ်သဖြင့် တံတား၌ လူသွား လူလာ မရှိတော့။ တဖျပ်ဖျပ်အသံကြောင့် လှည့်ကြည့်လိုက်သည်။ သင်္ချိုင်းအစပ် မြပင်ရင်း၌ ခုန်ပျံမျော်မြူးနေသော ငါးတစ်အုပ်ကို တွေ့ရသည်။

'အဲဒါနဲ့ မောင်နိုင်ရေ··မနက်ဖြန်ည ဒီကို ကွန်ပစ်ဖို့ လာကြရအောင်ဟ'

'အာ·· မနက်ဖြန်ဆိုရင် ညည့်သန်းခေါင်ရောက်မှ ချောင်းရေပြည့်မှာလေ။ မလာချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

'ဘာလို့လဲကွ'

'ငါ သရဲကြောက်တယ်ကွ။ နောက်ပြီး ဒီမှာ ချောင်းရှင်မ ရှိတယ်လို့ နာမည်ကြီးတယ်'

'မင်းကလည်း လူမိုက်စားပြတွေဆိုရင် တစ်မျိုး။ အကောင်အထည်ဒြပ်မရှိတဲ့ သတ္တဝါကို ကြောက်စရာလားကွ'

'အကောင်ဒြပ် မရှိတာက ပိုဆိုးတယ်မောင်၊ ဘယ်လို ပုံစံနဲ့ ရောက်လာမယ်မှန်း မသိတဲ့သူတို့ကို ပိုပြီး ကြောက်တယ်'

ကြောက်တတ်သည့် မောင်နိုင်ကို မရအရခေါ်ရမည်ဟု တေးမှတ်ရင်း စချင်နောက်ချင်စိတ် ပေါ်လာသည်။

သို့ဖြင့် -

'ချောင်းရှင်မရေ‥မနက်ဖြန်ည ငါတို့ ကွန်ပစ်ဖို့ လာခဲ့မယ်။ ငါးဟင်းတစ်နပ်စာလောက် လာယူဟေ့'

'ဟာ‥ဒီကောင်တော့ လုပ်ပြီ။ လာ‥လာ‥ပြန်ကြရအောင်။ ညဥ့်နက်နေပြီ။ နောက်ပြီး သင်္ချိုင်းအဝင်လမ်းကိုလည်း ဖြတ်ပြီး ပြန်ရဦးမယ်'

ပြောပြောဆိုဆို လက်ရန်းတန်းမှ ခုန်ဆင်းကာ ရှေ့မှ ခပ်သုတ်သုတ်ထွက်သွားသော မောင်နိုင်ကိုကြည့်ပြီး-

'အေးပါကွာ၊ မနက်ဖြန်ည စကားပြောဖော်ရအောင် သင်္ချိုင်းထဲက တစ်ကောင်လောက်ကိုလည်း ဖိတ်လိုက်ဦးမယ် မောင်နိုင်ရေ။ ဟား‥ဟား‥ဟား'

◆◆◆

ဖျားရေက ပြည့်လုပြီ။ ပင်လယ်ကမ်းစပ်ရှိ ချောင်းဝတွင် ကွန်ပစ်နေရာမှ တဖြည်းဖြည်းနှင့် တံတားအနီးသို့ ရောက်ရှိလာခဲ့သည်။ ရထားသည့်ငါးမှာ ပလိုင်းတစ်ဝက်ခန့်ရှိပြီဖြစ်၍ မနက်ဖြန်အတွက် ငါးဟင်းမပူရတော့။

ကွန်ပစ်ရန်အတွက် အသင့်ပြင်ဆင်ထားရာဖြင့် လက်မောင်းနှစ်ဖက်စလုံး အောင့်လှပြီ။ ရေစပ်တစ်လျှောက် သွားသွားလာလာလုပ်ပြီး ငါးအသွားအလာကို ကြည့်နေ၍ ခြေသလုံးကြွက်သားများလည်း နာကျင်ကိုက်ခဲလို့နေပြီ။

ယခုအချိန်ထိ မောင်နိုင်ကို မတွေ့မိသေး။ ချိန်းဆိုထားသည်ကို မေ့သွားလို့လား။ မဖြစ်နိုင်။ ကျွန်တော်တောင်းဆိုသည့် ကိစ္စမှန်သမျှ လိုက်ပါဆောင်ရွက်တတ်သူ။ ယခင်ကျောင်းအားရက်များ၌ နတ်မော်ကျောက်တန်း၊ သဲဖြူကျွန်း၊ အပေါ်ရေကျွန်း တစ်ခုမဟုတ်တစ်ခုသို့ သွားရောက်ပြီး သားငါးရှာဖွေလေ့ရှိကြသည်။ အကြိမ်တိုင်းသူက ဦးဆောင်နေခဲ့သူ။ ယနေ့ မြွေချောင်းဝသို့ ကွန်ပစ်သွားမည်ဆိုမှ ကြောက်ဒူးတုန်သွားပုံရ၏။ ပေါ်မလာတော့။ မနက်ရောက်မှ မြွေချောင်းရှင်မနှင့် တွေ့ခဲ့ကြောင်း လုပ်ကြံခြောက်လှန့်ရဦးမည်။ နောက်ဆုံးတစ်ချက်၊ နှစ်ချက်ခန့်ပစ်ပြီး အိမ်သို့ ပြန်ရန် စိတ်ကူးသည်။ တံတားပေါ်သို့ တက်လိုက်၏။

တံတားအောက်ရေပြင်မှာ ရေနက်ပိုင်းဖြစ်နေသဖြင့် ငါးများ မြူးထူးရာမှ ထွက်လာမည့် အသံကိုသာ အားကိုးရတော့မည်။ ငါးပလိုင်းနှင့် ကွန်ကို ဘေးတွင်ချပြီး ကတ္တရာလမ်းမပေါ် ထိုင်ချလိုက်သည်။ ကျောကိုဆန့်ပြီး လက်ရန်းသံတန်းကို မှီလိုက်၏။ ခေါင်းကိုမော့ကာ ပင်လယ်ပြင်အတွင်းသို့ သက်ဆင်းရန် အားယူနေသည့်လကို လှမ်းမျှော်ကြည့်မိသည်။ ပင်လယ်လေက တသုန်သုန် တိုက်ခတ်ကာ ခန္ဓာကိုယ်အား ကျီစယ်နေသည်။ ဆားငန်ရေစိုနေသည့် အင်္ကျီ၊ လုံချည်များကြောင့် ချမ်းစိမ့်စိမ့်ပင် ဖြစ်လို့လာ၏။

ပင်လယ်ကဗ္ဗီပင်ကို လေတိုးသဖြင့် ထွက်ပေါ်လာသော တရှီးရှီးအသံနှင့် ဗြပင်အရွက်ချင်း ထိခတ်သံတဖျပ်ဖျပ်ကို တံတားထက်ကပင် အတိုင်းသား ကြားနေရသည်။ ယိမ်းထိုးလှုပ်ရှားနေသည့် အုန်းပင် အုန်းလက်များမှာ လရောင်၏ အကူအညီဖြင့် ကတ္တရာလမ်းမပေါ်၌ ပြေးလွှားကခုန်နေကြ၏။ သင်္ချိုင်းဘက်မှ ဆွဲဆွဲငင်ငင် အူနေသော ခဲဝါ(ခွေးအ)များ၏ အသံများကိုလည်း တစ်ချက်၊ တစ်ချက် ကြားနေရသည်။

ငါးပွက်သံကို နားစွင့်ရင်း မျက်ခွံများမှာ ကျောက်ခဲဆွဲထားသလို လေးလံလို့လာသည်။ ပင်ပန်းလှပြီပဲလေ။

ဂျိတ္တောရွာဘက်မှ လှုပ်ရှားနေသည့် မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်မိသဖြင့် မောင်နိုင်များ ဖြစ်နေမလားဟု စူးစိုက်ကြည့်နေမိသည်။ လှုပ်ရှားပုံ မြန်ဆန်လွန်းသဖြင့် ခွေးအတစ်ကောင် ဖြစ်လိမ့်မည်။ လမ်းဘေးရှိ အနေတော် ကျောက်ခဲတစ်လုံးကို ကောက်ကိုင်လိုက်သည်။ လာနေသည့် အရိပ်က ရပ်တန့်သလို ဖြစ်သွားသည်။

ကျောက်ခဲကို မြှောက်ကိုင်ပြီး ပြေးလိုက်စဉ် နောက်



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ ဆုတ်သွား၏။ ထိုအကောင် ထွက်ပြေးသွားသဖြင့် ခြေလှမ်းကို ရပ်တန့်ပြီး ကြည့်နေစဉ် တဖြည်းဖြည်း အကောင်အထည်ကြီးထွားလာသည်ကို မြင်ရသည်။ အခြေအနေမကောင်းတော့။ သူ့အား စူးစိုက်ကြည့်ရင် နောက်ဘက်သို့ တစ်လှမ်းချင်းပြန်ဆုတ်သည်။ ထိုအခါ သူက တစ်လိမ့်ချင်း ရှေ့သို့ တိုးကပ်လာပြန်၏။ စပါးထည့်သည့် ပုတ်လုံးကြီး လိမ့်လာသည်နှင့်ပင် တူသေးတော့သည်။ ထိတ်လန့်မှုက ထူးကဲစွာ ဖြစ်တည်လာသည်။ ချထားခဲ့သည့် ကွန်နှင့်ပလိုင်းကို ကောက်ကိုင်ကာ မြပြင်ရှာဘက်သို့ တစ်ချိုးတည်း လှည့်ပြေးမိသည်။

'ဟေ့..ငါ့ကို စောင့်ဦးလေ။ စကားပြောဖော်လုပ်ဖို့ လာခဲ့တာပါဟ'

နောက်ပါးမှ ထွက်လာသည့် အော်ဟစ်ဆိုသံက ခြေလှမ်းကိုပို့ပြီး သွက်သွက်လှမ်းအောင် တွန်းအားပေးနေသည်။

'ဟီး..ဟီး..ဟီး..ပြန်တော့မလို့လား။ ငါ့အတွက် ဟင်းစားတစ်နပ်စာ ချန်ထားခဲ့ဦးလေ'

မြပြင်ဘက်တံတားဦးမှ အသံနက်ကြီးက ဆီးကြိုနေပြန်သည်။ အရပ်မှာ မော့ကြည့်လေ ရှည်ထွက်လျက် အုန်းပင်၏ အမြင့်နီးပါးတမျှ ဖြစ်လာသည်။ သွားရှည်တမြားမြား ကျနေသည့် လျှာကြီးမှာလည်း ကတ္တရာလမ်းမပေါ်၌ ဟိုဒီယိမ်းထိုးလို့နေသည်။

ဓာချွေးပြန်ကာ ကြက်သီးမွေးညင်းများ ပေါ်လာသည်။ ထိတ်လန့်ကြောက်ရွံ့မှုက ခန္ဓာကိုယ်အနှံ့ ဖြစ်တည်လာ၏။ လှမ်းနေသည့်ခြေလှမ်းကို နောက်သို့ ချာခနဲလှည့်လိုက်သည်။ ဂျိုတွော့ဘက် တံတားဦးကို ပိတ်ပြီးရှိနေသည့် ပုတ်လုံးသဏ္ဍာန် မည်းမည်းကြီးနှင့် ရင်ဆိုင်တိုးတော့၏။

'ဟား..ဟား..ဟား..ဟား'

'ဟီး..ဟီး..ဟီး..ဟီး'

ရှေ့နောက်ညှပ်ကာ ရယ်မောလိုက်သည့် အသံနက်ကြီးများကြောင့် ဒူးများ ကွေးညွတ်ကာ ခန္ဓာတစ်ခုလုံး ပျော့ခွေကျသွားတော့သည်။

**သက်နိုင်(ဂျိုတွော့)**






www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

**ပုဗ္ဗဗေဒဟိတ်ဆရာ ဦးမြတ်စံ**

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်သကြားဝညာရှင်**

**အယူတော်မင်္ဂလာဗေဒင်ဟောခန်း**

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ဝီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

၁၀၀ အောင်မြင်မှုကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမတရုဏ္ဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောထွက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ


09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

**ကြိုတင်ချိန်းဆိုပါ**

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဆိုင်

## မိမိပစ္စည်းကို ကာကွယ်နေသော ပရလောကသား

ကျွန်ုပ်သည် အရွယ်ရောက်လာသောအခါ အစိုးရဝန်ထမ်းလောကထဲသို့ ရောက်ရှိခဲ့ရပါသည်။ ဝန်ထမ်းဘဝသို့ ရောက်သွားရသောအခါ ထားရာနေ စေရာသွားဘဝဖြင့် မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေနဲ့ အလှမ်းကွာဝေးလှသော ရပ်ဝေးမြေခြားနေရာများအထိသို့ပင် ရောက်ရှိခဲ့ရပါတော့သည်။

သို့ဖြင့် မွေးရပ်မြေနှင့် (၁၅)နှစ်ဝန်းကျင်ခန့် ကင်းကွာခဲ့ရပါသည်။ မွေးရပ်မြေနှင့် ကင်းကွာခဲ့ရပြီးနောက် ယခုတော့မှ ကံအားလျော်စွာဖြင့် မွေးရပ်မြေနှင့် သိပ်ပြီးမဝေးကွာလှသော မြို့တစ်မြို့ဆီသို့ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ကို ရခဲ့ပါတော့သည်။

ရွာကနေ ထွက်လာခဲ့စဉ်အခါမှာတော့ တစ်ခုပေါက်တည်းသမားပါ။ သို့သော် ယခုရွာအနီးသို့ အပြန်ခရီးမှာ

www.burmeseclassic.com

တော့ တစ်ယောက်တည်း မဟုတ်တော့ပါ။ ချစ်ဇနီးချော နော်မပိုးနဲ့အတူ သမီးအကြီး မနော်ဇီးယို၊ သားငယ်လေး စောဖိုးထူးတို့ပါ ပါလာခဲ့ကြရတော့သည်။

တာဝန်ထမ်းဆောင်ရမည့်မြို့သို့ ရောက်သောအခါ သက်ဆိုင်ရာဌာနကို သတင်းပို့ရသည်။ သက်ဆိုင်ရာဌာန ကို သတင်းပို့သောအခါ ၄င်းတို့စီစဉ်ပေးသော အိမ်ရာ တစ်ခုကိုပါ နေခွင့်ရသည်။

ကျွန်ုပ်သည် မွေးရပ်မြေနဲ့ ကင်းကွာခဲ့ရသည်မှာ ကြာ ပြီဖြစ်၍ ကျွန်ုပ်၏ အကြီးအကဲအား အကျိုးအကြောင်း တင်ပြကာ ခွင့်ရက်ရှည်ကို တင်ခဲ့ရသည်။ ခွင့်ရက်ရှည် ရသောအခါ လိုင်းစက်လှေဖြင့် ချင်းတွင်းမြစ်ကြောင်း အတိုင်း ဆန်ဖြစ်ခဲ့သည်။ ကျွန်ုပ် တာဝန်ထမ်းဆောင်ရာ မြို့နဲ့ ကျွန်ုပ်၏ရွာမှာ လိုင်းစက်လှေဖြင့် (၉)နာရီကျော် (၁၀)နာရီနီးပါး စီးရုံဖြင့် ရောက်ပါသည်။

သို့ဖြင့် မိသားစုအားလုံး လိုင်းစက်လှေဖြင့် ဆန်တက် ခဲ့ရာ စက်လှေမှာ တစ်ရွာပြီးတစ်ရွာဆိုသလို ဆိုက်ကပ်ခဲ့ သည်။ ဆိုက်ကပ်လိုက်တိုင်း ခရီးသည်များမှာ တက်သူ ကတက် ဆင်းသူကဆင်းဖြင့် ရှိနေကြသည်။ ထိုခရီးသည် များကို ကျွန်ုပ် မသိပါ။ သူတို့ကလည်း ကျွန်ုပ်ကို သိပုံ မပေါ်ပါ။ သို့သော် အချို့သောသူများက ကျွန်ုပ်အား လှည့်ကြည့်,လှည့်ကြည့်ဖြင့် လုပ်သူက လုပ်ကြ၏။

ကျွန်ုပ်စိတ်အထင် သူတို့က ကျွန်ုပ်ကို မြင်ဖူးသလို လိုရှိ၍ ကြည့်ကြခြင်းသာဖြစ်မည်ဟု ထင်ပါသည်။ ကျွန်ုပ် ကလည်း အချို့သောသူများကို မြင်ဖူးသလိုလိုတော့ အံရှိ သားပါ။ သို့သော် တစ်ယောက်နဲ့တစ်ယောက်ကတော့ မပြောဆိုဖြစ်ကြပါ။

နေအတော်စောင်းသောအခါမှ ကျွန်ုပ်၏ ရွာသို့ ရောက်ဖြစ်ခဲ့တော့သည်။ ရွာရောက်သောအခါ မိဘ ဆွေ မျိုးသားချင်းများက ဝမ်းသာအယ်လဲဖြင့် ကြိုဆိုကြပါ သည်။ ကျွန်ုပ်၏ ဇနီးနှင့် သားသမီးများကိုလည်း ချစ်ချစ် ခင်ခင်ဖြင့် ရှိကြသည်။

ကျွန်ုပ်တွင် အစ်မ မမြမေနှင့် ညီမောင် ကံဦးတို့ရှိပြီး ကျွန်ုပ်မှာတော့ သားအလတ်ဖြစ်သည်။ ညီငယ်ဖြစ်သော မောင်ကံဦးနှင့် သူ့ဇနီးကိုသာ တွေ့ရပြီး အစ်မဖြစ်သူကို မတွေ့ရ၍ မေးကြည့်သောအခါ သူသည် ချောင်းစုရွာသား နှင့်ညားပြီး သူ့ယောကျ်ား၏ရွာတွင် လိုက်နေကြောင်း သိရတော့သည်။ ကျွန်ုပ်သည် အစ်မဖြစ်သူ နေထိုင်သော ရွာကို ကျော်လွန်ခဲ့ပြီးမှ ရွာကိုရောက်ခဲ့ရခြင်းဖြစ်ကြောင်း သဘောပေါက်သွားခဲ့ရပါတော့သည်။ မည်သို့ဖြစ်စေ ဒီ ကနေ အပြန်ခရီးတွင်မတော့ အစ်မရှိရာရွာကို ဆင်းကျန် ခဲ့ပြီး အစ်မ၏ရွာတွင် တစ်ပတ်လောက် နေထိုင်လည်ပတ် သွားရန် ဆုံးဖြတ်လိုက်သည်။ အစ်မ၏ရွာမှာ ချင်းတွင်း မြစ်ကမ်းနံဘေးတွင်ဖြစ်၍ သိပ်ပြီးအခက်အခဲက မရှိပါ။ လိုင်းစက်လှေကို ကပ်ခိုင်းပြီး ဆင်းကျန်ရစ်ခဲ့ရုံသာဖြစ် သည်။

ရွာတွင် နေထိုင်ခဲ့စဉ် တစ်ပတ်အတွင်းတွင် ကျွန်ုပ် အား ရှင်ပြုပေးခဲ့သော ရွာဦးကျောင်းက ဆရာတော်နှင့် စာသင်ပေးခဲ့သော ဆရာ,ဆရာမများကိုလည်း သွား ရောက်ကာ ကန်တော့ဖြစ်ခဲ့ပါသည်။

ဆွေမျိုးသားချင်းများနှင့် သူငယ်ချင်းအပေါင်းအသင်း များနှင့်ကတော့ နေအိမ်မှာပင် ညဥ့်နက်သန်းခေါင်အထိ ရေးဟောင်းနှောင်းဖြစ်များကို ပြောဆိုဖြစ်ခဲ့ကြသည်။

ပြောရလျှင် ကျွန်ုပ်တို့ရွာမှာ တောရွာမှ တကယ့် တောရွာကြီး ဖြစ်ပါသည်။ မိဘမျိုးရိုးများက လုပ်ကိုင် ခဲ့သော တောင်သူလယ်လုပ် မားမခုတ်အဆင့်ဖြင့်သာ ကျင်လည်နေကြရသူများဖြစ်သည်။ ဝန်ထမ်းလောကထဲ ရောက်ဖို့မဆိုထားဘိ၊ တချို့များ မိမိ၏မြို့နယ်က အကြီး ဆုံးမြို့ကိုပင် မရောက်ဖူးကြသူများပင် ရှိကြသေးသည်။ နယ်တကာအနှံ့ မြို့တကာအနှံ့ ရောက်ပေါက်ဖူးဖို့ကတော့ ဝေလာဝေးပါ။

ထိုအထဲကမှ ကျွန်ုပ်တစ်ယောက်သာလျှင် ဝန်ထမ်း ဘဝကို ရောက်ခဲ့ရသူဖြစ်သည့်အပြင် သူတို့ထက်စာလျှင် တော့ဖြင့် မြို့တကာ နယ်တကာ နှံ့ခဲ့သူဖြစ်ရကား ကျွန်ုပ် ၏ အတွေ့အကြုံများကို လာရောက်မေးမြန်း စူးစမ်းလေ့ လာကြသည်။ သူတို့အတွက် ဗဟုသုတရဖွယ်ရာများကိုပါ ကျွန်ုပ်က ပြောပြခွင့်ရခဲ့သည့်အတွက် ဝမ်းသာရပါသည်။

◆◆◆

ရွာတွင် (၁၀)ရက်လောက် နေပြီးသော် ကျွန်ုပ်တို့ မိသားစုက တာဝန်ထမ်းဆောင်ရာမြို့ဘက်သို့ ပြန်ခဲ့ကြပါ သည်။ ခွင့်ရက်ကား မပြည့်သေး။ သို့သော် အစ်မရှိရာ ရွာဆီသို့ တစ်ပတ်လောက်နေဦးမည့် အစီအစဉ်ဖြင့် ပြန်ခဲ့ ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လိုင်းစက်လှေဖြင့် ပြန်လာခဲ့ကြရာ အစ်မ နေထိုင်သော ရွာသို့ ရောက်သောအခါ ဆင်းကျန်ခဲ့ကြပါသည်။ ရွာမှာ တောရွာကလေးပေမို့ သိပ်ပြီးမမေးရ။ တွေ့ရသောလူတစ်ယောက်ကို မေးလိုက်ရုံဖြင့် ထိုသူက လိုက်ပို့ပေးခြင်းဖြင့် အစ်မ၏အိမ်သို့ ရှောရှောရှူရှူဖြင့် ရောက်ခဲ့ရတော့သည်။

အစ်မ မလှမေမှာ သိပ်ပြီးတော့ အရွယ်မပြောင်းသေးပါ။ ငယ်စဉ်အခါကအတိုင်း လှပနေဆဲပါ။ အစ်မဖြစ်သူက ကျွန်ုပ်ကို မြင်တွေ့လိုက်ရသောအခါ သူ၏မျက်နှာမှာ သိန်းထီကြီးပေါက်သကဲ့သို့ ပြုံးပြုံးပျော်ပျော်ကြီး ဖြစ်သွားရတော့သည်။

အစ်မက 'အမယ်လေး··ငါ့မောင်ရယ်၊ မသေကောင်း မပျောက်ကောင်း ခုမှပဲ ပြန်တွေ့ရတော့တယ်။ ဒါနဲ့ အခု ဘယ်မှာ တာဝန်ထမ်းဆောင်နေတာလဲ။ ဒီကိုရော ဘယ်သူပြောလို့ ရောက်လာတာလဲ' ဟု မေးလေတော့သည်။

ထိုအခါ ကျွန်ုပ်ကလည်း မိမိတာဝန်ကျရာမြို့ကို ပြောပြီး လွန်ခဲ့သော(၁၀)ရက်လောက်က ရွာကို ခွင့်ပြန်ခဲ့ကြောင်း၊ အစ်မ ဒီမှာရှိကြောင်း သူတို့ပြော၍ သိခဲ့ရကြောင်း၊ ယခုအခါ တာဝန်ကျရာမြို့သို့အပြန် အစ်မဆီ တစ်ပတ်လောက်ဝင်လည်မည့် အစီအစဉ်များကိုပါ ပြောလိုက်ရာ အစ်မက-

'တစ်ပတ်မကလို့ ဘယ်လောက်ပဲကြာကြာ ကြိုက်သလောက်နေနိုင်တယ်။ ဒါနဲ့ သူတို့က··'

'ဒါက ကျွန်တော့်ဇနီး နော်မပိုးတဲ့။ သူကတော့ သမီးအကြီး နော်ဇီးယိုနဲ့ သားငယ် စောဖိုးထူးတို့ပါပဲ'

ဟု ပြောလိုက်ရာ အစ်မက-

'တွေ့ရတာ ဝမ်းသာလိုက်တာကွယ်။ ကဲ··ကဲ··ရေမိုးချိုး အဝတ်အစားလဲပြီး နားနားနေနေနေကြနော်' ဟု ပြောသည်။ ကျွန်ုပ်က-

'ဒါနဲ့ အစ်မရဲ့ ယောကျ်ားရော'

'အစ်မယောကျ်ား ကိုအုန်းလွင်ကတော့ လိုင်းစက်လှေ မောင်းတယ်လေ။ မနက်ပိုင်းလောက်ကတည်းက ထွက်သွားတာပေါ့။ ညနေ အတော်လေးစောင်းမှ ပြန်ရောက်ရောက်လာတယ်။ တစ်ခါတစ်ရံလည်း မိုးချုပ်လောက်မှ ပြန်ရောက်တာပါ' ဟု ပြောလေသည်။

ငှင်းနောက် အစ်မကပင် 'ကဲ··ကဲ··ရေမိုးချိုးကြဦး။ အစ်မလည်း ချက်ပြုတ်ဖို့ စီစဉ်လိုက်ဦးမယ်' ဟု ပြောပါသည်။

ထိုအခါ ကျွန်ုပ်တို့ မိသားစုများကလည်း အိမ်နောက်ဖေးတွင် ရှိနေသော အုတ်ကန်တွင် ရေချိုးကြပါသည်။

ရေချိုး အဝတ်အစားလဲပြီးသောအခါ အစ်မနဲ့အတူ ဝင်ပြီး ချက်ပြုတ်ကူကြပါသည်။ ချက်ကူပြုတ်ကူလုပ်ရင်း စကားတွေလည်း အများကြီးပြောဖြစ်ကြပါသည်။

ထိုအခါကျမှ အစ်မမှာ သားသမီးသုံးယောက်ရှိကြောင်း သိရပါတော့သည်။ သမီးအကြီးမမှာ သားသမီးသုံးယောက်ရှိကြောင်း သိရပါတော့သည်။ သမီးအကြီးမက ကျောင်းသွားနေ၍ မတွေ့ရပါ။ သားအလတ်ကတော့ မနှစ်ကမှ အိမ်နောက်ဖေးတွင်ရှိနေသော အုတ်ကန်တွင် ဆော့ကစားရင်း ရေနစ်သေခဲ့ရကြောင်း သိရပါသည်။ ယခုအခါ အစ်မ၏ အငယ်ဆုံးသမီးလေးကတော့ နေအိမ်မှာပင် ရှိနေပါသည်။

အစ်မနှင့် ကျွန်ုပ်မှာ အိမ်ထောင်ကျသောအခါ သိပ်မကွာလှဟု ထင်ပါသည်။ အကြောင်းမူ သူ့သားသမီးနှင့် ကျွန်ုပ်၏ သားသမီးများမှာ အသက်အရွယ်အားဖြင့် မကွာလှ၍ဖြစ်သည်။ သေသွားသော သူ့သားအလတ်ကသာ ယခုထိ ရှိနေဦးမည်ဆိုပါက ကျွန်ုပ်၏သားအရွယ်ရှိနေ၍ ဖြစ်သည်။ အတိအကျပြောရသော် ကျွန်ုပ်၏ သားထက် သေသွားသော အစ်မ၏သားက (၅)လခန့် အသက်ကြီးရုံသာရှိသည်။ ယခု ကျွန်ုပ်၏သားမှာ အသက်(၄)နှစ်လောက် ရှိနေပြီဖြစ်သည်။ ကျွန်ုပ်၏ သမီးနဲ့ သူ့သမီးငယ်မှာလည်း သိပ်မကွာလှပါ။ ညနေ(၄)နာရီလောက်တွင် အစ်မ၏ သမီးအကြီးမက ကျောင်းဆင်းပြီး အိမ်ပြန်ရောက်လာသည်။ (၅)နာရီကျော်ကျော်လောက်တွင် အစ်မ၏ ယောကျ်ားဖြစ်သူ ကျွန်ုပ်၏ယောက်ဖကပါ လိုင်းစက်လှေ မောင်းနေရာက ပြန်ရောက်လာသည်။ ထိုအခါကျမှ မိသားစုအားလုံး စုံလင်စွာ တွေ့ရတော့သည်။ အစ်မ၏ ယောကျ်ားမှာလည်း ကျွန်ုပ်တို့အပေါ် ခင်မင်ဖော်ရွေလှပါသည်။

ထိုနေ့ ညနေစာကိုတော့ မိသားစုစုံစုံညီညီနဲ့ အတူစားဖြစ်ကြသည်။ ညစာစားပြီးသောအခါ အချို့ပွဲနှင့် ထပ်ပြီး ဧည့်ခံပြန်ရာ ကျွန်ုပ်တို့မှာ စားရင်းသောက်ရင်းဖြင့်

www.burmeseclassic.com

စကားပြောဖြစ်ကြပြန်သည်။

အစ်မက 'ငါ့မောင်ရဲ့သားက အစ်မရဲ့သားနဲ့ ချွတ်စွပ်ကို တူတာပဲ။ အထူးသဖြင့် သူ့ရဲ့သွားတွေက ပိုပြီးမှ တူတယ်'ဟု ပြောပါသည်။

ကျွန်ုပ်ကလည်း-

'အစ်မကလည်း၊ ဆွေမျိုးတွေပဲ တူချင်တူမှာပေါ့။ ဒီမှာကြည့်ပါလား။ အစ်မရဲ့ သမီးအငယ်မနဲ့ ကျွန်တော့်ရဲ့ သမီးအငယ်မကလည်း ဘာထူးလဲ။ အစ်မရဲ့သမီးက မေးစေ့လေး နည်းနည်းချွန်နေတာကလွဲလို့ အားလုံးတူနေတာပဲလေ'

ကျွန်ုပ်၏ ယောက်ဖကလည်း-

'အေးကွ၊ သားလေး စောဖိုးထူးက သေသွားတဲ့ အစ်ကိုရဲ့သားနဲ့ အတော်ကလေးကို တူတာပဲ'ဟု ဝိုင်းပြီး ထောက်ခံပြန်သေးသည်။

သို့ဖြင့် ထိုနေ့ ညတွင် ညဉ့်နက်သည်အထိ စကားတွေ ဖောင်ဖွဲ့နေအောင် ပြောဆိုဖြစ်ခဲ့ပြီးကာမှ အိပ်ရာဝင်နိုင်ခဲ့ကြတော့သည်။

◆ ◆ ◆

နောက်တစ်နေ့ မိုးလင်းသောအခါ ယောက်ဖဖြစ်သူက လိုင်းစက်လှေမောင်းရန် ထွက်သွား၊ အစ်မ၏ သမီးအကြီးမက ကျောင်းသွားဖြင့် အိမ်တွင် ကျွန်ုပ်တို့ကသာ ကျန်ခဲ့ရတော့သည်။ ထိုနည်းဖြင့် (၂)ရက်တာမျှ ဖြတ်သန်းခဲ့ရပြီး နောက်တစ်နေ့တွင်တော့ အစ်မ၏ သမီးအကြီးမက ကျောင်းပိတ်၍ ကျောင်းမသွားဖြစ်ပါ။ ထိုအခါ ကျွန်ုပ်၏ဇနီးက ရွာထဲသို့ လျှောက်ကြည့်ချင်သည်ဟုဆိုကာ အစ်မ၏ သမီးအကြီးမနဲ့အတူ ထွက်သွားကြသည်။ အိမ်တွင် ကျွန်ုပ်တို့မောင်နှမနှစ်ယောက်သာ ကျန်ခဲ့ကြသည်။

အစ်မက 'ဒီမှာ ငါ့မောင်ရေ၊ ငါ့မောင်ကို အစ်မ စကားတစ်ခွန်း ပြောချင်တယ်'ဟု ပြောလာပါသည်။

ကျွန်ုပ်က-

'ဘာများပြောမှာလဲ အစ်မရယ်၊ ပြောစရာရှိ ပြောစမ်းပါ။ စကားဦးသန်းမနေပါနဲ့'

ဟု ပြောလိုက်ရာ-

'အဲ..အဲဒါ မပြောခင် အစ်မရဲ့ သားအလတ်က သူ့အဖေနဲ့ သူ့အစ်မတို့ မရှိစဉ် အစ်မလည်း ရွာထဲ ခဏသွားပြီး ဈေးဝယ်နေစဉ်မှာ ရေကန်ထဲ ဝင်ဆော့ရင်း သေခဲ့ရတယ်နော်'

'အေးလေ၊ အစ်မကလည်း အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်လဲဆိုတော့ အဲဒီသေသွားတဲ့ အစ်မရဲ့သားက ငါ့မောင်ရဲ့သားနဲ့ အတော်ကို တူနေတယ်လေ'

'တူတော့'

'တူတော့ သေသွားတဲ့ အစ်မရဲ့သားကိုယ်စား ငါ့မောင်ရဲ့သားကို အပြီးအပိုင် မွေးစားချင်လို့'ဟု ပြောလာတော့သည်။

ထိုအခါ ကျွန်ုပ်က-

'ဟာ..မဖြစ်နိုင်တာဘဲ အစ်မရာ'

ဟု ပြောလိုက်လျှင် အစ်မက-

'မဖြစ်နိုင်ဘူး မလုပ်နဲ့။ ဒီကိစ္စအတွက် အစ်မတို့လင်မယား နှစ်ယောက်စလုံး တိုင်ပင်ပြီးပြီ။ သူကတော့ ဘယ်ပြောရဲမလဲ။ အစ်မကတော့ မောင်နှမတွေဆိုတော့ ပြောရဲလို့ ပြောတာပေါ့'ဟု ပြောလေသည်။

ကျွန်ုပ်မှာတော့ ဘေးကျပ်နံကျပ်ဖြင့် အတော်ကလေး အကြံအိုက်သွားခဲ့ရပါတော့သည်။

ကျွန်ုပ် ဘာမှမပြောနိုင်ခင် အစ်မက-

'ပေးခဲ့ပါ ငါ့မောင်ရယ်။ အစ်မတို့ လိုလေသေးမရှိအောင် ပြုစုပျိုးထောင်ပေးမှာပါ။ ပြီးတော့ အစ်မရဲ့သားကလည်း ဒီအိမ်ကို အတော့်ကို ပြန်လာချင်နေတာ။ ပြန်လာချင်လွန်းလို့တောင် အိပ်မက်တွေဘာတွေ လာပေးတဲ့အထိပဲ'ဟု ပြောလာသည်။

ကျွန်ုပ်က-

'ဘယ်လိုများ လာပေးတာလဲ အစ်မရယ်'

'သြော်..သူက လောလောဆယ် ပြန်လာလို့မရသေးဘူးတဲ့။ မကြာခင်တော့ ပြန်လာမယ်တဲ့။ ဒါကြောင့်မို့ အစ်မမှာတော့လေ သူဝတ်စားထားတဲ့ အဝတ်အစားတွေကိုတောင် သူများကို မပေးရက်ဘူး။ ဒီအတိုင်း သိမ်းထားတာ ခုထိပဲ။ အစ်မရဲ့ ယောက်ျားကတော့ ပြောပါရဲ့ အဲဒီအဝတ်အစားတွေကို သူများ ပေးပစ်လိုက်ပါတဲ့။ ကုသိုလ်ရတယ်တဲ့။ ဒီအဝတ်အစားကြီးရှိနေရင် မြင်ရတိုင်း ခံစားရမယ်ဆိုပြီး ပြောပေမယ့် အစ်မကတော့ ဘယ်သူ့ကိုမှ မပေးနိုင်ခဲ့တာ ခုထိပဲ။

ဒီထက်ဆိုးတာက သူဟာ ဒီအိမ်နဲ့ ဒီမိသားစုကို ဘယ်အထိ စွဲလမ်းနေလဲဆိုတော့ တစ်ခါတစ်ရံ ညအခါ



www.burmeseclassic.com

www.burmeseclassic.com

များမှာဆိုရင် အဲဒီအုတ်ကန့်မှာ တဖွမ်းဖွမ်းနဲ့ လူတစ်ယောက် ရေထဲဆင်းပြီး လှုပ်ခတ်နေတဲ့အသံလိုမျိုး လုပ်ပြတယ်။ ဆင်းပြီး သွားကြည့်တော့ ဘာမှမတွေ့ရဘူး။ အဲဒါမျိုး လှုပ်ခတ်ပြတာ နှစ်ခါ သုံးခါရှိပြီ။ တစ်ခါတစ်ရံများဆိုရင် အဲဒီအုတ်ကန့်တစ်လျှောက်မှာ မှုန်ဝါးဝါးနဲ့ ကိုယ်ထင်လာပြတာမျိုးတောင် ရှိတယ် ငါ့မောင်ရဲ့'

ဟု ပြောလာရာ ကျွန်ုပ်က-

'အစ်မတို့ကလည်း သူ့အတွက် ဘာမှလုပ်မပေးဘူးလား'

'လုပ်ပေးပါသော်ကော ငါ့မောင်ရယ်၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ။ သူ့အစွဲအလမ်းက များနေလို့လား ဘာလားတော့ မသိဘူး၊ ခုထိရှိနေသေးတယ်လို့ ပြောရမယ်။ ဘာပဲဖြစ်ဖြစ် အစ်မအထင်ကတော့ သူ ပြန်မလာနိုင်သေးခင် သူ့ရဲ့ကိုယ်စား အစုလိုပဲ ကြံဖန်ပြီး ငါ့မောင်ရဲ့သားကို ဦးစွာစေလွှတ်လိုက်လေသလားလို့တောင် ထင်မိရတယ်' ဟု ထင်မိထင်ရာ ပြောမိပြောရာ ပြောလာလေတော့သည်။

ကျွန်ုပ်မှာလည်း-

'အစ်မရယ်··ကျွန်တော်က ပေးချင်တယ်ပဲထားဦး၊ ကျွန်တော့်ရဲ့မိန်းမနဲ့ သမီးအငယ်မက ရှိသေးတယ်။ ပြီးတော့ ကာယကံရှင်က ပိုပြီးအရေးကြီးတယ်'

ဟု ပြောလိုက်ရာ-

'အဲဒီကာယကံရှင် သားငယ်အတွက်ကတော့ မပူနဲ့။ အစ်မတို့ ရအောင် စည်းရုံးပြမယ်' ဟု ပြောလာပါတော့သည်။

ကျွန်ုပ်မှာတော့ အစ်မ၏အိမ်ကို လာမိတာ မှားလေပြီလားဟု မတွေးကောင်းတွေးကောင်း တွေးမိသည်အထိ ဖြစ်လာရတော့သည်။

ထိုအချိန်တွင် ကျွန်ုပ်၏ မိသားစုများက ရွာထဲသွားနေရာမှ ပြန်ရောက်လာ၍ တော်သေးသည်ဟု မှတ်ယူလိုက်ရတော့သည်။

နေအတော်လေး စောင်းသောအခါ ယောက်ဖဖြစ်သူလည်း ပြန်ရောက်လာသည်။ ညစာကို အတူစားဖြစ်ကြပြီး ညရောက်သောအခါ ကျွန်ုပ်၏အစ်မက နေ့ခင်းကကိစ္စကို မိသားစုအားလုံးရှေ့သို့ ချပြဆွေးနွေးလာတော့သည်။ ကျွန်ုပ်ကတော့ ဘာမှပြောမထွက်သော်လည်း ကျွန်ုပ်၏ ဇနီးနဲ့ သမီးတို့ကတော့ သဘောမတူကြပါ။ သဘောမတူသော်လည်း စကားများရသည်အထိတော့ ဖြစ်မလာကြပါ။

အစ်မက ကျွန်ုပ်၏သားအား 'သားသား··ဒီအိမ်မှာ တီတီတို့နဲ့ တစ်သက်လုံး လာနေနော်' ဟုပြောလိုက်ရာ ကျွန်ုပ်၏သားမှာ ခေါင်းတခါခါဖြင့် သူ့မိခင်ဆီ ပြေးကပ်တော့သည်။

ထိုအခါ အစ်မက အိမ်ခန်းထဲ ဝင်သွားပြီး ပြန်ထွက်လာသောအခါ အဝတ်အစားအချို့နဲ့ ကစားစရာပစ္စည်းတော်တော်များများကို ယူလာ၏။

ထိုအဝတ်အစားများနှင့် ကစားစရာအရုပ်များကို သားအား ပြရင်း-

'ဒီမှာကြည့်စမ်း သားသား၊ သားသားကသာ ဒီမှာနေမယ်ဆိုရင် ဒီအဝတ်အစားတွေ အားလုံးပေးမယ်။ နောက်ထပ်လည်း ဝယ်ပေးဦးမယ်။ ပြီးတော့ ဒီကစားစရာအရုပ်တွေကိုလည်း ပေးမယ်' ဟု ပြောဆိုစည်းရုံးပါလေတော့သည်။

ထိုအဝတ်အစားများနှင့် ကလေးကစားစရာများမှာ အစ်မ၏သား မသေဆုံးခင်က ဝတ်စားဆော့ကစားခဲ့သောပစ္စည်းတွေဖြစ်မှန်း ကျွန်ုပ် ကောင်းစွာရိပ်မိပါသည်။ အဝတ်အစားများမှာ ကျွန်ုပ်၏သား ဝတ်စားသော အရွယ်လေးတွေပင် ဖြစ်နေ၏။ ထိုအခါ ကျွန်ုပ်၏သားမှာ အဝတ်အစားနဲ့ ကစားစရာများကို စိတ်ဝင်စားဟန်တော့ပြ၏။

စိတ်ဝင်စားသလိုဖြစ်နေသော သားအား ကြည့်ပြီး ကျွန်ုပ်၏ အစ်မက-

'ဘယ်လိုလဲ သားသားရဲ့၊ ဒီပစ္စည်းနဲ့ အဝတ်အစားတွေကို မလိုချင်ဘူးလား' ဟု မေးရာ လိုချင်ကြောင်း ခေါင်းညိတ်ပြတော့သည်။

ထိုအခါ အစ်မက-

'လိုချင်ရင် ဒီမှာ နေရမယ်။ နေရင် ထပ်ပြီးမှလည်း ဝယ်ပေးဦးမယ်' ဟု ပြောသောအခါ ကျွန်ုပ်၏ သားက ဘာမှပြန်မပြောတော့ပါ။

ကျွန်ုပ်၏ယောက်ဖကပါ ဝင်ပြီး စည်းရုံးပြသော်လည်း သားတော်မောင်ကတော့ ပစ္စည်းကိုသာ လိုချင်ပုံပေါက်ပြီး တစ်သက်လုံး နေလိုဟန်ကတော့ မပြပါ။ ကျွန်ုပ်၏ စိတ်ထဲမှာတော့ တော်သေးသည်ဟု တွေးမိနေသေးသည်။

www.burmeseclassic.com

သို့ဖြင့် ထိုနေ့ ညတွင် ခပ်စောစောလေး အိပ်ရာဝင်ဖြစ်ခဲ့ကြပါသည်။ ညသန်းခေါင်လောက် ရောက်သောအခါ သားတော်မောင်က လန့်ပြီး ထငိုပါတော့သည်။ ဘာဖြစ်တာလဲဟု မေးသော်လည်း ဖြစ်ခဲ့သည့် အကြောင်းအရာကို မပြော။ ပြန်မယ်··ပြန်မယ်နဲ့ပြောပြီးမှသာ ငိုပြနေတော့သည်။

ကျွန်ုပ်၏သားမှာ ယခုကဲ့သို့ ညဉ့်နက်သန်းခေါင်လောက်တွင်ထပြီး ငိုလေ့ငိုထ မရှိပါ။ အိပ်ပြီဆိုသည်နှင့် ကုလားသေကုလားမော အိပ်၏။ မိုးလင်းမှသာ အိပ်ရာကနိုးတော့သည်။ ယခုမှ မည်သို့ဖြစ်သည်မသိ၊ ချော့မော့ပြီး ပြန်သိပ်သောအခါ အိပ်သွားပြန်သည်။ သို့သော် သိပ်ပြီး မကြာလှဟု ထငိုပါသည်။ လန့်ဖျပ်သလိုဖြစ်ပြီး ထထိုင်ကာ ငိုပြန်၏။ ဝိုင်းပြီးမေးကြသောအခါ ပြန်မယ်ချည်းသာ ပြောနေပြန်၏။ အော်ဟစ်ငိုယိုသည်မှာ ပထမတစ်ခေါက်ထက် ဆိုး၏။ အတော်လေးကိုချော့ပြီး ပြန်သိပ်ရ၏။

နောက်တစ်နေ့ည ဆက်အိပ်ပြန်သောအခါ ပထမညကထက်ပင် ဆိုး၏။ တစ်ညတည်း သုံးခါ၊ လေးခါလောက် လန့်ဖျပ်သလိုဖြစ်ပြီး ထကာငို၏။ ကိုးအိမ်ကြားဆယ်အိမ်ကြားသည်အထိ နားမခံသာအောင် အော်ဟစ်ငို၏။ ဝိုင်းပြီး မေးပြန်လျှင်လည်း ယခင်အတိုင်း ပြန်မယ်ချည်းသာ ပြောနေ၏။

ကလေးမှာ အော်ငိုရလွန်း၍ အသံများပင် ဝင်သလိုဖြစ်လာရတော့သည်။

သို့ဖြင့် ကျွန်ုပ်မိသားစုမှာ ပြန်ဖို့ရက် မပြည့်သေးပါဘဲနှင့် မိမိတို့ တာဝန်ကျရာမြို့သို့ ပြန်ရန် စီစဉ်ရပါတော့သည်။ ဒီအခါမှာတော့ ယောက်ဖဖြစ်သူ၏ လိုင်းစက်လှေဖြင့် ကြုံ၍ အတော်ဖြစ်ရတော့သည်။ အစ်မကတော့ ပြန်စေချင်သေးပုံ မပေါ်ပါ။

'မောင်လေးကလည်း ခွင့်ရက်ပြည့်မှပြန်ပေါ့။ မောင်နှမတွေ ခုမှ ပြန်တွေ့ကြရတဲ့ဥစ္စာ'ဟု ပြောပါသည်။

'မောင်လေးလည်း နေချင်ပါသေးတယ်။ ဒါပေမဲ့ သားက အလန့်တကြားနဲ့ ငိုနေတော့ ခက်တယ်'

'အမယ်လေး··ငိုတော့လည်း ချော့သိပ်လိုက်ရုံပေါ့'

'မမကလည်း··ဘေးပတ်ဝန်းကျင်အိမ်ကလည်း ရှိသေးတယ်လေ။ အားနာစရာ ဖြစ်ရတာပေါ့'

'ဘာမှအားနာစရာ မရှိပါဘူး။ ဒီနားမှာက ကိုအုန်းလွင်ရဲ့ အမျိုးတွေချည်းပါပဲ။ သူတို့ကလေးတွေလည်း တစ်ခါတစ်ရံ အဲလို ငိုကြတာပါပဲ။ ရိုးနေပြီ'

'ဘာပဲဖြစ်ဖြစ်ပေါ့ အစ်မရယ်၊ လောလောဆယ်တော့ ပြန်လိုက်ဦးမယ်။ ခုဆိုရင် ဘယ်လောက်မှ မဝေးတော့တာတဲ့။ နောက်ဆို မကြာခဏ လာလည်မှာပေါ့။ ဟိုမှာလည်း ခုမှရောက်လာခါစဆိုတော့ သိပ်ပြီးအထိုင်ကမကျသေးလို့ပါ။ ဪ··ဒါနဲ့ အစ်မကို မောင်လေး တစ်ခုတော့ အကြံပြုချင်ပါတယ်'

'ပြုပါ၊ ပြုပါ။ ဘာအကြံများ ပြုခဲ့ချင်တာလဲ'

'ဒီလိုပါ မမ၊ သေသွားတဲ့ မမသားရဲ့ အဝတ်အစားတွေကို ရောင်းလို့ရတာတွေကိုရောင်းပြီး ရတဲ့ငွေနဲ့ ဆွမ်းချက်ပြီး ဘုန်းကြီးကျောင်းကို ပို့စေချင်တယ်။ ရောင်းမရတဲ့ ပစ္စည်းတွေကိုတော့ ရေထဲ မျှောပစ်စေချင်တယ်။ ဟုတ်တယ်လေ။ မမရဲ့သား ပြန်လာသည်ပဲထား၊ ဒီအဝတ်အစားကို သူ ဘယ်ဝတ်လို့ရမှာလဲ။ ဒီတော့ ရောင်းပြီး သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပေးခြင်းက ပိုပြီး အဓိပ္ပာယ်ရှိတယ် မမရဲ့'ဟု ပြောလိုက်သောအခါ အစ်မက ဘာမှတော့ ပြန်မပြောပါ။

အတန်ကြာမှ 'ကဲ··ကဲ··သွားဖို့လုပ်တော့။ လိုင်းစက်လှေက အချိန်နဲ့ ထွက်ရတာ'ဟု ပြောပါသည်။

ကျွန်ုပ်တို့ မိသားစုများအား စက်လှေပေါ် ရောက်



www.burmeseclassic.com

သည်အထိ အစ်မတို့ သားအမိများက လိုက်ပို့ပါသည်။ စက်လှေ ထွက်သောအခါ အစ်မက လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ရသလို ကျွန်ုပ်တို့မှာလည်း လက်ပြနှုတ်ဆက်ရင်း ထွက်ခွာခဲ့ကြရပါတော့သည်။

လိုင်းစက်လှေမှာ တဖြည်းဖြည်းချင်း တစ်ရွာဝင် တစ်ရွာထွက်ဖြင့် စုန်ဆင်းလာခဲ့ရာ ကျွန်ုပ် တာဝန်ထမ်းဆောင်ရာမြို့ကို ရောက်ခဲ့ရတော့သည်။ ထိုအခါ ကျွန်ုပ်တို့ မိသားစုက ဆင်းပြီး ကျန်ရစ်ခဲ့ကြပါသည်။

အိမ်သို့ ရောက်သောအခါ ကျွန်ုပ်၏ဇနီးက သားငယ်အား-

'သားကြောင့် အမေတို့ မပြန်ချင်သေးဘဲ ပြန်လာကြရတယ်'

ဟု ပြောလိုက်ရာ သားက-

'မေမေ ဘာသိလို့လဲ။ အဲဒီမှာ သားသားက ညအိပ်ပြီဆိုတာနဲ့ သားသားလောက်အရွယ်ရှိတဲ့ လူတစ်ယောက်က သားသားကို လာပြီးထိုးတယ်၊ ကြိတ်တယ် မေမေရဲ့။ ပြီးတော့ သားသားရဲ့ပေါင်ကိုလည်း ဆွဲလိုက်တယ် မေမေရဲ့။ အဲဒါကြောင့် သားသားက အဲဒီမှာ မနေချင်တော့တာနဲ့ ပြန်မယ်၊ ပြန်မယ်လို့ ပြောခဲ့ရတာ'ဟု ပြောပါသည်။

ကျွန်ုပ် ဇနီးက-

'သားသားကလည်း··သူက လာပြီး ထိုးကြိတ်ကိုက်ဆွဲတော့ သားသားလည်းပြန်ပြီး ထိုးကြိတ်ကိုက်ဆွဲလုပ်ပေါ့။ ဘာကြောက်စရာရှိလဲ။ သားသားက ယောကျ်ားမဟုတ်ဘူးလား'

'သားသားက ယောကျ်ားပါ။ သူ့ကိုလည်း ကြောက်စရာ မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ ခက်နေတာက သူထိုးကြိတ်ကိုက်ဆွဲတာကိုပဲ သားသားက ခံနေရတာပါ။ သားသားကနေပြီး သူ့ကိုပြန်ပြီး ထိုးကြိတ်ကန်ကျောက် လုပ်တာမျိုးကျတော့ သူ့ကိုသွားပြီး ထိပုံမပေါ်ဘူး။ သူက ဘာမှမဖြစ်ဘူး။ သူ့ကိုထိုးရတာ လေထဲကို ထိုးနေရသလိုပဲ။ ဒါကြောင့် ကြောက်လန့်လာပြီး ထအော်ရတော့တာပေါ့။ မေမေတို့က ဘာဖြစ်တာလဲမေးတော့ သားသားက ဘယ်လိုပြန်ဖြေရမယ်မှန်းကို မသိတော့ပါဘူး။ အဲဒါကြောင့် သားသား ပြန်မဖြေခဲ့တာပါ။ သူက သူ့ရဲ့ ပစ္စည်းတွေကို လုံးဝမယူနဲ့တဲ့။ ယူရင် အသေသတ်မယ်တဲ့။ ဘာပစ္စည်းတွေမှန်း သားသားမသိပါဘူး။ သားသားလည်း သူ့ပစ္စည်းတွေ သွားမယူရပါဘဲနဲ့ သားသားကို သက်သက်မဲ့လာပြီး ရန်ရှာနေတာ။ အဲဒါကြောင့် သားသားက မနေချင်တော့ဘဲ ပြန်မယ်ချည်း ပြောခဲ့ရတာပေါ့'ဟု ရှည်လျားစွာ ရှင်းပြတော့သည်။

ထိုအခါကျမှ ကျွန်ုပ်တို့လင်မယားနှစ်ယောက် ထိုကဲ့သို့ဖြစ်ရသည့် အကြောင်းရင်းကို ကောင်းစွာသဘောပေါက်မိကြရပါတော့သည်။

အစ်မ၏အိမ်သို့ရောက်ပြီး ပထမနှစ်ညအိပ်ခဲ့ရာ ဘာမှမထူးခဲ့ပါ။ တတိယမြောက် အိပ်ရမည့်ညတွင်မှ အစ်မက သူ့သားပိုင် ဥစ္စာပစ္စည်းများကို ကျွန်ုပ်၏သားအား ပေးမည်ဟု ပြောဆိုစည်းရုံးမိသောည ရောက်ခဲ့ကာမှ ထိုကဲ့သို့ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

သို့ဆိုလျှင် သေဆုံးသွားခဲ့ရပြီဖြစ်သော အစ်မ၏သားသည် သူပိုင်ဥစ္စာပစ္စည်းများကို စွဲလမ်းမိရာက မကျွတ်မလွတ်သော ပရလောကသားထဲသို့ ရောက်ရှိသွားရသည်ဟု ပြောရပေတော့မည်။ ပရလောကသားဘဝထဲ ရောက်သွားရပြီးသည့်တိုင် မသေခင်က သူပိုင်ခဲ့သော ဥစ္စာပစ္စည်းများကို တစ်ပါးသူ၏လက်ထဲ ရောက်မသွားစေရန် ကာကွယ်စောင့်ရှောက်နေသေးမှန်း သိသာထင်ရှားနေပါတော့သည်။

နောက်ထပ်(၆)လလောက် ကြာသောအခါ သူတို့၏သား ပိုင်ဆိုင်ခဲ့သော ဥစ္စာပစ္စည်းများကို ရောင်းချပြီး ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ အမျှပေးဝေခြင်း၊ ရောင်းမရသော ပစ္စည်းများကို ရေထဲသို့မျှောပေးခြင်းဖြင့် ပြုလုပ်ခဲ့ရာ ယခုအခါမှာတော့ ယခင်ကလို အသံပေးခြင်း၊ ကိုယ်ထင်ပြခြင်းများ မရှိတော့ကြောင်း၊ ကျွတ်လွတ်သွားပြီဟု ထင်ရကြောင်း ရွှေယောက်ဖဆီကတစ်ဆင့် ကြားသိရပါတော့သည်။

မည်သို့ပင်ဖြစ်ခဲ့စေကာမူ အစ်မ၏သားမှာ မကျွတ်မလွတ်ဘဲ ပရလောကသားထဲ ရှိနေစဉ်အတွင်းမှာတော့ သူပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်နေခဲ့သည်ဟု ပြောဆိုရတော့မည် ဖြစ်ပါသည်။

သတ္တဝါအားလုံး စွဲလမ်းစိတ်မှ ကျော်လွှားလွန်မြောက်နိုင်ကြပါစေ။

ချစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

# သာဝရငွေပဒေသာပင်များလှူဒါန်းနိုင်ပါသည်


မစိုးရိမ်ဆရာတော်ကြီး


မင်းကွန်းဆရာတော်ကြီး


ပြည်ဆရာတော်ကြီး

ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသာနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာနာတော်ထွန်းကားရေးအသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊

(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀/- ကျပ်တန် တစ်ပင်နှင့်အထက် )၊

(၃) စာအောင်ဆုနှင်း အလှူတော်ငွေ

(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ

(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လှူပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ်မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-(ရုံး) ၀၉-၃၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၃၄၄၃၇၊



www.burmeseclassic.com

www.burmeseclassic.com




ဦးအေးမြင့်က သကြားစက်ဝန်ထမ်းတစ်ဦး ဖြစ်သည်။ သကြားစက်တွင် တာဝန်ထမ်းဆောင်နေခဲ့စဉ် ကာလတွင် သကြားစက်ဝင်းထဲရှိ ဝန်ထမ်းအိမ်ရာတွင် အိမ်တစ်လုံး ရရှိခဲ့ကာ မကြောင့်မကြ နေထိုင်နိုင်ခဲ့လေသည်။ သူ့ မိသားစုတွင် သားသမီးသုံးယောက်နှင့် ဦးအေးမြင့်တို့ ဇနီးမောင်နှံ နှစ်ယောက်ပါနှင့်ဆိုလျှင် မိသားစု ငါးယောက် အေးအေးဆေးဆေး နေထိုင်ခဲ့ရလေသည်။

'ဟင် . .ဦးဘမောင်၊ အလုပ်က အနားယူတော့မယ် ဆို၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

‘ဟုတ်ပါတယ်ဗျာ ဦးအေးမြင့်ရာ။ ကျုပ်အသက်က ခြောက်ဆယ်ပြည့်တော့မယ်လေဗျာ။ ဒါကြောင့် သက်ပြည့်ပင်စင်ယူပြီး အလုပ်က နားရတော့မှာဗျ။ ဒါပေမဲ့ ဦးအေးမြင့်ရာ၊ ကျုပ် အလုပ်က အနားယူခဲ့ရင် အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်နေရတယ်ဗျာ’

‘ဟင်··ဘာအခက်အခဲများလဲဗျာ။ ပြောပါဦး။ ဝိုင်းဝန်းကူညီပေးတန် ကူညီပေးနိုင်တာပေါ့ ဦးဘမောင်ရာ’

‘ကျုပ်ကြုံတွေ့နေရတဲ့ အခက်အခဲက တောင်မင်းမြောက်မင်း မကယ်နိုင်တဲ့ အဖြစ်မျိုးဗျ’

‘ဘယ်လိုအခက်အခဲများလဲဗျာ။ ပြောပြမှ သိရမှာပါ’

‘ဒီလိုလေဗျာ။ ကျုပ်တို့ ဝန်ထမ်းဘဝက အလုပ်အကိုင် တာဝန်ထမ်းဆောင်နေရချိန်မှာ ပုံမှန်လစာနဲ့ နေစရာ အိမ်လည်း နေခွင့်ပေးထားခဲ့တော့ အဆင်ပြေနေပေမယ့် ပင်စင်ယူပြီး နားရပြီဆိုတာနဲ့ ပင်စင်ကရတဲ့ လစာကလည်း နည်းပြီး နေခွင့်ပေးထားတဲ့ အိမ်ကိုလည်း ပြန်သိမ်းပြီး နေခွင့်မပေးတော့ဘူးလေဗျာ’

‘အင်း··အဲဒါတော့ ဟုတ်တယ်ဗျ။ လက်ရှိတာဝန်ထမ်းနေတဲ့ ဝန်ထမ်းအိမ်ရာ မရသေးတဲ့သူတွေကို နေစရာအိမ် ပေးရမှာကိုးဗျ’

‘ဒီတော့ဗျာ··ကျုပ် ဝန်ထမ်းဘဝတစ်လျှောက်မှာ နေခွင့်ရတဲ့အိမ်မှာ မိသားစု မပူမပင် မကြောင့်မကြနဲ့ နေလာခဲ့ကြတာဗျ။ ကြိုကြိုတင်တင် စုဆောင်းထားဖို့လည်း သတိမရခဲ့၊ ပင်စင်ယူပြီးရင် သကြားစက်က ပေးထားတဲ့ အိမ်မှာ နေခွင့်မရတော့မှာမို့ အပြင်မှာ နေစရာအိမ်တစ်လုံးလုံးကို ဝယ်တာတို့၊ မြေကွက်ကလေး ဝယ်ဆောက်တာတို့ ကြိုတင်ပြီး မလုပ်ထားနိုင်ခဲ့တော့ အခုလို အနားယူပြီးတဲ့အချိန်မှာ သကြားစက်ဝင်းထဲက ထွက်ပေးရတော့မှာဆိုတော့ ဘယ်မှာသွားနေရမယ်ဆိုတာ စဉ်းစားမရအောင် ခက်ခဲနေခဲ့ရတော့တာပဲဗျာ’

‘အေးပေါ့လေ၊ ဘယ်သူမပြု မိမိမှုဆိုသလိုပဲ မဖြစ်မနေပြောင်းပေးရတော့မယ်ဆိုရင်တော့ အသင့်အတင့်ရှိတဲ့ အိမ်လေးတစ်လုံး ငှားနေရတော့မှာပေါ့ ဦးဘမောင်ရာ။ နောက်မှ ငွေလေးဘာလေးစုဆောင်းပြီး မြေကွက်ကလေးဝယ်ပြီး ကိုယ်ပိုင်အိမ် ဆောက်နိုင်အောင် ကြိုးစားရရုံပဲ ရှိတော့တာပေါ့ဗျာ’

ဦးအောင်မြင့်မှာ အလုပ်မှ သက်ပြည့်ပင်စင်နှင့် နားရတော့မည့် ဦးဘမောင်၏ အခက်အခဲကို သိခဲ့ရကာ စိတ်မကောင်း ဖြစ်မိခဲ့ရလေသည်။ ဝန်ထမ်းအချင်းချင်း ဖြစ်၍ အကူအညီပေးရအောင်ကလည်း သူရသည့်လစာနှင့် သူ့မိသားစု ကုန်ကျစရိတ်တို့မှာ လုံးချာလည်လိုက်နေလေသည်။ ထို့ကြောင့် ဦးဘမောင်တွင် ကြုံတွေ့နေရသော စိတ်ညစ်စရာ ခက်ခဲနေမှုကို မိမိဉာဏ်မီသလောက် အိမ်ငှားနေရန် အကြံပေး ကူညီခဲ့လေသည်။

‘ဩော်··ငါလည်း ဦးဘမောင်လို သကြားစက် ဝန်ထမ်းတစ်ယောက်ပဲလေ။ အလုပ်က သက်ပြည့်ပင်စင်ယူခဲ့ရရင် ငါလည်း ဒီအိမ်က ဖယ်ရှားပြီး သကြားစက်ဝင်းထဲက ထွက်ပေးရမှာပါလား။ ဒီလိုထွက်ပေးရရင် ငါ့မှာ ကြိုတင်စီမံထားတာမရှိခဲ့ရင် ဦးဘမောင်တို့ မိသားစုလို အခက်အခဲနဲ့ တွေ့လာရမှာပါလား’

ဦးအေးမြင့်လည်း ဦးဘမောင်၏အဖြစ်ကို သိမြင်လာခဲ့ရကာ သူကိုယ်တိုင် ပင်စင်ယူ အနားယူသည့်အချိန်တွင် နေစရာမြေကွက်နှင့် အိမ်ကလေးတစ်လုံးတော့ ရှိထားအောင် ကြိုတင်ဆောင်ရွက်ထားရမည်ဟု တွေးမိလာခဲ့လေသည်။

ဝန်ထမ်းတချို့က မိမိတို့ အလုပ်တာဝန်ထမ်းဆောင်နေရချိန်တွင် စားဟယ်သောက်ဟယ်နှင့် ပျော်ပျော်ပင် နေလာခဲ့ကြသည်။ နောင်ရေးကို မတွေးကြ။ ရှေ့ဆက်ပြီး ကြုံတွေ့လာမည့် အခက်အခဲတို့ကို ဘယ်လိုရင်ဆိုင်ရမည်ကို မမျှော်မှန်းခဲ့ကြပေ။ လက်ရှိဘဝအခြေအနေမှာပင် သာယာနေခဲ့ကြသည်။ တကယ်တမ်း ပင်စင်ယူခဲ့ကြရပြီဆိုသောအခါ နေစရာမရှိ၊ စားစရာမရှိ၊ ရင်နှီးစရာနတ္ထိနှင့် ဒုက္ခလှလှကြီး တွေ့ခဲ့ကြရတော့သည်။ တချို့မှာ ထိုစိတ်ဖိစီးမှုဒဏ်ကြောင့်ပင် လူ့လောကမှ ဆောလျင်စွာ စွန့်ခွာသွားခဲ့ကြရတော့သည်။ ကျန်ရစ်သူ မိသားစုတို့မှာလည်း ဘဝပျက်ကြရတော့သည်။

ဩော်··ငါတို့ သကြားစက်ဝန်ထမ်းတွေထဲက ပင်စင်ယူပြီး အနားယူကြတဲ့အခါ ကြိုကြိုတင်တင်နှင့် စီမံထားသူတွေအဖို့ အခက်အခဲမရှိ ဘဝကို ဆက်လက်ရှင်သန်နိုင်ကြပေမယ့် ကြိုတင်စီမံမထားသူတွေအဖို့တော့ ဒုက္ခတွေ ပင်လယ်ဝေခဲ့ကြရတာပါလား။

ငါကတော့ အဲဒီလိုဒုက္ခတွေ မကြုံရအောင် အခု

www.burmeseclassic.com

ပင်စင်မယူရသေးတဲ့ ကျန်ရှိတဲ့အချိန်မှာ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါလား။ ပွဲမဝင်မီ အပြင်က ကျင်းပရတော့မှာပဲလေ။

ဦးအေးမြင့်က သူ့ အလုပ်မှ အနားယူပြီး ပင်စင်ဖြင့် အငြိမ်းစားယူမည့်အချိန်တွင် ဒုက္ခများနှင့် မကြုံတွေ့ရစေရန် ကြိုတင်ပြင်ဆင်ထားနိုင်ရန် မျှော်မှန်းထားမိလေသည်။

◆◆◆

'ကဲ··မိသားစုစုံစုံလင်လင် ရှိနေတုန်းမှာ အဖေတို့မိသားစု အခြေအပျက် ဆက်လက်ရပ်တည်သွားနိုင်ကြရအောင် တိုင်ပင်ကြရအောင်ဟေ့'

'အဖေကြီးက ဘာတွေဖြစ်စေချင်တာလဲရှင်။ ပြောပါဦး'

'ဒီလိုကွ။ အခု ငါတို့မိသားစု နေထိုင်ခွင့်ရထားတဲ့အိမ်ဟာ နိုင်ငံတော်ပိုင် သကြားစက်ဝင်းထဲက အစိုးရပိုင်အိမ်ပဲလေ။ အလုပ်တာဝန် ရှိနေစဉ်ကာလမှာ နေထိုင်ခွင့်ပေးထားခဲ့ပေမယ့် အပြီးအပိုင်နေခွင့်ပေးထားတာ မဟုတ်ဘူး။ ပင်စင်ယူပြီး အလုပ်က နားသွားတာနဲ့ ဒီအိမ်ကဖယ်ရှားပေးရတော့မှာပဲ။ အဲဒီလိုဖယ်ရှားပေးခဲ့ရရင် အပြင်မှာ ငါတို့မိသားစု နေထိုင်စရာအိမ်၊ ခြံတို့ရှိနေဖို့ လိုအပ်လာလိမ့်မယ်။ ဒီလိုတွေ ကြိုတင်မပြင်ဆင်ခဲ့ကြတဲ့ ဝန်ထမ်းတွေ ဒုက္ခတွေနဲ့ ရင်ဆိုင်ကြရတာလည်း မြင်တွေ့ခဲ့ကြတာပဲ မဟုတ်လား။ ဒီတော့ကာ ပင်စင်မယူသေးမီကျန်နေတဲ့ ကာလမှာ လစာငွေထဲက တချို့တစ်ဝက်ကို ချွေတာဖို့စုဆောင်းပြီး ကိုယ်ပိုင်အိမ်ခြံကလေးတစ်လုံးကို ကြိုတင်ဝယ်ထားဖို့လိုလာပြီ။ ဒါမှ ပင်စင်ယူပြီးလို့ ဒီသကြားစက်ပိုင်အိမ်က ဖယ်ပေးရရင် တို့မိသားစု နေထိုင်စရာ အဆင်သင့်ရှိနေမှာပဲလေ'

'ဟုတ်တယ်လေ။ ဒါဆို ကျွန်မတို့ အစစအရာရာ မကုန်သင့်တာ မကုန်ရအောင် ခြိုးခြံချွေတာ သုံးစွဲကြရတော့မှာပေါ့လေ'

'သားတို့ သမီးတို့လည်း မလိုအပ်တာတွေ မဝယ်ကြနဲ့။ မဖြစ်မနေ ဝယ်ရမှာလောက်သာ ဝယ်ကြခြမ်းကြပေါ့ကွယ်'

ထိုကဲ့သို့ မိသားစုအားလုံး စိတ်တူကိုယ်တူနှင့် တိုင်ပင်ခဲ့ကြကာ ချွေတာသုံးစွဲခဲ့ကြသဖြင့် အိမ်ခြံကလေးတစ်ခြံ ဝယ်နိုင်လောက်သည့် အခြေအနေသို့ ရောက်ရှိခဲ့လေသည်။

သည်နေ့ အလုပ်ပိတ်ရက်ဖြစ်၍ မိမိတို့အတွက် သင့်တင့်သောအိမ်နှင့် ခြံကလေးတစ်ခြံ ရှာဖွေရန် ရပ်ကွက်ထဲသို့ ထွက်လာခဲ့လေသည်။

'အင်း··မြို့အလယ်မှာရှိနေတဲ့ ခြံတွေ၊ အိမ်တွေကတော့ ဈေးကြီးကြမှာဆိုတော့ ငါ့အဖို့ မစဉ်းစားနိုင်ဘူး။ ရပ်ကွက်တွေထဲမှာ လိုက်ပြီး ရှာဖွေကြည့်မှပဲ'

ဦးအေးမြင့်မှာ သူစုဆောင်းထားငွေနှင့် ဝယ်ယူနိုင်မည့် အိမ်ခြံအနေအထားကိုသာ ရှာနိုင်မည်ပင်။ ဘာပဲဖြစ်ဖြစ် ပင်စင်ထိုင်ပြီး နေစရာ ရှိထားခဲ့လျှင် မိသားစု ဟန်မပျက် နေသွားနိုင်ဖို့ကသာ အဓိကဖြစ်သည်။ နောက်ပိုင်းရောက်မှ အိမ်ပြန်ပြင်ဆောက်နိုင်လည်း ပြင်ဆောက်ရမည်။ မဆောက်နိုင်လျှင်လည်း ပြုပြင်တန်က ပြုပြင်ယူရမည်ဟု တွေးမိလေသည်။ သူ့အနေနှင့် အိမ်ငှားနေနိုင်ဖို့က မလွယ်ပေ။ အိမ်ငှားစရိတ်တွေက မြင့်တက်နေသဖြင့် ရမည့်ပင်စင်လစာက အိမ်ငှားစရိတ်နဲ့တင် ပြီးနေမည်ဆိုလျှင်-စားစရိတ်၊ သားရေးနာရေး၊ လူမှုရေးကိစ္စတွေအတွက် အခက်တွေ့ရမည်ကို ကြိုတွေးမိလေသည်။

'ဟာင်··ဦးအေးမြင့်၊ ဒီရပ်ကွက်ထဲ ဘာလိုက်လုပ်နေတာလဲဗျ'

'ဪ··အခြားမဟုတ်ပါဘူးဗျာ။ ကျုပ် အလုပ်က အနားယူရတဲ့အခါမှာ နေထိုင်စရာ ဈေးသင့်လျော်တဲ့အိမ်ကလေးတစ်လုံး ဝယ်ရအောင် လိုက်စုံစမ်းနေတာဗျ'

'အိုဗျာ··ဒါများ အိမ်ပွဲစားတွေဆီမှာ စုံစမ်းကြည့်ပါလားဗျ။ သူတို့ကတော့ ဘယ်ရပ်ကွက်၊ ဘယ်လမ်းထဲမှာ ရောင်းမယ့်အိမ်တွေ ရှိတယ်ဆိုတာ သိနေကြတာပဲလေဗျာ'

'ခင်ဗျားပြောသလို ပွဲစားနဲ့ မေးရင်တော့ ဖြစ်မှန်းကျုပ် မသိလို့ မဟုတ်ဘူးဗျို့။ အိမ်ပွဲစားနဲ့ စုံစမ်းလို့ဝယ်ဖြစ်ခဲ့ရင် ပွဲစားခပေးဖို့ မတတ်နိုင်လို့။ ကိုယ်တိုင်ပဲ အပင်ပန်းခံပြီး လိုက်စုံစမ်းနေရတာလေဗျာ'

'အေးလေ၊ ဒါလည်း ဟုတ်တာပါပဲ။ ပွဲစားနဲ့ ဆက်သွယ်ပြီး ဝယ်လို့ကတော့ ပွဲစားခ ပေးရတာဗျ။ အလကားမရဘူး မဟုတ်လားဗျာ။ ခင်ဗျား ဒီရပ်ကွက်ထဲ လိုက်စုံစမ်းလို့တော့ တွေ့မယ် မထင်ဘူးဗျ။ ဒီရပ်ကွက်ထဲက



www.burmeseclassic.com

www.burmeseclassic.com

အိမ်တွေက အိမ်ကြီးအိမ်ကောင်းတွေများနေတော့ ဈေးက ခေါင်ခိုက်နေမှာပဲလေဗျာ'

'ဟုတ်မှာပါပဲဗျာ။ ဒီရပ်ကွက်ထဲက မဟုတ်တောင် တခြားရပ်ကွက်ဘက်ကို ဆက်ရှာရမှာပဲဗျ။ တဖြည်းဖြည်းနဲ့ စိတ်ရှည်ရှည်ထားပြီး လိုက်ရှာခဲ့ရင်တော့ တစ်နေ့မဟုတ်တစ်နေ့ တစ်နေရာမဟုတ် တစ်နေရာရာမှာတော့ ဝယ်နိုင်မယ့်အိမ်တော့ တွေ့လာရမှာပဲပေါ့ဗျာ'

ဦးအေးမြင့်လည်း ထိုအသိမိတ်ဆွေအား နှုတ်ဆက်ကာ အိမ်ရှာဖွေစုံစမ်းရန် ဆက်ထွက်လာလေသည်။

'ဘယ်နှယ့်လဲ အဖေကြီး၊ အိမ်လိုက်ရှာတာ အဆင်ပြေရဲ့လား'

'မတွေ့သေးပါဘူးကွာ။ ဒါပေမဲ့ အချိန်တွေ ရှိပါသေးတယ်လေ။ တစ်နေ့နေ့တော့ တွေ့လာမှာပါပဲ'

တစ်နေ့တွင် အလုပ်ထဲမှ ဝန်ထမ်းတချို့နှင့် လက်ဖက်ရည်ဆိုင်တွင် သောက်နေကြရာမှ ဇေယျဝတီမြို့၏ မြောက်ပိုင်းရပ်ကွက်ထဲ၌ အိမ်တစ်လုံးရောင်းရန် ရှိနေကြောင်း ပြောလာသဖြင့် ထိုပြောလာသူနှင့် မေးစမ်းကြည့်မိခဲ့သည်။

'ကျုပ်ဗျာ အလုပ်နားခဲ့ရင် သကြားစက်ထဲကထွက်ပြီး နေသွားနိုင်ဖို့ အိမ်ခြံကလေးတစ်ခြံ လိုက်ရှာနေခဲ့တာ အတော်ကြာနေပြီဗျ။ တွေ့တော့ တွေ့ပါရဲ့ ဈေးကြီးမြင့်လို့ အနားမကပ်နိုင်ခဲ့ပါဘူးဗျာ'

'ဟုတ်လား။ ဈေးကြီးမြင့်နေတော့လည်း ကျုပ်တို့ ဝန်ထမ်းတွေ ဘယ်ဝယ်နိုင်မလဲဗျာ'

'အခု ကျွန်တော်ပြောတဲ့အိမ်နဲ့ ခြံကလေးက သင့်လျော်မယ်ထင်တယ်ဗျ။ အိမ်ကလေးက ပျဉ်ထောင်သွပ်မိုး အိမ်ကလေးပဲ။ ခြံကတော့ တော်တော်ကျယ်တယ်ဗျ။ ပင်စင်ယူပြီးလို့ အဲဒီအိမ်မှာ အဆင်သင့်တက်နေရုံပဲ။ ခြံကကျယ်ဝန်းတော့ ပန်းအလှပင်တွေပဲစိုက်စိုက် အိမ်မီးဖိုချောင်အတွက် ဟင်းသီးဟင်းရွက်ပင်တွေပဲစိုက်စိုက် ဝါသနာပါရင် စိုက်နိုင်မယ်ဗျ'

'ဒါနဲ့ အိမ်ဈေးကရောဗျ။ ဘယ်လောက်ဈေးခေါ်ထားသလဲဟင်'

'အဲဒါကတော့ ကျွန်တော် မသိသေးဘူးဗျ။ ဒါပေမဲ့ ဈေးကတော့ သိပ်များလှမယ် မထင်ပါဘူး။ ပိုသေချာအောင် ကျွန်တော်နဲ့ တစ်ရက်လောက် လိုက်လာပြီး ကိုယ်တိုင်စုံစမ်းကြည့်ပါလားဗျာ။ အိမ်အခြေအနေကိုပါ လေ့လာပြီးသား ဖြစ်တာပေါ့လေ'

ဦးအေးမြင့်ကလည်း နောက်နေ့ ရုံးဆင်းလျှင် အိမ်တွေ့ထားသူနှင့်အတူ လိုက်ပါလာကာ ဇေယျဝတီမြောက်ပိုင်းရပ်သို့ လိုက်လာခဲ့လေသည်။

'ဟောဟိုရှေ့က မြင်တွေ့နေရတဲ့ အိမ်ကလေးပဲဗျ'

'အိမ်ကလေးကတော့ ခပ်မြင့်မြင့်ကလေးနဲ့ သပ်သပ်ခတ်ခတ်လေး ဆောက်ထားတာဆိုတော့ နေချင်စရာလေးပါပဲဗျာ'

'ဒါနဲ့ အိမ်ရှင်တွေကို မတွေ့ရပါလားဗျ'

'အိမ်ထဲမှာ ရှိနေကြမယ်ဗျ။ ဝင်ကြည့်မယ်ဆိုရင် ဝင်ကြပြီး စုံစမ်းကြည့်ရအောင်ဗျာ'

အိမ်ထဲ ဝင်ခဲ့ကြသဖြင့် အိမ်ရှင်နှင့်တွေ့ဆုံ၍ စကားပြောဖြစ်ကြသည်။ ထိုအိမ်ရှင်မှာ သူ့အိမ်အား ရောင်းချပြီး အကြွေးပေးဆပ်စရာ ရှိသည်တို့ကို ဆပ်ပေးသွားပြီးလျှင် မိမိတို့ မွေးရပ်ဇာတိဒေသဖြစ်သော အညာဒေသသို့ ပြန်ပြောင်းသွားကြတော့မည်ဖြစ်ကြောင်း သိရှိခဲ့ကြသည်။

'ကျွန်တော်ကတော့ ရောင်းနိုင်တဲ့ဈေးကို တစ်ခါတည်း ဆိုထားပြီး ရောင်းမှာပါ။ အိမ်ကလေးကို စပြီးဆောက်ခဲ့စဉ်က ကျွန်တော်တို့ ကိုယ်တိုင်နေပြီး ခြံထဲမှာနှင်းဆီပန်းများ စိုက်ပျိုးမယ်လို့ ရည်မှန်းခဲ့တာပါ'

ဦးအေးမြင့်လည်း မိမိ၏မိသားစု နေလောက်သည့် အိမ်ကလေးလည်းဖြစ်ပြီး ရောင်းဈေးကလည်း မိမိဝယ်နိုင်သည့် ဈေးဖြစ်သောကြောင့် ထိုအိမ်ကလေးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အိမ်နှင့်ပတ်သက်၍ အမွေစားအမွေခံ အရှုပ်အရှင်းမရှိကြောင်း၊ အိမ်ဂရန်နှင့်တကွ အသိသက်သေလူကြီးများရှေ့တွင် ရောင်းသူနှင့်ဝယ်သူ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုကာ ငွေပေးချေပြီး ဝယ်ယူဖြစ်ခဲ့တော့သည်။

ဖိုအိမ်ကလေးကို ဝယ်ယူပြီးနောက် အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တို့တွင် ဦးအေးမြင့်တို့ သားအဖမှာ အိမ်ကလေးသို့ လာခဲ့ကြကာ အိမ်သန့်ရှင်းရေးလုပ်ကြ၏။

'အဖေ.. ဟိုအိမ်ခေါင်းရင်းဘက်က ခြံထောင့်မှာ ညောင်ပင်ကြီးရှိနေတာ ဟန်ကျတယ်နော်။ နွေဘက် အိမ်ထဲမှာ ပူအိုက်ခဲ့ရင် ညောင်ပင်အောက်မှာ အရိပ်ခိုပြီး နားနေနိုင်ကြမယ်ဗျ'

www.burmeseclassic.com

ထို့နောက် သားအဖနှစ်ယောက် အိမ်နောက်ဘက်ရှိ မြေကွက်လပ်တွင် ပေါက်တူးနှင့်ပေါက်၊ မြေပေါင်များ ဆွဲခဲ့ကြလေသည်။

'ဒီမြေပေါင်တွေပေါ်မှာ နှင်းဆီပန်းကိုင်းတွေ စိုက်ထားရမယ်ကွ။ အဖေတို့ လာနေတဲ့အချိန်မှာ နှင်းဆီပန်းတွေ ပွင့်မှာနဲ့ အတော်ပဲမဟုတ်လား။ ပန်းတွေကို ဘုရားမှာလည်း ကပ်လှူပူဇော်နိုင်မယ်။ လှိုင်လှိုင်ပွင့်လာတဲ့အခါမှာ ဈေးမှာတောင် ရောင်းချခဲ့ရင် အထိုက်အလျောက် ဝင်ငွေရလာနိုင်မှာပဲ သားရဲ့'

'အဖေ··ကျန်တဲ့ မြေပေါ်မှာလည်း ချဉ်ပေါင်ခင်း၊ ငရုတ်ပင်၊ ဘူး၊ သခွား၊ ပဲတောင့်ရှည်၊ ပုံလုံစင်တွေ စိုက်ပြီး စင်ထောင်ပေးထားခဲ့ရင် အချိန်တန်တော့ သီးလာကြမှာပဲလေ။ သားတို့ ဈေးက ဝယ်စားရ သက်သာတာပေါ့ အဖေ'

'ဟုတ်တယ် သားရေ၊ အဖေလည်း ရှေ့နှစ်ထဲမှာ ပင်စင်သက်ပြည့်ပင်စင်ယူပြီး နားသွားတာနဲ့ ဒီအိမ်ကလေးကို ပြောင်းလာနေကြပြီး အပင်ကလေးတွေ စိုက်ပျိုးပြုစုရင်းနဲ့ပဲ နေသွားရမှာပဲကွာ'

နောက်တစ်နှစ် ပင်စင်ယူခဲ့ပြီးသောအခါ ဦးအေးမြင့်တို့မိသားစု ထိုအိမ်ကလေးသို့ ပြောင်းလာခဲ့ကြလေသည်။

'အင်း··ငါဟာ သက်ပြည့်ပင်စင် ယူပြီးသွားခဲ့ပြီ။ ကျန်နေတဲ့ အချိန်ပိုင်းမှာ ဒီအိမ်ကလေးမှာပဲ အပင်ကလေးတွေပြုစုရင်း တရားမွေ့နဲ့ ပျော်မွေ့နေသွားတော့မယ်လေ'

ညဘက်ရောက်ခဲ့လျှင် ဦးအေးမြင့်က သူပြုနေကျအတိုင်း ဘုရားတွင် ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်သည်။ ပြီးလျှင် ဘုရားဝတ်ပြုသည်။ ထို့နောက် မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားပူဇော်ကာ ဝေနေယျသတ္တဝါများအား အမျှအတန်းပေးဝေခဲ့လေသည်။ နံနက်အရုဏ်တက်အချိန် ပုံမှန်ထကာ ဘုရားရှိခိုး၊ အရပ်ဆယ်မျက်နှာ မေတ္တာပို့ကာ အမျှအတန်းပေးဝေခဲ့ပြီး ပုတီးထိုင်၍ ဆိတ်ငြိမ်စွာစိပ်နေလေသည်။

'ဟီး··ဟီး··ချွတ်··ချွတ်··ဟီး'

'ဟင်··ဘယ်က ငိုညည်းသံပါလိမ့်။ ငါ့အိမ်ပတ်ဝန်းကျင်က အိမ်တစ်အိမ်က နာရေးများ ဖြစ်ခဲ့လို့များလားပဲ'

ပုတီးထိုင်စိပ်နေရင်း ငိုညည်းသံကို ကြားလာခဲ့ရသဖြင့် ဦးအေးမြင့်လည်း သူ့အိမ်နားဝန်းကျင်ရှိအိမ်မှ နာရေးဖြစ်၍ ငိုကြသည်ဟု ထင်ခဲ့မိလေသည်။

'အဖေ··မနက်အရုဏ်တက်ချိန်မှာ ပုတီးစိပ်နေတုန်း အိမ်နားဝန်းကျင်က ငိုညည်းသံ ကြားလာရတာကတော့ တစ်အိမ်အိမ်မှာ နာရေးကိစ္စများ ဖြစ်နေသလားပဲကွာ'

'ဟုတ်တယ် အဖေ။ သားလည်း နိုးနေခဲ့လို့ အဲဒီငိုညည်းသံ ကြားရတယ်။ ဒါပေမဲ့ အခုမိုးလင်းလာတော့လည်း အိမ်နားဝန်းကျင်မှာ ဘယ်အိမ်မှာမှ နာရေးကိစ္စဖြစ်သံ မကြားရဘူးဗျ'

'နာရေးကိစ္စ မဟုတ်ရင်တော့ တစ်အိမ်အိမ်မှာ လူမမာ ရှိနေတယ်ထင်တယ်။ ရောဂါမသက်သာလို့ ငိုညည်းနေတာပဲ ဖြစ်လိမ့်မယ်ကွ'

အစပထမ ကြားရစဉ် လေးငါးရက်က လူမမာ၏ ငိုညည်းသံဟုသာ တွေးထင်ခဲ့ပြီး မေ့မေ့ပျောက်ပျောက်နေခဲ့ကြကာ မိမိတို့ နေ့စဉ်လုပ်နေကျအတိုင်း လုပ်ငန်းများကိုသာ ပုံမှန်လုပ်ခဲ့ကြလေသည်။

'ဒီ··ဒီမှာ အဒေါ်၊ အဒေါ်တို့ နှင်းဆီပန်းတွေကို မရောင်းဘူးလားရှင်'

'ရောင်းပါတယ် သမီးရယ်။ ဘာလဲ၊ သမီးက ဝယ်ချင်လို့လား။ ဘုရားတင်လှူမှာဆိုရင်တော့ အဒေါ် ပန်းတချို့ကို အလကားခူးပေးလိုက်ပါ့မယ်ကွယ်။ အဒေါ်လည်း ကုသိုလ်ရတာပေါ့ကွယ်'

'မဟုတ်ဘူး အဒေါ်ရဲ့၊ သမီးက ပန်းရောင်းစားသူပါ။ အဒေါ်တို့ ပန်းခြံထဲက နှင်းဆီပန်းတွေ ရောင်းတယ်ဆိုရင် သမီးက ဖောက်သည်ယူပြီး ပြန်ရောင်းချင်လို့ပါ'

'ဪ··ဒါဆိုရင် သမီးဦးကြီးနဲ့ တိုင်ပင်ကြည့်လိုက်ဦးမယ်ကွယ့်'

'သမီးက နေ့စဉ် ယူမှာလားကွယ့်'

'ဟုတ်ပါတယ် ဦးရယ်။ သမီးက ဈေးမှာ ပန်းရောင်းသူဆိုတော့ ဈေးကို သွားရောင်းမှာပါ။ ဦးကြီးတို့ ရောင်းမယ်ဆိုရင် သမီးကို ဖောက်သည်ဈေးနဲ့ ခူးရောင်းပေးပါ'

ထိုသို့ဖြင့် ပန်းများကို နေ့စဉ်ခူးယူကာ ဖောက်သည်ပန်းသည်လေးအား ရောင်းချပေးခဲ့ကြလေသည်။ နေ့စဉ် ပန်းရောင်းရငွေနှင့် အမွှေးနံ့သာတိုင်များ၊ ပန်းသီးများဝယ်ကာ ဘုရားတွင် ကပ်လှူပူဇော်ပေးလေသည်။ ဦးအေးမြင့်မှာလည်း သူပြုနေကျအတိုင်း ဘုရားဝတ်ပြုခြင်း၊ မေတ္တာ

www.burmeseclassic.com

သုတ်ပရိတ်ရွတ်ပွားပူဇော်ခြင်း၊ အရပ်ဆယ်မျက်နှာအား မေတ္တာပို့ကာ အမျှအတန်းပေးဝေခြင်းကို နေ့စဉ် ပြုပေးခဲ့လေသည်။

'ဟီး..ဟီး..ချွတ်'

'ဟီး..ဟီး'

'ဟင်..ငါမေတ္တာပို့ပြီးတိုင်း ဒီလိုငိုသည်းသံကြီးဟာ အမြဲကြားနေခဲ့ရတယ်။ ဒီတစ်ခါ ကြားလာရတာကတော့ တခြားအိမ်က မဟုတ်ဘဲ အိမ်ခေါင်းရင်းက ညောင်ပင်က လိုလို ကြားခဲ့ရတာပါလား'

ထိုသို့ထူးထူးခြားခြားကြားခဲ့ရသည့်အတွက် အိမ်သို့ ထိုင်ဆွမ်းကြွသော သံဃာအား ဦးအေးမြင့် မေးလျှောက်ကြည့်မိလေသည်။

'အင်း..ဒကာကြီး လျှောက်ထားချက်အရ ပြောရရင်တော့ ဒီညောင်ပင်မှာ မှီကပ်နေတဲ့ အစောင့်အရှောက်ရှိနေလိမ့်မယ်။ ဒကာကြီးက နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်နေလေတော့ ညောင်ပင်ထက်မှာ နေမရလို့ဘဲ ငိုညည်းသံပေးခဲ့တာ ဖြစ်နိုင်တယ် ဒကာကြီး။ ဒီတော့ အဲဒီညောင်ပင်မှာ မှီကပ်နေရရှာတဲ့ အစောင့်ကို ရည်မှန်းပြီး ကုသိုလ်ကောင်းမှုပြုကာ အမျှအတန်းပေးဝေလိုက်ပါ။ ကျွတ်လွတ်သွားခဲ့ရင် ငိုညည်းသံလည်း မကြားနိုင်တော့ပါဘူး ဒကာကြီးရယ်။ ဒီလိုငိုညည်းသံ ပေးလာတယ် ဆိုတာကလည်း သူ့အတွက် ကုသိုလ်ပြုပြီး အမျှပေးဝေစေချင်လို့လည်း ဖြစ်နိုင်ပါတယ်'

ဦးအေးမြင့်တို့ မိသားစုလည်း ထိုသံဃာတော် မိန့်ခဲ့သည့်အတိုင်း သံဃာငါးပါးဖင့်ဖိတ်ကာ ဆွမ်းကျွေးပြီး အိမ်တက်ပါ ရေစက်ချလုပ်ခဲ့ပြီး ညောင်ပင်မှာ မှီကပ်နေသော အစောင့်ကိုလည်း ရည်မှန်းကာ ကုသိုလ်အမျှကို ပေးဝေခဲ့ကြလေသည်။

ထိုကဲ့သို့ ကုသိုလ်ပြု အမျှအတန်းပေးဝေခဲ့ပြီး နောက်ညများမှာတော့ ငိုညည်းသံ လုံးဝမကြားခဲ့ရတော့ဘဲ ကုသိုလ်အမျှ ရသွားခဲ့၍ ကျွတ်လွတ်သွားခဲ့ရပြီဟုသာ တွေးထင်မိခဲ့လေတော့သည်။

**တင့်ထူး(ဓမ္မဝတီ)**

---


# ဆရာရန်အောင်ဟိန်း(B.Sc)

## (ခရစ်ရှနားမူတီး ရွှေဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄

www.burmeseclassic.com

# တင်အေးကျော် (အောင်လံ)

## နတ်ကျားမလေလား ကွင်းပိုင်လား



ဒီဇင်ဘာလကုန်ခါနီးပြီမို့ ရာသီဥတုက နိုက်နိုက်တုန်နေအောင် ချမ်းလှသည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း နေရောင်ကောင်းစွာ မမြင်ရဘဲ သစ်ပင်ဝါးပင် ချုံနွယ်များဖြင့် အုံ့ဆိုင်းနေသည်။

တစ်ခါတစ်ရံမှသာ နေရောင်ခြည် ကွက်ကွက်ကလေးကို သစ်ပင်ကြီးများ ကြားမှ မြင်ရသည်။ အေးလွင်တို့ တစ်ဖွဲ့သားလုံး တုန်နိုက်နေအောင် ချမ်းနေကြပြီဖြစ်သည်။

မနက်လင်းကတည်းက စားထားသည့် ထမင်းကြော်က လည်း ဘယ်ကိုရောက်ကုန်မှန်း မသိအောင် ဝမ်းဗိုက်ထဲက တဂျုတ်ဂျုတ်နှင့် မြည်နေသည့် အသံတွေကိုပင် ကြားနေရသည်။

လူတွေကလည်း တစ်မနက်လုံး ခါးလောက်ထိ နက်သည့် ရေထဲက မတက်ကြရ၍ ခြေဖျား လက်ဖျားများ ဖြူဖပ်ဖြူရော်နှင့် ပဲကြီးတွန့်ပင် လိုက်နေပြီ ဖြစ်သည်။

သည်မနက်မှ စဝင်ရသည့် ချောင်းရိုးကြီးက ချောင်းလက်တက်မဟုတ်ဘဲ အတော်ပင်ကြီးသော ချောင်းကြီးဖြစ်၍ မိုးကုန်နေသော်လည်း ရေတွေက အိုင်နေသည်မို့ အလုပ်လုပ်ရသည်မှာ ခရီးမတွင်လှပါ။ အဖွဲ့ခေါင်းဆောင် ဦးလူအေးက နာရီကိုကြည့်လိုက်ပြီး အဖွဲ့သားများကို အားပေးလိုက်သည်။

'ကဲ..ငါတို့အဖွဲ့သားတွေ ခဏလောက်တော့ သည်းခံပြီး အားတင်းထားကြဦး။ ခုမနက်



www.burmeseclassic.com

www.burmeseclassic.com

ဆယ့်တစ်နာရီ ထိုးနေပြီဆိုတော့ ရှေ့ဆက်သွားလို့ ရေနည်းနည်းလွတ်တဲ့ သဲပြင်တွေ့ရင် နားပြီး ထမင်းစားကြမယ်။ ထမင်းတောင်းသယ်တဲ့ ကိုသိန်းအောင်ကို ပြောလိုက်၊ ရှေ့ကို အဝေးကြီး မသွားနဲ့တော့လို့'

နာရီဝက်ခန့် ဆက်သွားတော့မှ ရေလွတ်သည့် သဲခုံကလေးတစ်ခုကို တွေ့လိုက်ရသဖြင့် မနက်စာစားရန် ခဏနားလိုက်ကြသည်။

ထမင်းစားသူစား၊ မီးဖိုပြီး အဝတ်ကင်သူကင်နှင့် အားလွင်တို့တစ်ဖွဲ့လုံး ခြေပစ်လက်ပစ် နားလိုက်ကြသည်။ တစ်နာရီခန့်နားပြီး ဆက်ထွက်ရန် ပြင်ကြသည်။

ဦးလှအေးက အဖွဲ့သား အားလုံးအား-

'ဒီနေ့ တို့ ဝင်ရတဲ့ချောင်းက သစ်ပင်ဝါးပင်ကြီးတွေ ထူပြီး ချောင်းလည်း တော်တော်နက်တယ်။ ဒါကြောင့် ပါလာတဲ့ လုံခြုံရေးနှစ်ယောက်ကို လူခွဲပြီး သွားကြမယ်။ တစ်ယောက်က ကိုသိန်းအောင်နဲ့ ရှေ့က ကြိုပြီးသွား။ ကျန်တဲ့တစ်ယောက်က နောက်ချန်နေပြီး ကျွန်တော်တို့နဲ့ အတူတူလိုက်ပေးပါ။ လူသိပ်မကွဲကြပါစေနဲ့'

အားလွင်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့အား သက်ဆိုင်ရာများ၏ စီစဉ်ပေးချက်အရ ကွင်းဆက်ရသည့်နယ်မြေအလိုက် အပိုင်ရဲစခန်းများမှ လုံခြုံရေးဝန်ထမ်းလေးဦး လက်နက်အပြည့်အစုံဖြင့် ထည့်ပေးထားသည်။

လုံခြုံရေးလေးဦးက နှစ်ယောက်တစ်တွဲ နေ့စဉ် အလှည့်ကျ လိုက်ပါလေ့ရှိသည်။ ဆက်ထွက်ခဲ့ကြပြီး နာရီဝက်ခန့်အကြာတွင် ရှေ့မှကြိုတင်သွားနေသော ကိုသိန်းအောင်တို့နှစ်ဦးမှ လှမ်း၍လက်ပြလိုက်သောကြောင့် အားလွင်တို့တစ်ဖွဲ့လုံး ရောက်သည့်နေရာတွင် ရပ်လိုက်ကြကာ အခြေအနေအား ဦးလှအေးမှ ခြေဟန်လက်ဟန်ဖြင့် လှမ်းမေးသည်။

ကိုသိန်းအောင်က ရှေ့ဘက်ကို လက်ညှိုးထိုးပြပြီး ခဏကြာမှ လက်ယပ်ပြီး လှမ်းခေါ်သဖြင့် တစ်ဖွဲ့လုံးစုပြုံပြီး ရောက်သွားသည်။

'ကိုသိန်းအောင်··ဘာတွေ့လို့တုန်းဗျ'

'တောကောင်ကြီးဆရာ၊ ကံကောင်းလို့။ ကျွန်တော်တို့လည်း အနားနီးမှ သတိထားမိတာ။ ချုံနားမှာ ယင်ကောင်ကြီးတွေက တဝုန်းဝုန်းနဲ့ဆိုတော့ ခဏရပ်ပြီး အခြေအနေကြည့်နေတုန်း နောက်ဘက်က ဆရာတို့ ပြောကြဆိုကြတဲ့ အသံတွေကိုကြားပြီး တောကောင်ကြီး ထပြေးတာ ဝုန်းခနဲနေတာပဲ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ခုနစ်တောင် ရှစ်တောင်လောက် ရှိမယ်ထင်တယ်။ ကိုသိန်းမြင့် သေနတ်နဲ့ လှမ်းပစ်မလို့ မြန်လိုက်တဲ့ကောင်ကြီး ဆရာ၊ ကမ်းပါးပြတ်ပေါ်ကို ခုန်တက်သွားလိုက်တာ ရိပ်ခနဲပဲ မြင်လိုက်ရတယ်။ ဒါကြောင့် တချို့က ရိုးရိုးကျားမဟုတ်ဘူး၊ နတ်ကျားလို့ ပြောနေကြတာ ထင်တယ်'

ကျားအိပ်နေသည်ဆိုသော ချုံအောက်သို့ အားလွင်တို့ အားလုံး ဝင်ကြည့်ကြသည်။ စားကြွင်းစားကျန်များကို ယင်ကောင်ကြီးတွေက အုံခဲနေပြီး သဲမြေပေါ်တွင် အိပ်ထားသည်မှာ ပူနွေးနေဆဲပင် ရှိသေးသည်။ အဝါရောင်ဖျော့ဖျော့ အမွေးကြမ်းရှည်ကြီးတွေက ပြန့်ကျဲလျက်။

'ကျွန်တော်တို့ အလုပ်ကလည်း ဆက်မလုပ်လို့ မရဘူး။ ဒီကောင်ကြီးကလည်း သိပ်ဝေးဝေး သွားဦးမှာမဟုတ်တော့ အားလုံး သတိ၊ ဝီရိယတော့ ထားကြပါ။ လုံခြုံရေးဆရာ နှစ်ယောက်ကလည်း လက်နက်ကို အသင့်သာ ပြင်ထားပါဗျာ။ ရုတ်တရက်ပေါ်လာရင် ပစ်လို့ခတ်လို့ရအောင်။ ကဲ··ခပ်သွက်သွက် လုပ်လိုက်ကြရအောင်။ ညနေ စောစောသိမ်းကြမယ်'

ဦးလှအေးက အားလုံးကို သတိပေးလိုက်ပြီး အလုပ်ဆက်လုပ်ခဲ့ကြသည်။ လူအုပ်ကောင်းသောကြောင့် ဖြစ်မည်ထင်ပါသည်။ ထိုနေ့က ညနေစောင်း အလုပ်သိမ်းချိန်အထိ အေးအေးဆေးဆေးပင်။ ဘာမှ ထပ်မတွေ့တော့ပါ။

◆◆◆

ညနေစောင်း ခပ်စောစောပင် အလုပ်သိမ်းခဲ့ကြပြီး ယာယီစခန်းချထားသည့် ရွာမဲညို့ရွာကြီးသို့ ပြန်လာခဲ့ကြသည်။ ရွာဦးဘုန်းကြီးကျောင်းဝင်း အတွင်းတွင် မိုးကာရွက်ထည်တဲများ ထိုးကာနေကြပြီး လုပ်ငန်းများ ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

ရွာကြီးပတ်ဝန်းကျင်ရှိ ရွာများထက် မြေပဲအထွက်ကောင်းသောကြောင့် စီးပွားရေးအဆင်ပြေကြပြီး တစ်ရွာလုံး အိမ်ကြီးအိမ်ကောင်းများ ဆောက်ထားကြသည်။

ရွာဦးဘုန်းကြီးကျောင်းကြီးကလည်း နှစ်ထပ်တိုက်ခံ ဖြစ်ပြီး ပတ်ပတ်လည်ကို အုတ်ဝင်းထရံ ပတ်ကာထားသည်။ အဖွဲ့အားပေးထားသည့် လင့်ရှိဘာကားအသင့်အား အခြားရွာများတွင် စခန်းချစဉ်က လမ်းပန်းဆက်သွယ်ရေး



www.burmeseclassic.com

www.burmeseclassic.com

မကောင်းသဖြင့် ကွင်းဆင်းသည့်နေရာသို့ မောင်းယူလာ၍ မရသော်လည်း ယခုစခန်းချနေသည့်ရွာကတော့ အဝေးပြေးလမ်းမကြီးမှ ရွာအထိ လှည်းလမ်းမအား ပြုပြင်၍ အဆင်ပြေသဖြင့် ကားလေးကိုပါ ရွာသို့ ယူလာခဲ့သည်။

ဧကရာဇ်ရွာအနီး တလင်းကုန်းလမ်းပေါက်မှ စခန်းချနေသည့်ရွာအထိ လေးမိုင်ခန့် မောင်းရသည်။ ထို့ကြောင့် မြို့ပေါ်တွင် ထားသည့်စခန်းနှင့် အဆက်အသွယ် မပြတ်တော့ပါ။

နေ့လယ်ဘက်က ကျားနှင့်တွေ့သည့်သတင်းကိုကြားသိသွားသည့် ဆရာတော်က နောက်နေ့တွင် အေးလွင်တို့အဖွဲ့မှ တာဝန်ရှိသည့် ခေါင်းဆောင်အရာရှိ နှစ်ဦးကို ခေါ်တွေ့ပြီး ခေါင်းဆောင်အရာရှိနှစ်ဦး ကျောင်းပေါ်သို့ တက်သွားသည်နှင့် စာဖတ်နေရာမှ ထလာသည်။

'ဒကာကြီးတို့··လာကြ၊ လာကြ။ နေရေးထိုင်ရေး အဆင်ပြေကြရဲ့လား'

'တင်ပါ့ဘုရား၊ ပြေပါတယ်'

'ဒကာကြီးတို့ မနေ့က ရိုးထဲမှာ ဟင်းမျိုးကြီးနဲ့တွေ့တယ်လို့ ဒကာသိန်းအောင်က ပြောတယ်။ ဟုတ်သလား'

'တင်ပါ့ဘုရား၊ မနေ့က ကွင်းဆင်းရတဲ့ ချောင်းရိုးက တော်တော်နက်ပါတယ်ဘုရား။ ချောင်းအလယ်လောက်ကျမှ အိပ်နေတုန်း တွေ့တာပါ။ လူတွေကတော့ အန္တရာယ်မဖြစ်ခဲ့ကြပါဘူး'

'ဒါဆိုရင် ဒီဟင်းမျိုးကြီးက ကျုပ်တို့ရွာတစ်ဝိုက်ရောက်နေတဲ့သဘောပေါ့။ ဒကာကြီးတို့ တွေ့ခဲ့တဲ့နေရာနဲ့ ဒီရွာက ဘယ်လောက်မှ ဝေးတာမဟုတ်ဘူး။ သတိထားနေမှ တော်ကာကျမယ်ထင်တယ် ဒကာကြီးတို့'

'တင်ပါ့ဘုရား၊ တပည့်တော်တို့လည်း သတိထားနေပါတယ်။ ညကို လုံခြုံရေးချပြီး အလှည့်ကျ စောင့်ကြဖို့ စီစဉ်ထားပါတယ်'

'ဒကာကြီးတို့ကို ခေါ်လိုက်ရတဲ့အကြောင်းက တခြားမဟုတ်ပါဘူး။ ခုဆို ဒီနားတစ်ဝိုက်မှာ ဟင်းမျိုးကြီးကို ဒကာကြီးတို့ တွေ့ခဲ့တယ်ဆိုတော့ နေ့ဘက်ကအကြောင်းမဟုတ်ပေမယ့် ညရေးညတာကျတော့ ဒကာကြီးတို့ အခုနေတဲ့ ရွက်ထည်တဲတွေက လုံခြုံမှုမရှိနိုင်ဘူးလို့ ကျုပ်တော့ထင်တယ်။ ဒါကြောင့် လုံလုံခြုံခြုံနေရအောင် ဒကာကြီးတို့အဖွဲ့ ကျုပ်ရဲ့ကျောင်း အောက်ထပ်ကို ပြောင်းနေကြပါလား'

'တပည့်တော်တို့အပေါ် အခုလို စေတနာထားပြီး ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော်အဖွဲ့ထဲမှာ အားလုံးက ယောကျ်ားလေးတွေချည်းပဲဖြစ်တဲ့အပြင် တချို့ကလည်း သောက်တတ်စားတတ်တော့ အရှင်ဘုရားကို အားနာပါတယ်ဘုရား။ တစ်ရက်တလေက ပြဿနာမရှိပေမယ့် တပည့်တော်တို့က တစ်လလောက်ကြာဦးမှာဆိုတော့ မဖြစ်ဘူး ထင်ပါတယ်ဘုရား'

'အေးလေ၊ ကျုပ်ကတော့ စိတ်ပူလို့ ပြောတာပါ။ ဒကာကြီးကလည်း ဒကာကြီးရဲ့ အခက်အခဲလေးတွေကို ပြောတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ဒါပေမဲ့ မဖြစ်မနေပြောင်းရမယ်ဆိုရင်တော့ ဒကာကြီးတို့ အားမနာပါနဲ့။ ကျုပ် အမြဲတမ်းခွင့်ပြုပါတယ်'

'ကျေးဇူးတင်ပါတယ်ဘုရား၊ ဒါဆိုရင်လည်း တပည့်တော်တို့ကို အလုပ်ကလေးတွေရှိသေးလို့ ခွင့်ပြုပေးပါဘုရား'

အေးလွင်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့တွင် နိုင်ငံခြားဖြစ် ယာယီရွက်ထည်တဲလေးများ ထုတ်ပေးထားပြီး ခေါက်ရသိမ်းရ အလွန်လွယ်ကူသည်။ စတီးပိုက်ကလေးများကို နတ်ကလေးများနှင့်ဆက်ပြီး အလယ်တိုင် နှစ်ချောင်းနှင့် အမိုးတန်းတစ်ခုပြုလုပ်ကာ မိုးကာတဲကို တန်းတွင်စွပ်ပြီး လေးဖက်လေးတန်မှ ငုတ်လေးချောင်း ရိုက်လိုက်သည်နှင့် တဲတစ်တဲ ဖြစ်သွားတော့သည်။

နောက်ရက်များတွင် တစ်ခါတစ်ရံ ကားနှင့် အေးလွင် မြို့သို့လိုက်သွားတတ်သည်။ လှည်းလမ်းမအား ပြန်လည်ပြုပြင်ထားသဖြင့် ဖုန်တထောင်းထောင်းနှင့် လမ်းအလွန်ဆိုးလှသည်။

တစ်ခါတစ်ရံ ချောင်းကမ်းပါးကြီးများအား တက်ရဆင်းရတတ်ပြီး လမ်းတွင်လည်း ကျားခြေရာကြီးများက ထင်ရှားစွာ မြင်နေရသဖြင့် အလွန်အသည်းယားစရာကောင်းလှသည်။

ထို့ကြောင့် လမ်းဆိုးသော်လည်း ကားကို အမြန်သာမောင်းနိုင်းကြသည်။

'ကိုဘထွန်းရေ··နောက်ဘက်က ဘယ်လိုဖြစ်ဖြစ် အမြန်သာမောင်းပါဗျာ။ ခြေရာတွေကြည့်ရတာ သွားတာမကြာလှောက်သေးဘူး။ ခြေရာကြီးတွေကလည်းအကြီး

www.burmeseclassic.com

ကြီးတွေပဲ။ ကြောက်စရာကြီးဗျာ'

ဤကဲ့သို့ ကျားနှင့် ကျွန်တော်တို့အဖွဲ့ ထိပ်တိုက်တွေ့ဆုံခြင်းမရှိဘဲ တစ်လခန့် ကြာသွားသည်။

◆◆◆

တစ်လခန့်ကြာပြီးသောအခါ ကွင်းဆင်းရမည့် ချောင်းရိုးများက တဖြည်းဖြည်းနှင့် ဝေးလာသည့်အတွက် စခန်းပြောင်းကြရန် စီစဉ်ရပြန်တော့သည်။

'ဒီတစ်ခါတော့ မောက်တင်ရွာကြီးဘက်ကို ပြောင်းကြရမယ်။ သန်ဘက်ခါလောက် ပြောင်းကြမယ်။ အဲဒီတော့ ကိုအောင်မြတ်က ဒီနေ့ မောက်တင်ရွာကိုသွားပြီး နေရေးထိုင်ရေးအတွက် စီစဉ်ဗျာ။ ကိုသိန်းအောင်ရေ လာပါဦးဗျာ။ ခင်ဗျားက ဒီရွာသားဆိုတော့ ရွာထဲကိုသွားပြီး သန်ဘက်ခါ မနက်စောစော စခန်းပြောင်းဖို့ နွားလှည်းငါးစီး ခြောက်စီးလောက် ငှားပေးပါဦး။ ငှားခလည်း အဆင်ပြေအောင် တစ်ခါတည်း ညှိခဲ့ပါဗျာ'

'ဟုတ်ကဲ့ဆရာ၊ အဆင်ပြေအောင် ကျွန်တော် စီစဉ်ခဲ့ပါမယ်'

မနက်ဖြန် မနက်ဆိုလျှင် ရွာမဲညိုကျေးရွာမှ မောက်တင်ကြီးကျေးရွာသို့ စခန်းပြောင်းရတော့မည်ဖြစ်ပါသည်။ အေးလွင်တို့တစ်ဖွဲ့လုံး တစ်နေကုန် ပစ္စည်းသိမ်းကြ၊ ရွာထဲမှ ခင်မင်သော မိတ်ဆွေများအား နှုတ်ဆက်ကြနှင့် အလုပ်ရှုပ်နေကြသည်။

သည်လိုနှင့် ညဘက်သို့ ရောက်လာခဲ့သည်။ ဇန်နဝါရီလကုန်တော့မည်ဖြစ်၍ အအေးဓာတ်က သိသိသာသာ ပိုလာပြီး ညနေစောင်းကတည်းကပင် ရာသီဥတုက နိုက်နိုက်တုန်အောင် အေးခဲနေသည်။

တောထဲတောင်ထဲဖြစ်၍ သစ်ရိပ်ဝါးရိပ်က အုံ့ဆိုင်းနေသဖြင့် ရာသီဥတုပိုအေးနေခြင်း ဖြစ်ဟန်တူသည်။ ဦးလှအေး အဖွဲ့သားအားလုံးကို စုဝေးလိုက်ပြီး ပြောလိုက်သည်။

'ကဲ..ဒီနေ့တော့ ရာသီဥတုက တော်တော်အေးတယ်။ ဒါကြောင့် ဒီည ဘယ်သူမှမအိပ်ကြဘဲ သန်းခေါင်ထမင်းချက်စားကြရအောင်။ ပစ္စည်းသိမ်းတဲ့သူကသိမ်း၊ ချက်တဲ့သူက ချက်ကြပေါ့။ မီးဖိုကြီးနှစ်ဖိုလောက် တစ်ညလုံး ဖိုထားရအောင် ထင်းစုတဲ့သူတွေက စုထားကြ'

သွက်သွက်လက်လက် လှုပ်ရှားလိုက်သောကြောင့် မီးဖိုကြီးနှစ်ဖိုက ပတ်ဝန်းကျင်တစ်ခုလုံးကို လင်းထိန်နေပြီး အနွေးဓာတ်လည်း ကောင်းစွာရသောကြောင့် ဘယ်သူမှ မအိပ်ကြတော့ဘဲ ချက်ကြပြုတ်ကြနှင့် ဆူညံစွာ ပျော်ရွှင်နေကြသည်။

ညဉ့်နက်လာလေ အအေးဓာတ်က ပိုလာလေဖြစ်ပြီး ဆီးနှင်းများကလည်း ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်နေအောင် ကျဆင်းလျက်ရှိသည်။ အေးလွင်က အနားတွင် မီးထိုင်လှုံနေသော သူငယ်ချင်း စန်းဦးအား ကပ်ပြောလိုက်သည်။

'ဒီနေ့တော့ ဘယ်လောက်အေးသလဲ မပြောနဲ့၊ ခါတိုင်းဆိုရင် ဒီကျောင်းက ခွေးတွေက ချွတ်ခနဲဆို တဝုန်းဝုန်း ထဟောင်နေကြတာ ခုတော့ ဘယ်ချောင်သွားပြီး အိပ်နေကြသလဲမသိဘူး။ ဖြတ်သွားဖြတ်လာ တစ်ကောင်တလေတောင် မတွေ့ရဘူး'

'အေးကွ၊ ငါလည်း ခုမှ သတိထားမိတယ်။ ဒီနေ့ ထူးထူးခြားခြား ခွေးတစ်ကောင်မှ မတွေ့ရဘူး။ ဒီမှာ အစားအသောက်တွေ စားကြသောက်ကြနဲ့ ခါတိုင်းဆို မောင်းတောင်လွှတ်ရတယ်။ ခုတော့ ဟောင်သံတောင် မကြားရဘူး။ အေးလွန်းလို့ တစ်နေရာရာမှာ ကွေးနေအောင် အိပ်နေကြလို့ နေမှာပေါ့ကွာ'

တစ်ညလုံး မအိပ်ကြဘဲ မီးဖိုကြီးနှစ်ဖိုကို မီးအဆက်မပြတ်ထည့်၍ မီးလှုံကြရင်း စကားပြောကြ စားကြသောက်ကြနှင့် မိုးလင်းသွားတော့သည်။

မနက်လင်း၍ ပစ္စည်းများအားလုံး စခန်းပြောင်းကြရန် အသင့်ပြင်ထားပြီး ပစ္စည်းတင်ရန် နွားလှည်းများကို စောင့်ကြသည်။

မနက်(၇)နာရီထိုးခန့်၌ ဘုန်းကြီးကျောင်းပေါက်နှင့် ခပ်လှမ်းလှမ်းတွင် နွားလှည်းများအား တွေ့ရပြီး ဆက်မမောင်းကြဘဲ ရပ်ထားသောကြောင့် ဦးလှအေးက စိတ်မရှည်တော့ဘဲ ကိုသိန်းအောင်ကို သွားကြည့်ခိုင်းလိုက်သည်။

'ကိုသိန်းအောင်ရေ၊ သွားကြည့်ပါဦးဗျာ။ လှည်းတွေက ကျောင်းထဲ ဝင်မလာဘဲ ဘာဖြစ်လို့ ရပ်ထားကြသလဲမသိဘူး။ ပစ္စည်းတင်ရမှာနဲ့ သွားမှာလာမှာနဲ့ နေမြင့်သွားလိမ့်မယ်'

'ဟုတ်ကဲ့ဆရာ။ ကျွန်တော် အမြန်သွားကြည့်လိုက်

www.burmeseclassic.com

ပါမယ်'

ကိုသိန်းအောင် ထွက်သွားပြီး လှည်းသမားများနှင့် စကားအချေအတင် ပြောနေကြကာ ခဏအကြာတွင် ကိုသိန်းအောင် ကျောင်းဝင်းထဲ ပြန်ဝင်လာသည်။

'ဆရာ··လှည်းသမားတွေက ပြောလိုက်တယ်။ သူတို့ တမင်ရပ်ထားတာ မဟုတ်ဘူး။ နွားတွေက ဘယ်လိုမှ ရှေ့ဆက်မောင်းလို့ မရဘူးတဲ့။ အဲဒါ တစ်စီးတည်း မဟုတ်ဘူး။ လှည်းအားလုံးလို့ ပြောလိုက်တယ်'

'ဘယ်လိုဖြစ်တာလဲဗျာ၊ အရေးကြီးပါတယ်ဆိုမှ။ ကိုအောင်မြတ်··လာဗျာ၊ သွားကြည့်ကြရအောင်'

အေးလွင်တို့လည်း အားလုံး နောက်မှလိုက်သွားကြသည်။ လှည်းသမားများ ပြောသည်မှာ အမှန်ဖြစ်ပြီး နွားများမှာ ရှေ့သို့ ဆက်မောင်း၍မရဘဲ နှာတဖူးဖူးမှုတ်ကာ နောက်ဘက်သို့ အတင်းပြန်ရုန်းနေကြသည်။

'နွားတွေကိုကြည့်ရတာ တစ်ခုခုကို ကြောက်နေပုံရတယ်။ မနက်လင်းနေပြီဆိုတော့ တစ္ဆေသရဲမြင်လို့ မဖြစ်နိုင်ဘူး။ အခြေအနေကြည့်ရတာ ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ တစ်ခုခုရှိနေပုံရတယ်။ မောင်အေးလွင်ရေ··လုံခြုံရေးဆရာတွေ အမြန်ပြေးခေါ်စမ်းကွာ။ လက်နက်တွေပါ အဆင်သင့်ယူလာဖို့လည်း ပြောလိုက်။ ဒီကျောင်းပတ်ဝန်းကျင်ကို လှည့်ပြီး စစ်ကြည့်ကြရအောင်'

အေးလွင် ကျောင်းဝင်းထဲ အမြန်ပြေးကာ လုံခြုံရေးများအား လက်နက်အပြည့်အစုံဖြင့် အမြန်ခေါ်လာခဲ့သည်။

'လုံခြုံရေးဆရာတို့ရေ၊ ဒီကျောင်းပတ်ဝန်းကျင် တစ်ဝိုက်ကို သေချာစစ်ဆေးကြည့်ကြရအောင်ဗျာ။ နွားတွေက တော်တော်ကြောက်နေပြီး ရှေ့ကို ဆက်မတိုးရဲဘဲ နောက်ဘက်ကို ပြန်ရုန်းနေတယ်။ ကဲ··အဖွဲ့ နှစ်ဖွဲ့ ခွဲပြီး ကျောင်းတစ်ဝိုက်ကို ပတ်ကြည့်ရအောင်'

ဘုန်းကြီးကျောင်းကို ဘယ်ညာခွဲပြီး



သတိထား၍ တဖြည်းဖြည်း ရှေ့သို့တိုးလာခဲ့ကြရာ ခဏအကြာတွင် အော်ပြောလိုက်သော အသံကို ကြားလိုက်ရသည်။

'ဒီမှာတွေ့ပြီဗျို့၊ ဒီကို လာကြ။ ဒါ ကျားချေးပုံကြီးပဲ။ ဒါကြောင့် နွားတွေက အနံ့ရပြီး ရှေ့ဆက်မသွားရဲတာ ဖြစ်လိမ့်မယ်'

'ဒါဆို သတိထားပြီး သွားကြ။ ကျောင်းတစ်ပတ် လည်တော့ စစ်ကြည့်ရမှာပဲ'

တစ်ညလုံးကျထားသော နှင်းစက်များကြောင့် တချို့နေရာများတွင် ကျားခြေရာကြီးများကို ထင်ထင်ရှားရှား တွေ့လိုက်ရသည်။ သစ်ပင်ငယ်များနှင့် ချုံပုတ်ငယ်များ ကြေမွလျက်ရှိပြီး နောက်ထပ်လည်း ကျားချေးပုံကြီးများကို ထပ်တွေ့လိုက်ရသည်။

ကျောင်းပတ်ပတ်လည်တွင် ကျားခြေရာကြီးများက ထပ်လျက်ရှိပြီး တစ်ညလုံး ကျောင်းကို ပတ်ချောင်းနေပုံရသည်။

'ကျားခြေရာတွေ ကြည့်ရတာ တစ်ကောင်တည်း တောင်မဟုတ်ဘူး ထင်ရတယ်။ ကျားချေးပုံတွေကလည်း အများကြီးဆိုတော့ တစ်ညလုံးများ လှည့်ချောင်းနေသလား မသိဘူး'

'ဟုတ်တယ်ဗျ။ တကယ်တမ်း ချောင်းစရာရှိရင် ရွာထဲကိုပဲ ချောင်းရမှာ။ ဝင်ဆွဲစရာ ကျွဲ၊ နွားတွေက ရွာထဲမှာပဲ ရှိတာ။ အခုတော့ လူနဲ့ ခွေးပဲရှိတဲ့ ဘုန်းကြီးကျောင်းကို တစ်ညလုံး ချောင်းနေတာဆိုတော့ ဒီမှာ ဝင်ဆွဲချင်တာ တစ်ခုခု ရှိနေပုံရတယ်'

'ခင်ဗျားတို့ အဖွဲ့ထဲမှာ တစ်စုံတစ်ခု များ ပြောမှားဆိုမှား ရှိလို့လား မသိဘူး။ နို့မို့ ဆိုရင် ဒီလောက် သဲကြီး မဲကြီး လှည့်ပတ်ချောင်းစရာမှ မရှိတာ'

'ဒီတောကောင်ကြီး ဒီဘက်မှာ သွားလာနေတာပဲ ကြာလှပြီ။ အခုထိ လူတွေကို ရွာထဲဝင်ပြီး ဒုက္ခပေးတာ တစ်ခါမှ မကြားမိသေးဘူး'

www.burmeseclassic.com

'ဆရာတို့ တော်တော်ကံကောင်းတာပဲဗျ။ တစ်ခုတော့ရှိတယ်။ ပြီးခဲ့တဲ့ ညက ဆရာတို့ တစ်ညလုံး မအိပ်ကြဘဲ မီးဖိုကြီးတွေ မပြတ်ဖိုထားပြီး လူတွေကလည်း ချက်ကြပြုတ်ကြနဲ့ ဆူညံနေတော့ ရတတ်ရက် ဝင်မဆွဲရဲတာ ဖြစ်လိမ့်မယ်'

ရွာသားတွေ တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေက ဆူညံနေသည်။ ဦးလှအေးကတော့ ဘာမှထင်မြင်ချက်မပေးသေးဘဲ အဖွဲ့သားအားလုံးကို ကျောင်းဝင်းထဲ ပြန်ဝင်ပြီး လူစုရန်ပြောလိုက်ပြီး လူစုံတော့မှ ပြောလိုက်သည်။

'ကဲ..အခု အားလုံးမြင်နေကြတဲ့အတိုင်းပဲ။ ညက ကျွန်တော်တို့ တော်တော်ကံကောင်းသွားတယ်လို့ ပြောရမယ်။ တစ်ခုရှိတာက ဘာဖြစ်လို့ ကျားက ကျွန်တော်တို့ကိုပဲ သဲကြီးမဲကြီး လှည့်ချောင်းနေတာလဲဆိုတာ အရင်ဆုံး စဉ်းစားရမယ်။ ရွာသားတွေပြောကြသလို ခင်ဗျားတို့ တစ်စုံတစ်ရာများ ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှား ဖြစ်ခဲ့ကြသလားဆိုတာ ကျွန်တော့်ကို အမှန်အတိုင်းပြောပြပါ။ တစ်ဦးတစ်ယောက်ကြောင့် တစ်ဖွဲ့လုံး ဒုက္ခရောက်ရင် မကောင်းပါဘူးဗျာ။ ပွင့်ပွင့်လင်းလင်းပြောမှ အမှန်ကိုသိရပြီး ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားဆုံးဖြတ်လို့ရမှာပါ'

အားလုံးငြိမ်သက်နေကြပြီး ဘာမှမပြောကြ။ ခဏကြာမှ အဖွဲ့သားတစ်ဦးဖြစ်သူ ကိုမြင့်အောင်က မရဲတရဲနှင့် စပြောသည်။

'ဆိုင်,မဆိုင်တော့ မသိဘူးဆရာ၊ မနေ့ညဦးပိုင်းက စခန်းပြောင်းရတော့မှာဆိုပြီး ကိုသိန်းအောင်က နှုတ်ဆက်တဲ့အနေနဲ့ ရွာထဲက အရက်ဆိုင်တစ်ဆိုင်မှာ ကျွန်တော်တို့ကို အရက်တိုက်ပါတယ်။ နည်းနည်းမူးလာကြတော့ ဟိုစကားရောက် ဒီစကားရောက်နဲ့ ပြောကြရင်း ကျားအကြောင်း ရောက်သွားတယ်။ ကျွန်တော်တို့က ကျားကိုလူတွေက နတ်ကျားလို့ ပြောနေကြတယ်လို့ ပြောမိတယ်။ အဲဒါ ကိုသိန်းအောင်က နတ်ကျားမဟုတ်ဘူး၊ အလကားကျားလို့ ပြောတယ်။ ပြီးတော့ နတ်တွေ၊ ကွင်းပိုင်တွေဆိုတာ တကယ်မရှိဘူး။ အားလုံး ညာနေကြတာလို့ ပြောတယ်'

'ခင်ဗျားတို့ကလည်းဗျာ.. ကလေးလေးတွေလည်း မဟုတ်ဘဲနဲ့ မူးလာရင် အေးအေးဆေးဆေးသောက်ပြီး ပြန်လာကြတာ မဟုတ်ဘူး။ ကဲ..ဆက်ပြောပါဦး'

'အဲဒါ ကိုသိန်းအောင်က မရပ်သေးဘဲ အယုတ္တအနတ္တတွေလည်းဆဲပြီး အဲဒီနတ်ကျားကို နောက်ရက်တွေကျရင် သူကိုယ်တိုင် ဖမ်းပြမယ်လို့ ကြိမ်းလိုက်သေးတယ်။ အရက်က တော်တော်မူးနေတော့ ကျွန်တော်တို့လည်း ဘယ်လိုမှ ထိန်းလို့မရဘူး။ အရက်ဝိုင်းသိမ်းလို့ စခန်းပြန်လာတာတောင် လမ်းမှာ ဆဲဆိုနေတုန်းပဲ။ စခန်းထဲကျမှ ငြိမ်သွားတာ'

'တော်တော်ခက်တာပဲဗျာ၊ ကိုသိန်းအောင်ကလည်း အရက်မူးလာရင် သွေးဆိုးတတ်မှန်း ကိုယ့်ကိုယ်ကိုယ်သိလျက်သားနဲ့ မူးနေတော့ ကိုယ့်စကားကိုယ် ဘယ်ရောက်လို့ရောက်မှန်း မဆင်ခြင်နိုင်တော့ဘူး။ ခင်ဗျားတို့ ကျွန်တော်တို့က အမြဲတမ်း တောထဲတောင်ထဲမှာ အလုပ်လုပ်နေကြရတဲ့လူတွေဗျ။ နတ်ဖြစ်ဖြစ် ဘယ်လိုပုဂ္ဂိုလ်တွေပဲဖြစ်ဖြစ် မယုံကြည်ရင် မယုံကြည်သလို နေလို့ရတယ်။ ဒါပေမဲ့ ကိုယ်အမူအရာနဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ မစော်ကားမိဖို့က အရေးကြီးတယ်။ နှုတ်ကြောင့်သေ လက်ကြောင့်ကြေတဲ့။ ခင်ဗျားကြားဖူးမှာပါ'

'ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဆရာ၊ ကျွန်တော်များသွားမှန်းလည်း သိပါတယ်။ ညကလည်း အရက်တော်တော်မူးသွားလို့ ဖြစ်ရတာပါ။ နောက်ကို ကျွန်တော်အရက်သောက်တာ ဆင်ခြင်ပါတော့မယ်'

'ဒါဆိုလည်း လောလောဆယ် ခင်ဗျား ရွာထဲက သိတဲ့တတ်တဲ့ လူကြီးတွေနဲ့ တိုင်ပင်ပြီး ပြောမှားဆိုမှားမိတာတွေကို တောင်းပန်လိုက်ပါဗျာ။ နောက်နောင်ကိုလည်း အတတ်နိုင်ဆုံး စကားကို ဆင်ဆင်ခြင်ခြင် ပြောပါ။ အခုတောင် ကျွန်တော်တို့အားလုံး တော်တော်ကံကောင်းသွားတယ်လို့ ပြောရမယ်'

နေ့လယ်ဘက်ကျမှ အေးလွင်တို့အဖွဲ့ စခန်းမှ ထွက်ခဲ့ကြရသည်။ ကိုသိန်းအောင်တစ်ယောက်ကတော့ ကတိတွေ အထပ်ထပ်ပေးရင်း လက်ပြကာ ကျန်ခဲ့သည်။

လူတစ်ဦးတစ်ယောက်၏ မဆင်မခြင် နှုတ်စည်းမစောင့်ဘဲ ပြောမိဆိုမိသောစကားကြောင့် တစ်ဖွဲ့လုံး ဒုက္ခရောက်ရမည့် အန္တရာယ်မှ ကုသိုလ်ကံကောင်းလွန်း၍သာ လွတ်မြောက်ခဲ့ရခြင်း မဟုတ်ပါလား။

**တင်အေးကျော်(အောင်လံ)**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် လန်ဒန်မြို့ အမှတ်(၂၀) ဟင်နီဗာလမ်းရှိ ဗြိတိသျှ ပရလောက၊ စိတ်နယ်လွန် ပညာရပ်များနှင့် စိတ်ပညာသုတေသနအသင်းကြီးတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လန်ဒန်မြို့ ဆေးတက္ကသိုလ်ကျောင်းသူ မစ်(စ်)မော်တန်(Miss Morton) ရေးသားပေးပို့လိုက်သော အစီရင်ခံစာကို အသေးစိတ်ဖတ်ရှုလေ့လာလျက်ရှိပြီး စဉ်းစားတွေးတောနေစဉ်··။

## တစ္ဆေခြောက်သော အိမ်ကြီး

ချုဆက်ပြည်နယ်ရှိ စိမ်းစိုမှိုင်းဝေနေသော တောအုပ်ကလေး တစ်ခုအတွင်း၌ ခမ်းနားကြီးကျယ်လှသော ဘော့(ဂ်)နာ(Bognor) တော်ဝင်စံအိမ်ကြီး တစ်အိမ်ရှိလေသည်။ အိမ်ကြီး၏ ပတ်ဝန်းကျင်တွင်လည်း ဝက်သစ်ချပင်အိုကြီးများနှင့် မိုးမခပင်များ အုံ့အုံ့ဆိုင်းဆိုင်း ပေါက်ရောက်လျက်ရှိ၏။ လူမနေသည်မှာ ကြာပြီဖြစ်နေသောကြောင့် အိမ်ဝိုင်းအတွင်းမှာ နှင်းဆီရိုင်းချုံများနှင့် အခြားပင်ငယ်များ ပေါက်ရောက်လျက်ရှိ၏။

ပြုပြင်မှုမရှိတော့သောကြောင့် အိမ်အမိုးမှ သွပ်ချပ်များပင် ကွာဟလျက်ရှိပြီး လေတိုးလိုက်တိုင်း တကျွီကျွီ



# မောင်ဒေသန (ဆင်ဖြူကျွန်း)
# အိမ်ကြီးမာယာရှင်နှင့် ပရလောက ညှိမှုဆိုး



www.burmeseclassic.com

www.burmeseclassic.com

မြည်နေတတ်၏။ လေပြင်းပြင်း တိုက်ပြီဆိုလျှင် သွပ်ပြား ချပ်များ တမြုန်းမြုန်း တအုန်းအုန်း မြည်တတ်လေသည်။ လူသူများနှင့် အနည်းငယ် ဝေးကွာသောကြောင့်လည်း ကောင်း၊ ပတ်ဝန်းကျင်အသံဗလံများ တိတ်ဆိတ်ငြိမ်သက် မှုကြောင့်လည်းကောင်း၊ ထိတ်လန့်ချောက်ချား တုန်လှုပ် ဖွယ်အတိ ဖြစ်နေတော့သည်။

ညဥ့်အခါဆိုလျှင် ဝက်သစ်ချပင်၊ မိုးမခပင်တို့ကို လေတိုးသည့် အသံများနှင့် တရှဲးရှဲးတရှဲရှဲ တိုးနေသော လေဒဏ်ကြောင့် ကွာဟနေသော သွပ်ပြားအသံများမှာ ကြောက်မက်ဖွယ် အသံဆိုးများသဖွယ် ဖြစ်နေ၏။ ထိုကဲ့ သို့ သွပ်ပြားများ ပြင်းထန်စွာလှုပ်ခါသွားပြီဆိုလျှင် ငှက် ဆိုးများကလည်း တဂီးဂီးနှင့် တဖြန်းဖြန်း အတောင်ပံရိုက် ခတ်ပျံသန်းသွားကြသည်မှာ မကြောက်တတ်သူများပင် တုန်လှုပ်သွားစေနိုင်၏။

အိမ်ရှေ့မျက်နှာစာရှိ မြင်းလှည်းမောင်းဝင်ရာ လှည်း ဝင်လမ်းကလေးသည် လှည်းဘီးရာများ ပျောက်ကွယ်နေ ပြီး အပင်ငယ်များ ဖုံးလွှမ်းနေသည်ကိုကြည့်လျှင် ဤနေ ရာသို့ လူသွားလူလာ လှည်းဝင် လှည်းထွက် မရှိတော့ သည်မှာ ကြာပြီဖြစ်ကြောင်း သိနိုင်၏။ တစ်ချိန်က ဤ အိမ်ပိုင်းကြီးအတွင်းတွင် ခမ်းခမ်းနားနား နေထိုင်ခဲ့သည် မှာ သေချာ၏။ အကြောင်းမူ မြင်းများထားရှိသော မြင်း ဇောင်းတစ်ခု မြင်းလှည်းအပျက်တစ်စင်းနှင့် မြင်းလှည်း ဘီးများကို တွေ့မြင်နေရသောကြောင့်ပင် ဖြစ်၏။

ဤအိမ်ကြီးကို ပိုင်ဆိုင်ခဲ့သော မူလပိုင်ရှင်များ သေဆုံးပြီးနောက် နောက်လူများ မနေရဲကြတော့ချေ။ အကြောင်းမှာ ဤအိမ်ကြီးကို ပိုင်ဆိုင်ခဲ့ကြသော နောက် ပိုင်ရှင်အဆက်ဆက်ကို အမိကထိတ်လန့်ကြောက်ရွံ့စေခဲ့ သည်မှာ လမှောင်သော ညဥ့်အခါများတွင် တွေ့မြင်ရလေ့ ရှိသော ကြောက်မက်ဖွယ် အမျိုးသမီးကြီး တစ်ယောက် ကြောင့်ပင် ဖြစ်၏။

သူမသည် လမှောင်ရက်များတွင် အိမ်အပေါ်ထပ်မှ အောက်ထပ်သို့ တဖျပ်ဖျပ်ခြေသံပေးရင်း ဆင်းသွားလိုက် တက်လာလိုက်နှင့် ပြုလုပ်နေသည်ကို မြင်တွေ့ရတတ် သည်။ နောက်ရက်များတွင် ပျောက်ကွယ်နေတတ်ပြန် သည်။ ဤအကြောင်းအရာများ မြင်တွေ့သိရှိကြသော အိမ်ရှင်အဆက်ဆက်တို့သည် ဘော့(ဂ်)နာအိမ်ကြီးကို စွန့် ခွာသွားကြသူများချည်းဖြစ်ကြပြီး ဘော့(ဂ်)နာအိမ်ကြီး၏ တစ္ဆေခြောက်သည့် သတင်းမှာလည်း ကြီးမားကျယ်ပြန့် သွားကာ ဝယ်ယူမည့်သူများ မရှိသလောက်ပင် ဖြစ်သွား လေတော့သည်။

### တစ္ဆေများကို အယုံအကြည်မရှိသော ဆေးကျောင်းသူလေး

မစ်(စ်)မော်တန် (Miss Morton) သည် လန်ဒန်ရှိ ဆေးတက္ကသိုလ်တစ်ခုတွင် ပညာသင်ကြားနေသော ဆေး ကျောင်းသူလေးတစ်ဦး ဖြစ်၏။ သူမသည် သိပ္ပံနည်းကျ အတွေးအခေါ်များကို လက်တွေ့ကျကျ လေ့လာသုံးသပ် ပြီးမှ လက်ခံတတ်သူတစ်ဦးဖြစ်ပြီး တစ္ဆေသရဲနှင့် ပရ လောကကို ယုံကြည်သူ မဟုတ်ပေ။ ထို့အတူ မစ်(စ်)မော် တန် မိသားစုများကလည်း သရဲခြောက်သည်ဆိုခြင်းမှာ စိတ်စွဲလမ်းမှု ဥပါဒါန်တစ်ခုသာဖြစ်သည်ဟု ယူဆကြပြီး ကြွက်များ၊ လင်းနို့များ၊ ခိုငှက်များနှင့် ညဥ့်နက်နက်တွင် အစာရှာဖွေထွက်လေ့ရှိသော တောကြောင်များ၊ ငှက်ဆိုး များ၏ အသံဗလံများကြောင့်သာလျှင် ဖြစ်ပေါ်လာသော ချောက်ချားဖွယ်ရာများကို ပုံကြီးချဲ့၍ ပြောကြားလေ့ရှိ သည်ဟု မှတ်ယူထားကြသူများ ဖြစ်၏။ အရှင်းဆုံးနှင့် အတိုဆုံးပြောရလျှင် မစ်(စ်)မော်တန် မိသားစုတစ်ခုလုံး သည် တစ္ဆေသရဲဆိုလျှင် လုံးဝယုံကြည်သော မိသားစု မဟုတ်ပေ။

ထို့ကြောင့်ပင် ဈေးပေါပေါနှင့်ရသော ဘော့(ဂ)နာခြံ ကြီးကို ဝယ်ယူလိုက်ကြပြီး ထိုအိမ်ကြီးကို လပိုင်းအတွင်း ပြင်ဆင်မှုများ ပြုလုပ်ကာ မစ်(စ်)မော်တန် မိသားစုများ ပြောင်းရွှေ့နေထိုင်ကြလေတော့သည်။

ပထမ နှစ်လ၊ သုံးလစာအတွင်း မည်သို့သော ထူး ခြားမှုများ မတွေ့ရသော်လည်း ထို့နောက်ပိုင်းရက်များတွင် မူ လမှောင်သောရက်များ၊ ညသန်းခေါင်ကျော်အချိန်များ၌ လူတစ်ယောက် လမ်းလျှောက်နေသော ခြေသံများကို ကြားရတတ်၏။ သို့သော် လူရိပ်လူယောင်ကိုမူ မမြင်တွေ့ ရတတ်ပေ။ အောက်ထပ်မှ အသံကြား၍ အောက်ထပ်သို့ ဆင်းကြည့်လျှင်လည်း လူကိုမတွေ့ရပေ။ လူတစ်ယောက် လမ်းလျှောက်နေသည့်အသံမှာ အထင်အရှား အတိုင်းသား ပင်။ အထူးသဖြင့် အိမ်ကြီး၏ စင်္ကြံလမ်းတစ်လျှောက်တွင် ခြေသံများ ကြားနေရတတ်၏။

ဤသို့ဖြင့် မစ်(စ်)မော်တန်သည် ထူးဆန်းအံ့ဩဖွယ်

www.burmeseclassic.com

ထိုအမျိုးသမီးကြီးကို မြင်တွေ့လို၍ နည်းအမျိုးမျိုးဖြင့် ကြိုးစားပြီး ရှာဖွေရန် စောင့်ဆိုင်းခဲ့လေသည်။

သို့သော် အချိန်ကာလ(၂)နှစ်တာ ကြာမြင့်သွားသော်လည်း အိမ်ရှင်အဆက်ဆက်တို့ လူကဲ့သို့ ပုံပန်းသဏ္ဌာန် ပုံရိပ်အဖြစ် တွေ့မြင်ခဲ့ရသည်ဆိုသော အမျိုးသမီးကြီးကို ယနေ့အထိ မတွေ့ရသေးချေ။ တိတ်ဆိတ်ငြိမ်သက်သည့် ညများတွင် အသံဗလံများ ကြားရသည်မှာ ထင်ရှားသော်လည်း မျက်စိနှင့် တပ်အပ်မမြင်ရသေးသောကြောင့် ဆေးကျောင်းသူ မစ်(စ်)မော်တန်သည် လက်မခံနိုင်လောက်အောင် ရှိနေတော့၏။

ယခုညသည်လည်း ဟိုးအဝေးဆီမှ ဆွဲဆွဲငင်ငင် အူနေသော ခွေးအူသံရှည်ကြီးများသည် ညဥ့်ကို ကြောက်မက်ဖွယ်၊ ချောက်ချားဖွယ်ကောင်းအောင် တန်ဆာဆင်သကဲ့သို့ ရှိနေပြန်တော့၏။

ဤဘော့(ဂ)နာအိမ်နှင့် ခြံဝန်းကြီးသည် ဝက်သစ်ချပင် တောအုပ်ကလေးထဲတွင် သီးသီးသန့်သန့်ကလေး။ လကွယ်ည၏ ညဥ့်ဝတ်ရုံလွှာသည် အနက်ရောင်ပိတ်ကား တစ်ချပ်သဖွယ် မှောင်နှင့်မည်းမည်း။

BURMESE CLASSIC .com

<u>**ဆေးကျောင်းသူလေး၏ ဖြစ်ရပ်မှန်သုတေသန**</u>

ယနေ့သည် မိုးမှောင်သော လကွယ်ညဖြစ်၏။ ထိုကဲ့သို့သော ညမျိုးတွင် ဘော့(ဂ)နာအိမ်ကြီး၏ အိမ်ကြီးရှင်ဟောင်း အမျိုးသမီးကြီးသည် ပေါ်လာတတ်စမြဲဖြစ်၏။ ထိုအိမ်ကြီးရှင် အမျိုးသမီးကြီးသည် မသေမီက ဤအိမ်ကြီးကို တမ်းတမ်းစွဲနှစ်သက်ခဲ့မိပေလိမ့်မည်။ အလွန်လှပသော မဟော်ဂနီရောင် ကုလားထိုင်ကြီးများ၊ လက်ရာမြောက်လှသော ရုပ်တုများ တပ်ဆင်ထားသည့် စားပွဲကြီးများ၊ ဘဲဥပုံကိုယ်လုံးပေါ် မှန်တပ်ထားပြီး သစ်သားကို ကြိုးလုံးသဖွယ် ထွင်းထုထားသောတိုင်များ၊ ပွတ်လုံးတိုင်များ တပ်ဆင်ထားသော ဗီရိုကြီးများ ရှိခဲ့ခြင်းကို မြင်တွေ့ရသောကြောင့် အတော်ကလေးပင် ချမ်းသာကြွယ်ဝသော ရှေးဆန်းသော လူကုံထံများ နေထိုင်ခဲ့ကြောင်းမှာ ထင်ရှား၏။

အချိန်မှာ (၁၂)နာရီထိုးပြီဖြစ်၏။ အကြောင်းမူ (Big Bin) ဘစ်ဘင် တိုင်ကပ်နာရီကြီးမှ မြည်သံပေါ်ထွက်လာသောကြောင့်ပင်။ ဟိုးအဝေးရပ်ဆီမှ ခွေးအူသံများ လေးတွဲ့တွဲ့ ကြားနေရ၏။ လေကလည်း တဖြူးဖြူးကလေး တိုက်ခတ်နေသောကြောင့် သစ်ပုပ်ပင်များ၊ မိုးမခပင်များ တရှဲရှဲအော်မြည်လျက်ရှိ၏။ တစ်ခါတစ်ရံ ငှက်ဆိုးအော်မြည်သံများ ကြားရတတ်၏။

ဆေးကျောင်းသူလေး မစ်(စ်)မော်တန်တစ်ယောက် ခုတင်ပေါ် လဲလျောင်းနေရာ လုံးဝအိပ်မပျော်နိုင်ချေ။ သူမ သိလို၊ မြင်လို၊ တွေ့လိုသော ဘော့(ဂ)နာအိမ်ကြီးရှင်၏ ဝိညာဉ် (သို့မဟုတ်) လူကဲ့သို့ ပုံရိပ်ရုပ်ပုံလွှာကို မြင်တွေ့ရန်သာ စိတ်စောနေသောကြောင့် မကြောက်မရွံ့ စောင့်ဆိုင်းလျက် နားစွင့်နေခြင်းဖြစ်၏။

မစ်(စ်)မော်တန်သည် ဘော့(ဂ)နာအိမ်ကြီးရှင် သွားတတ်လာတတ်လေ့ရှိသော စင်္ကြံလမ်းတစ်လျှောက်တွင် လွယ်လွယ်ကူကူ မသွားနိုင်စေရန် ဝိုင်ယာကြိုးများ ယှက်သွယ်ကာ တန်းထားပြီး သူမ ဝင်သွားလေ့ရှိသော အခန်းအတွင်း၌လည်း ဝိုင်ယာကြိုးများ သွယ်တန်းထားခဲ့လေသည်။

တစ်ခါတစ်ရံ သံချက်များ ကွာဟနေသော အိမ်မိုးသွပ်ပြားများကို လေဆောင့်တိုးလိုက်တိုင်း ထွက်ပေါ်လာသော တကျွီကျွီမြည်သံကလည်း မစ်(စ်)မော်တန်အဖို့ စိတ်ချောက်ချားဖွယ်ရာ အနှောင့်အယှက်တစ်ခု ဖြစ်နေတော့၏။ တဖြည်းဖြည်း လေက ငြိမ်သက်စပြုလာ၏။ ပုရစ်အော်မြည်သံများမှအပ ပတ်ဝန်းကျင်တွင် အခြားအသံဗလံများ မကြားရချေ။ အခန်းအတွင်း၌ နံရံတွင် ချိတ်ဆွဲထားသော ဘစ်ဘင်တိုင်ကပ်နာရီစက်သံမှာ တချက်ချက်နှင့် မင်းမူနေ၏။ ယနေ့အဖို့ စိတ်ချောက်ချားဖွယ်ကောင်းသော၊ ကြောက်မက်ဖွယ်ကောင်းသော၊ မှောင်မိုက်သော ညတစ်ည ဖြစ်သည်မှာ သေချာ၏။

ထိုအခိုက် လှေကားဆီမှ အပေါ်ထပ်သို့ တက်လာနေသော ခြေသံတရှပ်ရှပ်ကို အတိုင်းသား ကြားနေရ၏။ မစ်(စ်)မော်တန်သည် ရုတ်တရက်ထပြီး ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်၏။ ထို့နောက် သူမ၏ အခန်းရှေ့မှ စင်္ကြံလမ်းဆီသို့ လျှောက်လှမ်းသွားနေသောအသံကို ကြားရသောကြောင့် မစ်(စ်)မော်တန်သည် သူမ၏ မိသားစုဝင်များထဲမှ တစ်ယောက်ယောက်လော၊ (သို့မဟုတ်) တောကြောင်ကဲ့သို့ သတ္တဝါများလော၊ (သို့မဟုတ်) ဘော့(ဂ) နာအိမ်ကြီးရှင်များလောဟု တွေးတောရင်း တံခါးကို တွန်းဖွင့်လိုက်၏။ ထို့နောက် အခန်းမှထွက်ကာ အသံကြားရာ

www.burmeseclassic.com

www.burmeseclassic.com

နောက်သို့ မလှမ်းမကမ်းမှ ဖယောင်းတိုင်မီးရောင်ဖြင့် အသာလေး နောက်ယောင်ခံပြီး လိုက်လေတော့၏။

လှေကားထိပ်မှ စကြံဘက်ဆီသို့ကြည့်လိုက်ရာ သူမ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားပြီး မှင်တက်မိ၍ လက်များပင် တုန်ယင်လာ၏။ ဖယောင်းတိုင်ကိုင်ထားသော လက်ကိုပင် ဖယောင်းတိုင်အောက်သို့ လွတ်ကျမသွားအောင် သတိကြီးစွာဖြင့် ဆုပ်ကိုင်ထားရ၏။ တစ်ကိုယ်လုံး ချွေးချေးများပြန်လာပြီး နှလုံးခုန်နှုန်းတွေ မြန်လာ၏။ ရေငတ်လာ၏။ ပါးစပ်တွေ အာတွေခြောက်ကပ်လာ၏။ ဒူးတွေ ပျော့ခွေကျမတတ် နုံးချည့်လာ၏။ သို့သော် သတိက မလွှတ်။

ဖယောင်းတိုင်မီးရောင်အောက်တွင် မစ်(စ်)မော်တာန် မြင်သောမြင်ကွင်းမှာ ဖားဖားလျားလျား ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ထားသော အမျိုးသမီးကြီးတစ်ဦးဖြစ်ပြီး သူမ၏ ဝတ်ရုံနက်ပွပွကြီးမှာ လေတွင် တလွင့်လွင့်မြော်နေသည်ကို တွေ့ရ၏။ သူမ၏ နက်မှောင်ရှည်လျား ကော့ပျံနေသော ဆံပင်တို့သည် လေမှာ ဝဲပျံဖွာလန်ကြဲနေ၏။ သူမကိုပင် အိမ်ရှင်အဆက်ဆက်က ဘော့(ဂ)နာအိမ်ကြီး၏ ဝတ်ရုံနက်သခင်မဟု ကင်ပွန်းတပ် အမည်ပေးခဲ့ကြလေသည်။ စင်္ကြံလမ်းတစ်လျှောက်တွင် ပိုင်ယာကြီးများဖြင့် ယှက်သွယ်ကာ ကာဆီးထားခဲ့သော်လည်း ဘာမျှထူးခြားမှုမရှိဘဲ ဝတ်ရုံနက်သခင်မကြီးသည် အတားအဆီးမရှိသကဲ့သို့ ဖြတ်သန်းသွားကာ သူသွားနေကျ အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ဆေးကျောင်းသူလေး မစ်(စ်)မော်တာန်လည်း ရုတ်တရက် အံ့ဩမှင်တက်မိသလို ဖြစ်နေရာမှ အသိဉာဏ်ဝင်လှုပ်ရှားလာ၏။ ထိုအခါကျမှ သူမမျက်စိနှင့် တပ်အပ်မြင်လိုက်ရသောမြင်ကွင်းမှာ ထိတ်လန့်ချောက်ချားဖွယ်ရာဖြစ်သည်ကို သတိပြုမိလေတော့သည်။

နဖူးတွေ့ဒူးတွေ့ မြင်လိုက်ရသော ဆေးကျောင်းသူလေး မစ်(စ်)မော်တာန်သည် ထိုအကြောင်းအရာများကို သူမကိုယ်တိုင် သိပ္ပံနည်းကျ စဉ်းစားတွေးခေါ်၍ ဉာဏ်မမီနိုင်ဘဲ ရှိနေတော့၏။

သို့သော် ဤပြဿနာသည် ဤမျှနှင့် အဆုံးမသတ်ပေ။ ဖြစ်ကြောင်းကုန်စင်အောင် အသေးစိတ်ကို ဆက်လက်ပြီး..။

<u>**ပရလောက စိတ်နယ်လွန်ပညာရပ်များနှင့် စိတ်ပညာသုတေသနဌာနသို့**</u>

ဆေးကျောင်းသူလေး မစ်(စ်)မော်တာန်သည် သူမနေထိုင်လျက်ရှိသော ဘော့(ဂ)နာအိမ်ကြီးရှိ ဝတ်ရုံနက်အရှင်သခင်မကြီးနှင့် ပတ်သက်သမျှ တွေ့ကြုံခဲ့ရသမျှကို မှတ်တမ်းပြုကာ လန်ဒန်မြို့၊ အမှတ်(၂၀)၊ ဟင်နီတာလမ်းရှိ ပရလောက စိတ်နယ်လွန်ပညာရပ်များနှင့် စိတ်ပညာသုတေသနဌာနသို့ သုတေသနပြုလုပ်နိုင်ရန် ပေးပို့ခဲ့လေသည်။

ကျွန်ုပ်သည် မစ်(စ်)မော်တာန်၏ စာတွင်ပါရှိသော ဘော့(ဂ)နာအိမ်ကြီးတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ဆန်းများကို ဖတ်ရှုရပြီးနောက် ၎င်းဘော့(ဂ)နာ အိမ်ကြီးဆီသို့ ကျွန်ုပ်နှင့်အတူ အဖွဲ့သားများ သွားရောက်ခဲ့ကြပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကျွန်ုပ်၏တစ်သက်တွင် မတွေ့ဖူး မမြင်ဖူးခဲ့သော ဝတ်ရုံနက်သခင်မကြီးကို ကျွန်ုပ်နှင့်အတူ အဖွဲ့သားများအားလုံး မြင်တွေ့ရလေတော့သည်။ ဤဖြစ်ရပ်များကို Nights in Hunted House အိမ်ကြီးမာယာနှင့် ပရလောက ညမှုဆိုးဟူသော စာအုပ်တွင် ဖော်ပြခဲ့လေသည်။ သည့်အပြင် အခြားစိတ်ပညာ သုတေသနအသင်းများမှ ထုတ်ဝေသော ဂျာနယ်များတွင်လည်း ဖော်ပြခြင်း ခံခဲ့ရလေသည်။

စိတ်သုတေသနပညာရှင် အများစု၏ မှန်းဆချက်မှာ ဤကဲ့သို့ ဖြစ်ပျက်ခြင်းသည် ရှေးကနေထိုင်ခဲ့သောသူများ၏ စွဲလမ်းတပ်မက်လွန်းသော စိတ်လှိုင်းများ (သို့မဟုတ်) စိတ်စွမ်းအင်များသည် မိမိတို့နေထိုင်ခဲ့သော အဆောက်အအုံများတွင် ထင်ကျန်ရစ်ခဲ့ပြီး စိတ်အာရုံ နုံးကြွ နုံးကြားသူများ၊ စိတ်စွမ်းအားရှိသူများ၊ နတ်ဝင်သည်များနှင့် တွေ့ကြုံလျှင် အလိုအလျောက် ပုံရိပ်ရုပ်ပုံလွှာများအဖြစ်ဖြင့် တွေ့ရတတ်သည်ဟူ၍ ယူဆလေ့ရှိကြသည်။ သို့သော် ကိုယ်ထင်ပြနိုင်သော ပရလောကသည် ရှိသည်ဟု။

**မောင်ဒဿန(ဆင်ဖြူကျွန်း)**

<u>**ကျမ်းကိုး**</u>

* Nights in Hunted House by P Underwood
* House of Horror by Richard Winer တို့ကို ကိုးကား၍ ဆီလျော်အောင် ရေးဖွဲ့ပါသည်။